E-book is created by www.Shanyoma.org

# ဂျာနယ်ကျော်မမလေး

## မြန်မာ့ဆေးပညာ

E-book is created by www.Shanyoma.org

ဂျာနယ်ကျော်မမလေး စာပေ
၁၄၄–အနော်ရထာလမ်း၊ ရန်ကုန်
ဖုံး–၁၆၁၈၁

ဒုတိယနှိပ်ခြင်း
အုပ်ရေ ၃၅၀၀
၁၉၆၇

E-book is created by ***www.Shanyoma.org***

# မြန်မာ့ဆေးပညာ

ဂျာနယ်ကျော်မမလေး

E-book is created by www.Shanyoma.org

E-book is created by ***www.Shanyoma.org***


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဂျာနယ်ကျော်မမလေးစာပေ<br>(ယာယီ–၀၉၅၀) |
| ပုံနှိပ်သူ | – | ဦးသိန်းဟန်(မြဲ–၀၀၁၉)<br>သီဟရတနာပုံနှိပ်တိုက်<br>၁၄၂–အနော်ရထာလမ်း<br>ရန်ကုန်အရှေ့ပိုင်း။ |
| အဖုံးပန်းချီ | – | ခင်မောင်ရင် |
| ဖြန့်ချီရေး | – | ဂျာနယ်ကျော်မမလေး စာပေ<br>၁၄၄–အနော်ရထာလမ်း<br>ရန်ကုန်အရှေ့ပိုင်း။ |



အိုင်ကလောင်မောတ်ဆရာကြီး–ဆရာလှိုင်

E-book is created by www.Shanyoma.org

# အမှာ

ဗမာ့ဆေးပညာကို ကိုယ်တိုင် ၁၅–နှစ်ခန့် ဆည်းပူး သင်ယူယင်း အများ၏ခန့်အပ်တောင်းဆိုချက်အရ၊ လူနာများအား ကိုယ်တိုင်ကုသပေးရသည့်ဘဝသို့ ရောက်ရပါသည်။ ဆေးဝါးဓာတ်စာ တိတိကျကျပေးကာ ဗမာ့ဓာတ်နည်းဖြင့် ကုသပျောက်ကင်း ချမ်းသာရသူများ တနေ့ထက်တနေ့ များပြားလာခြင်းကြောင့်၊ ကျမကို စာရေးဆရာအပြင် ဆေးဆရာအဖြစ်ကိုပါ တိုင်းပြည်က အသိအမှတ်ပြုလာကြသည်။

'တီဘီလား'ဆိုသည့်ဆေးဆောင်းပါးကို ရှုရှားပြည် မော်စကို ယဉ်ကျေးမှုအဖွဲ့ခရီးစဉ်မှ အပြန်တွင် သွေးသောက်မဂ္ဂဇင်းတွင် ရေးသားခဲ့ရာမှအစ ဗမာ့ဆေးပညာ အတွေ့အကြုံများကို သွေးသောက်၊ ရှုမဝမဂ္ဂဇင်းများတွင် ဆက်လက်ရေးသားခဲ့သည်။

ဗမာ့ဆေးပညာနှင့်ကုသ၍ ပျောက်ကင်းသူများက ယင်းဆောင်းပါးများကို ကိုးကားလျက် ဗမာ့ဆေးပညာကို လက်ခံယုံကြည်ကာ လာကုကြရကြောင်း ပြောကြသည်။ ကျမ ရေးသားသော ဆေးဆောင်းပါးများကို စာအုပ်ရိုက်ရန် တိုက်တွန်းပြောဆိုကြသည်။ စာအုပ်အဖြစ် ရိုက်ရန် တိုက်တွန်းပြောဆိုသူများပြားလာခြင်းကြောင့် ၁၉၆၂ ခုနှစ်က ဂျာနယ်ကျော်မမလေးဆေးဆောင်းပါးများအမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

ဗမာ့ဆေးပညာကို ပိုမိုယုံကြည်ကိုးစားလာသူများ တိုးတက်များပြားလာခြင်းမှာ ဤဆောင်းပါးများကြောင့်လည်း တစိတ်တဒေသအားဖြင့် ဖြစ်လာသည်။ လက်တွေ့အဖြစ်အပျက်ကုထုံးကုနည်းများအပေါ်တွင် အမှီပြု၍ ရေးသားခဲ့သော ဆေးဆောင်းပါးများကို ရေးသားတင်ပြရာ၌ ယခုစာအုပ်တွင် ပါဝင်သော ဆောင်းပါးများအနက် တီဘီလား၊ ဗမာ့ဆေးပညာ၊ အ ရှေ့နှင့်အနောက်၊ ဥဒေါင်းဇင်ယော် ကြင်ဖော်လင်းသက် စသော ဆောင်းပါးများမှာ သွေးသောက်မဂ္ဂဇင်းတွင် ရေးသားခဲ့၍ ကျန်ဆောင်းပါးများမှာ ရှုမဝမဂ္ဂဇင်းတွင် ရေးသားထားသော ဆောင်းပါးများ ဖြစ်သည်။

ယခုဒုတိယအကြိမ် ထပ်၍ ရိုက်နှိပ်ရာတွင် ဓာတ်ကို ဓာတ်စောင့်သည် ဆောင်းပါးနှင့် ကျမ်းလျှောက်လျှင်မဆုံး ဆောင်းပါးကို ဖြည့်စွက်ရိုက်နှိပ်ကာ စာအုပ်အမည်ကိုလည်း'မြန်မာ့ဆေးပညာ'ဟုပြင်လိုက်ပါသည်။

ဤဗမာ့ဆေးပညာရပ်ဖြင့် ကျမ မကုသဘူးသောရောဂါဟူ၍ မရှိသလောက်ဖြစ်လေသည်။ မည်သို့မျှ ကု၍မရဟုဆိုကြသော ဆင်ခြေထောက်ကြီးများပင် ကျမ ကုသပေး၍ ပျောက်ကင်းကာ ပကတိအတိုင်း ဖြစ်ကြရသည်။

တီဘီ၊ ကင်ဆာ၊ သွေးတိုး၊ အသဲရောင်၊ ဆီးချို၊ ဖျဉ်းရောဂါ၊ လေငန်း၊ စိတ္တဇရောဂါ၊ မြင်းဖု၊ လည်ပင်းကြီး၊ အကြောသေ၊ ခရုသင်း၊ ကုဋ္ဌနူနာစသောရောဂါအပေါင်းတို့ကို မီးမကင်၊

E-book is created by www.Shanyoma.org

အပ်မထိုး၊ ကျင်စက်မရိုက်၊ မခွဲမစိပ်ရဘဲ ဗမာ့ဓာတ်နည်းဖြင့် ပျောက်ကင်းကြသဖြင့် ဤရောဂါများ ဗမာ့ဆေးပညာဖြင့် မုချပျောက်ကင်းနိုင်ကြောင်း ကျမ လက်တွေ့ပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုသူတိုင်း ဗမာ့ဆေးပညာကို အထင်မသေးဘဲ၊ လေ့လာဆည်းပူးလိုသူများ ပေါ်များကြပါစေရန် မျှော်လင့်မိပါသည်။

၂၇–၁၁–၆၇ ဂျာနယ်ကျော်မမလေး

E-book is created by www.Shanyoma.org

# မာတိကာ


တီဘီလား ... ... ... ... ... ... ၁

အမျိုးသားဆေးပညာ ... ... ... ... ... ... ၁၆

ဥဒေါင်းကြင်ဖော် ဇင်ယော်လင်းသက် ... ... ... ... ... ၃၀

သူငယ်နာ ... ... ... ... ... ... ၄၂

အရှေ့နှင့်အနောက် ... ... ... ... ... ... ၅၉

ဝန်ကြီးချုပ်ဦးနုနှင့်ကောက်ညှင်းပေါင်း... ... ... ... ... ၇၀

ယောက်ျားဖောင်စီး မိန်းမမီးနေ ... ... ... ... ... ၇၈

လမ်းနှစ်ခွ ... ... ... ... ... ... ၉၇

ခေတ်ကြီးလေးပါး ... ... ... ... ... ... ၁၁၇

ဘဝဟူသည် ... ... ... ... ... ... ၁၃၃

ခေတ်ကို ခေတ်စောင့်သည် ... ... ... ... ... ... ၁၇၂

ကျမ်းပေါက်လျှင် တလုံး၊
ကျမ်းလျှောက်လျှင် မဆုံး ... ... ... ... ... ... ၁၈၁


E-book is created by www.Shanyoma.org

ဗမာ့ဆေးပညာတွင် ဝေဒနာကို ဆေးမတိုက်ဘဲ

မျက်စိမှရင်း၊ နားမှရင်း၊ နှာခေါင်းမှရင်း၊

အထိအတွေ့မှရင်း၊ ကုသနိုင်သော

နည်းလမ်းများ ရှိလေသည်။

E-book is created by www.Shanyoma.org

# တီဘီလား

၁

"ဒေါ်မမလေး ခေါင်းလျှော်ရန်အတွက် အောက်ထပ်ကို အခုဆင်းခဲ့ပါ အားလုံးအဆင်သင့်ရှိနေပါပြီ"

မော်စကိုမြို့ နိုင်ငံခြားယဉ်ကျေးမှုဌာန ဆက်သွယ်ရေးအသင်းချုပ်ကြီး၏ ဧည့်ခံအဖွဲ့မှ မစ္စတာ ဒရန်နော့က ဟိုတယ်အောက်ထပ်မှ တယ်လီဖုန်းဖြင့်အကြောင်းကြားနေသည်။

ထိုနေ့အဖို့ နံနက်စာ စားပြီးသည်နှင့် အပြင်ထွက်စရာ အစီအစဉ်များရှိနေ၏။ ခေါင်းလျှော်နေလျှင် ကြန့်ကြာနေဘွယ်ဖြစ်မည်စိုးလှသဖြင့်၊ ကျမက ကျမခေါင်းလျှော်နေလျှင်အချိန်ကြာနေမည်စိုးရိမ်ပါသည်။ အချိန်မရှိတော့ပါ၍ ယနေ့အဘို့ ခေါင်းမလျှော်လိုသေးကြောင်း ပြန်ပြောလိုက်သည်။

"နာရီဝက်အချိန်ရှိပါတယ်၊ နောက်မကျပါဘူး၊ ခေါင်းလျှော်ရန်ပြောထားပြီးပါပြီ အခုဆင်းခဲ့ပါ"

နံနက်စာ စားပြီးလျှင်ပြီးချင်း အပြင်ထွက်ကြရန် ရှိသည်အတွက် ကျမတို့အဆင်သင့်ဝတ်လဲထားပြီးကုန်မှ ခေါင်းလျှော်ရန် ဝန်လေးနေသည်။ သို့သော် စီစဉ်ထားပြီးပါပြီဟု ဧည့်ဝတ်ကျေစွာ ဖိတ်ခေါ်နေခြင်းကို အားနာ၍ တက္ကသိုလ်ကျော့ရှင်းနှင့်နှစ်ယောက် အောက်သို့ဆင်းသွားကြသည်။

မော်စကိုမြို့မှ ကျမတို့တည်းခိုနေသောဟိုတယ်မှာ 'အမျိုးသားဟိုတယ်ကြီး' ဖြစ်သည်။ ဟိုတယ်အောက်ဆုံးထပ်၌ ဆံပင်ညှပ်အခန်း၊ ဆံပင်အလှပြင်သည့်အခန်း၊ လက်သဲလှီးဖြတ် ဆေးဆိုးပေးသည့်အခန်းများ ရှိသည်။

နံနက်စောသေး၍ အခန်းထဲတွင် လူရှင်းနေသည်။ ဝင်ဝင်ချင်း ယောကျ်ားများ ဆံပင်ညှပ်အခန်းများ ဆံပင်ညှပ်သည့်နေရာ နောက်ဖက်အခန်း၌ မိန်းမများအတွက် ခေါင်းလျှော်ရန် ဆံပင်အလှပြင် ကောက်တွန့်ရန် ဓါတ်ခွက်ကရိယာတန်ဆာများ ထားရှိသည်။

ကျမတို့အခန်းထဲသို့ ဝင်သွားကြသောအခါ အဝတ်အဖြူ ဘောင်းဘီအနက် ဝတ်ထားသည့်ရုရှားအဖိုးကြီးတစ်ယောက်က ခရီးကြိုပြုကာ မှန်ခုံရှေ့ရှိ ကုလားထိုင်များတွင် ထိုင်စေသည်။

ဂျပန်ပြည်ရှိ ခေါင်းအလှပြုပြင်ရာ ဆိုင်ခန်းအတိုင်းပင် ကောက်သည့်တွန့်သည့်ကရိယာတန်ဆာပလာများ စုံစုံလင်လင် တွေ့ရသည်။ ရေစိုစိုဆံပင်ကို အလိုရှိသလို ပုံနေပုံထား ပြုပြင်ဖန်တီးကာ အသားကျအောင် ဓါတ်ခွက်အောက်၌ ခေါင်းစွပ်ထားရန် ဓါတ်ခွက်ကြီးများမှာ တစ်ဖက်ခန်းတွင်ရှိသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဆိုဗီယက်အမျိုးသမီးများမှာ အခြားနိုင်ငံမှ အမျိုးသမီးများကဲ့သို့ပင် အလှပြုပြင်ကာ ဆံပင်များ ကောက်တွန့်ကြလျက် လက်သဲနီ နှုတ်ခမ်းနီ ဆိုးကြသည်။ မိန်းမတို့သဘာဝအတိုင်း တင့်တယ်လှပအောင် ပြင်ဆင်ရာ၌ အရောင်အဆင်း အဆန်းအပြား ရွေးချယ်စုံမက်သူများဖြစ်ကြသည်။

ရုရှားအဖိုးကြီးက ကျမကုလားထိုင်နောက်မှ ရပ်လျက် ခေါင်းနောက်တွင် ထုံးထားသော ဆံထုံးကို ဖြေချနေသောအခါ အိုင်စီအက်စ် ဦးကျော်မင်း၏ သံကန့်လန့်ကာ နောက်ဖေးပေါက်မှ ဟူသော ဆောင်းပါးထဲတွင် မော်စကိုဟိုတယ်၌ ယောကျ်ားခေါင်းကို ဆံပင်ညှပ်ပေးသော မိန်းမ ဆံပင်ညှပ်သမားအကြောင်း ရေးထားပုံကို သွားသတိရမိသည်။

မိန်းမအလှသဘောကို ယောကျ်ားက ပြုပြင်ပေးသည်မှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ဆံပင်ဖြေချပြီးနောက် ရုရှားဘာသာဖြင့် ပြုံးချိုစွာ ပြောလေ၏။ ဘာတွေပြောနေမှန်း နားမလည်၍ ကျမခေါင်းကို ပွတ်ပြကာ ခေါင်းလျှော်ပေးရန် အမူအယာဖြင့် နားလည်အောင် လုပ်ပြသည်။

အဝတ်ဖြူကို ကိုယ်ပေါ်တွင် ရုံထားသည်။ ခေါင်းကို ကုလားထိုင်နောက်သို့လှန်ခိုင်းပြီး ဆံပင်များကို ဇလုံနှင့်ခံကာ ရေပိုက်လုံးကလေးကို ဆွဲယူ၍ ရေဖြန်းချလိုက်သည်။

ဆပ်ပြာနှင့် တခေါင်းလုံး အနှံ့အစပ်ပွတ်လျက် ဆပ်ပြာရေများကို ကုန်စင်အောင် အချိန်ကြာကြာ ရေဖြန်း လျှော်ညှစ်နေလေသည်။ ကျော့ရှင်းက ခေါင်းမလျှော်၍ ဘေးမှထိုင်ကာ ကြည့်နေသည်။

ရေများကို ညှစ်လိုက်ပြီးနောက် သံဘီးကြဲကြီးဖြင့် ဆံပင်ရှေ့မှ ခွဲ၍ ဖြီးလိုက်ပြီး ဆံပင်ကောက်ရန် ကော်ရေပုလင်းကို ခုံပေါ်မှ လှမ်းယူလိုက်သည်။

ကျမက ဆံပင် မကောက်လိုကြောင်း ပုလင်းထဲမှအရေများ မဆွတ်ရန် တောင်းပန်လိုက်သည်။

အချိန်ကြာနေလျှင် အားလုံးက စောင့်နေမည်ကို စိုးသဖြင့် မြန်မြန်ကိစ္စပြီးအောင် သူ့လက်ထဲမှဘီးကို တောင်းယူကာ ကျမဘာသာ ဆံပင်များကို ရှင်းသည်။

သူလုပ်ပေးမည်ဆိုသည့်အမူအယာဖြင့် ဘီးကို ပြန်ယူသွားကာ ဖြေးဖြေးဆေးဆေး ရှင်းဖြီးနေလေသည်။ ကျမမှာ တထင့်ထင့်နှင့် နာရီကိုသာ ခဏခဏကြည့်မိသည်။ ဆံပင်ရှင်းပြီး ဆံပင်ညှပ်နှင့် ရှေ့က ဆံပင်များကို ကုပ်ပေးကာ ခေါင်းကို ပိုက်ကြီးအုပ်ပတ်စီးလိုက်သည်။

ဓါတ်ခွက်အောက်သို့ ထိုင်ခိုင်းတော့မည်ကို သိ၍ အချိန်ကလည်း မရှိသဖြင့် မထိုင်နိုင်တော့ကြောင်း၊ အပြင်သွားရန်ရှိကြောင်း နာရီကိုပြ ခြေဟန်လက်ဟန်လည်း ပြကာ ခေါင်းပေါ်က ပိုက်ကြီးကို ပြန်ဖြေလိုက်သည်။

ကျမလုပ်ပုံကို အံ့သြကာ မျက်လုံးမျက်ဆန်ပြူး၍ ပိုက်မဖြေရန် တားမြစ်လေသည်။ သူ့စကားကို နားမလည်သော်လည်း အမူအယာမှာ ဆံပင်မခြောက်ဘဲ မသွားရန် တားမြစ်ယင်း

ခေါင်းကပိုက်ကို ပြန်ချည်ပေးပြန်သည်။ ထို့နောက် ခြတ်ခွက်အောက်တွင် အထိုင်ခိုင်းသည်။

ခြတ်ခွက်အောက်တွင် သွားထိုင်ရတာ ကြတော့မှာဘဲ တတွတ်တွတ်ညည်းယင်း မငြိမ်မသက်ဖြစ်နေတော့သည်။

ကိုယ့်အတွက် အနှောက်အယှက်မဖြစ်အောင် ဒါကိုပင် အထူးဂရုစိုက်နေရသဖြင့် ဆံပင်ခြောက်အောင် ခြတ်ခွက်အောက်၌ နာရီဝက်ခန့်ထိုင်ရမည်ကို စိတ်ထဲ၌ မသက်မသာထင့်နေသည်။ နာရီကို တကြည့်ထဲကြည့်ယင်း အချိန်ကပ်နေ၍ ဘယ်နှယ်ရှိရှိဟု ခြတ်ခွက်နှင့်ခေါင်းခွာကာ ထွက်လာမိသည်။

ဆံပင်မခြောက်သေးဘဲ ခြတ်ခွက်အောက်မှ ထရမလားဟု အဖိုးကြီးနှုတ်မှ မကျေမနပ် တတွတ်တွတ် ပြောကျန်ရစ်ခဲ့၍ 'အဖိုးကြီးကတော့ စိတ်ဆိုးမှာဘဲ'ဟု ကျော့ရှင်းက ပြောလေသည်။ လှေကားကို အပြေးတက်၍ အခန်းထဲတွင် ရေစိုဆံပင်များကို သုတ်သီးသုတ်ပြာ ထုံးကာ ထမင်းစားခန်းထဲသို့ ပြန်ပြေးဆင်းလာကြသည့်အခါ အားလုံးပင် စားပြီးခါနီးနေကြပေပြီ။

အချိန်မှီရုံကလေးပင် ရှိသည်၊ ကဗျာကရာ စားပြီးပြီးချင်း အပြင်သို့ထွက်ရန် ဟော်တယ်အောက်ထပ်၌ စုရုံးကြရသည်။

ပြင်ဘက်ရှိမြနေသော အအေးခြတ်ကြီးကို မေ့နေအောင် ဟိုတယ်တစ်ခုလုံး အပူငွေ့ပေးထား၍ ဟိုတယ်တစ်ခုလုံး အအေးဒဏ်ကို ပြင်းပြင်းထန်ထန် မခံစားရပေ။

အပြင်ထွက်ရန် ဟိုတယ်မှန်တံခါးကို လက်နှင့်တွန်းဖွင့်လိုက်သည်နှင့်တပြိုင်နက် တခဲနက်လုံးဝင်၍ ရိုက်ခတ်သည့်အအေးခြတ်မှာ ရက်ရက်စက်စက် အေးမြ၍ မျက်နှာစပ်ကာ နားတွေကျင်သွားသည်။ တကိုယ်လုံးကား ရေစိုနေသောခေါင်းမှာ စူး၍စိမ့်သွားကာ တခေါင်းလုံး ကျင်တက်သွားသည်။ ဦးနှောက်ခိုက်အောင် မချည့်မဆန့် ကျိန်းနာသွားလေသည်။

ဆံပင်စိုစိုပေါ်၌ အုပ်ချည်ထားသော ပိုးပုဝါကလေးကား ရေထိ စိုရွဲနေသဖြင့် အအေးခြတ်ကြီးကို မကာကွယ်နိုင်ပေ။ ဟိုတယ်အပြင်ဘက် ပလက်ဖေါင်းကို ကျော်ဖြတ်ပြေးလာစဉ် တစ်ခေါင်းလုံးကို ဆူးအပ်တို့ဖြင့် ထိုးဖေါက်ဆွခံရသည့်အတိုင်း နာကျင်ပြင်းပြစွာ အခံရဆိုးလှသည်။

ချက်ခြင်းပင် ကားထဲ၌ သုတ်မနိုင် သိမ်းမနိုင်လောက်အောင် နှာခေါင်းမှ နှာရေများ ဒလဟော ယိုစီးကျလာတော့သည်။

အထပ်ထပ် ဝတ်ထားသည့် ကိုယ်တွင်းက နွေးနေလျက် ခေါင်းကြီးက အေးစက်နေပြီး လျှင် ရေခဲတုံးကြီးကို ခေါင်းပေါ်၌ ရွက်တင်ထားရသည့်အလား တစိမ့်စိမ့် အေးမြထုံကျင်ကိုက်ခဲလာသည်။ ထိုနေ့က လိုက်လံပြသသော နေရာများကို အောင့်အည်း၍ ဟန်မပျက် ပြီးဆုံးအောင် ကြည့်ရှုနားထောင်နေရသည်။ အအေးခြတ် လွန်ကဲ လွှမ်းမိုး၍ အပူခြတ်ငုတ်ကာ မော်စကိုတွင် ထိုအဖြစ်နှင့် အသံဝင်သွားတော့သည်။

ကျမစကားပြောလျှင် အသံမထွက်၊ တဖက်သားကြားအောင် အားယူ၍ပြောဖန်များလျှင် မောပန်းလာသည်။ အသံထွက်အောင် အပြင်မထွက်ဘဲ ဟိုတယ်ထဲ၌ ၁–ရက်၊ ၂–ရက် ဆက်

E-book is created by www.shanyoma.org

၍ ခိုအောင်းနေလိုက်လျှင် နှာစေးပျောက်ကာ အသံထွက်လာမှာ မုချသော်လည်း နေ့စဉ်ပင် အအေးဓာတ်နှင့် ထိတွေ့နေရသည်။

"ဒေါ် မမလေး အသံမထွက်ပါလား"ဟုပြောကြလျှင် အအေးလွန်သွားလို့ပါဟုသာ ပြော လိုက်ရသည်။

ကျမ အသံဝင်နေ၍ ယဉ်ကျေးမှုညှော်ခံအဖွဲ့မှ စကားပြန်အမျိုးသမီး မစ္စမီရာက ဆရာ ဝန်ခေါ် ရမလားဟု တဖွဖွမေးနေသည်။

ဆရာဝန်ခေါ် ရန် မလိုကြောင်း၊ ကျမတွင် ဗမာဆေးများပါလာကြောင်း၊ ခေါင်းလျှော်၍ ဖြစ်ရကြောင်း မပြောချင်၍ အအေးမိ၍ အသံဝင်သွားခြင်းမျှသာဖြစ်ကြောင်း ပြောပြလိုက်ရ သည်။

ဆရာဝန်ခေါ် မှာ လက်မခံသော ကျမအဖြစ်ကား ကျမသာ သိသည်။ ဆရာဝန်ခေါ် ရန် မလိုပါဟုပြောနေကြသည့်ကြားထဲကပင် အဖွဲ့တွင် လိုက်ပါလာသောအချို့သူများက ဆရာဝန်ခေါ် မည်အတင်းလုပ်ကြသဖြင့် မခေါ် ရန် ဗမာဆေးရှိကြောင်းကို ဇွတ်တောင်းပန်ရသည်။ ဤတွင် ဆရာဝန် မခေါ် လိုမှုကြောင့် ဘာရောဂါများရှိ၍ ဆရာဝန်မပြဝံ့သနည်းဟုထင်ယောင်ထင်မှားဖြစ် ကြကုန်သည်။

၂

ကျမကား အင်္ဂလိပ်ဆေးဝါးကို လုံးဝစွန့်လွှတ်လိုက်ပြီးသော သူတယောက်ဖြစ်ပေ၏။ အင်္ဂလိပ်ဆေးဝါး၊ နိုင်ငံခြားဆေးဝါးများနှင့်ကင်းရှင်းခဲ့သည်မှာ ၇ နှစ်ခန့် ရှိပေတော့မည်။

ကျမခင်ပွန်း ဆုံးသွားသည့်အခါ၌ ကျမတွင် ပြဿနာဖြစ်ပေါ် လာသည်။ ဦးချစ်မောင်နေ မကောင်း ဖြစ်ဖြစ်ချင်း ထင်ပေါ် ကျော်ကြားပေ့ဆိုသော ဆရာဝန်ကြီးများကို တဦးပြီးတဦး ပင့်ကု သခဲ့ရ၏။ ဆရာဝန်တဦးက လူနာကို ဝက်သက်ဟု အနာစွဲကာ ဝက်သက်ဆေး ပေးသည်။ ထိုဆရာ ဝန်နှင့်မသက်သာ၍ နောက်တဦး ပင့်ပြန်ရာ "ဝက်သက်"မဟုတ် "ကျောက်"ဟု အနာစွဲကာ ကျောက်ဆေးတွေ ပေးပြန်သည်။ ထိုဆရာဝန်လက်အတွင်း ရောဂါသဲလာ၍ နောက်တဦး ပင့်ရ ပြန်ရာ ကျောက်၊ ဝက်သက် မဟုတ်ဘူး။ ဦးနှောက်ရောဂါ၊ ကြောရိုးဖေါက်ကြည့်ရမယ် ဆေးရုံပို့ ဟု ဆုံးဖြတ်သည်။ ဆေးရုံသို့ပို့၍ ကြောရိုးဖေါက်ကြည့်ပြီးနောက်တွင် အသက်ပျောက်သွားသည်။

စ၍ကိုယ်ပူသည့်ရက်မှ အသက်ပျောက်သွားသည့်ရက်အထိ ဆယ့်နှစ်ရက်သာလျှင် ရှိ၏။ မျက်စေ့အောက်တွင် မြန်မြန်ဆန်ဆန် အသက်ပျောက်သွားပုံကို နှမြော၍ မဆုံးသဖြင့် မကျေမနပ် ဖြစ်ရာကစ ပြဿနာတရပ် ပေါ် လာခြင်း ဖြစ်သည်။

E-book is created by www.shanyoma.org

ထိုပြဿနာကား ဆရာဝန်သုံးဦး၏ သုံးမျိုးသော ဝေဒနာစွဲမှုကွဲလွဲပုံကို ဘာကြောင့်ကွဲလွဲကြသနည်းဟု ဆင်ခြင်စဉ်းစားမိရာမှ နောက်ဆုံးတွင် တကဲ့အရေးဆိုလျှင် အင်္ဂလိပ်ဆေးပညာဟာ စိတ်မချရဘူးလို့ သံသယရှိလာသည်။ ထိုသံသယကား သာမညသံသယ မဟုတ်ဘဲ စဉ်းစားတိုင်း ပြင်းထန်လာသော သံသယဖြစ်လာခဲ့သည်။

အကယ်၍သာ လူနာရှင်တို့၏ ထုံးစံအတိုင်း 'ဆရာဝန်ကြီးများနှင့် ကုတာဘဲ... သူ့ရောဂါကြီး၍ ကုမရ၍သာ အသက်ပျောက်ရတာ'ဟုကျေနပ်သောစိတ်ရှိပါက အင်္ဂလိပ်ဆေးပညာကို သံသယဖြစ်မည်မထင်။ ယခုအချိန်တိုင်အထိ တခုခုဖြစ်လျှင်အင်္ဂလိပ်ဆေးဝါးမှီဝဲခြင်းမှတပါး အခြားဘယ်ဆေးမျိုးမှသောက်မည်စားမည် ယုံကြည်နိုင်မည် မဟုတ်သည့်အဖြစ်နှင့် အင်္ဂလိပ်ဆေးဝါးသာလျှင် မျက်စိအောက်တွင် ပျောက်သော်ရှိ မပျောက်သော်ရှိ၊ သေသော်ရှိ မသေသော်ရှိ၊ လူတကာတို့လိုက်နာကျင့်သုံးနေကြသောလမ်းအတိုင်း အင်္ဂလိပ်ဆေးပညာကို အသက်အပ်၍ လောကကြီးတွင် လူလုပ်နေမည်သည်ဖြစ်လေသည်။

နှမြောခြင်းကြောင့် ဖြစ်ပေါ်ရသော မကျေနပ်စိတ်က စတင်ကာ သံသယရှိလာစေသည်။

"မြန်လိုက်တာ ဘာရောဂါနှင့် ဆုံးတာလဲ"ဟု မသာသတင်းမေးသူများက မေးကြလျှင် မသာရှင်က အဖြေ တိတိကျကျ မပေးတတ်။

"ဘာရောဂါနှင့်ဆုံးမှန်း ကျမ မသိပါဘူး၊ ဆရာဝန်တဦးက ကျောက်၊ တဦးက ဝက်သက်၊ တဦးက ဦးနှောက်ရောဂါလို့ပြောကြတာဘဲ"ဟုပြောရသော ကျမ၏ အဖြေကိုက ကျမအား ကျေနပ်စရာမရှိအောင် ဖြစ်ခဲ့ပေ၏ ။ ကျောက်၊ ဝက်သက်ဖြစ်ယင် အင်္ဂလိပ်ဆေးက နိုင်တာမဟုတ်ဘူး။ ဗမာဆေးသာ နိုင်တာ ဗမာသာ ကုနိုင်တာဟု မသာတွင်ပြောသွားကြသောစကားများမှာ နားထဲတွင် စွဲကျန်နေသည်။

ထိုအခါ ဗမာ့ဆေးပညာသည် တကယ်များ ထက်မြက်သလားဟု ဗမာဆေးပညာကို အာရုံရောက်သွားကာ အချိန်ရလျှင် ဆေးကျမ်းများကို စုဆောင်းရှာဖွေဖတ်ရှုလျက် ဗမာဆေးဆရာများသို့ တဖြည်းဖြည်း ချဉ်းကပ်ကြည့်မိသည်။

တွေ့ဆုံရသော ဗမာဆရာများကား ဆေးကျမ်းကလေးတအုပ်နှစ်အုပ် ဖတ်ကာ လက်တည့်စမ်း၍ ဆိုင်းဘုတ်ချိတ်ပြီး ဆရာလုပ်နေကြသော ဆေးဆရာများနှင့်သာ တွေ့ရသဖြင့် ထိုဆရာတို့အား အင်္ဂလိပ်ဆရာဝန်တို့ထက်ပင် ပို၍ စိတ်ပျက်သွားသည်။

ကျမ၏ ပြဿနာအခက်အခဲကား အင်္ဂလိပ်ဆေးဝါးလည်း သံသယရှိ၏ ။ ဗမာ့ဆေးဝါးလည်း မယုံကြည်၊ သောင်မတင် ရေမကျ ဟိုမဟုတ် ဒီမဟုတ်ဖြစ်ကာ မဆုံးဖြတ်တတ်သော အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

ထိုအတွင်း နှစ်စဉ်နှစ်တိုင်း မိုးတွင်းတွင် ဖြစ်နေကျ ဝမ်းကိုက်ရောဂါ ဝေဒနာဖြစ်လာ၏ ။ ဝမ်းကိုက်လျှင် ဆရာဝန်ခေါ်ကာ 'အယ်မိတင်'ဆေးများထိုးလိုက်လျှင် ပျောက်သွားသည်။ ပျောက်သွားသည်ဆိုသည်မှာ တခါတည်း စိတ်ချလက်ချ ပျောက်သွားသော အပျောက်မျိုး မဟုတ်၊ ရှေ့

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မိုးတွင်းကျ ဖြစ်ကျ အုံးမှာဘဲဟု အသေအချာ သိနေ၏။ ၅ နှစ်တိုင်ဖြစ်နေသော ဝေဒနာ အတွေ့အကြုံကြောင့် ရင့်နေသောအသိမျိုး ရှိနေသည်။

ဝေဒနာပြင်းလာ၍ ဆရာဝန်ခေါ်ကာ ထိုးနေကျဆေး ထိုးလိုက်လျှင် သက်သာပျောက်ကင်းမည်ကို သိပါ၏။ အင်္ဂလိပ်ဆေးကို သံသယဖြစ်နေခိုက် ထိုအပျောက်မျိုးဖြင့် မပျောက်ချင်တော့။ ဘယ်တော့မှပြန်မဖြစ်သည့်အပျောက်မျိုးကိုသာ ပျောက်ချင်သောကြောင့် ဆရာဝန်မခေါ်ဘဲ ဘယ်နှယ်လုပ်ရမလဲဟု စဉ်းစားနေမိယင်း ဘာဆေးမှမသောက်ဘဲ ပေတေခံနေသဖြင့် လူလည်းမြော့လာ၏။နောက်ဆုံးတွင် သေချင်သေပေစေ ဗမာ့ဆေးပညာကို အသက်အပ်ပြုပြီး စူးစမ်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။

ပြင်းပြလွန်းသော လိုအင်ဆန္ဒနှင့် အားထုတ်စူးစမ်း ရှာဖွေလွန်းမှုကြောင့်ဖြင့်ပင် ရှေးဗမာသမားတော်ကြီးတဦးနှင့် တွေ့ကြုံရကာ ကုသရာမှ ဝေဒနာ ချက်ခြင်းသက်သာသွားကာ အမြစ်ပါ ပျောက်ကင်းသွားတော့သည်။

ဆရာကြီး၏ ကုပုံကုနည်း၊ ချက်ခြင်း ပျောက်ပုံပျောက်နည်းကို မျက်ခြေမပြတ်စူးစမ်း၏။ ဆန်းကြယ်လှသော ကုသနည်းကို ဘာကြောင့် သည်နည်းနှင့်ပျောက်ရသလဲဟု ဆရာကြီးထံ၌ မရမက ဇွဲမြစ်လိုက်ကာ မအားမနေ မပေါ့မလျော့ အားထုတ် လေ့လာယင်း ကွယ်မြုပ်နေသော ရှေးဗမာအမျိုးသားဆေးပညာ၏ ထက်မြက်ခြင်းရှိပုံကို ရိပ်မိလာတော့သည်။

သုံးနှစ်ခန့် ဆည်းပူးလေ့လာသည်နှင့်ဗမာ့ဆေးပညာကို အနည်းငယ် ခေါက်မိလာကာ သဘောပေါက်လာသည်။ ဂျာနယ်ကျော်၊ ဟစ်တိုင်သတင်းစာ အယ်ဒီတာဦးစောဦး ပလိပ်ရောဂါဖြစ်၍ ဆရာဝန်မခေါ် စေရဘဲ အတင်းဝင်ကာ ကိုယ်တိုင်လက်တွေ့စမ်းသပ်ကုကြည့်ရာ ပျောက်ကင်းသွားသည်။ ဗမာဆေးကုနည်းဖြင့် ရောဂါအမျိုးမျိုးကို ဆရာကြီး၏ ခွင့်ပြုချက်အရ လက်တွေ့စမ်းသပ်ကုကြည့်လေသည်။ ယောကျ်ား–မိန်းမ–ခလေး–လူကြီး လက်တလောရောဂါ၊ နာတာရှည်ရောဂါကြီး စသဖြင့် ရောဂါအမျိုးမျိုး အထွေထွေပင်မက အနူအဝဲ၊ အနာကြီး အနာကလေး မြင်းဘုစသည့်အနာများကိုလည်း စမ်းသပ်ကုသရာ ပျောက်ကင်းချမ်းသာပုံများမှာ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သည်။

ဂျာနယ်တဖက် သတင်းစာတဖက် အလုပ်များလျက်နှင့် တဖက်တွင် နီးစပ်ရာ ခင်မင်ရာ လူမမာများကို ကုသိုလ်ဖြစ် လက်တွေ့စမ်းသပ် လိုက်ကုသပေးလေသည်။ ဆေးပညာကို လိုက်စားစဉ်က အချိန်မအားလပ်လွန်းသဖြင့် သတင်းစာလုပ်ငန်းပြီးချိန် ည–၁ ချက် ၂–ချက်မှ ပညာရှာမှီးခွင့် ရ၍ ည–၂ ချက်မှ နောက်တနေ့မိုးလင်းအထိ မအိပ်မနေဘဲ လေ့လာခဲ့ရ၏။ ကျမအဖို့တွင် တညလုံး မလှဲရမအိပ်ရ၍လည်း နေနိုင်၏။ ၁–ရက် ၂–ရက် ၃–ရက် ဆက်တိုက်မိုးလင်းလည်း နေနိုင်၏။ တညလုံး မအိပ်၍ နေလည်နေ့ခင်း ခဏမျှ လှဲအိပ်သည်မရှိ၊ သတင်းစာတိုက် ဖျက်ပစ်ကြစဉ်က သတင်းစာထွက်ရန် ဆယ့်ငါးရက်ခန့် ပုံနှိပ်တိုက်သုံးတိုက်တွင် ညလုံးပေါက် သွားရိုက်နှိပ်နေ၏။ မိုးလင်း၍ သတင်းစာများ နယ်ပို့ပြီးလျှင် တနေ့လုံး ထိုင်အလုပ်လုပ်နေသည်။

ထိုကဲ့သို့ ပေပေတေတေ ထမင်းမှန်း ဟင်းမှန်းမသိ အိပ်ပျက်ခံလွန်းသောကြောင့် တနေ့ ထက်တနေ့ ပိန်ချုံးလာသည်။ ဣရိယာပုထ်ကို ဆန့်ကျင်လွန်း၍ ကျန်းမာရေးကို သိလျက်နှင့် ဂရုစိုက်ခွင့်မရ၊ နောက်ဆုံးတွင် အရိုးပေါ် အရေကပ်ကာ လဲတော့မည် သိတော့မှ သတင်းစာတိုက်ကို ပိတ်ကာ လွတ်ရာလွတ်ကြောင်း အဝေးသို့သွားနေ၏။ ထိုအခါတွင် ဆေးပညာကို ကျကျနန လိုက်စားနိုင်ရန် အခါအခွင့် ကြုံရသည်။ သစ်ပင်များကို ရှေးဦးစွာ စမ်းသပ်စိုက်ကြည့်၏၊ ရှင်သောသစ်ပင်ကို သေအောင်၊ သေတော့မည်ရှိသော သစ်ပင်ကို ရှင်အောင်၊ အသီးနဲသောသစ်ပင်ကို အသီး ဖွံ့ဖြိုးအောင် စသည်ဖြင့် သစ်ပင်များကို ပထမ စမ်းသပ်ရ၏။ ထိုနောက်မှ တိရစ္ဆာန်များကို စမ်းသပ်ကြည့်ရပြန်သည်။ အမျိုးသားဆေးပညာ၌ ဓာတုဗေဒသဘော၊ ရူပဗေဒသဘောများ အကြုံးဝင်၍ စိတ်ဝင်စားလာသည်။ အရိုးပေါ် အရေကပ်နေသော ကိုယ်ခန္ဓာကို ရှပ်ကိုလည်း နည်းမှန်လမ်းကျ ပိုင်ပိုင်နိုင်နိုင် စမ်းသပ်ပြုပြင်ကြည့်လေတော့သည်။

၃

အဝေးတွင် လေးငါးလဖြင့် ဝဖြိုးစိုပြေသွားအောင် ဆေးပညာဖြင့် စမ်းသပ်ပြုပြင်ခဲ့သည့်အဖြစ်ကို ကျမနှင့်နီးစပ်သည့်သူများသာလျှင် သိကြသည်။ တော်ရုံ ရင်းနီးရုံလောက်ဖြင့် ဗမာဆေးပညာကို ကျမလိုက်စားနေမှန်း မသိနိုင်၊ အင်္ဂလိပ်ဆေးများကို စွန့်လွှတ်ထားမှန်း မသိနိုင်၊သူလိုငါလို ခေတ်အမျိုးသမီး အင်္ဂလိပ်ဆေး ယုံကြည်လက်ခံသုံးစွဲသူဟုထင်မှတ်ကြပေမည်။

အမေ မွေးကတည်းကလည်း အင်္ဂလိပ်ဆေးသာလျှင် ဆေးမှတ်ခဲ့ပါ၏။ ဗမာ့ဆေးကို မယုံကြည်၊ လျက်ဆားများ ဘယ်တော့မှ မလျက်၊ ဗမာ့ဝမ်းနှုတ်ဆေး လျှာပေါ် မတင်၊ ခေါင်းကိုက်လျှင် အက်စ်ပရို သောက်ကာ ဝမ်းချုပ်လျှင် ဖရှုးဆော့သာ သုံးခဲ့၏။ အားဆေး၊ သွေးတိုးဆေး အစာကြေဆေးစသည့် အင်္ဂလိပ်ဆေးပုလင်းအမျိုးမျိုးအဖုံဖုံကို ဝယ်ယူသုံးစွဲလွန်း၍ ပိုက်ဆံအကုန်အကျ များခဲ့၏။ လူလည်း ခဏခဏ ချူချာ၏။ နောက်နောက်က ကျမအိမ်တွင် အင်္ဂလိပ်ဆေးအမျိုးစုံ ထားခဲ့သည်။ ထိုကြားထဲမှ တခုခုဖြစ်လျှင် ဆရာဝန်ခေါ်ကာ ဆေးသာထိုး၏။ ဗမာဆေးဆိုလျှင် အထင်သေးလွန်း၍ ဘယ်ဆေးမှ အဆောင်မထား အသုံးမပြုနေခဲ့ပေသည်။

ဗမာ့ဆေးပညာကား နက်နဲကျယ်ဝန်းသော ပညာစခန်းဖြစ်ပေ၏။ ရှေးရှေး ဗမာ့လူထု အဆက်ဆက် မင်းအဆက်ဆက် ထွန်းကားခဲ့လေပြီးကာမှ အင်္ဂလိပ်စိုးမိုးသောခေတ်၌ အမျိုးသားမှု အမျိုးသားပညာရပ်များ တိမ်ကောသွားသည့်အထဲတွင် အဖိုးတန်သောဆေးပညာရပ်ကြီးလည်း ပါဝင်သွားရခြင်း ဖြစ်ပေသည်။

E-book is created by www.shanyoma.org

ကျမလေ့လာဆည်းပူးသော ဗမာ့ဆေးပညာမှာ ယခုခေတ် လူအများ လက်ခံနိုင်ရန် ခဲယဉ်းသေးသည်။ လူအများ လက်ခံနိုင်အောင် ခေတ်မှီအောင် လုပ်ချင်သောစိတ်များ ပြင်းပြလှသည်။ အင်္ဂလိပ်ဆေးပညာကဲ့သို့ ပြောင်ပြောင်လက်လက် ပစ္စည်းကိရိယာတံဆာပလာတွေဖြင့် သားသားနားနားနား ခေတ်မှီမှီ စံနစ်တကျ မွမ်းမံနိုင်ပါက လူအပေါင်း အထင်ကြီး လက်ခံကာ မြန်မြန် အဆင့်အတန်း တိုးမြှင့်သွားမည်ဟုထင်မြင်သဘောရရှိသည်။

ဤဗမာ့ဆေးပညာတွင် အင်္ဂလိပ်ဆေးပညာလို အူအတက်ပေါက်၊ အသဲတခြမ်းကြီး၊ အဆုပ်ရောဝင်စသည့် ခေါ် အဝေါ် ဆန်းဆန်းပြားပြားမရှိချေ။ လူတို့တွင် ဖြစ်သမျှဝေဒနာကို တည့်မတည့်၊ ရိုးရိုးပညတ်သဘောဖြင့် ကုသသောကြောင့် ခေတ်ကာလအလိုအားဖြင့် ဆန့်ကျင်နေ၏။

သို့သော် ဆရာဝန်ကြီးများ လက်လျှော့၍ သေလုသေခင် ဝေဒနာများကို ဤနည်းဖြင့် ကုသပေးခဲ့၍ ယခုတိုင် အသက်ရှင်လျက်ရှိသာ သာဓကများ မြောက်များစွာရှိသည်။

## ၄

ကျမနေသော ဘောက်ထော်အိမ်နှင့် မျက်နှာချင်းဆိုင်တိုက်တွင် စတီးဘုရားသားကုမ္ပဏီ ဆန်ဘက်ဌာနမှ ကိုယ်စားလှယ်ကြီးဦးလှမောင်နေသည်။ ထိုပုဂ္ဂိုလ်မှာ ကျန်းမာသည် မရှိ၊ အမြဲတမ်း မောဟိုက်ကာ အသံပျက်လျက် အသားအရည် ပြာခြောက် ပိန်ချုံးနေလေ၏။ တချို့က တီဘီဟုပြောကြ၏။ သူ၏ရောဂါကို စတီးကုမ္ပဏီမှ ဆေးဆရာဝန်ကြီးများနှင့်ကုသ၍ နေလေသည်။ အင်္ဂလိပ်ဆေးကို မပြတ်မှီဝဲနေရသည်။ ဆေးမပြတ် ထိုးနေရ၏။ ရောဂါ မသက်သာ၍ နောက်ဆုံး အလုပ်တိုက် မသွားနိုင်တော့ဘဲ အိပ်ရာထဲတွင် လဲလျက် ဆရာဝန်ကြီးနှင့် ကြပ်မတ်ကုသနေသည်။

ဦးလှမောင်ထံသို့ သတင်းမေးရောက်သွားသောအခါ ရောဂါအခြေအနေမှာ အသက်ရှင်ဖို့ မမြင်၍ မေတ္တာထားကာ ဗမာ့ဆေးပညာကို အရိပ်အငွေ့ ပြောပြခဲ့သည်။

ဦးလှမောင်အဖို့ကား အင်္ဂလိပ်ဆေးဝါး မပြတ်မှီဝဲလာသူဖြစ်ရုံမက အထက်တန်းစား အင်္ဂလိပ်ခေတ်ပညာတတ်တဦး ဖြစ်သည့်အတိုင်း ဗမာ့ဆေးဝါးကို နားမှလေသံမကြားချင်ယောင်ဆောင်အယုံကြည်ကင်းမဲ့သူတစ်ဦးဖြစ်သည်။ ကျမလို အမျိုးသမီးတဦးက ဗမာ့ဆေးပညာတန်ဘိုး ပြောဟောပြခြင်းပင် အထင်အမြင်သေးစရာ ဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ သူ့အား သတိပေးသည့်အနေမှလွဲ၍ ကုသရန် မတိုက်တွန်းချေ။ အင်္ဂလိပ်ဆေးကုယင်း မသက်သာဘဲနှင့် ဇွတ်တိုးကုကာ အသေခံရသောသူများကဲ့သို့ သူလည်း သက်သာသည် မသက်သာသည် မစဉ်းစားဘဲ နောက်



E-book is created by www.shanyoma.org

မဆုတ်မည့်သူမှန်း အစင်းသိ၍ တိုက်တွန်းလိုစိတ် မရှိခြင်းဖြစ်သည်။

တနေ့တက်တနေ့ ရောဂါသဲလာသည်။ သူ့အိမ်ထဲသို့ဝင်သွားသောဆရာဝန်ကြီး၏ ကားသွားကားပြန် အခေါက်ရေချင့်၍ ရောဂါတော့ သဲနေပြီ ဘယ်တော့သေရှာမလဲဟု နားစွင့်နေမိသည်။

ထိုအတွင်း တညတွင် ကျမအား ဟစ်ခေါ် နှိုးနေသော အသံတသံကို အိပ်ရာထဲမှကြားမိသည်။ အိပ်ရာထကာ တံခါးပြေးဖွင့်လိုက်သည့်အခါ ဖိနပ်ပင် မစီးလာနိုင်ဘဲ မောကြီး ပန်းကြီးပြေးလာသော ဦးလှမောင်၏ ဇနီး ခင်ခင်စုဖြစ်နေ၏။ ဦးလှမောင် အသက်ထွက်တော့မည်ဖြစ်၍ ကယ်ပါအုံးဟု ငိုကြီးချက်မ လာခေါ်ခြင်းဖြစ်သည်။

အချိန်မှာ ၁၀ နာရီခန့်ရှိမည်။ လမ်းပေါ် တွင် မှောင်မဲ၏။ မှောင်မိုက်ထဲတွင် ကျမတို့နှစ်ယောက်ပြေးသွားကြသည်။ လူမမာ၏ အင်္ဂါရုပ်ကား နာရီပိုင်းမျှသာခံတော့မည့်လက္ခဏာ ပြနေချေပြီ၊ အမောဖေါက်ကာ ကျို့ထိုးလျက် မျက်ဖြူလန်ကာ ကြပ်နေလေပြီ။

အနားမှခင်ခင်စု၏ မျက်နှာကို လှဲ့ကြည့်လိုက်ကာ အသက်အရွယ်ငယ်ငယ်နှင့် ကျမလိုပင်မုဆိုးမ ဖြစ်တော့မှာပါကလားဟု ကိုယ်ချင်းစာကာ ရင်လေးသွားမိသည်။

''ဆရာဝန်မပင့်ဘူးလား''ဟုကျမက မေးလိုက်၏။ ''မပင့်တော့ပါဘူးမမရယ် ကုနေတာကြာလှပြီမဟုတ်လား မနက်ကဘဲ ဆေးထိုးသွားသေးတာဘဲ၊ အခုနေသွားပင့်လဲ အကြောင်းထူးတော့မှာ မဟုတ်ဘူး၊ မရဘူးဆိုပြီး ကွဲသွားမှာဘဲ၊ ဒါကြောင့် မမကို သတိရပြီး မမ တတ်နိုင်လိုတတ်နိုင်ငြား ကိုကို့ကံဘဲ ဆိုပြီး ပြေးလာတာဘဲ တတ်နိုင်ရင် ကယ်ဆယ်ပါ မမရယ်...''

သနားစဘွယ်ရှိုက်သံဖြင့် မျက်ရည်အသွယ်သွယ်ကျယင်း ပြောနေသည်။ ကျမလည်းသက်ပြင်းချလျက် ကြပ်မောနေသော လူမမာကို တွေ၍ ကြည့်နေမိသည်။

ဆေးရုံက မရဘူး ဆရာဝန်က မရဘူးဆိုမှ ရောဂါကျွမ်းမှသေခါနီးမှ ဗမာ့ဘက်သို့မျက်စိလယ်ကာ ရလိုရငြား နောက်ဆုံးကံစမ်း သဘောထားတတ်ပုံကို ခံရဘူးပေါင်း များလှပေပြီ။

ဆရာဝန်သွားပင့်က သူတွက်သည့် အတိုင်းမရတော့ဘူးသာ ပြောမည့်အခြေအနေမျိုးရောက်နေ၍ ကျမတို့ပင် 'လက်ခံ'ကုသပေးရန် မကောင်းတော့ချေ။

''ရောဂါကျွမ်းနေပြီ၊ သေတာ ရှင်တာကတော့ ခင်ခင်စုပြောသလို ဦးလှမောင်ကံဘဲ၊ သက်သာအောင်တော့ ကြိုးစားပါမယ်''

လူမမာကို 'လက်ခံ'လိုက်သော်လည်း ကျမတွင် ဆေးဝါးမရှိ၊ ဆေးဆောင်ထားသူမဟုတ်၍ ဦးလှမောင်နှင့်တည့်သည့် ဓာတ်ပစ္စည်းတစ်ခုကို မီးဖိုထဲတွင် ဝင်ရှာရလေသည်။

ကျမအလိုရှိသော ပစ္စည်းကား အဆင်သင့်ပင် အိုးခွက်တိုက်ချွတ်သည့်သည့်နေရာ ရေစင်တွင် သွားတွေ့လေသည်။

အကယ်၍သာ ဦးလှမောင်အား သူ့အသက်မှာ အိုးခွက်တိုက်ရန် မီးဖိုထဲက ရေစင်တွင်ပစ်ထားခဲ့သော အုန်းခွံခြောက်ဖတ်ပေါ် တွင် တည်ရှိခဲ့ကြောင်းပြောပြခဲ့လျှင် ဟက်ဟက်ပက်ပက်

E-book is created by www.shanyoma.org

ရယ်မောပေလိမ့်မည်။ ယခုသော်ကား သတိမရှိ၊ မောကြုပ်ကာ အသက်ထွက်ခါနီးနေ၍ ကျမလုပ်သမျှ မငြင်းဆန်နိုင်ရှာဘဲ ခံရပေတော့မည်။

စလောင်းဖုံးတွင် မီးခဲများထည့်ကာ အုန်းနံ့မှ အုန်းဖတ်ကို နွာချ၍ ထွက်လာသောအခိုးတွေကို သူ၏ နှာခေါင်းရောက်အောင် အနံ့ပေးလိုက်သည်။

"ဖြစ်ပါ့မလားဟဲ့၊ သေခါနီးလူနာကို ဒီအညော်နံ့ကြီး တိုက်နေယင် မြန်မြန်အသက်ထွက်မှာပေါ့တော်"

ခင်ခင်စုအား တီးတိုးပြောနေသော ခင်ခင်စု၏ မိခင်အသံကို မှိုင်းတိုက်နေယင်း ကြားလိုက်ရသည်။ လူမမာ အရေးကြီး၍ အသက်လုနေခိုက် သူတို့ကျေနပ်အောင် ရှင်းမနေနိုင်ပေ။

အနံ့ကြောင့် ဝေဒနာရသည်။ အနံ့ကြောင့် ဝေဒနာချမ်းသာနိုင်သည်။ အနံ့ကို ရှူရှိုက်ခြင်းကား ဆေးထိုးသလိုပင် အကြောထဲသို့အမြန်ဆုံးရောက်သွားနိုင်သည်။ မတည့်သည့်အနံ့တခုကို ရှူရှိုက်ရမည်ဆိုလျှင် ချက်ခြင်း ဇက်လေးခေါင်းကိုက်လာနိုင်သည်။ အနံ့မှာ အမြန်ဆုံး ထိရောက်နိုင်သော သတ္တိတန်ခိုးရှိ၏ ။

ဆေးရုံတွင် မေ့ဆေးအနံ့ကို ရှူရှိုက်ရုံဖြင့် ချက်ခြင်းမေ့၍ အသေလိုဖြစ်သွားနိုင်သည့် သတ္တိစွမ်းရှိသကဲ့သို့ လူမမာနှင့်တည့်သည့်အနံ့တခု စွမ်းစွမ်းထက်ထက်ရွေးပေးလိုက်နိုင်က ဤလက်နက်လောက် အမြန်ဆုံးထိရောက်နိုသောလက်နက် မရှိချေ။

သာမန်အားဖြင့် စလောင်းဖုံးနှင့်အနံ့ဆိုးဆိုးသာ မြင်ကြသိကြ၏ ။ အာရုံငါးပါးအနက် အနံ့၏ အာနိသင်သဘောကို သိချင်မှသိပေမည်။

ဝေဒနာရခြင်းအကြောင်းများမှာ အာရုံငါးပါးကြောင့်ဖြစ်သည်လည်း ရှိ၏ ။ မျက်စိမှ၊ နားမှ၊ နှာခေါင်းမှ၊ လျှာမှ၊ အထိအတွေ့မှ စသည်ဖြင့် ဝေဒနာရနိုင်သည်။ ဥပမာ–မျက်စိမှ သွေးထွက်သံယိုမြင်လျှင် ဤမျက်စိအာရုံကြောင့် နှလုံးသားထိခိုက်အောင် ဝေဒနာရနိုင်၏ ။ ထို့အတူ နားက ကြားသည့်အသံနှင့်နှာခေါင်းမှ ရှူသည့်အနံ့နှင့် လျှာမှစားသည့်အရသာနှင့် အထိအတွေ့နှင့် အာရုံငါးပါးတွင် မတည့်သည့်ဓာတ်သဘောကြောင့် ဝေဒနာ ရနိုင်သည်။ အာရုံငါးပါးတွင် မတည့်သည့်ဓာတ်သဘောကြောင့် ဝေဒနာရနိုင်သလို တည့်သည့်ဓာတ်ဖြင့် အာရုံငါးပါးမှနေ၍ ဝေဒနာ သက်သာချမ်းသာအောင် ကုစွမ်းနိုင်၏ ။

ဝေဒနာကို ဆေးမတိုက်ဘဲ မျက်စိမှနေ၍ပင် ကုသနိုင်သောနည်းများရှိလေသည်။ ကုသရာတွင် လူမမာနှင့်တည့်သည့်ဓာတ်ကို သိရန်သာ အခရာဖြစ်ပေ၏ ။ ထို့ကြောင့် ဓာတ်မသိယင် ခက်တယ်–ဓာတ်သိယင် အလွယ်ကလေးဆိုသော ရှေးစကားရှိခဲ့၏ ။ ဝေဒနာအတွက် တည့်သည့်ဓာတ်သိဘို့ရန်သာ အဓိကဖြစ်ပေသည်။

ခင်ခင်စုမှာ ဆရာဝန်ပင့်၍ ထူးမှာလားဟူသော အသိဉာဏ်ဖြင့် ကျမ ဘာလုပ်လုပ်မကန့်ကွက်ပေ။ ဘေးနားတွင် တရှုံ့ရှုံ့ထိုင်ငိုလျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ကျမမှာ လူမမာအနားမှမခွာ အလစ်မပေး၊ အရိပ်အကဲခတ်ကာ "မှိုင်း"နာအောင်သာ



E-book is created by www.shanyoma.org

ထိုင်တိုက်ပေးနေသည်။

နာရီဝက်ခန့်ကြာသောအခါ ကျမဆွဲနေသည့်ခါတ်ဘက်သို့လိုက်ပါလာသောလက္ခဏာ အရာ တွေ့ရ၍ ကျမဝမ်းသာခြင်းကား စာဖွဲ့၍ပင် မပြတတ်အောင် ဖြစ်မိသည်။

အရင်လိုမှုဖြင့် စလောင်းဖုံးထဲတွင် မီးခဲနှင့်အနံ့ရအောင် မှိုင်းငွေ့ယူခြင်းကို သာမန်အားဖြင့်ကြည့်ကပြစ်စလက်ခတ်နှင့် မလေးစားစရာဟု အနောက်တိုင်းဆန်သည့်မျက်စိ၌ ထင်ကောင်း ထင်လေမည်။ အကယ်၍သာ အနံ့ရသည့်ခေတ်မှီကရိယာတံဆာပလာလက်နက်ဖြင့် ပျောက်ကင်းအောင် ကုသပေးမည်ဆိုပါက ဆရာဝန်ခြေကြွမြက်မြက်ကလေးရနိုင်စရာရှိသည်ဟု တွေးမိသေးသည်။ သို့သော် ဗမာဆေးပညာကား လူထုသုံးစွဲ နိုင်သောပညာဖြစ်၍ ရှေးနှစ်ပေါင်းထောင်ကျော် လောက်က ထွန်းကားလာသော ပညာတရပ်ကို အထင်မသေးအပ်ပေ။

တခါက ပဲခူးရွှေမော်ဓောအုဌ်မြစ်ချပွဲတွင် ဘုရားပေါ်၌ ကုသိုလ်ဖြစ်ဆေးကုဌာနကြီးဖွင့်လှစ်၍ လူနာတထောင်ကျော်ခန့် ကုသိုလ်ဖြစ်ဆေးပေးခဲ့စဉ်က 'အင်္ဂလိပ်ဆေးရုံ အလကားရတယ်' ဟုလူနာတွေ အုံလာကြသည်။ ဆေးတိုက်၊ ဆေးထည့်ပေးမှ ဗမာ့ဆေးဝါးမှန်း သိသွားကြတယ်။

သည်ကုသိုလ်ကို ကျမ ခဲရာခဲဆစ် လုပ်ရပုံမှာ ဆေးပညာ ပြန့်ပွားစေရအောင် (နပ်စ်) သူနာပြုဆရာမများကို ဘမ်းပြရန် သူတို့အဝတ်အစား အပြည့်အစုံဖြင့် ငှားရမ်းခေါ် သွားကာ အနာ ခွဲ အင်္ဂလိပ်ကိရိယာတံဆာ ပလာစုံစုံနှင့် ဗမာ့ဆေးကို သည်ပုံသည်နည်း လှူခဲ့ရဘူး၏ ။

E-book is created by www.shanyoma.org

## ၅

လူမမာမှာ တဖြေးဖြေး ကျို့ထိုးရပ်လျက် မျက်စိအထက်လည်ကာ အမောကြပ်နေခြင်းမှ အသက်ရှူစပြုလာလျှင်ပင် ကုတင်ကိုဝိုင်းနေကြသောခင်ခင်စုနှင့် အိမ်ရှိလူအများအား 'မသေပါ ဘူး စိတ်ချ'ဟု အားပေးစကားပြောလိုက်ကာ စလောင်းဖုံးချပြီး လူနာနှင့်ခါတ်တွေကို တမျိုးပြီး တမျိုး တွင်တွင်ကြီး ဖိလုပ်လေသည်။ လူမမာမှာ သန်းခေါင်ကျော်လောက်မှ သတိပြန်လည်လာ သည်။

ထိုညအဘို့ အိမ်မပြန်ဘဲ လူနာအနီးတွင် စိတ်ရှည်လက်ရှည်ပြုစုကုသပေးနေရာ အချိန် ကုန်သွားမှန်းပင် မသိတော့။

ညဦးက မျက်ဖြူစိုက်ကာ ကြပ်မောနေလျက် ပစ်လိုက်ရတော့မည်ဖြစ်နေသောလူမမာ မှာ နံနက်ငါးနာရီလောက်တွင် ရေခဲနှင့်ပန်းသီးကို စားနိုင်တော့၏ ။

ပန်းသီးစားယင်း တုံတုံချိချိအားနည်းသော အသံကလေးနှင့်ပြောနေသည်။ လှိုက် လှိုက်လှဲလှဲ ကျေးဇူးတင်နေသောလူမမာ၏ မျက်နှာကို ကြည့်ကာ ပြုံးလိုက်မိသည်။

E-book is created by www.shanyoma.org

"ကျမကို ကျေးဇူးမတင်နဲ့ ဦးလှမောင်အသက်ကို ကယ်ဆယ်တာ ကျမထက် အုန်းဇော်က ပိုမှန်လိမ့်မယ်၊ ဒီအုန်းဇော်ဟာ ဆရာဝန်ကြီးထိုးတဲ့ဆေးတလုံးဘိုးမပြောနဲ့၊ ပြောရရင် တပြားမှ မတန်ဘူး၊ ဈေးထဲက အုန်းသီးရောင်းတဲ့ဆိုင်မှာ အိုးခွက်တိုက်ဘို့ အလကားသွားတောင်းယင် တောင် ရနိုင်ပါတယ်၊ ကျေးဇူးတင်ယင် အုန်းဇော်ကိုသာ တင်ပါ–အုန်းဇော်ကိုသာ ဦးချပါ..."

ကျမလည်း သူစဉ်းစားပါစေဟု ရယ်ရယ်မောမောဖြင့် တည့်တည့်ပြောကာ ထပြန်လာခဲ့သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ အလွန်အနောက်တိုင်းဆန်သော ဦးလှမောင်ကား ထိုအချိန်မှစ၍ ယခုတိုင် အသားကို အပ်နှင့်တထိုးတည်း ထိုးနေရသော ဝဋ်ဒုက္ခကြီးမှ ကျွတ်လွတ်သွား၏။ မနက်စာ စားပြီးတမျိုး၊ နေ့လည်တမျိုး၊ ညစာစားပြီး တမျိုး၊ ထာဝစဉ်သောက်နေရသော ဆေးဘိုး အကုန်အကျမရှိတော့ဘဲ ဗမာနည်းဖြင့်သာ ကျန်းမာ ဝဖြိုးနေပေ၏။ ကျမကဲ့သို့ပင် တိုင်းတပါးဆေးကို လုံးလုံးစွန့်လွှတ်လျက် ဤဗမာ့ဆေးပညာကို ကိုးကွယ်လိုက်စားဆည်းကပ်ကာ ဗမာ့ဆေးသာ အားကိုးအားထား ပြုတော့၏။

၆

မော်စကိုတွင် ကျမအသံဝင်သွားသည့်အတွက် ဆရာဝန်ခေါ်ရန် မလိုကြောင်း၊ ကျမတွင် ဗမာဆေးပါကြောင်း၊ အအေးလွန်ကဲ၍ အသံဝင်ခြင်းမျှသာဖြစ်ကြောင်း ရှင်းပြကာ ဆရာဝန် ခေါ်ရန်မလိုဟု ငြင်းခဲ့မိသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပညာ၊ ကိုယ့်ဆေးရှိသောနိုင်ငံဟု လူမျိုးခြားက သိမှသိပါလေစ။

ကျမအသံဝင်သွားသည့်အတွက် မည့်သူ့ကိုမျှလည်း ဒုက္ခမပေးခဲ့၊ အနှောက်အယှက်မပြုသွားယင်းလာယင်း ကိုယ့်ဆေးကိုယ်စား၍ အသံကို ပြန်ထွက်အောင် လုပ်လိုက်လေသည်။

မော်စကို၌ ဗမာဆေးစားကြောင်း ဆရာဝန်ခေါ်ရန် မလိုကြောင်း ငြင်းဆန်မိသည့်အတွက် ကျမနှင့်လိုက်ပါလာသော ယှဉ်ကျေးမှုအဖွဲ့ဝင်အချို့သောပုဂ္ဂိုလ်များက ကျမ၌ တီဘီရောဂါရှိသည်ဟု စွပ်စွဲကြခြင်းကို ဗမာပြည်ရောက်မှ ဝမ်းနည်းစွာပင် ကြားရတော့သည်။

"ဆရာဝန် မခေါ်ရဲတာ တီဘီရှိတာ လူမသိစချင်လို့လား"ဟု တဦးက ထင်မြင်ချက်ပေးခြင်းကို တဦးက ဟုတ်မှာဘဲဟုထောက်ခံကာ ကျမတွင် တီဘီရောဂါရှိကြောင်း၊ အချင်းချင်းဝါဒဖြန့်လျက် ရောဂါမကူးစက်စေရန် ကျမအနား မကပ်မိအောင် အချင်းချင်း လက်ကုပ်သတိပေးနေကြ

မှန်းလည်း ဗမပြည်ရောက်မှ သိရသည်။

ကျမကို မပြောထားနှင့် ကျမနှင့်စကားပြောမိသောသူကို သူတို့အနားကပ်လျှင် မောင်းထုတ်ပြစ်ကြကြောင်းကိုလည်း ပြန်ပြောပြမှပင်သိတော့သည်။ ကျမနှင့်မျက်နှာချင်းဆိုင် စကားပြောမိ၍ ဗမာပြည်ရောက်လျှင် ဓာတ်မှန် ပြေးရိုက်ကြည့်မည်ဆိုသောသူများလည်း ရှိသည်။

တီဘီဆိုလျှင် လူတိုင်း ကြောက်ကြ၏။ လူတိုင်း ရှောင်ခွာကြ၏။ တီဘီစွဲလျှင် သေရမည်ဟုလူတိုင်း ထင်မှတ်ကြ၏။ တီဘီမှာ ဗမာလူမျိုးတို့၏ နှုတ်ဖျားမှ ခေတ်ဆန်ဆန်စကား ဖြစ်နေသည်။

မော်စကိုမှ အပြင်တာရှကင့်မြို့တွင် တညသဉ္ဇ မအိပ်နိုင်၍ အခန်းထဲရှိ ကုလားထိုင်မှာ တညလုံး မိုးလင်းသည့်အထိ ထိုင်နေလေသည်။

နံနက်လင်းသော် တမြို့လုံး၌ နှင်းဝတ်ဖြူများ ဖုံးအုပ်ထားခြင်းကို မှန်ပြူတင်းမှမြင်နေရသည်။ ဝါဂွမ်းများကဲ့သို့အဆုပ်လိုက်အဆုပ်လိုက် အခဲလိုက်အိနေသော နှင်းပွင့်များမှာ တိုက်ခေါင်မိုးများ၊ သစ်ကိုင်း အခက်အလက်များတွင် တွဲလွဲဆိုင်းနေသည်။ ညတညကြောင့် ထိုနေ့အဖို့ အထည်စက်ရုံကြီးများကို လိုက်မကြည့်တော့ကျဘဲ ဟိုတယ်တွင် နေရစ်ခဲ့သည်။ ညနေဘက် ထမင်းစားပွဲတွင် ကျမတို့ကို ဆိုဗီယက်နယ်စပ်အထိ လိုက်ပို့သော မစ္စဒရန်နော့က ''ဒေါ်မမလေး နေကောင်းသွားပလား''ဟု စားပွဲထိပ်က လှမ်းမေး၏။

''ကျမနေကောင်းပါတယ်''ဟုပြန်ဖြေလိုက်သည်။

''ကျေးဇူးအများကြီးတင်ပါတယ်''

ကျမနေကောင်းပါတယ်ဆိုခြင်းကို သူက ဘာကြောင့် ကျေးဇူးအများကြီးတင်ရပါလိမ့်ဟု သူ့အဖြေကို နားမလည်ခဲ့။ ကျမကို ဘာကြောင့် ကျေးဇူးတင်မှန်း မမေးမြန်းမိခဲ့ပေ။

ဗမာပြည် ပြန်ရောက်၍ ကျမအား တီဘီအဖြစ် ဝါဒဖြန့်ကြမှန်းသိရသောအခါမှ မစ္စတာဒရန်ရော့ကို အားနာသွားမိသည်။

ကျမ စိတ်ဝင်စားဆုံး အရာကား ဂျော်ဂျီရာနယ် ဂါရာမြို့တွင် အလုပ်သမာများအတွက် ကျန်းမာရေးဌာနမှ အထူးတလည် တည်ဆောက်ပေးထားသော အလုပ်သမားများ အနားယူအပန်းဖြေ ဆေးကုစခန်းဖြစ်သည်။

အဆောက်အအုံကြီးမှာ ကြီးကျယ်ခမ်းနားလှသည်။ ဆေးကုသဌာနမှူးဆရာဝန်ကြီးက အခန်းအဆောင်အဆောင်ကို လိုက်၍ပြသည်။ အိပ်ခန်း၊ ဧည့်ခန်း၊ စားခန်းများအပြင် ခေတ်မှီနည်းများဖြင့် ရောဂါအမျိုးမျိုးကို ကုသပေးသောဆေးခန်းများကို တွေ့ရသည်။ အလုပ်သမားများ မိန်းမယောကျ်ားများ၏ ဝေဒနာကို ဓာတ်နှင့်ကုသပုံ၊ ရေလောင်းကုသပုံ၊ ကန့်ရေချိုးကာကုသပုံ၊ ကုနည်းမျိုးစုံ တွေ့ရသည်။

စိတ်ညို့ကာ တညီတညာတည်း မိုးပေါ်သို့ ကတော့ထိုးနေကြသည့် ဆိုက်ပရပ်ပင်ကြီးများမှာ အဆောက်အဦးကို ခြံရံကာ စီတန်းပေါက်နေကြသည်။ အဆောက်အဦးအတွင်း မြေယာ

E-book is created by www.shanyoma.org

ကွက်လပ်များတွင် လှပသောဥယျာဉ်များ လုပ်ထားသည်။ အဆုပ်ပွင့်နေကြသည့်နှင်းဆီပွင့်ကြီးများကို နေရာမလပ်ဖြစ်အောင် နေရာတိုင်း၌ ပြုပြင်မွမ်းမံထားလေသည်။

အဆောက်အဦးနောက်ဘက်တွင် ပြန့်သောဝရံတာကြီး ထုတ်ထားသည်။ ပက်လက်ကုလားထိုင်များ ခင်းလျက် လေညှင်းခံနေသော နယ်နယ်အရပ်ရပ်မှ အလုပ်သမားများကို တွေ့ရသည်။

လေမှာ တညှင်းညှင်း တသုံသုံတိုက်ခိုက်လျက် ရှိ၏။ ဝရံတာတဖက်ရှိ ပင်လယ်နက်ကြီးကား နက်ပြာရောင်ထလျက် အလှမ်းဝေးဝေးကြည့်လိုက်လျှင် မိုးကောင်းကင်၏ တိမ်သား တိမ်ပြာတို့နှင့်ထိနေသောရေပြာနှင့်တိမ်ပြာမှာ တသားတည်း ကျနေသည်။

ဝရံတာမှ ပင်လယ်ကြီးကို ငေးမျှော်ကြည့်ယင်း ဗမာပြည်၌အလုပ်သမားများ ကျန်းမာရေးအတွက် သည်လို အဆောက်အဦးကြီးမျိုးတွေ ဘယ်တော့မှများဖြစ်ပေါ် လာမည်နည်းဟု တွေးတောမိလေသည်။

လွတ်လပ်သောကိုယ့်နိုင်ငံအတွင်း ကိုယ့်အမျိုးသားဆေးပညာ အားထားရလေအောင် နိုင်ငံအစိုးရက ဗမာ့ဆေးပညာကို ထိထိရောက်ရောက် အားပေးမည်ဖြစ်ပါက ထိုလုပ်ငန်းကြီးထဲတွင် ကျွမ ပါဝင်ရပါသော် ကောင်းလေစဟု စိတ်စေတနာ စောမိလေသည်။

ဗမာ့ဆေးပညာကို စမ်းသပ်သည့်သဘောဖြင့် အစိုးရက နေရာဌာနပေးခဲ့လျှင် ဗမာ့ပညာဖြင့် လူအပေါင်းတို့၏ ဝေဒနာကို ချမ်းသာအောင် လုပ်ပြချင်သော စိတ်ဓာတ်များပင် ထက်သန်သွားတော့သည်။

ပင်လယ်ထဲတွင် လှိုင်းမရှိ၍ ငြိမ်သက်နေသည်။ ပင်လယ်ထဲမှ ဝှေ့သုတ်တိုက်ခတ်လာသော အေးမြသောလေကို ရှူလျက် နက်ရှိုင်းသော ပင်လက်နက်ကြီးထဲတွင် ဆေးပညာစိတ်ကူးဖြင့် မြုပ်နစ်နေစဉ် အပြာရင့် သွေးကတ္တီပါ ကော်ဇောထက်တွင် ကင်းကလေးတကောင် တရွရွတွားသွားနေသလို ထင်မှတ်ရသော ကမ်းဘက်သို့လှော်ခတ်လာသည့်လှေကလေးကို မနည်းပင် စိုက်ကြည့်ရလေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မာတ်ပညာမှာ
အစစ်ဆေးခံသော ပညာတရပ်လည်း
ဖြစ်သည်။

E-book is created by www.shanyoma.org

အမျိုးသားဆေးပညာ

ဒေါ်မမလေးရှင့်

စာတစောင် ရောက်လာ၍ ပို့လိုက်ပါသည်။ ကျမ အနာများလဲ ဒေါ်မမလေး ဆေးနှင့် မှဘဲ လက်စသတ်ပျောက်ကုန်ပါတော့သည်။ နဂိုရ်က ဗမာဆေး လက်လွှတ်သူ မဟုတ် သော်လည်း ဒေါ်မမလေးဆောင်းပါးဖတ်ပြီးမှ ပိုမိုလေးစားမိပါသည်။ စာဖတ်ပရိသတ် များ ဗမာ့ဆေးကို ဂရုစိုက်လေးစားလာစေသော ဆောင်းပါးများ ထပ်မံ ရေးသားပေး ပါရန်တောင်းပန်ပါသည်။

ကျေးဇူးတင်လေးစားစွာဖြင့်

ခင်လတ်

သွေးသောက်မဂ္ဂဇင်းတိုက်ရှင် ဒေါ်ခင်လတ်၏ စာနှင့် တက္ကသိုလ်နယ်မှပေးပို့လိုက်သော စာတစောင်ကို ဖေါက်၍ ဖတ်ကြည့်ရာ မန္တလေးမြို့ စိန်သန်းပိုးထည်တိုက်မှ ရောဂါသည်တဦး၏ ဆေးကုသပေးရန် တောင်းပန်စာ တစောင်ဖြစ်နေလေသည်။

ဇန်နဝါရီလထုတ် သွေးသောက်တွင် တီဘီလား ဟူသောဆောင်းပါးကိုရေးယင်း အ ကြောင်းသင့်သဖြင့် အမျိုးသားဆေးပညာ ကျမလိုက်စားခဲ့ပုံအကြောင်းများ ထည့်သွင်း ရေးသား ခဲ့သည်။

သွေးသောက်မဂ္ဂဇင်းထွက်ပြီးနောက် အရပ်ရပ်အနယ်နယ်မှဝေဒနာသည်တို့၏ စာများ နေ့စဉ်လိုလို အလျှိုလျှိုရောက်လာကြကာ စွဲကပ်နေသည့်ဝေဒနာတွေကို ဗမာနည်းဖြင့် ကုသပေး ရန် ဝိုင်းတောင်းပန်ကြလေသည်။

ကျမမှာ စာရေးဆရာအဖြစ်မှ အရပ်က သတ်မှတ်၍ ဆေးဆရာဖြစ်ရတော့မလိုဖြစ်နေ ပေသည်။

အမျိုးသားဆေးပညာကို သင်ကြားစဉ်က မိမိအဖို့တွင် မဟုတ်ဘဲ အခြားသူများ၏ ကျန်းမာရေး၊ ချမ်းသာရေးကို အကူအညီပေးနိုင်သည့်အဖြစ်ရောက်ပါစေဟူသော စေတနာဖြင့် သင်ကြားခြင်းဖြစ်သည်။

ထိုစေတနာအတိုင်း ရင်းနှီးသော ရောဂါသယ် လူမမာများ၏ ကျန်းမာရေးကို အ ထောက်အကူ ပေးခဲ့နိုင်သည်။

ဤပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် စိတ်ကူးထဲပင် မထည့်ခဲ့ပေ။ ဝေဒနာ ခံစားနေသူတဦး ကုသ၍ ပျောက်ကင်းချမ်းသာရာရလျှင် ကျေနပ်၍ မဆုံးနိုင်သည့်ပီတိသည် ပညာသင်ရကျိုးနပ်ခြင်းပင်တည်း။

ဆေးပညာတတ်စက ဆိုလျှင် ဝေဒနာသည် တွေ့လျှင် ပျောက်စေချင်စိတ်ဖြင့် မနေနိုင်မထိုင်နိုင် သွားရောက်ကုသပေးတတ်သည်။

ဆေးဆရာအမည်ခံ၍တော့ တခါမျှ ဆေးမကုခဲ့ဘူးချေ။ ဆေးကုခံကြသောသူတိုင်းလည်း ကျမအား ဆေးဆရာလို မဆက်ဆံချေ။ နားလည်တတ်သိသည့်သူတဦးအဖြစ်နှင့်သာ ယုံကြည်အားကိုးကြသည်။

ကိုယ့်ကိုယ်ကို ဆေးရာမသမုတ်ဘဲနှင့် ဆေးကုပေးချင်၍ မရကြောင်း သာဓကတခုကိုမူ ရေးသားဖေါ်ပြလိုပေသည်။

စာရေးဆရာ ဆရာဇော်ဂျီ၏ မျက်နှာတွင် မျက်ခုံးနှစ်ဘက်ကြား နှာရောင်၌ ကွမ်းသီးလုံးခန့်မြင်းဖုကြီးကို တွေ့ရသည်။

"ဆရာ ဒီမြင်းဖုကို မကုဘူးလား"ဟု ကျမက မေးမိသည်။

"ကုတာဘဲကွဲ့၊ ဆေးရုံတက် မေ့ဆေးပေးပြီး ခွဲကုတယ်၊ ခွဲပြီးနောက်လဲ ပြန်ဖေါင်းဖုကြီးလာတာဘဲ၊ သူတို့အဆိုက သိပ်မကြီးခင် ခွဲလို့ပြန်ဖေါင်းတာလို့ပြောတယ်၊ ဒီတစ်ခါ သိပ်ကြီးလာမှ သွားခွဲမလို့ဘဲ"

ရန်ကုန်သတင်းစာတိုက်ပေါ် တွင် စာရေးဆရာကိစ္စနှင့်တွေ့ဆုံကြစဉ် ကျမ မေးမြန်းလိုက်သောမေးခွန်းကို ဆရာက ရိုးရိုးအနာသတင်းမေးသလိုသာ အောက်မေ့ထင်မှတ်ပုံ ရှိသည်။

"ဗမာနည်းနဲ့များ တခါထဲ အမြစ်ပါပြုတ်ပြီး ပျောက်သွားအောင် မကုချင်ဘူးလားဆရာရယ်"ဟု ကျမက ဆက်ပြန်သည်။

"အား...ကုတော့ ကုချင်သားဘဲ၊ ဒါပေမဲ့ ဗမာဆေးကကွယ် စားဆေးတွေ တင်ပြီး အနာကြီးဖြစ်လာမှာ ဆရာ ကြောက်တယ်၊ ဒါကြောင့် မကုတာ"

"မခွဲစိပ်ရဘဲ အနာ မဖြစ်ရဘဲ ညင်ညင်သာသာကလေးနဲ့ ပျောက်မသွားချင်ဘူးလားဆရာ"

ကျမက ထပ်ရှည်လိုက်၍ "နေစမ်းပါအုံးဟ၊ မမလေးက ဆေးဆရာများ ဖြစ်နေလား" လို့ ပြောကာ ရယ်မောနေလေသည်။

ကျမက အပြောမရပ်၊ ဆရာ့ဝေဒနာ ပျောက်စေချင်၍ ဆရာသိအောင် ဖွင့်ပြောရလေသည်။

ဆရာကလဲ ရယ်နေရာမှ ခပ်တည်တည် ပြန်ကြည့်ကာ "မမလေးနည်းက ဘာနည်းလဲကွဲ့" ကန်တော့ပွဲတွေ ပေးပြီး ဦးတို့ ဖွတို့ ပျောက်စေတို့နဲ့ဂါထာမန်းမှုတ်ကုမှာလားဟု ပြောလျှက်ပြုံးနေလေသည်။

E-book is created by www.shanyoma.org

နတ်လိုလို၊ မှော်လိုလို၊ အထက်ဂိုဏ်းလိုလို၊ ဟိုဂိုဏ်းဝင်၊ သည်ဂိုဏ်းဝင်စသည်ဖြင့် လိုက်စားကြသည့်အထဲတွင် အများအားဖြင့် မိန်းမတွေက ယုံလွယ်ကာ သဲသဲမဲမဲ စွဲလန်းယုံကြည် လိုက်စားတတ်ကြသောကြောင့် ကျမအား ထိုကဲ့သို့မှတ်၍ မေးလိုက်လေသလားဟု နားထဲတွင် ထောက်သွားမိသည်။

ကျမအား အမျိုးသားဆေးပညာကို ယုံကြည်အားထားနေသူဟု ဆရာ ဘယ်နည်းနှင့်မျှ ထင်ပေလိမ့်မည် မဟုတ်ချေ။ အများနည်းတူ တခုခုဖြစ်လျှင် အင်္ဂလိပ်ဆေးသာ ယုံကြည်သုံးစွဲရမည်ဖြစ်၍ ဒီနည်းမဟုတ်ယင် ဟိုနည်းများလားဟု အောက်မေ့စရာ ဖြစ်နေသည်။

"ဒီနည်းမျိုးတွေနှင့်ကုပေးမှာ မဟုတ်ပါဘူးဆရာ၊ ဒီဟာတွေလဲ ကျမ မလိုက်စားတတ်ပါဘူး၊ ဆရာ့ကို ကျမ ကုပေးမဲ့နည်းက ဟိုနှစ်ပေါင်း တထောင်လောက်က ထွန်းကားခဲ့တဲ့ ဗမာနည်း ဆရာဇီဝကနည်းပါ"

ကျမအဖြေကို အနားတွင် ဝိုင်းနေကြသော မြို့မဆရာဟိန်တို့ပါ သောသောညံအောင် ရယ်မောလိုက်ကြလေသည်။

ဆရာဇော်ဂျီကို ကျမ ငယ်ငယ်တည်းက သိခဲ့သည်။ ကျမတို့ နေရပ်ဇာတိတမြို့တည်းလည်းဖြစ်ကြသည်၊ စာပေလိုက်စားစဉ် ငယ်ငယ်ရွယ်ရွယ်က ဆရာရေးသောကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ်များကို နှစ်ခြိုက်သဘောကျကာ တရိုတသေ သိမ်းဆည်းစုဆောင်းရလေသည်။ ကျမကို စာပေနယ်နိမိတ်ထဲသို့ ရောက်အောင် ဆွဲဆောင်နိုင်သူများတွင် ဆရာလည်း ပါလေသည်။

စာပေရေးသားနည်း အတတ်ပညာမြောက်နေသည့်လက်ရာဟန်တို့ကို လေ့လာဆည်းပူးသည့်အခါ ဆရာဇော်ဂျီ၏ ဝတ္ထုတို၊ ပြဇာတ်နှင့်ကဗျာများလည်း ရင့်သန်သောအသိဉာဏ်တိုးခဲ့စေသည်။

ဆရာ၏ ကျူပြင်ကဗျာ၊ သားချော့ကဗျာများတွင် တေးဂီတဟန်နှင့်ဆိုရသည့်အသံမှာ ဌာန် ပေါ်နေကာ၊ အဓိပ္ပာယ်အနက်ဖော်ပြပုံ သရုပ်ပါလှပေသည်။ ကဗျာတွင် မဟုတ်၊ ဝတ္ထုတို– ပြဇာတ်တို့၏ အဖွဲ့အနွဲ့တွင် ထူးခြားစွာ ပေါ်နေသည့်အရောင်အသွေး၊ ဆရာ့ဟန် ဆရာ့မူကို စွဲစွဲလန်းလန်း မှတ်သားမိနေသည်။

စာပေရှေ့ဆောင်ပုဂ္ဂိုလ်တဦးအနေဖြင့် ဆရာ့ကို ကြည်ညိုခဲ့သည်။ လေးစားခဲ့သည်။

ထိုကဲ့သို့ ကျမကြည်ညို လေးစားသောဆရာတဦး၌ အနာရောဂါရနေခြင်းကို ပျောက်ကင်း ချမ်းသာစေချင်သော စေတနာမှာ ပြင်းပျမိချေသည်။

ဆရာ ဆေးရုံမတက်စေရ၊ မေ့ဆေးပေးပြီး မခွဲစေရ၊ ဗမာနည်းနှင့် ညင်ညင်သာသာ အမြစ်ပါပြုတ်၍ ချမ်းသာ ပျောက်ကင်းရန် မကု– ကုအောင်ကို တိုက်တွန်းမည်၊ မရ–ရအောင် ကုမည်။

ထိုနေ့ ထိုနေရာ၌ သည်အတိုင်း စိတ်ထဲတွင် ဖြစ်မိသည်။

မျှားမကြာမီ ဆရာနှင့်တွေ့ကြပြန်သည်။

E-book is created by www.shanyoma.org

“ကုပါဆရာရယ်၊ စားဆေးလဲ မတင်ပါဘူး၊ ဆရာ့မြင်းဖုဟာ သက်သက်သာသာလေးနဲ့ ပျောက်ရပါစေမယ်၊ ကျမ အာမခံပါတယ်”

ကျမက ဆရာ့ကို ရှိသေစွာ တစာစာ တိုက်တွန်းပြောဆိုနေလေသည်။ တပူပူ တစာစာ ပြော၍လား မသိ၊ “အေးကွယ် ကုတာပေ့ါ”ဟု နောက်ဆုံး၌ အားနာပါးနာ ပြန်ပြောလေသည်။

ဆရာ၏ အားနာပါးနာ ပြောနေပုံကို အားမရ၍ ကျမကို ယုံကြည်နိုင်ပါစေတော့ဟု ရည်စူးကာ အမျိုးသားဆေးပညာသဘောကို အရိပ်အငွေ့ ပြော၍ပြသည်။

လောကကြီးကို အုပ်စိုးနေတာ အပူနဲ့အအေး တရားနှစ်ပါးဘဲ ဆရာ၊ တမိုးအောက်မှ သက်ရှိသက်မဲ့တွေကို ဆရာကြည့်ပါ။ နှစ်မျိုး – နှစ်စား တွေ့ရပါလိမ့်မယ်၊ ဉပမာ–ကျွဲလဲရှိ ပါတယ်၊ နွားလဲရှိတယ်၊ အုန်းသီးရှိသလို၊ သခွားသီးလဲရှိလာပါတယ်၊ အပူစာ အအေးစာရှိသလို လူတွေလဲ ထိုနည်းနှင်နှင်ပါပဲ၊ နှစ်မျိုးကွဲပြားပါတယ်၊ အပူစာ အအေးစာ နှစ်မျိုးနှစ်စား ရှိပါတယ်။

“အစာအာဟာရတိုင်း လူတိုင်းနဲ့မတည့်ပါဘူး၊ သည်အစာဘဲ တည့်တဲ့လူနဲ့တည့်တယ်၊ သည်အစာဘဲ မတည့်တဲ့လူနဲ့ မတည့်ဘူး”

ဘာကြောင့် သူနဲ့ကျတော့ တည့်တယ်၊ ဘာကြောင့် သူနဲ့တော့ မတည့်ဘူးဆိုတာ စဉ်းစားစရာ အင်မတန်ကောင်းပါတယ်၊ ဓာတ်ကြီးလေးပါးသဘောကို သိပြီး ဓာတ်ဖိုဓာတ်မ အပူအအေး ခွဲခြားသိမြင်နိုင်ရင် ကျန်းမာရေးဘက်မှာ ဖူလုံနိုင်တာပါဘဲ။

ကျမလည်း ဟိုပြောသည်ပြောနှင့် ပညာ၏ အစအန အစိတ်အပိုင်းကို လျှောက်ပြောမိနေသည်။

ဆရာသည် ငြိမ်သက်စွာ နားထောင်လျက်နေလေသည်။ ကျမ ပြောပြနေသည့်အချက်များကို စိတ်ဝင်စား၍ တည်ငြိမ်စွာ နားထောင်နေခြင်းဟု မထင်မိပေ၊ ဆရာ နဂိုကိုယ်၌ကိုက တည်ငြိမ်သောအသွင် ရှိလေသည်။

ဆရာအဖို့တွင် အနာကို ကုခံဘို့ရန် ကျမမှာ ဆေးဆရာလည်း မဟုတ်၍ ယုံကြည်ဖို့စဉ်းစားနေသလားလည်း မသိပေ။ မလောက်လေး မလောက်စားဖြစ်နေလေသလားလည်းမသိပေ။

“ကုမယ်ဆိုရင် ဘယ်တော့ကုမှာလည်း ဆရာရယ် မြန်မြန် ကုလိုက်ပါ”

ဆရာ့ကို အပူတပြင်း လောနေမိသည်။ ဆရာလည်း ငြိမ်နေရာမှ ပြုံးသွားကာ “ကုတာပေ့ါကွယ်”ဟုပြောသွား၍ ကျမတွင် မတင်မကျ ဖြစ်နေခဲ့သည်။

တနေ့တွင် ဆရာနှင့် ဆုံကြုပြန်သည်။

“ဘယ်နှယ့်လဲ ဆရာရယ် ဘယ်တော့ကုမှာဘဲ မြန်မြန်ပျောက်သွားအောင် ကုလိုက်ပါတော့ ဆရာရယ်”

ဆရာ့မျက်နှာမြင်တာနဲ့ ဆီးပြော၍ ဆရာလည်း ပြုံးပြန်ကာ ပြောနေကျအတိုင်း စိုစိစိ ပြောလေသည်။

“အေးကွယ် ကုတာပေ့ါ”

E-book is created by www.shanyoma.org

ထိုနေ့က အိမ်သို့ပြန်ရာလမ်းတွင် ဆရာ့အကြောင်းနှင့် ဆရာ့အနာသာတွေးမိလျက် ဘယ်လိုများ အကုခံအောင် လုပ်ရပါမလဲသာ စိတ်ကူးလာလေသည်။ ဆရာမှာ အေးစက်စက်နှင့် အားမရလို အားမရဖြစ်မိလာသည်။ ဆေးရုံတက်ကာ မေ့ဆေးပေးပြီး ခွဲစိပ်ကု၍ ပျောက်သည်ဆိုလျှင်လည်း ဟုတ်သေးသည်။ ခွဲစိပ်ကုပြီး တဖန် ပြန်ဖောင်းဖုကြီးလာသည်ကို ဆရာလည်း အသိဖြစ်သည်။

အနာလုံးမကြီးခင် ခွဲလိုက်၍ ပြန်ဖောင်းဖုကြီးလာသည် ဆိုသောဆရာဝန်၏ အကြောင်းပြချက်မှာ မခိုင်လုံလှပေ။ ခွဲစဉ်က အလုံးသေးသေး၊ ခွဲလျှင် ပြန်ကြီးလာလိမ့်မည်ကို ပိုင်ပိုင်နိုင်နိုင် ပညာဖြင့် အတတ်သိပါက မေ့ဆေးပေးပြီး ခွဲကို မခွဲစေရ၊ ကြီးအောင်သာ စောင့်ခိုင်းစေရမည်။ ယခုတော့ အနာခွဲပြီးပြန်ဖောင်းဖုကြီးလာမှ စောစောက သိပ်မကြီးခင် ခွဲလိုက်လို့ပါဟုဆိုခြင်းမှာ နှစ်ခါနာအောင် လက်တည့်စမ်း ကုသနေသောသဘောများလားဟုပင် တွက်စရာဖြစ်နေပေသည်။

ဘယ်တော့မှ ပြန်မဖုနိုင်သည့်အကုမျိုးကို ဆရာကိုယ်တိုင် လိုလိုချင်ချင်နှင့်ကုချင်အောင် ဘယ်လိုများ လုပ်ရပါ့မဘဲဟုအကြံရ ကြပ်လာသည်။

ကျမဆိုလျှင် ဆေးဆရာအမည်မခံသဖြင့် မလောက်လေး မလောက်စား ဖြစ်နေ၍ ဆရာစဉ်းစားနေဟန်ရှိသည်။ ကျေးဇူးရှင်ဆရာကြီးက ကုပေးမည်ဆိုလျှင် ကျမထက်တော့ ယုံယုံကြည်ကြည်ကုချင်လိမ့်မည်ဟု အကြံရမိသည်။ ဤသို့ တွေးကာ အိမ်သို့တန်းမပြန်နိုင်ဘဲ ဆရာကြီးအိမ်သို့ကွေ့သွားရလေသည်။

သာယာသော ညနေစောင်းဖြစ်လေသည်။ ဆရာကြီးထံသို့မရောက်သည်မှာ ကြာမြင့်နေလေပြီ။ ဆရာကြီးနှင့်တွေ့ရလျှင် ပညာစကားကို ကြားရတတ်၍ သင်ယူမှတ်သားနိုင်လေသည်။

ဆရာကြီး စကားပြောသောအခါ ယခုခေတ် နားနှင့်ထောင်လျှင် ရုတ်တရက် နားလည်နိုင်ဖို့ခက်သည်။ ရှေးသုံး ဗမာစကားကို တိတိကျကျ တည့်တည့်မတ်မတ် ပြောတတ်သည်။ ပညာစကားကို သိမ်သိမ်မွေ့မွေ့ သိပ်သိပ်သည်းသည်း ပြောဆိုသည်။ ဆရာကြီးစကားကို နာထောင်တတ်မှလည်း  ပညာတိုးနိုင်စရာ ရှိသည်။

ဆရာကြီးထံ၌ သင်ယူဆည်းပူးခဲ့သော အမျိုးသားဆေးပညာမှာ ပညာ၏လမ်းစဉ်အတိုင်း မကွေ့မကောက် မဖေါက်မပြန် မမှားမယွင်းအောင် တဖြောင့်တည်း လိုက်နာ ကျင့်သုံးနိုင်မည်ဆိုလျှင်  ဝေဒနာဆို၍ ခေါင်းကိုက်ဝေဒနာလောက်ပင် ခံစားရမည် မဟုတ်ချေ။

"ဆရာရဲ့ကျေးဇူးရှင် ဆရာ့ဆရာကြီးဟာ ဘယ်လောက်များ ကျန်းမာရေးကို ဂရုစိုက်ကြသလဲဆိုယင်ကွယ်၊ သူတို့မှာ အကျီမဝတ်ရယင် နေပေစေ မပူဘူး၊ မကျန်းမာမှာတော့ အလွန်ပူတယ်၊ ခေါင်းကိုက်နှာစေး ဝေဒနာလေးတောင် အဖြစ်မခံကြဘူး"

"မတည့်တာ စားရမှာ၊ မတည့်တာ ဖြစ်ရမှာ၊ မှားရမှာ အလွန်ကြောက်တယ်၊ သူများအိမ်ညှော့သည်လုပ်ယင် မတည့်တာနဲ့တွေ့ရင် မတည့်တာတွေ လုပ်မှာစိုးလို့ သူတို့နဲ့တည့်တဲ့အစာကို သွားလေရာ ပုခုံးနဲ့ လွယ်ယူသွားကြတယ်"



E-book is created by www.shanyoma.org

သည့်စကားကို ဆရာကြီးနှုတ်ဖျားတွင် မကြာခဏပြောဆိုလေသည်။ ဆရာကြီးကိုယ်၌ကား ကျန်းမာရေးနှင့် အဖက်ဖက်က ပြည့်စုံလှလျက် တခြားဘယ်အရေးမှ မစဉ်းစားဘဲ ကျန်းမာရေးသာ စဉ်းစားလေသည်။

တခါတရံ မလွဲမရှောင်သာ၍ မတည့်သည့်ဓာတ်နှင့်တွေ့ထိရသဖြင့် နေထိုင်မကောင်းဖြစ်လျှင် ဆရာကြီးကို အသိမခံရဲပေ။ သည်ပညာကိုပင် တခုခုမှားမိလျှင် မှား၍ ဖြစ်ကြောင်းကို ဖုံးကွယ်ထား၍ မရသောပညာကြီးဖြစ်သည်။

ပညာမှာ အစစ်ဆေးခံသော ပညာတရပ်လည်း ဖြစ်သည်။ မဟုတ်တာပြော၍ မမှန်တာကို ဖုံးဖိ၍လည်းမရ၊ မှားတာလုပ်မိလျှင်အမှားပေါ်ရသည်။ မှန်တာလုပ်နေလျှင် အမှန် ဖြစ်နေသည်။ ကိုယ်နှင့်တည့်တာ စားနေလျှင် ကေန် ဒိဋ္ဌနေထိုင်ကောင်းနေသည်။ မတည့်တာ စားမိလုပ်မိလျှင် မလွဲကေန် နေထိုင်မကောင်း ဖြစ်လာရသည်။

တည့်တာ မတည့်တာ သိမှုမှာလည်း သူများပြော၍ ဆရာပြော၍ ကိုယ်နှင့်တည့်တာ မတည့်တာ သိရပုံမျိုး မဟုတ်ဘဲ ကိုယ်တိုင်သိ (ဝါ) မိမိ၏ အတွေ့အကြုံဖြင့် သိနိုင်ရမည်ဖြစ်သော ပညာတရပ်လည်း ဖြစ်ချေသည်။

"လူတွေဟာ မျက်စေ့လည်လိုက်ကြတာကွယ်... မမာမှ တည့်တာစားရတာ မဟုတ်ဘူးကွဲ့၊ မာတုန်းကတည်းက တည့်တာ စားရတယ်..."

တည့်တာ မတည့်တာ သို့မဟုတ် ကိုယ်နှင့်အပ်တာ မအပ်တာကို ဆင်ခြင်ဉာဏ်ရှိစေရန် ရည်သန်လျက် 'အပ်ပျောက်ယင် ဆင်နဲ့ရှာ၊ ဆင်ပျောက်ရင် စကောနဲ့ရှာ'ဟု ပညာစကားဖြင့် မိန့်မြွက်တတ်လေရာ ပညာစကား ပြောလျှင်ကား သာမန်အားဖြင့် နားလည်ဘို့ ခက်ခဲသည်။

ဆရာ့ဆေးခန်းကြီးထဲတွင် လူရှင်းနေသည်။ အေးအေးဆေးဆေး ဆရာကြီးနှင့် စကားပြောခွင့်ရမည်ကို ဝမ်းသာမိသွားသည်။

ကျမက ခရီးမရောက်မဆိုက် ဆရာဇော်ဂျီ အနာအကြောင်းကို မပြောရသေးပေ။ ဟိုစကားသည်စကား ပြောယင်းမှ သတိရ၍ 'တုံးတိုရေနစ်တော့၊ သောင်စပ်လူလူးတာ၊ နာမ်နဲ့ရုပ်ဘဲ မဟုတ်လားဆရာ' ဟုကောက်မေးလိုက်သည်။

သူ၏ စူးရှထက်မြက်လှသည့်မျက်စိကို အထက်သို့ပင့်၍ တချက်ကြည့်ပြီးမှ အသာခေါင်းညိတ်လိုက်သည်။

"စာခြောက်တန်းကို အကျဉ်းချုပ် ချုံးကြည့်လိုက်စမ်းကွယ်၊ ကျဉ်းလိုက်ယင် သီတ–ဥဏှ ထွက်မလာဘူးလား၊ တည့်တာ မတည့်တာ ထွက်လာယင် ရုပ်နာမ်ပေါ်လာယင် တနင်္ဂနွေ မသိနိုင်ဘူးလား"

အခန်းထဲသို့ လူနာတယောက်ဝင်လာ၍ ဆရာကြီး စကားပြတ်သွားစဉ် ကျမလည်း စာခြောက်တန်းကို တွေးဆကာ ဓာတ်သဘောကို စိတ်ဝင်စားနေလေသည်။

ဗမာ့ဓာတ်ပညာသဘောကား နက်နဲမှန်ကန်လှပေ၏။ လောကဓာတ်ပညာ ဓါတုဗေဒနှင့်

E-book is created by www.shanyoma.org

ခက်ခက်ခဲခဲ စမ်းသပ်ရမည့်အချက်များကို ဗမာ့ဓာတ်ပညာနှင့် အလွယ်တကူ သိမြင်နိုင်သည်။

အိမ်ရှိ ငါးပိအိုးတွင် ဒီရေတက်လာချိန်၌ ငါးပိအိုးတွင် အလိုလို ငံပြာရည်လျှံကာ ဒီရေကျသွားလျှင် ငါးပိအိုးတွင် ရေများကျသွားသည်ကို ဗမာတိုင်းလိုလိုပင် သိကြသည်။

ဘူးစင်တွင် နွားရိုးများကို ဆွဲပေးလျှင် ဘူးသီးများများ သီးသည်ကို ဗမာတိုးလိုလိုပင် သိကြသည်။ နောက်နောက်က ငါးပိရေလျှံတာ နွားရိုးဆွဲ၍ ဘူးသီးသီးတာသာ သိခဲ့သည်၊ ဘာဖြစ်လို့မှန်း မသိခဲ့။

ရေတက်လျှင် ဘာကြောင့် ငါးပိအိုး ရေတက်လာသည်။ ရေကျလျှင် ဘာကြောင့် ငါးပိအိုး ရေပြန်ကျသွားသည်ကို မည်သည့်ဓာတုဗေဒနှင့် စမ်းသပ်ကြည့်မည်နည်း။

နွားရိုးဆွဲလျှင် ဘူးသီးများများ သီးစေသည်ကို မည်သည့်ဓာတုဗေဒနှင့်စမ်းသပ်မည်နည်း။

ရေတက်သည်နှင့် ဘယ်လိုအကြောင်းကြောင့် ငါးပိအိုး ရေလျှံလာသည်။ နွားရိုးဆွဲသည်နှင့် ဘယ်လိုအကြောင်းကြောင့် ဘူးသီးများများ သီးသည်ကို ဗမာ့ဓာတ်ပညာ ဓာတုဗေဒဖြင့် အကြောင်းရင်း ဇစ်မြစ်အဖြေကို သိမြင်နိုင်သည်။

အမျိုးသားဆေးပညာတွင် ဓာတ်သဘောမှာ အဓိကအချက်အချာဖြစ်၍ ပညာကို ဆည်းပူးစဉ်အခါက ဓာတ်တွေကို ကိုယ်တိုင်စမ်းသပ်ခဲ့ရလေသည်။

မိမိလေ့လာသည့်ပညာကို စမ်းသပ်လို၍ ရှောက်ပင်တပင်ကို သေသွားရန် ဝါးထောက်ပေးလိုက်သည်။ ဝါးထောက်ထားသည်နှင့်ရှောက်ပင်မှာ ညှိုးကျ၍ မကြာခင်သေသွားတော့သည်။

ရှောက်ပင်နှင့်ဝါးသဘော၊ ဘူးပင်နှင့်နွားရိုးသဘော၊ ဘာကြောင့်သေသည်၊ ဘာကြောင့်သီးသည်ကို ပညာဖြင့် လက်တွေ့အဖြေကို ရှာယူယင်း တစတစ ပညာဉာဏ်မျက်စိ ပွင့်လင်းလာရသည်။

''ငှက်ပျောပင်ကို သေအောင် သတ်လိုက်စမ်းကွယ်''ဟုဆရာကြီးက ခိုင်းလိုက်လျှင် ငှက်ပျောပင်နှင့် မတည့်သည့်ဓာတ်ကို ဆေးပညာဖြင့် တွေးဆကာ လက်တွေ့သတ်ကြည့်လိုက်သည်။ အပင်ဝါ၍ ညှိုးစပြုလျှင် ဆရာကြီးက ငှက်ပျောပင်ကို ကိုယ်တိုင်လာကြည့်ကာ ကျေနပ်သည့်မျက်နှာထားဖြင့် ''ကိုင်း...ရှင်အောင်ပြန်လုပ်စမ်း''ဟုခိုင်းပြန်သည်။

ကျမလည်း ငှက်ပျောပင် ပြန်ရှင်အောင် ပညာဖြင့် လက်တွေ့ ငှက်ပျောပင်နှင့် တည့်သည့်ဓာတ်တခုကို ရွေးကာ ရှင်လန်းလာအောင် လုပ်ပြရသည်။

ဤသို့လျှင် တမျိုးပြီးတမျိုး အခွင့်သင့်တိုင်း အလျှင်းသင့်တိုင်း ဓာတ်တွေကို ကိုယ်တိုင်လက်တွေ့စမ်းသပ်ကာ မိမိစမ်းသပ်အောင်မြင်သမျှ နေ့စဉ်မှတ်တမ်းထဲတွင် ရေးမှတ်ထားခဲ့ရာ စာဘတ်သူတို့အား အနည်းငယ် ကောက်နှုတ်ဖော်ပြလိုက်ပေသည်။

ဘဲတအုပ်ကြီး ဆူညံစွာ အော်နေ၍ အသံတိတ်သွားအောင် ပြာပက်လိုက်သည်။

ကြွေအရေပျော်အောင် သံပုရာနှင့်စိမ်ကြည့်သည်။ အုန်းပင်သေအောင် ထုံးသုတ်သည်။



E-book is created by www.shanyoma.org

ဝေဝေဆာဆာ ပွင့်ဖူးနေသော စပယ်ခင်းကို သေကုန်အောင် ဝါးညှပ်၊ ဝါးထောက်၊ ဝါးကပ်ပေးလိုက်သည်။

အသန်နေ့းသော နှင်းဆီပန်းများကို သန်စွမ်းဖူးပွင့်လာအောင် ဝါးညှပ် ဝါးထောက် ဝါးကပ်ပေးလိုက်သည်။

ကြွေပန်းကန်များ အလိုလို အက်ကွဲအောင် မြေကြီးထဲ ထည့်ကာ မြေပြန်ဖို့ထားသည်။

အသီးများစွာ သီးသော မာလာကာပင်ကို ရွေးမှတ်၍ မသီးတော့အောင် လူတက်ခိုင်းသည်။ ခရမ်းပင်တွေ ရှင်အောင် ခဲပုံပေသည်။

မိချောင်းသား နနွင်းနှင့် ထိကြည့်၍ အရေဖြစ်သည်။

ပိန္နဲပင်တွင် အသီးများပြွတ်ခဲနေသည်ကို အင်သား ထောက်ပေး၍ အပင်မှ အသီးတွေ ကြွေကျလာကုန်သည်။

ဇီးချိုပင်တွင် ဇီးသီးများ ချဉ်ကုန်စေအောင် သစ်ပင်အောက်တွင် မီးထည့်လိုက်သည်။

ကျွဲနို့ချက်ထဲတွင် ကွမ်းသီးစိပ်ကလေး ထည့်၍ မချဉ်အောင် ထားသည်။

အသားစိမ်းများ မပုပ်အောင် ယမ်းစိမ်းပက်သည်။ ဓါတ်ကို မည်သည့်နေရာ မည်သည့် အခါတွင် မည်သို့မည်ပုံ စမ်းသပ်ခဲ့ပုံ စိတ်ဝင်ဝင်စားစွာ အမျိုးမျိုးအဖုံဖုံ အကျယ်တဝင့်ကြီး ရေးမှတ်၍ ထားလေသည်။

ဓါတ်သဘောပေါက်သွား၍ တည့်တာ မတည့်တာ သိလျှင် လူမမာကို တည့်သည့်ဓါတ်ဖြင့် ချက်ချင်း လူကောင်းဖြစ်လာအောင် လုပ်ဖို့ရာ မခက်တော့ပေ။ လူကောင်းတယောက်ကို လူမမာဖြစ်သွားအောင် မတည့်တာနှင့် လုပ်ရန်လည်း မခက်တော့ပေ။ လူမမာကို ရောဂါတိုးအောင်၊ ရောဂါကျအောင်၊ သေအောင်၊ ရှင်အောင်လုပ်နိုင်သည့် ထက်မြက်သော အစွမ်းသတ္တိကြီးမှားလှ၍ မသူတော်တို့လက်ထဲတွင် ဤပညာတတ်သိချေက လှည့်စားနိုင်သည်။

အမြော်အမြင်ကြီးမား တတ်သိလိမ္မာသော ရှေးဆရာ့ဆရာကြီးများသည် ပညာကို အကျဉ်းချုပ်၍ အတိုကောက် ရုပ်နာမ် ဖျောက်ကာ တနင်္ဂနွေမြှုပ်၍ စာခြောက်တန်းဖြင့် ထားခဲ့ခြင်းဖြစ်လေတော့သည်။

"အရိုင်းခေါင်းသောက်၊ လူမိုက်စိတ်တို...သတဲ့ကွဲ့ စဉ်းစားပေတော့"

ပညာသင်စဉ်က သည်လိုစကားမျိုး နားမထောင်တတ်။ ဆေးပညာသင်ပေးနေသော ဆရာ့စကားကို အဓိပ္ပာယ် နားမလည်နိုင်သဖြင့် သည်လို ထက်မြက်လှသည့်ဆေးပညာရပ်ကြီးကို သည်လောက် လျှို့ဝှက်နေကြ၍သာ မထွန်းကားရ၊ မပြန့်ပွားရ၊ တိမ်မြုပ်ရသည်ဟုစိတ်ထဲက အပြစ် ဖို့မိသည်။

ရှေးက ဆရာတွေ ပညာရှိတွေဟာ သူတို့ပညာကို သိပ်လျှို့ဝှက်တာဘဲ၊ ဒါကြောင့် ပညာကြီး တိမ်မြုပ်ရတာ။

ကျမ၏ နှုတ်မှ ရှေးပညာရှိများကို အပြစ်တင်စကား ပြောဆိုလိုက်သောအခါ ဆရာကြီး

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

က လေးလေးနက်နက် ပြုံး၍ ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ‘ပညာရှိတွေက လျှို့ဝှက်တာ မဟုတ်ဘူးကွဲ့၊ သွားအပြစ်မတင်နဲ့ ကိုယ် ပညာမမှီတာ၊ ကိုယ်က ဉာဏ်မမှီတိုင်း အပြစ်တင်ယင် မှားမှာပေါ့။ သူ့ခေတ်နဲ့သူတုန်းကလည်း နားလည်ကြတယ် ဉာဏ်နဲ့တွေးခေါ် စဉ်းစားမှပေါ့’ဟု ဆိုးမနေလေသည်။

“ဥပမာကွယ် အခုခေတ်မှာ ဖ–ဆ–ပ–လ လို့ခေါ်ကြတယ် မဟုတ်လား အဓိပ္ပာယ်က ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးဆို မဟုတ်လား၊ နောက် အနှစ်တရာလောက်ကြယင် သည် ဖ–ဆ–ပလကို ဘာအဓိပ္ပာယ်ဆိုဒါ လူတိုင်း နားလည်ပါ့အုံးမလား ကိုယ်ဉာဏ်မမှီတိုင်း အပြစ်မတင်နဲ့ အရှိုင်းခေါင်သောက် လူမိုက်စိတ်တို ဒါကို အဓိပ္ပါယ်ပေါ်အောင် စဉ်းစားပေတော့’ဆို၍ ဘာအဓိပ္ပာယ်မှန်း အဖြေပေါ်အောင် စဉ်းစားအားထုတ်ရသည်မှာ နှစ်ညသုံးညပင် ဆက်၍ မိုးလင်းသွားအောင် အဖြေကို ရှာယူရသည်။

ဓာတ်သဘောကို သိမြင်ကျွမ်းကျင်ကာ တည့်တာ မတည့်တာ ပိုင်ပိုင်နိုင်နိုင် နားလည်လာတော့မှပင် ကျန်းမာရေးကို ပြုပြင်နိုင်စွမ်း ရှိလာသည်။

ဓာတ်များကို စမ်းသပ်၍ အောင်မြင်သည့်အခါ၌ ကျေးဇူးရှင်ဆရာကြီး၏ ကျေးဇူးဖြင့် ပညာ၏ အရင်းအမြစ်ဖြစ်သော ပုဂ္ဂလပညာတ်ဓာတ်ကျမ်းကို လေ့လာရသည်။

ကျမလည်း ဆရာကြီးရှေ့တွင် ထိုင်ကာ စိန်–ကံ့–ဟင်းရှိုင်းပြဒါးစသည့်ဓါတ်များ၏ အစွမ်းကို တွေးငေးနေယင်း အခန်းထဲမှ လူနာထွက်သွား၍ ‘ဗမာ့ဆေးပညာက သင်ညာ မဟုတ်ဘူးဆရာ ပညာ’ဟု ညည်းဆိုလိုက်သည်။

“ပညာပေါ့ကွဲ့ အနာတခုဖြစ်လာယင် တခြားဆေးကုနည်းဖြစ်လာတဲ့အနာကို ခွဲလိုက်ခွဲ စိပ်လိုက်တာဘဲ သည်အနာ ဘယ်လိုကြောင့် ဖြစ်လာသလဲဆိုတဲ့ အနာရဲ့ဇာစ်မြစ်ကို အတိအကျ မလိုက်နိုင်ဘူး”

ရောဂါမှာလဲ ဒီလိုဘဲ၊ မျက်စိဖြစ် မျက်စိကုပေးလိုက်တာဘဲ၊ နားဖြစ် နားကုပေးလိုက်တာဘဲ၊ သွားဖြစ် သွားကုပေးလိုက်တာဘဲ။

“ဆရာကြီးဆီ၊ ကျမ ဒီနေ့လာခဲ့တာ အနာတနာနဲ့ပတ်သက်ပြီး လာခဲ့တာပါဆရာ ကောလိပ်ကျောင်းက ဆရာကြီးဦးသိန်းဟန်ရဲ့အနာပါ၊ မျက်နှာမှာ မြင်းဖုကြီးဖြစ်နေပါတယ်၊ ဆရာကြီး ကုပေးမှ ဖြစ်လိမ့်မယ်”

“ဘာဖြစ်လို့လဲ မမလေး ကုပေးလိုက်ပါလား ပျောက်မှ ပျောက်ပဲ့မလားလို့ လက်တည့်စမ်း ကုရတာမှ မဟုတ်ဘဲ၊ ကိုယ့်ဟာကိုယ် ကုပေါ့”

ဆရာကြီးကလည်း မမလေးကုဟုဆိုနေသည်။ ကုသပေးရမည့် ဆရာဇော်ဂျီကလည်း ကျမအား ဆရာဟု အသိအမှတ်မပြုချင်၍ ခက်နေတော့သည်။

“ကျမ ကုလို့မဖြစ်ပါဘူးဆရာကြီးရယ်၊ ဆရာကြီး ကုပေးဘို့ကျွန်မတောင်းပန်ပါရစေ ကျမဆိုတော့...”

အဆက်ရ ခက်သလို ငြိမ်နေလိုက်စဉ် ဆရာကြီးက ထောက်ပေးသည်။

"ဆရာတပည့်လို့ဖြစ်နေလို့ပါ"ဟုဆက်ပြောလိုက်ရသည်။

"သူက ဗမာ့ဆေးပညာကို လေးလေးစားစား ရှိသလား..."

"ဗမာဆန်ပါတယ်၊ ခေတ်ပညာတတ်ပေမဲ့၊ ဗမာ့ယဉ်ကျေးမှုအရပ်ရပ်ကို ရှေ့ဆောင်နေတဲ့ပုဂ္ဂိုလ်တယောက်ဖြစ်ပါတယ်။ ဗမာ့ပညာတွေကို အထင်မသေးတတ်ပါဘူး"

"မမလေး အကုရခက်လို့ရှိယင်လဲ၊ ဆရာ့ဆီ လွှတ်လိုက်လေ"

ဆရာကြီးက ရှော့ရှော့ရှူးရှူး လိုက်လျောလိုက်၍ ဝမ်းမြောက်ဝမ်းသာနှင့် အိမ်သို့ပြန်သွားရလေသည်။

အလုပ်ကိစ္စများ မအားလပ်နိုင်၍ ဆရာဇော်ဂျီနှင့်အမြန်ဆုံးတွေ့ရန် နှောင့်နှေးနေသည်။ တနေ့တွင် အချိန်ရသဖြင့် ဆရာဇော်ဂျီအိမ်သို့ ထွက်သွားလေသည်။

ဆရာ့အိမ်ထဲတွင် ထိုင်နေသည့်တချိန်လုံး ဆရာကြီးနှင့်ကုသရန် ဆရာ့ကို အတင်းမရမက တိုက်တွန်းနေရလေသည်။

ဆေးပညာဆည်းပူးစအခါက ဆရာကြီး ဆုံးမဘူးလေသည်။ ဆရာများ မပင့်ဘဲနှင့် လူနာမအပ်ဘဲနှင့် ဆေးမကုရကြောင်း သွန်သင်ဆုံးမဘူးသည်။ ဆရာဇီဝကပင် သူ့ကိုမပင့်၍ ဝေဒနာကို မကုနိုင်ဖြစ်ကာ သေဆုံးရပုံထုံးများ ခဏခဏ အမိန့်ရှိလေသည်။

ဆရာများ၏ ကျင့်ဝတ်ကို ရိုသေလေးစားဖို့ရာထက် ဆရာဇော်ဂျီဝေဒနာမြန်မြန်ချမ်းသာရေးကို ဇောဘကြီးနေလေသည်။

"သွားပါဆရာရယ် ဆရာကြီးဆီ ဆက်ဆက်သွားဖြစ်အောင် သွားပါ၊ ဆရာကြီးကို ကျမပြောထားပြီးပါပြီ၊ ပျောက်ပါ့စေမယ်ဆရာရယ် သွားပါ"

ဆရာ့အိမ်မှထ၍အပြန် ကားပေါ်သို့ တက်ထိုင်၍ ကားမထွက်ခင်အထိ တတွတ်တွတ် မနားတမ်း နားပူလောက်အောင် တောင်းပန်ခဲ့ရလေသည်။

မကြာခင် ဆရာနှင့် ဆုံကြပြန်သည်။

"မသွားသေးဘူးလား ဆရာရယ်"ဟု မြင်မြင်ချင်း ဆီးပြောလိုက်သည်။

"အေးကွယ် ဆရာသွားမလို့ပါဘဲ၊ အလုပ်တွေ မအားတတ်သေးလို့ပါ။ သွားမယ်၊ သွားမယ်"ဟုအားနာပါးနာ ပြန်ပြောလေသည်။

ယခုတခါမှ ကျမကို တကယ်ပင် အားနာသွားလေတော့သည်။ ဆရာနှင့်ကျမမှာ ဆရာကြီးရှေ့မှောက်သို့ ရောက်၍ နေကြပေပြီ။

"မျက်စိနဲ့မြင်တဲ့ဖုကို ကုလို့တော့ ပြန်ဖေါင်းလာအုံးမှာဘဲ၊ သည်ဖုကြီးဘယ်က လာတယ်ဆိုတာ သတိမှပျောက်ပေတော့မပေါ့"

ဆရာကြီးသည် မီးခြစ်ဆန်၏ အဖျားကလေးကို မားနှင့်ချွန်နေယင်း ဆရာဇော်ဂျီအားလှမ်းပြောနေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အဖျားချွန်ပြီးသော မီးဖြစ်ဆံနှင့် ပုလင်းငယ်ကလေးထဲမှ ဆေးတို့ကိုလျက် ဆရာဇော်ဂျီနားသို့ ထလာကာ မြင်းဖုကို သုံးကြိမ်တို့ပေးပြီး ဂွမ်းကပ်ပေးလိုက်သည်။

"နောက် သုံးလေးရက်လောက် ကြာယင် လာခဲ့ပါ၊ ဖုချင်လို့တောင် မဖုရတော့ပါဘူး။ ဟောဒီ ဓာတ်စာ စာရွက်ထဲမှာပါတဲ့အတိုင်း စားပါ"

ဆရာကြီးက ဦးသိန်းဟန်နှင့် တည့်သောဓာတ်စာကို ရေးပေးလေသည်။

ဓာတ်စာ စာရွက် လှမ်းပေးယင်း...

"ဦးသိန်းဟန် မြင်းဖုဘဲ ပေါက်သည်ဖြစ်စေ၊ ခါးဘဲ နာသည်ဖြစ်စေ၊ ဖျားဘဲ ဖျားသည်ဖြစ်စေ၊ ဘာနာဘဲဖြစ်ဖြစ် ဝေဒနာလို့ ခေါ်ပေသည်၊ သည်ဝေဒနာဟာ မြင်းခြံ၊ ပခုက္ကူက လှေငယ်တစင်းနဲ့လာပြီး ဆရာကြီးတို့ အဒေါ်ကြီးတို့ ဖုထွက်လာပါရစေ၊ ခါးနာပါရစေ၊ ချောင်းဆိုးပါရစေ၊ အဆုပ်ထဲ ရေဝင်ပါရစေ လှေပေါ် ကဆင်းလာပြီး လာတတ်တာ မဟုတ်ပါဘူး၊ တိုတိုပြောရယင် ဗိုက်ထဲက လာတာ"ဟု ပြောလေသည်။

ဆရာနှင့်ကျမမှာ ဆရာကြီးပြောသောစကားများကို စိုက်၍ နားထောင်နေကြသည်။ ဝေဒနာဆိုသည်မှာ သူ့အလိုလိုဖြစ်ခြင်းမျိုး မဟုတ်ဘဲ မတည့်တာကို စားမိ၍ ဖြစ်ရကြောင်းကို အရိပ်အငွေ့ ရှင်းပြောနေလေသည်။

"ခုလူတွေဟာ ရှေးကလူတွေလို မဟုတ်ဘူး၊ များသောအားဖြင့် မမာတော့မှ ဆရာရှာကြတယ်၊ ဘယ်မှာရှုတ်တရက် ဆရာကောင်းရမလဲ၊ ကျန်းမာနေတဲ့အခါက မိမိရဲ့အသက်ကိုအပ်ဖို့ ဆရာသမားရှာထားရတယ်၊ သည်တော့မှ စိတ်တိုင်းကျ ဆရာသမားကောင်း ရတော့မပေါ့"

ဆရာဇော်ဂျီက ခေါင်းကိုညိတ်ကာ "မှန်ပါတယ်..."ဟု ပြောလေသည်။

"ခွဲ–စိပ်–အပ်နဲ့ထိုးတာတွေ ခေတ်မှီတယ် ထင်နေကြတယ်။ ရှေးသမတမင်းလက်ထက်က သစ္စာဆို၍ပျောက်စေသတည်း...ဆိုတာနဲ့ အနာရောဂါပျောက်တယ်၊ သတ္တဝါတွေ စရိုက်ကြမ်းတမ်းလာတဲ့ခေတ် ရောက်တော့ သစ္စာဆိုလို့မရဘူး၊ အနာရောဂါဖြစ်ယင် အမှုန့်တွေ ထုထောင်းသောက်ကြရ၊ စားကြရတယ်၊ နောက် ဘုရားမှန်း တရားမှန်းမသိ၊ မိဘဆရာ ကျေးဇူးရှင်မှန်းမသိ မိုက်မဲကြမ်းတမ်းလာပြန်တော့ အပ်နဲ့ထိုး၊ ဓားနဲ့ခွဲရတယ်၊ ဒါကို ခေတ်မှီတယ်လို့ဆိုကြတယ်။

ကျမတို့ နားထောင်ယင်း ပြုံးနေကြတယ်။

"နောက် သည်ထက် စရိုက်ကြမ်းလာကြယင် ဓါးနဲ့ခွဲလို့မရဘဲ အမြောက်နဲ့ပစ်ကုရလိမ့်မယ်ထင်တယ်"

ကျမတို့လည်း ရယ်ရယ်မောမောဖြင့် ဆရာကြီးထံမှ ထပြန်ခဲ့ကြသည်။

အလုပ်အားလပ်သည့်နေ့တနေ့တွင် ဆရာဇော်ဂျီသတင်းမေးရန် ဆရာကြီးထံသို့ ကျမရောက်သွားလေသည်။

"ဆရာဇော်ဂျီ လာပါသလား..."ဟု ကျမက မေးကြည့်သည်။

"ချိန်းတဲ့ရက်မှာ လာတယ်...သူတယောက်ထဲ မဟုတ်ဘူး၊ စာရေးဆရာမင်းသုဝဏ်လဲ

လိုက်လာတယ်၊ ကပ်ထားတဲ့ဂွမ်းကို ခွါပြီး ဖုကို ယူပစ်လိုက်ပြီ''

''ချုပ်သွားပြီလားဆရာ''ဟု ကျမက ဝမ်းသာအားရ မေးလိုက်သည်။

''ချောသွားပြီ အနာပေါက်ကလေးကို ဆရာဖွင့်ထားပေးလိုက်သေးတယ် မပိတ်သေးဘူး လာခဲ့အုံးလို့ မှာလိုက်တယ်၊ နောက်တခါလာမှ ပိတ်ပေးလိုက်မယ်''

''ဘာပြောသွားသေးသလဲ''

''ဆရာဇော်ဂျီက မေးတယ်ကွဲ့... မြန်မာဆေးဆရာတွေဟာ တယောက်နဲ့တယောက် မတူဘူး၊ ကျမ်းတွေကလဲ ကွဲပြားနေတာ ဘယ်လိုပါလဲတဲ့...''

ဆရာကြီးက ငြိမ်နေ၍ 'ဆရာက ဘယ်လိုဖြေလိုက်ပါသလဲ'ဟုဆရာ၏ အဖြေကို ကြားချင်၍ ထပ်မေးရလေသည်။

''ဆေးကျမ်းတွေဟာ ဘယ်ဆေးကျမ်းကြည့်ကြည့် တေဇောတလုံးသာ အဓိကထားရေးနေတာပါ၊ သင်တဲ့ဆရာက ဆရာ့ထံမှ သေသေချာချာ နည်းခံမသင်ဘဲ ဘုရားဈေးက စာအုပ်ကို ဝယ်ကြည့်ပြီး သူမှီတာ သူပြောလို့ကွဲနေကြတာပေါ့၊ တေဇောတလုံးကို သေသေချာချာသိယင် ငြင်းစရာ–ခုံစရာ ရှိအုံးမလား၊ အချင်းချင်း ငြင်းခုံပြောဆိုနေကြတဲ့တချို့ဆရာတွေဟာ တေဇောမပြောနဲ့ ပူတာတောင် ဘယ်ကပူလာမှန်း သိမှာမဟုတ်ဘူး၊ (အ)ရယ် (၁) ရယ်၊ တနင်္ဂနွေရယ်၊ တမျိုးစီ ထင်နေကြတယ်၊ အားလုံးပေါင်းလိုက်ရင် တမျိုးထဲ မဟုတ်လား၊ တမျိုးစီ ထင်နေသမျှတော့ အိမ်တိုင်း လူမမာရှိပြီး စောင်ခြုံကလေးနဲ့ အသက်တိုကြမှာဘဲ''

''ဆရာသမားဆီမှာ မသင်ကြားရဘဲ ဟိုနည်းသည်နည်း ကိုယ့်ဘာသာကိုယ် လိုက်ပြီး လက်တဲ့စမ်း ဆေးဖေါ်ကုကြတဲ့ဆရာယောင် ဆရာတုတွေကြောင့် ဗမာဆရာတွေ နံမည်ပျက်ကုန်တာပါ၊ ဗမာ့ဆေးကျောင်းကြီးဖွင့်ပြီး ဆေးတက္ကသိုလ်နဲ့ တကယ်တတ်သိတဲ့သမားတော်ကြီးတွေနဲ့ ကျကျနနသင်ကြားပေးယင် ဗမာ့ဆေးပညာဟာ တစနစ်ထဲ တမူထဲ ပေါ်လာရမှာဆရာ''

ကျမမှာ ဆေးတက္ကသိုလ်ကြီး ရှိချင်ဇောဖြင့် ဆရာအား အားတိုက်သရောပြောဆိုလိုက်သည်။

''ဆရာ မကြာသေးခင်က မြို့တမြို့ရောက်သွားတယ်၊ ဆရာနဲ့သိတဲ့လူတွေ စကား လာပြောကြတဲ့အခါတွေမှာ ဆရာနှစ်ယောက်လဲပါတော့ ဆရာက မေးကြည့်တယ်တဲ့၊ ဆရာတို့ ဘာစာအုပ် ဘယ်ဆေးကျမ်းမှာ အားထားကုပါသလဲမေးတော့ နှစ်ယောက်စလုံးက တောင်သာကုကြောင်းပြောတယ်။

''နေရာကျလိုက်တာ တောင်သာဆိုတာ စာအုပ်နာမည်လား၊ ရွာနာမည်လားလို့ ဆရာမေးတော့ တယောက်ဆရာက တောင်သာဆိုတာ ရွာနာမည်တဲ့၊ တယောက်ဆရာက ဘယ်ရွာနာမည်ဟုတ်ရမှာ တောင်သာဆိုတာ စာအုပ်နာမည်ဗျ''လို့ပြောတော့ ဆရာက ''ခင်ဗျားစာအုပ်နာမည်အဓိပ္ပာယ် ဘယ်လိုရှိပါသလဲ''လို့မေးကြည့်ပြန်တယ်။

''တောင်သာဆိုတာ အားလုံးဆရာတွေထက် တောင်ကြီးလို မြင့်မောက်သာလွန်းလို့



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တောင်သာလို့မှည့်တာပါ''လို့ပြန်ဖြေတယ်။

ကျမမှာ ရယ်နေရသည်။

''ကိုင်း... ဆရာနဲ့မမလေးနဲ့ပေါင်းပြီး ရေး ဘိတ် ထားဝယ်က တောင်ကြီးလိုမြင့်အောင် ကုနိုင်တဲ့ဆရာနှစ်ယောက် တောင်သာလို့ နာမည်ပေးယင် မကောင်းဘူးလား''

ကျမလည်း အတောမသတ်နိုင်အောင် ရယ်ကာနေတော့သည်။ ဆရာလဲ ဦးသိန်းဟန်နဲ့ မင်းသုဝဏ်တို့ကို အနည်းအပါး ရှင်းလင်းတော့ ပြောလိုက်ပါရဲ့ လောကုတ္တရာမှာလဲ တခုတည်း သောတရားနဲ့ ကိစ္စပြီးနိုင်ပါတယ်၊ ကိုယ်က မမှီလို့တောင် တောင်ကျောင်းသွား မြောက်ကျောင်း သွားရတာပါ။ သရေရှစ်လုံး ဗျည်းသုံးဆယ့်သုံးပေါင်း ဝဏ္ဏ ၄၁ လုံးလို့ခေါ်တယ်၊ လောကုတ္တရာ မှာလဲ သည် ဝဏ္ဏ ၄၁ လုံးက လွှတ်ပြီး မရေးနိုင်ပါဘူး။ လောကီကျမ်းတွေမှာလဲ သည်ဝဏ္ဏ လေး ဆယ့်တလုံးက လွှတ်ပြီး မရေးနိုင်ပါပေဘူး''

''ဗေဒင်ဆရာ၊ ပရောဂဆရာ၊ ဆေးဆရာ၊ မာတ်ဆရာ၊ အသံတွေ မကွဲလွဲဘူးလား''

ကျမက ကွဲလွဲကြောင်း ''ဟုတ်ကဲ့ဆရာ'' ဟု ဆိုလိုက်သည်။

''ဘယ်လိုကွဲကွဲ နေ့ (၇) နေ့ကလွဲပြီး ဘယ်သူက ဘာလုပ်နိုင်မှာလဲ၊ နေ့(၇)နေ့ကို အကျဉ်း ချုပ်လိုက်ယင် အေးတာ ပူတာဘဲ ရှိတယ်၊ အေးတာ ပူတာကို တခါထပ် အကျဉ်းချုပ်ရင် တေဇော တလုံးဘဲ ရှိတယ်မဟုတ်လား''

ကျမမှာ အမျိုးသား ဆေးပညာစခန်းကို လေးလေးနက်နက် တွေးဆကာ ငေးနေမိ သည်။

''မမလေးကော ဘယ်လိုတုန်း၊ ဗမာဆေးပညာ မြှင့်တင်ချင်တယ် ပြောပြောနေတယ်၊ အလုပ်နဲ့ပြမှပေါ့ ခုဘဲ ကြည့်ပါအုံး၊ ကိုယ် ဆေးကုပေးချင်တာ ကုနိုင်ရက်သားနဲ့ ကိုယ်တိုင်မကုနိုင် ဘဲ ဆရာ့ဆီခေါ်ရတာ ဘယ်လောက် ခရီးရှည်ဝေးသလဲ''

ကျမလည်း ဆရာဇော်ဂျီ၏ မြင်းဖုကို ပျောက်ကင်းအောင် လုပ်ရသော ကိုယ်တိုင် အခက် အခဲကို စဉ်းစားလျက် ဆရာကြီးရှေ့တွင် ပြုံးနေရလေတော့သတည်း။

E-book is created by www.shanyoma.org

ဗမာ့ဆေးပညာသည် ကုဋ္ဌနူနာကို အခြားနိုင်ငံ

များထက် အောက်မကျဘဲ အစွမ်းထက်မြက်စွာ

သဲလဲစင်ပျောက်ကင်းအောင်

ကုသပေးနိုင်ပေသည်။

E-book is created by www.shanyoma.org

# ဥဒေါင်းကြင်ဖော် ဇင်ယော်လင်းသက်

ဇန္နဝါရီလ၊ ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်းတွင် "တီဘီလား" ဟူသော ဆောင်းပါးနှင့်အမျိုးသားဆေးပညာ ဆောင်းပါးနှစ်ပုဒ် ရေးလိုက်မိသည်။

ထိုဆောင်းပါးနှစ်ပုဒ် ရေးမိ၍ အရပ်ရပ် အနယ်နယ်က ရောဂါသည်များထံမှ ရောဂါဝေဒနာကို ဖော်ပြကာ ကုသပေးရန် နေ့စဉ်ဆိုသလိုပင် စာများ ရောက်လာလေ၏။

ကျမမှာ ဂန္ထဝင်ဂျာနယ်ကို ထုတ်ဝေရန် ပုံနှိပ်စက်ကြီး မရှိသေး၍ စာဖေါင်များကို စီကာ အခြားပုံနှိပ်စက်တွင် သွားရောက်ရိုက်နှိပ်နေရသောကြောင့် နေ့မအား ညမအား အလုပ်များ လျက်ရှိနေသည်။

ကျမထံသို့ တိုက်ရိုက်သော်၎င်း သို့မဟုတ် သွေးသောက်မှတဆင့်သော်၎င်း နေ့စဉ်မပြတ် တဖွဲဖွဲရောက်နေသောစာအိတ်များကိုဖွင့်ဖေါက်ကာ မည်သူ့ထံမှ၊ မည်သည့်ရောဂါစသည်လောက်သာ ကဗျာကသီ စာဖတ်ကြည့်လိုက်ပြီး ဖိုင်တဖိုင် သီးခြားဖွင့်လျက် ဖိုင်ထဲသို့သာ ညှပ်သွင်းထားလိုက်ရသည်။

အနယ်နယ်က ပေးပို့လိုက်သောစာများမှာ များသောအားဖြင့် စာပြန်ရန် စာအိတ်ခေါင်းပါ တပါတည်း ထည့်ပေးကြလေသည်။

စာပြန်ရန် စိတ်စေတနာရှိလျက် အချိန်မရ၍ ရုတ်တရက် မပြန်ကြားဘဲရှိကာ တနေ့နေ့တော့ စုပြန်မှဟု အောင့်မေ့ထားရာ ဖိုင်တွဲကြီးမှာ တဖြေးဖြေး မို့မောက်၍သာလာတော့သည်။

ဂန္ထဝင်ဂျာနယ်အမှတ် ၁ ထွက်သွားနိုင်ရေးအတွက် လုံးပမ်းခဲ့သည်မှာ စာပုံနှိပ်တိုက်လုပ်ငန်း၊ စာပေထုတ်ဝေရေးလုပ်ငန်းကို မလုပ်ချင်လောက်သည့်အထိ ဖြစ်ခဲ့၏။ ကျမနေသောအိမ်နှင့် အလုပ်တိုက်မှာ ငါးမိုင်ခန့်ဝေးလေသည်။ နံနက် အိမ်မှ ခုနစ်နာရီလောက် ထွက်ခဲ့ကာ တနေ့လုံး တိုက်တွင် အလုပ်များကုန်းလုပ်နေရသည်။ ညနေစောင်းလျှင် သူသူငါငါ အလုပ်မှ အိမ်သို့ ပြန်ကြသလို ကျမလည်း ပြန်ချင်လာသည်။

ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကား အချိန်ကန့်သတ်ထား၍ရသော လုပ်ငန်းမျိုး မဟုတ်ပေ။ ပန်းချီဆရာနှောင့်နှေးနေယင်သော်၎င်း၊ စာတစောင်ဖေါင်ပြီးစီးအောင် နေ့ရယ်ညရယ် ရွေးနေ၍ မဖြစ်နိုင်ဘဲ ပြီးသည့်အချိန်အထိ ပြီးအောင် လုပ်ရလေသည်။

စာဖေါင်သွင်းပြီးချိန် ည ၁၀–နာရီဖြစ်စေ၊ ၁၁–နာရီဖြစ်စေ၊ ၁၂–နာရီဖြစ်စေ၊ ၁–ချက် ၂–ချက်ပင်ဖြစ်နေစေ မဆိုင်းဘဲ စာဖေါင်ကို စက်ပေါ်တင်ရိုက်ရန် လိုအပ်လာသည်။ စက်မရှိဘဲ ဂျာနယ်ကို ထုတ်ဝေခြင်းဖြစ်ရာ သူများစက်တွေတွင် ညကြီးသန်းခေါင် လိုက်လံတောင်းပန်ကာ ချက်ချင်း စက်ပေါ်တွင် ရိုက်ပေးပါရန် ပြောလေသည်။

ဤအခက်အခဲများကြောင့် ဂျာနယ်ကို စတင်ထုတ်ဝေစေသည်ဆိုသည်နှင့်ပင် အိမ်ကို

ညနေ အချိန်မှန်မှန် ပြန်ရသည်ရက် မရှိပေ။

ဂန္ထဝင်ဂျာနယ် မထုတ်ခင် ကျမ၏ မိတ်ဆွေ ပင်လုံဒေါ် နုယဉ်က "လုပ်ပြန်ပြီလား ဒီအလုပ်ကို၊ ဘယ်တော့ အရိုးတခြား အသာတခြား လိုက်ကောက်ရမလဲ၊ မလုပ်ပါနဲ့"ဟုတားမြစ်လေသည်။

ဤလိုသာ စားချိန်မရှိ၊ နားချိန်မရှိ၊ အိပ်ချိန်မရှိ၊ နိစ္စဓူဝ စခန်းသွားနေရမည်ဆိုလျှင် သူပြောသလို အရိုးတခြား အသားတခြား ဖြစ်နိုင်စရာရှိသဖြင့် စက်မရှိဘဲလုပ်ရသော ဤလုပ်ငန်းကို ဂျာနယ်အမှတ် ၁ မထွက်မီပင် ပင်ပန်းလွန်း၍ မလုပ်ချင်သလောက်ဖြစ်လာမိသည်။

ဂန္ထဝင်ဂျာနယ်အမှတ် ၁ မတ်လ၌ ထွက်ပြီးနောက် စက်ကြီးမရှိဘဲ မထုတ်တော့ဟု ဆုံးဖြတ်လိုက်သည်။

ဂျာနယ်ကို ဆက်မထုတ်ဘဲ ရပ်ထား၍ အားချိန်နားချိန်ရသွားသည့်အခိုက် သွေးသောက်ထဲတွင် ရေးလိုက်သော ဆောင်းပါးများကြောင့် အနားရပြန်သည်မရှိဘဲ မြို့ပေါ်က လူမမာတွေ လာခေါ်ရာ နောက်သို့ လိုက်ကာ အချိန်ကုန်နေပြန်လေသည်။

တနေ့တွင် အားလပ်၍ အလုပ်တိုက်ရှိ စားပွဲပေါ်က ဖိုင်တွဲကြီးကို သွားမျက်စိစူးမိသည်။

ဤဖိုင်တွဲထဲတွင်ရှိသည့်လူမမာဦးရေက မနည်းပေ။ ဖိုင်တွဲကို ဆွဲဖွင့်လိုက်ကာ တရွက်ပြီးတရွက် လှန်ဖတ်ကြည့်သည်။

လူတို့တွင် ထွေပြားသော ရောဂါဝေဒနာများအနက် ရှင်လျက်နှင့်သေနေရသည့်လေငန်းရောဂါနှင့်လူထဲသူထဲ မဝင်နိုင်သည့်ကုဋ္ဌနူနာရောဂါနှစ်မျိုးကို အခြားဝေဒနာများထက် သာလွန်စိတ်ပါဝင်စားခြင်း ဖြစ်သည်။

သည်လိုဝေဒနာမျိုးကို ပျောက်ကင်းချမ်းသာအောင် ကုပေးလိုက်၍ ကျမအား ဝေဒနာရှင်က အမှတ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျမတတ်သိနားလည်သော ဆေးပညာ၏ အစွမ်းကို များစွာ တန်ဘိုးထားကာ အနှစ်သိမ့်ကြီး နှစ်သိမ့်မိလေသည်။

စာတွေထဲတွင် လေငန်းနှင့် ကုဋ္ဌနူရောဂါသည်များကို ရွေးစစ်၍ မှင်နီဖြင့် ခြစ်မှတ်လိုက်ကာ လူနာဦးရေ ဘယ်နှစ်ဦးလဲဟုရေတွက်ကြည့်သည်။

ကုဋ္ဌနူနာရောဂါစွဲကပ်နေသောသူများမှာ လေငန်းရောဂါ စွဲကပ်နေသူများထက် ပိုများလေသည်။

ယောကျ်ား မိန်းမ အသီးသီး ဝေဒနာသည်များအထဲတွင် အမျိုးသမီးကလေးတယောက်မှာ ကုပေးရန် စာသာ ရေးပေးလိုက်ပြီး လိပ်စာအပြည့်အစုံ မပါလာဘဲ မင်းလှဟု မြို့နှင့်၎င်း၏ နာမည်သာ ပါလာသည်။

ကုဋ္ဌနူနာကို ပျောက်ကင်းချမ်းသာနိုင်အောင် အခြားနိုင်ငံအခြားဆေးဝါးများ တတ်စွမ်းနိုင်ကြသလို ဗမာ့ဆေးပညာမှာလည်း အခြားနိုင်ငံများထက် အောက်မကျဘဲ အစွမ်းထက်မြက်ကာ သဲလဲစင် ပျောက်ကင်းအောင် ကုပေးနိုင်ပေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျမဆေးပညာ သင်ယူဆည်းပူးစဉ်က နာတာရှည် ကိုယ်ပျက်နေသည့်ကုဋ္ဌနူနာကို ကိုယ်တိုင် လက်တွေ့ ကုသချင်လှသည့် ဆန္ဒပြင်းပြနေခိုက် ကံအားလျော်စွာပင် ဆရာကြီးထံသို့ မကြည့်ဝံ့အောင် ကိုယ်ပျက်နေသော မိန်းကလေးတဦး ရောက်လာသည်နှင့် အစမှအဆုံး ကုထုံးကုနည်း ဗဟုသုတ ကိုယ်တွေ့ ရရှိခွင့်ရှိရန် ဆရာကြီးက သင်ပြပေးလေသည်။

ထိုစဉ်က သတင်းစာဂျာနယ်တဖက်နှင့် အလုပ်မအားလပ်သည့်ကြားထဲကပင် အချိန်ကိုခိုး၍ မိန်းကလေးရှိရာသို့သာ လစ်လေသည်။ ကုနေရင်း ရောဂါထူးထွေ ပြောင်းလွဲသည့်သဘောတွေမှာ မျက်စိထဲတွင် မျက်လှည့်ပြနေသကဲ့သို့ အဆန်းတကြယ်ဖြစ်ကာ ခန္ဓာကိုယ်၌ "ဓာတ်"တွေကစားနေပုံကို အာရုံပြုရသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

နောက်ဆုံး မြွေအရေခွံ လဲလိုက်သလို ထိုမိန်းကလေး ဝေဒနာ ကျွတ်သွားသည့်အခါတွင် ကုဋ္ဌနူနာနှင့်ပတ်သက်၍ အသဲစွဲအောင် မှတ်သားမိသည့်အချက်ကား စိန်၊ ကံ့၊ ဟင်းရိုင်း၊ ပြဒါး၊ ရွှေဒင်္ဂ၊ ပုလဲစသည့် ဤအနာနှင့်သက်ဆိုင်သည့်ဓာတ်များကို ကျွေးသည့်အခါ မကျွမ်းကျင်လျှင် ရောဂါကို သူက စားတတ်ပြီး ကျွမ်းကျင်သူကို ရောဂါက စားလေပုံဖြစ်လေသည်။

အချို့ ဆေးကုမှုပိုဆိုးသွားရခြင်းတို့မှာ ဓာတ်မနိုင် ဓာတ်မသိ၍ အရိုးခိုက်အောင် တကိုယ်လုံးပြန့်နှံ့သွားကုန်ခြင်း ဖြစ်ပေသည်။

လူထဲမဝင်နိုင်သည့်ဘဝဆုံးနေသူကို လူထဲဝင်နိုင်အောင် ပို့ပြီးသည့်နောက်တွင် ကျမအဘို့ ကုဋ္ဌနူနာသည် မြင်လျှင် ဘယ်လိုများ ကုပေးချင်မှန်းမသိ သူ့အနာယူပစ်ချင်၍ စိတ်ထဲမှာ မရိုးမရွှ အထိဖြစ်ခဲ့ဘူးသည်။

ထိုကဲ့သို့ ကုဋ္ဌနူနာနှင့်ပတ်သက်၍ စိတ်ဝင်စားရသည့်အထဲ ကျမအား အထူးစိတ်ထိခိုက်၊ စိတ်ဝင်စားလောက်အောင် ဖန်တီးလိုက်သည့်အကြောင်းမှာ...

ကျမ၌ မောင်တင်ဝင်းခေါ် သော မောင်အငယ်ဆုံးတယောက်ရှိသည်။ ကျမ၏ သတင်းစာတိုက်တွင် ဓာတ်ပုံသတင်းထောက်လုပ်နေကာ လူငယ်ဘဝ ဖြုန်းလွန်း သုံးလွန်း ပေလွန်း တေလွန်း ၍ သူ့ဒဏ်ကို မခံနိုင်သဖြင့် နောင်ကြဉ်စေရန် သူနှင့်ဝေးဝေးနေလိုက်သည်။

ကျမနှင့်ဝေးရာ ကွယ်ရာတွင် နေချင်ရာနေ သွားချင်ရာသွား ပေတေနေယင်း လူငယ်ရောဂါ စွဲကပ်ကာ သူ့ဟာသူ ဆရာဝန်နှင့် ကြိတ်၍ ဆေးထိုးနေသည်။ ဆေးအလုံးပေါင်း မရေနိုင်လောက်အောင် ထိုးပြီးနောက်မှာ ရောဂါမှာ သက်သာမသွားဘဲ ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင်အထိ အခြေအနေ ဆိုးသွားသည်။

နောက်ဆုံး လူထဲမဝင်လောက်အောင် လူရုပ်ပျက်သွားသည့်ဘဝရောက်မှပင် သူနှင့်ကျမပြန်ဆုံတွေ့ကြရတော့သည်။

သူ့ကိုမြင်တာနဲ့ သူမှန်းမသိအောင် အလွန်အမင်း ရုပ်ပျက်ဆင်းပျက်နေပုံကို ကု၍ ရပါတော့မလားဟု စိတ်ထိခိုက်သွားသည်။

ပန်းဆိုးတန်းရှိ ဂျာနယ်ကျော်အလုပ်ခန်းကို ပုံနှိပ်တိုက်ထားသော လမ်း၄၀ အယ်ဒီတာ

များအခန်းသို့ ပြောင်းရွှေ့ရကာ သူ့အား ကိုင်တွယ်ပေးမည့်ကုလားတယောက် ထားလျက် အလုပ်ခန်းထဲတွင် သူ့ကိုထည့်၍ သော့ပိတ်ရလေတော့သည်။

အိမ်ရှိလူများမှာ သူ့ကိုဘယ်သူမကြည့်ဝံ့ကြ၊ သူ့အနားသို့ ဘယ်သူမှလည်း မသွားလိုကြတော့ပေ။

ကုဋ္ဌနူနာစွဲကပ်၍ တကိုယ်လုံး အသားများပွလျက် အဖုအထွတ်အသီးကြီးတွေပိန်ဖူးထနေပြီးနောက် အရေတွေရွဲကျနေသော အနူတယောက်နှင့်မခြား သူ့မှာလည်း မည်သူမျှ သူ့ကို စေ့စေ့ မကြည့်ရဲစရာ ဖြစ်ပျက်နေလေသည်။

အကြောအခြင် ဆိုင်းကုန်လျက် ခြေလက်များ ကုပ်လာကာ မမြင်ဝံ့ မရှုဝံ့ ဘဝဆုံးနေသည့်အဖြစ်ကို ယူကြုံးမရဖြစ်ယင်း သည်ဝေဒနာ အမြစ်ပြတ်လုံးဝပျောက်ကင်းချမ်းသာရာရလေအောင် သုံးလတိုင်တိုင် မအိပ်မနေ အားတိုက်ခွန်တိုက် လုံးပမ်းအားထုတ်ကုသပေးခဲ့ရလေသည်။

သည်ရောဂါမျိုး သည်ဆေးနှင့်ဟု ပုံသေကားချ ကုထုံးနည်း သညာကုမျိုး မဟုတ်ဘဲ၊ ပညာဖြင့် ကုသနေခြင်းဖြစ်သဖြင့် လူမမာမှာ ထူးခြားသောကုထုံးကုနည်းများကို စိတ်ဝင်စားလာ၏။ တနေ့တခြား ရောဂါစင်လာခြင်းကို ကိုယ်တိုင်သိ ကိုယ်တိုင်သက်သေအဖြစ်နဲ့ ဆေးကုယင်းပညာကို လေ့လာဆည်းပူးလိုစိတ် ပေါက်လာလေသည်။

သူပြောသည့်အတိုင်းပင် သူ့ရောဂါ လုံးဝကင်းစင် ချမ်းသာသွားပြီးနောက် ကျမနှင့်မနေတော့ဘဲ ဆရာကြီးထံတွင် တပည့်ခံလျက် ဆရာကြီးအိမ်သို့ ပြောင်းရွှေ့နေလေသည်။

လူကောင်းပကတိ ဖြစ်သွားပြီးနောက် အမေရိကန်သံရုံးတွင် ဓာတ်ပုံဌာနဘက်၌ အလုပ်ဝင်လုပ်ကာ ဆရာကြီးထံတွင် ပညာကို နေ့ညမပြတ် ဆည်းပူးလေ့လာသင်ကြားနေတော့သည်။ သမတအိမ်တော် သံရုံးဧည့်ခံပွဲစသည့်မင်းပိုင်းစိုးပိုင်း ပွဲလမ်းအလယ်တွင် ဓာတ်ပုံကင်မရာကို ပုခုံး၌ လွယ်လျက် အရေးပါအရာရောက်သောပုဂ္ဂိုလ်များကို ဓာတ်ပုံတဖြတ်ဖြတ် လိုက်ရိုက်နေစဉ် ကျမမှာ အဝေးမှ သူ့ကို တစိမ့်စိမ့်လှမ်းကြည့်နေယင်း ‘သည်ပညာ ကျမသင်မိပေလို့ တော်ပါသေးရဲ့’ဟု ဟင်းချမိတော့သည်။

ပညာတော်အတန် ဆည်းပူးမိလျှင် တနေ့ အိမ်သို့သူပေါက်လာသည်။ ကျမကို မြင်မြင်ချင်း ‘ကျွန်တော် အလုပ်က ထွက်တော့မယ်’ဟု ပြောလေသည်။

“ဘာလုပ်ထွက်မလဲ မင်းလခ ငါးရာလောက် ရတယ် မဟုတ်လား၊ ဘယ်ပြောင်းအုံးမလို့လဲ”ဟု ကျမက ပြန်မေးလိုက်သည်။

“ကျွန်တော် ဘယ်မှ ပြောင်းလုပ်ဖို့ မဟုတ်ဘူး၊ မန္တလေး သွားပြီး ဆေးတိုက်ဖွင့် ဆေးကုတော့မယ်”

ကျမမှာ “ဟေ...” ဟုသာ ဆိုလိုက်နိုင်၏။

သူကား အလုပ်ကို စွန့်လွှတ်ကာ မန္တလေးတရုတ်တန်းတွင် ဆေးတိုက်ဖွင့်လျက် “ဆရာမောင်တင်ဝင်း” လုပ်နေချေပြီ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကုဋ္ဌနူနာရောဂါသည်များအတွက် အဝေးမှလှမ်းကုသနေ၍ မြန်မြန်ပျောက်နိုင်ဖို့ခက်သည်။ မျက်စိအောက်တွင် ကြပ်မတ်ကုသပေးနိုင်မှသာလျှင် မြန်မြန်ပျောက်ကင်းနိုင်ပေသည်။

ကုဋ္ဌနူနာရောဂါသည်များ၏ စာများကို တစောင်ပြီးတစောင် ဖတ်ပြီးနောက် သူတို့အတွက် စိတ်အိုက်မိသည်။ ကျမကိုယ်တိုင်လည်း သွားရောက် မကုပေးနိုင်၊ အဝေးမှဓာတ်စာဆေးဝါးပေး၍လည်း မဖြစ်၊ သည်ပြဿနာကို မဖြေရှင်းနိုင်အောင် ဖြစ်မိသည်။

ထို့ကြောင့် ထိုစာများကို ထား၍ လေငန်းရောဂါသည်များ၏ စာတွေကို တစောင်ပြီးတစောင် လိုက်ရှာဖတ်မိပြန်၏ ။

ကိုယ်တပိုင်းသေသောသူ ခြေတစ်ဖက်လက်တဖက် သေနေသောသူ ထိုလူနာတွေအားလည်း မေတ္တာအထူးထားမိ၏ ။ ရှိုးရှိုးဝေဒနာရှင်ထက် ရှင်လျက်နှင့်သေနေရသည့်ဘဝဆိုးကို ခံစားရမှုပင် မချင့်မရဲဖြစ်စရာကောင်းမှန်း သိနိုင်ကြမည်ဖြစ်၏ ။

ထိုဝေဒနာမျိုးမှာလည်း ဖြစ်စ မရင့်ခင်သာလျှင် အဝေးမှ ဓာတ်စာဆေးဝါးပို့ကာ နည်းညွှန်ပြသနိုင်သည်။ ရက်ကြာ၍ ရင့်နေပါက အထူးသဖြင့် အသက်အရွယ် ကြီးရင့်နေပါက ကိုယ်တိုင် မျက်မြင် အနားမှာနေကာ ကြပ်မတ် ကုသပေးမှသာ မြန်မြန်ပျောက်ကင်းနိုင်မည်။

လေငန်းရောဂါသည်များကို ကုသည့်အခါတွင် တထုံးတည်း၊ တနည်းထည်း၊ တဆေးတည်း ကု၍မရချေ။ သူနှင့်တည့်တာကို အဓိက ထားရသည်။

အချို့ ရေစိမ်ကုသခဲ့ရသည်။ အချို့ ဒါန်းလွှဲကုခဲ့ရသည်။ အချို့ မြေဓာတ်ပေး၍ မြေဖို့ကုခဲ့ရသည်။ လိမ်းဆေး သောက်ဆေးများပင်လျှင် တယောက်နှင့်တယောက် မတူကြ။

သေနေသည့်လက်တဖက် လှုပ်နိုင်မြှောက်နိုင် သွားနိုင်အောင်သော်၎င်း၊ ဆန့်နေသည့် ခြေထောက် ထောက်နိုင် လျှောက်နိုင်သွားအောင်သော်၎င်း၊ ပြုလုပ်ပေးလိုက်ရသည်လောက် စိတ်ကြည်နူးစရာကောင်းသည်မရှိ။ အသက်သွင်းပေးသလို လှုပ်လာ၍ စိတ်ဝင်စားပုံမှာလည်း ရှိုးရှိုးရောဂါမျိုးနှင့်မတူချေ။

ကျမလည်း လေငန်းရောဂါသည်များ၏ စာများကို တစောင်ပြီးတစောင် ဖတ်ရှုယင်း လွန်ခဲ့သည့် ၂ နှစ်လောက်က လေငန်းရောဂါနှင့် ကျမ နပန်းလုံးခဲ့ဘူးသော ထုံးတထုံးကို သွားအမှတ်ရမိသည်။

ကျမခင်ပွန်း ဆုံးပြီး၍ ငါးနှစ်မြောက်အချိန်ဖြစ်သည်။ ကွယ်လွန်သွားသည့်လက လစဉ်လတိုင်း လဆန်း ၂ ရက်နေ့တွင် ဘုန်းတော်ကြီးများနှင့်ဆွမ်းသွတ်သည့်ဝတ်တခု ပြုလုပ်ထားခဲ့ရာ ငါးနှစ်ပြည့်အကြိမ်ခြောက်ဆယ်မြောက် ဆွမ်းကျွေးသည့်အလှူကို ပြုချင်လာသည်။

လစဉ်လတိုင်းလို သံဃာတော်များသာ မဟုတ်ဘဲ ငါးနှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ် သူ့မိတ်ဆွေများပါ လူ ၁၀၀ ခန့် ဖိတ်လိုက်သည်။

ကျမအိမ်တွင် လူ ၁၀၀ ခန့် ထမင်းကျွေးရန် ကျမနှင့်မိန်းကလေးအဖော် တယောက်သာရှိသည်။ မချက်ပြုတ်နိုင်ကြသဖြင့် ဆွမ်းအတွက်ရော လူအတွက်ပါ ဆန်းကာဖေးသို့ လွှဲအပ်ရန်

ဆန်းကာဖေးတိုက်သို့ သွားလေသည်။

"လက်ခံထားတဲ့အလျှုတွေက ဒီရက်မှာ ဆုံနေလို့ လက်မခံနိုင်ပါဘူး"ဟု ဆန်းဦးထွန်းရင်၏ အကိုက ပြောလိုက်ရာ လူတွေကို ဖိတ်စာလက်ကမ်းပြီးသဖြင့် မကြံတတ်အောင် ဖြစ်သွားသည်။

"လက်မခံနိုင်ယင်တော့ အခက်ဘဲ ဦးရယ်၊ အားလုံးလဲ ဖိတ်ပြီးပြီ။ ရက်က ကပ်နေပြီ။ ဒီပြင် ဘယ်များ သွားအပ်ရမလဲရှင်"

"ဒါဖြင့်ရင် ဒီလိုလုပ်၊ ခင်ဗျားအနောက်ပိုင်းကိုသွား ရန်ကုန်သတင်းစာတိုက်နားမှာ လက်ဘက်ရည်ဆိုင်တဆိုင် ရှိတယ်၊ အဲဒီဆိုင်မှာ လူဝဝကြီးတယောက်ကို တွေ့လိမ့်မယ်၊ သူ့ကို အကုန်လွှဲလိုက်၊ တာဝန်ယူချက်ပေးလိမ့်မယ်၊ စားပွဲကုလားထိုင် ပန်းကန်တော့ တခြားမှာ သပ်သပ်ငှါးပါ၊ ကျွန်တော်တို့လဲ တခါတလေ ဒီမှာ မနိုင်ယင် သူ့ဆီမှာအပ်ပြီး ချက်ခိုင်းရတယ်၊ အချက်အပြုတ် မညံ့ဖူး"

ဆန်းကာဖေးက ညွှန်ကြားလိုက်သည့်အတိုင်း လူဝဝကြီးကို သွားရှာလေသည်။

လဘက်ရည်ဆိုင်အနားသို့ မရောက်ခင်ဘဲ ဆိုင်ထဲတွင် ထိုင်နေသော လူပုမဲမဲဝဝကြီးကို အဝေးက လှမ်းမြင်လိုက်ရသည်။

လူဝဝကြီးဟုပြောလိုက်သည့်အတိုင်းပင် ဝလိုက်ပုံမှာ စည်ပိုင်းကြီးတည်ထားသကဲ့သို့မြင်မကောင်းရှုမကောင်းအောင် ဝနေပေ၏။ ခေါင်းက သေးသေးနှင့် ခန္ဓာကိုယ်ကြီးမှာ ပုတ်ကြီးအတိုင်းပင်၊ သူ့ကိုယ်မှသူ နိုင်သေးလားရဲ့ဟုအောက်မေ့မိသည်။

ဆိုင်ထဲတွင် အသက်၅၀ခန့်ရှိမည့်မိန်းမပိန်ပိန်တယောက်နှင့်လူဝဝကြီးသာ ရှိလေသည်။ "ဆန်း"က ညွှန်လိုက်သည့်အကြောင်းပြောပြကာ လူ ၁၀၀ ထမင်းကျွေးရန်အတွက် တာဝန်ယူချက်ကျွေးနိုင်မည်လားဟုမေးကြည့်သည်။

"ချက်ပေးတာပေါ့၊ ဒီလိုချက်လေ ထောပတ်ထမင်းရယ် ဆိတ်သားဟင်း၊ ကြက်သားဟင်း ချဉ်ပေါင်ရွက်ဟင်းချို၊ လက်သုတ်တခွက်၊ ငါးပိကျော်လဲပါမယ်၊ လူတယောက်အတွက်အပြီးအငြိမ်း သုံးကျပ်ဘဲ၊ မလျှော့ဖူး၊ ကျွန်တော့်လက်ရာ ကောင်းမကောင်း နောက်တော့ကြည့်လေ"

စကားကို သွယ်ဝိုက်ပြောမနေဘဲ လိုယင်းကိစ္စ ခပ်တိုတို ပြတ်ပြတ်ပင် ပြောသည်။

"ဦး ပြောတဲ့အတိုင်းဘဲ ကျမ ပေးပါ့မယ်၊ ချက်တော့ ဘယ်မှာ ချက်မှာလဲ"

"မနက်ဖန်ကို စျေးဝယ်ပြီး ညနေ ၃ နာရီလောက် ဒီက ကျွန်တော့မိန်းမရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့သားရယ် လာခဲ့မယ်၊ ဟိုရောက်မှ တညလုံး ချက်ရမှာ၊ ကျွန်တော်တို့ အိုးခွက်နဲ့ အစုံ ထင်းပါမကျန် ယူခဲ့မယ်၊ ခင်ဗျား နေရာပေးရုံဘဲ"

ကျမမှာ စရံငွေ ပေးလိုက်ကာ ကိစ္စအေးသွားခြင်းကို ရင်ထဲတွင် ပေါ့သွားလေသည်။

ချိန်းသည့်နေ့ သုံးနာရီလောက်တွင် လော်ရီကားကြီးပေါ်၌ အိုးခွက်ပစ္စည်းများတင်ကာ သားအမိ သားအဖသုံးယောက် ပေါက်လာကြသည်။

E-book is created by www.shanyoma.org

အိမ်နောက်ဖေးရေတွင်းအနီးရှိ မြေပေါ်၌ အိုးခွက်တွေချလျက် မီးဖိုကြကာ ချက်ပြုတ်ဖို့စီစဉ်ကြလေသည်။

သူတို့လဲ အလုပ်ရှုပ်နေသည်။ ကျမမှာလည်း အိမ်ထဲတွင် စားပွဲကုလားထိုင်များ ခင်းကျင်းလျက် အလုပ်များနေလေသည်။

အချိန်မှာ ကုန်မှန်းမသိ ကုန်၍သွားသည်။ သူတို့ချက်နေကြသည့်နေရာတွင် သရက်ပင်ကိုင်း၌ သွယ်ထွန်းပေးထားသော ဓာတ်မီးရောင်မှာ ထိန်လင်းနေ၏။ မီးရောင်အောက်တွင် လူဝဝကြီး၏ ဇနီး ပိန်ပိန်အဒေါ်ကြီးက စားပွဲခုံ၌ ကြက်သွန်ထိုင်လှီးနေသည်။ လူဝဝကြီးကား ပုဆိုးတထည်ကို ခေါင်းတွင်ပေါင်းလျက် အင်္ကျီမရှိ ကိုယ်တုံးလုံးကြီးနှင့် ဖိုပေါ်ရှိ ဟင်းအိုးကို ယောင်းမကြီးနှင့်မတ်တပ်ရပ် မွှေပေးနေသည်။ အသက်အစိတ်ခန့်ရှိသည့်သားမှာ ရေတွင်းတွင် ကော်ဖီထုပ်များကို ဆေးကြောနေသည်။

"ဦးကြီး တော်တော်ပြီးနေပလား..."ဟု ကျမက မီးဖိုပေါက်ဝက လှမ်းမေးလိုက်သည်။

"ဘယ်အပြီး ချက်ထားလို့ဖြစ်မလဲ၊ အခုအသားတွေကို ငရုပ်သီးနဲ့ ဆီနဲ့ လုံးရုံ လုံးထားရမယ်၊ ည ၂ နာရီလောက်မှ ထပြီး ထမင်းရော ဟင်းရော အားလုံးချက်ရမှာ..."

တကိုယ်လုံးမှာ ရေချိုးထားသကဲ့သို့ ချွေးလုံးချွေးပေါက်တို့သည် တပြိုက်ပြိုက်ယိုစီးလျက် ရှိနေ၏။ မီးခိုး၍ မျက်စိမပွင့်တပွင့်နှင့် ကိုယ်ရှေ့တွင် စူထွက်နေသည့်ဝမ်းဗိုက်ကြီးကို ယောင်းမနှင့်လွတ်အောင် ခဲခဲယဉ်းယဉ်း မွှေနေယင်းမှ အော်၍ ပြောနေသည်။

သူ့ခန္ဓာကိုယ်နှင့် သူ့အလုပ်ကိုမြင်ရသည်မှာ မသက်သာ၍ 'ဝလိုက်တာကလဲ ဒုက္ခဘဲ'ဟု စိတ်ထဲက ညည်းဆိုယင်း အိမ်ထဲသို့ပြန်ဝင်ခဲ့သည်။

နံနက်ဘုန်းကြီးများအတွက်နှင့် ဧည့်သည်များအတွက် အပေါ်ထပ်မှ အောက်ထပ် နေရာထိုင်ခင်း ပန်းကန်ခွက်ယောက် အဆင်သင့်ခင်းကျင်းပြင်ဆင်နေသည်မှာ ည ၁၂ နာရီလောက်မှပြီးစီးသွားသည်။

"ဦးကြီးတို့အိပ်ယင် အိမ်ထဲဝင်အိပ်ကြနော်"ဟု ကျမက ပြူတင်းပေါက်မှ လှမ်းပြောလိုက်သည်။

လူဝဝကြီးမှာ အတော်ပင်ပန်းသွားပုံရသည်။ မီးဖိုနှင့်မနီးမဝေးမြေပေါ်တွင် ဖျာတချပ်ခင်းလျက် ပက်လက်စန့်နေရာ ဗိုက်ကွယ်နေ၍ သူ့ခြေထောက်ကို သူမြင်ချင်မှ မြင်ရပေမည်။

"အိမ်ထဲမှာ မအိပ်နိုင်ဘူး၊ ဒီက ကောင်းတယ်၊ လေတိုက်တယ်၊ အိပ်လဲ မအိပ်နိုင်ပါဘူးဗျာ၊ ခဏလှဲတာပါ ည ၂ နာရီလောက် စ,ချက်မှ မနက်မှီမှာ..."

တနေ့လုံး စိတ်မော ကိုယ်မော မောသွားပြီး ညောင်းလာ၍ ကျမလည်း အိမ်ပေါ်သို့တက်ကာ ခင်းထားသော ကော်ဇောတွေပေါ်တွင် အညောင်းဆန့်ရန် လှဲချလိုက်သည်။

မျက်စိမှေးလာ၍ မျက်လုံးများကို မှိတ်လိုက်တာနှင့် ငါးနှစ်ရှိပါပကောဟု သွားလေသူကို သတိရမိသည်။ သွားလေသူအကြောင်းကို တွေးနေရာမှ နက်ဖြန်လာမည့်ပရိသတ်များကို ဆက်

E-book is created by www.shanyoma.org

တွေးနေပြန်သည်။ ပရိသတ်များအနက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ 'အေး–အေး လာမှာ ပေါ့ကွယ်'ဟုပြောပြီး သွားလေသူအား သတိတရ ပြောပြလိုက်သောစကားတို့သည် နားတွင်းသို့ တစိမ့်စိမ့်ဝင်နေလေသည်။

ဟွန်းသံ သဲ့ကနဲ တချက်ကြားလိုက်ရသည်။ မျက်လုံးကို ဇပ်ကနဲ ဖွင့်လိုက်ကာ ကဗျာ ကယာလူးလဲထလျက် ပြူတင်းပေါက်သို့ပြေးကြည့်သည်။ ကားနောက်ပိုင်း၏ မီးနီလေးကို ရိပ်ကနဲ သာ မြင်လိုက်ရသည်။

"အရှက်တကွဲ ဘုန်းကြီးတွေ သွားပင့်ရမှာ ဘယ့်နှယ် ကားက အစောကြီးသွားရတာ လဲ"ဟုအောက်ထပ်၌ မနက်ဆွမ်းအတွက် ညဘက်က ကြိုတင် လာအိပ်နေသော တူလေး မောင်စိုး လွင်ကို အော်မေးလိုက်သည်။

"ထမင်းချက်တဲ့လူကြီး တက်နေလို့ ဆရာသွားပင့်တာ"

ကျမလည်း လှေကားမှပြေးဆင်းကာ နောက်ဖေးသို့ စွတ်ပြေးဝင်သွားသည်။

မြေပေါ်၌ ပက်လက်လှန်နေသော လူဝဝကြီးပေါ်တွင် သားရော မယားရောမက မနက် အလှူအတွက် ညဦးက ရောက်လာကြသော ကျမ၏ ဦးလေးရော တက်နင်းနေကြ၏။

"ဘယ်လိုဖြစ်တာလဲ"ဟုပြောပြောဆိုဆို မျက်နှာကို ငုံ့ကြည့်လိုက်ရာ တမျက်နှာလုံးရွှဲနေ လျက် ပါးစပ်မှထွက်နေသောလျှာကို သွားနှင့် သွဲ့ဟာသူ ကြိတ်ကိုက်ထားသည်။

အဒေါ်ကြီးက စိုးရိမ်စွာဖြင့် ပြောရာတွင် ငိုသံပါနေလေသည်။

မြင်ရပုံ မချေမလှ၍ ကျမတကိုယ်လုံး ပူထူသွားလေသည်။ အခြေအနေမှာ ကမန်းက တန်းကြီး ဖြစ်နေပြီဖြစ်၍ ချက်ချင်း သေလျှင်လည်းသေ မသေလျှင်လည်း လေဖြတ်တော့ပေ မည်။

"ဒီအပြင်ဖက် ဒါလောက် လေတိုက်ကြီးထဲမှာ မဖြစ်ဘူး… သေမယ်ရွှေ့မှ ရွှေ့မှ"

ရင်ထဲတွင် ထိတ်လျက် ကမူးရှူးထိုးနှင့် ကိုယ်တိုင်ပွေ့ယူရွှေ့တော့မလိုပင် ပြောလိုက် သည်။ သူ့ခန္ဓာကိုယ်ကြီးကို အထဲသို့ရွှေ့ဘို့ရာမှာ မလွယ်လှချေ။

"ရွှေ့ကြပါ… ရွှေ့ကြပါ၊ အိမ်ထဲ မရောက်တောင် မီးဖိုထဲရောက်ယင် တော်ပြီ ကိုင်း ကိုင်း…"

အသက်မရှူနိုင်ဘဲ ဇွတ်အတင်းသာ ကျမ ပြောနေရသည်။ ရေတွင်းနားမှ မီးဖိုထဲသို့ ဟီးတိုက်၍ ဘယ်နည်းရွှေ့ယူကြရသည်ကို စာနှင့်ရေးသား ဖော်မပြဘဲ ဓာတ်ပုံရိုက်၍သာ ပြဘို့ ကောင်းတော့သည်။

မီးဖိုထဲ ရောက်လာသောအခါ တတောင်တော့ ကျော်ပြီဟု အောက်မေ့လိုက်ကာ ထိတ် မှန်ပျာနေသဖြင့် အနာနှင့်တည့်မည့်အထက်ဆုံးလက်နက်ကို အလွယ်ဆုံးလည်း ဖြစ်နိုင်အောင် ဖုတ်ပူမီးတိုက် စဉ်းစားရသည်မှာ ခေါင်းကို ပူခြောက်သွားသည်။

ဥဒေါင်းဇင်ယော်ကြင်ဖေါ် လင်းသက် ဟူသည့်ဆေးပညာက ပေးထားသည့်လက်နက်နှင့်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တိုက်မှုဖြစ်မည်။ ကျမတွင် ဆေးမရှိ ဆေးလည်း မဆောင်ထား၊ မီးဖိုထဲတွင်ရှိသည့်ပစ္စည်းများမှ လွဲ၍ သူ့အတွက် အခြားကိုးကွယ်အားထားရာ မရှိတော့ပေ။

ကမန်းကတန်း အလောသုံးဆယ်ဖြစ်နေသောဝေဒနာကို တိုက်ရန် ပညာအရ ရှာဖွေကိုင်ရမည့်လက်နက်များမှာ...

၁။ ငရုတ်သီးတတောင့်၊ ၂။ ရှောက်သီးသကြား၊ ၃။ ရေနံ၊ ကျမငယ်ရွယ်စဉ်က 'ဆရာဆိုတာ ကိုင်မိတာ ဆေးဖြစ်ရတယ်'ဟု ကြားဖူးနားဝရှိဘူးသည်။ သည်စကားမှာ လူတိုင်းပါးစပ်ဖျားတွင် ထွန်းကားသော စကားတရပ်လည်း ဖြစ်သည်။

ထိုစဉ်က ဆရာ့လက်နှင့်ကိုင်လိုက်ယင် ဆေးဖြစ်သွားတာကို ပြောတာလားဟု သည်လိုဘဲ ထင်မှတ်ခဲ့သည်။

သူ့လက်နှင့်ကိုင်တာနှင့် ဆေးဖြစ်ရတယ်ဆိုခြင်းကို ယုံကြည်နိုင်စရာမရှိဖူးဟုလည်း တွေးမိခဲ့တယ်။

ဆေးပညာကို သင်ယူလိုက်စားမှပင် ဆရာဆိုတာ အမှုန့်အရည် ဆေးရှိမှ ဆရာမဟုတ်ဘဲ တည့်တာ မတည့်တာကို ပိုင်းခြားနားလည်ပြီး ကိုင်တတ်ယင် ဘယ်အရာဝတ္ထုမဆို ဆေးဘဲဟု နားလည်သွားသည်။ ကိုင်ကတည်းက ကိုင်သည့်အရာဝတ္ထုမှာ ဆေးဘက်အသုံးဝင်တာကို ကိုင်သည့်အဓိပ္ပာယ် သဘောပေါက်တော့သည်။

လူနာမှာ မီးဖိုထဲရောက်လျှင်ပင် ကြောက်လန့်ဖွယ်ရာ ရုပ်ဆင်းပျက်လာသည်။ ''ဖယ် ဖယ်... အားလုံး ဖယ်ကြ''ဟု လူတွေကို ရှဲလိုက်ပြီးနောက် ငရုတ်သီးတောင့်ကို ရေစည်ပိုင်းထဲသို့ လှမ်းနှစ်လိုက်ကာ လက်နှင့်ဖျစ်၍ အရေရလျှင် လူနာ၏မျက်ခွံကို တွန်းမကာ မျက်စိထဲသို့ ငရုတ်သီးရည်များ ညှစ်ချလိုက်သည်။

မျက်စိထဲ ငရုတ်သီးရည်ဝင်သည်နှင့်တပြိုင်နက် သူ့သွားနှင့်တအားကိုက်ထားသော သူ့လျှာကို လွှတ်လိုက်လေသည်။ တကိုယ်လုံး ရေခဲတုံးကြီးကဲ့သို့ အေးစက်၍ တောင့်နေသည်။ မီးခဲထဲတွင် ရေနံထည့်၍ အခိုးများ နှာခေါင်းထဲသို့လုံးဝင်အောင် မှိုင်းမုန်တိုင်း တိုက်ပေးရသည်။

ကျမအဖို့ အသက်မရှူရဲလောက်အောင် တထိတ်ထိတ် တဖိုဖိုဖြစ်ခဲ့ရသော ညဖြစ်သည်။ သူ့အတွက် စိုးရိမ်ရသည်မှာလည်း မပြောဖွယ်နိုင်၊ အကယ်၍ တစုံတခုဖြစ်သွားက မနက်ကျလျှင် သည်အိမ်မှာ မသာအိမ် မုချဖြစ်ရတော့သည်။

အသက်မပျောက်သည့်တိုင် ဝေဒနာ မသက်သာဘူးဆိုပါက အရှဏ်တက်ကြွလာမည့် ကိုယ်တော်များအား ကန်တော့ဆွမ်းပါဘုရားဟုလုပ်ရပြီးလျှင် မိုးလင်းရောက်လာကြမည့်ပရိသတ်ကို ဘယ်လိုမျက်နှာပြရမည် မသိတော့ပေ။

ညဦးက ငရုတ်သီးနှင့်ဆီနှင့်သာ လုံးထားသည့်ဆိတ်သား ကြက်သားဟင်းအိုးနှစ်အိုးသာ ရှိသည်။ ထောပတ်ထမင်းလည်း မချက်ရသေး အခြားဟင်းရံများလည်း မကိုင်ရသေး။

အဖက်ဖက်က ဆုံ၍ စိုးရိမ်ထိတ်လန့်ဗျာများနေရသည့်ကြားထဲ ဘယ်နေရာက ခေါက်

လိုက်မှန်းမသိ နာရီသံချောင်း ၂–ချက်ခေါက်သံကြားရသဖြင့် ခေါင်းကို ခေါက်လိုက်သလားပင် မှတ်ထင်လိုက်ရသည်။

လူနာခံဘေးတွင် ကပ်ထိုင်လျက် ပါးစပ်ကို အတင်းဖွင့်၍ ပါးစပ်ထဲသို့ဝင်အောင် ရှောက်ရည်နှင့်သကြားဖျော်ထားသည့်အရည်ကို မရပ်မနား အစက်ချပေးနေရသည်။

ထိုအချိန်၌ လူမမာမှလွဲ၍ အခြားဘာကိုမျှ လှည့်မကြည့်တော့၊ အိမ်ကကားနှင့်ပင့်လာသောသူ့တို့ ဆရာကို လှည့်၍မျှမကြည့်အားနိုင်ဘဲ ဆရာအနားရောက်လာသံ ကြားကြားချင်း ''ဆရာ့ကို ပြန်ပို့လိုက်ရာ အဒေါ်ကြီးက တူမရယ် သက်သာပါ့မလား ဖြစ်ပါ့မလား''ဟု တုန်တုန်ရီရီ မေးနေပြန်ချေသည်။

''အို ပျောက်မယ်–စိတ်ချ၊ အခု ပျောက်မှာ...'' လူမမှာ အလျဉ်းသတိမရသေးပေ။ ကိုယ်တွေ လက်တွေမှ လှုပ်နိုင်ပါတော့မလားဟု စိတ်မချနိုင်သဖြင့် လက်ကို ခဏခဏ ဆုပ်ကိုင်ကြည့်မိသည်။

ကားထွက်သွားသံကြားရမှ ဆရာတော့ ပြန်ပြီဟု သတိပြုမိသည်။

လူနာအား မည်မျှအာရုံစိုက်လုံးပမ်းရခြင်း၊ လေငန်းနှင့် ကျမ စွန့်စွန့်စားစား ဘယ်လိုနပန်းလုံးနေရခြင်းမှာ အနားကသူများ သိချင်မှသိရပေမည်။ အရှိန်နှင့်ပြေးနေသော ကားနောက်သို့ ကျမမီအောင် လိုက်နေရသဖြင့် မောဟိုက်ပင်ပန်းလှချေသည်။

ကျမဖက်သို့ ပါလာလိုက် သူ့ဖက်သို့ ပါသွားလိုက်နှင့်လေငန်းနှင့်ကျမမှာ သူတပြန် ငါတပြန် ဖြစ်နေကြ၏။ လူနာ၏ အရိပ်အကဲကို စက္ကန့်မျှအလစ်မပေးဘဲ မှန်ကြည့်သလို ကြည့်ကာ စိတ်ရှိလက်ရှိနိုင်အောင် ထိုင်တိုက်နေ၏။

ကျမသင်ယူထားသော ဆေးပညာဓာတ်သဘောကား ရေများရေနိုင် မီးများမီးနိုင်ဖြစ်၍ ထက်မြက်သည့်ဓာတ်နှင့် ကျမနိုင်အောင် လုပ်ဘို့သာလဆင် အဓိကဖြစ်ပေသည်။

'တမလွန်ဘဝသို့ပြောင်းသွားသော ခင်ပွန်းသည်အားဂုဏ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်...''

ကျမသည် တုန်ရီသောလက်နှင့်မောင်းထောင်ခွက်ထဲသို့ ရေစက်သွန်းချနေသည်။ ပန်းတောင်းဆရာတော်ကြီး တိုင်ပေးသည့်အတိုင်း နှုတ်မှရေစက်ချလိုက်ဆိုယင်း ကျမ၏ငါးနှစ်မြောက်အလှူ မပျကမကွက် ထမြောက်အောင်မြင်သွားခြင်းအတွက် ရင်ထဲတွင် သိမ့်ခါလျက် နှစ်ခြိုက်အားရခြင်း ဖြစ်နေ၏။

အရဏ်တက် သံဃာတော်များ စားကြသော ဆွမ်းနှင့်ထိုနေ့နံနက်က ကြွလာကြသည့် မိတ်ဆွေပရိသတ်အပေါင်းတို့ သုံးဆောင်သွားကြသော ထမင်းဟင်းလျာတို့သည် လူဝဝကြီး အချိန်မီ ထချက်ပေးလေသော ထမင်းဟင်းလျာများ ဖြစ်ပေသတည်း။

လေငန်းရောဂါစာများ ဖတ်ရှုပြီးနောက် အခြားရောဂါဝေဒနာသည်များ၏ စာများကို တစောင်ပြီးတစောင် ဖတ်နေပြန်သည်။

E-book is created by www.shanyoma.org

တဖိုင်တွဲလုံးဖတ်ပြီးသွားသောအခါ စာပုံကြီးကို ယနေ့စာပြန်တော့အံ့ဟု ဖိုင်တွဲကို မှောက်လိုက်လေသည်။ အောက်ဖက်ဆုံး၌ ရောက်နေသော ရှေးဦးစွာ ရောက်သည့်စာကစ၍ အစဉ်လိုက် တစောင်ပြီးတစောင် ပြန်ကြားသွားရန် စာတစောင် ပြန်စရေးကြည့်သည်။

သူ၏ ဝေဒနာကို ချိန်ဆလျက် ဓာတ်စာပေး နည်းပေး ရေးသားပြန်ကြားရမည်ဖြစ်လေသည်။

ထိုနေ့က ကျမ ပြန်ကြားလိုက်သောစာများမှာ ၁။ မင်္ဂလာဒုံစစ်ဆေးရုံမှ ကိုခင်ဦး၊ ၂။ တာမွေ အာဘောဂလမ်းမှ ကိုဖေသိန်း၊ ၃။ ဒလမှ ကိုကျော်ဖေ၊ ၄။ တက္ကသိုလ်ဝင်း တကောင်းဆောင်မှ ဒေါ်မမလေး၊ ၅။ မုဒုံမှ ကိုညွန့်လွင်၊ ၆။ ပြည်သူ့ရိက္ခာထောက်ပံ့ရေးရုံးစာရေးကိုင်ဌာနမှ ခင်မြင့်မြင့်၊ ၇။ သရက်မြို့မှကိုကိုကြီး၊ ၈။ မော်လမြိုင်မြို့ ဒညင်းကုန်းရပ်မှဒေါ်ကြည်ကြည်၊ ၉။ တံတားဦးအိမ်သစ်တန်းမှ ကိုဗအေး၊ ၁၀။ ကိုသန်းထွန်း၊ ၁၁။ မှော်ဘီ ဆပ်သွားတောဆေးရုံမှ ကိုလှမောင်၊ ၁၂။ ဓားတန်း မလွန်ရပ် မန္တလေးဆိုင်တန်းမှ ဦးအုံးဖေ၊ ၁၃။ ကြံခင်းမြို့ အင်းလပ်ရပ်မှ ဒေါ်အေးကြည်၊ ၁၄။ အလယ်တောရကျောင်းတိုက် ဘောင်ဒရီလမ်းမှ ဦးထွန်းမြင့်၊ ၁၅။ အင်ဒိုနေရှား ဂျကာတာမြို့ မြန်မာသံရုံး သံအမတ်ကြီး၏ ဇနီး ဒေါ်နုနု…

တဆယ့်ငါးစောင်လောက် ဆက်တိုက်ရေးသားပြီးသည့်အခါ လက်ညောင်းပြီး ဦးနှောက်ပူသွားတော့သည်။

နောက် ထပ်၍ စာရေးရမည့်စာများမှာ စာ တရာကျော်လောက်ပြန်ရမည်ဖြစ်နေသည်။

ကျမလည်း ဆယ့်ငါးစောင်သာလျှင် တနေ့ထဲ ရေးနိုင်တော့လျက် ကျန်စာများကို တနေ့စီ နည်းနည်း ရေးပြန်သွားမည်ဟုထားလိုက်ရပြန်သည်။

ဤအတွင်း ဂန္ထဝင်အတွက် ပုံနှိပ်စက်ကြီးမှာ တိုက်ပေါ် သို့ ရောက်လာချေသည်။ ပုံနှိပ်စက်ကြီး ရောက်လာ၍ ဂျာနယ်ပြန်ထုတ်ရန် ဖြစ်လာပြန်သည်။

စာတွေ ပြန်ချိန်မရနိုင်သေးသည့်အတွင်း လူနာများမှာ နေ့စဉ် လာရောက်တွေ့ဆုံစဉ်နေကြသည်ကတဖက် နောက်ထပ်၍လည်း စာတွေရောက်နေပြန်လေရာ တနေ့ထက်တနေ့ မို့နေသော ဖိုင်တွဲကြီးကို ကြည့်၍ ကျမဖက်က ဝတ္တရားပျက်ကွက်ခြင်းကို ဘယ်လိုလုပ်ရပါ့မလဲဟု စိတ်မသက်မသာ ဖြစ်မိသည်။

ရပ်ဝေးရပ်နီးလူများအား ဓာတ်စာပေး နည်းပေးနေရုံနှင့်မဖြစ်၊ ဆေးဝါးပါရှိဘို့လိုလေသေး၍ ဆေးပြဿနာကလည်း ရှိသေးသည်။

နောက်ဆုံးကျမ၏ အခြေအနေမှာ ဂျာနယ်ချည်း ထုတ်နေ၍မဖြစ်၊ ဆေးတိုက်ဖွင့်၍ဆေးလည်း ကုမှ ဖြစ်တော့မည့်ပုံ ဖြစ်နေပေတော့သတည်း။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မာတ်ပညာကား ... ရှေးဦးစွာ ပညတ်နှင့်ပရမတ်

ကို ကွဲပြားထင်ရှားအောင် ပြစွမ်းနိုင်သော

အခြေခံပညာမျိုး ဖြစ်သည်။

E-book is created by www.shanyoma.org

# သူငယ်နာ

မိုးပေါ်ကဆင်းလာသော သိကြားမင်းနှင့်တွေ့ရသလိုပင် မှတ်ထင်ကြကာ ၁–မိနစ်၊ ၂–မိနစ်ခန့်ငြိမ်သက်နေကြရသည့်အတောအတွင်း ရင်ထဲ၌ ခုန်နေလေသည်။

ခင်လေးမြင့်သည် သူ့အဖေပေါ်၌ ထိုင်နေကာ ဆရာဝန်ကို မကြည့်ဝံ့ဘဲ မျက်လုံးကလေး မှိတ်လျက် ခြေထောက်ကို အသာဆန့်တန်းပေးထားသည်။

ဆရာဝန်က ခြေမမှကိုင်၍ ခြေထောက်ကို ဆွဲခါလှုပ်ကြည့်လိုက်သည်တိုင်အောင်လည်း မျက်လုံးတချက်မဖွင့်၊ ကြောက်အားလန့်အားဖြင့် နင်းကန်မှိတ်ထားလေသည်။

ဆရာဝန်သည် ခြေထောက်ကိုအသာအယာ ပြန်လွှတ်ချလိုက်ကာ ချိုမြစွာ ပြုံးကြည့်လိုက်သည်။ ခလေး၏ခေါင်းကလေး ပုတ်လျက် "ခလေးရေ...ခလေးရေ"ဟုခေါ်လိုက်သည်။ ခင်လေးမြင့် မျက်လုံးဖွင့် မကြည့်၍ ဦးချစ်မောင်ကပါ "ဝက်မ... ဝက်မ... ဒီမှာ ဖေ့ဖေ့ကို ကြည့်စမ်း"ဟု ငုံ့ခေါ်လေသည်။ ခင်လေးမြင့်ကို တော်တော်နှင့်မျက်လုံး ဖွင့်ခိုင်း၍ မရ၊ နောက်မှ မျက်လုံးကလေး မရဲတရဲ ဖွင့်ကြည့်လျက် သူ့အဖေ ပေါင်ပေါ်မှ ကျမထံသို့ ပြေးလာမည်လုပ်သည်။

"သည်မှာ ခလေး... ခဏ နေပါအုံး၊ ဦးချစ်မောင်... သူ့ကိုလမ်းလျှောက်ခိုင်းစမ်းပါ"

ကျမမှာ အခြေအနေကို သိချင်လှပြီ၊ ဆရာဝန်စကားကို ကြားချင်လှပြီ၊ ဆရာဝန် စမ်းသပ် မပြီးသေး၍ ရင်ထဲက တထိထိတ်နှင့် စောင့်နေရသည်။

ခင်လေးမြင့်ကို ဆရာဝန်ရှေ့၌ လမ်းလျှောက်ပြအောင် ချော့ကြရသည်။ ကျမတို့ ချော့ပြောနေကြခိုက် မျက်လုံးပြာပြာ၊ နှာခေါင်းချွန်ချွန် အသားနီနီရှိသော ဆရာဝန်၏ မျက်နှာပုံပန်းကို အလစ်ခိုးကြည့်လျက် ပေါင်ပေါ်မှ မထဘဲ ပေကပ်ထိုက်နေသည်။

"သမီးလေး... တင်ပါးထဲက နာတယ်ဆို၊ အဲဒါပျောက်သွားမယ်၊ ထလေ လျှောက်ပြလိုက်၊ ထ... ထ"

ဆရာဝန်သည် ကိုယ်ကို ဆန့်ဆန့်ရပ်ကာ လက်ဝါးနှစ်ဖက်နောက်ဖြန့် ခါးထောက်ထားလျက် ကျမတို့ကို ပြုံးကြည့်နေသည်။ ပြုံးလျက်ကပင် ခလေးဝေဒနာကို စူးစမ်းနေသောမျက်စိဖြင့် မျက်မှောင်ကြုတ်ထားသည်။ ဆရာဝန်မှာ ခင်လေးမြင့်အထကို ပြုံးရပ်စောင့်နေသည်။

သူ့အဖေက ချိုင်းမှကိုင်၍ မ,ထူပေးယင်း 'အရုပ်လိုချင်တယ်ဆို ထလေ...လိုက်လိုက်' ဆိုမှ 'ဖေဖေပါ ထ'ဟု တိုးတိုးကလေး မော့ပြောသည်။

"ဖေဖေ့ ကိုင်မထားနဲ့လေ... ဝက်မဖာသာ ဝက်မလျှောက်မှပေါ့ ဖေဖေလဲ လျှောက်မယ်လာ... "

သားအဖ နှစ်ယောက်သည် ဧည့်ခန်းအဆုံး အုတ်နံရံအထိ လျှောက်သွားကြလေသည်။ ဦးချစ်မောင်ဘေးမှ ခင်လေးမြင့်က ခပ်ဖြေးဖြေး ကပ်လျှောက်လိုက်သွားလေသည်။ ဆရာဝန်မှာ ခင်လေးမြင့်လျှောက်ပုံကို မျက်တောင်မခတ် လှမ်းကြည့်နေသည်။ ဧည့်ခန်းဖက်သို့ပြန်လျှောက်လာကြသောအခါ ကျမအနားသို့ 'စိတ်မပူနဲ့ မစ္စချစ်မောင်...စိုးရိမ်စရာ ဘာမှမရှိပါဘူး'ဟုလာပြောသည်။

ကျမသည် ဝမ်းသာအားရ ရှိုက်၍ ပင့်သက်ချလိုက်ကာ စိတ်ကို အများကြီး ပေါ့ပါးသွားတော့သည်။

စစ်အတွင်း ဂျပန်ခေတ်က ရွှေတောင်ကြားလမ်း ဗိုလ်လက်ျာအိမ်၌ ကျမတို့နေကြစဉ် ခင်လေးမြင့်မှာ သုံးနှစ်သမီး ရှိသေးသည်။ တနေ့မှာ အဖျားပျောက်ခါစ ထကစားနေယင်း တင်ပါးထဲက နာတယ်ဟုဆိုကာ ငိုနေလေသည်။ ပြေးလွှားကစားယင်း အကြောမျက်သွားသည်ထင်မှတ်၍ တင်ပါးကို လီနီမင်ဆေးများ လိမ်းပေးလိုက်သည်။ ဆေးလူးပေးလည်း အလျဉ်းမပျောက်သက်သာသလို ထကစားပြီး တင်ပါးထဲက နာတယ်ဟု ညဉ်းငိုနေတတ်သည်။

ကျမမှာ ဘာဖြစ်တာမှန်း မသိ၍ စိတ်ပူလာသည်။ ခင်လေးမြင့်ကို ပြည်သူ့ဆေးရုံသို့ခေါ်သွားကာ ဆရာဝန်ဆီ သွားပြသည်။ ဆရာဝန်က ခြေထောက်ကို စမ်းသပ်ကြည့်ပြီး ဆေးထိုးပေးလိုက်သည်။ စစ်အတွင်း ဆေးစွမ်းဆေးကောင်း ရှားပါးလှကြောင်းကို ဆရာဝန်က ညည်းပြောလိုက်သေးသည်။

"ဒါ–သူငယ်နယခေါ် တယ်ဟဲ့–ဆေးထိုးမနေနဲ့ သူငယ်နာအုပ်ဆေးကလေး လိမ်းပေးစမ်းပါ"ဟု ကြီးတော်ကြီးက ဆေးမထိုးရန် ကန့်ကွက်သည်။ ထိုအချိန်က အင်္ဂလိပ်ဆေးသာလျှင်ဆေးထင်လျက် ဗမာအုပ်ဆေးကို ဆေးဟူ၍ လေးလေးစားစား အသိအမှတ်မပြုချင်သဖြင့် ကြီးတော်ကြီးစကားကို နားမဝင်နိုင်ဘဲ ဆေးရုံသာသွားကာ ဆေးထိုးပေးနေတော့သည်။

ဆေးထိုးပြီးနောက်လည်း တင်ပါးထဲက နာတယ်ဟုသာ ပြောနေသည်။ တင်ပါးနာမှာကြောက်ပြီး လမ်းကို ကောင်းကောင်းမလျှောက်ဘဲ အမြဲထိုင်ကစားနေတော့သည်။

"ပေါ့မနေနဲ့ဟဲ့... ဒါဟာ သူငယ်နာဟဲ့... ဗမာဆရာခေါ်ပြစမ်း..."ဟုကြီးတော်ကြီးက နားပူနားဆာ လုပ်နေလေသည်။ ဆရာဝန်ဆေးထိုးနေသည်ဖြစ်၍ ဗမာဆရာကို ပြရန် စိတ်မကူးဘဲ ဆရာဝန်စကားသာ နားထောင်ကာ ဆရာဝန့်အမှာအတိုင်း လုပ်ပေးနေသည်။

ဂျပန်တခေတ်လုံး ခင်လေးမြင့်ကို လမ်းကြာကြာလျှောက်ခိုင်း၍ မရဘဲ အထိုင်များနေလေသည်။ လျှောက်ခိုင်း၍ လျှောက်လျှင်လည်း ခဏတဖြုတ်သာ လျှောက်ကာ တင်ပါးထဲက နာတယ်ဆိုလျက် ထိုင်ချတတ်ချေသည်။ ဆရာဝန့်အမှာအတိုင်း တင်ပါးကို ရေနွေးအိတ် ကပ်ပေးရလွန်း၍ ခင်လေးမြင့်လည်း ရေနွေးအိတ်ကို ကြောက်နေသည်။ လမ်းမလျှောက်ဘဲ နေလျှင် ရေနွေးအိတ်ကို ပြ၍ ချောက်မှ ထလျှောက်သွားလေသည်။

ဂျပန်တခေတ်လုံး အင်္ဂလိပ်ဆေးဝါး ရှားပါးလှသည်။ အင်္ဂလိပ်ဆေးကောင်းများ မရှိ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

၍သာ မြန်မြန်မပျောက်ဖြစ်ရသည်။ အင်္ဂလိပ်လက်ထက်တုန်းကများဖြစ်လျှင် ယခုလို ကြကြာခံ စားနေရမည်မဟုတ်ဟု ထင်မြင်ကာ အင်္ဂလိပ်ဆေးကောင်းများနှင့်ဝေးနေရခြင်းအတွက် စိတ် အားငယ်မိသည်။

ခင်လေးမြင့် အသက် (၇) နှစ်အရွယ်တွင် စစ်ကြီးပြီးသွားလေသည်။

ဂျပန်အထွက် အင်္ဂလိပ်အဝင် ကျမတို့ သိမ်ချောင်းရွာက ရန်ကုန်ဘက်သို့ပြန်ခဲ့၏။ ကံ ဘဲ့တွင် ခေတ္တနေထိုင်ကြရသည်။ ထိုအချိန်တွင် ကျမတို့အိမ်အနီးအနား၌ အင်္ဂလိပ်စစ်တပ် ချ လျက် စစ်သားများ၏ ရွက်ထည်ရုံမှာ အိမ်ကိုဝိုင်းရံနေကြပေသည်။ အိမ်နား စစ်တပ်ရောက်လာ ပြီး စစ်တပ် မသိမ်းခင်ကလေး အိမ်နားက စစ်တပ်ထဲမှ မျက်နှာဖြူ မေဂျာစစ်ဗိုလ်တဦးနှင့်အသိ ဖြစ်ခဲ့ကြသည်။

ကျမတို့အိမ်သို့ အလည်အပတ်ဝင်ထွက် သွားလာနေသော မေဂျာစစ်ဗိုလ်ကို တနေ့သ၌ စကားစပ်မိ၍ စစ်အတွင်း ကျမသမီးလေး လမ်းလျှောက်လျှင် တင်ပါးမျက်နေတာ ဆေးကောင်း မရှိသဖြင့် ကောင်းကောင်း မပျောက်ဘဲဖြစ်နေကြောင်း ပြောပြမိသည်။

"အိုး... ဟုတ်လား သည်လိုဆိုရင် မြန်မြန်ကုလိုက်ပါ၊ အခုဆေးရုံကြီးမှာ အကြောအခြင် ကုသတဲ့ စပယ်ရှယ်လစ်ဆရာဝန်ကြီး မေဂျာမစ်ချယ်လ်ရှိတယ်၊ သူ့ကိုပြပါ၊ နက်ဖြန်ညနေ ကျုပ်ခေါ် လာခဲ့မယ်"

စစ်ဗိုလ်၏ စကားကို ကြားရသောအခါ ကျမတို့ဇနီးမောင်နှံမှာ တယောက်မျက်နှာ တ ယောက် လှမ်းကြည့်လိုက်ကြကာ စစ်ဗိုလ်ရှေ့၌ ဣန္ဒြေပင် မဆောင်နိုင်ဘဲ 'ဘုရားသိကြားမတာ ဘဲ'ဟု ဝမ်းသာအားရ ပြောမိသည်။

အကြောအရိုးစပယ်ရှယ်လစ်ဆရာဝန်ကြီးက ကျမကို ကိစ္စမရှိပါဘူး ပြောဆိုပြီးနောက် ခင်လေးမြင့်ကို ဆိုဖာပေါ်၌ ပြန်ထိုင်ခိုင်းလျက် ခြေထောက်ကလေးကိုင်ကာ ခြေမျက်စေ့ကို လက် မနှင့် နှိပ်ကြည့်နေပြန်သည်။

"နာသလား...ခလေး"

ခင်လေးမြင့်သည် မျက်လုံးကလေး ကြောင်တောင်ဖြင့် ဆရာဝန်ပြောတာ မကြားသလို အရုပ်ကလေးအတိုင်း ငြိမ်နေသည်။

"ဝက်မ... နာသလားဟင်... ဆရာဝန်နှိပ်တော့ နာသလား"

သူ၏ ခေါင်းကို ရမ်းလိုက်ကာ ခြေထောက်ကလေးကို လိမ်လျက် မည့်သူ့ကိုမျှ မကြည့်ဘဲ ခေါင်းကို ငုံ့ထားလိုက်၏။

"လမ်းလျှောက်ယင် တင်ပါးထဲက မြက်တာဟာ ခြေမျက်စိက အကြောကလေး ထပ်နေ လို့ ဖြစ်ရမယ် အကြောကလေးကို ဖြည်ပေးလိုက်ယင် တင်ပါးက နာတော့မယ် မဟုတ်ဘူး၊ မနက် ဖြန် ဆေးရုံတင်ပါ။ ပျောက်သွားအောင် လုပ်ပေးမယ်"

ဆရာဝန် ပြန်သွားပြီးနောက် ခင်လေးမြင့်ကို နက်ဖြန်ဆေးရုံတင်ဖို့အရေး၊ ကြီးတော်

ကြီးက ဖြစ်တောက်ဖြစ်တောက်နှင့် ဆူပူကန့်ကွက်နေပေ၏။

"ညီးတို့မလဲ တဆိတ်ရှိ ဆရာဝန် ဒါမျိုးအေ ဆေးရုံတင်အုံးမလို့လား သူငယ်နာအေ့ သူငယ်နာ၊ လူးဆေးအုပ်ဆေးကလေးနဲ့ နှိပ်ပေးတာနဲ့ တဖြေးဖြေး ပျောက်မှာဘဲလို့ ပြောနေတာ ဆေးရုံ မတင်ကြပါနဲ့"

ကျမကြီးတော်မှာ ရှေးအမယ်ကြီးမို့ အင်္ဂလိပ်ဆေးပညာကို မယုံကြည်တာဟု ထင်မြင်ကာ ဖြစ်တောက်ဖြစ်တောက် ပြောနေခြင်းကို စိတ်မရှည်နိုင်တော့ဘဲ ပြန်ပြောမိသည်။

"အို…အကြီးကလဲ ဆေးရုံတင်တာ ဘာဖြစ်သလဲ၊ ကောင်းအောင် လုပ်ပေးတာဘဲ၊ အကြီးမုန့်ညင်းဆီ လူးပေးနေလို့ကော ပျောက်လို့လားအကြီးရဲ့"

"မုန့်ညင်းဆီ လူးပေးနိုင်လို့ သက်သာတာ မဟုတ်လားဟဲ့၊ တို့ရွာက ကိုကျောက်လုံးသား ကလေးလဲ ဒီလိုဘဲဖြစ်တာဘဲ၊ သူငယ်နာဆေးခွံ့ပြီး လပိုင်ဆီနဲ့နှိပ်ပေးတာနဲ့ ပျောက်သွားတာဘဲ တော်"

"အကြီးလပိုင်ဆီက ဘယ်ကရမှာလဲ၊ အခုကုမဲ့ဆရာဝန်က အကြောအခြင်ကို နားလည်တဲ့ဆရာဝန်၊ ဆေးရုံတင်တော့ ပျောက်မယ်မဟုတ်လား…အကြီးရဲ့"

ကျမနှင့်အကြီးတို့ တယောက်တခွန်း ဖြစ်နေကြခြင်းကို နားထောင်နေသောဦးချစ်မောင်က… "စိတ်မပူနဲ့အကြီးရယ်၊ ကောင်းသွားမှာပေါ့"ဟု အေးအေးသက်သာ ဝင်ရှင်းပြောပြသည်။

နောက်တနေ့ ကျမတို့ ခင်လေးမြင့်ကို ဆေးရုံခေါ် သွားကြသည်။ ဆရာဝန်က ကျမကို အပြင်ဘက်၌ နေစေကာ ဦးချစ်မောင်နှင့်ခင်လေးမြင့်ကို အခန်းထဲသို့ခေါ် သွင်းသွားသည်။ အပြင်၌ ၂–နာရီခန့် ထိုင်စောင့်နေသဖြင့် အချိန်ကြာနေ၍ ဘယ်လိုများ လုပ်နေပါလိမ့်ဟု သိချင်စိတ်ကြီးမားနေတော့သည်။

သိချင်ဇောဖြင့် စောင့်ဆိုင်းနေစဉ် တချိန်လုံး ကျမလှမ်းကြည့်နေသောအခန်းတံခါးပေါက်သည် ပွင့်လာကာ လက်တွန်းလှည်းကလေး ထွက်လာသည်။ ကျမလည်း လက်တွန်းလှည်းကလေးဆီသို့ ထပြေးသွားသည်။ လက်တွန်းလှည်းကလေးပေါ်၌ ပက်လက်ကလေးပါလာသော ခင်လေးမြင့်သည် အသက်မရှိသလို မျက်လုံးမှိတ်လျက် ပါးစပ်၌ အမြှုပ်တစီစီ ထွက်နေသည်။

"ကိုကိုပြီးပလား… ဘယ်လိုလုပ်လိုက်တာလဲ"

လက်တွန်းလှည်း နောက်မှ ထွက်လာကြသော ဦးချစ်မောင်နှင့်ဆရာဝန်ကို စိုးရိမ်ကြီးစွာ မေးလိုက်သည်။

"မေ့ဆေးပေးပြီး ခြေမျက်စေ့က အကြောကလေး ထုံးနေတာ ဖြည်လိုက်တယ်၊ အခု ခြေ ထောက်ကို ပလာစတာနှင့်ကိုင်ထားတယ်၊ တလကြာမှ ဖြည်ရမယ်တဲ့"

ကျမမျက်စိထဲ၌ ပျောက်မှာဘဲလို့ တထစ်ချ ထုံကြည်ထားသော်လည်း မေ့ဆေးမပြေခင် မြင်ရတွေ့ရပုံမှာ မသက်သာလှသဖြင့် မျက်စိမျက်နှာပျက်ကာ စိတ်ထဲ၌ နောက်သွားသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ခင်လေးမြင့်သည် သတိရတာနှင့်ပင် ''အိမ်ပြန်မယ် ဖေဖေ ပြန်မယ်''ဟု အော်ဟစ်ငိုပြော နေ၏။ ချော့မော့ပြောဆို၍မရအောင် ငိုနေ၍ နောက်ဆုံး၌ ဆရာဝန်က ကျမကို ခလေးခန်းထဲ၌ ခင်လေးမြင့်နှင့်အတူ နေထိုင်ခွင့်ပြုလိုက်သည်။

ကျမမှာ ခင်လေးမြင့်ဘေးရှိ ကလေးကုတင်ကလေးတလုံးပေါ်၌ ခွေအိပ်နေလျက်တညလုံးပင် အိမ်မပျော်နိုင်ဘဲ အင်္ဂတေကိုင်ထားသည့်ခြေထောက်ဖြူဖြူကြီးကို ခဏခဏထကြည့်နေမိသည်။

ဆေးရုံ၌ ၁၀–ရက် နေခဲ့ကြသည်။ ၁၀–ရက်စေ့လျှင် ဆရာဝန်က အိမ်သို့ခေါ် သွားရန် ခွင့်ပြုလျက် တလစေ့မှ ဖြည်ကြရန် ပြောဆိုသည်။

ခင်လေးမြင့်ကို ဆေးရုံမှ အိမ်သို့ခေါ် သွားသည့်အခါ အကြီးသည် ခြေထောက်ဖြူကြီးကို လာကိုင်ကြည့်လျက် မျက်နှာမကောင်း ဖြစ်နေ၏။ ''ခေတ်မီကုနည်းအကြီးရဲ့–ဒီလိုကုနည်းမျိုး ရှေးကမရှိဘူး၊ အခုစစ်ပြီးမှ သိပ်တိုးတက်လာတာဘဲ''ဟု ပြောရသည်။

ခင်လေးမြင့် အိမ်ရောက်၍ ၁၀–ရက်ခန့်ကြာလျှင် ဆရာဝန်ကြီးမေဂျာမစ်ချယ်သည် ဘိလပ်သို့ ပြန်သွားရလေသည်။ ဘီးလပ်မပြန်ခင် ဦးချစ်မောင်က ဆရာဝန်ကြီးအား ကျေးဇူးတင်ကြောင်းအထိမ်းအမှတ် လက်ဆောင်တခု ပေးလိုလှသည်ဆို၍ ဆရာဝန်ကြီးဇနီးအတွက် စိန်နှင့်မြ ရံထားသော ၁၅၀၀ိ တန် လက်စွပ်တကွင်း အမှီလုပ်ကာ လက်ဆောင်ပေးလိုက်ကြသည်။ ဆရာဝန်က တလစေ့လျှင် လွှကလေးနှင့်မံထားသောပလာစတာများကို တိုက်ဖြည်ရန် မှာကြားသွားလေသည်။

ခင်လေးမြင့်မှာ တလလုံး အိပ်ရာပေါ်၌ ပက်လက်နေရသည်။ ဖွင့်ရမည့်ရက်ကိုသာ တမေးထဲမေးကာ စိတ်အိုက်လျက် တခါတရံလည်း အထဲက ယားတယ် ဖွင့်ပေးပါတော့ဟု အော်ဟစ်ငိုယိုနေလေသည်။

တလစေ့သောအချိန်သို့ ရောက်ပေပြီ။

ကျမတို့မှာ လွှကလေးကို ကြိုတင်ရှာထားကြသည်။ ခင်လေးမြင့်ကို ကုတင်ပေါ်မှ ပွေ့လျက် ဧည့်ခန်းထဲက ဆိုဖါပေါ်တွင် ထိုင်စေကာ သူ့အဖေက လွှကလေးဖြင့် အဖတ်ကြီးကို အသာတိုက်ဖြတ်ပေးလေသည်။ အကြီးနှင့်ကျမမှာ အင်္ဂတေကွဲသို့မာကျောလှသည့်အခွံကြီး မကွာမချင်း အနားက တထိတ်ထိတ်နှင့်ကြည့်နေသည်။

ဒူးဆစ်က ခြေဖဝါးအထိ မံအုံထားသော အဖတ်ကြီးမှာ လွှချက်ဖြင့် တဖြေးဖြေး ဟပွင့်လာသည်။ သူ့အသားကို ထိမည်စိုး၍ တချက်တချက် လန့်ဖျန့်ရှုန်းနေပြန်သောကြောင့် ''ဝက်မငြိမ်ငြိမ်နေလေ ဖေဖေ ဖြေးဖြေး လုပ်ပေးမယ်''ဟု ချော့မော့ရလျက် အသား မထိအောင် ဂရုစိုက်ပြီး လွှနှင့်တိုက်နေသည်။ ဦးချစ်မောင်၏ နဖူး၌ ချွေးပေါက်များ စို့ထွက်နေအောင် အသက်မရှူဘဲ သတိထား လုပ်ကိုင်နေပုံကို စိတ်ထဲ၌ ကြာတယ် ထင်မိသည်။

တခန်းလုံး တိတ်ဆိတ်၍နေလေသည်။ လွှသံသည် အသက်ရှူသံများနှင့်လိုက်ကာ မြန်

ဆန်လာလေသည်။ ဒူးဆစ်မှခြေဖဝါးအထိ ဟပွင့်သွားကာ အထဲမှခြေထောက်ကလေး ပေါ်လာသည်။

"ဟဲ့..."

အကြီး၏ အော်သံဖြစ်သည်။

ကျမသည် ခင်လေးမြင့်၏ခြေခုံထိပ်ခြေဆစ်၌ လက်ညှိုးတချောင်းစာလောက်ရှိမည့် ကင်းခြေများသဏ္ဍာန်ပေါ်နေသော ချုပ်ရိုးကြီးကို စူးစိုက်ကြည့်ကာ မျက်စိထဲ မြင်လိုက်ရသော ခြေဖဝါးအနေအထားကို လန့်ဖျန့်သွားလျက်"သမီး ထစမ်း ထစမ်း လျှောက်စမ်း"ဟု ဂမူးရှူးထိုးပြောလိုက်သည်။

ခင်လေးမြင့်သည် ထိုင်ရာမှထကာ ဧည့်ခန်းအဆုံး အုတ်နံရံအထိ လျှောက်သွားသည်။

"ဟင်"

ဦးချစ်မောင်၏ အသံနှင့်ပြိုင်တူ ကျမက "အို"ဟု လန့်အော်မြည်လိုက်မိသည်။ 'အမယ်လေးတော်'ဟူ၍ လည်ချောင်းထဲက ညစ်မြည်နေသည့်အဆုံးနိုင်သောအကြီး၏ အသံကြီးကြောင့် ရင်ထဲ၌ လှိုက်ကာ ပိုမို၍ ဖိုသွားတော့ပေသည်။

ခင်လေးမြင့်သည် မအေမွန်းတုန်းက ခြေထောက်အကောင်း ဆေးရုံပို့လိုက်ကာမှ ခြေဖဝါးတဖက် ဘေးသို့ရွဲ့သွားကာ ခြေတချောင်းကအတည့် ခြေတချောင်းက အရွဲ့ဖြင့် ကျမတို့ကို အရုပ်ဆိုးစွာ လမ်းလျှောက်ပြနေသည်။

ကျမမှာ မျက်စိတွေ ပြာလာလျက် ရင်တခုန်ခုန်၊ တလှပ်လှပ်ဖြင့် "ဟဲ့… ဝက်မ တည့်တည့်လျှောက် စမ်း တည့်တည့်လျှောက် တည့်တည့်လျှောက်"ဟု ကြောက်ကြောက် လန့်လန့် အော်ပြောလိုက်လေသည်။

"တည့်တည့် ထားလို့မရဖူး… မေမေရဲ့ ဒီဉစ္စာ ဟိုဖက်ရောက်သွားပြီ"

ဦးချစ်မောင်သည် ခင်လေးမြင့် လျှောက်ဟန်ကို ကြည့်နေစဉ်က ကျောက်ရုပ်ကြီးလို ဖြစ်နေရာမှ... ခင်လေးမြင့်ကို သွားပွေ့လိုက်သည်။ ကုလားထိုင်၌ ခင်လေးမြင့်ကို ပေါင်ပေါ်၌ တင်ထိုင်ပြီး ခေါင်းကြီးငုံ့ကာ စိတ်အတော် ထိခိုက်သွားလေသည်။ စိတ်မကောင်းလွန်းလွန်း၍ ခင်လေးမြင့်၏ ခြေထောက်ကို ယုယုယယနယ်နေသည်။ ထိုနောက် ကျမမျက်နှာကို မကြည့်ရက်ကြည့်ရက်ဖြင့် တဖြေးဖြေး မော့ကြည့်သည်။

ကျမမှာ နေရာမှ လှုပ်ရှားလို့ပင် မရနိုင်ဘဲ သူ၏ မျက်နှာကို မျက်ရည်ဝိုင်းနေသောမျက်လုံးဖြင့် ပြန်ဆိုင်ကြည့်နေမိသည်။

"အမယ်လေးတော်… သူငယ်နာပါလို့ ငါ တဖွဖွပြောပါရက်နဲ့ ဆေးရုံတက်ခွဲလိုက်ကြတာ အခုတော့ မြင်လို့ကောင်းကြသေးရဲ့လား..."

အကြီးသည် ရှိုက်ကာရှိုက်ကာ ငိုမြည်တမ်းပြီးနောက် အနားတွင် မနေချင်တော့ဘဲ အခန်းထဲသို့ ထ,ဝင်သွားသည်။



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ခင်လေးမြင့်မှာ ခြေထောက်ရှဲ့သွားခြင်းကို ဝမ်းနည်းရမှန်း နားမလည်သော်လည်း အင်တေအခွံခွာလိုက်ခြင်းကို ဝမ်းသာကျေနပ်နေရှာသည်။ သူ့ခြေထောက်က ချုပ်ရိုးကြီးကို ကုန်း၍ လက်နှင့်ပွတ်ကြည့်လိုက် ရှဲ့နေသည့်ခြေဖဝါးကို လက်နှင့်ဆွဲကြည့်လိုက်နှင့် အငြိမ်ကို မနေဘဲ ပေါင်ပေါ်တွင် တလှုပ်လှုပ် လုပ်နေသည်။

ကျမမှာ သူ့ခြေထောက်ကို မမြင်ဝံ့အောင်ဖြစ်ကာ ကြည့်ချင်စိတ် မရှိတော့ချေ။ သူ့အဖေကိုလည်း ဘာပြောရမှန်း စကားရှာမတွေ့ဘဲ ဆို့နေတာ ရပ်နေသည့်အတိုင်း ရပ်နေရာမှ မျက်ရည်တွေ စီးကျလာသည်။

သူသည် ကျမလက်ကို လှမ်းဆွဲကိုင်လိုက်ကာ ကျမကို ဘာမှမပြောနိုင်ဘဲ မျက်နှာကိုသာ စိုက်လျက်ကြည့်နေတုန်းပင်...

"အပျိုကလေးများဖြစ်လာယင်...ကိုကိုရယ်"

ကျမမှာ ရှေ့သို့ဆက်၍ ပြောနိုင်စွမ်း မရှိတော့ချေ။ သူ၏မျက်နှာ တပြင်လုံး မဲမှောင်သွားသည်ကိုသာ မြင်လိုက်ရတော့သည်။

ခင်လေးမြင့် ဤသို့ခြေထောက်ရှဲ့သွားပြီးနောက် တလလောက်ကြာလျှင် သူ့အဖေ ဆေးရုံ၌ ဆုံးသွားလေသည်။

သေသောသူအတွက် စိတ်ဆင်းရဲခြင်း ဒုက္ခသာမက ရှင်သောသူအတွက် စိတ်ဆင်းရဲခြင်းဒုက္ခကိုပါ နေ့စဉ်နေ့တိုင်း ခံစားနေရသည်။ ခင်လေးမြင့်သည် တင်ပါးက နာသည်ဟု ခါတိုင်းလို မပြောသော်လည်း ခါးကိုလိမ်ကာ ရှဲ့စောင်းရှဲ့စောင်း လျှောက်နေပုံမှာ ကြာလေကြာလေ အရုပ်ဆိုးနေသဖြင့် ကြီးတော်စကားကို နားမထောင်ဘဲ ဆေးရုံတင်၍ ရှဲ့ရတာဟု ရင်ထုမနာ ဖြစ်နေရသည်။ ခင်လေးမြင့်၏ ကံကြမ္မာဟုသဘောမထားနိုင်ဘဲ မိဖအပြစ်ဟု စိတ်ထဲ၌ စွဲနာနေတော့သည်။

သေသူ၏ ဝေဒနာကို စဉ်းစားလိုက်လျှင် ကျောက်လိုလို ဝက်သက်လိုလိုဖြင့် ဘာရောဂါမှန်းမသိရဘဲ ၁၀–ရက်ထဲနှင့်ဆေးရုံတင်ပြီး အသက်ကုန်ရ၏။ ရှင်သူ၏ ဝေဒနာကို စဉ်းစားမိပြန်လျှင်လည်း အကြောထုံးသလိုလို အကြောတင်းသလိုလိုဖြင့် ဆေးရုံတင်ပြီး အကောင်းပကတိက ရှဲ့သွားလေသည်။ မျက်စိရှေ့တွင် ခါးကိုလိမ်၍ ရှဲ့စောင်းရှဲ့စောင်း လျှောက်ရရှာသော ခင်လေးမြင့်ကို မြင်ရတိုင်း စိတ်မချမ်းသာဖြစ်နေကာ အကယ်၍ ကျမသာ ဗမာဆေးဝါးကို ယုံကြည်နိုင်ပါက ယခုလိုဖြစ်ချင်မှ ဖြစ်မှာဟု တွေးထင်လာသည်။

ဗမာဆေးကို ယုံကြည်လေးစားဖို့ရန်လည်း ခက်နေသည်။ နောက်နောင်ကအထင်မကြီးသော စိတ်ကို ရုတ်တရက် ဖျောက်မရနိုင်ဘဲ ယုံလည်း ယုံချင် ယုံလည်းမယုံဝံ့ မယုံဝံ့၍ နိုင်ငံခြားဆေးဝါးကို အားထားဖို့ရန်လည်း စိတ်ပျက်လှသည်။ တကယ့်အရေးတွင် သားအဖနှစ်ယောက်စလုံး မျက်မှောက် လက်တလောကြီး ပက်ပက်စက်စက် ဖြစ်ကုန်ကြသောအတွေ့အကြုံကြောင့် ဆက်လက်အားထားချင်စိတ် ကုန်ခမ်းနေသည်။ ကျမမှာ တောင်မရောက် မြောက်မရောက် အ

တော့်ကို စိတ်ညစ်စရာကောင်းနေသည်။ ဤအတွင်း နေထိုင်မကောင်းဖြစ်ရာ ဗမာဆေးလည်း မသောက်ဝံ့၊ အင်္ဂလိပ်ဆေးလည်း မသောက်ချင်၊ ဘယ်ဖက်မှမပြတ်သားဘဲ ဝေဒနာတဖက်နှင့် အခက်ကြုံလာသည်။

တခုခုကို ရွေးချယ်ကာ ပြတ်သားမှုဖြစ်တော့မည့်အချိန်အခါရောက်မှပင် စိတ်ကို ပြတ်သားအောင် လုပ်ရသည်။ နိုင်ငံခြားဆေးဝါးကို အားထားချင်စိတ် ကုန်ခမ်းခြင်းဖြင့် ဆက်လက်၍ မစဉ်းစားဘဲ မယုံဝံ့ဖြစ်နေသော ဗမာဆေးဝါးကို ယုံအောင် ယုံကြည်နိုင်မည့်လမ်းကို ရှာဖွေစဉ်းစားကြည့်သည်။ ဆေးကို စမ်းသပ်စားသုံးခြင်းထက် ပညာကို လိုက်စားခြင်းဖြင့် ယုံကြည်သင့်လျှင် ယုံကြည်မည်ဟုဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်၏ လှုံ့ဆော်စေစားချက်အရ ဗမာ့ဆေးပညာကို အားထုတ်ကြိုးစားလေ့လာလိုက်စားခြင်း ဖြစ်တော့သည်။

ကျမ သင်ကြားယူသော ဆေးပညာကား ရှေးဦးစွာ ပညတ်နှင့်ပရမတ်ကို ကွဲပြားထင်ရှားအောင် ပြစွမ်းနိုင်သောအခြေခံပညာမျိုးဖြစ်သည်။

သင်္ခတဓာတ်၊ အသင်္ခတဓာတ် ဓာတ်အားဖြင့် ၂ ပါးအပြားရှိခြင်းကို ထင်လင်းနိုင်စေသည်။ သင်္ခတဓာတ်သည် အဝိဇ္ဇာမာနပညတ်၊ သမုတိပညတ်ဖြစ်၍ လောကီတရားကိုယ်အရ လောကဓာတ်မည်၏။

လောကီသမုတိပညတ်မှလွတ်သော လောကုတ္တရာနိဗ္ဗာန်သည် ပရမတ္ထစစ်စစ် ဖြစ်၍ အသင်္ခတဓာတ်မည်၏။ ထိုအသင်္ခတဓာတ်သည် ဝိဇ္ဇာမာနပညတ်ဖြစ်၍ ကံစိတ်ဥတုအာဟာရအကြောင်းတရားလေးပါးတို့မှ ပြုပြင်ခြင်း ကင်း၏။ သင်္ခတဓာတ်သည် မမြင်နိုင်သော ဓာတ်မျိုးဖြစ်သည်။

သင်္ခတဓာတ်မှာ အဝိဇ္ဇာမာနပညတ်ဖြစ်၍ ကံစိတ်ဥတုအာဟာရလေးပါးတို့မှ ပြုပြင်ခြင်းမကင်းသော သင်္ခါရနယ်အတွင်း ဖြစ်၍ ဖြစ်ပျက်ခြင်းအကြောင်းကြောင့် သင်္ခတဓာတ်မည်၏။ သင်္ခတဓာတ်၌ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု သုံးပါးခွဲခြားထားရာတွင် ထိုသုံးပါးသောလောကတို့၌ သတ္တပုဂ္ဂလ၊ သတ္တဝါပုဂ္ဂိုလ်အစရှိသည်တို့သည် သတ္တလောကဖြစ်၏။ ဖြစ်တတ်ပျက်တတ်ခြင်းသည် သင်္ခါရလောကဖြစ်၏။ ဆိုအပ်ပြီးသော သတ္တလောကတည်ရာ ဣန္ဒြိယ၊ အနိန္ဒြိယ၊ ဘဒ္ဒသဒ္ဒရုပ်အပေါင်းတို့သည် ဩကာသလောကမည်၏။

ဤသို့ပညတ်နှင့်ပရမတ်၊ သင်္ခတနှင့်အသင်္ခတဓာတ် တခြားစီ ကွဲပြားခြားနားကြရာဝယ် ဗမာဆေးကျမ်း ဓာတ်ကျမ်းတို့၌ ပညတ်နှင့်ပရမတ်၊ လောကီလောကုတ္တရာ ရောထွေးယှက်တင်နေကာ အဓိပ္ပာယ်အယူအဆ မရှင်းနိုင်အောင် ရှုပ်ထွေးနေသည်။

လောကုတ္တရာမှာ သင်္ခါရလွတ်ရာ ဓာတ်၊ ဗိန္ဒော၊ ဆေးဝါး စားစရာမရှိ၊ လောကီမှာသာ ဆေးဝါး စားစရာရှိသည်။

ကျမ ဆေးပညာကို ဆရာသမားထံ သင်ကြားစက ဆရာကြီးသည် သူ၏ နှုတ်တွင် ခဲထားသော ဆေးတံကို ချွတ်ကာ "ဒါဘာလဲ"ဟုမေးလေသည်။

E-book is created by www.shanyoma.org

ဆေးတံကို "ဒါဘာလဲ"ဟုမေးခြင်းမှာ စဉ်းစားစရာကောင်းသဖြင့် ကျွမမှာ ဆရာအမေး ကို ခေတ္တမျှ စဉ်းစားနေပြီးနောက် ဆေးတံဟု မဖြေဘဲ 'ဓာတ် ၈ ပါး ဖွဲ့စည်းထားတဲ့အရာပါ'လို့ ဖြေလိုက်တယ်။

"ဘာဓာတ်တွေ ဖွဲ့စည်းနေတာလဲ"ဆရာက ပြုံးကာ ထပ်မေးလိုက်၏ ။ ကျွမ၏ အဖြေ ကို အားတက်ကာ... ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာအစရှိတဲ့ ဓာတ်(၈) ပါးအစုအဝေးပါဟုဖြေရှင်းပြောလိုက်သည်။ ကျွမ၏ အဖြေ ဆုံးလျှင် ဆရာက မျက်မှောင်ကြုတ် ထားလျက်...

"ကိုယ့်မျက်စိနဲ့ ဒီဓာတ်တွေ စုဝေးနေတာကို အသေအချာ မြင်ရသလား"ဟုမေး၏ ။

"မြင်တော့ မမြင်ရပါဘူးဆရာ"

"နို့ မမြင်ရဘဲနဲ့ ဘယ့်နဲ့ဖြေသလဲ"

"ဆရာ မိဘ ဆိုဆုံးမလို့ကြားဘူးနားဝအသိနဲ့ ပြောရတာပါဆရာ"

"တကယ်မြင်တဲ့အသိက ဘာလဲ"

"ဆေးတံပါဆရာ"

ဆရာ၏ မျက်နှာမှာ လင်းသွားကာ ပညတ်ပရမတ် အဓိပ္ပာယ်ရှင်းသွားအောင် သင်ကြား လေသည်။

"ကိုယ်မြင်တာ၊ ကိုယ်သိတာ ပြောမှပေါ့ကွဲ့၊ ဓာတ် (၈) ပါး၊ ရုပ်ရှစ်ခုရှိတယ်ဆိုတာ ဘုရား ရဟန္တာများသာ တခုချင်းပိုင်းခြားသိမြင်တာဘဲ ဘုရားမြင်တာကို ကိုယ်ကပါ လိုက်မြင်သလို ပြောဆို နေလို့ဖြစ်နိုင်ပါ့မလား၊ ဒီပညာကို တတ်ချင်ရင် ကိုယ်မြင်တာ ကိုယ်သိတာပြောမှတတ်မယ်၊ ဆေးကု နေကြတဲ့အချို့ဆရာများလဲ ပထဝီပျက်တယ်၊ တေဇောလွန်ကဲတယ် စသည်အားဖြင့် ဒီဓာတ်တွေ သိသလိုမြင်သလို ပြောကုနေကြတယ်၊ ပထဝီဓာတ်၊ တေဇောဓာတ်သာ တကယ်သိ၊ တကယ်မြင် ကြပါတယ်ဆိုယင် ဒီဆရာတွေကို ဓာတ်ပုံရိုက်ပြီးကိုးကွယ်ကြဘို့ရှိတော့တယ်။ ပညတ်နယ် ပရမတ် နယ် ပိုင်းခြားနားလည်မှ ဒီပညာတတ်မှာ။ ကိုယ်မသိတဲ့စကား မပြောနဲ့၊ ပညတ်ကို စဉ်းစား ပညတ်သိမှ ဓာတ်သိမယ်"

"ပညတ်သွားရာ ဓာတ်သက်ပါကြောင်း ဉာဏ်ဆင့်လောင်း၍ ကုကောင်းစွာလှ၊ ထွေရာဝိုး ဝါး၊ ယူမမှားနှင့်"ဟူ၍လည်းကောင်း ရှင်အရဟံသိုက်စာကို သတိရကာ ဆရာကြီး၏ဩဝါဒ အတိုင်း ပညတ်အရာကို ပညာအစ၊ စတင်တွေးဆ ဆင်ခြင်လာသည်။ ပညတ်ပရမတ်ခွဲခြားကာ လောကဓာတ်သဘာဝအစကို ရှာကြည့်လိုက်ရာ၌ ပညတ်ကစခြင်းကို ရိပ်မိလာသည်။ ပညတ်ကို အရင်သိမြင်ထားမှလည်း ပရမတ် သဘောပေါက်နိုင်မည်ဟုထင်သည်။

ထို့ကြောင့် ပညတ်နယ်ပယ်ကို အကျဉ်းချုပ်၍ ဆည်းပူးလိုက်စားသည့်အခါ၌ အက္ခရာ ပညတ်၊ သင်္ချာပညတ်၊ နေ့ပညတ်ဟူ၍ ပညတ် ၃ ချက်ပေါ် ထွက်လာသည်။ က–အစ၊ အ–အဆုံး ၃၃ လုံးသောအက္ခရာတို့မှာ အက္ခရာပညတ်ဖြစ်သည်။ အအာဣဤ စသည့်သရ(၈)လုံးမှာ သရ



E-book is created by www.shanyoma.org

ပညတ် ဖြစ်သည်၊ တနင်္ဂနွေ အစ၊ စနေအဆုံး ဤ(၇)လုံးမှာ နေ့ဟူသောပညတ်ဖြစ်သည်။

က,အစ– အ,အဆုံး ၃၃–လုံးသောအက္ခရာ၊ ဂ–လုံးသောသရ၊ ဝဏ္ဏ ၄၁ လုံးတို့မှ ပါဠိကိုပြုပြင်ခြင်း၊ အနက်ကိုပြုပြင်ခြင်း အဓိပ္ပါယ်ကိုပြုပြင်ခြင်း အနည်းနည်း အသွယ်သွယ် ဆန်းကြယ်လှစွာသော လောကီလောကုတ္တရာ အရာရာအပေါင်းတို့ကို ပြုပြင်စီရင်ဖန်ဆင်းတတ်သောကြောင့် အက္ခရာပညတ်ဖြစ်သည်။

၁–အစ၊ ၉–အဆုံး ဤ ၉–လုံးသော သင်္ချာသည် မြှောက်ခြင်း စားခြင်း၊ နှုတ်ခြင်း၊ ပေါင်းခြင်း၊ သိအောင် သင်္ချာ၊ သင်္ချေ၊ ကုဋေကုဋာ ရေတွက်ခြင်းမှန်သမျှတို့ကို ပြုပြင်စီရင် ဖန်တီးတတ်သောကြောင့် သင်္ချာပညတ်ဖြစ်သည်။

ထို့အပြင် တနင်္ဂနွေအစ စနေအဆုံး ၇ လုံးတွင် ၁၀ဂ နဝင်း၊ တြင်းပေါင်း၊ နဝင်းပေါက်ကောင်းကင်တာရာ နေ–လ, နက္ခတ်အစရှိသည်တို့ကို ပြုပြင်စီရင် ဖန်တီးတတ်သောကြောင့် နေ့ပညတ် ဖြစ်သည်။

၃၃–စီးသောဆင်ပြောင်၊ တော၃–တောင်၌ ထွက်၍ကျက်စားသောကြောင့် ချည်အပ်သောကြိုးရှစ်စင်းနှင့်တိုင်လေးတိုင်မှာ ချည်နိုင်က ဆေးကုသတော့ဟု ဓာတ်ပညာ၏ဩဝါဒ တချက်၊ တြိမူလဆေးယူကြလော့ဟူသော ခင်ကြီးပျော်၏ ဆိုဆုံးမအရ ကျမ အကျဉ်းချုပ်၍ ရထားအပ်သော ပညတ်သုံးသွယ်တွင် ဆေးပညာ၊ ဓာတ်ပညာကို လိုက်စား၍ ရှာဖွေသင်ကြားပေတော့သည်။

ရေ၊ မြေ၊ လေ၊ မီး ဟူသောဓာတ်ကြီးလေးပါးသည် နိယာမ အစဉ်မပျက် ကမ္ဘာအဆက်ဆက်တည်ကြကုန်သည်။

ရေ မြေ လေ မီး ဓာတ်ကြီးလေးပါးကို အဋ္ဌော၊ ဂဗ္ဘော၊ စရေ ဝံသေ ချ၍ ဓာတ်ခွဲလိုက်သောအခါ ဂ–မျိုးကွဲကာ အဖိုအမဓာတ်များ တွဲပေါ် လာသည်။

ကမ္ဘာဦးအစ ဗြဟ္မာများ ကိုယ်ရောင်ကွယ်ပကာ နေထွက်လာပြီး တနင်္ဂနွေဟု ပညတ်သည့်အတွက် တနင်္ဂနွေကပင် စ၍ ပညတ်သုံးချက်ဖြင့် ဖွဲ့စည်းကြည့်လိုက်မည်ဆိုလျှင်...

တနင်္ဂနွေအက္ခရာအားဖြင့် အ၊ ဂဏန်းသင်္ချာအားဖြင့် ဂြိုဟ်စဉ်ကား ဂဠုန်၊ ပိဋကတ်ကား တေဇော၊ ပညတ်ကား မီးခဲ၊ ဓာတ်သရုပ်မှာ နာ၊ အရသာကား အစပ်၊ အမျိုးကား ဂျွန်း၊ ဓာတ်ကိုကြည့်လျှင် ဓာတ်ဖို...

တနင်္ဂနွေကစ၍ စနေအထိ ဤသို့အားဖြင့် ကောက်ယူဖွဲ့စည်း သင်အံ့မှတ်သားပြီးနောက် ဆရာသမားတို့ ညွှန်ပြချက်အတိုင်း တည့်မတည့်၊ တည်သည့်ဓာတ် မတည့်သည့်ဓာတ်၊ အရှင် အသေ ဓာတ်ပညာဖြင့် သစ်ပင်များစိုက်ကာ ဓာတ်သဘာဝကို စမ်းသပ်ခြင်း၊ တိရစ္ဆာန်များကို ကုသစမ်းသပ်ခြင်း၊ လူ၏ဝေဒနာကို ကုသခြင်း...တည့်သည့် မတည့်သည့်ဓာတ်များကို ကေန်မလွဲသိနိုင်သော ဗမာ့ဆေးပညာရပ်ကို အထင်မသေးတော့ဘဲ ယုံကြည်အားထားမှု ကြီးမားလာသည်။



E-book is created by www.shanyoma.org

ဆရာကြီးမှာ ဆေးပညာကို ထူးချွန်အောင် လိုက်စားနေခြင်းကို အားရဝမ်းသာဖြစ်ကာ ဆထက်တန်ပိုးတိုး၍ ဉာဏ်အားထုတ်လာစေနိုင်အောင် ပညာကို တိုက်ရိုက်မသင်ဘဲ သဘောပေါက် စွဲမြဲယုံကြည်နိုင်အောင် လက်တွေ့ရှာနည်း သင်ကြားစေသည်။

ဗမာပီသ၍ ဗမာဆန်ကာ ရှေးဗမာဆရာကြီးတဦးဖြစ်သဖြင့် ပညာသင်ကြားစဉ်က... ကျမမှာ တတ်နိုင်သမျှ ခေတ်ပညာ သင်ကြားခဲ့သောစိတ်ကို ဖျောက်ထားရသည်။

ဆရာကြီး သင်ပြသွားသည့်အချက်များမှာ ခေတ်နားနှင့်ခေတ်ပညာတတ်အဖြစ်နှင့် နားထောင်လျှင် ပညာ၏ အဓိပ္ပါယ်ကို ဘာဆိုလိုမှန်းပင် သိဖို့ခဲယဉ်းနေသည်။ အဓိပ္ပါယ်မိမိရရ သိရှိအောင် နားထောင်နိုင်ပါမှ အကျိုးများတော့သည်။

"ပေါက်ပင်ကိုင်းကိုင်း၊ ဘာဖြစ်လို့ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ်...ဗျိုင်းဘာဖြစ်လို့ နားရတယ်၊ ငါးပေါ်လို့ နားရတယ်၊ ငါးဘာဖြစ်လို့ပေါ်ရတယ်၊ ကျွဲလူးလို့ပေါ်ရတယ်၊ ကျွဲဘာဖြစ်လို့လူးရတယ်၊ ဖြုတ်ကိုက်လို့လူးရတယ်၊ ဖြုတ်ဘာဖြစ်လို့ကိုက်ရတယ်၊ မိုးရွာလို့ကိုက်ရတယ်၊ မိုးဘာဖြစ်လို့ ရွာရတယ်၊ ဖားအော်လို့ရွာရတယ်၊ ဖားဘာဖြစ်လို့အော်ရတယ်၊ မြွေကိုက်လို့အော်ရတယ်၊ မြွေဘာဖြစ်လို့ ကိုက်ရတယ်၊ ဝမ်းဟာလို့ကိုက်ရတယ်..."

"ဒီစာဟာ ဗမာမှန်ယင် သိကြတယ်ကွဲ့ ဗမာတိုင်း ကြားဘူးကြတာဘဲ စာရဲ့အဓိပ္ပာယ်နဲ့ အသုံးသိတဲ့သူကတော့ နည်းတယ် ဘာဆိုလိုတာလဲ ရိပ်မိသလား"

ကျမ ငယ်ငယ်တုန်းက ရွတ်ဖတ်ဖူးခဲ့သော အဖြစ်ကို သတိရမိသည်။ စာ၏ အဓိပ္ပါယ်ကိုလည်း မစဉ်းစားမိ၊ ဆိုကောင်းအောင် အစီအစဉ်နဲ့စပ်ထားတဲ့ပေါက်ကရစာဘဲဟု ထင်မှတ်ကာ ထူးခြားသည့်အဓိပ္ပါယ်ကို တွေးရမှန်းပင် မသိချေ။

"ဓာတ်တူနံတူ ဆေးဘက်ယူ၊ ကက်ကင်းသေရှင်ယူ ဆိုတဲ့စကားဘဲ မဟုတ်လားကွဲ့"

ဗမာ့ပညာ ဗမာ့ပရိယာယ် ဗမာ့နည်းနိဿယများမှာ သညာအတတ်မျိုးမဟုတ်ဘဲ ဉာဏ်ပေါ်၌ စေစားထားသော ခက်ခက်ခဲခဲပညာအတတ်မျိုးဖြစ်၍ ခေတ်လူများ လိုက်စားချင်မှု မရှိသောကြောင့် တဖြေးဖြေး ကွယ်မြုပ်ရပုံများကို တွေးနေမိလေသည်။

"ပေါက်ပင်ကိုင်းကိုင်း၊ ဘာပြုလို့ကိုင်းရတယ် ဗျိုင်းနားလို့ ကိုင်းရတယ်ဆိုတဲ့နေရာမှာ ဓာတ်သဘော ရှာစမ်း၊ ဆူညံနေအောင် အော်နေတဲ့ဘဲအုပ်ကို ပြာပက်လိုက်ယင် ချက်ချင်း တိတ်သွားမယ်၊ ပေါက်ပင်ကို နက်အောင် ထွင်းပြီး ဘင်ကိုမြှုပ်ထားလိုက်ပြီး သုံးနှစ်စေ့တော့ ထုတ်ယူကြည့်ယင် ပေါက်ပင်ကိုင်းကိုင်း ဗျိုင်း ဘာဖြစ်လို့နားတယ်ဆိုတဲ့အဓိပ္ပါယ်ကို သိလိမ့်မယ်"

ကျမမှာ ဘဲနှင့်ပြာ ပေါက်ပင်နှင့်ဗျိုင်း၊ ရုပ်ကနေ ခိုက်သည့်ဓာတ် ကက်ကင်းသဘော ဓာတ်ပညာဖြင့် တွေးဆကြံစည်ကာ စိတ်ဝင်စားစွာ နာယူသင်မှတ်နေသည်။

"ဗျိုင်းဘာဖြစ်လို့ နားရတယ်၊ ငါးပေါ်လို့ နားရတယ်ဆိုတဲ့နေရာကတော့ ငါးကလေးချဉ်ကို အထက်မြင်းခြံ ပခုက္ကူယူဆောင်သွားယင် ရက်ကြာကြာမခံလို့ ပစ်လိုက်ရမယ်...ဗျိုင်းဘာဖြစ်လို့ နားရတယ်ဆိုတဲ့အတိုင်း ငါးချဉ်အိုးအလယ်တည့်တည့်မှာ လက်ပံသား စောက်ထိုးစိုက်ပြီး

ယူဆောင်သွားယင် ရက်ကြာပေမဲ့ ငါးချဉ်မူမပျက်ဘဲ စားကောင်းတယ်၊ လက်ပံသားက အပူမို့လား အအေးမို့လား''

ဓာတ်သဘောကို အရိပ်ပြ၍ ရှင်းလင်းသင်ပြောနေလေရာ အကောင်ထင်အောင် မိမိရရ အဓိပ္ပါယ်ကောက်ယူနိုင်ရန်ကား မလွယ်ကူလှပေ။ ဓာတ်ဖိုဓာတ်မ အပူအအေးကို သိနားလည်ရုံဖြင့် ဓာတ်ကို ပိုင်းခြားခွဲနိုင်ပြီ မဟုတ်ရကား၊ ပိုင်းခြားခွဲမြင်သိရန် ပညာအဆင့်ဆင့် ရှိသေးသည်။

''ငါးဘာပြုလို့ ပေါ် ကျွဲလူးလို့ ပေါ် ရတယ်၊ ကျွဲဘာဖြစ်လို့လူး ဖြုတ်ကိုက်လို့ လူးဆိုတဲ့နေရာမှာကော–ဆရာ''

ဆရာကြီး၏ အဖြေမှာ ရုတ်တရက် အဓိပ္ပါယ်သိအောင် မပေါ်နိုင်ဘဲ တဖြေးဖြေးတွေးဆကောက်ယူမှ ပေါ်လာပေသည်။

''ဖန်ဘူးဆိုတဲ့ပုလင်းဖွင့်မရယင် ငွေဒင်္ဂါးနဲ့အသာတီးလိုက် ဖွင့်လို့ရမှာပေါ့၊ ငှက်ပျောပင်ကို အဖျားကဖြတ် မိုးကြိုးသွားတင်ထား အညွန့်မထွက်ဖူး၊ နာနတ်ပင်ကို စိုက်ယင် တူရွင်းနဲ့ တချက်တူးယင် တနှစ်ကြာမှ သီးတယ်၊ နှစ်ချက်တူးယင် နှစ်နှစ်ကြာမှ သီးတယ်၊ ဒီးဒူးတချောင်း အုတ်တသောင်းဆိုတာ ကြားဘူးမဟုတ်လား၊ အုတ်ဖိုတဖိုမှာ များသောအားဖြင့် အုတ်တသောင်း ဖိုပြီး ဖုတ်လေ့ရှိကြတယ်၊ အုတ်တသောင်း ဖိုမီးဖုတ်တဲ့အခါ ဒီးဒူးသားတချောင်း ပါသွားယင် အုတ်တွေ ပျက်စီးရတဲ့ဓာတ်ကို စဉ်းစား ရှောက်ရေညှစ်ထားတာ ကြာကြာခံချင်ယင် ဘယ်ဓာတ်နဲ့လုပ်မလဲ''

ကျမလည်း တည့်သည့်ဓာတ် မတည့်သည့်ဓာတ်ကို အတန်အကြာ စဉ်းစားကာ နှမ်းဆီနံ့နဲ့ ထည့်ထားယင်တော့ ကြာကြာခံပါလိမ့်မယ်ဟုဖြေလိုက်သည်။

''အေး ... ဒီဓာတ်ဆိုယင် ခံလိမ့်မယ် ဒါတွေဟာ ပထဝီပျက်လို့လား၊ တေဇောပျက်လို့လား၊ ဝါယောပျက်လို့လား၊ ဝါယောလွန်လို့ဖြစ်ကြသလားကွဲ့ ခင်ကြီးပျော်က ဓာတ်လေးပါး ညွှန်ကြားတာ ပရမတ်ညွှန်ကြားတာ မဟုတ်ဖူး၊ ပညတ် ညွှန်ကြားတာ''

''ဖြုတ်ဘာဖြစ်လို့ ကိုက်ရတယ် မိုးရွာလို့ကိုက်ရတယ်။ မိုး ဘာဖြစ်လို့ရွာရတယ် ဖားအော်လို့ ရွာရတယ်၊ ဖား ဘာဖြစ်လို့အော် မြွေကိုက်လို့အော်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ကကော ဆရာ ကျမ စဉ်းစားလို့ မရသေးပါဘူး''

ဆရာကြီး၏ စိတ်ပါလက်ပါ သွက်လက်သော အမူအရာများမှာ ရုတ်တရက် လေးထိုင်းသွားကာ အတန်ကြာ တိတ်ဆိတ်နေ၏ ။ နောက်မှ...

''ဗမာ့ဆေးပညာဟာ ဘုန်းကြီးတပါး ပြောသွားတယ်ဆိုတဲ့ပညာမျိုး မဟုတ်ဖူးကွဲ့''ဟု ပြောလေသည်။

''မမလေး မေးတဲ့မေးခွန်းကို လူတိုင်းသိလောက်တဲ့ပညတ်ကို ဆက်စပ်ပြမယ်၊ ဇာတ်မင်းသားကြီးဦးဖိုးစိန်နဲ့ဦးစိန်ကတုံးကို သတိပြုလိုက်စမ်း၊ ဦးစိန်ကတုံးက ဦးဖိုးစိန်လောက် အသက်မရှည်ဘူး မဟုတ်လား၊ ဆိုင်းဝိုင်းတီးအကျော် ဦးဘမောင်က အသက်ရှည်ပြီး စိန်ဗေဒါက

အသက်တိုတယ် မဟုတ်လား၊ မိုးတွင်း ဖားဂုံညင်းတွေအော်ယင် တညင်းသီးပြုတ်ရေနဲ့လောင်းကြည့် အသံတိတ်သွားမယ်...ဒီဓာတ်ပေါ့''

သူနှင့်သူနှင့် တည့်–မတည့်ဓာတ်များမှာ နားစိုက်ထောင်ယင်း တစစရိပ်မိလာသည်။ ပညတ်သွားရာ ဓာတ်သက်ပါကြောင်း၊ ဉာဏ်ဆင့်လောင်း၍ ကုကောင်းစွာလှ၊ ထွေရာဝိုးဝါး၊ ယူမမှားလင့်ဆိုသည့်အတိုင်း စမဦးခေါင်းချရာကို ကျမအဘို့ လွယ်လင့်တကူရပါစေသောငှာ ဗမာဆေးပညာကား ဤလိုလက်တွေ့အမှန်တွေ ရှိပါသည်ဟုသိပါစိမ့်သောငှာ သင်ပြောပြနေခြင်းဖြစ်သည်။

ကျမသည် လက်တွေ့ တည်မတည့် ဓာတ်များကို ကိုယ်တိုင်ဉာဏ်လွှာစဉ်းစားစမ်းသပ်ကာ ပညာကိုသာ အားထားလျက် ဆေးကိုမူ ကိုယ့်ဘာသာကိုယ်ဖြစ်နိုင်ကြောင်း တွေ့ရှိလာသည်။

ခင်လေးမြင့် ခြေထောက်ရွှဲ့သွားခြင်းကို အကြောင်းပြု၍ ဗမာ့ဆေးပညာကို လိုက်စားမိကာ ၇ နှစ်ခန့် သင်ကြားမိသောအခါ ကျမမှာ ဓာတ်သဘောကို ထောက်မိ ခေါက်မိသောဆေးဆရာပေါက်စ ဖြစ်လာလေသည်။

''မမလေး...ခလေးတယောက် တက်နေတယ် သေတော့မယ် သွားကုလိုက်စမ်းပါ''

ဆရာကြီးအမိန့်အရ ကျမမှာ မနေသာဘဲ ခလေးအဖေ ခေါ်ရာ ရေကျော်ဦးရွှေဂွန်းလမ်းသို့ လိုက်သွားရလေသည်။ ကျမရောက်သွားသောအိမ်မှာ တလိုင်းလိမ်တထပ်အိမ်ဖြစ်သည်။ အိမ်ရှင်များမှာ မော်တော်ဘတ်စ်ကားများ ထောင်လျက် ရွှေမျိုးမိသားတစု စုဝေးနေကြသော ဦးကြီးရှိန်၏ အိမ်ဖြစ်သည်။

အိမ်ပေါ်တွင် ပရိသတ်များ အိမ်နှင့်တလုံး ပြည့်ကျပ်နေပေ၏။ အိမ်နီးနားချင်း အသိမိတ်ဆွေများ ဖြစ်လျက် ကလေးအသဲအသန်ဖြစ်နေခြင်းကို လာရောက်သတင်းမေး ဝိုင်းအုံကြည့်ရှုနေကြသည်။ လူတွေများနေ၍ ကျမကုသမည့်ကုထုံးနှင့်ဖြစ်ပါ့မလား၊ ကပြက်ယပြက် လုပ်ကြမလားဟုပူပန်သွားကာ အိမ်ထဲမဝင်ခင် 'လူတွေ များလှချည့်လား၊ တယောက်တပေါက်နဲ့ ဖြစ်ပါ့မလား'ဟု ခလေးအဖေကိုစိန်မြကို ပြောလိုက်သည်။

''ဆရာမ သဘောပါ ဆရာမ... ကျွန်တော်တို့ အပ်ပါတယ်၊ အသက်ရှင်ယင် ပြီးရော၊ လုပ်ချင်သလို လုပ်ပါဆရာမ''

ဝဝတုတ်တုတ် ဖြူဖြူ ၁၀–လသားအရွယ်လောက်ရှိမည့်ခလေးလေးမှာ တခွီးခွီးနှင့်တက်နေ၏။ တက်ပုံမှာ ခလေးနှင့်မလိုက်အောင် ကြမ်းလှသည်။ မျက်စိနှစ်ဖက်ပျက်နေပြီး ဆန့်ငင်ဆန့်ငင်တက်နေသော ခလေးနား၌ ဝိုင်းအုံနေကြသော လူထုပရိသတ်ကို ဖယ်ရှားခိုင်းစေပြီး ခလေးကို ပွေ့ချီယူလိုက်သည်။

ခလေးတကိုယ်လုံး အနွေးထည်အထူဝတ်များကို ချွတ်ခိုင်းကာ အဝတ်ပါးနှင့်လဲပေးသည်။ နှမ်းဆီနှင့်ဆေးများဖျော်ကာ တကိုယ်လုံး အုပ်လိမ်းထားသဖြင့် တကိုယ်လုံး မဲပေနေသည်။

E-book is created by www.shanyoma.org

"သူငယ်နာအုပ်ဆေးဆရာက လူးခိုင်းလို့ လူးထားတာပါ"

ခလေးကိုယ်က နှမ်းဆီနှင့်ဆေးများကို စင်ကြယ်အောင် သုတ်ပစ်လိုက်သည်။ ထိုနောက် ရှောက်သီးကို ခွဲစိပ်ခိုင်းကာ ခလေး၏ မျက်စိထဲသို့ ရှောက်ရေများ ညစ်ချလိုက်သည်။ ကျမအနား ရှိ လူအုပ်မှာ မျက်လုံးမျက်ဆန်ပြူးနေကာ မျက်စိထဲညှစ်နေပုံ မနှစ်သက်သလို ကြည့်နေကြသည်။

"သူငယ်နာအေ့၊ မျက်စိထဲရှောက်ရေ ညှစ်ချလို့ဖြစ်ပါ့မလား"ဟုအချင်းချင်း တီးတိုး ပြောလိုက်သည်။

ကျမရင်ခွင်ထဲ၌ တလွန့်လွန့်ဖြင့် ကိုယ်လက် ဆန့်ငင်တက်နေသောခလေးမှာ မျက်စိထဲ သို့ရှောက်ရေဝင်လျှင် ထွန့်ထွန့်လူးဖြစ်သွားကာ မကြာမီ ငြိမ်ကျသွားလေသည်။

"ကျောက်ပြင်နဲ့သနပ်ခါးတုံး နံ့သာဖြူတုံး ကျမနား ယူခဲ့ပါ"

ခလေး၏ ဖွားအေက ကျောက်ပြင်နှင့်သနပ်ခါးတုံး ယူလာသည်။ 'သွေးပါရှင့်'ဟုပြော လိုက်ကာ ကျမလည်း ခလေး၏ ခြေဖဝါးကို ရှောက်ရေနှင့်ဆေးဖြင့် နာနာတိုက်ပေးနေသည်။

ခလေးတကိုယ်လုံးကို သနပ်ခါးနံ့သာဖြူများ လူးချကာ အနားရှိ ခလေးကြီးတော်အား ခလေးကို လေရအောင် ယပ်နာနာခပ်ခိုင်းရသည်။ မီးခဲထဲတွင် ကုလားမက်နှင့်ငြုပ်ကောင်းကို ထည့်စေကာ တခန်းလုံး မီးခိုးများ မှုန်ဝေနေအောင် မှိုင်းနဲ့ပေးထားလိုက်သည်။

ခလေးသည် ငြိမ်မှိန်းသွားရာမှ မျက်လုံးကလေး ဖွင့်လှစ်ကာ ဝေဒနာသက်သာရာ ရ သွားသကဲ့သို့ အသက်ကို မှန်မှန်ရှူလာသည်။ စိန်ကဲကျောက် ခတ်ကြည့်သည့်အတိုင်း ခလေး၏ အခြေအနေကို မပြတ်စောင့်အကဲခတ်နေမိသည်။

ခလေးအတက်ကျသွားလျှင် မိန်းမယောကျ်ား လူအုပ်ကြီးလည်း လေသံဖြင့် တယောက် တခွန်း တွတ်တွတ်ထိုးနေကြတော့သည်။ ကျမမှာ တချိန်လုံး ဘယ်အရာမှ သတိမပြုနိုင်ဘဲ ခလေး ၏ ဝေဒနာ သက်သာရေး၊ အသက်ချမ်းသာရေးကို ရှေ့ရှုလျက် တခုပြီးတခု နိုင်နိုင်နင်းနင်းလုပ် ပေးနေလေသည်။

မှိန်းနေသောခလေးမှာ ငြိမ်နေရာမှ တက်ချင်လာပြန်သည်။ မျက်စိထဲသို့ လျှင်မြန်စွာ ရှောက်ရေစက် ချပေးလိုက်ပြန်သည်။ လွန့်လိမ်သွားပြီးနောက် ပြန်ငြိမ်ကျသွားသည်။

"ဆရာဝန်တွေနဲ့ ဆေးထိုးတာလဲ အတက် မကျဘူး။ ဗမာဆရာခေါ်လဲ မရဘူး၊ ခဏခဏ တက်နေတာဘဲ၊ ဒီနေ့တော့ ကျွန်တော်တို့ ပစ်လိုက်ရပြီထားတာပါ ဆရာမရယ်"

"ဒီဆေး တိုက်လိုက်ပါ၊ ဒီလိုလုပ်ပါ"ဟုပြောရုံ မှာရုံဖြင့် သည်ခလေး ချမ်းသာမည်မဟုတ်၊ အနားကစောင့်၍ ကိုယ်တိုင်ကြပ်မတ်လုပ်ပေးနိုင်မှသာ အသက်ချမ်းသာစရာရှိသဖြင့် ကျမမှာ တနေကုန် တနေခန်း နေရာမှမထဘဲ စောင့်ကြည့်လုပ်နေသည်။

ကြောင်ပန်းရွက်ကို ခင်းစေကာ ခလေးကို ချသိပ်လိုက်ပြီး မောင်းကလေးတလုံးကို ဝယ် ခိုင်းလိုက်ပြီး မောင်းရောက်လာလျှင် ခလေးနားတွင်ကပ်၍ တီးခိုင်းထားသည်။ ယပ်ကိုလည်း မပြတ်ခပ်ပေးသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျမ ကုသပုံကို ကာလမျက်စိနှင့်ကြည့်လျှင် ကရော်ကမည် ဖြစ်ချင်လည်း ဖြစ်မည်။ အမှန်မှာ မည်သည့်နည်းဖြင့် ကုကု၊ ဝေဒနာပျောက်တာသာ ကျေနပ်ဖို့ရာဖြစ်သည်။ ဘူးပုလင်းလှလှ ဖိတ်ဖိတ်လက်လက် ပစ္စည်းများဖြင့် ဝေဒနာမချမ်းသာဘဲ အသက်ပျောက်သွားက ကျေနပ်စရာ မရှိထိုက်ပေ။ အသက်ပျောက်တာကို မကျေနပ်မလား သို့မဟုတ် ဘူးပုလင်းလှလှ ဖိတ်ဖိတ်လက်လက်ပစ္စည်းကို ကျေနပ်မလားကို တွေးဆစဉ်းစားဖွယ်ရာ ဖြစ်သည်။

ဓာတ်မသိတော့ ခက်သည်။ ဓာတ်သိယင် အလွယ်ကလေးဆိုသည့်စကားမှာ ဗမာ့ဆေးပညာရပ်၌ ဖြစ်ပေါ်သော စကားဟု ဆိုချင်ပါသည်။ ကျမအဖို့မူ သည်လိုတည့်သည့်ဓာတ်နှင့်ကုသပေးတတ်အောင် ဆရာသမားထံ၌ ၇–နှစ်၊ ၈–နှစ် ဆည်းပူးသင်ကြားခဲ့ရသော ပညာဖြစ်သည်။

ခလေးမိဖများကို လက်တွန်းလှည်းကလေးတစီး ရှာခိုင်းကာ ခလေးကို လက်တွန်းလှည်းကလေးပေါ် တင်လျက် တယောက်ပြီးတယောက် တွန်းစေသည်။ ခလေး၏ ဝေဒနာကို ခန္ဓာငါးပါးမှနေ၍ တည့်သည့်ဓာတ်များကို တိုက်ခိုက်တွန်းလှန်နေခိုက် အနှင့်စ၊ ရ ခေတ္တငြိုငြင် မရွှင်ဒေါသ မာနအမျက် ထွက်လိမ့်ပုံသေ မယွင်းပေသည့်အရှည်ပေါင်းကာ သင့်တင့်ပါ၏ ဟုဓာတ်ဆရာကြီးများ ညွှန်ကြားခဲ့သည့်အတိုင်း မီးဓာတ်နှင့်လေဓာတ်တို့၏ တန်ခိုးအာနိသင်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။

လေစာ မီးတောက် ပေးတုံမြောက်က ရောက်သည့်ရောဂါ ကင်းလွတ်ကွာလိမ့်ဟု ဆရာအမှာရှိသည့်အတိုင်း ခလေးနှင့်တည့်သည့်ဓာတ်များဖြင့် ထောက်ကူနှိမ်နင်းနိုင်စွမ်းမှုကြောင့် ခလေးမှာ မတက်တော့ဘဲ ပျက်စောင်းနေသော မျက်လုံးနှစ်ဖက်စလုံး မိမွေးတိုင်း ဖမွေးတိုင်း ပြန်တည့်သွားကာ ဝေဒနာပျောက်ကင်း ချမ်းသာသွားရသည်။

ရေကျော်ဦးရွှေဂွန်းလမ်း တရပ်ကွက်လုံးက သည်ခလေး ဘယ်တော့သေမလဲဟု နားတစွင့်စွင့် ဖြစ်နေကြသည်။ ခလေးဝေဒနာပျောက်ကင်းချမ်းသာသွားသည်ကို မြင်ကြလျှင် ခလေးမျက်စိထဲ ရှောက်ရေခပ်တာနဲ့ ပျောက်တယ်ဟု ကုထုံးစကား ဖြစ်နေကြသည်။ အမှန်စင်စစ် သည်ခလေးအဖို့သာ ရှောက်ရေနဲ့တည့်ခြင်းဖြစ်၍ မတည့်သည့်ခလေးများ တက်နေခိုက် ရှောက်ရေခပ်လိုက်လျှင် ကြက်ကလေး ဇက်လိမ်ချိုးလိုက်သလို အသက်ပျောက်သွားပေလိမ့်မည်။ တဦးပျောက်တာ မြင်ရသည်နှင့်အားလုံးပျောက်နိုင်သည်ဟု ထင်မှတ်ခြင်းမှာ လွဲမှားသောဝါဒ ဖြစ်သည်။

ခလေးမိဖများသည် ခလေးလေးကို ကျမ၏ ဆေးတိုက်ခန်းထဲသို့ ခေါ်လာကာ စားပွဲပေါ်၌ တင်ထိုင်ပေးသည်။

"မောင်အောင် ကန်တော့ မင်းမေမေကို ရှိခိုးလေ... ရှိခိုး"

ခလေး၏ လက်ထဲ၌ ငွေ ၃၀၀ တိတိထည့်ထားသော စာအိတ်ကို ကိုင်စေကာ လူကြီးက ကိုင်၍ ပုံစံပြုပေးလျက် ရှိခိုးကန်တော့ခိုင်းနေကြသည်။

လူကြီးလုပ်ပေးထားသည့်ပုံစံအတိုင်း မောင်အောင်က လိုက်၍ ရှိခိုးဦးချနေပေသည်။

ကျမ ရင်ထဲတွင် လှုပ်ရှားနေလေသည်။ ဒီတသက်တွင် ဘယ်နည်းနှင့်မျှ ကုမရနိုင်အောင် အကြောဖြတ်ပစ်ထားသော ခင်လေးမြင့်၏ ခြေထောက်ကို သွားမြင်လိုက်မိသည်။ အပျို့ပေါက် ကလေးအရွယ်သို့ရောက်လာလျှင် ခါးကို စောင်းကာ ရွဲ့ကာ လျှောက်သွားနေရရှာသော ပုံပန်း သဏ္ဌာန်သည် ဖျောက်ဖျက်၍ မရအောင် ပေါ်နေလေသည်။ ရင်ထဲ၌ ဆို့တက်လာသော အလုံး ကို ကျသွားရန် ဖြေဆည်ဖျောက်ဖွယ်ရာ ရအောင် နှလုံးသွင်းလိုက်ရသည်။

ခင်လေးမြင့် သူငယ်နာ အကြောင်းပြု၍ သည်ခလေး အသက်ရှင်ရခြင်း...။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဗမာ့ဆေးမှာ ဆေးမျိုးပေါင်း တရာ့ရှစ်မျိုးသာ

ရှိသည်။ တရာ့ရှစ်မျိုးတွင် သုံးစားရှိသည်။

ကျဉ်းလိုက်လျှင်ကား ဆေးမျိုး

နှစ်မျိုးသာ ရှိလေသည်။

E-book is created by www.shanyoma.org

# အရှေ့နှင့်အနောက်

နေရောင်သည် လင်းဝါလာကာ ရွှေခြည်ဖြင့် လမ်းပေါ် သို့ ဖြန်းပက်ထားသည်။

ဘောက်ထော်လမ်းပေါ် ရှိ ချိုင့်ခွက်များကား နေရောင်တွင် မဲနေကာ အရုပ်ဆိုးစွာ ဟောက်ပက်နေကြသည်။

လမ်းပေါ် တွင် ဖြတ်သန်းသွားလာနေကြသော ဘတ်စ်ကားများသည် စက်ရှိန် သတ်လျက် ချိုင့်ကြီးများတွင် ဘီးနစ်ကာ တနဲ့နဲ့ လိမ့်မောင်းကျော်ဖြတ်နေကြသည်။

ချိုင့်ထဲသို့ ဘီးကျ၍ ဝရုန်းဒိုင်းနှင့်သွက်သွက်ခါ ရမ်းသွားသော အသံဗလံများထွက် ပေါ် ဆူညံနေပေသည်။

ကျမတို့ နေထိုင်သော ဘောက်ထော်အရပ်ရှိ မြေလမ်းကား တခေါက်ရောက်ဖူးသူတိုင်း 'ဖိန့်ဖိန့်တုန်'ကြသည်။ ကားပေါ်၌ အသည်းနှလုံးပြုတ်ကျမလောက် ဆောင့်လျက် လမ်းတလျှောက်လုံး မောင်းသွားကြသော ဘတ်စ်ကားများမှာ လမ်းပေါ် တွင် ဦးစိုက်ပွဲထောင်ဖြစ်နေကြသည်။ ကုန်းပေါ် တွင် ကြီးသော လှိုင်းကား ရေလှိုင်းထက်ဆိုးပေသတည်း။

''အင်းစိန်ပိုင်''အထိမ်းအမှတ် ဘောက်ထော်မြေနီလမ်းဆုံနှင့်ရန်ကုန်ပိုင်ကတ္တရာခင်း လမ်းစပ်မှာ ခရီးဘယ်လောက်မှ မဝေးဘဲ ကားများသည် နာရီဝက်ခန့်နီးနီးကြာအောင် ချိုင့်ထဲ တွင် တဖြည်းဖြည်း လိမ့်သွားနေကြရသည်။

ကျမ၏ ကားသည် လမ်းပေါ် တွင် တရွေ့ရွေ့ ယိမ်းထိုးလှုပ်ကာ မောင်းနှင်နေလေသည်။

လမ်းဆိုးခြင်းသည် ကျမ၏ အတွေးကို ငြိမ်ငြိမ်သက်သက် မရှိအောင် နှောက်ယှက်နေ သည်။

ယနေ့နံနက် အိမ်မှထွက်လာခြင်းသည် ခါတိုင်းနေ့ များလိုမဟုတ် ခေါင်းထဲတွင် စဉ်းစား တွေးတောစရာများဖြင့် ပြည့်နှက်နေသည်။

အိမ်က ထွက်လာခဲ့ယင်း ကိစ္စနှင့်ဆက်စပ်၍ စိတ်ကူးထုတ်ကာ တလှုပ်လှုပ်တနဲ့နဲ့နှင့်တွေး ယင်းတွေးယင်း သင်္ဘောပေါ် သို့ ရောက်သွားလေသည်။

မော်လမြိုင်ကျွန်းမှ ဘိုကလေးသို့ ခုတ်မောင်းနေသော ရောဝတီနှစ်ထပ်မီးသင်္ဘောကြီး ဖြစ်သည်။ သင်္ဘောဦးခန်းထဲတွင် ကျမနှင့်အတူ စီးလာကြသောသူများကား ဒို့ဗမာအစည်းအရုံး မှသခင်အောင်သန်း၊ သခင်ညီ၊ သခင်ဗစိန်၊ သခင်တင်မောင်၊ သခင် မခင်ခင် သခင်ညီ၏ ဇနီးနှင့် ပြည်သခင်မ မသိန်းတန်တို့ ဖြစ်ကြသည်။

ကျမတို့လူစုသည် မော်လမြိုင်ကျွန်းသို့ တရားသွားဟောရာမှ ပြန်လာကြသည်။ မော် လမြိုင်ကျွန်းဇရပ်ထဲတွင် ကိုယ့်အလှည့်နှင့်ကိုယ် အသီးသီး လက်သီးလက်မောင်းတန်းကာ အင်္ဂလိပ်နယ်ချဲ့ကို အားရပါးရ ပုတ်ခတ် ရှုံ့ချဟောပြောပြန်ခဲ့ကြ၍ အတော်ကလေး မောပန်းလာသည်။

E-book is created by www.shanyoma.org

သဘော်ခန်းထဲတွင် ငြိမ်သက်စွာ ထိုင်ကြလျက် အားလုံးကိုလိုလိုပင် မြစ်ကမ်းနဖူးဘက်ရှိ လယ်ကွက် သစ်ပင် တဲအိမ် စသည့် တရိပ်ရိပ်ပြေးနေသော သဏ္ဌာန်များကို ငေးမောနေကြသည်။

ထိုအခိုက် ရင်တုန်တတ်သော သခင်ညီက သူ၏ အပေါ်အင်္ကျီအတွင်းအိတ်ထဲမှ ပယင်းရောင်ဆေးပုလင်းကလေးကို ထုတ်ကာ လက်ဝါးပေါ်သို့ ဆေးပြားကလေးများ ခေါက်ချလျက် ပါးစပ်ထဲသို့ပက်မျိုလိုက်သည်။

"ဘာဆေးလဲ...သခင်ညီ"

ကျမက လှမ်းမေးလိုက်သည်။ သခင်ညီမှာ ဆေးပြားမျိုနေခိုက် ရုတ်တရက် မဖြေနိုင်ခင်...

"အင်္ဂလိပ်ကို သခင်ညီတို့ ဗမာပြည်က ဘယ်လိုဘဲ မောင်းထုတ်နေပေမဲ့ အင်္ဂလိပ်ဆေးတော့ သူ့အိတ်ထောင်ထဲ ဘယ်တော့မှမချဝံ့ဘူးဗျ"

သခင်အောင်သန်းက ဝင်နောက်လိုက်သည်။

အများရယ်မောကြသလို ကျမလည်း ရယ်မောမိတယ်။ သို့သော် ထိုစကားမှာ ကျမအဘို့ ပြီးပြီးပျောက်ပျောက် မဟုတ်ဘဲ တွေးစရာ ဖြစ်၍တွေးမိသည်။

"အင်္ဂလိပ်တွေ မောင်းထုတ်လိုက်ပါပြီတဲ့ ဗမာပြည်မှာ ကိုယ်မင်းကိုယ်ချင်း ကိုယ့်လွတ်လပ်ရေးနဲ့ကိုယ်ရှိပါပြီတဲ့ ဘယ်မတုန်း ဆေး"

ကျမ၏ မေးခွန်းကို ကျမ ကျေနပ်လောက်အောင် အဖြေမပေးနိုင်ခဲ့။ ဗမာပြည်လွတ်လပ်ရေးရလျှင်ဟုစဉ်းစားမိတိုင်း အမျိုးသားဆေးပြဿနာ ပေါ်လာသည်။

ဗမာဆေးဆိုလျှင် နှာခေါင်းရှုံ့တတ်သောကျမသည် အင်္ဂလိပ်ဆေးကို မပြတ်မှီဝဲလျက် အင်္ဂလိပ်အစိုးရနှင့် အတိုက်ခံလုပ်ကာ သခင်အသင်းဝင် သခင်မ ဖြစ်နေသည်။

ထိုစဉ်က သခင်တွေ ပင်နီဝတ်ကြသလို ကျမလည်း ပင်နီဝတ်ခဲ့ကြသည်။ သခင်တွေ ဗမာဖြစ်အားပေးကြသလို ကျမလည်း မြန်မာဖြစ်ကို တတ်နိုင်သမျှ အားပေးသည်။

အင်္ဂလိပ်အစိုးရကို မကောင်းဟောပြော၍ အင်္ဂလိပ်ကို ဆန့်ကျင်၍ အင်္ဂလိပ်ကို တော်လှန်၍ သို့သော် အင်္ဂလိပ်ဆေးကို လက်မလွှတ်ဝံ့၊ သပိတ်မမှောက်ဝံ့။

"သူတို့ကို ဘယ်လို တိုက်တိုက်၊ ဆေးတော့ သူတို့ဆေး အားထားရမှာဘဲ"

ယခုလို တွေးတောလက်ခံရသည့်အဖြစ်ကို စိတ်ထဲ၌ အောင့်သက်သက်ရှိလှသည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဆေးနှင့်ကိုယ်ဟုရှေ့သို့ တဆင့်တိုး၍လည်း မစဉ်းစားရဲ၊ အင်္ဂလိပ်ဆေးဝါးကိုတော့ အာမခံဝံ့၍ ကိုယ့်အသက်ကို အင်္ဂလိပ်လက်ထဲ အပ်ထားရသည်။

တရားဟော စင်ပေါ်တက်၍ လက်ရိုးတန်းကာ အင်္ဂလိပ်အစိုးရအား သွေးစုပ်၊ နယ်ချဲ့၊ ဆိုပြောနေစေမူ စိတ်ထဲ၌ကား ဆေးဝါးနှင့်ပတ်သက်၍ အောင့်သက်သက်နှင့်...

ဤကစလေသည်။ မှတ်မှတ်ရရ အင်္ဂလိပ်ဆေး မရှိယင် ဘယ်နည်းနှင့်မှ မဖြစ်သလို အင်္ဂလိပ်ဆေးသာ ဆေးအောက်မေ့ခဲ့သောနေရာဌာနမှာ ရောဝတီသဘော်ပေါ်၌ ဖြစ်လေသည်။

နောက်ကြောင်းများကို အတောမသတ် တွေးနေစဉ် ကားမှာ ဘောက်ထော် မြေနီလမ်းဆိုးကို ကျော်ခဲ့၍ ကတ္တရာလမ်းပေါ် သို့ ရောက်လာလေသည်။

ဖြောင့်ဖြူးသောလမ်းပေါ် တွင် တငြိမ့်ငြိမ့်စီးလျက် တစိမ့်စိမ့် ပီတိဖြစ်နေပြန်သည်။

ခါတိုင်းမြင်နေကျ မြင်းပြိုင်ကွင်း၊ ဓာတ်ဆီဆိုင်၊ ကားဆိပ် ၊ ဒါတွေကို လျှံ၍ မျက်စိထဲတွင် ဝိုးဝိုးဝါးဝါးဖြစ်နေလေသည်။ ရုပ်ပုံကို မှန်းကြည့်လျက်ရှိရာအသက်အရွယ်လည်း မခန့်မှန်းနိုင် ၊ ရုပ်လက္ခဏာလည်း ပေါ် ပေါ် ထင်ထင်မရှိ၊ ပုံဖမ်းကြည့်သောသဏ္ဍာန်၌ ထင်ရှားသည့်အသွင် ကား အသားဖြူဖြူဂါဝန်ဝတ်...

ဂါဝန်ဝတ်ထားသောအမျိုးသမီး၏ ဝိုးတဝါးသဏ္ဍာန်သည် ကျမမျက်စိရှေ့၌ ဆီးနေလေသည်။

“မမလေး မနက်စောစော ဆေးတိုက်ကို လာခဲ့ပါ၊ အင်္ဂလန်က မစ္စဟတ်ဆင်ဆိုတဲ့ဆရာဝန်မကြီး ဗမာပြည်ရောက်လာပြီး ဗမာဆေးပညာကို စုံစမ်းချင်လို့ ဘားမင်းသတင်းစာ အယ်ဒီတာ ဦးမောင်မောင်ပြေက ဆရာ့ဆေးတိုက်မှာ ဆွေးနွေးပွဲလုပ်ဘို့ ချိန်းလိုက်ပြီ ဆက်ဆက်လာခဲ့ပါ”

ဆရာကြီး ထံမှ ပို့လိုက်သောစာအားဖြင့် မစ္စစ်ဟတ်ဆင်ဟူ၍ နာမည်သာ သိရသေးကာ လူချင်းမတွေ့ခင် ပုံသဏ္ဍာန်ကို မှန်းကြည့်မိသည်။

နောက်တုန်းက ‘လွတ်လပ်ရေးရလျှင် ဘယ်မတုန်း ဆေး’ဟု ကျမကိုယ်ကျမ မေးခဲ့သည်။ လွတ်လပ်ရေးမရခင် ဤအဖြေကို ကျမ မပေးနိုင်ခဲ့။ ယခုအင်္ဂလိပ်လက်အောက်က လွတ်လပ်သွားသည့်အချိန်ကျမှပင် လွတ်လွတ်ကျွတ်ကျွတ် အဖြေပေးနိုင်သောအဖြစ်ကို တစိမ့်စိမ့်ပီတိဖြစ်မိသည်။

အင်္ဂလိပ်ဆရာဝန်မကြီးတဦးက ဗမာဆေးပညာကို လိုလိုချင်ချင် ဆွေးနွေးစုံစမ်းလိုပုံမှာလည်း စိတ်ဝင်စားစရာပင်။

အင်္ဂလိပ်လက်အောက်က လွတ်မြောက်ပြီး အင်္ဂလိပ်ဆရာဝန်မကြီးတယောက်ရှေ့တွင် ဗမာဆေးကို အားထားမှီဝဲ၍ ဗမာ့ဆေးပညာကို လေးစားကြောင်း ပြရမည်မှာလည်း ကျေနပ်စရာပင်... ။

ကားသည် ကြည့်မြင်တိုင် ကွမ်းရွှံတန်း နေလဝိဇ္ဇာဆေးတိုက်နားတွင် ထိုးဆိုက်လိုက်သည်။

ဆေးတိုက်ရှေ့တွင် ကားတွေ စီရရီရပ်ထား၍ အချို့ဧည့်သည်များ ရောက်နှင့်နေကြလေပြီ။

ဆေးတိုက်ထဲသို့ဝင်သွားသောအခါ ထူးခြားသော ဆရာကြီးကို သတိပြုမိသည်။ ဆရာကြီးသည် မီးခိုးရောင် ဘန်ကောက်လုံချည်ဝတ်လျက် ပုဝါအသစ် ခေါင်းပေါင်းထားသည်။ တောက်ပြောင်သော အဝတ်အစားနှင့်ဆရာကြီးကို တွေ့ရခဲဘိ၍ အခါအလျောက် လောကအကြောင်းကို လိုက်လျောသားဘဲဟု အောက်မေ့ရသည်။

E-book is created by www.shanyoma.org

ဂါဝန်ဝတ် အင်္ဂလိပ်ကပြားမတယောက်နှင့်စိန်ပေါကျောင်းမှကျောင်းဆရာမတို့သည် စားပွဲခုံတခုတွင် ဧည့်သည်များ ကျွေးမွေးရန် ပေါင်မုံ့များ လှီးနေကြသည်။ ဆေးဘီရှီများအနီး ရှိ စားပွဲကုလားထိုင်များတွင် ဧည့်သည်များ ထိုင်နေကြသည်။

အတွင်းဝန်ဦးမောင်ကြီး၊ တက္ကသိုလ်ကထိကဆရာမဒေါ် သင်းကြည်၏ ဖခင်လယ်ဝန် ဦးကြို့၊ တက္ကသိုလ်ဓာတုဗေဒဌာနဆရာဦးသိန်းညွှန့်၊ စစ်ဗိုလ်ဦးမောင်မောင်၊ ဝတ်လုံတော်ရဦး ထွန်းအိ။

သူတို့သည် ကျမအယင် စောစောကြီး ဆေးတိုက်သို့ရောက်နေကြသည်။

ဆရာကြီးစားပွဲတွင် တင်ထားသော ဘားမင်းသတင်းစာကို ကောက်ယူကြည့်လိုက်ရာ ဆရာဝန်မကြီးမစ္စစ်ဟတ်ဆင်၏ အကြောင်းကို ရေးသားထားသောသတင်းများ ဖတ်ရှုရသည်။

သူမသည် ဗမာ့ဆေးပညာကိုသာမဟုတ် ဗုဒ္ဓဘာသာဝိပဿနာသမထတရားကို လေ့လာ အားထုတ်ရန် ရန်ကုန်သို့ရောက်လာခြင်း ဖြစ်သည်။

မစ္စစ်ဟတ်ဆင်(အမ်-ဘီ-ဘီ-အက်စ်၊ အမ်-အာရ်-စီ-အက်စ်)(လန်ဒန်)ဟူသောဂုဏ် ပုဒ်များအပြင် သူမ၌ ခိုင်မြဲတည်ကြည်သောဂုဏ်အင်္ဂါတရပ်လည်း ရှိသေးသည်။

ပထမကမ္ဘာစစ်ကြီးတွင် သူမသည် ဆေးပညာဘွဲ့ထူးကို ဆွတ်ခူးပြီးနောက် စစ်ထဲသို့ဝင် ရောက်အမှုထမ်းသည်။

စစ်တပ်ထဲတွင် စစ်ဗိုလ်တဦးနှင့်တွေ့ဆုံကာ ချစ်ခင်စုံမက်ကြလေသည်။ လက်မထပ်ရ သေးခင် ချစ်သူမှာ စစ်ထဲတွင် ပေါင်ကျိုးသွား၍ သူမကိုယ်တိုင် ဆေးကုပေးရလေသည်။

စစ်အပြီး ပေါင်ကျိုးနေသော ဗိုလ်ကြီးကို လက်ထပ်လိုက်သည်။

ခင်ပွန်းသည် ခြေတပေါင်ကျိုးနှင့်ကနေဒါပြည်တွင် လိုက်နေလေသည်။ ဒုတိယကမ္ဘာ စစ်တွင် မစ္စစ်ဟတ်ဆင်သည် အင်္ဂလန်သို့ပြန်လာခဲ့ကာ စစ်ဆေးရုံတွင် ဆရာဝန်အလုပ်ဖြင့် ဝင် ရောက်အမှုထမ်းပြန်သည်။

မစ္စစ်ဟတ်ဆင်၏ ယောကျ်ား ကွယ်လွန်သွားပြီးနောက်တွင်ကား မစ္စစ်ဟတ်ဆင်သည် ဝိပဿနာတရားကို လေ့လာအားထုတ်လို၍ သီဟိုဠ်၊ ကက်ရှမီးယား၊ တိဘက်စသည့်နိုင်ငံများသို့ လှည့်လည်သွားရောက်စူးစမ်းလေ့လာကာ နောက်ဆုံးတွင် ဗုဒ္ဓဘာသာထွန်းကားရာဖြစ်သော ဗမာ ပြည်သို့ခေတ္တရောက်လာခြင်း ဖြစ်ပေသည်။

ယနေ့ မစ္စစ်ဟတ်ဆင်၏ ဆွေးနွေးပွဲသို့ လာရောက်ကြသည့်ပရိသတ်ကား အင်္ဂလိပ်ဆေး ဝါးထက် ဗမာဆေးဝါးကို အားထားမှီဝဲနေကြသော ခေတ်ပညာတတ်ပုဂ္ဂိုလ်က များလေသည်။ မစ္စစ်ဟတ်ဆင် မရောက်လာသေး၍ ဧည့်သည်များ ဝိုင်းဖွဲ့ကာ ကော်ဖီသောက်နေကြစဉ် ကားတစီး ဆေးတိုက်ရှေ့သို့ ထိုးဆိုက်လိုက်သည်။ ဗိုလ်မကြီးတယောက်နှင့်ဦးမောင်မောင်ပြေတို့ ကားပေါ် မှ ဆင်းလာကြသည်။ မစ္စစ်ဟတ်ဆင်မှာ အသက် ၅ဝ ခန့်ရှိသည်။ အသားနီနီ အရပ်ခပ်မြင့်မြင့် ခပ်ပိန်ပိန် ခေါင်းပေါ် တွင် ဆံပင်များ ဖြူဖွေးနေသည်။ သွားပုံလာပုံမှာ ခပ်ရှို့ရှို့ခပ်ကိုင်းကိုင်း

E-book is created by www.shanyoma.org

ဖြစ်သည်။ စကားပြောသည့်အခါ ပြုံး၍ လူကို မကြည့်ဘဲ မျက်လုံးကို အဝေးသို့ စူးစိုက်ကာ သိမ်မွေ့ညင်သာစွာ ပြောသည်။ ကဇွန်းပွင့်ဆင်ဆင် ဂါဝန်ဖြူပြာပြာကို ဝတ်ထားကာ ရင်ရှေ့ အင်္ကျီကော်လံအောက်တွင် ကျယ်စေ့အနက်ကြီးများ တပ်ထားသည်။

မစ္စစ်ဟတ်ဆင်က သူ့ရှေ့တွင် တည်ခင်းထားသော ဆီထမင်းနှင့်ပဲပြုတ်ကို အယင်စား၍ ကော်ဖီကို သောက်ပြီး 'ဗမာဆေးပညာကို ဆွေးနွေးခွင့်ရရှိတဲ့အတွက် ဝမ်းသာကြောင်း'စတင်ပြောဆိုသည်။

ဆရာကြီးမှာ မစ္စစ်ဟတ်ဆင်နှင့်အတူ ယှဉ်ထိုက်လျက် ဝတ်လုံတော်ရ ဦးထွန်းအိက မစ္စစ်ဟတ်ဆင်၏ ဘေးတွင်ထိုင်ကာ ဆရာကြီးနှင့်မစ္စစ်ဟတ်ဆင်တို့ကို ဘာသာပြန်လုပ်လေသည်။

ကျမလည်း ဆရာမကြီးကို စူးစိုက်ကာ မေးသမျှ မေးခွန်းကို စိတ်ဝင်စားစွာ မှတ်သားနေမိသည်။

ဗမာ့ဆေးပညာနှင့်ပတ်သက်၍ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်များကို စိတ်ဝင်စားကြောင်း အကျယ်တဝင့်ပြောဆိုပြီးနောက် ဗမာ့ဆေးပညာတွင် 'ဆေးမျိုးပေါင်း ဘယ်လောက်ရှိပါသလဲ'ဟု ဆရာကြီးအား မေးလေသည်။

"ဗမာ့ဆေးမှာ ဆေးမျိုးပေါင်း တရာ့ရှစ်မျိုးဘဲ ရှိတယ်၊ ၁၀၈ မျိုးမှာ ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား သုံးမျိုးရှိတယ်၊ ဒီတရာ့ရှစ်နည်းကို ကျဉ်းလိုက်ယင် ဆေးမျိုးနှစ်မျိုးဘဲ ရှိတယ်"

သူမသည် မျက်မှောင်တွန့်လိုက်ကာ 'ဒါ အပြီးဘဲလား... နောက် ဖော်အုံးမလား'ဟုအံ့သြသလို မေးမြန်းသည်။

"နောက်ထပ် ဖော်ဖို့မရှိဖူး၊ ဒါ အပြီးဘဲ"ဟုဆရာကြီးက ပြန်ဖြေသည်။

အင်္ဂလိပ်ဆေးပညာမှာတော့ အင်္ဂလိပ်ဆေးများဟာ ဖော်စပ်လို့ မဆုံးဘူး။ အနာတခုပေါ်ယင် ဆေးတမျိုးပေါ်လာတာဘဲ အနာတခုဆေးတမျိုးဖေါ်တဲ့အတွက် ကျမကုသတဲ့နေရာမှာ ဆေးတွေကို သိပ်အားမထားဖူး 'ဟိုမယိုပက်သီ'ဆိုတဲ့ဆေးပညာနည်းနဲ့သာ ကျမကိုယ်တိုင်စမ်းသပ်တယ်၊ လူအများလဲ ဒီနည်းနဲ့ဘဲ စောင့်ရှောက်တယ်၊ နန်းတော်ထဲက ဘုရင်မအယ်လီဇဘက်မင်းသမီးလဲ 'ဟိုမယိုပက်သီ'နည်းကို စမ်းသပ်အသုံးပြုတယ်၊ ဆေးထိုးပြီး မကုဘူး၊ မခွဲမစိပ်ဘဲနဲ့ ကုနိုင်တာကို သဘောကျတယ်၊ အင်္ဂလိပ်ဆေးနဲ့ပတ်သက်ပြီး ဝေဖန်ရမယ်ဆိုယင် ခွဲစိပ်ပြီးကုရတာကိုတော့ ကျမ သဘောမကျဘူး၊ အမှန်စင်စစ် မခွဲမစိပ်ဘဲ ကုနိုင်တာ သဘောကျတယ်၊ ဆေးထိုးကုနေတာဟာလဲ ဆေးထိုးလို့အနာပျောက်ကြောင်း အတိအကျ မတွေ့ရဘူး ဆေးထိုးတာ ငွေရမြန်တာသာ တွေ့ရတယ်။

ပရိသတ်အားလုံးပင် မစ္စစ်ဟတ်ဆင်အား ငေးစိုက်၍ နားထောင်နေကြသည်။ ခွဲစိပ်ကုသခြင်း၊ ဆေးထိုးကုခြင်းစသည့်အနောက်နိုင်ငံကုထုံးများကို အင်္ဂလိပ်ဆရာဝန်မက သဘောမကျနိုင်ကြောင်း ရိုးသားစွာပင် ရှင်းပြောပြနေသည်။

E-book is created by www.shanyoma.org

ဗမာ့ဆေးပညာကို အထင်သေးစဉ်ကဆိုလျှင် ကျမမှာ မေ့ဆေးပေးကာ မားနှင့်ခွဲစိပ်၍ ကုသပုံကို အဟုတ်ကြီး ထင်မှတ်ခဲ့သည်။ မစ္စစ်ဟတ်ဆင်ပြောသလို မခွဲမစိပ်ဘဲနှင့်ကုတာကိုသာ သဘောကျရမည်ဟု တခါမှပင် သဘောမပေါက်မိ။ ခွဲစိပ်ကုတာကိုမှ အထင်ကြီးကာ မျက်စိလည်နေပေသည်။

ပြဇာတ်ဆရာကြီး ဘားနတ်ရှောက 'ဆရာဝန်၏ အခက်အခဲ'ဟူသောပြဇာတ်၌ ခွဲစိပ်ကုသခြင်းနည်းကို သရော်ထားခဲ့သည်။ သူက ခွဲစိပ်ခြင်းသည် လူသတ်နေခြင်းဟုပင် ပြောင်ခဲ့လေသည်။

ဗမာ့ဆေးပညာကို ကျမသင်ကြားဆည်းပူးသည့်အခါ ဝေဒနာတခုကို ပျောက်တတ်သည့် ဆေးနည်း(ဝါ)'ဖော်နည်းကား'ကိုရှာ၍ ပညာကို ဝါသနာထုံခြင်း မဟုတ်ချေ။ ပညာအခြေခံဇာစ်မြစ်နှင့်ယထာဘူတကျကျ အမှားအမှန်ကိုသာ အတိအကျ ရှာခဲ့သည်။

ပညာတတ်လျှင် ဆေးကို ကိုယ့်နည်းနှင့်ကိုယ် ဖော်စပ်ရပေမည်။ ဆေးလောကကို ကိုယ့်ပညာနှင့်ကိုယ် ဖန်တီးရပေမည်။ ဆေးအမျိုးအမည် ဆေးအမယ်များနှင့်အချိန်တရွေးသား ၂– ရွေးသား စသည့်ဖော်စပ်ထားသော'ဆေးနည်း'များကို အားကိုးမှတ်သားကာ ဆေးကုသဘို့ရာ စိတ်ကူးထဲမျှ မထည့်ဘူးချေ။

ဗမာ့ဆေးပညာအခြေခံဇာစ်မြစ်ကို လိုက်သည့်အခါ၌ ဆရာကြီးအမိန့်ရှိသည့်အတိုင်းပင် ဗမာ့ဆေးပညာတွင် တရာ့ရှစ်နည်းမှကျော်လွန်၍ ဆေးမရှိပေ။ ၁၀၈ နည်းတွင် သုံးစားရှိသည် ဆိုသည်မှာလည်း အကယ်၍ လူနာရှင်က ငွေကြေးတတ်နိုင်၍ ပြည့်စုံချမ်းသာခဲ့လျှင် ပုလဲကိုစားခိုင်းကာ အကယ်၍ လူနာရှင်မှာ မတတ်နိုင်သူဖြစ်က ကနုကမာသွေးတိုက် သို့မဟုတ် ယောက်သွားဖြင့် ရမည့်အတွက် သုံးစားခွဲထားခြင်း ဖြစ်သည်။ ပုလဲ၊ ကနုကမာ၊ ယောက်သွားတို့၏ သတ္တိအစွမ်းမှာ ဝေဒနာပျောက်ခြင်းတူကာ အနှေးအမြန် ခြားနားခြင်းသဘောရှိပေသည်။

(၁၀၈)နည်းကို ပညာအရ ချုံးကျဉ်းနိုင်လျှင် ဗမာ့ဆေးပညာတွင် ဖော်စပ်ဆေးမှာ နှစ်မျိုး နှစ်နည်းသာ ရှိသည်။

ပညာကို သင်ပြသော ဆရာကြီးက ကျမကို ဩဝါဒပေးဘူးလေသည်။

"ဆေးမတိုက်မီ လူမမာကို တည့်တာ၊ မတည့်တာ အတိအကျ ဆရာက ဆုံးဖြတ်ထားနိုင်ရမယ်၊ အကယ်၍ လူနာရှင်က တည့် မတည့်ကို သိလိုပါက သစ်ပင်ကိုဖြစ်စေ၊ တိရစ္ဆာန်ကိုဖြစ်စေ၊ ထိုလူနာကိုဖြစ်စေ၊ သို့မဟုတ် အခြားသူတယောက်ကိုဖြစ်စေ၊ တည့် မတည့်ပြောပြီး လုပ်ပြနိုင်ရမယ်၊ ပျောက် မပျောက် တာဝန်မခံနိုင်ပေမဲ့ တည့် မတည့်တာ ဝန်ခံရမယ်"ဟုသင်ကြားလေသည်။

"ပျောက် မပျောက် တာဝန်မခံနိုင်ပေမဲ့"ဆိုသောစကားမှာ ဝဋ္ဋနာကံနာများကို ခြွင်းချက်ထား၍ ပြောဆိုခြင်းဖြစ်သည်။

မစ္စစ်ဟတ်ဆင်မှာ 'ဆေးဖော်ရန် နောက်ထပ်မရှိဘူး၊ ဒါအပြီးဘဲ၊ အကျယ် ၁၀၈ အကျဉ်း



E-book is created by www.shanyoma.org

၂’ဟူသောဆရာကြီး၏ အဖြေကို အလွန်ထူးဆန်းသွားပုံရသည်။ ‘ဆေးဖော်စပ်လို့ ဆိုးတာ ဗမာ့ဆေးပညာ၌သာ ကြားသိရကြောင်း’ပြောပြကာ အံ့သြပေသည်။

ဆရာကြီးက ထပ်မံ၍ ရှင်းပြရသည်။

“မိမိ သင်အံ့လေ့ကျက်တဲ့ဆေးကျမ်း အမှားအမှန် ချိန်တာမရှိလို့ ဆေးဖော်စပ်လို့မဆိုးတာ၊ သင်အံလေ့ကျက်တဲ့ဆေးကျမ်းရဲ့အမှားအမှန်ကို ဆိုးဖြတ်နိုင်ယင် ဆေးဖော်စပ်လို့ဆိုးရမယ်”

ဝတ်လုံတော်ရ ဦးထွန်းအိက ဆရာကြီးစကားကို မစ္စစ်ဟတ်ဆင် သဘောပေါက်အောင် ရှင်းပြောပြရလေသည်။ မစ္စစ်ဟတ်ဆင်သည် ခေါင်းကို တညိတ်ညိတ်နှင့်လေးလေးနက်နက်တွေးတော မှတ်သားနေပေသည်။

“စိန်ကို ဗမာ့ဆေးပညာမှာ သုံးပါသလား… ကျမ အယူအဆမှာ ‘စိန်’ဟာ နည်းနည်းသုံးယင် အပြစ်မရှိဘူး၊ ဘေးမရှိဘူး”

မစ္စစ်ဟတ်ဆင်က ဗမာ့ဆေးပညာကို တောက်ကြည့်လိုက်သည်။ ဤမေးခွန်းကို ဆေးပညာလိုက်စားတတ်သိသည့်သူတိုင်းပင် ဘယ်အဓိပ္ပါယ်နှင့်မေးကြောင်း ရိပ်မိသိရှိနိုင်ကြသည်။

မစ္စစ်ဟတ်ဆင်၏ မေးခွန်းကို ဆရာကြီးက ‘စိန်ကို နည်းနည်းသုံးသုံး၊ များများသုံးသုံးနားမလည်ယင် ဘေးရှိတယ်၊ နားလည်ယင် ဘေးမရှိဘူး’ဟုပြန်ဖြေလိုက်သည်။

ဓာတ်များနှင့်ပတ်သက်၍ အသုံးချရာတွင် ဗမာ့ဆေးပညာတွင် ဓာတ်ကို ပိုင်ပိုင်နိုင်နိုင်နားမလည် မတတ်သိဘဲနှင့် ဆေးကိုင်ဘို့ရာခက်သည်။

ဓာတ်များကား ငရုပ်ကောင်း၊ ပိတ်ချင်း၊ ဂျင်းတို့ထက် ထက်မြက်သောသတ္တိရှိသည်။

“အုန်း၊ ကျွန်း၊ စံ၊ ရာ၊ ပတ်သံ၊ ဓာတ်၊ ရင်းနှော”ဟူသည် ဓာတ်ကိုးပါးကို ပေါက်မြောက်အောင် နားလည်ခဲ့ပါလျှင် လောက၌ အားလုံးဖန်တီးနိုင်သောအဆင့်သို့ ရောက်နိုင်လေသည်။

စိန်၊ ဟင်းရိုင်း၊ ဒုဋ္ဌာ၊ ပြဒါး၊ ကျောက်ချဉ်၊ ယမ်း၊ ကန့်၊ ရွှေ၊ ဆား၊ ဤဓာတ်ကိုးပါးထဲမှအမြောက်ဗုံးမှ အနုမြူအထိ ဖန်တီးနိုင်ကြသည်။

ဗမာမှုအစဉ်အလာအရဆိုလျှင် ယင်းဓာတ်သဘောများကို လူ့လောကကောင်းကျိုးအတွက် လူအများ ကျန်းမာရေးအတွက် အသက်ရှည်ရေးအတွက်ကိုသာ လုပ်ဆောင်ခဲ့ကြပေသည်။

ဓာတ်ကိုးပါးကို နားလည်တတ်သိချေက အလိုရှိသလောက် တောင်းခံသလောက် ထက်မြက်သော ဆေးစွမ်းကို ဖြန့်ဖြူးပေးကမ်းနိုင်သည်။

ဤကဲ့သို့ ထက်မြက်ခြင်းရှိလှသော အမျိုးသားဆေးပညာ ဓာတ်ပညာ၊ ဝိဇ္ဇာပညာများမှာ အင်္ဂလိပ်လက်အောက် ရောက်သောအခါ၌ တိမ်ကောခဲ့ရသည်။

မစ္စစ်ဟတ်ဆင်သည် တစုံတရာကို စဉ်းစားသလို အင်္ဂျီကော်လာမှ ကြယ်သီးကို လက်နှင့်ပွတ်ယင်း ရောဂါရတာ ဘာကြောင့်ရပါသလဲဟုမေးလေသည်။

ဆရာဝန်မ၏ မေးခွန်းတိုင်း ဆရာကြီးက ဖြေသည်။ အင်္ဂလိပ်ဆရာဝန်နှင့်ဗမာဆရာတို့

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

၏ အမေးအဖြေကို ဧည့်သည်များက စိုက်လျက် စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ရောဂါရတာ အာရုံငါးပါးမှမတည့်တဲ့အရာဝတ္ထုကြောင့် ဝေဒနာရတယ်လို့ပြောလိုက်ပါ၊ သူက ဝိပဿနာလိုက်စားတယ်ဆိုတော့ အာရုံငါးပါးကို နားဝေးမယ် မဟုတ်ဖူးထင်တယ်၊ အထူးသဖြင့် အစားကြောင့် ဝေဒနာရတယ်...လို့ ဖြေလိုက်ပါ..."

ဆရာကြီးအမိန့်ရှိသည့်အတိုင်းပင် ဝတ်လုံတော်ရဦးထွန်းအိက ဆရာဝန်မ နားလည်အောင် ရှင်းပြောလေသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ အထိအတွေ့မှ ကိုယ်နှင့်မတည့်အရာ၊ အနံ့၊ အသံ၊ အာဟာရ၊ အထိအတွေ့ကြောင့် ဝေဒနာရကြောင်း အကြမ်းအားဖြင့် ပြောပြကာ အစားကြောင့် ဝေဒနာဖြစ်တာက များတယ်ဟု အသေးစိတ် ရှင်းပြောပြသည်။

"ရောဂါတိုင်း ပျောက်ကင်းအောင် ကုနိုင်ပါသလား"

"ကုနိုင်ပါတယ်"

"ဆေးအပြင် ဘယ်နည်းနဲ့ကုသေးသလဲ"ဟုမစ္စစ်ဟတ်ဆင်က စုံစမ်းပြန်သည်။

"ဆေးနဲ့မဟုတ် အစာနဲ့ကုတယ်၊ ဆေးဆိုတာ စားရတဲ့အရာဝတ္ထုတွေ အမှုန့်အရည် လုပ်ထားတာဘဲ၊ ကိုယ်နဲ့တည့်တဲ့အရာစားယင် ဒီအစာဟာ ဆေးဘဲ ဆေးရှာစရာမလိုဘူး"

သူမသည် ငြိမ်သက်စွာပင် စားပွဲကို စိုက်ကြည့်လျက် သူ၏ ညာလက်မောင်းတွင်ရှိသော အဖုများကို လက်နှင့်ပွတ်နေလေသည်။

"ဆေးမရှိတဲ့နေရာမှာ ဝေဒနာကို ပျောက်အောင် ခင်ဗျားတို့ ဘယ်လိုကုမလဲ"

ဤမေးခွန်းသည် ဆွေးနွေးပွဲ၌ မစ္စစ်ဟတ်ဆင်ကို ဆရာကြီးက မေးလိုက်သောဆရာကြီး၏ တခွန်းတည်းသော မေးခွန်းပင် ဖြစ်ပေသည်။

မစ္စစ်ဟတ်ဆင်သည် အဖြေကို ရုတ်တရက် မပေးဘဲ ပြုံးကာ စဉ်းစားနေသည်။

ဤတွင် ဝတ်လုံတော်ရဦးထွန်းအိက ဗမာ့ဆေးပညာတွင် ဆရာဆိုတာ ကိုင်မိတာ ဆေးဖြစ်ရမယ်ဟူသောပညာအခြေခံသဘောကို အကြမ်းဖျင်း အချိန်အတော်ကြာလောက်အောင် ရှင်းပြောနေလေသည်။

"နောက်ဆုံး ဆေးမရှိတဲ့နေရာ ရောက်နေပြီး ဆေးမရှိဘူးဆိုပါတော့၊ စားပွဲပေါ် က စာရွက်ကို ထောက်ပြလျက် နောက်ဆုံး ဒီစက္ကူဘဲ ရှိတယ်ဆိုပါတော့၊ အဲဒီစက္ကူကိုဘဲ ဆေးဖြစ်အောင် ဗမာက ပျောက်အောင်ကုသွားတယ်"

ဆရာမမှာ ပြုံးစေ့စေ့နှင့်နားထောင်နေကာ စကားဆုံးလျှင်...

"ဘာကြောင့် ဒီစက္ကူကြောင့် ဝေဒနာပျောက်ရတယ်ဆိုတာတော့ ကျမနားမလည်ဘူး၊ ဒါပေမဲ့ စက္ကူနဲ့လဲ ပျောက်အောင် လုပ်တတ်ယင် ပျောက်နိုင်တယ်ဆိုတာတော့ ကျမအဖို့ အင်မတန် စိတ်ဝင်စားစရာ ကောင်းနေပြီ"

မစ္စစ်ဟတ်ဆင်သဘောပေါက်အောင် ဦးထွန်းအိက ရှင်းပြနေခိုက် ကျမသည် ဗမာ့ဆေး

ပညာသမိုင်းတွင် ယခုတိုင်ထင်ရှားသောဆရာဇီဝကအကြောင်းကို သုံးသပ်တွေးတောဆင်ခြင်မိသည်။

ဆရာဇီဝကသည် တက္ကသိုလ်တွင် ပညာသင်ယူပြီးသောအခါ တက္ကသိုလ်ဒိသာပါမောက္ခ ဆရာကြီးက ဆရာဇီဝကကို အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရပ်လေးမျက်လေးမျက်နှာသို့ ခရီးတတိုင်စီ သွားခိုင်းပြီးလျှင် ဆေးဘက်မဝင်သည့်သစ်ပင်ကို ရှာရမည်ဟု စေလွှတ်လိုက်သည်။

ဆရာဇီဝသည် အရှေ့ဖက်သို့ ခရီးတတိုင်ခန့်သွားပြီးနောက် ဆရာကြီးအား ဆေးဘက်မဝင်သည့်သစ်ပင်ဆို၍ တပင်မှရှာမတွေ့ခဲ့ကြောင်းပြောလေသည်။ အရပ်လေးမျက်နှာစလုံး၌ပင် ခရီးတတိုင်အထိ ဆေးဘက်မဝင်သည့်သစ်ပင်ဆို၍ တပင်မှမရှာမတွေ့သဖြင့် ဆရာထံသို့ ရှာမရကြောင်းပြန်ကြားသောအခါ "အသင် ဆရာဖြစ်ပြီ သွားတော့..." ဟု ဒိသာပါမောက္ခဆရာကြီးက အမိန့်ရှိလိုက်သည်။

ဆရာဆိုတာ ကိုင်မိတာ ဆေးဖြစ်ရမည်ဆိုသော စကားနှင့်ဆက်စပ်၍ ကျမလည်း အထက်ပါအကြောင်းကို ပြန်လှန်သုံးသပ်ဆင်ခြင်ကြည့်မိသည်။

ဘယ်အရာမှ ဆေးဘက်မဝင်တာမရှိသော ဗမာ့ဆေးပညာ၏ နည်းကို အင်္ဂလိပ်ဆရာဝန်မကြီး တတ်သိနားလည်မည်ဆိုလျှင် ဘယ်လောက်များ စိတ်ဝင်စားလိုက်မလဲဟုအောက်မေ့လိုက်ရသည်။

"အနောက်နိုင်ငံမှာ အခု ခေတ်စားနေကြတာက ခွဲစိပ်ကုရုံ ဆေးထိုးရုံ မဟုတ်ဘူး၊ ဘာဘဲဖြစ်ဖြစ် ဓာတ်မှန်သွားရိုက်ချင်ကြတာဘဲ ဓာတ်မှန်ပေါ် လာမှလူတွေ ရောဂါ တော်တော်ထူလာကြတယ်။ 'ကင်ဆာ'ရောဂါဝေဒနာဟာ ကြောက်ပြီးဖြစ်တာလို့ ကျမယူဆတယ်၊ ထင့်ကနဲဆိုယင် သူတို့ကိုယ်တိုင်က ဓာတ်မှန်ပြေးရိုက်ချင်တာဘဲ ကျမ ဆရာကြီးနဲ့ဗမာ့ဆေးပညာကို ဆွေးနွေးပြီးတဲ့နောက် အနည်းငယ် ဝေဖန်ပြောရမယ်ဆိုယင် ဆရာကြီးကုနည်းကုထုံးဟာ တောရွာတောမြို့မှာဘဲ ကိုက်တယ် အခုလို ခွဲစိပ်၊ ဆေးထိုး၊ ဓာတ်မှန်ရိုက် ခေတ်စားနေတဲ့မြို့ကြီးပြကြီးများမှာ အခက်အခဲတွေ့လိမ့်မယ်လို့သဘောရမိတယ်၊ အစိုးရက ကူညီမယ်ဆိုရင်တော့ အောင်မြင်ပါလိမ့်မယ်"

မစ္စစ်ဟတ်ဆင်သည် နောက်ဆုံး ဤသို့နိဂုံးချုပ်လိုက်ကာ ပြန်ဘို့ရန် နေရာမှထ၍ အားလုံး လက်ဆွဲနှုတ်ဆက်လေသည်။

ကျမလည်း မစ္စစ်ဟတ်ဆင်ကို ဆေးတိုက်ထဲရှိ ဗမာ့ဆေးရည်ဆေးမှုန့်များကို ပြသလိုက်သည်။

"ဒီနေ့ ဆရာကြီးနဲ့ဆွေးဆုံပြီး ဆွေးနွေးကြတာ ဗမာ့ဆေးပညာကို ဘယ်လိုသဘောထားပါသလဲ..."ဟု နောက်ဆုံး ဆရာဝန်မကြီးအား ပြန်ကာနီး တံခါးဝတွင် ကျမက မေးလိုက်သည်။

"ကမ္ဘာလှည့်ပြီး တရုပ်၊ ကုလား၊ ဆေးဝါးကုထုံးတွေကို အနည်းအကျဉ်းလေ့လာဆည်းပူးကြည့်ခဲ့တယ်၊ မထူးခြားလှဘူး၊ ဒီနေ့ဆရာကြီး ပြောတဲ့'ရောဂါကို အစာနဲ့ကုတယ်'ဆိုတဲ့အချက်

E-book is created by www.shanyoma.org

ဟာ ထူးခြားပြီး မှတ်သားမိအောင် စိတ်ဝင်စားပါတယ်''

''ဗမာပြည်ကို ရှင်မလာခင်က ဗမာ့ဆေးပညာနဲ့ပတ်သက်လို့ အစအန ကြားသိခဲ့ဘူးပါသလား...''ဟု ကျမကထပ်၍ မေးမြန်းလိုက်ကာ မစ္စစ်ဟတ်ဆင်ကို ပြုံးကြည့်နေသည်။

''ဗမာပြည်မှာ ဆေးဘက်ဝင်တဲ့သစ်မြစ် သစ်ဖုသစ်ဥတွေရှိတယ်ဆိုတဲ့သတင်းကို မလာခင်ကဘဲ သိရပါတယ်၊ သစ်မြစ်၊ သစ်ဖု သစ်ဥတွေနဲ့ပတ်သက်ပြီး စာအုပ်လဲရေးထုတ်ဖူးတယ်၊ မပြန်ခင် အချိန်ရင် ဗမာ့ဆေးပညာ ဆွေးနွေးဘို့ ရှင်နဲ့ကျမ ထပ်တွေ့ကြရအောင်''

ကျမလည်း ပြုံးလျက်ကပင် ခေါင်းကိုသာ အသာညိတ်ပြလျက် လက်ဆွဲနှုတ်ဆက်လိုက်ကာ လူချင်းခွဲလိုက်ကြရသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

စမမှာ လျှာကခံစားသော စမ၊ နှာခေါင်းက

ခံစားသော စမ၊ မျက်စိက ခံစားသော

စမ၊ ကိုယ်က ခံစားသော စမဟူ၍

စမ ငါးမျိုး ရှိပေသည်။

# ဝန်ကြီးချုပ်ဦးနုနှင့်ကောက်ညှင်းပေါင်း

ကျမ၏ ဆေးတိုက်ထဲတွင် ဆေးယူ လာကြသောလူနာများ စဲသွားသည့်အခိုက် စာရေး ဆရာကိုသန်းဆွေသည် ကျမထံသို့ပေါက်လာလေသည်။ မြဝတီအတွက် ဝတ္ထု၊ ဆောင်းပါး အလိုရှိ ၍ ကျမထံ၌ လာတောင်းသည်ဟု ထင်မှတ်လိုက်မိသည်။

"ကျွန်တော် ဆီးဆေးတပုလင်း လိုချင်လို့ခင်ဗျ"ဟုဆိုမှ "ရှင်က ဒီဆေးတွေ စားနေသ လား"ဟု အံ့အားသင့်စွာ မေးလိုက်သည်။

"ဟုတ်တယ်... ကျွန်တော် သွေးဝမ်းတွေ သွားနေလို့ ကြည့်မြင်တိုင်က ဆရာကြီးဆီမှာ ဆေးစားတာ၊ ဆေးကုန်သွားလို့ ဒီမှာ လာဝယ်တာ"

ဘီရိုထဲမှာ သူ့အတွက် ဆီးဆေးပုလင်းယူပေးနေစဉ် "ဘယ့်နှဲ့လဲ တော်တော်နေရာကျ သလား"ဟု ကိုသန်းဆွေက လှမ်းမေးလိုက်သည်။ သူ၏ အသံမှာ ခပ်တိုးတိုးဖြစ်သော်လည်း သာ သလောက်၊ စည်သလောက်၊ စည်မြည်သွားလေ၏ ။ ကိုသန်းဆွေရှေ့၌ ဆေးပုလင်းကို ချလိုက် ကာ နေရာတွင် ပြန်ထိုင်လျက် အဖြေပေးရန် နှုတ်လျှာလေးနေလေသည်။ ဝလုံးကဲ့သို့ မျက်နှာဝိုင်း ဝိုင်းပေါ်၌ ဆင်ထားသော ကော်ကိုင်းမျက်မှန် အပိုင်းထဲမှမြုပ်ဝင်နေသော သူ၏မျက်လုံးများ သည် အရောင်တပြောင်ပြောင်ထွက်နေကာ ကြားရမည့်အဖြေကို နှစ်လိုချမ်းမြေ့စွာ ဝင်းပကြိုဆိုနေ သည်။

ကျမလည်း ပြုံးလိုက်သည်။ အနိုင်နိုင် ပြုံးလိုက်ရသော အပြုံးမှာ ရော့ရဲရဲ ဖြစ်နေ၏ ။ ကျမ၏ ရော့ရဲရဲ အပြုံးကို သတိထားမိမည်။ သူ၏ မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားလေသည်။ ဝင်းပချိုမြသော အရိပ်အရောင်များ၊ ဖြော့လျော့သွားကာ ခပ်အန်းအန်းဖြစ်နေသည်။

"ဆေးဆရာဖြစ်ရတာ မသက်သာပါဘူးရှင်"ဟု လေးတွဲ့တွဲ့ညည်းတွားလျက် လမ်းဘက် သို့လှည့်ကာ ငေးစိုက်နေမိသည်။

တိုက်ရှေ့၌ ဖြတ်မောင်းသွားနေကြသော ပုဇွန်တံဆိပ်ဘတ်စ်ကားထဲမှခရီးသည်များ သည် ကျမ၏ ဂျာနယ်ကျော် မမလေးဆေးတိုက်ဟူသော ဆိုင်းဘုတ်ကလေးကို လှမ်းကြည့်သွားကြ သည်။ နေရောင်ဖြင့် ပြောင်လက်နေ၍ ကတ္တရာလမ်းမကြီး၏ ပူပြင်းသောအရှိန်သည် မျက်နှာသို့ ပင် လာဟပ်လေသည်။

ကိုသန်းဆွေ မလာခင် စောစောက လူနာများကို အာပေါက်လောက်အောင် ပြောရဟော ရသဖြင့် စိတ်ပင်ပန်းသွားသောကျမမှာ ပြင်းထန်သောနေရှိန်ကြောင့် ပိုမိုညီးစီလာကာ ခေါင်းထဲ ကပင် အုံလာသည်။

"လူနာကုရတာက အပန်းမကြီးဘူး၊ ပြောရတာက မောပါတယ်ရှင်.. "

ကိုသန်းဆွေသည် စားပွဲပေါ် က ဆေးပုလင်းကို ထိပ်မှနေ၍ လက်ဖြင့် အသာကိုင်လှည့်

E-book is created by www.shanyoma.org

လျက် 'မာတ်မသိသေးလို့ ပြောရတာ ဟောရတာပါ၊ မာတ်သိတော့လဲ သဘောပေါက်သွားတာဘဲ၊ ကျွန်တော်လဲ အစက မသိဘူး၊ နောက်တော့ ကုနေရင်း ကိုယ်နဲ့ဘာမတည့်ဘူး၊ တည့်တယ်ဆိုတာ တဖြေးဖြေး နားလည်လာတယ်'ဟု သူ့အသိကို သူပြန်ပြောလေသည်။

ဆေးပညာကို လိုက်စား၍ ဆေးဆရာနယ်ပယ်သို့ လူသိ သူသိ မရောက်လာသည်နှင့် အလုပ်တိုက်တွင် တနေ့တနေ့ လူနာမျိုးစုံနှင့် တွေ့ဆုံကာ ဆေးကုပေးနေရ၏ အချို့သောလူနာများမှာ နောက်နောက်ကအစွဲကို တော်ရုံနှင့်မကျွတ်နိုင်ကြ၍ ခံစားနေရသည့်ဝေဒနာ မြန်မြန်ပျောက်ဖို့ရာ ရှိပါလျက် နှောင့်နှေးနေရပေသည်။

ကျမလက်တွေ့အားဖြင့် ဝေဒနာကို ကုမပေးခင် အစွဲကို အရင်ချွတ်ရသူချည်းဖြစ်နေလေသည်။ သူတို့အနာကို ကိုယ့်အနာကဲ့သို့ မြန်မြန်ပျောက်ကင်းရန် စိတ်ရှည်လက်ရှည် အတော်ကြီးပြောရသဖြင့် ဆေးမကုခင် သက်သာရှင်းရခြင်းကို စိတ်ပင်ပန်းရသည်။

ကျမ၏ ဆေးပညာဆောင်းပါးများကို သွေးသောက်၊ ရှုမဝမဂ္ဂဇင်းများထဲတွင် ဖတ်ရှုရ၍ ဆေးကု လာကြသောသူများအနက် ကာလ်တန်ရုပ်ရှင်ရုံမှ လက်မှတ်ရောင်းသော ကိုငြိမ်းဆိုသူ တယောက်က ခြေမျက်စိက ဒူးဆစ်အထိ နှင်းခူရောဂါကြီးစွဲကပ်လျက် အနာထ၍ရောင်ကိုင်းကာ လမ်းပင် ကောင်းစွာ မလျှောက်နိုင်ရှာဘဲ ခြေထောက်ကို ထော့ကျိုး လျှောက်ကာ တိုက်ထဲသို့ ဝင်လာသည်။

ကျမက သူ့ခြေထောက်ကိုလှမ်းကြည့်ပြီးနောက် "ရှင့်ရောဂါ မြန်မြန်ပျောက်ချင်ရင် ကျမစကားကို နားထောင်မှ ပျောက်မှာ" ဟုပြောလိုက်မိသည်။

"ကျွန်တော် မဂ္ဂဇင်းထဲမှာ ဖတ်ရတာနဲ့လာခဲ့တာပါ၊ နားထောင်ပါ့မယ်"ဟု လေးလေးစားစား ရှိသောဟန်နှင့် ပြောဆိုသည်။

"ရှင့်ရောဂါက နွားသားစားမှ ပျောက်မှာ"

ကိုငြိမ်း၏ မျက်နှာသည် လပေုတ်ဖမ်းသွားသလို မှောင်မဲသွားသည်။ အညှီအဟောက်စားလျှင် သည်အနာမျိုးနှင့်မတည့်ဟုလှေနံမားထစ် စွဲထားသောအယူအဆဖြင့် ကျမကို မယုံသက်ာရှိသောမျက်လုံးကြီးများနှင့်လည်း ပြူးကြည့်နေသည်။

"ရှင့်အနာက ရေထိလို့လဲ မဖြစ်ဘူး၊ သံပုရာသီးလဲ နိုင်နိုင်ကြီးစားပေးနိုင်မှဖြစ်မှာ"

ကိုငြိမ်းသည် သိသိသာသာ မျက်နှာပျက်သွားပြန်သည်။ ခြေသလုံးကြီးတခုလုံး ကိုင်းရောင်ကာ အရေတစိုစိုဖြင့် ငန်းမန်းထနေသောနှင်းခူကြီးကို အနာအချဉ်စားလျှင် ယဉ်းသည်ဟူသော အစွဲဖြင့် သံပုရာနိုင်နိုင်စားရမည်ဆိုခြင်းကိုလည်း ထိတ်လန့်ပုံရှိနေသည်။

"ကျမပြောတဲ့အတိုင်း လုပ်မှ ဆေးကုပေးချင်တယ်၊ ကျမ ပြောတာလုပ်လို့ရောဂါတိုးလာရင် ကျမ တရားခံပေါ့၊ ကျမပြောတဲ့တိုင်း မလုပ်ဘဲ ဖေါက်သွားလို့ ရောဂါတိုးတာတော့ ကျမတာဝန် မယူပါဘူးရှင်၊ ကျမနှင့်ကုဘို့ စိတ်ရှိပါသလား..."

ကိုငြိမ်းသည် တွေဝိုင်လျက် နေ၏ ။ ထို့နောက် အားတုံ့အားနာပြုံးရယ်ကာ "ကျွန်တော်



E-book is created by www.shanyoma.org

တော့ ပျောက်ချင်လို့လာတာပါဘဲ၊ နွားသားစားဖို့ဆိုတာကတော့ အနာများ ပိုပြီးဆိုးလာမလား လို့ပါဗျာ''ဟု စိုးရိမ်မကင်းသံနှင့် ပြန်ပြောလေသည်။

''ကျမ ဆေးကုနေတာ သေတာ ရှင်တာကို ကုပေးနေတာ မဟုတ်ပါဘူးရှင်၊ တည့်တာ မတည့်တာ ကုပေးနေတာပါ နှင်းခူဝေဒနာမျိုးဟာ နွားသားစားရင် တည့်တယ်ဆိုတဲ့အသိသညာ အမှတ်နဲ့ကုနေတာလဲ မဟုတ်ပါဘူး၊ နှင်းခူဝေဒနာရှင်ကိုငြိမ်းနဲ့နွားသားနဲ့ တည့်တယ်ဆိုတဲ့အသိ ပညာနဲ့သာကုတာပါရှင်၊ နွားသားစားမယ်ဆိုရင် ပျောက်ရမယ်ဆိုတာကျမရဲရဲကြီး အာမခံပါတယ်''

လူနာကို နားဝင်လောက်အောင် သက်ာရှင်း၍သော်၎င်း၊ အာမခံသော်၍သော်၎င်း၊ ကု သရခြင်းမှာ သူ့အနာပျောက်ကင်းချင်လှသည့်မေတ္တာစိတ် ရှေ့ရှုချက်ကြောင့်သာ ဖြစ်သည်။ ခြေ ထောက်မှ ကောင်းကောင်း မထောက်နိုင်အောင် ကိုက်ခဲနာကျင်နေသောဝေဒနာကြီးကို လျှင်စွာ ပျောက်ကင်းစေချင်သော ဇောဖြင့် အတော်မောလောက်အောင် ရှင်းလင်းပြောပြနိုင်တော့မှသာ ပြောတဲ့အတိုင်းလုပ်ပါမယ်ဟုအဖြေရလေသည်။

စားပွဲပေါ် မှ စာရေးစက္ကူဆွဲ၍ 'ကိုငြိမ်းလိုက်နာရန် ဤစာရွက်ထဲ မပါသည်ကို မစားရန် မလုပ်ရန် အထူးသတိပြုပါ'ဟူ၍ရေးလိုက်သည်။

ကိုငြိမ်းသည် စာရွက်ပေါ် တွင် ကျမရေးနေသော စာလုံးများကို မျက်ခြေမပြတ် လိုက် ဖတ်နေသည်။

နွားနို့စစ်စစ် (မျက်စိအမြင်) အစိမ်းသောက်၊ ထိကရုန်း၊ အုန်းရည်၊ ရွှေဖရုံသီး၊ ထန်း လျက်၊ ရှန်းပတီသီး၊ ကောက်ညှင်း၊ ဆီထမင်း၊ ခရမ်းသီး၊ စားတော်ပဲ၊ ခရမ်းချဉ်သီး၊ ဒူးရင်းသီး၊ ကြောင်လျှာသီး၊ သြဇာသီး၊ သံပုရာသီး၊ နာနတ်သီး၊ ဒညင်းသီး၊ ဇီးသီး၊ နံနံပင်၊ နွားသား၊ ဆိတ် သား၊ မန်ကျည်းသီး၊ ငါးမြင်းရင်း၊ ငါးဇင်ရိုင်း၊ ပုဇွန်၊ ငါးပုဏ္ဏား။

ကိုငြိမ်းနှင့်တည့်သည့်အစာများကို ဤသို့ရေးနေစဉ် ကိုငြိမ်းသည် လှမ်းဖတ်ကြည့်နေ ရာက 'အနာကြွလာအောင် ပေးတဲ့အစာတွေလား'ဟု ဖြတ်မေးလိုက်သည်။

''ရှင် ကျမဆီ အနာလာကုတာ သက်သာအောင် ပျောက်ကင်းအောင် လာကုတာ မဟုတ် ဖူးလား၊ အနာကို ကြွအောင် လုပ်ပေးရတယ်လို့ ကျမသင်ယူတဲ့ဆေးပညာမှာ မရှိပါဘူး၊ အနာ ကို မကြွအောင် ပျောက်အောင်သာ လုပ်ပေးရပါတယ်၊ အခုပေးတဲ့အစာတွေက ကြွအောင်လုပ် ပေးတဲ့အစာတွေ မဟုတ်ပါဘူး၊ မကြွနိုင်အောင် ပေးတဲ့အစာတွေပါ''

ကျမပြောသည့်စကားများသည် သူ့နားနှင့်ဆန့်ကျင်နေသည်။ သည်အစာတွေစားခဲ့ လျှင် အနာကြီးကြွလာတော့မှာဘဲဟု တွေးထင်နေပုံလည်း ရှိသည်။

ကျမက ဆက်လက်၍ ရေးသားပြန်သည်။ သူကလည်း ဆက်လက်၍ လိုက်ဖတ်ကြည့် ပြန်သည်။

ရေအေး–ရေစိမ်း မချိုးရ၊ ရေနွေး–ချိုးရမည်၊ လေစိမ်းတိုက် များများခံပါ၊ မီးခဲထဲ တွင် ငြုပ်ကောင်း၊ နံ့သာဖြူထည့်၍ အခိုးကို နှာခေါင်းနှင့်ရှူပါ၊ ပါးစပ်ထဲ မဝင်စေနှင့်၊ တနေ့

E-book is created by www.shanyoma.org

သုံးကြိမ်၊ ဆေးမှုန့်နှင့်အနာကို ကွမ်းရွက်နှင့်နာနာတိုက်ပါ။ ဆေးရည် တနေ့သုံးကြိမ် သောက်ပါ။

"ရှင်နဲ့ဒီစာရွက်ထဲပါတာတွေနဲ့သာ တည့်ပါတယ်၊ အတည့်ဆုံးကတော့ နွားသားဘဲ များများစားပါ၊ နွားသားမရမှ ဒီစာရွက်ထဲပါတာတွေ လှယ်ရာလှည့်စားသွားပါ၊ ဒီစာရွက်ထဲ မပါတာကိုတော့ ဘာတခုမှ မစားပါနဲ့…"

ကိုငြိမ်း၏ အကဲကိုခတ်ကာ ဤမျှလောက် ပြောလိုက်ရုံဖြင့် သည်အတိုင်း လုပ်ဝံ့မည့်သူမဟုတ်မှန်းသိ၍ သည်အတိုင်း လုပ်ရဲရန် ဘာ့ကြောင့် နွားသားနှင့်တည့်သည်ကို အာခြောက်အောင် ရှင်းပြောပြရလေသည်။ ကျမ ကုသနည်းကား အမှန်စင်စစ် အနာပျောက်ရုံသာမဟုတ်ဘဲ သူ့အတွက် ကျန်းမာရေးမျိုးစေ့ချပေးလိုက်ခြင်းလည်း မည်လေသည်။ ထိုထက်တဆင့်တက်၍ ဘာကြောင့် သည်အစာတွေ တည့်ရသနည်းဟု ကြံဆမည်ဆိုပါလျှင် ပညာ၏ အစကိုပင် ရနိုင်ကာ ကျန်းမာရေးလက်ကိုင် ရသွားပေလိမ့်မည်။ ကျမပေးသော ဓာတ်စာများမှာ ၇–ခုစား၊ ၈–ခုစား လနှင့်ရာသီပေးသော ဓာတ်စာမျိုး မဟုတ်ပေ။ ကိုငြိမ်း တသက်ပတ်လုံး ဤစာရွက်ထဲပါသည်ကိုသာ စားနေပါက အခြားဝေဒနာစွဲကပ်ဘို့ မဆိုထားနှင့် ခေါင်းပင် ကိုက်ခဲလိမ့်မည်မဟုတ်ပေ၊ ၎င်းအစာများနှင့်တည့်သည် မတည့်သည်ကိုလည်း သူ၏ ခန္ဓာကိုယ်က သက်သေခံရပေလိမ့်မည်။

ဝေဒနာသည်များအား ခန္ဓာငါးပါးမှနေ၍ တည့်သည့်အစာနှင့်ကျွေးကုသခြင်း၊ တည့်သည့်အသံနှင့်ကုပေးခြင်း၊ တည့်သည့်အနံ့နှင့်ကုပေးခြင်း၊ တည့်သည့်အထိအတွေ့နှင့်ကုပေးခြင်း စသည့်ဓာတ်သဘောမှ ကျမပြော၍ တည့်သည့်ဓာတ်မဟုတ်ဘဲ ကိုယ်တိုင်သိဖြစ်ပေမည်။ မတည့်သည့်ဓာတ်များကိုလည်း ကိုယ်တိုင် မိမိနှင့်မတည့်မှန်း သိရပေမည်။

ကိုငြိမ်း ဆေးယူပြန်သွားပြီးနောက် ကျမစိတ်ထဲ ထင့်နေမိသည်။ ကျမ ပေးလိုက်သော ဓာတ်စာဆေးဝါးများနှင့် သူ့အနာနှင့်တည့်ပါ့မလားဟု ထင့်ရပုံမျိုး မဟုတ်ဘဲ နွားသားနှင့် သံပုရာသီးကို စားမှစားပါ့မလားဟု ထင့်နေမိသည်။

၁၀ ရက်လောက်ကြာလျှင် ကိုငြိမ်းပေါက်လာလေသည်။ တိုက်ထဲမဝင်ခင် သူ့ကိုမြင်မြင်ချင်း ပြောတဲ့အတိုင်း လုပ်မှန်းသိလိုက်သည်။ ဖျတ်လတ်သွက်လက်စွာ တိုက်ထဲသို့ ဝင်လာပြီးနောက် 'အများကြီး သက်သာသွားပါပြီ'ဟု ပြုံးစွာ ပြောရင်း ကျမစားပွဲရှေ့ကုလားထိုင်တွင် ထိုင်သည်။ 'ရှင် နွားသားစားတော့ အနာကြွသေးသလား' ကျမက ပြောပြီး ပြုံးနေသည်။ သူ၏ တက်ကြွရွှင်လန်းအားရနေသော မူရာဟန်ပန်ကို ကြည့်လျက် အားရပါးရ ပြုံးနေမိသည်။

"ပထမတော့ ကြောက်နေသေးတယ်ဗျာ ပြောတာတွေ မလုပ်ဝံ့ဘူး နောက်မှ ဘယ့်နှယ်ရှိရှိ၊ ဒီလောက် အာမခံလုပ်မယ်ဆိုပြီး နေ့တိုင်းနွားသားနဲ့သံပုရာသီးချည်း စားနေတာ အနာမကြွပါဘူး ခြေထောက်တော့ ပျောက်ခါနည်းသလောက်ရှိပါပြီ ဆေးကုန်လို့ လာယူတာပါ"

ကိုငြိမ်း၏ နှင်းခူအနာကြီး ပျောက်ကင်းသွားပြီနောက် စာရင်းစစ် ဦးဟင်ဝေး ဆိုသော ပုဂ္ဂိုလ်တယောက်ကို ကိုငြိမ်းကတဆင့် ညွှန်လိုက်သည်။ လက်ကောက်ဝတ်ကနေ၍ တတောင်ဆစ်အထိ ရွံ့ရှာဘွယ်ရာလိလိ စိုရွှဲနေသော နှင်းခူနာကြီးနှင့်ရောက်လာလေသည်။ နွားသားနှင့်သံပုရာ

E-book is created by www.shanyoma.org

သီးကျွေးလျှင် ရဲရဲသာစားရန် ကိုငြိမ်း မှာလိုက်ကြောင်းကို ပြောပြသည်။

ကျမက သူ၏ အနာကိုကြည့်ပြီး "ဦးရဲ့အနာက နွားသားနဲ့သံပုရာသီး မတည့်ပါဘူး၊ အနာချင်း တူပေမဲ့ လူချင်း မတူကြပါဘူး၊ တဦးနဲ့တည့်လို့ တဦးနဲ့မတည့်ပါဘူး၊ ကိုငြိမ်းအနာက ရေထိလို့မရဘူး၊ ဦးအနာက ရေစိမ်ပြီး ကုရမှာပါ၊ ဦးကတော့ ငါးသလောက် လိပ်ဥစားမှ ပျောက်မှာပါ"

ကိုငြိမ်းကဲ့သို့ပင် မျက်စိမျက်နှာပျက်သွားပြန်၍ ကျမပြောသည့်အတိုင်းလုပ်လျှင် မြန်မြန်ပျောက်ကင်းသွားမည်ကို မမောမပန်း သက်ာရှင်းပြောရပြန်လေသည်။

နွားသားနှင့်သံပုရာသီးစား၍ တယောက်ပျောက်တာ ကိုယ်တိုင်မြင်ခဲ့၍ ကျမနွားသားနှင့်သံပုရာသီးကျွေးလျှင် စားဝံ့ပုံရှိသည်။ ငါးသလောက်လိပ်ဥဟုဆိုလိုက်၍ တွန့်သွားလေသည်။ နွားသားနှင့်သံပုရာသီးစား၍ တဦးပျောက်တာမြင်ပြီး လိုက်စားမည်ဆိုပါက အနာကြွကာ လက်ကအသားတွေ ကြွေကျဖို့ရာရှိလေသည်။ သူ့ကို ငါးသလောက်နဲ့လိပ်ဥတွေကျွေးပြီးအနာကြွအောင်လုပ်ကုတာဟု ထင်မှတ်နေပြန်၍ အနာကြွအောင် ပေးတာ မဟုတ်ဘဲ၊ အနာမကြွအောင် နှိမ်ကုခြင်းဖြစ်သည်ကို သဘောပေါက်အောင် အတော်သက်ာရှင်းပြောရသည်။

ဝေဒနာသည်တို့အား အနာကုရတာ သည်လောက်မခက်လှဘဲ နောက်နောက်က စွဲထားသည့်အစွဲကို ချွတ်ရသည့်အတတ်က ပိုခက်နေသဖြင့် ကျမ၏ အခက်အခဲများကို ကိုသန်းဆွေအားညည်းညူပြောမိခြင်းဖြစ်သည်။

"ကျမ အခက်ဆုံးဝေဒနာတွေကို ကောက်ညှင်းကျွေးကုတာနဲ့ ရေစိမ်ရေလောင်းကုတဲ့ဓာတ်ကို ရှုတ်တရက် လူတွေ လက်ခံဖို့ အခက်ဆုံးဖြစ်နေတယ်"

ကိုသန်းဆွေသည် သူ၏ ရောဂါဝေဒနာကို ဆရာကြီးဓာတ်နည်းဖြင့် ကုသနေသဖြင့် ဓာတ်သဘောကို တီးမိခေါက်မိ ရှိနေသည်။ သူသည် ငြိမ်သက်လျက်နေရာမှ တစုံတရာကို စဉ်းစားနေမိသည်။

"ကျွန်တော့်ကို ဝန်ကြီးချုပ်အပါးတော်မြဲ ဒေါ်ခင်စု(ခင်နှင်းယု)က ပြောဖူးတယ်ခင်ဗျ၊ သူများတွေ ကောက်ညှင်းပေါင်းစားယင် ဝမ်းချုပ်တယ်ဆိုပေမဲ့ ဦးနုကတော့ ဝမ်းချုပ်ယင် ဝမ်းနုတ်ဆေး မစားဘူး၊ ကောက်ညှင်းပေါင်းခိုင်းပြီး ကောက်ညှင်းပေါင်း အမြဲစားတယ်၊ အဆန်းဘဲလို့ ပြောဘူးတယ်"

ကျမက ဘယ့်နှယ်ရှိစ အဓိပ္ပါယ်သက်ဝင်သော အမေးလက္ခဏာဟန်ပေါ် သွားရုံသာရှိသေး၊ ကိုသန်းဆွေက ဆက်လက်၍ ကျမမေးမည့်အမေးကို ကြိုဖြေလိုက်သည်။

"ကျွန်တော်လဲ ဒီဓာတ်သဘောရိပ်မိမှ ဦးနုနဲ့ကောက်ညှင်းနဲ့ တည့်လို့သာဆိုတာ သက်သေခံရတော့တယ်"

ကျမတို့နှစ်ယောက်စလုံး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေကြပြန်သည်။ ကိုသန်းဆွေဘာတွေးမည်ကို မသိနိုင်သော်လည်း ကျမမှာမူ ဆေးပညာသင်စဉ်က ဆရာကြီး ဆုံးမ ပြသသော

E-book is created by www.shanyoma.org

အချက်ကို ဒက်ကနဲ တွေးနေမိသည်။

ဆရာကြီးသည် အတ္ထော အက္ခရာ သညာတော၊ အစရှိသောပါဠိကို ပထမရွတ်ပြကာ အနက်ကို ရှင်းပြောပြသည်။

အတ္ထော၊ အနက်ကို။ အက္ခရာ သညာတော၊ အက္ခရာတို့ဖြင့် ကောင်းစွာသိအပ်၊ မှတ်အပ်သည်။ ဟောတိ၊ ဖြစ်၏ ။ အက္ခရာ၊ ဝိပ္ပတ္တိယံ၊ အက္ခရာတို့၏ ပျက်ခြင်းသည်၊ သတိ၊ ရှိသော်။ အထဿံ၊ အနက်ကို။ ဒုန္နယတာ၊ ဒုညာတာ၊ ငြိုငြင်သဖြင့် သိနိုင်ခဲသည်၏ အဖြစ်သည်။ ဟိယသ္မာ၊ အကြင်ကြောင့်၊ ဟောတိ၊ ဖြစ်၏ ။ တသ္မာ၊ ထိုသို့အနက်ကို ငြိုငြင်သဖြင့် သိနိုင်ခဲ့သည့်၏ အဖြစ်ကြောင့်။ သဗ္ဗဝစနာနံ၊ ခပ်သိမ်းသောပါဠိတော်တို့၏၊ အတ္ထော၊ အနက်ကို။ အက္ခရာဟိ၊ အက္ခရာတို့ဖြင့်။ သညာယတေ၊ ကောင်းစွာ သိအပ် မှတ်အပ်၏ ။ တသ္မာ၊ ထိုသို့အနက်ကို အက္ခရာတို့ဖြင့် ကောင်းစွာ သိအပ်မှတ်အပ်သည်၏ အဖြစ်ကြောင့်၊ သုတ္တန္တေသု၊ သုတ္တန္တာနိ၊ ပိဋကတ်သုံးပုံတို့အား။ ဗဟုပကာရံ၊ များသော ကျေးဇူးရှိသော။ အက္ခရကောသလ္လံ၊ အက္ခရာတို့၌ လိမ္မာသောသူ၏ အဖြစ်ဟုဆိုအပ်သော အက္ခရကောသလ္လဉာဏ်ကို။ ပထမံ၊ ရှေးဦးစွာ။ သဗ္ဗဒေတဗ္ဗံ၊ ပြီးစေ၏ ။

ဤသို့ဆရာကြီး ရွတ်ရှင်းပြဘူးသော ပါဠိ၏ အနက်ကို ပြန်တွေးမိကာ အက္ခရာဟူ၍ ၎င်း၊ ဝဏ္ဏဟူ၍ ၎င်း၊ စမဟူ၍ ၎င်း၊ သူ့နေရာနှင့်သူ အသုံးအားဖြင့် ခွဲခြား၍ ခေါ် ဝေါ် ပညတ်ခြင်း ဖြစ်ပုံတွေကို တွေးဆင်ခြင်မိသည်။

သရ ၈–လုံး၊ ဗျည်း ၃၃–လုံးကို ပေါင်းပါက ဝဏ္ဏ၄၁–လုံး ခေါ်လေသည်။ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ ၎င်းသုံးမျိုးကို ပိဋကတ်သုံးပုံဟူ၍ ပြန်ပညတ်ပြန်၏ ။ ၎င်းပိဋကတ်သုံးပုံကို ၄၁–လုံးသောဝဏ္ဏမှ ပို၍မရေးသားနိုင်ချေ။ ရေးသားသော အက္ခရာများ မပျက်မှန်ကန်အောင် ရေးသားပါမှ ပါဠိမှန်ပေသည်။ ပါဠိမှန်မှ အနက်မှန်ပေသည်။ အနက်မှန်မှ အဓိပ္ပါယ်မှန်ပေသည်။ အဓိပ္ပါယ်မှန်မှ အကျင့်မှန်ပေသည်။

အက္ခရာမှားလျှင် ပါဠိမှားလေ၏ ။ ပါဠိမှားလျှင် အနက်မှားကာ၊ အနက်မှားလျှင် အဓိပ္ပာယ်မှားလျက် အဓိပ္ပါယ်မှားက အကျင့်မှားလေ၏ ။ ထို့ကြောင့် အက္ခရကောသလ္လဉာဏ်ကို ဦးစွာပြီးစေအပ်၏ ဟု သဒ္ဒါကြီး သန္ဓိပထမပိုင်းတွင် ဆိုထားပေသည်။

ဥပမာ။ ကိုဋ္ဌဟူသော အက္ခရာရေးနည်းမျိုးကား ရှင်ဘုရင် မကိုဋ္ဌသာလျှင် ရေးနိုင်လေသည်။ ကြောင်ကိုက်သည် ဆိုရာ၌ ထိုအက္ခရာကို မရေးသားနိုင်ပေ။ အက္ခရာအထားအသို လွဲပါက အယူအဆတွေအားလုံး လွဲသွားဖွယ်ရာ ရှိပေသည်။

“အက္ခရာတွေကို အက္ခရာသိရုံနှင့် မပြီးသေးဘူး၊ အသံထွက်ကို နားလည် သိရသေးတယ်၊ ဥပမာ–လူအများ သီလဆောက်တည်တဲ့အခါ ဗုဒ္ဓ သရဏံ ဂစ္ဆာမိကိုဆိုတတ်ရုံနဲ့ပြီးသော်လည်း သာမဏေကျတော့ ဆိုတတ်ရုံနဲ့မပြီးဘူး၊ ဥပဇ္ဈာယ်ဆရာနှင့်တကွ သာမဏေပါ–နှုတ်ခမ်းက ထွက်ရမည့်အသံ၊ သွားက ထွက်ရမည့်အသံ၊ နှုတ်ခမ်းအဖွင့်အပိတ် အရေးကြီးတယ်၊ သည်အက္ခရာဘဲ အသုံးနေရာ ကွာခြားတယ်။ လောကုတ္တရာဘက်မှာ အက္ခရာ အရေးကြီးသလို လောကီ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ပညာဘက်မှာလဲ စမ အရေးကြီးတယ်"

ဆရာကြီး အမိန့်ရှိဘူးသည့်အတိုင်း စမ အက္ခရာ အရေးကြီးကြောင်း တွေးမိပေသည်။ စမ အက္ခရာမသိပါက ကိုယ့်ဟာကိုယ် မှားနေတာ တွေ့ရပြန်သော်လည်း ဘာကြောင့်မှားနေမှန်း မသိပေ။ ကိုယ့်ဟာကိုယ်ဘဲ မှန်နေတာ တွေ့ပြန်သော်လည်း ဘာကြောင့် မှန်နေမှန်း မသိပေ။ စမ ကိုသိမှ အဖြေသိပေမည်။

ဝန်ကြီးချုပ်ဦးနု ဓာတ်ချုပ်လျှင် ကောက်ညှင်းစားပုံမှာ ထမင်းမှန်သဖြင့် ဘာကြောင့် မှန်နေမှန်းသိဘို့ အရေးကြီးပေသည်။ ဝန်ကြီးချုပ် ကောက်ညှင်းစားပုံ လမ်းမှန်သော်လည်း ဝန်ကြီးချုပ်ကတော် ဒေါ်မြရီဝင်စားပါက မုချဆေးမဖြစ်ဘဲ ဘေးဖြစ်လိမ့်မည်။ ဘာကြောင့်ဒေါ်မြရီနှင့်မတည့်မှန်းကိုလည်း သိအပ်လှပေသည်။

ဝန်ကြီးချုပ်ဦးနုကား ရုပ်က ဥဏှ၊ နာမ်းကား သီတဖြစ်နေသဖြင့် ကောက်ညှင်းကို ကစမ၊ ညစမ၊ နှစ်လုံးကောက်ယူ က–ဝါယောဓာတ်ဖြစ်နေ၏။ ထိုဝါယောဓာတ်ကား ဥဏှအကြောင်းခံသော ဝါယောဓာတ် ဖြစ်သောကြောင့် ဝန်ကြီးချုပ်ဦးနုသည် ထမင်းစားမည့်အစား ကောက်ညှင်းဆီထမင်းစားနေပါက ကျန်းမာရုံတွင် မဟုတ်ဘဲ လိုရာပြီးစီးအောင်မြင်ပေလိမ့်မည်။

နံနက်တိုင်း ထန်းညက်သုံးခဲ စားကာ ရေဝဝသောက်လျက် ကောက်ညှင်းသာ အမြဲစားနေပါက ဆရာခေါ် ရသောဒုက္ခမှ လွတ်ငြိမ်းသွားပေလိမ့်မည်။

ထန်းညက်ကား တေဇော ဖြစ်သော်လည်း ရိုးရိုး တေဇော မဟုတ် နဝင်းတေဇော ဖြစ်ပေသည်။ ထန်းကား ၁၀၊ ညက်ကား ၇၊ ၎င်း ၁–၇ ကို ၉–နှင့်စားလျှင် အကြွင်းမရှိသဖြင့် နဝင်းတေဇောခေါ် ခြင်းဖြစ်သည်။ ဤကား ဦးနု၏ စမအကျိုးဖြစ်လေသည်။ စမဆိုသည်မှာ သူ့နေရာနှင့်သူဖြစ်ကြောင်းကို ရှင်းပြီးလေပြီ။

စမမှာ လျှာကခံစားသော စမ၊ နှာခေါင်းက ခံစားသော စမ၊ မျက်စိက ခံစားသော စမ၊ နားက ခံစားသော စမ၊ ကိုယ်က ခံစားသော စမ–ဟူ၍စမ ငါးမျိုးရှိသည်။ ၎င်းစမငါးမျိုးကို အတိအကျမသိဘဲ မျက်စိလည်နေပါက အန္ဓပုထုဇဉ်ခေါ် ပေမည်။ ၎င်းစမငါးမျိုးကို လောကုတ္တရာနည်းနှင့် ခန္ဓာငါးပါးဟုခေါ် ပေသည်။

လောကီနည်းနှင့်လောကုတ္တနည်းနှင့် သူ့နေရာနှင့်သူ အတိအကျ ခံစားတာတွေကို သိပါမှ ကလျာဏပုထုဇဉ်ဖြစ်ပေတော့မည်။

"အင်္ဂလိပ်စာတွေ ကုန်းသင်ပြီး ဗမာရဲ့အက္ခရာစာပေ စမ သဘောနားမလည်တဲ့သူများကို သည်ပညာနဲ့ ဆေးကုနည်း သင်ပြဖို့ဟာ မလွယ်လှဘူးရှင်"

ကျမလည်း စမသဘောကို အကျယ်တဝင့်ပြန်လည်တွေးနေရာမှ နောက်ဆုံး နိဂုံးချုပ်လိုက်သဖြင့် ကိုသန်းဆွေသည် ပြုံးကာ တဖြည်းဖြည်း လူတွေ လက်ခံမှာပါဘဲဗျာ၊ ဒီပညာပြန့်ပွားရင် ဆေးဘိုးအတွက် သက်သာပြီး ကိုယ့်ကျန်းမာရေး ကိုယ်ပိုင်သွားမှာဘဲဟု စိတ်ရောကိုယ်ပါ ထောက်ခံ ပြောဆိုသွားပေသည်။

တသားမွေး တသွေးလှဆိုသော ရှေးစကားကို

မိန်းမတိုင်းပင် ကြားဘူးနား၀ ရှိကြသည်။

သို့ရာတွင် ယခုခေတ်၌ တသားမွေးလျှင်

တသွေးလှ–မလှ…။

E-book is created by www.shanyoma.org

# ယောကျ်ားဖေါင်စီး မိန်းမမီးနေ

မြစ်ထဲတွင် အသွားအလာ ရှင်းနေသည်။

အနီးအနားတဝိုက်၌လည်း လူသံသူသံပင် မကြားရသလောက် တိတ်နေသည်။ ကမ်းနား၌ ဆိုက်ကပ်ထားသော သစ်ဖေါင်ကြီးပေါ် တွင် ငါးခူရောင်အသားကဲ့သို့ မဲပြောင်ပြောင်နေသောသူ၏ ကျောကုန်းကို နေလှန်းကာ ဖေါင်ကြိုးထိုင်တုပ်နေသော လူတယောက်သာ တွေ့ရသည်။

ကမ်းနား မြေပြန့်ကို မျက်နှာစာပြုလျက် မန္တလေးဖက်သို့ မျှော်ကြည့်နေကြသော မင်းကွန်းဘုရားပုထိုးတို့မှာ အဆင်းအရောင်ပျက်လျက် လူသူမရှိ ချောက်ကပ်နေသည်။

ကျမသည် သစ်ဖေါင်များ တန်းဆိုက်ထားသော ကမ်းနားစပ်ကို လှမ်းမျှော်ကြည့့်လျက် ကမ်းနားရှိ အကြော်ဆိုင်ကလေးထဲ၌ ဝင်ထိုင်လိုက်သည်။

သီတင်းကျွတ်လ မန္တလေးသို့ရောက်သွားခဲ့ရာ မိတ်ဆွေများက မင်းကွန်းဖက်သို့ပို့ပေးကြသည်။

ရှေးဟောင်းဘုရားပုထိုးများနှင့် မင်းကွန်းခေါင်းလောင်း၊ လူအိုရုံစသောနေရာများကို လှည့်လည်ဖူးမျှော်ကြည့်ရှုကြပြီးနောက် ကမ်းနားသို့ပြန်ဆင်းလာသည့်အခါ ကျမတို့ကို လိုက်ပို့သော မော်တော်မှာ တနေရာသို့ ခရီးဆက်သွားနေသဖြင့် ထိုင်စောင့်နေရသည်။

"မော်တော်က တော်တော်နဲ့ လာအုံးမှာ မဟုတ်ဘူးဗျ၊ အဆာပြေကလေး"

မင်းကွန်းသို့ လိုက်ပို့သော ဦးကျော်သောင်းသည် မော်တော်စောင့်ယင်း စားကြရန် အကြော်ဖိုဠ် အကြော်မျိုးစုံ သွားမှာနေသည်။

ဒပ်ဖရင် သွားဖွားဆေးရုံမှာ ဗိုက်ခွဲလာပြီးစ ချုပ်ရိုးပင် အကင်းသေဦးမည်မထင်ရသေးသော ဦးကျော်သောင်း ၏ ဇနီး မခင်စိန်သည် ကျမအနား၌ ထိုင်ချကာ စုတ်သပ်လျက် သူ့ဗိုက်ကိုသူ နှိပ်ထားသည်။

"နာသလား"ဟု ကျမက လှည့်မေးလိုက်သည်။

သူ၏ ရှုံ့ထားသော မျက်နှာကို တိုး၍ရှုံ့ကာ 'လမ်းကြပ်ကြပ်ရှောက်ယင် နာတယ်၊ ဗိုက်ခွဲပြီးပြန်လာတာက ဘာကြာသေးလို့လဲ'ဟု ပြောယင်း ခါးကို ကုန်းထားသည်။

ကျမမှာ သူ၏ မသက်သာဖြစ်နေသော အမူအရာများကို စိုက်ကြည့်နေမိသည်။ မခင်စိန်မှာ ကျမထက် အသက်ငါးနှစ်ခန့်ငယ်လေသည်။ သူ့ရုပ်ကလေးကို ငေးကြည့်ရလောက်အောင် လှသလေက် ချောသလောက် အသက်အရွယ်နှင့်မလိုက်အောင် ဆံပင်တွေဖြူနေသဖြင့် အကြည့်ရဆိုးနေသည်။ မျက်တောင်များကော့ညွတ်နေကာ မျက်လုံးမျက်ဖန်လှပါလျက် မျက်ကွင်းညိုနေခြင်းကြောင့် ဖြူဝင်းနေသော မျက်နှာပေါ်၌ အမဲရစ်ကြီး ထင်နေသည်။



E-book is created by www.shanyoma.org

ကျန်းမာခြင်းနှင့်မပြည့်စုံသော အမှတ်အသားများကို စိုက်ကြည့်ယင်း 'ဘာဖြစ်လို့ ဗိုက်ကို ခွဲရတာလဲ... 'ဟုမေးလိုက်သည်။

မခင်စိန်သည် နှုတ်ခမ်းကလေးကို မသိမသာရွဲ့လျက် မျက်လုံးကို ထောင့်ကပ်ကာ မပြောခင် ပင့်သက်ကြီးချလိုက်သည်။

"သားသွီးရမှာစိုးလို့ ခလေးမရအောင် သားအိမ်ကြောသွားဖြတ်ရတာပေါ့ ကျမက သွေးတိုးရောဂါရှိတယ်၊ ခလေးရှိယင် ခဏခဏပျက်တာဘဲ ခလေးရှိလို့ မဖြစ်ဖူး၊ ခလေးမရအောင် ဗိုက်ခွဲပြီး အကြောဖြတ်ပစ်လိုက်တယ်"

သူ၏ အကြောင်းပြချက်ကား ခလေးအလိုမရှိ၍ မဟုတ်ဘဲ၊ သွေးတိုးရောဂါရှိနေခြင်းကြောင့် လမစေ့ဘဲ ပျက်တတ်သဖြင့် ခလေးမရအောင် သားအိမ်ကြောဖြတ်ထားရပုံမျိုး ရှင်းပြောပြနေသည်။

ရှိသည့်ရောဂါကို ပျောက်အောင်ကု၍ ခလေးအဖတ်တင်အောင်သာလျှင် လုပ်ထိုက်ပါလျက် ဗိုက်ခွဲကာ ခလေးမရှိအောင် သားအိမ်ကြော ဖြတ်ပစ်ရသောနည်းကို မနှစ်သက်ပေ။

ယခုခေတ် အိမ်ထောင်သည်မိန်းမများ အမျိုးမျိုးရှိကြသည်။ အချို့မှာ ခလေးလိုချင်၍ ဆေးရုံတက်ကာ သားအိမ်ခြစ်သူတွေလည်း ရှိကြသည်။ အချို့လည်း ခလေးမလိုချင်၍ ဆေးရုံတက်ကာ ဗိုက်ခွဲပြီး သားအိမ်ကြောဖြတ်သည် ဆိုသူများလည်း ရှိကြသည်။

ဤသို့ ဓားအားကိုးဖြင့် အလိုရှိရာရာကို အလိုရှိသလို ပြုပြင်ဖန်တီးကြကာ ဒုက္ခခံကြသည့် နေရာ၌ စွန့်စားဝံ့သော သတ္တိထူးရှိကြပေသည်။

ကျမ၏ အိမ်နီးချင်း မိတ်ဆွေတဦးမှာ သားသွီးလိုချင်လှသဖြင့် ဆေးရုံတက်ကာ မေ့ဆေးပေးပြီး သားအိမ်ခြစ်လေသည်။ သားအိမ်ခြစ်သောဝေဒနာကို ပင်ပန်းကြီးစွာ ခံစားလျက် ဆေးရုံပေါ်၌ ပကတိလူနာကြီးကဲ့သို့ ဒုက္ခခံနေခဲ့ပြီးနောက် ဆေးရုံမှ ဆင်းလာကာ ငါးနှစ်လောက်ကြာလာခဲ့သည့်ယခုအချိန်တိုင်အောင်ပင် သားသမီး မရရှာသေးချေ။

ကျမမှာ ဆေးဆရာတယောက် အမြင်ဖြင့် ခလေးအဖတ်မတင်ခြင်းကို အဖတ်တင်စေအောင် ရှိသည့်ရောဂါ ပျောက်အောင် ကုသနည်းသာ သဘောကျကာ ရောဂါရှိနေခြင်းကြောင့် ဗိုက်ခွဲကာ ခလေးမရအောင် လုပ်ထားသော နည်းကို မနှစ်သက်နိုင်သဖြင့် 'အနာခံလို့ မခင်စိန်ရယ်'ဟု ညည်းပြောမိသည်။

ဦးကျော်သောင်းသည် အကြော်ပန်းကန်ကြီးကို လာချပေးကာ အကြွမ်းအိုးကို ယူလျက် ရေနွေးပူပူသွားထည့်ခိုင်းပြန်သည်။

ကျမတို့လူအုပ်ထဲတွင် ခလေးတွေ ပါလာကြသည်။ ကမ်းနားစပ်၌ ပြေးလွှားဆော့နေကြသော ခလေးများကို မခင်စိန်က အကြော်စားရန် လှမ်းခေါ်လိုက်သည်။ ကမ်းစပ်မှ ပြေးလာကြသောခလေးတွေကို မျှော်ကြည့်ယင်း ဖောင်ပေါ်က လူကို မျက်စိတန်းသွားမိသည်။

ဖောင်ပေါ်က ယောကျာ်းနှင့်ကျမနှင့်မျက်နှာချင်းဆိုင် ထိုင်နေသော မခင်စိန်တို့သည်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ယှဉ်တွဲကျက်စားနေကြသည်။ မခင်စိန်နှင့်ဖေါင်ပေါ်က လူဆီသို့ ခေါက်တုံ့ခေါက်ပြန် ကူးသန်းကျက်စားနေသော အာရုံထဲတွင် 'ယောကျ်ားဖေါင်စီး မိန်းမမီးနေ'ဟု ဆိုရိုးရှိကြ၊ ပုံခိုင်းကြသော အဓိပ္ပာယ်ကို တဆက်တည်း တွေးနေကြည့်မိလေသည်။

ဖေါင်သည် ကမ်း၌ရပ်ဆိုက်ထားသည့်တိုင် မျက်စိထဲတွင် မျောသွားနေသဟန် ဝင်စားနေမိသည်၊ ဖေါင်စီးသောယောကျ်ား၏ သက်စွန့်ဆံဖျားပြုလုပ်ရသောသဏ္ဍာန်များသည် မျက်စိရှေ့တွင် ပေါ်လာလေသည်။

ဖေါင်စီးရာ၌ လှော်တက်၊ ထိုးဝါး၊ အားမထားရဘဲ ကြိုးကိုသာလျှင် အားထားကြရ၏။ ကမ်းသို့ဖေါင်ဆိုက်၊ ဖေါင်ကပ်ရန် ဂွသတ်၊ ငုတ်ရိုက် ကြိုးချည် ဆိုက်ကပ်သော အလုပ်မှာ ဖောင်ကို ကိုယ်ကနိုင်ပုံပေါ်မှ ငုတ်ကို အသေရိုက် ကြိုးချည်ဝံ့လျက် နိုင်ပုံမပေါ်ဘူးထင်လျှင် ငုတ်ကို အရှင်ရိုက်ရလေသည်။ ဖေါင်ဆိုက်ကပ်မည့်နေရာမရောက်ခင်က ရေထဲသို့ခုန်ချပြီး ကမ်းပေါ်တတ်ကာ ငုတ်ပြေးရိုက်လျက် ဖေါင်ကြိုးကို ဆွဲထိန်းကြည့်ရသည်။ ကမ်းသို့ ဘေးတိုက်ဝင်ကပ်လာသည့် ဖေါင်မှာ ဆိုက်မည့်နေရာရောက်မှ ကြိုးနှင့်ဆွဲကပ်လိုက်ရပုံမျိုး မဟုတ်ဘဲ ဖေါင်ကပ်မည့်ကမ်းနားနေရာက ခပ်ဝေးဝေး ရှေ့နားလောက် ကျလျက် ငုတ်ရိုက် ကြိုးချည်ကြည့်ရသောနေရာမှာ နောက်နား၌ ဖြစ်သဖြင့် ဂွသတ်သည့်အလုပ်သည် တော်ရုံကျင်လည်မှုဖြင့် ကမ်းသို့လိုက်ကပ်နိုင်ဘို့ရာ ခက်ခဲချေသည်။

ဖေါင်ကပ်ရန် ဂွသတ်နေစဉ် ကြိုးကိုမနိုင်၍ ပြတ်သွားခဲ့လျှင် ဖေါင်ပေါ်က ကြိုးရစ် ကြိုးလျှော့လုပ်ပေးနေသောသူနှင့် ငုတ်ရိုက်ကြိုးချည် ထိန်းကြည့်နေသောသူပါ နှစ်ဦးစလုံးကိစ္စများနိုင်ကြသည်။ သားရေကြိုးကို နှစ်ဘက်တင်းတင်း ကိုင်ဆွဲထားတုန်း ကြိုးပြတ်ခဲ့လျှင် ပြန်ရိုက်ခတ်မည့်အရှိန် ပြင်းထန်နည်းမျိုးတူ ဂွသတ်နေခိုက် ကြိုးပြတ်ထွက်သွားပါက နှစ်ဦးစလုံး ဒုက္ခရောက်ဖွယ်ရာ ရှိတော့သည်။

ဖေါင်ကြိုးဆွဲသည့်အခါတွင် ဝါးတွင် ချည်နှောင်ထားသော ကြိုးများမှာ ဝါးနှင့်ပွတ်ထိခြင်း အရှိန်ပြင်းထန်ပါက မီးထတောက်လောင်ကုန်ကြသဖြင့် ဖေါင်လိုက်လျှင် မီးမလောင်အောင် ရေပက်လည်အုံးမှဖြစ်သည်။

ဖေါင်ကို မျှောချလာသောအခါ၌ ရေစီးသန်၍သော်၎င်း၊ လှိုင်းထဲတွင်သော်၎င်း၊ ကြိုးနှင့်တွယ်သီ ဆက်ထားသော အဆက်နေရာများမှာ ရေအောက်သို့ခေါက်ဝင်သွားတတ်သောကြောင့် အဆက်နေရာက ရေအောက်သို့ခေါက်သွားခဲ့လျှင် ထိုအဆက်အတွဲကြီးတတွဲကို အမြန်ဖြတ်ပစ်ရသဖြင့် သက်စွန့်ဆံဖျား စီးကြရသောအလုပ်မျိုးဖြစ်၏။

"စားလေဗျာ... တို့ဟူးကြော်နဲ့ ဘူးသီးကြော်တွေ အေးကုန်မယ်..."

ကျမမှာ ဖေါင်ဘက်သို့ငေးမောကာ ကိုယ့်စိတ်ကူးနှင့်ကိုယ် ဖေါင်မျှောထွက်နေစဉ် ဦးကျော်သောင်း သတိပေးလိုက်မှ စိတ်ကူးကို ဖြတ်လျက် တို့ဟူးကြော်တခုကို လှမ်းယူလိုက်သည်။

တို့ဟူးကြော်ကို ကိုင်ဖဲ့ယင်း မခင်စိန်ကို စကားမပြောခင် စိုက်ကြည့်လိုက်လေသည်။ ခေတ်

ဆံဆံ ပြုပြင်ဖီးသင်ထားသော ကောက်တွန့်နေကြသည့်ဆံပင်များသည် ဂုတ်ပေါ်၌ ဖွားရရာ ဝဲနေသည်။

နီသောနိုင်လွန်အင်္ကျီမှာ ကိုယ်ပေါ်တွင် ရဲနေလေသည်။ ကြက်သွေးရင့်ရောင် ဖဲထမီကား နှုတ်ခမ်းနီဆိုးထားသောအရောင်နှင့် တရောင်တည်း မှိုင်းနီနေကြသည်။

အနီထဲတွင် အသွေးဟူ၍မရှိသော အသားရောင်မှာ ဖြော့လျက် ဖြူဖတ်ဖြူရော်ကြီး ဖြစ်နေလေသည်။

"တသားမွေး တသွေးလှုဆိုတာ ကြားဖူးတယ် မဟုတ်လား၊ သားမွေးပြီး နုချောလှလာအောင် လုပ်နိုင်တဲ့နည်း ဗမာမှာရှိတယ်၊ ခလေးရမှ လှနိုင်တော့မပေါ့"

မခင်စိန်သည် ကျမစကားကို နား၌သာ ကြားလိုက်ရသကဲ့သို့ ခပ်ပေါ့ပေါ့ နှလုံးသွင်းကာ အကြော်ကိုသာ ဖဲ့ကိုက်စားနေသည်။

တသားမွေး တသွေးလှုဆိုတာ ရှေးစကားကို မိန်းမတိုင်းပင် ကြားဘူးနားဝ ရှိသည်။ သို့ရာတွင် များသောအားဖြင့် သားမွေးပြီး ရုပ်ကျရုပ်ပျက်သွားသည်သာများပြားကြသဖြင့် တသားမွေး တသွေးလှုသော ရှေးစကားမှာ အဓိပ္ပာယ်ကင်းမဲ့သလို ဖြစ်နေသည်။

တသားမွေးတသားလှုဆိုသော ရှေးစကား ဟုတ်မှန်ကြောင်းကို ယခုခေတ် မျက်နှာမြင် သားဖွားနေကြသော မွေးနည်းဖွားနည်းမျိုးဖြင့် ကိုက်ညီနိုင်ရန် ခဲယဉ်းသလို ရှေးက မွေးနည်းမွေးဖွားနည်းမျိုးမှသာ ရှေးစကား ဟုတ်မှန်ကြောင်း ကိုက်ညီနိုင်စရာရှိသည်။

ဗီဇနိယာမအားဖြင့် ဗမာလူမျိုး၏ ထုံးတမ်းစဉ်လာသည် စလာကတည်းက မိန်းမများ သားဖွားလျှင် မီးလှုံခဲ့ကြသည်။ မီးနှင့်မျက်နှာမြင်ခဲ့ကြသောကြောင့် မိန်းမမီးနေဟု စကားရှိခဲ့ကြသည်။

ယခုခေတ်တွင် ဗီဇနိယာမ အစဉ်အလာထုံးတမ်းကို ဖျက်ကာ အနောက်နိုင်ငံ၏ ကုထုံးကုနည်း၊ နိသျှည်းအတိုင်း ခေတ်ဆန်ဆန် မျက်နှာမြင်နေကြသည်။

လူမျိုးတမျိုးတွင် ဓလေ့ထုံးစံ အသီးသီးရှိကြသည့်အနက် အင်္ဂလိပ်မွေးဖွားနည်း၊ ကုလားမွေးဖွားနည်း၊ တရုပ်မွေးဖွားနည်း၊ ဗမာမွေးဖွားနည်းစသည်ဖြင့် ကိုယ့်ဓလေ့ထုံးစံဖြင့် ကိုယ်မွေးဖွားကြရာ၌ ဒေသ ရေမြေလိုက်၍သော်၎င်း၊ ရာသီဥတုလိုက်၍သော်၎င်း၊ အစားအစာလိုက်၍သော်၎င်း၊ ထုံးစံ တမျိုးစီ ဖြစ်ကြသည်။

ကျမ မော်စကိုသို့သွားစဉ်က တရုကင့်မြို့ရှိ ဆေးရုံတရုံရောက်ခဲ့သည်။ ထိုဆေးရုံတွင် သားဖွားမည့်ဆဲဆဲ မိန်းမတဦး အခန်းထဲသို့ ဝင်ကြည့်သည်။ သားဖွားပြီး မိန်းမများအနက် မိန်းမတဦးမှာ ခုတင်ပေါ်၌ ခြေရင်းဘက်ကို အမြင့်လုပ်ထားပေးသည်။ ခေါင်းရင်းကို အနိမ့်လုပ်ထားပေးသဖြင့် ဇောက်ထိုးနေရသလို တွေ့ရသည်။ ကျမက စကားပြန်ကို အကြောင်းမေးကြည့်မိသည်။ သွေးဆင်းတာများလို့ ဇောက်ထိုးလုပ်ထားပေးတာဟု စကားပြန်က ပြောပြသည်။

၎င်းတို့နိုင်ငံ၏ ရာသီဥတုမှာ အေးသောနိုင်ငံဖြစ်၍ သွေးခဲနေသောကြောင့် သွေးခဲနေသော



E-book is created by www.shanyoma.org

ဒေသ၌ မျက်နှာမြင်ပြီး သွေးများ ဆင်းနေခဲ့လျှင် အသက်ဘေးကြောက်ရသဖြင့် သွေးများများ မဆင်းနိုင်အောင် ကာကွယ်သောသဘောဖြင့် ဖောက်ထိုးထားပေးခြင်းဖြစ်သည်။

သူ့အရပ် သူ့ဥတုရာသီ သူ့မလေ့ထုံးစံလိုက်၍ သူ့နည်းနှင့်သူ သွေးများများ မဆင်းနိုင်အောင် စိုးရိမ်တကြီး ကာကွယ်သောကုထုံးမှာ မှန်ကန်လမ်းကျပေသည်။

ပူသောနိုင်ငံများတွင် သွေးပျော်နေသောကြောင့် မီးဖွားသည့်အခါ သွေးများများ ဆင်းပါမှဖြစ်မည်။ မျက်နှာမြင်ပြီး သွေးများ မဆင်းခဲ့လျှင် မီးနေသည်အတွက် စိုးရိမ်ရပေသည်။

ရှေးက မီးနေအိမ်ရောက်၍ မီးနေခန်းထဲဝင်လျှင် 'များများဆင်းရဲ့လား'ဟု မိန်းမချင်း မျက်စပစ်ကာ ဒါကို အရေးတကြီး သတင်းမေးတတ်ကြသည်။

ယခုခေတ် မွေးနည်းဖွားနည်းနှင့် ရှေးခေတ် မွေးနည်းဖွားနည်းသည် ဗီလာဆန့်ကျင်လျက် တဘာသာစီ ဖြစ်နေကြသည်။

ရှေးခေတ်က ကိုယ်ဝန်ဆောင်တယောက်သည် မီးမဖွားခင် လနုနုက ကြိုတင်၍ လက်သည်ဝမ်းဆွဲအလုပ်ကို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မလုပ်သူမရှိသလောက် ရှားသည်။ ဝမ်းဆွဲဆိုလျှင် အသက်အရွယ်ကြီးရင့်လျက် ဤဘက်၌ အတွေ့အကြုံအားဖြင့် လုပ်သက်ရှည်ကြာကြကာ သူတို့၏ ဝမ်းဆွဲအတတ်ပညာမှာ လက်တွေ့လက်ထပ်သင်ယူမှတ်သားနည်းဖြင့် တဆင့်ထက်တဆင့် အတွေ့အကြုံရင့်သန်သော အသိဉာဏ်ပညာအရ ကျွမ်းကျင်လိမ္မာခြင်း ဖြစ်ကြကုန်သည်။

ရှေးက မီးမဖွားနိုင်သဖြင့် ဗိုက်ခွဲ၍ ကလေးထုတ်ယူသောနည်း(သို့မဟုတ်) မေ့ဆေးပေးကာ ညှပ်နှင့်ဆွဲထုတ်ယူသောနည်းမျိုး မပေါ်သေးပေ။ ဝမ်းဆွဲလက်သည်ကောင်းပေါ်၌ တည်နေသည်။

မမွေးဖွားနိုင်သောအခက်အခဲကို ကြည့်၍ လိမ္မာကျွမ်းကျင်စွာ ဖွားပေးကြသည်။ သမရိုးကျဖွားရန် ခဲယဉ်းနေပုံပေါ်လျှင် မတ်တတ်ဖွားမှ လွယ်ကူနိုင်မည့်သဘောရှိသူအား မတ်တတ်ဖွားစေလျက် သို့မဟုတ် ခလေးများ နောက်ဖေးထိုင်တည်သလို ခြေထောက်ပေါ်တွင် ခွထိုင်ခိုင်းပြီး ဖွားခိုင်းသော ထုံးနည်းများ လည်းရှိကြသည်။ ကိုယ်ဝန်ဆောင်ကိုကြည့်၍ ဗိုက်မခွဲရ မေ့ဆေးမပေးရ၊ ညှပ်မကူရဘဲ ထိုင်လျက် ထ,လျက် မွေးဖွားစေသောသူတို့၏ အတတ်ပညာကား တကယ်အားထားလောက်သည့်ပညာတရပ် ဖြစ်သည်။

သည်မျှမက မီးမဖွားနိုင်ဘဲ အခက်အခဲ ကြုံနေလျှင် ပေါက်ပန်း ဖြူ ၇–ရွက်ကို ဘယ်ဖက်လက်နှင့်ကိုင်ဆုပ်ခိုင်းခြင်း၊ သို့မဟုတ် ဝမ်းနာနေသောအချိန်၌ 'ဆီမီးတောက်ဥ'ဖြင့် ဗိုက်ကိုညာရစ် ၉–ရစ် ရစ်ပေးကာ မွေးဖွားပြီး လက်ဖြင့် ဘယ်ရစ် ၉–ရစ်ပြန်ရစ်ဖျက်ပေးခြင်း စသည့် ဗမာ့ ဓာတ်သဘောကို တတ်သိနားလည်ကြသေးသည်။

လနုနုက ဝမ်းဆွဲကို ဗိုက်အပ်ထားပြီးနောက် မျက်နှာမမြင်ခင် ဝမ်းဆွဲက လာရောက်၍ ဝမ်းဗိုက်မတင်းအောင် ပေါင်မှအကြောအခြင် လျှော့ပေးခြင်း ဗိုက်ကို ကိုင်ကာ ခလေးအနေအထား စမ်းသပ်လျက် ပြုပြင်ပေးလေ့ရှိကြသည်။



E-book is created by www.shanyoma.org

လနီးလာလျှင် မီးတွင်းထဲ၌ သောက်မည့် လိမ်းမည့် နနွင်းတက်ကို အမှုန့်ထောင်းထားကာ လှုံမည့်ထင်းကိုလည်း အဆင်သင့် ရွေးချယ်စုဆောင်းထားကြသည်။

ကျမ ငယ်ရွယ်စဉ်က ကျမ၏ မိခင်သည် ရှေးဗမာဓလေ့ထုံးစံအတိုင်း မျက်နှာမြင်ပုံကို တွေ့ကြုံဘူးခဲ့သည်။

မီးနေခန်းကို ညှော်သင်းနှင့်လေလုံရာ၌ သီးခြားလုပ်လေသည်။ မီးတွင်းထဲ၌သုံးမည့် အိပ်ရာ ခြင်ထောင် အဝတ်အစားများကို ခပ်ထူထူ သီးသန့်ရွေးဖယ်ထားသည်။ လှုံမည့်မီးကပ်နှင့် ထင်းများပါ အရံသင့်စီမံထားလေသည်။ ထင်းကို ဂရုစိုက်ရသည်။ ထင်းမကောင်းလျှင် မီးပေါက်များ လွင့်တတ်သဖြင့် မျက်နှာမြင်ပြီးစ မီးနေသည်မှာ ကိုယ်ရည်ကိုယ်သား နူးညံ့လှသဖြင့် မီးဖွားအထိမခံနိုင်သောကြောင့် မီးလှုံရန် ထင်းကောင်းကောင်း ရွေးကြရသည်။

ကလေးဝမ်းက ကျွတ်လျှင် အမေသည် ခေါင်းကို ဆံစုများ ထည့်ပေါင်းကာ မြင့်မြင့်ထုံးလျက်အဝတ်ပိုင်းနှင့်ပေါင်းပတ်လိုက်သည်။ မီးတွင်းထဲ၌ ဆံစုထည့်ထုံးထားမှ မီးထွက်လျှင် ဆံစုပေါင်းနိုင်သော အကျင့်ရပေမည်။ သို့မဟုတ် မီးထွက်ပြီး ဆံစုပေါင်းလျှင် ခေါင်းကိုက် ခေါင်းခဲနေတတ်သဖြင့် မီးတွင်းထဲ၌ အကျင့်လုပ်ရကြသည်။

အမေသည် ခေါင်းပေါင်းပြီး အင်တုံငယ်ကလေးထဲတွင် နနွင်းများထည့်ကာ ရေနွေးနှင့်ခပ်ပြစ်ပြစ် ဖျော်လျက် မျက်နှာမှစ၍ တကိုယ်လုံး ဝင်းထိန်နေအောင် အနှံ့အပြား လူးလေသည်။

အမေ၏ အိပ်ရာဘေးတွင် မီးကပ်ကြီးထားကာ ထင်းမပြတ်ထည့်လျက် မီးရဲအောင် လုပ်ပေးထားကြသည်။ နနွင်းလိမ်းပြီး ပန်းကန်လုံးကြီးထဲ၌ ရင်းပြားကို သွေးထည့်ကာ နနွင်းမှုန့်တဆုပ်ကြီး ထည့်လျက် ရေနွေးနှင့်ဖျော်ပြီး သောက်ချလိုက်သည်။

ယင်းသို့ နနွင်းလိမ်း၊ နနွင်းသောက်၊ မီးကင်နေပုံများကို နောက်နောက်က ဘာကြောင့်မှန်း အဓိပ္ပာယ်ပေါက်အောင် မစဉ်းစားခဲ့ဘူးချေ။ နနွင်းများ လိမ်းကျံလျက် မီးကင်သောဒုက္ခကို ဘေးကကြည့်ကာ သည်ဘဝမျိုးကို ရွံရှာစက်ဆုပ်သွားမိသည်။

အမေ့အတွက် ရေနွေးအိုးကြီး ပွက်ပွက်ဆူအောင် တည်ပေးထားကြရသည်။ အမေသည် တကိုယ်လုံး နနွင်းများလိမ်းလျက် စောင်ခြုံပြီး ရေနွေးပူပူသောက်ကာ မီးလှုံနေသည်။ လက်များကို မီးကပ်ပေါ် ဆန့်ထုတ်လျက် မီးငွေ့ခံကာ မီးကင်ပေးနေသည်။

အမေ့မျက်နှာမြင်ပုံကို တစေ့တစောင်းကြည့်ယင်း အမေ့အစား ပူပြင်းလာမိတော့သည်။

"အမေ မပူဘူးလား...၊ မအိုက်ဘူးလား"ဟုမေးကြည့်သည်။

"မီးနေသည်ဆိုတာ မီးတွင်းထဲမှာ ခေါင်းကစပြီး ခြေဖျားအထိ ချွေးထွက်ပြီး ချွေးတစိုစိုနေမှ မီးနေသည်ချမ်းယင် ချွေးခြောက်ယင် ကြောက်ရတယ်"

လက်သည်အဖွားကြီး ပြောပြ၍ ဤအချက်ကို လူသားမမြောက်ခင်ကတည်းက နားထဲတွင် စွဲခဲ့တာ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အချိန်အတန် အရွယ်ရောက်လာကာ အိမ်ထောင်ရက်သားကျပြီးနောက် သားဦးကိုယ်ဝန်ဆောင်ယူသောအခါ၌ ကျမမှာ မီးကပ်ကြီးဘေးတွင် နနွင်းလူးမီးကင်ရသော ဗမာမီးနေသည့်ဘဝကို ရွံရှာစက်ဆုပ်လှ၍ 'အနောက်နည်း'ဖြင့် ဆေးရုံတက်မျက်နှာမြင်သူများကို အားကျကာ ကျမ မျက်နှာမြင်လျှင် အိပ်ရာဖွေးဖွေး ဖြူခင်းလျက် အဝတ်ဖြူကလေးကိုယ်ပေါ်၌ ဖုံးကာ ခေါင်းပေါ်က ပန်ကာဝီဝီနှင့် ပေါင်ဒါ လူးနိုင်သော၊ စားချင်တာ စားနိုင်သော ဆေးရုံသို့ရောက်သွားလေပြီး သန့်သန့်ရှင်းရှင်း ခေတ်မှီမှီ မွေးဖွားမည်ဟုပိုင်းဖြတ်လိုက်သည်။

ဗမာ့ထုံးစံအတိုင်း နနွင်းလူး မီးကင်သော မျက်နှာမြင်နည်းကို ခေတ်ဆန်သူပီပီ မျက်စိထဲတွင် အကျည်းတန်နေကာ တောကျသည်။ အောက်တန်းကျသည်။ လူရိုင်းတွေသာ လုပ်တာဟုအထင်သေးမိသည်။ ယင်းသို့ခေတ်နောက်ကျ ခေတ်မမှီ ပေရေညစ်ပတ်လှသောသားဖွားနည်းဟု များစွာအထင်သေးထားသဖြင့် ဗမာလို မျက်နှာမြင်ရမှာကို လူမြင်မှာပင် ရှက်စိတ်ဝင်သည်။

ရန်ကုန်တွင် သားဦးကို မျက်နှာမြင်သည့်နေ့က မိဖများထံသို့ သံကြိုးရိုက်လိုက်သည်။ ဆေးရုံတက်ဖွားရန် ကြံရွယ်ထားလျက် ၇ လဖြင့်ဖြိုးကနဲ ဖွားရသဖြင့် အိမ်၌ပင် လက်မှတ်ရ ကရင်ဝမ်းဆွဲဆရာမကြီးကို ခေါ်ကာ အင်္ဂလိပ်နည်းဖြင့် မျက်နှာမြင်လိုက်သည်။

အခန်းထဲရှိ ပြူတင်းပေါက်များ ဖွင့်ထားကာ အိပ်ရာဖွေးဖွေးဖြူဖြူပေါ်၌ အညာစောင်ပါးပါးလေးခြုံလျက် မျက်နှာကို ပေါင်ဒါရိုက်ထားသည်။ လေဒီရှူးစီးထားသော ကရင်သားဖွားဆရာမကြီးသည် ကျမခေါင်းမှဆံပင်များကို ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်ပေးကာ ပခုံးရှေ့၌ ချထားပေးသည်။ လက်ကိုင်ပုဝါဖြူကလေးကို အော်ဒီကလုံး ရေမွှေးများ ရွှဲနေအောင် ဆွတ်ကာ ခေါင်းအုံးပေါ် တင်ပေးထားသဖြင့် တခန်းလုံး ရေမွှေးနံ့ သင်းကြိုင်နေသည်။

ခုတင်ဘေးရှိစားပွဲခုံပေါ်၌ ဟောလစ်နို့မှုန့်ဘူး၊ မို့သေတ္တာဘူး၊ 'ဂလူးကို့စ်'ဘူး၊ ရေနွေးဓာတ်ဘူးများနှင့်ပန်းသီး၊ သဗျက်သီးများကို ပန်းကန်နှင့်တင်ထားသည်။

"ကျမတော့ ဗမာလို မျက်နှာမြင်ရမှာ သိပ်ရွံတာဘဲ အန်တီရယ်၊ ကျမသာ ဘိုကလေးပြန်မျက်နှာမြင်ယင် ဗမာလိုဖွားရမှာ ဗမာလက်သည်နဲ့တွေ့ရမှာ ကံကောင်းလို့ အန်တီနဲ့လာပြီး မျက်နှာမြင်ရတယ်"

ကရင်ဆရာမကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"နနွင်းမလူးတာ ကံကောင်းတာပေါ့၊ ခုခေတ်က နနွင်းလိမ်းတဲ့ခေတ် မဟုတ်တော့ဘူး၊ အင်္ဂလိပ်ဆေး သောက်လိုက်ယင် ချွေးထွက်တာပါဘဲ"

နနွင်းများ ထိန်နေတာ မီးနေသည်ကို မြင်ယောင်လိုက်ကာ သန့်သန့်ရှင်းရှင်း ရှိနေသောကိုယ့်ကိုယ်နှင့် နှိုင်းယှဉ်လျက် ဗမာလို မွေးတဲ့မီးနေသည်တွေဟာ ဂေါ်ရင်ဂျီကုလားမတွေနဲ့ မခြားပါကလားဟု စိတ်ထဲ၌ ရှုံ့ချမိသည်။

"တောက လက်သဲ်တွေဟာ ဘာမှနားလည်တာ မဟုတ်ဖူး ဗိုက်နာနေတာ နှိပ်တွန်းချလို့ချ၊ ခလေးက သေရော လူကြီးရော မသက်သာဘူး၊ ကြောက်ဖို့ သိပ်ကောင်းတာဘဲ"

"တောက လက်သည်တွေဟာ မမွေးခင်က နှိပ်တာမဟုတ်ဘူးအန်တီရဲ့၊ မွေးပြီးလဲ ၇ ရက်စလုံး ဗိုက်ကို အတင်းတွန်းနှိပ်နေတာ ကျမ မြင်ဖူးတယ်။ သွေးခွဲပေးတာတဲ့"

"ကြံကြံဖန်ဖန် မွေးပြီးယင် သားအိမ်က သိပ်နုတာ မနှိပ်ရဘူး၊ မထိရဘူး၊ အထဲက သားအိမ်တွေ အူတွေ ရောင်ကုန်မှာပေ့ါ၊ ဗိုက်ကိုပူတဲ့ဆေးကလေး လူးပြီး အဝတ်ကလေးနဲ့ ပတ်ပေးထားရတယ်၊ ဆေးရုံမှာ ဘယ်တော့မှ နှိပ်မပေးဘူး။ ပညာမတတ်တဲ့ဟာတွေသာ လုပ်ကြတာ"

ကရင်ဆရာမကြီးသည် အသံခပ်ဝဲဝဲနှင့် ကျယ်လောင် ကျယ်လောင်ပြောနေစဉ် သံကြိုးရ၍ ဘိုကလေးမှ လိုက်လာသော ကျမဖခင်သည် လှေကားမှ ပြေးတတ်လာကာ အခန်းထဲသို့ ပြေးဝင်လာသည်။

"ဟဲ့ သမီး နေကောင်းရဲ့လား"

ဖခင်သည် မျက်မှောင်ကြီး ကြုတ်လျက် ကျမ နဖူးကို လာကိုင်စမ်းကြည့်သည်။

ဖခင်စိုးရိမ်သော အမူအရာများ တွေ့ရ၍ "နေကောင်းပါတယ်ဖေဖေ... မေမေကော ဘယ်နဲ့ပြောသေးသလဲ သံကြိုးရတော့ အမေ ဘာပြောသေးသလဲ"ဟု ပြန်ပြောနေတုန်းပင် ဟင်– ချွေးလဲ မထွက်ပါလား၊ ခုဘာဆေးသောက်သလဲ"ဟု အထိတ်တလန့် စိတ်ပူကြီးစွာ ဆက်မေးနေသည်။

"ခုအင်္ဂလိပ်သွေးထိန်းဆေး သောက်ထားပါတယ်၊ နေကောင်းပါတယ်"

"ဘယ်... အင်္ဂလိပ်မှမဟုတ်တာ၊ အင်္ဂလိပ်ဆေးသောက်လို့ဖြစ်ပါ့မလဲ၊ ကိုယ့်ဗမာမျိုးရိုးထုံးစံအတိုင်း လုပ်ရမယ်၊ ဒါမှအရှည်သဖြင့် ကျန်းမာရေးစိတ်ချရတယ်၊ ဒီက ဝမ်းဆွဲဆရာမကြီးလား..."

ကရင်ဆရာမကြီးနှင့်ကျမသည် ဗမာထုံးစံအတိုင်း လုပ်ရမည်ဟုပြောလိုက်သည်နှင့် တပြိုင်နက် နှာခေါင်း ရှုံ့လိုက်မိသည်။

"ဆရာမကြီးကို ကျေးဇူးလဲတင်ပါတယ်၊ အားလဲနာပါတယ်၊ ကျွန်တော်တို့က ဗမာဖြစ်တော့ ကျွန်တော်တို့မျိုးရိုးအတိုင်းဘဲ လုပ်ချင်ပါတယ်၊ ဘိုကလေးက ဝမ်းဆွဲပါ တပါတည်း ခေါ်လာခဲ့တယ်"

ကျမမှာ ဆရာမကြီးကို အားနာမိသည်။ မျက်နှာပူပူဖြင့် လှမ်းကြည့်လိုက်ရာ ဆရာမကြီးမှာ သိသိသာသာ မျက်နှာပျက်နေသည့်ကြားထဲမှ ဟန်ဆောင်ပြုံးကာ "လုပ်ပါလေ၊ ကိုယ်ကြိုက်သလိုလုပ်ကြပါ"ဟု ပြန်ပြောလေသည်။

လှေကားမှ တဒေါက်ဒေါက် ဆင်းသွားသော ဆရာမကြီး၏ ရှူးဖိနပ်သံ ပျောက်သွားလျှင် ကျမလည်း မျက်နှာကြီးမှုန်ထားလျက် "ဗမာနည်း မကြိုက်ဘူး၊ မလုပ်ချင်ဘူး"ဟုဇွတ်အတင်း ခေါင်းမာစွာ ပြန်ပြောနေသည်။

"မဟုတ်ဖူးလေ၊ ဖေဖေက ကျန်းမာအောင် ပြောရတာ မျက်နှာမြင်တာ ဘာအောက်မေ့လို့လဲ ဖိဖိစီးစီးနဲ့ ကျကျနန လုပ်ပေးမှ တလျှောက်လုံး ကျန်းမာသွားမှာ နို့မို့ယင် အသားအရေ



E-book is created by www.shanyoma.org

ခြောက်ကပ်ကပ် ညစ်ပုပ်ပုပ်နဲ့ ဘယ်တော့မှ လူစဉ်မမှီဘူး၊ နားလည်လား၊ မိဖစကား နားထောင်မှပေါ့''

ဖခင်က ချော့၍ သူ့စကားနားထောင်ရန် တွင်တွင်တိုက်တွန်းနေသည်။

ထိုအခိုက် ဘိုကလေးမှ လိုက်လာသော အသက် ၆၀ ခန့်ရှိ လက်သည်ဒေါ် ဘီကြီးသည် အခန်းထဲသို့ ဝင်လာကာ ကျမ ကုတင်ခြေရင်းတွင် ဝင်ထိုင်လျက် မိဖစကားနားထောင်ရန် တရားချလေသည်။

ကျမမှာ ဗမာလို နန္ဒင်းလိမ်းရမည့်အဖြစ်ကို ရွံရှာစက်ဆုပ်သည်၊ နန္ဒင်းသောက်ရမည့်အဖြစ်လည်း အော်ကလီဆန်ကာ ပျို့နေလေသည်။ ဖခင်အား သိပ်ရှေးဆန်တာဘဲ ခေတ်နောက်ကျတာဘဲ အယူသည်းတာဘဲဟု မကျေမနပ်နှင့်စိတ်ထဲက ကျိတ်အပြစ်တင်လိုက်ကာ ဗမာနည်းလုပ်ရန် အကြီးအကျယ် စိတ်ပျက်သွားသည်။

''နန္ဒင်း မလူးဘဲ မွေးတာတွေ ပြည့်လို့ပါ ဖေဖေရယ်…ဒီလိုဆို အင်္ဂလိပ်မတွေ ဘယ့်နှယ်လုပ်မလဲ ဘယ်တော့မှ နန္ဒင်းမလူးဘူး''

''ဟဲ့–သူတို့မှာ နန္ဒင်းလူးတဲ့ဓလေ့ထုံးစံမှမရှိဘဲ လူးပါ့မလား၊ သူတို့နိုင်ငံနဲ့သူတို့ဓလေ့ဟဲ့၊ ကျွဲတွေနွားတွေကော ကြည့်စမ်း၊ နန္ဒင်းလူးကြသလား၊ ရင်းပြားစားကြသလား၊ ဘာသာ ဘာဝသူတို့ဓလေ့နဲ့သူတို့မွေးကြတာဘဲ၊ ကျွဲတွေ နွားတွေမွေးသလို ကိုယ်ကလိုက်လုပ်လို့ဖြစ်တာ မဟုတ်ဘူး၊ နန္ဒင်းလူးတာဟာ ရှေးကတည်းက လုပ်လာကြတာ… ဒီလိုလူးလို့ ရှေးကမိန်းမကြီးတွေ ဘယ်လောက်ကျန်းမာကြသလဲ မွေးဖွားပြီး အသားအရေကို စိုလို့ ခုခေတ်လို ခလေးမွေးပြီး အမောမခံနိုင် အပန်းမခံနိုင်တာမျိုး၊ မီးယပ်ချမ်း ထနေတာမျိုး၊ မီးယပ်ဝမ်းဖော်နေတာမျိုး မီးယပ်ခေါင်းကိုက်စွဲနေတာမျိုး မရှိဘူး၊ အသက်ကြီးမှ အရွယ်လွန်မှ ဆံပင်ဖြူတယ်၊ အသက်ကြီးမှ အရွယ်လွန်မှ ခါးကုန်းကြတယ်၊ တချို့မှာ အသက် ၇၀–၈၀ သာ ဆိုတယ် သန်မာလိုက်တာ၊ အဲဒါနန္ဒင်းကျေးဇူးဟဲ့''

ဖခင်သည် ဒေါနှင့်မောနှင့် မာန်မဲပြောနေသည်။ ဖခင် ဘယ်လိုပြောနေနေ ကျမမှာ နားမဝင်နိုင်ဘဲ ရှေးခေတ်၏ အပြုအမူကို အရိုင်းအစိုင်းတွေ လုပ်တာဟု ရှုံ့ချ၍သာ မျက်နှာကြီးသုန်မှုန်ထားမိသည်။

''နန္ဒင်းတော့ မလူးချင်ဘူးဖေဖေရယ်၊ ညစ်ပတ်တယ်''

''အောင်မယ်–ညစ်ပတ်သတဲ့၊ ၇–ရက်လောက် လူးရတာ ဘယ်လိုများ ကိုယ်ကျိုးနဲ့သွားမှာမို့လို့လဲ၊ နန္ဒင်းမလူးဘဲ ပေါင်ဒါလူးတာ အကောင်းမှတ်လို့… သွေးနုသားနုမှာ 'ကရင်'အလှဆီတွေ ပေါင်ဒါတွေ ကြပ်ကြပ်လူး မျက်ခွက်တခုလုံး ညှင်းတွေ တင်းတိပ်တွေ ပြည့်နေလိမ့်မယ်… နန္ဒင်းလူးမှ ခြောက်တော့ ပူပြီး အထဲက မကောင်းတဲ့အညစ်အကြေးတွေဟာ ချွေးအဖြစ် အပြင်ရောက်လာတာ ဒီတော့မှ မျက်နှာလေးဟာ ဝင်းလို့စိုလို့ တင်းတိပ်တွေ ညှင်းတွေ မစွဲဘူး၊ နားလည်လား၊ ရှေးက မီးနေသည် ဆပ်ပြာတောင် မကိုင်ဘူး၊ ဆပ်ပြာထဲမှာ အဲဆစ်ပါတော့ ထုံမှာ

E-book is created by www.shanyoma.org

ကျင်မှာစိုးလို့''

ဖခင်သည် ချော့တလှည့်၊ မာန်တလှည့်ဖြင့် အခန်းထဲမှ ထွက်သွားကာ စီစကီပုလင်းအလွတ်ဖြင့် အဆင့်သင့် ထည့်ယူလာခဲ့သော နန္ဒင်းပုလင်းကြီးကို ယူလာသည်။

''ကဲ... အဒေါ်ဘီ ခင်ဗျား လုပ်ရမဲ့အလုပ်တွေကို ကျနအောင် လုပ်ပေးစမ်းပါ၊ သူတို့ ခေတ်ဆန်တဲ့ဟာတွေ ကိုယ့်ဘေးကိုယ်သိကြတာ မဟုတ်ဘူး''

ဖခင်သည် ပြောပြောဆိုဆို နန္ဒင်းပုလင်းကြီးကို ဖွင့်လျက် လဘက်ရည်ပန်းကန်လုံးထဲသို့ နန္ဒင်းမှုန့်များ တဝက်နီးနီး သွန်ချလိုက်သည်။

ကျမသည် အသဲနှလုံးတုန်လျက် ကြက်သီးထသွားကာ သောက်ရမည့်နန္ဒင်းကလည်း နည်းနည်းမဟုတ်၍ သေလိုက်ချင်လောက်အောင် စိတ်ညစ်သွားသည်။

ပန်းကန်လုံး မပြည့်တပြည့် ရေနွေးနှင့်ဖျော်လျက် ''ကဲ...သမီး သောက်လိုက်''ဟု ပါးစပ်နားသို့ တေ့ပေးလိုက်သည်။

ဆိုးဝါးသော နန္ဒင်းနံ့ကြီးကား ထောင်းကနဲ ထွက်လာကာ အော့အန်ချင်လုလုဖြင့်ပင် မလွဲမရှောင်သာသဖြင့် အသက်အောင့်ပြီး ရှုံ့မဲ့မော့ချလိုက်ရသည်။

''အိပ်ရာခင်းတွေ ပေကုန်မယ်၊ စောင်ဟောင်းဖြစ်ဖြစ် ခင်းစမ်း''

ဖခင်သည် ပြူတင်းပေါက်တံခါးများကို လျှောက်ပိတ်လေသည်။

လက်သည်ကြီးမှာ နန္ဒင်းလိမ်းပေးရန် ခွက်ထဲ၌ ရေနှင့်ဖျော်နေလေသည်။

ဖြူဖွေးသော အိပ်ရာခင်းများကို ဖယ်ကာ စောင်ညှံ့ညှံ့ခင်းရလျက် နန္ဒင်းလိမ်းရန် အဝတ်စားချွတ်ပေးရသည်။

မျက်နှာကို ကျမဖာသာ လူးရန် ခွက်ထဲက နန္ဒင်းများကို လက်ဖျားကလေးနှင့် ကြောက်ကြောက်ရွံ့ရွံ့ တို့ယူလျက် သနပ်ခါးလိမ်းသလို ခပ်ပါးပါးပွတ်နေပုံကြည့်နေသောဖခင်က ခပ်များများ ယူလိမ်းရန် စောင့်ပြောနေသည်။

ကျမမှာ ဆံပင်များ နန္ဒင်းမပေအောင် ခေါင်းပေါင်းရလျက် တခဏအတွင်း တကိုယ်လုံး နန္ဒင်းတွေ ပေကျံထိန်ဝါသွားကာ ဗမာမီးနေသည်အသွင် ပြောင်းသွားသည်။

''ရန်ကုန်မှာမို့... တောမှာသာဆိုယင် မီးကပ်နဲ့မွေးရမှာ၊ မီးမပါဘဲ အစိမ်းမွေးတာ သိပ်စိတ်ချရတာ၊ မဟုတ်ဘူးဗျ၊ ထူထူလိမ်းပေးစမ်းပါ''

ဖခင်ပြောသည့်အတိုင်း လက်သည်ကြီးသည် ငါးများကို နန္ဒင်းနှင့်ဆုပ်နယ်ပေးပုံအတိုင်း ကျမအသားကို နန္ဒင်းနှင့်ဆုပ်နယ်ပေးနေယင်း 'ရှေးထုံးမပယ်နဲ့အေ့ တော်တော်ကြာ မီးယပ်ပိန် မီးယပ်ခြောက်ကလေးဖြစ်နေမယ်။ သည်လိုလူးတော့မှ အသားတွေ ဘယ်တော့မှ ထုံခြင်း ကိုက်ခဲခြင်းကို မဖြစ်ဘူး၊ အသားအရည် စိုပြေတယ်'ဟု တဖွဖွပြောနေလေသည်။

နန္ဒင်းလိမ်းသောကိစ္စ ပြီးသောအခါ ကျမအား အိပ်ရာပေါ်၌ လှဲခိုင်းလျက် သွေးခွဲပေးမည်ဆိုကာ ဗိုက်ကို ကိုင်လေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

"မဖြစ်ဘူးအကြီး... ဗိုက်ကိုမနှိပ်ပါနဲ့ ခုနေခါ ဗိုက်နှိပ်ရင် သွေးပြိုတတ်တယ်တဲ့၊ အထဲမှာလဲ အနာဖြစ်မှာ..."

ကျမမှာ ကရင်ဆရာမကြီး သွင်းထားသောအင်္ဂလိပ်အယူအဆဖြင့် ဗိုက်နှိပ်မှာကို ကြောက်လန့်သွားကာ အကိုင်မခံဘဲ ငြင်းဆန်နေသည်။

"မီးနေသည် သွေးခဲ့ပေးရတာ ထုံးစံအေ့၊ သွေးနဲ့လေနဲ့ ကွဲအောင် သွေးများများ ဆင်းအောင် လက်ကူပေးရတာ၊ ဝမ်းဆွဲလုပ်ရင် ဒီအတတ်ကောင်းကောင်းတတ်ရတယ်။ သွေးခဲ့တတ်ဖို့ နှိပ်တတ်ဖို့က အရေးကြီးဆုံးဘဲ"

ဗမာ့မွေးဖွားနည်းနှင့် ကျမနှစ်သက်သဘောကျသော အင်္ဂလိပ်နည်းသည် အရှေ့နှင့် အနောက် ဆန့်ကျင်ဘက် ဖြစ်နေကြသည်။ ဖခင်သည် ကျမ အနှိမ်ခံဘူးအသံကြား၍ အခန်းထဲသို့ ဝင်လာပြန်သည်။

လက်သည်ကြီးသည် မျက်ရည်ထွက်အောင် ရယ်နေလေသည်။

"ကြည့်လဲ ပြောစမ်းပါအုံးတော်... သူတို့လက်ထက်ကျမှ ဗိုက်ကိုင်ယင် အနာဖြစ်မယ်လို့ ကြားဘူးပါတယ်တော်၊ သွေးများအောင် လုပ်တာဘဲ၊ သွေးများမှာ ကြောက်နေသေးသတော့"

"တယ်ခက်တာကိုး...သူတို့အင်္ဂလိပ်နိုင်ငံမှာ သွေးပြိုယင် ကြောက်ရလို့ ဗိုက်မကိုင်တာ၊ သူတို့အင်္ဂလိပ်နည်းကို ဖေဖေက မမှန်ဘူးလို့ အပြစ်ဆိုတာ မဟုတ်ဖူး။ သူတို့နည်းနဲ့သူတို့မှန်တယ်၊ သူတို့နည်းနဲ့ဗမာနိုင်ငံက ဗမာမ,က လုပ်လိုက်ယင် လွဲမယ်လို့ ပြောနေတာဟဲ့..."

ဖခင်၏ စိတ်တိုလျက် ဒေါသထွက်လာသောအသံကိုကြားရမှ လုပ်ချင်သလိုလုပ်ကြတော့ဟု အလျှော့ပေးလိုက်ရတော့သည်။

နနွင်းသောက်ရသောကိစ္စ၊ နနွင်းလိမ်းရသောကိစ္စများအပြင် အော်ဒီကလုံးအစား စမုံနက်ကလည်း အမြဲရှူနေရသည်။ ရေနွေးပူပူကြီးလည်း ခဏခဏသောက်ရ၏။ လေးပင်လိမ် ဇာခြင်ထောင်ကို ပိတ်ခြင်ထောင်ပြောင်းထောင်ကာ အသား၌ ချွေးထွက်မထွက် အမြဲစောင့်ကြည့်နေကြလေသည်။ မီးမကင်းရတာ တော်ပါသေးရဲ့ဟုအောက်မေ့ရတော့သည်။

ထမင်းစားပြန်လျှင်လည်း ငါးပိကောင် အကောင်လိုက် ငန်ငန်ကြီးခတ်ထားသော ဟင်းချိုထဲတွင် ငရုပ်ကောင်းများများကြီး ထည့်လျက် မီးနေသည် ဟင်းခါးတိုက်ကြ၏။

"မှိတ်သောက်၊ ဒါမှငန်တော့ ရေငတ်မယ်၊ ရေနွေးခဏခဏသောက်တော့ ချွေးထွက်လာမယ်၊ အပုပ်အစပ် စင်ကြယ်မယ်"

နဖူးမှစ၍ ခြေဖျားအထိ ချွေးလုံးချွေးပေါက်ကြီးကျနေလျက် နနွင်းအခိုးဖြင့် မီးကင်ထားသလိုပင် အသားများ တရှိန်ရှိန်ပူနေတော့သည်။ တကိုယ်လုံးရွဲနေသဖြင့် ခဏခဏ အဝတ်လဲပေးရသည်။

"နေရတာပေါ့ရဲ့လား... သွေးလေးသလား"ဟု ဖခင်က အမြဲစောင့်မေးတတ်သည်။

၇ ရက်မစေ့ခင် အိပ်ရာကို တနေ့တခါ လှဲခါတိုင်း ကိုယ်မှကွာကျသော နနွင်းမှုန့်များကို

အိပ်ရာထဲမှ နို့ဆီဘူးဝက်ခန့်နီးနီး ထွက်လာတတ်သည်။

သုံးရက်မြောက်သောနေ့သည် သွေးဟောင်းစွန့်လျက် သွေးသစ်လဲပြောင်းသောနေ့ဟု သတ်မှတ်ကြသည်။ ထိုနေ့၌ သွေးနုလွှန်း၍ မီးနေသည်အနား၌ ဆိုင်းတီးလျှင် ရူးသွပ်သည်ဟုပြော ကြသည်။

သွေးသစ်ပြောင်းနေသည့်အချိန်၌ ရုပ်နုလှသဖြင့် မထိတ်မလန့်အောင် သတိပေးလျက် အထူးဂရုစိုက် စောင့်ကြည့်ကြသည်။ ထိုည၌ ဆန်းငန်ရေပြုတ်ကို တိုက်ကာ ဝမ်းနှုတ်လျက် ၅ ရက်မြောက်သောနေ့မှ ၇ ရက်စေ့သောနေ့အထိ ၃ရက်လုံးလုံး ချွေးပေါင်းကြီးနှင့် ချွေးအောင်း ရလေသည်။ ၇ ရက်စေ့လျှင် ချွေးထွက်မီးထွက်ရကာ မီးနေခြင်းကိစ္စ ပြီးသွား၏။

ဗမာ့ရိုးရာအတိုင်း ဗမာမီးဖွားနည်း၏ အကျိုးအပြစ်ကို ယခုပြန်၍ စီစစ်ဝေဖန်ကြည့် လိုက်သောအခါ ဗမာ့မွေးဖွားနည်း၏ ကောင်းကျိုးအာနိသင်ကို ခံစားရခြင်းကို တွေ့ရှိလာသည်။ မီးယပ်ဝမ်းဖေါ၊ မီးယပ်ခေါင်းကိုက်၊ ထုံခြင်း။ ကျင်ခြင်း မဖြစ်ဘူးချေ။ ငယ်ငယ် မှုန်ခဲ့သော မျက်စိ ပင် ပြန်လင်းလာကာ မျက်မှန် ချွတ်ပစ်လိုက်ရသည်။

မိန်းမများ ကိုယ်ဝန်ဆောင်ထားခိုက် ၉ လခန့် အောင်းနေသောသွေး မကြွင်းမကျန် ထုံးစံအတိုင်း စွန့်စေရန် မျက်နှာမြင်ပြီး မိန်းမများအဖို့ အဓိကအရေးကြီးဆုံးသောအချက်ဖြစ် သည်။

သားဖွားပြီး နူးညံ့နေသော သွေးနုသားနုရုပ်ကို မီးကင်ခြင်းဖြင့် မီးနှင့်ရင့်အောင် ပြင် ပေးခြင်းလည်းဖြစ်သည်။ နွားသားစိုစိုကို မီးကင်သောအခါ၌ မာပြီး ရင့်ကျက်လာစေသကဲ့သို့ပင် အလွန်နူးညံ့နေသောအသားအရည်နှင့်အလွန်နူးညံ့သောသားအိမ်တို့သည် မီးကြောင့် ပြန်ရင့် သွားစေသည်။

နွားသားကို ကင်သည့်အခါ အရေအထွက်ပြီး ခြောက်သွားသကဲ့သို့မီးကင်သည့်အချိန် ၌ မကောင်းတာတွေ ချွေးအဖြစ် ယိုကျကာ အသားများ ပြန်ရင့်မာလာစေသည်။

သားဖွားပြီးစ ကိုယ်ရည်ကိုယ်သားများမှာ ပကတိအသားအရည်နှင့်မတူဘဲ နုသွားလေ သည်။ ထို့ကြောင့် မျက်နှာမြင်ပြီးစ လက်ထောက်မနေရန် လက်ဆစ်မချိုးရန် ရှောင်ကြည်ခိုင်း လေသည်။

မီးနေသည်အဖို့ ချွေးထွက်ရန် အရေးကြီးပေသည်။ ၉–လခန့်အောင်းနေသောသွေး များကို ၇–ရက်ဖြင့် အညစ်အကြေး စင်အောင် လုပ်ပစ်သော ဖွားနည်းမျိုး ဖြစ်ပေသည်။

မီးတွင်းထဲတွင် အညစ်အကြေးများစင်အောင် သွေးကြွင်း သွေးကျန် မကျန်ရစ်စေ အောင် လက်သည်က လက်ပါကူ၍ သွေးခွဲပေးရခြင်း ဖြစ်သည်။

၉–လအောင်းသည့်အညစ်အကြေးများ မီးတွင်းထဲ၌ အဖက်ဖက်မှ ကင်းစင်ကုန်အောင် လုပ်ပေး၍ အညစ်အကြေးစင်ခဲ့လျှင် လှပသော အရောင်အဆင်းထွက်လာသဖြင့် 'တသားမွေး တသွေးလှ'ဆိုသော ရှေးစကား ရှိခဲ့ခြင်း ဖြစ်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဗမာထုံးစံအတိုင်း မျက်နှာမြင်ကြသော ရှေးအမယ်အကြီးများကို ပြန်၍ဝေဖန်ဆင်ခြင်ကြည့်သောအခါ ရှေးအမယ်ကြီးများမှ မာချာလျက် အသက် ၆၀–၇၀ အရွယ်ရောက်မှ မျက်မှန်ဆောင်ရကာ ယခုခေတ် အနောက်နိုင်ငံနည်းဖြင့် မျက်နှာမြင်ကြသူများအဖို့မှာမူ ကလေးတယောက်နှစ်ယောက်ဖြင့် ခေါင်းကိုက် ဇက်ထိုးနေကာ မျက်မှန်ဆောင်နေကြရပေပြီ။

ကျမ၏ဆေးတိုက်သို့ အသက် ၃၀–မကျော်သေးသော အိမ်ထောင်သည်မိန်းမများ အများအပြား လာရောက် ဆေးကုကြသည်။ ၎င်းတို့ရောဂါမှာများသောအားဖြင့် မူးဝေသောရောဂါနှင့်ရင်တုန်သောရောဂါများသည် အသက် ၃၀ မကျော်သေးဘဲနှင့် ရင်တုန်နေကြသည်။ အမယ်ကြီးများလို ထလိုက်လျှင် မိုက်ကနဲလဲမတတ် မူးနေ၏။ ကိုယ်လက်တွေ ကိုယ်ခဲထုံကျင်ကာ ဓမ္မတာလည်း မမှန်ကြ၊ မျက်နှာမြင်စဉ်က သွေးကျန်သောလက္ခဏာ မျက်ကွင်းများညိုလျက် စိုစိုပြေပြေ မရှိကြပေ။

“ရှင်တို့ မျက်နှာမြင်တုန်းက ဘယ်လိုမြင်သလဲ”ဟု ကျမက စစ်မေးလိုက်လျှင် “ကျမတို့ ဗမာလို မွေးကြတယ်”ဟု တဦးတယောက်ထံကမှမကြားရပေ။ အားလုံးလို အနောက်နည်းနှင့် မျက်နှာ မြင်ခဲ့ကြသည်။

“ရှင်တို့ အနောက်နိုင်ငံနည်းနဲ့ မျက်နှာမြင်တာ သဘောကျကြသလား”ဟု မေးလိုက်သည်။ အမျိုးသမီးအားလုံးကပင် ကျမတို့ ဆေးရုံဆေးခန်းမှာ သားမွေးပေမဲ့ ၁၀–ရက်စေ့လို့ အိမ်ပြန်ရောက်တော့ ကိုယ့်ဗမာလို မီးကင်ဆေးစားတာဘဲဟု ဆိုကြသည်။ အချို့ကလည်း အိမ်ကျနန္ဒင်းလူးပြီး ချွေးအောင်းလိုက်တာဘဲဟု ဖြေကြသည်။

ကျမမှာ သူတို့၏ အဖြေကို အတွေးရခက်နေသည်။ ဗမာနည်းလည်း လက်မလွှတ်ဝံ့သော အဖြေဖြစ်သဖြင့် တောင်မကျ မြောက်မကျ လျှောက်လုပ်ကြခြင်း မတွေးတတ်အောင် ဖြစ်မိသည်။

အချို့မီးယပ်ကွက်များ ထွက်လျက် အချို့မှာ မီးယပ်အဖုများ ဖြုတ်ထနေကာ ယားယံနေသောလူနာများကို “မျက်နှာမြင်တုန်းက သွေးများများ မဆင်းခဲ့ဘူးလား”ဟု မေးကြည့်ရာ ‘ဆေးရုံမှာ သွေးများများဆင်းယင် သွေးလွန်တယ်ဆိုပြီး ဇောက်ထိုးထားပေးတယ်’ဟုပြောပြသည်။

အနောက်နိုင်ငံတွင် အနောက်နိုင်ငံနည်း မှန်ကန်ကြောင်းမှာ လက်တွေ့ဖြစ်သလို အရှေ့နိုင်ငံ၌ အနောက်နိုင်ငံနည်းစနစ် သွင်းသည့်အခါ သင့်မသင့်၊ အကျိုးသက်ရောက်မှုလက်တွေ့ဖြစ်မဖြစ် အထူးသဖြင့် မီးနေသည်များအတွက် ဆင်ခြင်စဉ်းစားစရာရှိသည်။

မီးနေသည် သွေးလွန်ခြင်းနှင့်သွေးများခြင်းမှာ အဓိပ္ပါယ်ခြားနားပေသည်။ သွေးများခြင်းကို သွေးသွန်ခြင်းဟု ယူဆ၍ မဖြစ်ပေ။ မီးနေသည် ဒလဟော သွေးသွန်ခြင်းသာ ကြောက်ရလျက် သွေးများခြင်းအတွက် စိုးရိမ်စရာ မရှိပေ။

ရာသီဥတုအလိုက် သွေးများများဆင်းမှ ကျန်းမာစေမည့်နိုင်ငံဖြစ်သည်။ ဗမာပြည်တွင် အထက်ဗမာပြည်နှင့်အောက်မြန်မာပြည်ပင် မတူကြပေ။ အောက်ဗမာပြည်၌ မိန်းမတယောက် သွေးဆုံးသည့်အခါ စောစောဆုံးခြင်းကို ပူပင်စရာ မရှိသော်လည်း အထက်ဗမာပြည်၌နေသော

မိန်းမအတွက် စောစောဆုံးသွားလျှင် မကျန်းမာမည့်သဘောရှိနေသည်။ ဤကား ဥတုလိုက်၍ ခြားနားခြင်းပင် ဖြစ်ကြသည်။

ယဉ်ကျေးမှုဌာန အတွင်းဝန်ဦးမောင်ကြီး၏ ဇနီးသည် သားအဆက်ဆက်ဖွားခဲ့ရာတွင် မီးယပ်ခေါင်းကိုက်ဝေဒနာကြီး နှစ်ပေါင်းများစွာ စွဲကပ်လာခဲ့ရာ ထိုရောဂါ ပျောက်ကင်းရန် နောက်ဆုံးမွေးဖွားသောသားကို ဗမာနည်းဖြင့်ပင် ဖွားပေးမှ ပျောက်ကင်းချမ်းသာရာ ရသွားသည်။

"ဒေါ်မမလေး အခု ရန်ကုန်မှာ သားဖွားခန်းတွေ သိပ်ခေတ်စားနေတယ်၊ ဗမာသားဖွားခန်း ဖွင့်ပြီး ဗမာထုံးစံအတိုင်း ဗမာလို ကျကျနန မျက်နှာမြင်ပေးမယ်လို့ လုပ်စမ်းပါ"

အတွင်းဝန်ကတော်ဒေါ်ဖွားညွန့်က တိုက်တွန်းနေသဖြင့် ကျမက"ဗမာသားဖွားခန်း ဖွင့်ရန်မလို၊ ဖိုးဖွားဘီဘင် လက်ထက်ကတည်းက ကိုယ့်အိမ်မှာ ဗမာလိုမွေးလာခဲ့ကြတာဘဲ'ဟု ပြောပြလိုက်သည်။

မခင်စိန်အနားတွင် အကြော်ထိုင်စားနေသော ရန်ကုန်မှ ကျမနှင့်အတူတူ လာခဲ့ကြသည့် မီးရထားစတိုးမင်းကြီးကတော်"မြင့်"သည် တခါက နှစ်လနှင့်သားရှောသွားသဖြင့် ပေါ့ပေါ့ဆဆ မမှတ်ရန် သတိပေးကာ သားဖွားသောသူများကဲ့သို့ပင် ဂရုတစိုက် ဗမာနည်းဖြင့် ကျန်းမာရေး ပြုပြင်ပေးဘူးသည်။

ရှေးက မိန်းမမီးနေလျှင် နန္ဒင်းလူးရန်၊ သောက်ရန် လူတိုင်းနှင့်တည့်သည်ဟုယူဆခဲ့မိ သည်။ ယခု ဗမာဆေးပညာ ဓာတ်ပညာကို လိုက်စားသင်ယူမှ နန္ဒင်းကိုလူးရန် တည့်သောသူအ ဖို့ သောက်ရန် လုံးဝမတည့်သောသဘောကို တွေ့ရှိရသည်။ ထိုနည်းတူစွာ နန္ဒင်းသောက်ရန် တည့် သောသူတယောက်အဖို့ လိမ်းရန် မတည့်သည်ကို တွေ့ရှိလာရသည်။

ရှေးက ဓာတ်တည့် မတည့်ကို အတိအကျ မဆုံးဖြတ်နိုင်ကြ၍ မယုတ်မလွန် မမှားအောင် သောက်လည်း သောက်၊ လူးလည်း လူးကြသည်။

မီးလှုံသည့်အခါ၌လည်း ကိုယ်နှင့်တည့်မည့်ထင်းကို အတိအကျ ဓာတ်မသိ၍ ကုက္ကို၊ မာလကာ၊ ကနစိုစသည်ဖြင့် ထင်းစုံထည့်၍ လှုံကြသည်။

မြင့်အတွက် နန္ဒင်းလိမ်းရန်သာ ဓာတ်တည့်လျက် သောက်ရန် ဓာတ်မတည့်သဖြင့် နန္ဒင်း လူးစေပြီး ချွေးအောင်းပေးခဲ့သည်။

မြင့်သည် မခင်စိန်အား ကျမကြောင့် ဗမာနည်းလုပ်ခဲ့ကြောင်းကို ရှင်းပြောပြနေသည်။

ကျမမှာ မြစ်ဖက်သို့ ငေးလျက် 'ယောကျ်ားဖောင်စီး မိန်းမမီးနေ'ဆိုသောစကား၏ အ ဓိပ္ပါယ်ကို အကျယ်တဝင့် ဆင်ခြင်သုံးသပ်နေရင်း ပဋိသန္ဓေတည်ခြင်းအစကို စိတ်ဝင်စားစွာ ထင် မြင်စဉ်းစားကြည့်နေမိသည်။

ဗမာ့ဆေးပညာ၌ ပဋိသန္ဓေတည်ခြင်း၊ အင်္ဂါသုံးပါး ပြထားလေသည်။

မိဖနှစ်ပါး နှီးနှောခြင်း၊ ဥတုသမယကြုံခြင်း၊ သတ္တဝါစုတိဆဲဖြစ်စေ။

ဥတုအများလာခိုက်၌ ကိုယ်ဝန်မယူနိုင်၊ အရှင်းသက်သက်မလာသော ကာလ၌လည်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကိုယ်ဝန်မယူနိုင်၊ ဥတုလာသောနေ့မှ ၄ ရက်မြောက်၌ စွဲသော ကိုယ်ဝန်သည် မြဲနိုင်၏ ဟုသာရတ္ထ ဒီပနီကျမ်းက ဆိုထားသည်။

မိဖနှစ်ပါး နှီးနှော၍ ဥတုလာခိုက် ကြုံသည့်တိုင် ကိုယ်ဝန်ပဋိသန္ဓေ မတည်နိုင်သေးဘဲ သတ္တဝါစုတေရန်ကလည်း လိုအပ်နေသေးသည်။

ထို့ပြင် ပဋိသန္ဓေတည်ခြင်းအစသည် ကလလရေကြည်ကစသည်ဟု သာမန်အားဖြင့် ယူဆခဲ့သည်။

သို့ရာတွင် သင်္ဂြိုဟ်ရုပ်ပိုင်း စိတ်ပိုင်းများကို ဆည်းပူးသောအခါတွင် ကလလရေကြည်ကစသည်ဟု ဆုံးဖြတ်ရန် ခဲယဉ်းနေသည်ကို လေ့လာမိပြန်သည်။ ကလာပ် ၃ စည်း၊ ရုပ် ၃၀ သည် တယောက်သောအမိ၏ သားငယ်အိမ်၌ သွား၍ ဥပါဒ်ရာ ပဋိသန္ဓေဝိညာဏ်သည် ထိုရုပ် ၃၀ တွင် ဟဒယဝတ္ထု၌ စွဲမှီ၍ မရှေးမနှောင်းတပြိုင်တည်း ဥပါဒ်ကြလေကုန်၏ ။ ၎င်းပဋိသန္ဓေဝိညာဏ်နှင့် ထိုက်သည့်အားလျော်စွာ ယှဉ်ကုန်သောစေတသိက်တို့သည် မရှေးမနှောင်း တပြိုင်တည်းဖြစ်ကုန်၏ ။

ဘ၀ချုပ်မူရုပ် ၃၀၊ ဘ၀ချုပ်မူရုပ် ၂၀ တို့သည် ရူပက္ခန္ဓာမည်သည်။

ပဋိသန္ဓေဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာမည်က၊ ဝေဒနာ၊ သညာတို့ကား ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာမည်လေသည်။

ထိုကလာပ် ၃ စည်းကို ပဋိသန္ဓေတည်နေသည်မှစ၍ ၇ ရက်အတွင်း ကလလရေကြည် ခေါ်ပေသည်။

ပဋိသန္ဓေတည်ခြင်း၏ အစသည် ကလလရေကြည်ကလေးက စသည်ဟုထင်ရငြားလည်း ကလာပ် ၃ စည်း၊ ရုပ် ၃၀ လာပုံမှာ မမြင်နိုင် မသိနိုင်စွမ်းသော တရားဖြစ်ခြင်းကို ဆင်ခြင်မိသည်။

ယင်းကလလရေကြည် တည်သည့်အခါ ၎င်းအစုအဝေးကလေးသည် ပမာဏအားဖြင့် လွန်စွာသေးငယ်၏ ။ ကမ္မဇရုပ်၊ ဥတုဇရုပ်တို့သည် အဆင့်ဆင့်တိုးပွားဖွံ့ဖြိုးလာခြင်းကြောင့်သာ တစတစ ကြီးပွားလာရခြင်းဖြစ်သည်။

သားအိမ်၌ ကလလရေကြည် တည်၍ ၇ ရက်ပြည့်သောအခါ အမြှုပ်ဟူသောဝေါဟာရ ပညတ်သို့ ပြောင်းရွှေ့လေ၏ ။ ရေကြည်မှ အမြှုပ်ဖြစ်လာသည်။

အမြှုပ်ဖြစ်၍ ၇ ရက်ကြာပြန်သောအခါ အခဲခေါ် လျက် နောက် ၇ ရက်၌ သားတစ်ခေါ် ကြလေသည်။ နောက် ၇ ရက်ကြာပြန်သော် သားတစ်မှ ခက်မငါးဖြာ ပေါ် ထွက်လာပုံ ဖြစ်သည်။

ကလလရေကြည်တည်ပြီး ၁၄ ရက်အတွင်း အမိမျိုအပ်သောအစာအာဟာရတို့မှာ ကြာရိုးဖြင့် ခံတွင်းသွင်း၍ စုပ်သကဲ့သို့ ချက်ကြိုးမှ သွားရောက်ကာ ပျံ့နှံ့သည့်အတွက် အာဟာရဇ ရုပ်ဖြစ်ပေါ် လာလေသည်။

အစာအာဟာရမှီဝဲသဖြင့် ရေကြည်အဖြစ်မှ ကူးပြောင်းကာ အမြှုပ်ဖြစ်လာပုံပင်တည်း။

အခဲဆိုသည်မှာလည်း ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်တို့သည် ထပ်ခါတိုးပွားလာပြန်ခြင်း

ကြောင့် အမြှုပ်အဖြစ်တွင်မနေဘဲ အခဲသဏ္ဍာန်သို့ ပြောင်းရောက်လာသည်။ တဖန် အခဲတွင်မနေဘဲ သားတစ်၊ သားခဲအဖြစ်သို့ အဆင့်ဆင့်ကြီးထွားလာသည်။

ခက်မငါးဖြာဟူသည်မှာလည်း လက်နှစ်ဖက် ခြေနှစ်ဖက်နှင့်ဦးခေါင်း၊ ဤငါးဖြာပေါ်ရန် သားတစ်၌ အဖုကြီး ၅ ခုပေါ်လာခြင်းကို ဆိုပေသည်။

ကျမသည် ပန်းချီစုတ်ချက်ဖြင့် ခြယ်ရေးသကဲ့သို့ အမိ၏ သားအိမ်တွင်း၌ ရေကြည်ကလေးများ စတည်ရာမှ အမြှုပ်၊ အခဲ၊ သားတစ်၊ ခက်မငါးဖြာဖြစ်ရန် အဖုငါးဖုပေါ်လာဟန်၊ စိတ်ကူးဖြင့် အဆင့်ဆင်ပုံပန်းပေါ်အောင် ဖန်တီးကြည့်နေသည်။

အဖုကြီးငါးဖုအနက် ဦးခေါင်းဖြစ်ရန် အဖုကား မျက်စိ၊ နား၊ နှာခေါင်း၊ လျှာဟူသော ကမ္မဇကလာပ် ၄ စည်းသည် ပဉ္စမသတ္တမ ၃၅ ရက်၌ ဖြစ်ပေါ်ထိုက်သလောက် ဖြစ်ပေါ်စပြုလာပုံများကို တွေးမြင်ကြည့်သည်။

ဂင်းကလာပ်စည်း ၃ စည်းဖြစ်သော မျက်စိ၊ နှာခေါင်း၊ နား၊ လျှာစသည်တို့သည် ၁၁ သတ္တမ ၇၇ ရက်ပေါင်းပြည့်လာသည့်အချိန်ကျမှ တပြိုင်တည်း ပေါ်လာကြခြင်းဖြစ်သည်။

အမိဝမ်းဗိုက်အတွင်း၌ အစာသစ်အိမ်အောက် အစာဟောင်းအိမ်အထက်၌ အမိဝမ်းပြင်နှင့်ကျောရိုးဆူးကြားတို့၏ အကြား၌ ကလေးသည် အစာသစ်အိမ်ကို ရှက်ကာ ဆောင့်ကြောင့်ထိုင်သောသဏ္ဍာန် လက်နှစ်ဖက်ပေါ် မေးတင်လျက်ရှိသော ကလေးနေဟန်ကို မျက်စိထဲပေါ်အောင် စိတ်ကူးကြည့်သည်။

ဝမ်းဗိုက်အတွင်း၌ ကျဉ်းမြောင်းစွာ အပုပ်နံ့တို့ဖြင့် ပိုးလောက်ကောင်ကဲ့သို့ တည်နေရသော သဏ္ဍာန်မှာ ဆင်းရဲဒုက္ခကြီးလှသည်။

ထိုအချိန်ရောက်လာ၍ အမိက အေးသောအစာ စားပါက အေးသည်ဒုက္ခကို ခံစားရကာ အပူအစပ် စားပြန်လျှင်လည်း ပူစပ်ပူလောင် ဒုက္ခကြီးခံစားကြရသည်။ အမိဖြစ်သူ အထိုင်အထ ကြမ်းတမ်းသော် လူးလိုမ့်ကုန်းကွခြင်း ကြမ်းတမ်းသော် ပင်ပန်းဆင်းရဲစွာ ဝေဒနာကို ခံစားရသည်။ ပဋိသန္ဓေနေခြင်း ဝဋ်ဆင်းရဲကို မြင်မိသည်။

ကျမဆေးပညာကို သင်ယူစဉ်က ဆရာကြီးက အမိဝမ်းတွင်း၌နေသော ခလေးသည် အသက်ရှိသော်လည်း အသက်မရှူကြောင်း ပြောပြသည်။

ကျမက“အသက်မရှူဘဲ သူခံစားနေရတဲ့ဒုက္ခကို သူသိသလား”ဟု စောဒက တက်ခဲ့ဘူးသည်။

“ခလေးဖွားလာပြီဆိုတော့ သူ့ခြေထောက်ကလေးကို အပ်နဲ့ပေါက်လိုက်ယင် နာကျင်လို့ ရှုန်းလိုက်မယ် မဟုတ်လား၊ အပ်နဲ့ပေါက်တယ်လို့ သူသိသလား၊ ဒုက္ခသာခံစားလိုက်ရတယ်၊ ဝမ်းထဲမှာလဲ သည်လိုဘဲ ဒုက္ခဝေဒနာကို ခံစားနေရတယ်”

အသက်မရှူကြသော ၈ ဦးကို မှတ်သားရန် ညွှန်ပြလေသည်။

၁။ အမိဝမ်းတွင် ကိန်းနေသူ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

၂။ မြွားဆိပ်ထိ၍ မိန်းမောသူ။
၃။ ရေနစ်သောသူ။
၄။ သေသောသူ။
၅။ စတုတ္ထစျာန်ဝင်စားသူ။
၆။ ရူပဗြဟ္မာ။
၇။ အရူပဗြဟ္မာ။
၈။ နိရောဓသမာပတ်ဝင်စားသူ။

ဤသူ ၈ ဦးတို့ကား အသက်မရှုသောသူများ ဖြစ်ကြသည်။

ဖွားရန် လစေ့ရက်စေ့ အချိန်စေ့လာသောအခါ ကမ္မဇလေမှုတ်သဖြင့် အမေ့ကြောဘက် လှည့်ကာ ဆောင့်ကြောင့်ထိုင်နေရာမှ တဖြည်းဖြည်း ဇောက်ထိုးလည်လျက် ဖွားလာရပုံကို မြင်ယောင်လိုက်တော့သည်။

ကမ္မဇလေ ၂ မျိုးရှိလေသည်။ မပျက်မစီး ပြည့်စုံ၍ လှုပ်ခြင်းနှင့်ပျက်စီး၍လှုပ်ခြင်း၊ ၂ မျိုးရှိပေသည်။ ဝမ်းစနာကတည်းက ကလေးမှာ ရွေ့နေပေပြီ၊ မြန်မြန်နာခြင်းသဘောရှိသော် မြန်မြန်မွေးကာ နှေးနှေးနာနေသော် ဖြည်းဖြည်းမှ မွေးဖွားသည်။

ဝမ်းတွင်းမှ ကမ္မဇလေ ပြင်းပြင်းထန်ထန် မှုတ်လွန်းသဖြင့် သူငယ်၏ တင်ပါးကျောကုန်း စသည်တို့၌ အမဲ၊ အမှတ်ပါလာခြင်းကို တချို့က လူဝင်စားဟုဆိုကြသည်။

အမိဝမ်းက ကျွတ်ကျွတ်ခြင်း ခလေးသည် အသက်ရှုရာတွင် ထွက်သက်သည် ရှေးဦးစွာဖြစ်လျက် ဝင်သက်မှာ နောက်မှဖြစ်ပေသည်။

အမှန်စင်စစ် မိန်းမများကား အမြဲမရှိကြပေ။

ကလလရေကြည် တည်သောအချိန် သို့မဟုတ် အမြှုပ်အဆင့်သို့ရောက်သောအချိန် ဤအချိန်ကာလမျိုး၌ ပိုးဖျက်ဆီး၍သော်ငင်း။ သန္ဓေပျက်စီးသွားခြင်းသာ ဖြစ်ကြသည်။

မိန်းမများ ကိုယ်ဝန်ဆောင်လျှင် ပထမလ၌ အချဉ်ကြိုက်နှစ်သက်သည်။ ဒုတိယလ၌ အချိုကြိုက်နှစ်သက်သည်။ ၃–လမြောက်လျှင် အဆိမ့်၊ ၄ လမြောက်တွင် အခါး၊ ၅ လတွင် အဖန်၊ ၆လတွင် အစပ်အငန်ကြိုက်ကြသည်။ ၇ လတွင် အချို့မွေးဖွားတတ်ကာ ဗိုက်ကြောစိမ်းလာလေသည်။

ကိုယ်ဝန်ဆောင်ထားသော မိန်းမအား ယောကျ်ားလေး၊ မိန်းမလေး သိရန် အထိမ်းအမှတ်ခွဲခြားရာတွင် လကျ်ာသားမြတ်ကြီးက ပါးပါးရှိလျှင် ယောကျ်ားလေး၊ လေးလံလျှင် မိန်းကလေးဟုဆိုကြလျက် အချို့ကလည်း ဝမ်းဗိုက်ချွန်လျှင် ယောကျ်ားလေး၊ ဝမ်းဗိုက်ပြားလျှင် မိန်းကလေးဟု ခွဲခြားတတ်ကြသည်။

ကျမမှာ ပဋိသန္ဓေအစနှင့် ကလေးဝမ်းက ကျွတ်လာပုံအထိ ရုပ်လုံးပေါ်အောင် မြင်ယောင် ထင်ယောင်ကြည့်နေယင်း သက်စွန့်ဆံဖျားဝေဒနာ။ နာကျင်ဆင်းရဲစွာ မွေးရဖွားရသော

မိန်းမဘဝကို တရားရမိတော့သည်။ ပဋိသန္ဓေဝင်ဆင်းရဲကိုလည်း ထိတ်လန့်လိုက်မိသည်။

“မိန်းမဖြစ်ရတာ ဒုက္ခဘဲရှင်၊ ဗိုက်ခွဲရတာလဲ ၂ ခါရှိပါပြီး”ဟု မခင်စိန်က ညည်းနေလေသည်။

ကျမှာ တွေဝေငေးမောလျက်နေရာမှ သူ့ဘက်သို့လှည့်လိုက်ကာ ‘မိန်းမဖြစ်မှတော့ မခင်စိန်၊ မရှောင် မလွှဲသာတဲ့ဝဋ်ဆင်းရဲကို ခံကြရမှာဘဲ၊ အရေးကြီးတာ ခလေးရှိရှိ မရှိရှိ၊ ကျန်းမာအောင် လုပ်ဖို့က အရေးကြီးပါတယ်၊ မိန်းမတွေ ကျန်းမာရေး ပြည့်စုံကြမှ လူမျိုးလဲ ကျန်းမာသန်စွမ်းပြီး ရှေးက လူကြီးတွေလို ထွားထွားကျိုင်းကျိုင်း ဖြစ်မှပေါ့’ဟုပြောလိုက်သည်။

ဗမာအိမ်ထောင်သည်အမျိုးသမီးတို့အား တသားမွေးဖွားပြီး တသွေးလှကြကာ ကျန်းမာစွာရှိကြစေချင်သော ဆန္ဒသည် ပြင်းထန်လာမိလေသည်။

ဆန္ဒစေ့ဆော်ချက်အရ ဗမာမများ သားဖွားလျှင် ဗမာရိုးရာဓလေ့အတိုင်း ဗမာနည်းဖြင့် စမ်းသပ်ဖွားမြင်ကြည့်ကြရန် မီးနေဆောင်းပါးတစောင် ရေးမည်ဟု မင်းကွန်းကမ်းစပ်၌ မော်တော်ထိုင်စောင့်ယင်း စိတ်ကူးပေါက်ခဲ့မိသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကရဏိယ အောက် ၊ ဝလေးထောက်၊

ပုဂံရှင်ကြီး ထီးနှင့်ပျောက်။

## လမ်းနှစ်ခွ

E-book is created by www.shanyoma.org

"ရွှေလအတွက် ဝတ္ထုအရှည် ရေးပေးပါ"

ကျမမှာ ရှမဝစားပွဲတွင် ထိုင်နေကာ ဝတ္ထုရှည်ရေးရန် တောင်းပန်နေသော ရှမဝဦး ကျော်ကို အဖြေမပေးနိုင်ဘဲ ပြုံးကြည့်နေသည်။

"ဒီတပတ်တော့ ဒေါ်မမလေးဝတ္ထုရှည် ထည့်ပါရစေ၊ ဘယ့်နှယ်လဲ…၊ ကျွန်တော်တို့ရ မလား…"ဦးကျော်မှာ ဝတ္ထုကော်ပီရရန် ပြောနေငြားလည်း သူ့မျက်နှာတွင် အားနာသောအသွင် ပေါ်နေသည်။ ရှမဝစာရေးဆရာများအနက်၊ ကျမတယောက်မှာ စာရေးရန် အချိန်အားလပ်ခွင့် ရသူ မဟုတ်မှန်း အစင်းသိဖြစ်၍ အားနာစွာနှင့်ပင် ဇွတ်ပြောနေရပုံ ပေါ်သည်။

"အချိန်မရလို့ ဦးကျော်ရယ်…မိုးလင်းကတည်းက မိုးချုပ် လူမမာတွေနဲ့ အချိန်ကုန် နေရတာ၊ ကျွန်မ ကြော်ငြာထားတဲ့"ငယ်ငယ်ရွယ်ရွယ်"စာအုပ်တောင် မရေးအားဘူး၊ ဆေး ဆောင်းပါးတွေ ရေးမိတာ ဆေးဆရာလုံးလုံး ဖြစ်နေပြီ"

ကျမတို့အနား၌ လာထိုင်သော ဆရာမင်းသုဝဏ်သည် ဦးကျော်နှင့်ကျမတို့ အပြန်အလှန် ပြောကြားသောစကားကို နားထောင်နေသည်။

"အင်း…ကိုယ့်အတတ်နဲ့ကိုယ် စူးနေပြီ။ ကိုယ့်အတတ်နဲ့ကိုယ်စူးနုတ်လို့မရဘူး"

ဆရာမင်းသုဝဏ်က ဝင်ပြောလိုက်ကာ ကျမကို ကြည့်လျက် ရယ်နေလေသည်။

"နုတ်မရဘူးတော့ မဟုတ်ပါဘူးဆရာ နုတ်ရအောင်တော့ နုတ်မှာဘဲ"

ကျမမှာ ရင်လေးလေးဖြင့် စားပွဲမှထလာခဲ့သည်။

အမှန်စင်စစ် ကျမသည် 'ဆေးဆရာ'ဖြစ်ချင်သောသူတယောက်မဟုတ်ပေ။ ဆေးအ တတ်ပညာကို သင်ယူစဉ်က ဆေးဆရာလုပ်ရန် စိုးစဉ်းမျှ မကြံရွယ်ဘူးချေ။ ဆေးကုနေလိမ့်မည် ဟုလည်း မထင်မိခဲ့ချေ။ ဆေးဆရာဖြစ်မှာကိုပင် စိုးလန့်နေခဲ့သည်။

ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီး အုတ်မြစ်ချပွဲတော်လုပ်သည့်အချိန်က ပဲခူးမြို့သို့ထွက် သွားကာ ဘုရားပေါ်တွင် ဝန်ကြီးချုပ်ဦးနု နတ်ပွဲပေးသည့်မဏ္ဍာပ်ရှေ့ရှိ ဇရပ်တဆောင်၌ လူပေါင်း တထောင်ကျော်ကို ကုသိုလ်ဖြစ် ဆေးလှူကုသပေးဘူးသည်။

ကျမမှာ စီးပွားရေးအတွက် လူသိအောင် ကြော်ငြာလိုသည့်စိတ်နှင့်သွားလူခြင်းမဟုတ် ဘုရားကြီးအုတ်မြစ်ချနေသည့်အချိန်အခါ၌ ကောင်းမှုကုသိုလ်တခုခုပြုလုပ်ချင်သော စိတ်ဆန္ဒ သက်သက်သာလျှင်ဖြစ်သည်။

ပဲခူးသို့မသွားမီ သူနာပြုအတတ် အောင်ပြီးသားဆရာမကလေးများကို နေ့စားပေး၍

ခေါ် သွားသည်။

ဇရပ်ထဲ၌ စိတ်တိုင်းကျ သပ်ယပ်ခမ်းနားစွာ ပြင်ဆင်လိုက်သည်။ ကျမ၏ ဆေးပေးဌာနမှာ ဗမာဆေးပေးဆေးလှူဌာနနှင့်မတူဘဲ အသွင်ခြားနားနေသည်။ သူနာပြုဆရာမကလေးများသည် သူတို့၏ အမှတ်အသား အဆင့်အတန်းအလျောက် ခေါင်းပတ်ဖြူ ထမီအပြာ၊ ထမီအနီကလေးများ ဝတ်ဆင်ထားကြသည်။

ရောဂါဝေဒနာအတွက် ဆေးပေးသည့်ဌာန၊ အနာတွေအတွက် ဆေးထည့်သည့်ဌာန စသည်ဖြင့် နေရာခွဲခြားထားသည်။ အနာဌာနအတွက် ခေတ်မှီသောကိရိယာဆာပလာများကို ပါယူလာခဲ့သည်။ ပတ်တီးများ၊ ဂွမ်းလိပ်များနှင့်ကပ်ကျေး၊ မား၊ အနာဆေးသည့်ခွက်စသော တန်ဆာပလာများမှာ ဆေးရုံအတိုင်းပင်ဖြစ်သည်။ သန့်သန့်ရှင်းရှင်းနှင့်ခေတ်မှီမှီ လုပ်ချင်လှသဖြင့် တပင်တပန်း စုဆောင်းရှာဖွေယူလာခဲ့သည်။

"ရန်ကုန်က ဆရာဝန်မ နာ့စ်တွေနဲ့ လာတာ"

ဘုရားပေါ် တွင် တမဟုတ်ခြင်း သတင်းကြီးသွားလေသည်။ အင်္ဂလိပ်ဆေးပေးဌာန အထင်ရှိပြီး လူနာတွေ လိုမ့်လာကြသည်။

လာသမျှ ဝေဒနာသည်များကို ကျမက ဆီး၍ ရောဂါစစ်ဆေးသည်။ သူတို့နှင့်သင့်မြတ်သည့်အစာကို ရေးပေးကာ ဆရာမကလေးများနှင့် စည်းဝါးရိုက်ထားသည့်အတိုင်း ဆိုင်ရာဆိုင်ရာနေရာတွင် မည့်သည့်ရောဂါကို မည့်သည့်ဆေးပေးရန်၊ မည်သည့်အနာကို မည်သည့်ဆေးထည့်ရန် စာရွက်ကလေးနှင့် ညွှန်ကြားရေးပေးလိုက်သည်။

လူနာများသည် ၎င်းတို့ရသော စာရွက်ကလေးများကိုကြည့်လျှက် "က–၂"၊ "အ–၁"၊ "ရ–၁"၊ "သ–၂"၊ "သ"ဟုရေးသားထားသောဆေးညွှန်းစာကို ဖတ်ကာ 'ဗမာဆေးဟေ့'ဟု အုတ်အော်ဒေးယျဖြစ်သွားလေသည်။ ဇရပ်အရှေ့အပြင်ဘန်းကကြည့်လျှင် အင်္ဂလိပ်ဆေးဟုပင်ထင်ကြပေမည်။ ဆေးညွှန်းကို ဖတ်မှသာ ဗမာဆေးမှန်း သိကြလျက် လေးစားသွားကြသည်။

ကျမမှာ ဇရပ်ထဲသို့ ဝင်လာမစဲ တသဲသဲရှိနေသော လူနာများကို ဆေးလှူဆေးပေး အလုပ်ဖြင့် အတော်ကြီး ဝမ်းသာပီတိဖြစ်နေခိုက် ဝန်ကြီးချုပ်ဦးနုသည် ကျမဇရပ်ရှေ့သို့ ရောက်လာကာ ဝမ်းသာအားရ နှုတ်ဆက်လေသည်။

"ဘယ်နှယ့်...ဘာလာလုပ်တာလဲ"

"ကျမလေ–ကုသိုလ်လာလုပ်တယ်၊ ဆေးလာလှူပါတယ်"

ထိုစဉ်က ကျမရင်ထဲတွင် စိမ့်နေသည်၊ ကျမ၏ ကုသိုလ်ကို နှစ်ခြိုက်ချမ်းမြေ့မိကာ ပီတိဖြစ်လွန်းသဖြင့် ရန်ကုန်သို့ပြန်ရောက်ရောက်ခြင်း ရှုမဝမဂ္ဂဇင်းထဲထည့်ရန် 'ရွှေမော်ဓောအုတ်မြစ်ချပွဲ'ဟုဆောင်းပါးတစောင် ကောက်ရေးလေသည်။

ဆောင်းပါးရေးခဲ့သမျှ ဤဆောင်းပါးလောက် စိတ်အားထက်သန်စွာ ရေးသားပုံမျိုး မကြုံဘူးသေးချေ။

ဆေးလှူနေယင်း ဇရပ်ရှေ့က ဝန်ကြီးချုပ်နတ်ကန္နားတွင် နတ်ဒိုးတီးနေသော ဆိုင်းသံထဲတွင် ဝန်ကြီးချုပ်နှင့်အပေါင်းပါများ၊ ကန်တော့ပွဲများ၊ တပွဲပြီးတပွဲ မြှောက်လျက် ပသနေကြပုံပါ ပေါ်အောင်ရေးသည်။

ကျမ၏ ဆေးလှူနေသောစားပွဲမှ လူနာများကို ဆေးလှူနေယင်း နတ်ပွဲကို တချက် လှမ်းကြည့်သည်။

မန္တလေးမြို့မှ ဦးဘသော်သည် ပုဆိုးတောင်ရှည် သိုရင်းအင်္ကျီကို ဝတ်လျက် ဖဲ့လုံးပေါင်းထားကာ "နတ်ထိန်းကြီး" လုပ်နေသည်။

ကန်တော့ပွဲကို မြှောက်ပင့်လျက် နတ်များကို ပူဇော်ပသနေစဉ် ဆိုင်းသံတကြော့ သူ့အသံတကြော့ဖြင့် စည်ကားမြိုင်ဆိုင်လှပေသည်။

နတ်များအနက် ၃၇ မင်းနတ်တို့အပြင် မကြားစဖူးနတ်များကိုလည်း ဆေးလှူနေယင်း ကြားနေရသည်။

"နတ်မင်းမောင်ဘခင်...ဝန်ကြီးချုပ်ဦးနုအမှူးပြု၍ အသင့်အား ပင့်ဖိတ်လိုက်ပါ၏။ ကန်တော့ပွဲဖြင့် ပူဇော်ပသပါ၏။ ပဲခူးသူပဲခူးသားတို့နှင့်တကွ ဗမာတပြည်လုံးရှိ လူအပေါင်းတို့ ဘေးမခ ရန်မသီဘဲ ချမ်းသာယာ ချမ်းသာကြရန် ကြည့်တော်မူပါလော့ စောင့်ရှောက်တော်မူပါလော့"

နတ်ပင့်သံ နတ်ဆိုင်းသံများကို နားစွင့်လျက် ဆေးပေးလှူနေယင်း ရင်ထဲ၌ ခံစားချက်အလုံးစုံကို ဥဿုံဖော်ပြရေးသားမိသည်။

ဆောင်းပါးရေး၍ အပြီးမသတ်ခင် ဆောင်းပါးကို တခေါက်ပြန်ဖတ်ကြည့်လိုက်မိသည်။

ကျမမှာ ဆောင်းပါးကို ရှုမဝ၌ ထည့်ရန် စိတ်ပျက်သွားသည်။ ဆေးသွားလှူရာတွင် ဗမာဆေးပညာနှင့်ပညာသင်ယူပုံများ အကျယ်တဝင့် ဖေါ်ပြရေးသားထားမိရာ ဤဆောင်းပါးထည့်လျှင် ဟိုက သည်က ရောဂါကုပေးရန် ပေါ်လာကြကာ မနေနိုင်၍ ကုပေးရင် တဖြေးဖြေး ဆေးဆရာ ဖြစ်သွားမှာကို လန့်သွားမိသည်။

ဆေးဆရာဖြင့် မလုပ်ချင်၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း မပြုလိုသည့်အတိုင်း ဆေးဆရာဖြစ်သွားမှာ ကြောက်၍ ဆောင်းပါးကို မထည့်တော့ဘဲ ဆုတ်ပစ်လိုက်သည်။

ရှုမဝမှအပြန် ဆရာမင်းသုဝဏ်ပြောလိုက်သော "ကိုယ့်အတတ်နှင့်ကိုယ်စူး"စကားကို ပြန်ပြောင်းတွေးယင်း နကိုကတည်းက ဆေးဆရာမဖြစ်ချင်ဘဲနှင့် ယခုဆေးဆရာဖြစ်နေရခြင်း အကြောင်းရင်းကို တစိမ့်စိမ့် ပြန်တွေးနေမိသည်။

သွေးသောက်မဂ္ဂဇင်းတွင် ရေးလိုက်သော 'တီဘီလား'ဆောင်းပါးကြောင့် ဆေးဆရာဖြစ်သွားရသည်။ ထိုဆောင်းပါးမှာ မရေးလျှင် မဖြစ်၍သာ ဇွတ်မိုတ်ကာ ရေးခဲ့ရသည်။

'တီဘီလား'ဆေးဆောင်းပါး ထွက်လာပြီးနောက် ဂျာနယ်ထုတ်ကာ အလုပ်များနေခိုက် လူနာများ ကျမထံ တဦးပြီးတဦး ပေါက်လာကြကာ သူတို့ရောဂါကို ကုသပေးရန် တောင်းပန်ကြ



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သည်။

အလုပ်တဖက်နှင့်ဆေးကုပေးရတော့သည်။ ဆေးဆရာမဖြစ်ချင်ဘဲ ဆေးဆရာဖြစ်လာသည်။ အနာရောဂါကို စစ်ဆေးကာ တည့်သည့်အစာများစားရန် အနာ၏ကုထုံးပြည့်စုံအောင် ညွှန်ကြားစာ ရေးရသည်။

ကျမမှာ ဆေးဖော်ရောင်းသူမဟုတ်၍ လူနာများနှင့်သင့်မြတ်မည့်ဆေးဝါးကို နေလဝိဇ္ဇာဆေးတိုက်မှ ဆေးယူပေးရသည်။

နယ်က ပို့သော ဝေဒနာသည်များထံမှ စာတွေကိုလည်း တစောင်မှမပြန်နိုင်၊ အလုပ်တိုက်ထဲတွင် ဂျာနယ်အလုပ်က တဖက်၊ ဝေဒနာသည်တွေ တရုံးရုံးဖြင့် နေ့စဉ်နှင့်အမျှ ဗျာများနေတော့သည်။

ဂျာနယ်ကို ကိုယ်ပိုင်ပုံနှိပ်စက်မရှိ၍ ရပ်ထားလိုက်ရသည်။ ကိုယ်ပိုင်စာပုံနှိပ်စက်ရှိမှပင် စာပေလုပ်ငန်းကို လုပ်တော့မည်ဟု ဆုံးဖြတ်ကာ စာပေလုပ်ငန်း ရပ်နားထားခိုက် မိုးလင်းက မိုးချုပ် ဆေးထိုင်ကုပေးနေရသည်။

ဆေးဆရာဖြစ်နေပြားလည်း တိုက်တွင် ဆေးတိုက်ဆိုင်းဘုတ် မချိတ်ဝံ့ပေ။ ဆေးတိုက်ဆိုင်းဘုတ် ချိတ်လျှင် ကျမ၏စာပေလုပ်ငန်း ပျောက်သွားပေမည်။ ပကတိဆေးတိုက်ကြီးနှင့်ဆေးဆရာအဖြစ်လည်း လုံးလုံးမဖြစ်ချင်၍ ဆိုင်းဘုတ်ကို မတင်ဝံ့ပေ။

"ဒေါ်မမလေးတိုက်ကို ရှာလိုက်ရတာ ဆိုင်းဘုတ်ကလေးတော့ ချိတ်ထားပါ" လူနာများက တိုက်တွန်းကြသည့်တိုင် တော်တော်နှင့်မတင်ဝံ့ပေ။ ဆေးတိုက်ဆိုင်းဘုတ် ချိတ်ရမည်ကို ကြောက်ရွံ့နေလေသည်။

နောက်ဆုံး ရပ်ဝေးမှ တကူးတက လာကုကြသော လူနာများကား တလည်လည်ဆေးတိုက်ရှာရသည့်အခက်အခဲကို ပြောလွန်းမက ပြောကြ၍ လူနာတွေအတွက် လွယ်ကူစေရန် စာပုံနှိပ်တိုက်ဆိုင်းဘုတ်ကို ဖြုတ်ချကာ 'ဂျာနယ်ကျော်မမလေး ဆေးတိုက်'ဆိုင်းဘုတ်ကို တင်ချိတ်လိုက်ရသည်။

ပေါက်တဲ့နဖူး မထူးဘူးဟု သွေးသောက်၊ ရှုမဝမဂ္ဂဇင်းများတွင် ဆေးဆောင်းပါးများဆက်တိုက် ရေးသားခဲ့သည်။ ဤဆောင်းပါးရေးခြင်းဖြင့် ဗမာ့ဆေးပညာကို ပရိသတ်အတော်များများ လေးစားလာကြခြင်းကို တွေ့ရသည့်အတွက် ဝမ်းသာအားတက်မိသည်။

ကျမ၏စီးပွားရေးအခြေအနေကား ဂျာနယ်ထုတ်ဝေသော လုပ်ငန်းထက် ဝင်ငွေဖြောင့်ပေသည်။ ဆေးတိုက်မှ ဆေးပုလင်းများ တလလျှင် နှစ်ထောင်ကျော် သုံးထောင်ဘိုးခန့် ရောင်းရလေသည်။

ကျမသည် 'ဂျာနယ်ကျော်မမလေးဆေးတိုက်'ဟု ဆိုင်းဘုတ်သာ ချိတ်ထားသော်လည်း ဆေးတိုက်ကို ဆေးတိုက်နှင့်တူအောင် မလုပ်ပေ။ တိုက်ထဲ၌ ဆေးပုလင်းများကို ထည့်ထားသော ဘီရိုအသေးတလုံးသာ ရှိသည်။ ကျမဆေးတိုက်ကို တိုးချဲ့လျက် ခေတ်မှီမှီ သားသားနားနား

အဆင့်အတန်းမြင့်မြင့် မွမ်းမံကာ သူနာပြုဆရာမများ ထား၍ ကျကျနန ဖိဖိစီးစီး လုပ်လိုက်လျှင် တစ်ခါစမ်းသပ်ကြည့်ခ ရွှေဒင်္ဂါးတပြားယူကြသော လက်ဖျားငွေသီးနေသည့်နာမည်ကြီးဆေး ဆရာဝန်ကြီးများနည်းတူ ဝင်ငွေနည်းမည်မဟုတ်မှန်း တွေးမိသည်။

ဆေးလုပ်ငန်း တိုးချဲ့လုပ်လျှင် ဆေးလုပ်ငန်းဖြင့် ပိုက်ဆံကို သွဲ့ယူသလိုရနိုင်ကာ သုံးလေး နှစ်နှင့် သူဌေးဖြစ်နိုင်မည့်လမ်းကြောင်း ကွက်ကွက်ကွင်းကွင်း မြင်မိသည်။

ကျမကား ပုထုဇဉ်တယောက်ဖြစ်သည်။ မုဆိုးမဘဝ ကလေးသုံးယောက်ဖြင့် မျက်နှာ မငယ် မပူရမပင်ရ ချမ်းချမ်းသာသာ နေထိုင်ချင်သည်၊ ဆေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ကာ ဆေးဖေါ်ရောင်း ဆေးကုလျက် ဆေးလောကထဲသို့ ခြေစုံပစ်ဝင်လိုက်ရ ကောင်းမလားဟူသော အတွေးသည် တခါတခါ ခေါင်းထဲသို့ဝင်လာလေသည်။

ထိုအတွေးမှာ ခဏသာ ဝင်ရောက်လာနိုင်ကာ အကောင်အထည်မဖြစ်ဘဲနှင့် ပျောက် သွားတတ်သည်။ ဆေးလောကထဲသို့ ခြေစုံပစ်ဝင်သွားလျှင် စာပေလုပ်ငန်း၊ စာပုံနှိပ်တိုက်လုပ်ငန်း ကို လုံးလုံးစွန့်ပစ်ရတော့မည်။ တကိုယ်ထဲ ဘယ်နည်းနှင့်မျှ ကြာရှည်အလုပ်နှစ်လုပ်မလုပ်နိုင်ပေ။ စာပေလုပ်ငန်းသံယောဇဉ်သည် တဖက်သို့မသာအောင် ဆွဲနေသဖြင့် ရှေ့တိုးလုပ်ရန်ဝင်လာသော အကြံအစည်များ ဆုတ်ဆိုင်းနေ၏။

"ဂန္ထဝင်" ဂျာနယ် ရပ်စက အင်္ဂလန်သို့ ဂျွန်ဒစ်ကင်ဆင်ကုမ္ပဏီမှတဆင့် စာပုံနှိပ်စက်ကြီး တလုံး မှာထားလိုက်သည်။

စာပုံနှိပ်စက် ရောက်လာလျှင် ပုံနှိပ်လုပ်ငန်းကို လုပ်ရပေမည်။ စာပေလုပ်ငန်းထဲ၌ နေရ ပေမည်။ စာပေလုပ်ငန်းသံယောဇဉ်သည် ဆေးလုပ်ငန်းထဲသို့ခြေစုံပစ်မဝင်အောင် ဆွဲထားလေ ၏။ စက်မှာ အရောက်နောက်ကျနေကာ တနှစ်ခန့်ကြာမြင့်နေသည်။

စက်မရောက်မီ အတောအတွင်း လူနာများကို လက်ခံကာ ဆေးရောင်းဆေးကုခြင်းဖြင့် အချိန်ကုန်လွန်နေလေသည်။

ပုံနှိပ်စက် ရောက်လာခဲ့သော် သက်သက်သာသာ ဝင်ငွေရမည့်အလုပ်မျိုး မဟုတ်၍ ပုံ နှိပ်စက်လုပ်ငန်းကို မလုပ်တော့ဘဲ ဆေးလုပ်ငန်းဘဲ တိုးချဲ့လုပ်ရကောင်းမလား၊ ဆေးလုပ်ငန်း ထဲ ခြေစုံပစ်ဝင်လုပ်ရင်တော့ မုချဟန်ကျမှာဘဲ ဟူသောအတွေးမှာ ခေါင်းထဲသို့ ရစ်သီရစ်သီ ရောက်လာလေသည်။

ဆေးတိုက်ဆိုင်းဘုတ် ချိတ်ပြီးမှ လူနာများမှာ မြော်လင့်သည်ထက် ပိုများနေသည်။ တ နေ့လုံး မအားလပ်နိုင်၍ ညဖက်၌ ဆောင်းပါးဝတ္ထုများ ရေးရသည်။ တညလုံး ညဥ့်နက်သန်း ခေါင် အိပ်ပျက်ခံကာ အပြီးထိုင်ရေးပြီး တမှေးအိပ်လိုက်ရာ မနက်အိပ်ရာမှ မနိုးခင် နံနက်အ စောကြီး လူနာများ လာစောင့်နေကြ၏။ တနေ့လုံး လူနာများနှင့်ရှုတ်ရှက်ခတ်နေသည့်ကြားထဲ အသဲအသန် လူမမာများအတွက် လာခေါ်လျှင် ချက်ချင်းထလိုက်သွားရပြန်သည်။ ရပ်ဝေးက စာများကား တစောင်မှ မပြန်နိုင်။ ကျမထံသို့ လိုက်လာမှသာ ကုပေးနိုင်တော့သည်။



E-book is created by www.shanyoma.org

ရှမဝဦးကျော်အလိုရှိသော ဝတ္ထုရှည်ကြီးကို ရေးပေးရမည်ဆိုလျှင် တညတည်းနှင့်အပြီး မရေးနိုင်။ မပြီးမချင်း ညတိုင်း မိုးလင်းချင်လင်း ရေးပို့ပေးရမည်။ ညဘက်တွင် အိပ်ပျက်ခံသဖြင့် နေ့ခင်း တရေးတမှေးအိပ်ရန် အချိန်ရှိဘို့ ဝေးစွ၊ ထမင်းစားချိန်ပင် မမှန်တော့ပေ၊ လူနာစဲမှစားရသည်။ ထမင်းစားရင်း တန်းလန်း လူနာလာခေါ်လျှင် ထမင်းပွဲမှ ထပြေးလိုက်သွားရသည်။

ကျမမှာထားသော စာပုံနှိပ်စက်ကြီး ရောက်လာချိန် နီးကပ်လာပြီ။

စာပုံနှိပ်လုပ်ငန်းတဖက်၊ ဆေးလုပ်ငန်းတဖက်ဖြင့် မနိုင်မနင်း မည်မျှဒေါက်ချာစိုးမည်ကို တွေးမိတိုင်း ရင်လေး၍သာ နေတော့သည်။

ရှမဝတိုက်မှပြန်ခဲ့ကာ လူနာများ ရှင်းခိုက် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲမှီလျက် ကျမ၏ ဆေးဆရာဖြစ်လာပုံဘဝကို အစကပြန်ပြီး တစိမ့်စိမ့် ထိုင်စဉ်းစားတွေးတောကြည့်မိသည်။

ကျမမှာ လမ်းဆုံလမ်းခွသို့ ရောက်နေလေသည်။ လက်ျာဘက်သို့သွားရာလမ်းသည် နေ့ညမရှောင် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်လျက် စာပေများဖြန့်ဖြူးကာ စီးပွားရှာရမည့်ပုံနှိပ်လုပ်ငန်းဖြစ်လေသည်။

တဖက်ရှိ လက်ဝဲဘက်သို့ သွားရမည့်လမ်းကို ကြည့်လျှင် ဝေဒနာခံစားနေရသောလူနာများကို ကုသကာ သူလည်း အကျိုးရှိ၊ ကိုယ်လည်း အကျိုးရှိ၊ ကိုယ့်ဆေးတွင်ကျယ်လျှင် မြန်မြန်ကြီးပွားချမ်းသာနိုင်သောအဖြစ်သို့ မလွဲမသွေ ရောက်ရှိရပေလိမ့်မည်။

ဤလမ်းနှစ်သွယ်တွင် ဘယ်လမ်းကို လိုက်မည်ကို ကျမဆုံးဖြတ်မှဖြစ်ပေလိမ့်မည်။

စာပုံနှိပ်လုပ်ငန်းနှင့်ဆေးလုပ်ငန်းကို တချိန်တည်း တပြိုင်တည်း မလုပ်နိုင်ပေ။ စာပုံနှိပ်လုပ်ငန်း၊ ဆေးလုပ်ငန်း၊ လုပ်ငန်းနှစ်ရပ်လုံးကို စီစစ်ဝေဖန်ကြည့်ရာတွင် အသက်မွေးဝမ်းကျောင်းအတွက် ကောင်းမြတ်သောလက္ခဏာများ လုပ်ငန်းနှစ်စလုံး၌ ရှိနေကြသည်။

စာပုံနှိပ်လုပ်ငန်းကို လုပ်လျှင် ကျမတဦးတည်း လုပ်၍မဖြစ်နိုင်ပေ။ စာစီစာရိုက် လူအများနှင့်ဝိုင်းဝန်းလုပ်မှ ဖြစ်နိုင်သည်။ လုပ်ငန်းကြီးလျှင် ကြီးသလောက် လူအင်အား လိုလာသောလုပ်ငန်းမျိုးဖြစ်သည်။ သတင်းစာထုတ်မည်ဆိုလျှင် အယ်ဒီတာကအစ သတင်းစာဝေပေးသည့်လူအထိ အဆင့်ဆင့်မှီနေကာ တလက်တည်းနှင့်ပြီးမည့်အလုပ်မျိုး မဟုတ်၊ တယောက်တည်းသည်ပိုးရွက်ဆောင်ကာ စခန်းမသွားနိုင်၊ တာဝန်ကြီးသော အလုပ်မျိုးဖြစ်သည်။ ဆေးလုပ်ငန်းကား မိမိအပြင် မည်သူ့ရှိမှဟု အားထားမှီတွယ်မနေရချေ။ ကိုယ်တဦးတည်း သည်ပိုးရွက်ဆောင် စခန်းသွားနိုင်လေသည်။

ကျမမှာ စာပုံနှိပ်လုပ်ငန်းကို သံယောဇဉ်တွယ်နေသည့်တိုင်အောင် မိန်းမသားဖြစ်၍ မည်သူနှင့်မျှ မှီတွဲမလုပ်ရဘဲ ကိုယ်တဦးတည်း သည်ပိုးထမ်းရွက်ကာ စခန်းသွားနိုင်သောဆေးလုပ်ငန်းကို ဘဝခရီးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ပါတော့မည်ဟု ကြံရွယ်စိတ်ကူးလိုက်သည်။

E-book is created by www.shanyoma.org

ဗမာ့ဆေးပညာကို နေလဝိဇ္ဇာဆရာကြီးဆရာခိုင်ထံတွင် သင်ကြားနေရစဉ် ကျမဆည်းပူးလေ့လာရမည့်ဓာတ်ပညာမှာ အလွန်ခက်ခဲနက်နဲသောပညာတရပ်ဖြစ်၍ ထိုပညာ၏ ကျမ်းရင်းကို သိလိုမိသည်။ ဓာတ်ပညာ၏ အမွေအနှစ်ကို ဆက်ခံကြသော ဓာတ်ဆရာကြီးများ မည်သူမည်ဝါ သိလိုမိသည်။

ဆရာ့အား "ဒီပညာကို ကျမ်းပြုသွားတဲ့ပုဂ္ဂိုလ်များ မရှိဘူးလား"ဟုစုံစမ်းကြည့်သည်။

"ရှိကြတာပေါ့ ဒီပညာရဲ့အခြေအမြစ်ကျမ်းကို ပုဂ္ဂလပညတ်ဓာတ်ကျမ်းဆိုပြီး ကျမ်းစာအုပ်တအုပ်ရေးသွားတယ်၊ ဒီစာအုပ်ရဘို့များတော့ အလွန်ခက်ပါတယ်..."

"ဆရာ့ကို ဒီဓာတ်ပညာသင်ကြားပေးတဲ့ဆရာကော ရှိပါသေးသလား ဘယ်သူပါလဲ"

"ရှိတယ်...တောမှာ..."

"နာမည်ကကော ဆရာ"

"ဆရာလှိုင်..."

ကျမမှာ ဓာတ်ပညာသင်ကြားနေယင်း "ပုဂ္ဂလပညတ်ဓာတ်ကျမ်း"စာအုပ်ကို ကြည့်လိုစိတ်ပြင်းပြမှုကြောင့် တောင့်တမိသည်။

"ပုဂ္ဂလပညာတ်ဓာတ်ကျမ်း"စာအုပ်သည် ကျမသင်ယူနေသောပညာ၏ အရင်းအမြစ်ဖြစ်မှန်းသိရလျက် စာအုပ်မှာ ရှာရဘို့ဝေးစွ၊ မည်သည့်ပုဂ္ဂိုလ်ရေးသွားမှန်းပင် ကျမ်းပြုဆရာကို သေချာဃဏမသိရချေ။

ဆေးပညာသင်ယင်း "ပုဂ္ဂလပညတ်ဓာတ်ကျမ်း"စာအုပ်ကို စုံစမ်းရှာဖွေကြည့်သော်လည်း အစပျောက် ရှာမရသဖြင့် နောက်ဆုံး စိတ်လျှော့လိုက်ရသည်။

"ပုဂ္ဂလပညတ်ဓာတ်ကျမ်း"ဆိုသောကျမ်းအမည်မှာ ရင်ထဲတွင် စွဲနေလေသည်။ သတိရတိုင်း တ,သမိသည်။ ကျမ်းပြုဆရာ မည်သူပါလိမ့်ဟု ဆရာကို ရော်ရမ်းကြည်ညိုနေမိသည်။

ကျမသင်ယူနေသော ဓာတ်ပညာ၏ အကျိုးသက်ရောက်မှု ထက်မြက်သောအာနိသင်ရှိမှုများကို သိမြင်လာလေလေ၊ ဤပညာကို 'ပုဂ္ဂလပညတ်ဓာတ်ကျမ်း'စာအုပ်ဖြင့် ပြန့်ပွားအောင် ဖြန့်ဖြူးသွားလေသော ဓာတ်ဆရာ၏ ဂုဏ်ကျေးဇူးကို အောက်မေ့လေလေ ဖြစ်နေရသည်။

အလုပ်တိုက်တွင် ဆေးတိုက်ဆိုင်းဘုတ်ချိတ်ပြီး လူနာများဖြင့် အလုပ်ရှုပ်နေစဉ် ကျမတို့၏ ဓာတ်ပညာကို သင်ကြားဆည်းပူးနေသောကိုကြည်မွန်သည် တနေ့ ကျမထံသို့ ပေါ်ပေါက်လာသည်။

သူသည် လွယ်အိတ်နီကို စားပွဲခုံပေါ်သို့ တင်လိုက်ကာ ကျမဘေး၌ ထိုင်လျက် ကျမနှင့် လူနာများ စကားပြောအပြီးသတ်အောင် ထိုင်စောင့်နေသည်။

လူနာများ ထသွားမှ "မမဆီ လာခဲ့တာ ဒီကိစ္စဘဲ"ဟု ပြောပြောဆိုဆို လွယ်အိတ်နီထဲမှ စာအုပ်ကလေးကို ထုတ်ယူလှမ်းပေးလိုက်သည်။

စာအုပ်ကို အဝတ်ဖြင့် ပြန်ဖုံးချုပ်ထားသည်။ စာအုပ်ကို လှမ်းယူလိုက်ကာ ဘာမှန်းမသိ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဖွင့်မကြည့်ခင် သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

သူသည် ချိုသာစွာ ပြုံးလျက် ကြည့်နေသည်။ ဘာစာအုပ်များလဲဟု ရင်ထဲတွင် ဖိုသွားကာ ဖွင့်လှန်လိုက်ရာ 'ပုဂ္ဂလပညတ်ဓာတ်ကျမ်း'ပုံနှိပ်စာလုံးကို မြင်သည်နှင့်တချက်တည်း ဝမ်းသာလွန်း၍ မျက်လုံးများပင် ပြာသွားပေသည်။

"ကျွန်တော့်စာအုပ် မဟုတ်ဖူး…၊ မမကို ပြချင်လွန်းလို့ တံ့တေးက မရမက ငှားလာရတာ ပြန်ပေးရမယ်"

ကျမ ကြည့်ချင်သောစာအုပ်ကို ပညာသင်ပြီး ၈ နှစ်ခန့် ကြာမှလာတွေ့ရတော့သည်။ စာအုပ်မှာ ကျမမမွေးခင်က ပုံနှိပ်ဟန်ရှိသည်။ ခပ်ရွရွမကိုင်လျှင် စာရွက်တွေ ပြုတ်ကြွေလုနီးနီး ရှိနေသည်။

မန္တလေးမြို့ဇာတိ ပဝတ္တိရန်ကုန်မြို့ပုဇွန်တောင် ပေတောကုန်းရပ်နှိုက် စေ့စပ်သေချာများသိသာဖို့ နေရာတကျ အာစရိယပရံပရ လဒ္ဓမုဋ္ဌိရရှိသည့်အတိုင်း ကောင်းမွန်စွာ သင်ကြားဆုံးမ ကုသလျက်ရှိသော ဓာတ်ဆရာကြီးဆရာသန့်သည် (နေ) (လ)နက္ခတ်ပညာ၊ ဓာတ်၊ သီတ၊ ဥဏှစသည်တို့ကို နောက်သားနောင်လာ မျိုးလေးဖြာတို့၏ အကျိုးငှာ အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နှုတ်ပြုပြင်စီရင်ရေးသားအပ်သော(ပုဂ္ဂလပညတ်ဓာတ်ကျမ်း)

ပဌမနှိပ် စာအုပ်ရေ ၅၀၀

ရန်ကုန်မြို့ မောင်ထော်လေးလမ်း

တိုက်နံပါတ် (၄၃)

ဗြဟ္မဝတီ–စာပုံနှိပ်တိုက်

အဖိုး(၈)ပဲ။

စာအုပ်၏ပထမတမျက်နှာ၌ 'ပုဂ္ဂလပညတ်ဓာတ်ကျမ်း'ဆရာကြီး၏ အမည်ဆရာသန့်ဟု တွေ့ရှိရပေပြီ။ ဤဆရာကြီးကား ယခုအချိန် အသက်ရှင်လျက် ရှိ မရှိ မသိချေ။

ဗမာ့အမျိုးသားသိပ္ပံပညာရပ်ဖြစ်သည့်ဓာတ်ပညာကို နောင်လာနောက်သားများအကျိုးငှာ ပညာ၏ အမွေအနှစ်ကို စာပေဖြင့် ထားခဲ့ပေသည်။

"ဇမ္ဗူတန်ခွန်၊ သူမြတ်မွန်တို့၊ ညွှန်အံ့လက်ာ၊ မှတ်သားရာကား၊ နည်းနာနယ၊ ဓာတ်လေးဝကို၊ သိကြစိမ့်ငှာ၊ မိန့်မည်မှာအံ့၊ အင်းလည်းသည်မှာ၊ အစာသည်တွင်၊ ဆေးလျှင်သည်က၊ မနေပီယံ၊ သိဒ္ဓိလမ်းကို၊ တတ်စွမ်းနိုင်ပေ၊ ထွက်မြောက်လေကြည့်၊ လိုရန်ကိစ္စ၊ ပြည့်ဝကော၊ မုချမှန်၏…"

'အင်း'အလိုရှိလည်း အင်း။ အစာ အလိုရှိကလည်း အစာ။ ဆေး အလိုရှိလေလျှင်လည်း ဆေး။ ကိုယ်အလိုရှိသည့်ကိစ္စ၊ ဤကျမ်းထဲတွင် အစုံရရှိနိုင်သည်ဟု လက်ာအဖွင့်၌ ညွှန်ပြထားသည့်အတိုင်းပင် အလိုရှိရာ ကောက်ယူအသုံးချနိုင်ကြစေရန် ဒွါရရာသီ၊ မဟာနရီကွန်ချာ၊ လက္ခဏာဒီပ၊ ဆနဂုတိ၊ နရသုခိ၊ ဘိုးရာဇာနက္ခတ်၊ ခင်ကြီးပျော်၊ ဓာတုစိန္တာကျမ်းစသောကျမ်း

အစောင်စောင်ရှိ အဆီအနှစ်သာရကို စုထုတ်နုတ်လျက် 'အချုပ်'ပြ ရှင်းလင်းရေးသားထားသော ဓာတ်ကျမ်းတစောင် ဖြစ်ပေသည်။

ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို စာပေဖြင့် ရေးသားထားခဲ့သောဆရာအရှင်တို့၏ ခြေရာ စဉ်စိုက်မပျက်၊ ကျော့ကွင်းချင်း ထပ်နေသကဲ့သို့ နည်းအသွယ်သွယ် ပရိယာယ်ကြွယ်သဖြင့် လေ့ လာမှတ်သားသူများသည် သဘာဝဖြစ်သော လေးပါးသော ဓာတ်တို့ကို သိကြောင်း ကြံဆသည့် အရာ၌ ဉာဏ်ကြီးရင့်ကြစေနိုင်သည်။

အင်္ဂဝိဇ္ဇာအင်္ဂုရာယာ ဒိဗ္ဗစက္ခုစသောကျမ်း၊ ဘေသစ္စရှင်ရသေ့၊ ရှင်အရဟံ၊ ပုဂ္ဂလပညတ် ကျမ်း၊ ၎င်းကျမ်းတို့ကိုမှီ၍ ဥဒ္ဒေသနည်းဖြင့် ဓာတ်လေးပါး၏ တည်ရာဌာနဘဝကို ထုတ်နုတ်ပြ သည်။

ဓာတ်လေးပါး၏ တည်ရာဌာနဘဝကို ပြရာ၌ 'လောက'ဟု ခေါ် ဝေါ်ကြခြင်းမှာ လောကု တ္တရာ ၉ ပါးမှကြွင်းသော တရားအပေါင်းတို့သည် လောကမည်ကုန်သည်။ သတ္တလောက၊ သင်္ခါရ လောက၊ ဩကာသလောကဟုခေါ် ဝေါ် အပ်သောလောက၌ ဓာတ်ကို မြင်အောင် ကြည့်နည်းသည် ဓာတ်၏ တည်ရာဌာနအလုံးစုံသော ရုပ်အပေါင်း၊ နာမ်အပေါင်း၊ တရားအပေါင်းတို့၏ စီးဝင်ရာ အရပ်ကား ၃၃ လုံးအက္ခရာ၊ ၈ လုံးသောသရ၊ ၄၁ လုံးသော ဝဏ္ဏတို့သည် ပညတ်မည်၏။ ဓာတ် မည်၏ ။

သို့ဖြစ်သောကြောင့် အက္ခရာရေသု၊ အက္ခရာစကားတို့၌။ ဓာတု၊ ဓာတ်တို့သည်။ အတ္ထိ သန္တိ၊ ရှိကြကုန်၏ ။

ဓာတ်နှောင့်သည်၊ ဓာတ်ဖြောင့်သည်၊ ဓာတ်တောင့်သည်၊ အခြင်းအရာများကို အက္ခရာ များနှင့်ယှဉ်ကျုံးမှ လောကဓာတ်အလုံးကို သိစွမ်းနိုင်ရာသည်။

အက္ခရာသု၊ ဗျည်းအက္ခရာတို့ကိုလည်းကောင်း။ ပိဋကသင်္ချာ၊ ပိဋကသင်္ချာလည်း ကောင်း၊ ဒိဝေစ၊ နေကိုလည်းကောင်း။ သမ္ဗန္ဓ၊ အကြောင်းတရားသုံးပါးနှင့်ပြည့်စုံခြင်းကို။ လော ကဓံ၊ တရားသိကာ နှလုံးသွင်းစွဲလမ်းမိမှ။ အနန္တ၊ ကျယ်ဝန်းသော ပညတ်ကို အကျဉ်းချုပ်ယူ နိုင်သည်။ အကျဉ်းချုပ်၍ ယူနိုင်မှ ဓာတ်၏ သိမ်မွေ့ကြောင်းကို သိနိုင်သည်။

အက္ခရာ၏ သဒ္ဒါရုံသည် ဒိုးဒိုးဒေါက်ဒေါက်၊ နိုးနိုးနောင်နောင်၊ ဆိုးသွင်း၊ နောင်းနင်း၊ ချိန်း၊ ငြိုး၊ ဖြိုး၊ အစရှိသော စည်၊ ပတ္တရား၊ နှဲ၊ ခရာ၊ ဗုံသံတို့နှင့်ညှိ၍သိရမည်။

ကျမမှာ ဓာတ်၏ တည်ရာဌာနဘဝကို လေ့လာဖတ်ရှုယင်း 'ရုပ်ကလာပ်၌ ပညတ်ခိုက် ရာ ဓာတ်ပါကြောင်း ဉာဏ်ဆင့်လောင်း၍ ကုကောင်းစွာလှု၊ ထွေရာဝိုးဝါးယူမမှားနှင့်'ဟူသော အချက်ကို တွေးမိသတိချပ်မိသည်။

ဓာတ်၏ တည်ရာဌာနသည် ၃၃ လုံးသောဗျည်း၊ ၈ လုံးသောသရ၊ ၄၁ လုံးသောဝဏ္ဏ အက္ခရာတို့၌သာမက ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉–အစရှိသည့်သင်္ချာ၌လည်း ဓာတ်တည်ရာဌာန၊ ဓာတုစိန္တာကျမ်း၌ အင်္ဂုဂြဟ်၊ ရှစ်ပါးသောဂြိုဟ်တို့ကို။ စတုဘာဝေန၊ ၄–ခုစားသဖြင့်။ သေသာ၊



E-book is created by www.shanyoma.org

အကြွင်းသည်။ ဓာတု၊ ဓာတ်မည်၏ ဟု ဖော်ပြထားခြင်းကြောင့် တနင်္ဂနွေ၊ တနင်္လာ–အစရှိသော နေ့၌လည်း ဓာတ်တည်ရာ ဌာနဟူ၍ အက္ခရာ၊ သင်္ချာ၊ နေ့၊ သုံးဌာနကို ခွဲခြားကာ မှတ်သားလေ့လာရသည်။

၃၃ စီးသော ဆင်ပြောင်သည် တော ၃ ထောင်၌ ထွက်၍ ထွက်၍ ကျက်စားသောကြောင့် ချည်အပ်သော ကြိုးရှစ်စင်းနှင့်တိုင်လေးတိုင်မှာ ချည်နိုင်က လိုရာသို့ ရောက်လေအံ့ဆိုသောတချက်။

ရှစ်လုံးသော ဂြိုဟ်သက်ပေါင်းပြီးလျှင် ၄ ခုစားသည်ရှိသော် ပါပလေးလုံး၌ အပိုတပါးထွက်၏။ ၁ ဂဏန်းထွက်၏။ သောမ လေးလုံး၌ ၂–ဂဏန်းထွက်၏။

ပါပလေးလုံး၌ ထွက်သော ၁ ဂဏန်းကို (နေ)ဂဏန်း တနင်္ဂနွေ၊ သူရိယဂိုဏ်း။

သောမလေးလုံး၌ ထွက်သော ၂ ဂဏန်းကို (လ)ဂဏန်း စန္ဒရဂိုဏ်း။

ဂြိုဟ် ၈ လုံးကို ဓာတ်သက်ပေါင်း၍ တွက်သော် ၁၀၈ နဝင်းရ၏။ ၎င်း ၁၀၈ နဝင်းဂြိုဟ်သက်ကို သတ္တဗီသ ချေသည်ရှိသော် အသုံးဖြစ်၏။

ကျမသည် ၁ ဂဏန်း၊ ၂ ဂဏန်းထွက်အောင် ရှာလျက် တော ၃ ထောင်မှ ထွက်လာသော ၃၃ စီးသော ဆင်ပြောင်တို့ကို တိုင်လေးတိုင်၌ စမ်းချည်ကြည့်သည်။

အန္တော၊ ဂမ္ဘော၊ စရော၊ ဝံသေ ရော၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါး၊ ဂြိုဟ်ကြီး ၈ လုံးနှင့်တကွ ပေါ်လာသည်။

တနင်္ဂနွေ၊ တနင်္လာအစရှိသော နေ့အလိုက်ဂြိုဟ် ၈ လုံး၏ ဂြိုဟ်သက်များကို ပေါင်းသည့်အခါ ၁၀၈ နဝင်းရသည်။

ဂြိုဟ်ကြီး ၈ လုံးအနက်မှ သောမဂြိုဟ် ပါပဂြိုဟ်များ ခွဲထုတ်လိုက်သည်။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု၊ ဤလေးလုံးသောဂြိုဟ်သည် ပါပဂြိုဟ်များ ဖြစ်လေသည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ဤဂြိုဟ်များသည် သောမဂြိုဟ်ဖြစ်ကြသည်။

နေနှင့်လ အပူ–အအေးဂိုဏ်း ၂ ဂိုဏ်း ခွဲခြားသတ်မှတ်ကာ နေဘက်၌ ရှိကြသောဂြိုဟ်လေးလုံး။ လဘက်၌ ရှိကြသော သောမဂြိုဟ်လေးလုံး။ ဂြိုဟ် ၈ လုံး၏ နက္ခတ် ၂၇ လုံး။ သတ္တဗီသချေ၍ နဝင်းဖြတ်ကြည့်သည်။

ဓာတ်ကြီးလေးပါး။ ဂြိုဟ်ကြီး ၈ လုံး။ နက္ခတ် ၂၇ လုံးတို့တွင် အက္ခရာဗျည်း ၃၃ လုံးနှင့်လွတ်ကြသည်မရှိ။ နဒီမြစ်မှ ကျလျှောသောရေများမှာ မဟာသမုဒ္ဒရာအဏ္ဏဝါတွင် ပျောက်ပျယ်လေဘိသကဲ့သို့ ထီးခရိုင်ချုပ်သလို အက္ခရာသရုပ်အချုပ်ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွားတော့သည်။

ဤဓာတ်ပညတ်၏ အကျဉ်းချုပ်သည် ဂဏန်းသင်္ချာ ပညတ်၊ နေ့ပညတ်၊ အက္ခရာပညတ် ထဲတွင် ဓာတ်ရှိနေသောကြောင့် ပညိန္ဒြေအရာဖြစ်၍ သိသာသိကြောင်း ကြံသူတိုင်း ကလျာဏ ပုထုဇဉ်ဖြစ်နိုင်နေသည်။

E-book is created by www.shanyoma.org

ကျမသည် ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို ရရှိပြီးနောက် အချိန်ရသရွေ့ စာအုပ်နှင့်မျက်နှာမခွာ လေ့လာဆည်းပူးကြံဆ အားထုတ်လျက် နေတတ်၏။ 'တီဘီလား' ဆောင်းပါးရေးပြီး ဝေဒနာသည်များကို ဤဓာတ်ပညာ နေ–လဂိုဏ်းနည်းဖြင့်ပင် ကုသပေးခဲ့၍ ချမ်းသာသွားကြသူ၏ ဦးရေမှာလည်း မနည်းတော့ပြီ။

လူအများအကျိုးငှါ ပညာကို တဆင့်ဖြန့်ဖြူးကာ ပြန့်ပွားအောင် လုပ်ချင်သောစိတ်စေတနာ ပေါ်လာမိသည်။ ဤပညာကို ရှေ့ဆက်လက်အားထုတ်လေ့လာကြိုးစားလျက် တနေ့စာအုပ်ရေးမည်ဟုအကြံပြုမိသည်။

ကျမထံသို့ ဂျွန်ဒစ်ကင်ဆင်တိုက်မှ စာပုံနှိပ်စက်ကြီး ဇန်နဝါရီလဆန်းတွင် အင်္ဂလန်ကရောက်မည်ဟု အကြောင်းကြားလာ၏။

ကျမမှာ ဆေးလုပ်ငန်းဖြင့်ပင် ဘဝခရီးတလျှောက် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ရန် ကြံစည်မိပြီး စက်ရောက်လျှင် မည်သို့ပြုလုပ်ရမည်နည်းဟုခေါင်းရှုပ်သွားသည်။

တနေ့ ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို လေ့လာကြည့်ရှုနေယင်း လူအများအကျိုးငှာ ဓာတ်ပညာ အမွေအနှစ်ခံယူရန် ကျမ်းပြုသွားသော ဆရာ၏ စေတနာကို နက်နက်နဲနဲ တွေးကြည့်နေမိသည်။

ဤပညာ၏ အရင်းအမြစ်ကို စာပေဖြင့်သိရခြင်းအတွက် စာပေ၏ ဂုဏ်ကျေးဇူးကို မျက်ဝါး ထင်ထင်သိမြင်သွားသည်။ စာပေ၏ ဂုဏ်ကျေးဇူးကို သိမြင်သည်နှင့် ဤပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် စိတ်အားထက်သန်မှုများ လျော့ပါးသွားပြန်သည်။

ရှေးက ဆေးဆရာကြီးတယောက်နှင့် ကျမငယ်စဉ်က နီးနီးကပ်ကပ် နေဘူးသည်။ သူသည် ဆေးကုသည့်အလုပ်ကို ပရိယေသန ဝမ်းစာအလုပ် သဘောမထားပေ။ ဆေးအတတ်ကိုတတ်ငြား သူ၏ စီးပွားရေးအဖြစ် လယ်ယာကိုင်းကျွန်း လုပ်ငန်းကို လုပ်နေလျက် ရပ်ထဲရွာထဲတွင် မကျန်းမမာ ရောဂါသည်များအား ဆေးကုပေးသည်။ ပျောက်ကင်း ချမ်းသာ၍ ကန်တော့ကြသော ငွေကြေးကို စုထားကာ မြို့ရောက်လျှင် ထိုငွေဖြင့် ဘယဆေးဆိုင်တွင် ဆေးပစ္စည်းများ စုဝယ်သွားသည်။ ငွေကို ဆေးဖော်ဖို့ရာသာ အသုံးပြုလျက် ကိုယ်ရေးကိုယ်တာကိစ္စ အသုံးမချမှန်းသိရသဖြင့် "အဖိုး ဘာဖြစ်လို့ ဒီငွေကို မသုံးတာလဲ"ဟု မေးကြည့်သည်။

"လူမမာဆီက စားဖွယ်သောက်ဖွယ် အဝတ်အစားယူ တော်ရောပေါ့ဟယ်၊ ငွေကန်တော့တာ ဆေးဖော်ဖို့ ထားရတယ်။ ဒီဆေးနဲ့ သူတို့ကိုပြန်ကုပေးရမှာ၊ ဆေးကုတာ စီးပွားရေးသဘောမထားရဘူး"

ကျမမှာ လက်ထဲရှိ ပုဂ္ဂပညာတ်ဓာတ်ကျမ်းထဲမှ စာကြောင်းကိုမမြင်၊ ကမကလူရွာမှ ဆေးဆရာကြီးဦးကံကြီး၏ မျက်နှာကို မြင်ယောင်နေကာ စာအုပ်ပေါ်တွင် ခေါင်းမှောက်လျက် လေးလေးနက်နက် စဉ်းစားနေမိသည်။

စာပုံနှိပ်လုပ်ငန်း မလုပ်တော့ဘဲ ဆေးတိုက်ကို တိုးချဲ့ကာ ခေတ်မှီမှီ အဆင့်အတန်းမြင့်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မြင့်လုပ်လိုက်လျှင် ကြီးပွားချမ်းသာနိုင်မည့်လမ်းကိုမြင်သော်လည်း ကြိုးစားပြီး ကိုယ့်လောဘကိုယ် သိမ်းလျက် ဤပညာဖြင့် စီးပွားရေး မလုပ်တော့ဟု ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ကျွမအား ဤဓာတ်ပညာကို စတင်သင်ကြားပေးသော ကျေးဇူးရှင်ဆရာကြီးထံသို့ ဤပညာဖြင့် စီးပွားရေး မလုပ်တော့ဘဲ အသက်တဆုံး လူအများအကျိုးငှာ တတ်နိုင်သရွေ့ ကုသိုလ်ဖြစ်လုပ်သွားတော့မည်ဟု စာရေးအကြောင်းကြားလိုက်ကာ ကျွမ၏ ဆုံးဖြတ်ချက်အတိုင်း အဓိဋ္ဌာန်ပြုလျက် ဆေးတိုက်ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်သည်။

ဓာတ်ပညာကို စီးပွားမရှာ၊ ပညာသာလျှင် ရှာမည်ဟုစီးပွားရေးလုပ်ငန်းရပ်စဲပြီးနောက် ပိုင်း၌ နေလဝိဇ္ဇာဆရာခိုင်ကို ဤပညာသင်ပေးသော အိုင်ကလောင်မှဓာတ်ဆရာကြီးဆရာလှိုင်နှင့် တွေ့ရတော့သည်။

အိုင်ကလောင်မှ ဓာတ်ဆရာကြီးဆရာလှိုင်ထံတွင် ဓာတ်ပညာကို သင်ကြားကြသော တပည့်တပန်းများထဲတွင် နေလဝိဇ္ဇာဆရာကြီးဆရာခိုင်လည်း တယောက်အပါအဝင်ဖြစ်သည်။

"ပုဂ္ဂလပညတ်ဓာတ်ကျမ်း"စာအုပ်နှင့်ပတ်သက်၍ သိလိုစုံစမ်းသော အချက်အလက်များအတွက် ဗမာ့ပညာကို အမွေအနှစ်ခံယူထားသော ဓာတ်ဆရာကြီးရှိရာသို့ ထောက်လှန်းရှာဖွေစုံစမ်းသွားရာ ကံအားလျော်စွာပင် စမ်းချောင်းရပ် ကျိုက်လတ်လမ်းတွင် နေထိုင်လျက်ရှိသော ဓာတ်ဆရာကြီးဆရာလှိုင်နှင့် တွေ့ရတော့သည်။

အိမ်ပေါ်၌ အကျီချွတ်လျက် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အဖိုးကြီး တဦးကို လှမ်းမြင်ကာ ဓာတ်ဆရာကြီးဘဲဟုဝမ်းသာအားရ လှမ်းတက်သွားသည်။

အသက် ၇၅ နှစ်အရွယ်ရှိငြား မျက်စိကောင်းသေးသည်။ ကျန်းမာရေးနှင့် ပြည့်စုံလှသောအသွင်မှာ အားကျစရာပင်၊ ကျွမနာမည်နှင့်ဤဓာတ်ပညာကို လေ့လာလိုက်စားသူတဦးဖြစ်မှန်း ရှေးဦးမဆွက ကြိုတင်ကြားသိနှင့်ထားခဲ့သည့်အတိုင်း ကျွမကို ဂျာနယ်နယ်ကျော်မမလေးမှန်း သိလျှင်သိခြင်း ဝမ်းမြောက်ဝမ်းသာ နေရာထိုင်ခင်းပေးသည်။

"ပုဂ္ဂလပညာတ်ဓာတ်ကျမ်း"ကိုပြုစုစီရင်ရေးသားသွားသော ဓာတ်ဆရာကြီးဆရာသန့်အကြောင်းကို မစမီ၊ ဤဓာတ်ပညာ၏ အမွေအနှစ်ကို ခံယူရလိုက်ကြသော ဤပုဂ္ဂိုလ်ကြီးလေးဦးအမည်ကို စတင်အမိန့်ရှိသည်။

"ဆရာဆောင်၊ ဦးပုည၊ ဦးပို၊ ဒွါရသာသနာပိုင်အုဂ်ဖိုဆရာတော် ဒီပုဂ္ဂိုလ်လေးပါးကအရင်းခံဆရာများကွဲ့၊ ဦးပုညကတော့ အခါပေးမိတဲ့အတွက် အသတ်ခံရတယ်၊ ဓာတ်ဆရာကြီးဦးပိုနဲ့စလေဦးပုညတို့က အသတ်ခံရပြီးတဲ့နောက် ဆရာဆောင်နဲ့'အုဂ်ဖိုဆရာတော်'တို့ အောက်ပြည်ရောက်လာကြတာဘဲ၊ ဒီပုဂ္ဂိုလ်နှစ်ပါးဆီက ဒီဓာတ်ပညာအဆင့်ဆင့် လက်ခံပြန့်ပွားလာတာဆရာမှဲ့ကြီးတို့ ဆရာဦးသာဒွန်းအောင် ပုဂ္ဂလပညတ်ကျမ်းရေးတဲ့ဆရာသန့်...ဆရာသန့် ပုဂ္ဂလပညတ်ကျမ်းရေးစဉ်တုန်းက ပေစာတွေကူးပေးတဲ့စာရေးဆရာပီမိုနင်းရဲ့အဖေ ဆရာဖြိုးအဘရဲ့ဆရာကတော့ ဆရာဦးသာဒွန်းအောင်၊ ဆရာဆီမှာ အဘ ၁၂ နှစ်တိုင်တိုင် သည်ပညာကို

သင်ခဲ့ရတယ်။

ကျမမှာ ဗမာ့ဓာတ်ပညာ၏ ဆရာအစဉ်အဆက်ကို စာရွက်နှင့်အမှီ လိုက်ကူးမှတ်နေရသည်။

"မမလေး ဒီပညာကို တတ်ချင်ယင် ဆန်း၊ ကလာပ်၊ သန္ဓိ၊ အဘိဓာန်၊ ဒီပညာရပ် ၃–မျိုးကိုလဲ သင်ရလိမ့်မယ်၊ ဆန်း၊ ကလာပ်၊ သန္ဓိ၊ အဘိဓာန်တတ်မှ ဒီပညာတတ်မှာ၊ အဘတော့ ဆရာ မလုပ်ချင်ဘူးကွယ်"

ဆရာမလုပ်ချင်ဘူးဆိုသော အဘ၏ စကားကို လေးလေးနက်နက် စဉ်းစားကာ "ဘာဖြစ်လို့ ဆရာ မလုပ်ချင်တာလဲ အဘရယ်"ဟုမေးလိုက်သည်။

"သတ္တဝါတွေ သနားလို့ပေါ့..."

ကျမမှာ အဘကို ငေးကြည့်နေသည်။

"အဘ ကုပေးဘို့ အသက်ရှည်တော့ အကုသိုလ်တွေ နင်းလုပ်နေကြယင် အဆိပ်ပင်ရေလောင်းပေးတာနဲ့ မတူဖူးလား၊ အကုသိုလ်လုပ်ပြီး အသက်တိုကြတာက အပါယ်ငရဲကျမယ်၊ အသက်ရှည်သလောက် အကုသိုလ်ရှည်နေကြယင် အဝီစိကျကုန်မယ်၊ အဲဒါ သနားလို့ကွဲ့"

အဘသည် စကားထဲတွင် ဓာတ်ပညာအကြောင်းကိုထည့်ကာ ခရားမှ ရေလွှတ်ဘိသကဲ့သို့ မှတ်သားဘွယ်ရာများစွာ ပုံဥပမာ ဆောင်လျက် ပြောဟော သွန်သင်ဆုံးမနေ၏။

"အဘကို မေးကြတယ်၊ အဘတပည့်တွေက တိုက်နဲ့တာနဲ့ ချမ်းသာလို့ အဘကတော့ ဆင်းရဲနေတယ်၊ ဘာကြောင့်လဲ"လို့ မေးကြတယ်။

ကျမမှာ အဘ၏ အဖြေကို နားစွင့်လျက် အဘအား စိုက်ကြည့်နေသည်။

"ငါ ချမ်းသာချင်မှ ချမ်းသာမယ်၊ ငါ မချမ်းသာချင် မချမ်းသာဘူး၊ ငါ မွဲချင်လို့မွဲတယ် မမလေးရယ်..."

အဘသည် ကျမအား ပြုံး၍ကြည့်နေလိုက်ကာ "ချမ်းသာယင် ဆင်းရဲတယ်၊ သစ်ခေါင်းထဲ ပိတ်ဆို့နေရတာ ဆင်းရဲတော့ တံခါးဖွင့်နေရတယ် ဘယ်လောက် ချမ်းသာသလဲ၊ အဘ ရန်ကုန်မှာ လာနေတာ လေးငါးနှစ်လောက်ရှိသေးတယ်။ အဘ တောမှာ ဥယျာဉ်စိုက်နေတာ ချမ်းသာလိုက်တာကွယ်"

အဘသည် လှိုက်လှက်လှဲလှဲ ရယ်နေ၏။

ဒီပညာ ဆရာ့ဆီမှာ ၁၂ နှစ်သင်ပြီး ၄၅ နှစ်လုံးလုံး သူများအသက်တွေ ကယ်ဆယ်ခဲ့ရတာ အဘတော့ ဆင်းရဲနေတာဘဲ ဗမာစကားကို ဗမာနားမလည်ကြဘူး၊ အဲဒါအခက်ဆုံးဘဲ၊ အဘတော့ မောပြီ၊ အေးအေးဘဲနေချင်ပြီ၊ တယ်မပြောချင်တောဘူး၊ လူတွေ အမှန်လက်မခံနိုင်ကြဘူး၊ ဒီပညာက ရန်များတယ် မမလေးရဲ့"

ကျမမှာ တချိန်လုံး အဘပြောတာကိုသာ နားထောင်နေရသည်။ အဘသည် ပညာကြောင်းကို မမောမပန်းနိုင်အောင် တဖွဖွပြောနေယင်း စဉ်းစားစမ်း၊ မှတ်လိုက်စမ်းဟုစကား

E-book is created by www.shanyoma.org

ဖြတ်အမိန့်ရှိသဖြင့် စဉ်းစားရ၊ မှတ်ရ၏၊ အဘပြောသည့်စကားများကို ဘာပြောနေမှန်း ရှုတ်တရက် အဓိပ္ပါယ်ရိပ်မိရန်၊ အဓိပ္ပါယ်နားလည်ရန် ခက်၏။

စာလေးလုံးကို စပြော၏။ "ယောကျ်ား၊ မိန်းမ စာလေးလုံးရှိရတယ်၊ ယောကျ်ားက အမေချင်းစာ၊ မယားချင်းစာ၊ နှမချင်းစာ၊ သမီးချင်းစာ"

မိန်းမ 'စာ'က အဖေချင်းစာ၊ မောင်ချင်းစာ၊ လင်ချင်းစာ၊ သားချင်းစာ၊ "အဲဒီ စာလေးလုံး မှတ်လိုက် ၆ ဌာနကော သိရဲ့လား မှတ်ထားအုံး..."

၁။ ကာမဂုဏ်ကြီးသောသူ၊ ဘယ်မှာ အရှက်ရှိပါ့မလဲ။

၂။ ဘုန်းကြီးနဲ့မိန်းမ၊ ဘယ်မှာ သီလရှိပါ့မလဲ။

၃။ ပျင်းသောသူ၊ ဘယ်မှာ ပညာတတ်ပါ့မလဲ။

၄။ ဒေါသကြီးသောသူ၊ ဥစ္စာဘယ်မှာ ရပါ့မလဲ

၅။ အစားဝါသနာကြီးသောသူ၊ သူတပါးအသက်ကို ဘယ်မှာ သနားပါ့မလဲ။

၆။ ယစ်မူးသောသူ၊ စကားဘယ်မှာ မှန်ပါ့မလဲ။

တံခွန်ကိုနှိပ်၊ အဆိပ်ကိုပြု၊ ဓမ္မကိုစား၊ အိမ်ပြန်ရောက်ယင်၊ ငါ့သမီး တွေးတွေးပြီး အဘပြောတာတွေ အဓိပ္ပာယ် စဉ်းစားခဲ့စမ်း"

ကျမမှာ ဆက်လက်၍ အဘပြောနေသော စကားများကို ဆင်ခြင်စဉ်းစားရန် မမေ့အောင် မှတ်နေရသည်။ အပ်ပျောက်လျှင် ဆင်နှင့်ရှာ ဆင်ပျောက်ယင် စကာနှင့်ရှာ၊ အရှည်လိုအတိုနှင့်ဆက်၊ အတိုလိုအရှည်နှင့်ဆက် ၊ ဆင်ဖြူမျက်ခွက် ဆင်မဲမကြည့်ဝံ့၊ ချောင်လျှင် ထွင်း၊ ကျပ်လျှင်သပ်ပင်း၊ ရွှေမမှန်တော့ ငရဲမီးစားတယ်၊ လူမမှန်လဲ ငရဲမီးစားလိမ့်မယ်။

အဘသည် ၃၆ တြင်း၊ ၁၀၈ နဝင်း၊ ၄ နှင့်စား ၀ ကြွင်းခြင်းအတွက် ဆရာရှင်မထီး၏ ကရဏီယအောက် ၀လေးထောက်၊ ပုဂံရှင်ကြီး ထီးနှင့်ပျောက် ဆိုသော ပညာစခန်းကိုရှင်းပြန်သည်။

နေလဝိဇ္ဇာဆရာခိုင်အား နည်းပေးထားသော အဘ၏ နေ–လ ၂ ပါးဓာတ်ဆေးရည် အစွမ်းထက်မြက်လှသဖြင့် ၎င်းဓာတ်ဆေးရည်ချက်ရန် ဆေးချက်လိုင်စင်အလိုရှိပါက ဆိုင်ရာအစိုးရဌာနတွင် တောင်းယူပေးမည်ဟုပြောပြသည်။

"အသဲနာလွန်းလို့ဟေ့...ဒီအကြောင်း မပြောစမ်းနဲ့"ဟုဆိုလေသည်။

"တောမှာကွယ် ကျွဲတွေ၊ နွားတွေ၊ ခွေး၊ ဝက်၊ ဘဲ၊ ကြက်၊ ကြောင်တွေ၊ သစ်ပင်တွေ ဆေးကုပေးချင်လို့ အဘ ဒီဓာတ်ဆေးရေ ချက်တယ်၊ ဆေးချက်ပြီး ဒီဆေးရည်နှင့် တိရစ္ဆာန်တွေ သစ်ပင်တွေ အသက်ရှင်စေခဲ့တယ်၊ အဲဒီဆေးချက်တာ အရက်ချက်ပါတယ်လို့ အဘကို ဖမ်းပြီး အစိုးရက ဒဏ်ရိုက်တယ်၊ ရပ်ရွာကလူတွေ အရက်မဟုတ်ကြောင်း ဝိုင်းသက်သေခံကြပါရက်နဲ့ကွယ်၊ အဘ အစိုးရအပြစ်ဒဏ် သင့်ခဲ့ရတယ်၊ အဘတို့အမျိုးက အရှက်ကြီးတဲ့အမျိုး"

အဘ၏အသံကား တုန်နေသည်။ ကျမမှာ အဘ၏နောက်ကြောင်းရာဇဝင်ကို စိတ်မ



E-book is created by www.shanyoma.org

ကောင်းစွာ နားထောင်နေရသည်။

အစိုးရအပြစ်ဒဏ်သင့်ပြီး အဘလဲ မချက်တော့ဘူး၊ နောက် ကျွဲတွေ၊ နွားတွေ မျက်စိအောက် သေလိုက်ရတာ ငါ့ဆေးသာ ချက်လိုက်ရယင် သေမှာမဟုတ်ဘူးလို့ အသဲနာလိုက်တာမှ ဒါတင် မကသေးဘူး၊ အဘသားလေး လူပျိုပေါက်အရွယ် ကျောက်ပေါက်ပြီး သေသွားရှာတာ၊ ဒီဆေးချက်နိုင်ယင် မသေဘူး မဟုတ်လား၊ တော်စမ်း တန်စမ်း မမလေး အစိုးရနဲ့ အဘ ဘယ်တော့မှ မဆက်ဆံလိုဖူး၊ အခုလဲ ဆေးဆရာလုပ်ယင် မှတ်ပုံတင်ရမတဲ့၊ မှတ်ပုံလဲ မတင်ချင်ပါဘူးကွယ်၊ ဆရာလဲ မလုပ်ချင်ဘူး၊ မဆလာမှုနဲ့ ထောင်းရောင်းပြီး ဥယျာဉ်စိုက်မယ်ကွာ''

ဓာတ်ပညာနှင့်အကျိုးဝင်သော ဆိုးမနည်းပြသည့်ပညာစကားများကို ညနေ ၆ နာရီခန့်က ည ၁၀ နာရီအထိ ထိုင်ရာမှမထဘဲ မရပ်မနား ပြောလိုက်သည်။

အဘကို ဤပညာဖြင့် စီးပွားမရှာ၊ ပညာသာရှာလျက် ကုသိုလ်ဖြစ် အဓိဋ္ဌာန်ပြုလိုက်ပြီဖြစ်ကြောင်း ပြောပြလိုက်သည့်အခါ 'မမလေးစကားကို အဘနှစ်သက်တယ်ဟေ့'ဟုဆိုလိုက်သည်။

''အဘကို အဖေရင်းကဲ့သို့မှတ်၊ မမလေးကို သမီးရင်းနှင့်မခြား အောက်မေ့မယ်''

အဘအား ဦးချပြီးထအပြန် အိမ်ပေါ်မှ မဆင်းခင် အဘသည် တခွန်းစီလှမ်းမေးနေသေးသည်။

''မမလေး လူလိမ္မာသား ဘာဖြစ်သလဲ''

''ယဉ်ပါးပါတယ်အဘ''

''လူမိုက်သားကော''

''ရမ်းကားပါတယ်အဘ''

''အေး...အေး... စဉ်းစား၊ သွားတော့''

ဗမာ့ဓာတ်ပညာဖြင့် စီးပွားမရှာကိုယ်ကျိုးမပါ ကုသိုလ်ဖြစ်ပြုတော့အံ့ဟု အဓိဋ္ဌာန်ပြုတော့မှ ကုသိုလ်ထူးစွာ အိုင်ကလောင်ဓာတ်ဆရာကြီးနှင့်တွေ့ရတော့သည်။

ဗမာ့ဓာတ်ပညာ အမွေအနှစ်ကို ဆက်ခံထားသော အိုင်ကလောင်မှ ဓာတ်ဆရာကြီးနှင့် မတွေ့ခင် အောင်လံမြို့သို့ အလည်သွားသော ကျမအမတယောက် အသဲအသန်ဖြစ်နေကြောင်း သံကြိုးရပြီး ဆေးတိုက်ဆိုင်းဘုတ်ချပြီး အောင်လံသို့ ထွက်သွားခဲ့သည်။

အောင်လံတွင် ကျမ ရောက်လာသည်ကြားပြီး ပြည်ထောင်စုလူငယ်အသင်းမှ အမှုဆောင်အဖွဲ့ သည် ကျမတည်းသည့်စစ်တပ်မှ ဗိုလ်ကျော်ဇောအိမ်သို့လိုက်လာကြသည်။ အောင်လံသို့ ရောက်လာခိုက် စာပေဟောပြောပွဲတခု လုပ်ချင်ပြီး ဟောပြောရန် ပြောလာကြသည်။

စာပေဟောပြောပွဲလုပ်လျှင် စာပေဝါသနာလိုက်စားသော သူများလောက်သာ တက်ရောက်ကြမည်။ ဗဟုသုတအဖြစ်သာ အကျိုးသက်ရောက်လျက် ထိထိရောက်ရောက် အကျိုးရှိကျန်ရစ်ခဲ့မည်ကို မမြင်၍ အကျိုးရှိ ကျန်ရစ်စေမည့်အကြံတခု စဉ်းစားမိသည်။

''စာပေဟောပြောပွဲလုပ်ကြယင် တခဏ ဟောပြောတာလောက်ဘဲရှိမယ်၊ ကျမရှိနေတုန်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အင်မတန်ဆင်းရဲပြီး ဆရာမပင့်နိုင်၊ ဆေးဝယ်မစားနိုင်ဖြစ်နေတဲ့လူမမာတွေကို ရှင်တို့အသင်းက ရှောက်စုပေးပါ၊ ကျမနေတဲ့ရက်အတောအတွင်း ဝေဒနာသည်တွေကို ဆေးကုပေးသွားမယ်'' ဟု အကြံပေးလိုက်သည်။

ပြည်ထောင်စုလူငယ်အသင်းအဖွဲ့ မှာ ဝမ်းသာအားရဖြစ်သွားကြကာ နေရာတခုရှာကာ မြို့ထဲတွင် ဆင်းရဲသည့်လူနာဦးရေ ၂၀ လောက် လိုက်ရှာစုပေးပါမည်ဟု ပြောသွားကြသည်။

အချိန်မှာ နေ့ ၁၂ နာရီခန့် ရှိမည်။ ကျမရောက်သွားသောနေရာကား အောင်လံမြို့ မြူနီစီပယ်ရုံးခန်းဖြစ်သည်။ အဆောက်အဦးမှာ သွပ်မိုးကြူထရံကာ တထပ်ဖြစ်လျက် သပ်ယပ်သန့်ရှင်းပေသည်။ ခန်းမဆောင်ကြီးထဲတွင် တပြောပြောင်ဖိတ်လက်နေသော စားပွဲအသစ်များ စီတန်းချလျက် ဖြူဖွေးသော စားပွဲခင်းများ ခင်းထားသည်။ စားပွဲနှင့်ခပ်ကွာကွာလောက်တွင် အခန်းနံရံနှင့်မှီကာ ကုလားထိုင်များ ခုံတန်းလျားများကို အခန်းပတ်ပတ်လည် ချခင်းထားသည်။ ကုလားထိုင်များပေါ် တွင် လူနာသုံးဆယ်ခန့် ကျမကို ထိုင်စောင့်နေကြသည်။ ကျမနေရန် ပြုလုပ်ပေးထားသောသီးခြားစားပွဲခုံတွင် ဝင်ထိုင်ရကာ ပြည်ထောင်စုလူငယ်အမှုဆောင်အဖွဲ့က လူနာများနှင့် မိတ်ဆက်ပေးသည်။

ဗမာဓာတ်ပညာအကြောင်းနှင့်ကျန်းမာရေးဂရုစိုက်ကြရန် အနည်းငယ် ရှင်းလင်းဟောပြောပြီးနောက် လူနာများ ကျမစားပွဲသို့လာရန် စာရင်းသွင်းထားသောအမည်များကို တဦးပြီးတဦး ခေါ်ပေးသည်။

ပြည်ထောင်စုလူငယ်အဖွဲ့၏ စနစ်တကျ စီစဉ်ထားသော ကျမကုသပေးရမည့်လူနာစာရင်းစာရွက်ကို ယူကြည့်လိုက်သည်။ အမှတ်စဉ်၊ အမည်၊ အသက်၊ နေရပ်၊ ရောဂါ၊ ဝေဒနာ၊ အကြောင်းအရာ စသည်များကို သူ့အကွက်နှင့်သူ မျဉ်းသားလျက် နံပါတ်စဉ်အလိုက် ပြုလုပ်စီစဉ်ထားသည်။

မြို့မရပ်၊ ကန်ကြီး၊ ရွာထောင်၊ စက်ရုံ၊ တရော်ကုန်း၊ သရက်တော၊ ကျောင်းစု၊ သိမ်ကုန်း၊ ရုံးရပ်၊ ဈေးကုန်း၊ ပွဲစားတန်း၊ စမ်းချောင်း...

လူနာများ၏ နေရပ်များကို ဖတ်ကြည့်နေစဉ် ပြည်ထောင်စုလူငယ်အဖွဲ့ဝင်ဦးကျော်ခိုင်က ''ကျွန်တော်တို့လူစုတာ သတင်းကြားပြီး စာရင်းလာသွင်းတဲ့လူနာတွေက နည်းတာ မဟုတ်ဘူး၊ ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး''ဟုပြောတာ ကျမအား အားနာဟန်ရှိနေသည်။

''ဘယ်လောက်ရှိရှိပေါ့ရှင် ဒီနေ့တရက်၊ နက်ဖြန်တရက် ၂ ရက်စလုံး ကျမလုပ်ပါမယ်၊ အောင်လံမှာ နောက်တရက်နေပြီး ကျမပြန်မှာဘဲ''

ကျမစားပွဲသို့ ရောက်လာသောလူနာများကို သူတို့၏ ဝေဒနာကို စစ်ဆေးကာ သူတို့နှင့်သင့်မြတ်မည့် မုန့်ပဲသရေစာ ၊ သစ်သီးဝလံ၊ သားငါးများကို ဖူးစကက် စာမျက်နှာ နှစ်ရွက်ခန့်ရေးပေးကာ ဝေဒနာအတွက် သင့်မြတ်မည့်အနံ့၊ အသံ၊ အထိအတွေ့စသည်တို့ကို ဓာတ်အားဖြင့်သက်ဆိုင်ရာညွှန်ကြားရေးသားလျက် ဆေးဖော် စားကြရန်လည်း သင့်မြတ်မည့်ဆေးနည်းများကို

ရေးပေးလိုက်သည်။

ဆေးဘိုးဝါးခ တတ်နိုင်ပုံ မပေါ်ဘဲ မရှိဆင်းရဲကြသည့်လူနာများကိုမူ ပိုက်ဆံကုန်သက်သာသည့်နည်း၊ ပိုက်ဆံမကုန်မည့်နည်း၊ ဝေဒနာလည်း ပျောက်ကင်းအောင်၊ ဓာတ်ဖြင့် အစွမ်းထက်မည့်လွယ်ကူမည့်ပစ္စည်းကို တထိုင်ချင်း ဦးနှောက်ခြောက်လောက်အောင် စဉ်းစားကာ ကြံဆရေးပေးသည်။

လူနာများနှင့် သူတို့၏ ဝေဒနာ စစ်ဆေးမေးမြန်းခိုက်သာ ခေါင်းထောင်နိုင်လျက် တချိန်လုံးငုံ့၍ ဖူးစကက်စာရွက် တရွက်ပြီးတရွက် ကြုံးရေးနေသည်။

အချိန်အတန်ကြာလျှင် တခန်းလုံး လူတွေ ပြည့်လာ၏။ လာရောက်စာရင်းသွင်းကြသော လူများဖြင့် ပြည်ထောင်စုလူငယ်အဖွဲ့ဝင်များ အလုပ်ရှုပ်ကာ အမည်စာရင်း ရေးမှတ်နေကြရသည်။

ကျမမှာ ကျမ၏ ရည်ရွယ်ချက်အဓိဋ္ဌာန်အတိုင်း အများအကျိုးအတွက် ကုသိုလ်ဖြစ်လုပ်နေခြင်းကို ဆေးတိုက်အခန်းထဲ ထိုင်ကုပေးခဲ့သည့်ထက် နှစ်သိမ့်ချမ်းမြေ့မိသည်။

ဆင်းရဲသားလူထုအတွက် ဆေးဘိုးဝါးခမကုန်ကျဘဲ ပျောက်စေတတ်သော ဤဓာတ်ပညာကို ကျမ်းပြုစီရင်ထားခဲ့ကြသည့်ဆရာ့ဆရာအပေါင်းနှင့်ကျမအား သင်ပြသော ဆရာကြီး၏ ကျေးဇူးဂုဏ်ကို အောက်မေ့ကာ ရင်ထဲတွင် လှိုက်ဖိုကြည်မောလျက် နေသည်။

"ကျမ အမေရိကန်ဆေးရုံလဲ တက်ခဲ့ပါပြီ။ အစာအိမ်ခွဲရမယ်ဆိုလို့ ကြောက်တာနဲ့ မခွဲဘဲ ဆင်းခဲ့တယ်၊ ပြန်လာပြီး ဘာစားစား အန်တာနဲ့ သရက်မြို့က ဆေးရုံ သွားတက်ရပါတယ်၊ မသက်တာနဲ့ ဆင်းလာခဲ့ပါတယ်..."

ဒေါ်ကုလားမဆိုသော လူနာမိန်းမတဦးသည် အနားကလူဖေးမပေးထားရလျက် ချိနဲ့မောဟိုက်နေကာ သူ၏ ဝေဒနာကို အသံလေးလေးသဲ့သဲ့ဖြင့် ပြောပြနေသည်။

မခဲယဉ်းဘဲလျက် ခဲယဉ်းနေသော သူ၏ မချိမဆန့် အဖြစ်ကို ငေးကြည့်နေကာ 'ဓာတ်မသိတော့ ခက်တယ်၊ ဓာတ်သိရင် အလွယ်ကလေး'ဆိုသောစကားကို သတိရနေသည်။

သူသည် ငွေကုန်ကြေးကျခံကာ ဝေဒနာကို ကုခဲ့၏။ အလုပ်ပျက် အကိုင်ပျက်လည်း ဖြစ်နေ၏။ လူလည်း နေ့သေရမလား၊ ည သေရမလားအခြေအနေ ရောက်နေ၏။ သူ၏ ဝေဒနာမှာ ဓာတ်ပညာဖြင့် ပိုက်ဆံငါးမူးလောက်သာ ကုန်စရာရှိကာ အမြန်ဆုံးပျောက်ကင်းနိုင်လေသည်။

"နံ့သာဖြူ၊ ဇီးဖြူသီးခြောက်၊ ဇဝက်သာကို ပျားရည်နှင့်စပ်သောက်"ဟု ဓာတ်စာများရေးပြီး ဆေးနည်းပေးလိုက်ရသည်။ တနေ့လုံး ဝေဒနာမျိုးစုံနှင့်တွေ့ရသည်။ အခန်းထဲရှိ ပရိသတ်ကြီးကို ကြည့်လိုက်ကာ..."အိမ်တိုင်း လူမမာ ရှိပါကလား၊ လူတိုင်း ဝေဒနာရှိပါကလား"ဟု ဗမာလူမျိုး၏ ကျန်းမာရေးအခြေအနေကို များစွာ စိတ်ပျက်မိသည်။

ဗမာ့ဆေးပညာ၊ ဓာတ်ပညာ ပြန့်ပွားထင်ရှားပေါ်လွင်လာလျှင် လူတိုင်း ကိုယ့်ကိုယ်ကို ကျန်းမာအောင် စားတတ်နေတတ်ကြကာ လူမမာနည်းသွားမည့်အဖြစ်ကို တွေးမိ၍ စာပေဖြင့်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ပြန့်ပွားအောင် တတ်နိုင်သလောက် ဖြန့်ဖြူးရန် အကြံပြုသည်။

တနေ့လုံး လူနာတွေနှင့် အချိန်ကုန်လျက် ညနေစောင်းမှပင် အိမ်သို့ပြန်ခဲ့ရသည်။ နောက်တနေ့ စောစောလာပါရန် မှာကြ၍ နောက်တနေ့တွင် နံနက် ၇ နာရီအရောက်သွားရသည်။

အခန်းကြီးတွင် မနေ့ကထက် လူများကာ ပြည့်ကြပ်နေသည်။ တယောက်ထဲမနိုင်၍ ဓာတ်စာစာရွက်များကို ပြည်ထောင်စု လူငယ်အဖွဲ့အား ခွဲရေးခိုင်းရသည်။

လေငန်းဖြတ်ထားသောအဖိုးအို အဖွားအိုတို့ကို လှည်းနှင့်တင်ယူလာကြ၍ နေရာမှထပြီး လှည်းနား သွားရပ်ကြည့်ရသည်။

"ထမင်းပြန် မစားပါနဲ့၊ ဒီစားပွဲခုံမှာဘဲ စားပါတော့ စာရင်းပေးကြတာ လူ ၁၀၀ ဖြစ်နေလို့ ဒီနေ့အိမ်ပြန်ဖို့တော့ စိတ်မကူးပါနဲ့တော့ ညဖက် မီးထွန်းပေးပါ့မယ်"

ကျမမှာ ဆိုင်က မှာပေးကြသော ထမင်းကို စားပွဲခုံပေါ်တင်စားရကာ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ နေရာမှမထ ရေးပေးနေရသည်။ ဇက်များလည်း တောင့်လာ၏။ ရေးရသည့် စာရွက်များမှာ ဝတ္ထုရှည် ၂ ပုဒ်၊ ၃ ပုဒ် စာရေးရသလောက် ရှိမည်။ တယောက်ပြီး၍ တယောက်ထသည့်ကြား အားလပ်ခိုက် အချိန်တွင် လက်ချောင်းများ မဆန့်နိုင်၍ ဆွဲဖြန့်ပေးရသည်။

ငုံ့ရေးနေစဉ် ဓာတ်မီးရောင်မြင်ရမှ ဘယ်အချိန်က မှောင်မှန်းပင် မသိလိုက်ပေ။ လူနာ ၁၀၀ ပြီးအောင် ဇွဲကြီးကြီးနှင့်ကုပေးနေသည်။ လူတွေကား ဝင်လာမစဲ တသဲသဲပင်။

"အားနာစရာ ကောင်းပါပြီဗျာ၊ မနက် ၇ နာရီထဲက လာထိုင်နေတာ ညဉ့်နက်ပါပြီ၊ သူ့အိမ်မလဲ လူနာတဖက်နဲ့ နောက်များမှဘဲ လာရင်တွေ့ကြပါ၊ ခင်ဗျားတို့စာရင်း မသွင်းနိုင်တော့ဘူး"ဟု ပြည်ထောင်စုလူငယ်များက စာရင်းထပ်လာပေးသော လူသစ်တွေကို တွင်တွင်တောင်းပန်ကာ ပြန်လွှတ်နေသည်။

ညဉ့်နက်မှ အိမ်သို့ပြန်လာခဲ့ရသည်။ စာရင်းအရ လူနာ ၁၂၇ ယောက်ကို ဆေးကုပေးခဲ့ရသည်။ အိမ်ရောက်လျှင် ခြေကုန်လက်ပန်းကျကာ အိပ်ရာထဲတွင် ခွေလှဲလျက် နုန်းနေတော့သည်။

အောင်လံမှမထွက်ခင် စိုးရိမ်စရာ အခြေအနေရှိသော ဒေါ်ကုလားမအိမ်သို့သွားကြည့်ခဲ့သည်။ ဒေါ်ကုလားမမှာ အိပ်ရာထဲမှ လူးလဲထထိုင်ကာ ရောဂါသက်သာရာရကြောင်း မအန်ကြောင်းကို ရေပက်မဝင်အောင် ဝမ်းသာအားရ ပြောပြသည်။

အောင်လံတွင် ဒေါ်ကုလားမကဲ့သို့ ချမ်းသာသက်သာရာရမည့်သူများ နည်းမည်မဟုတ်ပေ။ ကျမ၏ အဓိဋ္ဌာန်အတိုင်း အများအကျိုးကုသိုလ်ဖြစ် ဆောင်ရွက်ပေးရသည့်အတွက် တွေးမိတိုင်း ကျေနပ်နှစ်သိမ့်နေသည်။

ရန်ကုန်အပြန် အောင်လံမှ ပြည်မြို့သို့ကူးခဲ့ရာ ပြည်မြို့စာဖတ်အသင်းမှ ညဖက်တွင် ကျမအား ဂုဏ်ပြုညှော့ခံပွဲတခုပြုလုပ်သည်။ "ပုဂ္ဂလပညာတ်ဓာတ်ကျမ်း"စာအုပ်ကို အကြောင်းပြု၍ ဂုဏ်ပြုပွဲစာပေနှင့်ပတ်သက်ပြီး ပြောချင်လေသည်။ ပျို့၊ ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ဆေးကျမ်း၊ ဓာတ်

ကျမ်း၊ ဗေဒင်ကျမ်း၊ သင်္ချာကျမ်းစသော စာပေ၏ ဂုဏ်ကျေးဇူးများကို ကြွလာကြသော ပရိသတ်တို့အား ၁ နာရီခန့်ကြာအောင် ဖွင့်လှစ်ထုတ်ဖော် ဟောပြောခဲ့သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

နာမ်တူသေက အကျိုးရ၊ ရန်မူသေက အပြစ်ပြ၊

ရန်ကြောင့်သေ အပြစ်၊ မိတ်ကြောင်သေ အကျိုး။

# ဓာတ်ကြီးလေးပါး

ဆေးတိုက်ဆိုင်းဘုတ်ဖြုတ်ကာ ပုံနှိပ်စက်တည်လျက် စာပုံနှိပ်လုပ်ငန်း လုပ်စေကာမူ လူနာများကား မစဲနိုင်ဘဲဖြစ်နေသည်။

ကျမမှာ ဆေးမရောင်းတော့သဖြင့် လာသမျှ လူနာကို စစ်ဆေးကာ ကုသိုလ်ဖြစ် ဓာတ်ပေး ညွှန်ကြားလျက် ဆေးအတွက် အိုင်ကလောင်ဆရာကြီးဆရာလှိုင်ထံသို့ အယူလွှတ်ရသည်။

လူနာများမှာ ကျမထံလာရသည့်တခေါက်၊ ဆေးအတွက်သွားယူရသည်တခေါက်၊ အဆင့်ဆင့် ဒုက္ခရောက်နေကြပြီး ညည်းကြရာ ၎င်းတို့ဒုက္ခငြိမ်းအောင် ဆေးပုလင်းတွေ သွားသယ်ထားမရလို ဖြစ်နေသည်။

အိုင်ကလောင်ဓာတ်ဆရာကြီးဆရာလှိုင်မှာ အသက် ၇၅ နှစ်ရှိပြီဖြစ်၍ သူ၏ ပညာအမွေအနှစ်ကို ဆက်ခံယူရန် အမိန့်ရှိကာ ဓာတ်ပညာကို ဆက်လက်သင်ကြားပေးသည်။

ဓာတ်ဆရာကြီးသည် စမ်းချောင်း ကျိုက်လတ်လမ်းရှိသူ၏ နေအိမ် ကပြင်တွင် ပက်လက်ကုလားထိုင်၌ထိုင်ကာ လမ်းဘက်သို့သာ မျှော်နေသည်။ လမ်းထဲသို့ကားဝင်သွားတိုင်း မမလေးလားဟု လည်တံဆန့်လျက် မျှော်ကြည့်တတ်ကြသည်။

ပညာသင်ပေးမည့်ပုဂ္ဂိုလ်က ကျမကို တမျှော်မျှော် စောင့်နေရသည်အထိ ကျမမှာ အလုပ်များလွန်းပေသည်။ သုံးရက်တကြိမ် အချိန်ယူ၍ သွားနေကြသည်။

"နှစ်ပေါင်းခြောက်ဆယ်၊ လက်တွေ့ကုနည်း ကုထုံးတွေ ငါ့သမီး အမွေခံယူထားလိုက်ပေတော့"ဟု ဆိုကာ သူ့အနားထိုင်သည်နှင့်လည်ချောင်းကို ပွထလာအောင် မရပ်မနား ပြောဟောသင်ပြတော့သည်။

ဓာတုသန္ဓိ၊ စာတုပစ္စယဓာတ်ကျမ်းများ၊ ဓာတ်၏ ဆက်စပ်ပုံ၊ ဆန်းပညာ၊ ဒူးဂဏန်း၊ ကျောက်စာဂဏန်းစသည်များကို မှတ်သားမိလောက်အောင် အဓိပ္ပါယ်အနက် ရှင်းပြောသင်ပြသည်။ ဓာတ်ဘက်၌ အက္ခရာနှင့်ဂဏန်းတွင် ဂဏန်းကိုဖြုတ်ကာ အက္ခရာစမကိုသာ သုံးစွဲလော့ဟု မှာကြားသည်။

ယခင်က ဆရာပြသည့်အတိုင်း လူနာတယောက်ကို ဓာတ်ကောက်သည့်အခါ ကိုယ့်အမှတ်အသားအားဖြင့် အပူသမားဖြစ်က ၁ ထားလျက် အအေးသမားဖြစ်က ၂–ခွဲလျက်၊ ၁–သမား၊ ၂သမားလူနာများကို ခွဲခြားခဲ့သည်။

ကျမထံတွင် လာရောက်ဆေးကုသော ပုဂ္ဂိုလ်အသီးသီးတိုင်းပင် သူတို့ကိုယ်သူတို့ တဖက်လူ၊ နှစ်ဖက်လူဟုခွဲပေးလိုက်သည့်အတိုင်း မှတ်သားကာ တစ်သမားအတွက် မှီဝဲရန် အစားအစာ



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

များနှင့် တစ်ဆေးဟူ၍ နားလည်ရိပ်မိသွားကြသည်။ ဓာတ်တွင် ၁ နှင့် ၂ ကား ဆန့်ကျင်ဘက် ဓာတ်ဖြစ်သည့်အတိုင်း ၁ သမားစားသော အစားအသောက် ဆေးဝါးနှင့် ၂ သမားစားသော အစာဆေးဝါး ကွဲခြားပေသည်။

ကျမ ရေးပေးလိုက်သောဓာတ်စာနှင့်ညွှန်ကြားချက်မှာ ယခုအခိုက်အတန့် ကျရောက်နေသော ဝေဒနာအတွက်သာ ပျောက်ကင်းစေသည့်မဟုတ်၊ ရောဂါပျောက်၍ ဤအတိုင်းပင် မိမိနှင့်သင့်မြတ်သည့်အစာကို စားနေနိုင်က ဝေဒနာမကပ်နိုင်သဖြင့် ဓာတ်စာစာရွက်မှာ သီလပေးလိုက်သကဲ့သို့ပင် သူကျင့်နိုင်လျှင် သူ့အကျိုးရှိစေမည်သာတည်း။ အချို့တအိမ်တည်းတွင် ၁–မား၊ ၂–မားဟူ၍ စုံရှိကြရာ ၁–အစား အစာမှီဝဲ၍မရ၊ မှီဝဲလျှင် ဝေဒနာရကြောင်း သူတို့ကိုယ်တိုင်သိမြင်လာကြသည့်အချိန်တွင် ၁–နှင့်၊ ၂–တို့ကို အထူးဂရုစိုက်လာကြသည်။ ဝေဒနာဖြစ်လျှင် သူတို့ကိုယ် သူတို့ ၁–၂ ခွဲကာ ကုတတ်ကြသည်။

ဓာတ်ပညာကို ဆက်လက်သင်ကြားပေးနေသော ဓာတ်ဆရာကြီး အဘက ကျမအား ၁–ဂဏန်း၊ ၂–ဂဏန်း မသုံးဘဲ စမသုံးရန် ပြင်ပေးသည့်အချိန်ကစ၍ ကျမလည်း လူနာများကို (နေ) သမား (လ)သမား သို့မဟုတ် က၊ အ၊ ဟူ၍ ခွဲခြားသတ်မှတ်လျက် ဓာတ်စာ ဆေးဝါးပေးလိုက်သည်။

လူနာသစ်များက နေနှင့်လ ခွဲခြား သိမှတ်သွားနိုင်သော်လည်း လူနာဟောင်းများမှာ ၁ နှင့် ၂ကို စွဲကို စွဲနေပြီး (အ)နှင့်(က) နေနှင့်လကို ဓာတ်ပေးသည့်အခါ၌ ကျွန်တော်(နေ) မဟုတ်ပါဘူး၊ ၁–သမားပါ၊ ၁ ဆေးပေးပါဟု ပြောဆိုကြလေသည်။

ဓာတ်လေးပါး၏ သဘာဝကို ရှင်းမှသာလျှင် (အ)နှင့်(က)၊ (၁)နှင့်(၂)မှာ အခေါ် အဝေါ် ခြားသော်လည်း ဓာတ်သဘောတွင် တူညီကြောင်း၊ နေနှင့်လ (ဝါ) စမသည် မူလအဓိက ဖြစ်ကြောင်း ရှင်းပြရန် လိုအပ်သည့်အဖြစ်ကို တွေးတောဆင်ခြင်မိလာသည်။

ကျမသည် မဂ္ဂဇင်းများတွင် ရံဖန်ရံခါ ဆေးဆောင်းပါးများကို ရေးသားခဲ့သည်။ ယခုတလော ဆေးဆောင်းပါးများ မရေးသားဘဲ ဝတ္ထုများသာ ဆက်တိုက်ရေးပေးနေရရာ ဓာတ်လေးပါးသရုပ်ကို ရှင်းပြမည်ဟု အကြံပြုထားလျက် အထမမြောက်နိုင်ချေ။

အလုပ်များပြားလွန်းသည့်ကြားထဲ လမ်းမလျှောက်နိုင်အောင် ခြေထောက်အနာရ၍ အဘထံသို့ တပတ်ခန့်မရောက်ဘဲ ရက်ကြာသွားသည်။ အဘမှာ ကျမကို တမြော်မြော် တတ,တနှင့်ရှိနေကြောင်း သတင်းကြား၍ တနေ့ အလုပ်ပါးပါးချင်း အဘထံသို့ မရောက်ရောက်အောင်ကြိုးစားသွားနေရသည်။

"ငါ့သမီး... မလာတာ တပတ်တောင်ရှိပြီ ကြာလှချည်ရဲ့"ဟု ဆီးဆိုသည်။

ကျမက အလုပ်များပြားသည်လည်းတကြောင်း၊ ခြေထောက်တွင် အနာဖြစ်၍ ကုနေရသဖြင့် မလာနိုင်ကြောင်း ရှင်းပြောပြသည်။

"ဘာအနာဖြစ်သတုန်း"ဟု စိတ်ပူစွာ မေးသည်။

ကျမသည် မီးဖိုထဲတွင် ဆေးလိပ်မီး သွားညှိသည်။ မီးခဲကြီးကို ညှပ်နှင့်ယူကာ ဆေးလိပ်နှင့်မထိရသေးမီ မီးခဲသည် မီးညှပ်မှလွတ်ကျကာ ခြေခလယ်ပေါ် ကျရာမှလိမ့်လျက် ခြေနှင့်ခြေမကြားတွင် ညှပ်လောင်သွားသည်။

မီးလောင်လောင်ခြင်းပင် မီးဖိုထဲက ဆီပုလင်းကိုယူကာ လောင်သည့်နေရာကို လောင်းချလိုက်သည်။ အသားကို တောက်လောင်နေသည့်အပူမှာ ဆီဆွတ်လိုက်၍ ဆီကိုကူးလောင်သွားရသောကြောင့် ဆီမှာ ဆူကျက်သွားသည်။ ဆီလောင်းပြီး အနာကို ဂရုမစိုက်တော့ဘဲ ဖိနပ်ကို အမြဲလိုပင် စီးသွားနေလေသည်။ ခြေညှပ်သည့်နေရာတွင်ရှိသော မီးလောင်နာကား ပွန်းရိလျက် မပျောက်ဘဲ ဖြစ်နေသည်။ ကျမမှာ ပေါ့ဆစွာပင် အနာကို အနာကလေးဘဲဟု ဆေးပင်မထည့်မီ ဖိနပ်ကြိုးနှင့် ညှပ်စီးမြဲ စီးသွားကာနေသည်။

ရှမဝတိုက်မှ ဝတ္ထုကော်ပီ အရေးကြီးသဖြင့် လူတွေ့မခံဘဲ အခန်းပုန်း၍ ရေးပေးနေစဉ် အခန်းမှာ အိမ်၏နောက်ဖက်ဖြစ်၍ အခြားအိမ်မှ အညှော်များဖြင့် မှန်ပိတ်နေသည်။ ကျမမှာ အညှော်ကို အရေးမထားနိုင် ကိုယ်နှင့် မတည့်သည့် အညှော်မျိုးခံလျှင် ဝေဒနာ ဖြစ်တတ်ကြောင်း သိလျက်နှင့် ဇွတ်ပေ၍သာ စာထိုင်ရေးနေသည်။

နောက်တနေ့တွင် ပြင်းထန်သော အညှော်ငွေ့ဖြင့် အနာဝင်သွားကာ ခြေထောက်မထောက်နိုင်လောက်အောင် ဖြစ်လျက် ပေါင်တွင် အကျိတ်ကြီး ပေါ်လာသည်။

အနာနှင့်အညှော် ပေါ့ဆမှုကို ခံစားရကာ အကျိတ်ကို အမြန်ဆုံးပျောက်သောနည်းကို ကြံစည်ရလေသည်။ ကျမတို့သင်ယူသော ဓာတ်ပညာကား ဆေးမှာ ပါးစပ်ထဲတွင် ရှိနေသလိုပင် ခက်ခဲမှုမရှိအောင် အကျိုးသက်ရောက်ထက်မြက်နိုင်သော သဘောရှိပေသည်။

လူမမာ အရေးတကြီးလာခေါ်လျှင် လိုက်သွားပြီး လူနာတွေ့မှ အနာနှင့်တော်ရာ လျော်ရာ အိမ်ထဲ အသုံးပြုနေသည့်ပစ္စည်းများ၊ မီးဖိုထဲက ပစ္စည်းများ၊ ဆေးဝါးအဖြစ် ကိုင်သုံးကုသကာ ပျောက်ကင်း ချမ်းသာပေးခဲ့သည်။

မကြာသေးမီကပင် မြေနီကုန်းရှမ်းကုန်းလမ်းမှ စက်ပိုင်ဦးအောင်ကြည်ဆိုသူ၏ အခါလည် မကျော်သေးသော သမီးကလေး အပြင်းအထန်တက်နေ၍ ည–၁ ချက်လောက် လာနှိုးခေါ်သွားကြသည်။ ကျမမှာ သည်အတိုင်းပင် ထလိုက်သွားသည်။ ဦးအောင်ကြည်နှင့်အတူ လာခေါ်သော ဦးကြီးရှိန်ကား ကျမကုသပုံ ဓာတ်သိ၍ ‘သူ့ပါးစပ်ထဲမှာ ဆေးရှိတယ်၊ သူတောင်းတာ ရှာသာပေးကြ’ဟု တွင်တွင်ပြောနေသည်။

ကျမမှာ မျက်ဖြူလန်ကာ အသက်ပျောက်လုလု ဖြစ်နေသော ခလေး အကဲကြည့်ကာ သံပုရာသီးပေးပါ၊ ရေခဲရှာပါ၊ တောင်တန် ကတိုးခွဲပေး၊ ကြောင်ရှာခေါက်ယူခဲ့ပါနှင့် လုပ်၍ တအိမ်သားလုံး ရှုပ်ရှက်ခတ်သွားကြသည်။ ရေထဲ သံပုရာရေ ညှစ်လျက် ထိုရေနှင့်ကလေးကို ပက်ကာ တောင်တန် ကတိုးမှိုင်းနံ့ အခိုးပေးလျက် အမြှုပ်တစီစီထွက်နေသော ခလေးပါးစပ်ကို ဖွင့်ဟပြီး ရေခဲစိပ်ကလေးများ ထည့်ပေးနေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ခလေးကို ရင်ခွင်ထဲပိုက်လျက် စိတ်ရှိသဘောရှိ အတက်ကျအောင် တခုပြီးတခု လျှောက်သာလုပ်ပေးနေသည်။ ကျမ ကုသပေးသည့်အရာများကား အမြင်အားဖြင့် ဆေးမှုန့်ဆေးရည် မဟုတ်၍ အထင်ကြီးစရာ မရှိသော်လည်း ထိုအရာများကား မည်မျှ အားထားလောက်သော အရာဝတ္ထုများဖြစ်ခြင်းကို ကျမပင် သိတော့သည်။

ည ၁ ချက်လောက်က အပြင်းအထန် တက်နေရာ ဓာတ်ကို နိုင်အောင်လုလုပ်နေရသည်၊ ခလေးမှာ ကိုယ်အပြင်းအထန် ပူနေရာ ကျမ ရေပက်နေခြင်းကို မိဘများက စိုးရိမ်ကြသလားလည်း မပြောတတ်ပေ။

ဦးကြီးရှိန်မှာ ခလေးအဖေနှင့်အမေကို အားပေးနေသည်။ 'စိတ်သာ ချ၊ သူဘာလုပ်လုပ် ကြည့်သာနေ၊ အိမ်က ခလေးတက်တုန်းက သူလုပ်ချင်သလို လုပ်သွားတာနဲ့ ပျောက်တာဘဲ'

ကျမမှာ ဘာကြောင့် ကိုယ်ပူနေလျက် အရေးတကြီး ရေပက်နေရသည်ကို လူမမာရှင်များအား မရှင်းအားနိုင်ပေ၊ ခလေးအသက်ရှင်ဘို့ရာသာ အရေးတကြီး လုပ်နေရသည်။

နံနက်လေးနာရီထိုးမှ အတက်ကျသွားကာ၊ စိတ်ချရသောအခြေ ရောက်သွား၍ သက်ပြင်းချလိုက်ရသည်။

ပိတ်ပုခက်၊ ပိတ်ခြင်ထောင်ကို ရေရွှဲရွဲဆွတ်ကာ ရေခြင်ထောင် ထောင်စေလျက် ခလေးကို ပုခက်ထဲ သိပ်ပေးထားခဲ့ပြီး၊ ဂျစ်ကားပေါ် တက်ထိုင်လျက် ပြန်လာခဲ့သည်။

အိမ်မရောက်မီ တလမ်းလုံး ဆိတ်ငြိမ်စွာ တွေးလာမိသည်။ ကျမကုသသောကုနည်း၊ ကုထုံး၊ ဓာတ်ပညာကို ခေတ်မှီအောင် အဆင့်အတန်းရှိအောင် ဘယ်လိုပြုပြင်ဖန်တီးရပါ့မလဲဟု စဉ်းစားလာသည်။ အမှန်စင်စစ် လူအများ အထင်ကြီးအောင် သို့မဟုတ် လက်ခံအောင် လုပ်ရမည့်နည်းမှာ လွယ်လွယ်ကို ခက်ခက်ဖြစ်အောင် လုပ်ပြရမလိုဖြစ်၍ စိတ်ပျက်သွားတော့သည်။

အကျိတ်အတွက် အမြန်ဆုံးပျောက်ရန် ကိုယ်နှင့်သင့်မည့် ထက်မြက်သောဓာတ်ကို ကြံစည်လိုက်သည်။

ဦးကြီးရှိန်ပြောသလိုပင် ပါးစပ်ထဲတွင် ရှပ်ဆေးဖေါ် လိုက်၏ ။ အမြန်ဆုံးပျောက်ရန် အကျိတ်ကြီးကို ဓာတ် ၄ ပါးနှင့်ချေပစ်ဖို့အတွက် ကိုယ့်ဓာတ်နှင့်သင့်မည့်ဟင်းနုနွယ်၊ သံပုရာ၊ လေးညှင်း၊ အုန်းရေစသော ၎င်းအရာဝတ္ထုလေးမျိုးကို ထုထောင်း နယ်ပယ်လျက် အကျိတ်ပေါ်တွင် အုံစီးပေးလိုက်သည်။

ပုလင်းကို ကြေပျော်သွားစေနိုင်သော ဟင်းနုနွယ် ကြွေကို ကြေပျော်စေနိုင်သောသံပုရာတို့၏ ဓာတ်ခိုက်စွမ်းဖြင့် နောက်တနေ့ အကျိတ်ကြီး ပျောက်သွားသည်။

ရန်ချင်းသတ်၍ သေသောဓာတ်၊ ရန်တွင် ရန်စွက်၍ သေသော ဓာတ်၊ ရန်တွင် မိတ်စွက်၍ သေသောဓာတ်၊ မိတ်တွင် မိတ်စွက်၍ သေသောဓာတ်၊ နာမ်တူသတ်၍ သေသောဓာတ်၊ ဓာတ်နာမ်ကြံဆလျက် ကြည့်လျှင် ပျားရည်ထဲ မြှော့ထည့်က ကြေသွားခြင်း၊ ဖယောင်းနှင့်မောင်းအသံကြည်ခြင်း၊ ကြက်ဥကို အရက်နှင့်နယ်သော် ပုလင်း၌ ဝင်ခြင်း၊ ကြေးနှင့်ဆန် အသံအ,ခြင်း၊ ဥသျှစ်

နှင့်ဖွဲ့မီး၊ စိန်နှင့်သံပုရာ၊ ထုံးနှင့်မြွေ၊ တီနှင့်ဆား၊ ထိုမှတပါး ကွမ်းပင်ကလေးကို ငါးကျည်းဆူး ထိုးလျှင် ကြွေကုန်ခြင်း၊ ကြေးဖလားတွင် ရေထည့်၍ ကျောက်ပြင်မှတည် နွားချေးအောက်ကမန် ဖလားကို ယူလျှင် ကျောက်ပြင်ပါသည်။ ကျောက်ဖရုံနှင့်မီးသွေး၊ ပုတ်ခြင်း။

နာမ်တူသေက အကျိုးရ၊ ရန်မူသေက အပြစ်ရ၊ ရန်ကြောင့်သေအပြစ်၊ မိတ်ကြောင့် သေ အကျိုး၊ ဤသို့အားဖြင့် ဓာတ်ပေါက် အောင် မစူးစမ်း မကြံစည်ကြသော်လည်း၊ အထက်ဖေါ် ပြပါ ထည့်သည့် မတည့်သည့်ဓာတ်များကို ဗမာတိုင်းလိုပင် ကြားဘူးနားဝ သိရှိပြီးသားပင်ဖြစ်ကြ သည်။

ကျမသည် အကျိတ်ကို ဓာတ်၄ပါးနှင့်ကြေအောင် လုပ်လိုက်ကြောင်း အဘကို ပြောပြ လိုက်သည်။

အဘမှာ တွေဝေနားထောင်နေလျက် “အကျိတ်ကြီး ကြေသွားပြီရယ်လို့ မပေါ့ရဘူး၊ အနာမှန်ယင် ဘယ်အနာမှ မပေါ့နှင့်၊ အနာက နာသေးလား”ဟုမေးလိုက်သည်။

“သိပ်မနာတော့ပါဘူး အဘရယ်…ဖိနပ်ညှပ်တဲ့အခါ နဲနဲပါးပါးလောက်ဘဲ”

အဘသည် ပက်လက်ကုလားထိုင်မှ ဆင်းလိုက်ကာ ကြမ်းပြင်၌ ထိုင်လျက် “ပြစမ်း အနာ” ဟု ပြောသည်။

ကျမမှာ မဖြစ်စလောက် အနာကလေးဟုသဘောထားကာ ခြေထောက်ပြရန် အားနာ ဝန်လေးနေသည်။

“မဖြစ်လောက်ပါဘူး အဘရာ… အညှော်မိလို့ အနာဝင်သွားတာပါ”

“အနာဝင်ပြီး အကျိတ်ထွက်လာတာ၊ ဒီအနာမျိုး မပေါ့ဆရပါဘူး ပြစမ်းပါသမီးရယ်”

ကျမမှာ ခြေထောက်ကိုပြရလေ၏။ အသက် ၇၅ နှစ် မျက်စိမမှုံသောအဘက အနာကို သေသေချာချာ ကိုင်ကြည့်လျက် “ဆားယူခဲ့စမ်းဟေ့”ဟုအော်လိုက်သည်။

အဘသမီးများက ဆားအနည်းငယ် ယူလာပေးရာ၊ တဆုပ်ကြီး ယူခဲ့စမ်း… ပတ်တီးပါယူ ခဲ့ဟုအော်နေသည်။

ကျမမှာ အနာနှင့်အဘကို အပြန်အလှန် စိတ်ဝင်စားလာသည်။

အဝတ်ပေါ်တွင် ခြေကို ချခိုင်းကာ အပေါ်မှ ခြေဖဝါးတပိုင်းလုံး ဖုံးအောင် ဆားတဆုပ် ကြီး ဖုံးအုံနေလေသည်။

“အနာဆိုတာ မပေါ့ရဘူး၊ အဘမှာ သစ်စလေး စူးတာ ပေါ့ဆမိလို့ မနည်းလုပ်ယူရ တယ်။ ငါးခူကောင် ငါးပိကြော်အနံ့မိလိုက်တာ အနာဝင်ပြီး ကံကောင်းလို့မသေတယ်”

ဆားနှင့်ခြေထောက်ကို ဆုပ်နယ်ဖုံးပေးနေပုံကို စိုက်ကြည့်လျက် အဘကိုယ်တွင် အင်္ကျီ ချွတ်ထား၍ ပခုံး၌ထောင်နေသော အရိုးကြီးကို ငေးကြည့်မိသည်။

တိုက်ကြီးမြို့ ဖလုံရွာတွင် မော်တော်ကား ရင်ဘတ်ဖြတ်နင်း အကျိတ်ခံရ၍ အဘ၏ လက် ပြင်ရိုးကြီး ကျိုးသွားရာ ထိုဒဏ်ရာကို ဓာတ်ပညာနှင့် ကိုယ့်ဟာကိုယ် အရိုးဆက်ကာ ပျောက်အောင်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကုထားသော အမှတ်အသားကြီးဖြစ်သည်။

ခြေထောက်ကို ဆားတွေအုံပြီးနောက် အဝတ်ပတ်တီးနှင့် တင်းကျပ်စွာ စည်းပတ်နေသည်။

ရှေးလူသူကြီးသူမများဟာ မပေါ့ဆကြပါလားဟုအောက်မေ့မှတ်သားလိုက်မိသည်။

အဘတို့ ဆေးဆရာ လုပ်စက ဆေးအိတ်မဆောင်ဘူး၊ တွေ့ရာနဲ့လုပ်လိုက်တာဘဲ၊ ကရင်တယောက် မမာတော့ သူ့ရွာက အဘဆီ လာပင့်တယ်၊ အဘကို သူတို့အိမ်ရှေ့က ပိန္နဲသီးစူးခိုင်းပြီး ပိန္နဲသီးကျွေးကုတယ်၊ အဲဒါရောဂါပျောက်သွားတော့ အိမ်က ပိန္နဲသီးနဲ့ကုတာ၊ ထမင်းလဲကျွေးရသေးတယ်၊ ရော့… ငါးကျပ်ဘဲလို့ပြောပြီး ပေးဘူးတယ်… ဒီကထဲက ဆေးအိတ်ဆောင်ရတာဘဲ”

ကျမမှာ ဟက်ဟက်ပက်ပက် ရယ်မော်နေလေသည်။

“ပေးချင်တဲ့ သစ္စာပေး…အဘလေ ဘယဆေးဆိုင် ဆေးဖေါ် သွားဘို့သွားယင် ဘာနဲ့ဘာနဲ့ဖေါ် မယ်လို့ တခါမှ အိမ်က တွေးမသွားဘူးပါဘူး၊ ဈေးထဲ ဟင်းရံသွားဝယ်တော့ မြင်တာ ဟင်းမယ်စပ်ပြီး ဝယ်ချမ်းလာသလိုဘဲ၊ ဘယဆေးဆိုင်ပေါ် မြင်တာ တွေ့တာ ဆေးစပ်ပြီး ဖေါ် လိုက်တာဘဲ…”

ပတ်တီးပတ်ပြီး မကြာမီ ကျမ၏ ခြေထောက်မှ သွေးခုန် သွေးတိုးသလို တင်းနာလာ၍ “အဘရေ တဖျင်းဖျင်းဖြစ်လာတယ်”ဟုပြောမိသည်။

“ဒါကြောင့်… အဘထင်တာ၊ ဒီအနာ မကျက်သေးပါဘူးလို့ ယူခဲ့စမ်း ငြုပ်သီးမှုန့်…”

ပတ်တီးကို ဖြည်လိုက်ကာ ဆားပေါ် ငြုပ်သီးမှုန့်ပုလင်းကို မှောက်ချဖြူးလျက် ဖြည်၍ ပတ်တီးစည်းပေးပြန်သည်။

“မီးလောင်တဲ့အနာ ရေမထိရဖူး၊ မိန်းမတယောက် ‘လ’ခာတ်ဖက်က ရင်ဘတ်မီးလောင်တာ အဘပြေးပြီး သူ့ရင်ပေါ် ဆီနဲ့ငြုပ်သီးမှုန့် လောင်းဖြူးချလိုက်တာ မီးအပူ အသားမလောင်နိုင်တော့ဘဲ ငြုပ်သီးကို ကျက်သွားအောင် ကူလောင်သွားတာဘဲ၊ အဘတို့ခာတ်က တယောက်နည်းနဲ့ ပျောက်ပေမဲ့ တယောက်မပျောက်ဖူးဆိုတာ ပြောလို့ ဟောလို့ လွယ်လွယ်ကူကူနဲ့မရဘူး၊ လက်တွေ့လုပ်ပြမှ မှန်မှန်းသိကြတာ…ဆေးဆရာလုပ်ခဲ့တာ အနှစ်ခြောက်ဆယ်မောခဲ့ပြီ၊ လူနာအိမ် ရှာမနေရအောင် အုန်းပင်ကိုယ်တိုင်တက်ပြီး အသီးကို လူနာအိမ် ထမ်းပိုးယူသွားပြီး ကုပေးတာသမီးရယ်၊ ဆေးဆရာများ မလုပ်ချင်ပါနဲ့တော့ အဘနဲ့ငါ့သမီး မဆာလာမှုန့်သာ ထောင်းရောင်းကြပါစို့၊ မဆလာ ရောင်းမလား”

ကျမမှာ အဘကို တွေ့စိုက်၍ ကြည့်လိုက်ကာ ‘မဆာလာတင် မဟုတ်ဖူးအဘ၊ တပြည်လုံး နနွင်းမှုန့်ပါ ထောင်းရောင်းရ မကောင်းဘူးလား’ပြောလိုက်သည်။

အဘသည် ‘အဲဒါ အေးပါတယ်သမီးရယ်’ဟုဆိုကာ လှိုက်လှိုက်လှဲလှဲ ရယ်နေသည်။

“ခာတ်လေးပါး သဘာဝကို ဆောင်းပါး ရေးမယ်လို့ စိတ်ကူးတယ် အဘရယ်၊အစအနဖော်ရေးယင် အလယ်၊ အဆုံး လိုက်ချင်တဲ့လူလဲ လိုက်ပေါ့”

"အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေကို ဆေးမထင်ကြဘူး၊ ဓာတ် ၄ ပါးမှာ ပထဝီဓာတ်နှင့်ချုပ်၊ အာပေါဓာတ်နှင့်မွေ့၊ ဝါယောဓာတ်နဲ့ချေ၊ တေဇောဓာတ်နဲ့သတ်၊ ဒါကို မှတ်ထား၊ ဝါယောဓာတ်ကို ပထဝီက နိုင်တယ်လို့မှတ်၊ ဝါယောရဲ့အစွမ်းကို ပြောအုံးမယ်၊ မောင်မင်း ကြိုးကျစေ...အဲသလို ပြောတာ ဝါယော မဟုတ်ဖူးလား"

ကျမသည် ရေမြေလေမီး ဓာတ်ကြီးလေးပါး သဘာဝအစကို အနုစိတ် ဖော်ပြရေးလျက် လောက၌ ဓာတ် ၄–ပါးဖြင့် ပြုပြင်အပ်သော အလုံးစုံသော တောတောင်ရေမြေ သမုဒ္ဒရာဓာတ်အပေါင်းတို့တွင် အချင်းချင်း ရန်မပြုသည်ကိုမြင်လျှင် မီးနှင့်လေ၊ ရေနှင့်မြေ၊ မိတ်ဓာတ်နှစ်ပါးအချင်းချင်း ရန်ပြုသည်ဖြစ်လျှင် မီးနှင့်ရေ၊ လေနှင့်မြေ၊ မီးနှင့်မြေ၊ ရေနှင့်လေ ရန်ဓာတ်နှစ်ပါး ကွဲပြားအောင် ရေးမည်ဟု စိတ်ကူးရသွားသည်။

"ပူစပ်မနေဘူးလား"ဟုမေး၍ ကျမက ခေါင်းညိတ်လိုက်သည်။

"ဆီယူခဲ့အုံးဟေ့"

ခြေထောက်က အနာကို ပတ်တီးဖြေပြန်ကာ ဆားပေါ် ငြုပ်သီးမှုန့်ပေါ် ၌ ဆီလောင်းချပြန်သည်။

ကျမအနာ အကင်းသေအောင် နှိမ်နေပုံကို ဆင်ခြင်ကာ ကုထုံးသိရှိနှင့်မပြီး ကုနည်းပါသိရန် လိုအပ်ကြောင်း သဘောပေါက်သွားသည်။

ဓာတ်ဆရာကြီး အဘမှာ တောင်တွင်းကြီးသားဖြစ်ကာ ခင်ကြီးပျော်နှင့်အမျိုးတော်၍ အမျိုးဘိုးတူ ဓာတ်သဘာဝကို ထုံးသာဓကပုံဥပမာ အနည်းနည်းပြသင် ပြောနေသည်။ ကျမမှာ နေချင်သလောက် အချိန်မရနိုင်၊ အလုပ်တန်းလန်းဖြစ်၍ အဘကိုအနားပေးပြီးပြန်လာခဲ့သည်။

"အနာကို မပေါ့နဲ့နော်' အညော် အညော် သတိထားလိုက်စမ်း"

ကျမ ကားပေါ် ရောက်သည့်တိုင် အိမ်ထဲမှ လှမ်းအော်ပြော ကျန်ရစ်ခဲ့သည်။

အနာအတော်သက်သာသွားသော်လည်း အညော်ကို သတိထားနေသည့်ကြားထဲမှ အိမ်အောက်ထပ် ချစ်တီးကော်ဖီဆိုင်နှင့်တရုပ်အိမ်မှအညော်တို့သည် အိမ်ရှေ့အိမ်နောက်မှ ပိတ်လုံးဝင်လာရာ အညော်နံ့ကြီးကို လွှတ်ရန် အညော်ရန်တောထဲမှ အိမ်အောက်ရောက်အောင် ဆင်းပြေးရသည်။ အလုပ်တိုက်တွင် စာဖေါင်များ ရိုက်နှိပ်သည်ကို သွားကြည့်ကာ မိုးချုပ်မှ ပြန်လာခဲ့သည်။ အိမ်တွင် အညော်နံ့ မပျောက်ရှောင်စရာ နေရာမလွတ် တအိမ်လုံး ညော်နေပေသည်။

ညတွင် ခြေထောက်မှ အနာလေးမှာ နီညိုလာကာ မခံမရပ်နိုင်အောင် ကိုက်လာသည်။ ကိုက်သည့်ဝေဒနာ ပြင်းထန်လှပုံကို အောက်မေ့ဆင်ခြင်ကာ ဘာမဟုတ်တာလေးနဲ့ သည်လောက် ခံရသလားဟု အနာနာယင်း မခံမချိမခံသာ ဖြစ်နေသည်။

သူများဖြစ်လျှင်သာ ဘာနဲ့ဘာနဲ့လုပ် စသည်ဖြင့် ကိုယ်တိုင်ကြပ်မတ်ကုသပေးလိုက်လျက် ကိုယ်ဖြစ်လာတော့ ကိုယ်ဟာကိုယ် ကုချင်စိတ် လုံးဝမရှိသည်မှာ အတော်ထူးဆန်းပေသည်။

ည ၁၀ နာရီလောက်တွင် အဘအိမ်ကို တံခါးဖွင့်ခိုင်းကာ အဘအိပ်နေသော ခြေရင်း၌

E-book is created by www.shanyoma.org

အဘကို နှိုးကာ 'အဘရေ…အညှော်မိလို့ကိုက်လာပြီ'ဟုပြောတော့သည်။

အဘသည် အိပ်ရာမှ ကုန်းကုန်း ကုန်းကုန်းနှင့်ထ,လာကာ 'သမီးရယ်…သမီးရယ် ချက်ချင်းသက်သာရမှာပေါ့၊ အသာသာနေ'ဟုဆိုလျက် အဘ၏သမီးများကို ထမင်းကျိုတ်ခိုင်းလိုက်သည်။

ကျမသည် အဘအသံကို ကြားသည်နှင့် အကိုက်အနာ ခံနိုင်သလိုပင်ဖြစ်ကာ အဘကုချင်သလို ကုတာကြည့်ရတော့မယ်ဟုကျေနပ်သွားသည်။

"ညှော်ထွက်အောင် ရေသွားချိုးစမ်း၊ အနာကို ရေမထိနဲ့"ဆို၍ ကျမမှာ နာလျက်နှင့်ရေမထိအောင် ခြေတန်းပြီး ချိုးရသည်။ အဘသမီးများက လောင်းချိုးပေးကြသည်။ ရေချိုးပြီးမှ အနာကို ထမင်းဆုပ် အုံပေးကာ ဒီမှာအိပ် မနက်မှ ပြန်ဆိုသည်။

အဘသည် သူ၏သမီးများကို 'သမီးတို့ ဘယ်သူမှ မအိပ်ကြနဲ့ မမလေးနားမှာ နေကြ' ဆို၍ အားလုံး မအိပ်ကြရပေ။

"ထမင်းက စုပ်လိမ့်မယ်၊ မခံမရပ်နိုင်အောင် ကိုက်လာမယ် အောင့်သာ ခံနော်"

ထောင်းကျိုတ်အုံထားသော ထမင်းက အနာ၏ငန်းမန်းတွေကို စုပ်နေသဖြင့် အတော်ကိုက်လာရာ အောင့်ခံနေသည်။

"အနာဆိုတာ အိပ်ပျော်ယင်လဲ သက်သာတယ်၊ အစာစားယင်လဲ သက်သာတယ်ဆိုကာ" သရက်သီး ခွဲကျွေးလေသည်။

အဘသည် တညလုံး ကောင်းစွာ မအိပ်ပေ၊ ထ,လာလိုက် ထမင်းအသစ် အုံလိုက်နှင့် လုပ်ခိုင်းနေရာ ထ,လာတိုင်း ပညာ၏ကုထုံးတွေကို မှတ်သားဖွယ်ရာ ပြောဟောနေ၍ ပညာတိုးသဖြင့် တနည်းအားဖြင့် အနာရသည်ပင် ကိုယ့်အတွက် ကောင်းကျိုးဖြစ်နေပေသည်။

နံနက် သုံးနာရီလောက်တွင် အမြန်ဆုံးပျောက်ချင်သော အလိုကျအတိုင်း သက်သာပျောက်ကင်းသွားသည်။ ကျမမှာ လျှောင်းခွေလျက် ဓာတ်လေးပါး၏သဘာဝကို ပညာနှင့်ဝေဖန်စစ်ဆေးလျက် အကျယ်တဝင့် တွေးတောနေသည်။

ဓာတ်ပညာ မသင်ခင်က ဓာတ်လေးပါးကို ရေ၊ မြေ၊ လေ၊ မီးဟု အကြမ်းအားဖြင့် သိခဲ့သည်။

ဗမာ့ဓာတ်ပညာ သင်ယူမှ ဓာတ်ကြီးလေးပါးကို ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ်ဟူ၍၎င်း၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူ၍၎င်း၊ အန္တော၊ ဂန္ဓော၊ စရေ၊ ဝံသေဟူ၍၎င်း၊ ပါပ၊ သူရဇ္ဇ၊ အမြိတ္တ၊ ကောလီဟူ၍၎င်း၊ ၁၊ ၂၊ ၃၊ ၄ ဟူ၍၎င်း ကွဲပြားလာသည်။

ဤသို့ ဓာတ်လေးပါးဖြစ်လျက် ကွဲပြားသော အကြောင်းအချင်းရာများကို စီစစ်ကြည့်ဘို့ လိုအပ်ပေသည်။

E-book is created by www.shanyoma.org

| | | | | |
|---|---|---|---|---|
| ပထဝီ | တေဇော | အာပေါ | ဝါယော | ပိဋကတ်ပညတ် |
| အန္တော | ဂဗ္ဘေ | စရေ | ဝံသေ | အက္ခရာပညတ် |
| ပါပ | သူရဇ္ဇ | အမြိတ္တ | ကောလီ | ဗေဒပညတ် |
| ၁ | ၂ | ၃ | ၄ | ဂဏန်းပညတ် |

ထိုလေးပါးတို့တွင် အန္တောသည် တေဇောဓာတ်၊ မီးဓာတ်၊ ဂဗ္ဘေသည် ပထဝီဓာတ်၊ မြေဓာတ်၊ စရေသည် ဝါယောဓာတ် လေဓာတ်၊ ဝံသေသည် အပေါဓာတ်၊ ရေဓာတ်။

ပါပသည် ဝါယောဓာတ်၊ သူရဇ္ဇသည် တေဇောဓာတ်၊ အမြိတ္တ အာပေါဓာတ်၊ ကောလီ ပထဝီဓာတ်၊ ၁–ကား အန္တော၊ တေဇောမီး၊ ၂–ကား ဂဗ္ဘေ မြေ၊ ၃–ကား စရေ လေ၊ ၄–ကား ဝံသေ ရေ၊ ရေ မြေ လေ မီး ဓာတ်ကြီးလေးပါး၏ ခြားနားသွားသော အခေါ် အဝေါ် အလျောက် ခြားနားသွားသော အနက်အဓိပ္ပါယ်တွေကား ကျယ်ဝန်းလှလေသည်။

အန္တော၊ ဂဗ္ဘေ၊ စရေ၊ ဝံသေ၌ အန္တော၊ အန္တောဓာတ်သည်ကား တေဇော၊ ဓာတု တေဇောသည်။ ဥဏှလက္ခဏံ၊ ပူခြင်း၊ လက္ခဏာရှိသည်။

ဂဗ္ဘေ၊ ဂဗ္ဘေဓာတ်သည် ခိုင်ခံ့ခြင်း လက္ခဏာရှိသည်။ စရေဓာတုလက္ခဏံ၊ စရေဓာတ်၏ လက္ခဏာသည်ကား မေ့လျော့ခြင်း၊ တုန်လှုပ်ခြင်း၊ ဖူးဖူးရောင်ခြင်း၊ နံစော်ခြင်း လက္ခဏာရှိသည်။

ဝံသေဓာတ်သည် ယိုစီးခြင်း၊ ပြောင်းပျော့ခြင်း လက္ခဏာရှိ၏။

ထိုအန္တော၊ ဂဗ္ဘေ၊ စရေ၊ ဝံသေ၊ ဓာတ်လေးပါးကိုပင် အက္ခရာတလုံးစီ ခွဲကောက်ကာ ခြားနားသွားသော အနက်အဓိပ္ပါယ်ခွဲပြား စိတ်ယူလိုက်ပြန်လျှင် ရေ မြေ လေ မီး ဓာတ်လေးပါးသည် ဓာတ်ရှစ်မျိုး ပညတ်ကွဲသွားသည်။

အန္တော၌...

အန်ကား၊ မီးခဲဓာတ်။ တောကား၊ မီးတောက်ဓာတ်။

ဂဗ္ဘေ၌...

ဂကား၊ သီလာကျောက်ဓာတ်။ ဘေကား၊ ပံသု ပထဝီဓာတ်။ မြေပြော့။

စရေ၌...

စ,ကား လေညှင်း။ ရေ,ကား လေမုန်တိုင်း။

ဝံသေ၌...

ဝံ,ကား ရေချို။ သေ,ကား ရေငံ။



E-book is created by www.shanyoma.org

ၡင်းပြင် ထိုအန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ ခါတ်လေးပါးသည် ခါတ်ဖိုခါတ်မ တွဲနေကြသည်။

ၡင်းတို့အချင်းချင်း အဖိုအမ တွဲစပ်နေကြပုံကား မီးခဲခါတ်ဖိုနှင့်မီးတောက်ခါတ်မစ၍ အန္တောတေဇောဖြစ်ရသည်။ သီလာခါတ်ဖိုနှင့်ပံသုပထဝီခါတ်မ စပ်၍ ဂဗ္ဘောပထဝီခါတ်ဖြစ်ရသည်။ လေညှင်းခါတ်ဖိုနှင့်လေမုန်တိုင်းခါတ်မ စပ်၍ စရေဝါယောခါတ်ဖြစ်ရသည်။ ရေချိုခါတ်နှင့်ရေငံခါတ်မ ရောစပ်၍ ဝံသေ၊ အာပေါခါတ်ဖြစ်ကြသည်။

ကျမ ငယ်ရွယ်စဉ် ငါးနှစ်သမီးလောက်က တောရွာဗမာကျောင်းတွင် ကျောင်းစ,နေရသည်။ ဗမာစာ အတော်အတန် ဖတ်နိုင်ရေးနိုင်သည့်ပထမတန်းတွင် တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင် စသော လအမည်များ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးစသော နေ့အမည်များနှင့် တွဲလျက် ဗျည်းအက္ခရာ၊ ဂြိုဟ်စဉ်၊ ဂြိုဟ်ရုပ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရပ် လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ တပါတည်း သင်အံဖတ်ခဲ့ရသည်။

ကခဂဃင၊ တနင်္လာ။ စဆဇဈည၊ အင်္ဂါ။ ယရလဝ၊ ဗုဒ္ဓဟူး။ ပဖဗဘမ၊ ကြာသပတေး။ သဟ၊ သောကြာ။ တထဒဓန၊ စနေ။ အ၊ တနင်္ဂနွေ။

တနင်္ဂနွေ ဂဠုန်၊ တနင်္လာ ကျား၊ အင်္ဂါ ခြင်္သေ့၊ ဗုဒ္ဓဟူး ဆင်၊ ကြာသပတေး ကြွက်၊ သောကြာ ပူး၊ စနေ မြွေနဂါး။

ယင်းသို့ တွဲစပ်ရွတ်အံကျက်မှတ်ခဲ့သော ဗမာကျောင်း ပထမတန်းကလေးက အသိပညာ၏ တန်ဘိုးမှာ ခါတ်ပညာတွင် အကျိုးများစွာ သက်နေပေတော့သည်။

ကျမသည် အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ၊ ခါတ်လေးပါးကို အက္ခရာနှင့်နေ့ကောက်တွဲစပ်ယူဖို့ရာ မခက်တော့ပေ။ ထို့ကြောင့် အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေကို ပိဋကတ်အလို အက္ခရာအလို ပညတ်အလို ဂြိုဟ်စဉ်အလို ဂဏန်းသင်္ချာအလို အရသာအလို ခါတ်အလို အရောင်အဆင်းအလို ကောက်ယူနည်း မြင်သည်။

ကျမသည် ခါတ်လေးပါး၊ ခါတ်ရှစ်ပါးတို့ အကျုံးဝင်သော အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ၊ ခါတ်ပြက္ခဒိန်ကြီးကို မျက်စိထဲ ပေါ်လာအောင် ဖန်တီးလျက် ကြည့်လိုက်သည်။



တနင်္ဂနွေ
ဂြိုဟ်သက် ၆–နှစ်
(အန္တော–အန်)

အ–အက္ခရာ

တေဇော–ပိဋကတ်

မီးခဲ–ပညတ်

(၁) ဂဏန်းသင်္ချာ။

အစပ်–အရသာ

E-book is created by www.shanyoma.org

နာ–ဓာတ်သရုပ်
ဂျွန်းလူမျိုး–အမျိုးဓာတ်ဖို
အရှေ့မြောက်။



တနင်းလာ
ဂြိုဟ်သက် ၁၅–နှစ်
(ဂဗ္ဗော–ဂ)

ကခဂဃင–အက္ခရာ
ပထဝီ–ပိဋကတ်
သီလာကျောက်–ပညတ်
(၂) ဂဏန်းသင်္ချာ။
အငန်အရသာ
ဂျွတ်–ဓာတ်သရုပ်
ရှမ်းမျိုး–အမျိုးဓာတ်ဖို
အရှေ့အရပ်။

G

အင်္ဂါ
ဂြိုဟ်သက် ၈ နှစ်
(စရေ–စ)

စဆဇဈည–အက္ခရာ၊
ဝါယော–ပိဋကတ်
လေပြေလေညှင်း–ပညတ်
(၃) ဂဏန်းသင်္ချာ၊
အခါး–အရသာ
သံ–ဓာတ်သရုပ်
တလိုင်းမျိုး–အမျိုးဓာတ်ဖို
အရှေ့တောင်အရပ်။

A

ဗုဒ္ဓဟူး
ဂြိုဟ်သက် ၁၇ နှစ်
(ဝံသေ–ဝ)

လဝ–အက္ခရာ

E-book is created by www.shanyoma.org

အာပေါ–ပိဋကတ်
ရေကြည်ရေချို–ပညတ်

(၄) ဂဏန်းသင်္ချာ၊

အချို–အရသာ
ဘင်–ဓာတ်သရုပ်
ကတူး–အမျိုး
ဓာတ်ဖို
တောင်အရပ်။



ကြာသပတေး
ဂြိုဟ်သက် ၁၉ နှစ်
(ဘေ–ဂမ္ဘေ)

ပဗဗဘမ–အက္ခရာ
ပထဝီ–ပိဋကတ်
ပံသုမြေပြော့–ပညတ်

(၅) ဂဏန်းသင်္ချာ

အဆိမ့်–အရသာ
ပြဒါး–ဓာတ်သရုပ်
မြန်မာမျိုး–အမျိုးဓာတ်မ
အနောက်အရပ်။



သောကြာ
ဂြိုဟ်သက် ၂၁ နှစ်
(သ–ဝံသေ)

သဟ–အက္ခရာ
အာပေါ–ပိဋကတ်
ရေငံ ရေပုပ် ရေနောက်–ပညတ်

(၆) ဂဏန်းသင်္ချာ

အချို–အရသာ
သွပ်–ဓာတ်သရုပ်
ကသဲ–အမျိုးဓာတ်မ
မြောက်အရပ်။



E-book is created by www.shanyoma.org


L

စနေ
ဂြိုဟ်သက် ၁၀ နှစ်
(တော–အနေ္တာ)

တထဒဓန–အက္ခရာ
တေဇော–ပိဋကတ်
မီးတောက်–ပညတ်

(၇) ဂဏန်းသင်္ချာ

အချဉ်–အရသာ
ဒါန်–ဓာတ်သရုပ်
ကုလားမျိုး–အမျိုးဓာတ်မ
အနောက်တောင်အရပ်။



ရာဟု
ဂြိုဟ်သက် ၁၂ နှစ်
ဝါယော–ပိဋကတ်
လေမုန်တိုင်း–ပညတ်

(၈) ဂဏန်းသင်္ချာ

အဖန်–အရသာ
တရုပ်–အမျိုးဓာတ်မ
အနောက်မြောက်အရပ်။

ကိတ်

၉–ဂဏန်းသင်္ချာ

ရွှေ }
ဆား } ဓာတ်သရုပ်
ဒုတ္တာ }

ယခင်က ကျမဆောင်းပါးများ ရေးခဲ့ဘူးရာ ယင်းဆေးဆောင်းပါးများ၌ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟုဆိုသော လောကသုံးပါးတွင် ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ရှိသော ဓာတ် ၄ ပါးကို အကျဉ်းဖွဲ့စည်းကြည့်လျှင် အပူ အအေး သီတ၊ ဥဏှဓာတ် ၂ ပါးသာ ရှိကြောင်း အရိပ်အမြွက် ရေးဘူးခဲ့သည်။ အပူ အအေး နှစ်ဌာနှင့် ၁၂ လ၊ ၁၂ လက် ရာသီစက်၊ အနေ္တာ၊ ဂဗ္ဘော၊ စရော၊ ဝံသေနှင့်တကွ ဂိမ္ဟန္တဥတု၊ ဟေမန္တဥတု၊ ဝဿန္တဥတု၊ အပူအချမ်းတို့သည် အလုံးစုံပါပြီးဖြစ်ရာ ကမ္ဘာဦးလူတို့ နေလကိုတ၍ ပေါ်လာသည်နှင့်ပင် နေမင်းသည် အနေ္တာ၊ ဂဗ္ဘော၊ စရော၊ ဝံသေနှင့်တကွ ၁၂–လ–၁၂ရာသီစက်ကို နင်း၍ထွက်လာခဲ့သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

လောကဓာတ်၌ တနင်္ဂနွေတည်းဟူသောနေမင်းသည် ကောင်းကင်နယ်ခရိုင်၌ ဥက္ကဋ္ဌ အကြီးအမှူးတဦး အစဖြစ်ကာ နေ၏သဘာ၀ကား အပူဖြစ်သည်။ (ဝါ) ဥဏှဖြစ်သည်။

ထိုသူရိယနေမင်း၊ တနင်္ဂနွေ၌ ဓာတ်လေးပါး၊ အဋ္ဌကလာပ်ရုပ် ၈–ပါး ရှိဘိသကဲ့သို့ ကောင်းကင်၌ ထွန်းပသော နေအောက်၌ ပေါက်ရောက်ကုန်သော သစ်ပင်တောတောင်ရေမြေ သမုဒ္ဒရာမှာလည်း ဓာတ်လေးပါး အဋ္ဌကလာပ်ရုပ် ၈–ပါး ရှိကြသဖြင့် သဘာ၀မခြား သီတ၊ ဥဏှ၊ အပူ အအေး ၂–ပါး သာဖြစ်သည်။

(လ) ဆိုသည်မှာ... တနင်္လာဂြိုလ်ကို အကြောင်းပြု၍လည်း ကျမ်းဂန်ခေါ်သည်။ လ မှာ တနင်္လာတည်းဟူသော စန်း၊ စန်းလက္ခဏာမှာ အအေး၊ ယင်းအအေးမှာ ကောင်းကင်၌ ထွန်းပသော လနှင့်အတူ၊ တနင်္လာ၏အေးခြင်းကို ဆိုလိုသည်။

အဓိပ္ပါယ်မှာ တနင်္ဂနွေလက္ခဏာသည် အပူဟူ၍၎င်း နေဟူ၍၎င်း တနင်္လာလက္ခဏာ အအေးဟူ၍၎င်း၊ လဟူ၍၎င်း ဆိုလိုပေသည်။ ထို့ကြောင့် ဓာတ်လေးပါး ရှိလျှင် အပူ အအေး ရှိသည်ဟု သဘောပေါက်ဖွယ်ရာဖြစ်သည်။ အဋ္ဌကလာပ်ရုပ် ၈ ပါး၊ဓာတ် ၄ ပါးအစု ဥတုစုချုပ်သည် ဆိုသောကြောင့် ချုပ်သည့်ဥတုမှာ သီတ၊ ဥဏှသာလျှင် ဖြစ်ချေသည်။

ကျမသည် ဓာတ်ဓာတ်ကြီး ၄ ပါးကို ပြက္ခဒိန်အိမ်ဖွဲ့မြင်သကဲ့သို့ နေနှင့်လကို ခိုင်ခံ့ ကြီး ကျယ်စွာ အိမ်ကြီးသဖွယ် ဆောက်ကြည့်သည်။ အမိုး နံရံ ခေါင်တိုင် ထုတ်လျှောက် ဒိုင်းများ တပ်ဆင် ဆောက်ကြည့်သည်။

နေ–သူရိယ၊ ဒေါင်း၊ ဥဏှ၊ အပူ၊ တနင်္ဂနွေ၊ ၁၊ လက်ဝဲ

လ–စန္ဒရ၊ ယုန်၊ သီတ၊ အအေး၊ တနင်္လာ၊ ၂၊ လက်ျာ

ဤနေ–လနှစ်ပါးနှင့် သဟဇာတ်ဖြစ်သော ဇာတ်တို့ကို သဘောတူရာ ဖြည့်စွက်ဖွဲ့စည်း လိုက်သောအခါ၌

| နေတွင် ပါသော ဂြိုဟ် ၄ လုံး | လတွင် သောမဂြိုလ်၄လုံး |
|---|---|
| ၁။ တနင်္ဂနွေဂြိုလ် | ၅။ ကြာသပတေးဂြိုဟ် |
| ၂။ တနင်္လာဂြိုလ် | ၆။ သောကြာဂြိုဟ် |
| ၃။ အင်္ဂါဂြိုဟ် | ၇။ စနေဂြိုဟ် |
| ၄။ ဗုဒ္ဓဟူးဂြိုဟ် | ၈။ ရာဟုဂြိုဟ် |

ပေါင်း ၁၀၈ နဝင်းစက်

နေလနှစ်ပါး (ဝါ) သီတ၊ ဥဏှ၊ အပူ အအေးဓာတ် ၂ ပါးကို အကျယ်ချဲ့လိုက်က အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ ဓာတ်ကြီးလေးပါး ဓာတ်၈ပါးတို့သည် ဉာဏ်ကွန့်ဖြာ၍ အနုစိပ်ပေါ် လာနိုင်ကာ အန္တောစရေဓာတ်သည် နေဖက်တွင်ရှိသော ဓာတ်။ ဂဗ္ဘော၊ ဝံသေဓာတ်သည် လဖက်တွင် ရှိသော ဓာတ်။ ၎င်းဓာတ်များ အကျဉ်းချုပ်လျှင် နေ လ သီတ ဥဏှ ဟုထင်လင်း သိအပ်နိုင်ပေသည်။

က,အစ အ,အဆုံး ၃၃ လုံးသော အက္ခရာပညတ်၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ သရ ၈

လုံး၊ ၄၁ လုံးသော ဝဏ္ဏ၊ ၁ အစ ၉ အဆုံးသော ဂဏန်းပညတ်၊ တနင်္ဂနွေ အစ၊ စနေ အဆုံး ၇ လုံးသော နေ့ပညတ်၊ ၁၀၀ နဝင်း၊ တြင်း၊ ကောင်းကင်တာရာ နေလ နက္ခတ်အစရှိကုန်သော ကျယ်ဝန်းသည့်ပညတ်တို့ကို အကျဉ်းချုပ်၍ ယူနိုင်က သိမ်မွေ့သော ဓာတ်သဘော၏ အနက်ကို ထင်မြင်နိုင်ပေသည်။

ရှေးက ဓာတ်ပညာကို ဂဏန်းသင်္ချာပညတ်နှင့် ၁ ၂ ဟု ဆေးကုသခဲ့ရာ အဘက အက္ခရာပညတ်စမသုံးကာ နေ လ ယူရန် ပြင်ပေးသဖြင့် နေ လ ခွဲသော ကျမပေးသည့်ဓာတ်စာဆေးဝါးတို့သည် သဘောတူရာ ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အဓိပ္ပါယ်ရှင်းလင်းနိုင်ကြပေသည်။

သွေးသောက်၊ ရှမဝမဂ္ဂဇင်းများတွင် ကျမသည် ရုံဖန်ရုံခါပင် '၃၃ စီးသော ဆင်ပြောင်သည် တော ၃ ထောင်၌ ထွက်၍ ကျက်စားသောကြောင့် ချည်အပ်သောကြိုးရှစ်စင်းနှင့်တိုင်လေးတိုင်၌ ချည်နိုင်က လိုရာသို့ ရောက်သည်'ဟု ရေးခဲ့ဘူးသည်။

လောက၌ တရားနှင့်လွတ်ကင်းသည့်အရာ မရှိသကဲ့သို့ ဓာတ်နှင့်လွတ်ကင်းသည့်အရာ မရှိချေ။ သစ်ပင်၌ရင်း၊ အသံ၌ရင်း၊ လူ၌ရင်း၊ ဆေးမြစ်၌ရင်း၊ ပညတ်ခေါ် ဝေါ် သမုတ်အပ်သော အမည်သည် ရှိကြသည်။ ပညတ်စကားတို့၌ ဓာတ်ရှိခြင်းကြောင့် ပညတ်သွားရာ ဓာတ်သက်ပါဟု ဆိုခြင်းဖြစ်သည်။ ပညတ်စကားကို မည်သည့်အရာဝတ္ထုမဆို အဘယ်မည်သော ဓာတ်ဟုသိရာသည်။ ပြောသောအသံ မြင်သောအသံများကိုလည်း အဘယ်မည်သော ဓာတ်ဟုဝေဖန်ကာ သိနိုင်ရာသည်။

မည်သည့်အရာမဆို အက္ခရာမဆို အက္ခရာနှင့်လွတ်ကြသည်မရှိ၊ မဟာသမုဒ္ဒရာထဲတွင် နဒီမြစ်တို့မှ ကျလျှောသည့်ရေသည် ပျောက်ပျက်လေဘိသကဲ့သို့ အက္ခရာသရုပ်ကို သိက ဓာတ်လေးပါး အချုပ်ကို သိရမည်ဖြစ်သည်။

ကျမမှာ အနာသက်သာသွား၍ ဓာတ်လေးပါး၏ နက်နဲကျယ်ဝန်းသော အခဏ်းခဏ်းအကွက်ကွက်တို့ကို စဉ်းစားဆင်ခြင်နေလေရာ ရာမိုးလင်းလုသွားသည်။

အဘသည် အိပ်ရာထဲက ထလာကာ ကျမလှဲနေသော ဘေး၌ လာထိုင်လျက် ဆေးတံကိုဖွာရှိုယင်း ဓာတုသိဒ္ဓိ၊ ဓာတ်ဆက်စပ်ပုံတို့ကို ရှင်းပြောပြသည်။

"ဥသာ စိန်ပန်း ဒန်းလှကိုရှာ၊ ဥသာ ဟာ ဝါယောဓာတ်၊ စိန်ပန်း ဟာ ပထဝီဓာတ်"

ကျမသည် ဥသျှစ်သီး မီးဖုတ်သော် ကွဲ၏ ဆိုသောဓာတ်ကို ဆက်စပ်တွေးဆကြည့်သည်။ ဥနှင့်သျှစ်၊ တေဇောနှင့်ဝါယောဓာတ်၊ ဓာတ်နာမ်တူခိုက်သွားပုံ ရေးရေးပေါ် ကာ ထမင်းဆုပ်နှင့် မီးလောင်နာကို သဘောပေါက်သွားသည်။ ဆန်းကျယ်သော ဓာတ်သဘာဝများကား တွေး၍ မဆုံးနိုင်ပေ၊ လူအသီးသီးတိုင်း ကိုယ့်ကျန်းမာရေး ကိုယ်ဖန်တီးတတ်ကြလေအောင် ဗမာ့ဓာတ်ပညာကို ကျမ်းစာတအုပ်အဖြစ် ပြုစုကာ ရေးသားနိုင်ပါစေဟုဆုတောင်းယင်း မိုးလင်းသွားသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ရောဂါကို အမိကထားပြီး ကုသည် မဟုတ်။

အပူကြိုက်သည့်လူ၊ အအေးကြိုက်သည့်လူ၊

အပူနာ၊ အအေးနာ ခွဲခြားပြီး ကုသ၍

ဤပညာဖြင့် ရောဂါတိုင်း

ပျောက်နိုင်ခြင်း ဖြစ်သည်။

# ဘဝဟူသည်

စာပုံနှိပ်စက်တိုက် လျှပ်စစ်မီးကြွေး --------- ၁၀၀၀။
စာပုံနှိပ်တိုက် တိုက်ခန်းလခကြွေး --------- ၆၀၀။
စာပုံနှိပ်တိုက် ပေါင်ထားသည့်
နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်ကြွေး ---------၂၀၀၀၀။
သိမ်ကြီးဈေးမှ မမြင့်ကြည်သို့ပေးဆပ်ရန် ---------၃၀၀၀။
ကိုဝင်းစိန်သို့ပေးဆပ်ရန် ---------၅၀၀၀။
စကော့ဈေး ဒေါ်မမလေးသို့ပေးဆပ်ရန် ---------၂၀၀၀။
ပေးဆပ်ရန်ကြွေးများ စုစုပေါင်း သုံးသောင်း တထောင် ခြောက်ရာ။

၁၉၅၉ ခု၊ မေလ ၁၇ ရက်နေ့၌ ကျမထမ်းထားသော ဝန်ထုပ်ဝန်ပိုးကြီးကို ကိုအောင်ဇေယျပုခုံးပေါ် သို့ပြောင်းတင်ပေးလိုက်သည်။ ကျမသည် ရှေ့တွင် ခြောက်လ သို့မဟုတ် တနှစ် အလုပ် မလုပ်ဘဲ အနားယူတော့အံ့ဟု ပိုင်းဖြတ်လိုက်သည်။ အနားယူနေသည့်အချိန်ကာလအတွင်း စီးပွားရေးအလုပ်လည်း မလုပ်၊ ဆေးလည်း မကု၊ ခေါင်းအေးအေး ထားလျက် သက်သာခိုနိုင်သမျှ ခိုကာ အိမ်ထဲတွင် ငြိမ်ငြိမ်ကလေး နေလိုက်မည်ဟု အကြံအစည် ပြုသည်။

စာပုံနှိပ်တိုက်လုပ်ငန်းအပြင် တဖက်လမ်းမှ စီးပွားရေးအတွက် လုပ်ကိုင်ရသော မမလေးကုမ္ပဏီမှာ ဗိုလ်ချုပ်ခေတ်ကုမ္ပဏီများ ဖျက်သိမ်းရာတွင် အများနည်းတူ ပါသွား၍ ကုမ္ပဏီပိတ်ပစ်လိုက်ရသဖြင့် စီးပွားရေး ဝင်ငွေလုပ်ငန်းသည် စာပုံနှိပ်တိုက်သာလျှင် ရှိတော့သည်။

လောလောဆယ် ပေးဆပ်ရန်ရှိနေသော အထက်ပါ ကြွေးစာရင်းတို့ကို ကိုအောင်ဇေယျအား တာဝန်ယူရန် ပခုံးပြောင်းပေးလိုက်ပြီးနောက် ပုံနှိပ်တိုက်မှ လစဉ်မဖြစ်မနေ ရှာဖွေသွားရမည့်သုံးငွေစာရင်းကိုလည်း လွှဲအပ်လိုက်သည်။

အိမ်လခ ---------၄၀ဝိ။
ကားစရိတ်နှင့်ကားမောင်းသူ လခ ---------၄၅ဝိ။
အိမ်သုံးစရိတ် ---------၆၀ဝိ။
လစဉ်အလှူငွေများ ---------၁၀ဝိ။
ကလေးများကျောင်းစရိတ် ---------၂၀ဝိ။
စာပုံနှိပ်တိုက်စရိတ် ---------၁၀၀ဝိ။
အိမ်ဖော်၂-ဦးအတွက် လစာစရိတ် ---------၁၅ဝိ။



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တလလျှင် ရှာဖွေရမည့်ငွေမှာ အောင်တန်းသုံးထောင်ခန့်ရှိမှ ရပ်တည်နိုင်မည့်ဘဝမှန်းသိ၍ ကိုအောင်ဇေယျသည် ပေးဆပ်ရန်ကြွေးစာရင်းနှင့်လစဉ်အသုံးစာရင်းတို့ကိုကြည့်လျက် သက်ပြင်းချလေသည်။

"အိမ်လခက များလိုက်တာ မြေကလေး ဝယ်ပြီး တဲထိုးနေကြရင် ၄ဝဝိ တော့ သက်သာသွားမှာဘဲ"

မြေဈေး တကေ တသိန်းပေါက်နေသော ခေတ်ကြီးထဲတွင် ကျမတို့မိသားစုမှာ ဧကဝက်မဆိုထားဘိ၊ တစိတ်ပင် ဝယ်နိုင်သည့်အခြေအနေ မရှိပေ။ တလစရိတ်အတွက် တလကြိုတင်ရှာဖွေရန်ပင် အနိုင်နိုင်ကြိုးပမ်း လုပ်ကိုင်နေရသောကြောင့် မြေဝယ်ရန် ဘယ်လိုနည်းနှင့်မျှ မဖြစ်နိုင်ချေ။

"ဘယ်နည်းနဲ့ဖြစ်ဖြစ် အခြေခိုင်သွားအောင် မြေဝယ်မှဖြစ်မယ်"

ကျမက တခွန်းမှ ပြန်မပြောဘဲ ငေးနေလေသည်။ ကုမ္ပဏီလုပ်ငန်းလည်း မရှိတော့၍ လက်ရှိအကြွေး သုံးသောင်းကျော် ခေါင်းပေါ်တင်နေပုံနှင့်လစဉ်စရိတ် သုံးထောင် ရအောင်ရှာဖွေရန်ပင် တအားကြိုးလုပ်ရမည့်အခြေအနေမျိုး၌ ဘယ်နည်းနဲ့များ မြေဝယ်နိုင်ပါမည်နည်းဟု စဉ်းစား၍ မရအောင် ငေးနေမိသည်။

ကိုအောင်ဇေယျသည် မြေအရေးကြီးသည်ဟုပြောကာ ပုံနှိပ်တိုက်သို့ အလုပ်ဆင်းရန် ထွက်သွားသည်။ ထွက်သွားသော ကားနောက်ပိုင်းကို မျှော်ကြည့်ယင်း အလုပ်မသွားရတော့ဘူးဟု စိတ်ရော ကိုယ်ရော ပေါ့ပါးသွားသည်မှာ ပြောစရာမရှိချေ။ အလုပ်သွားရန် နေ့စဉ်ခေါင်းမဖြီးရ၊ အဝတ်အစား မလဲမဖယ်မပြင်ဆင်ရသော သက်သာခြင်းကပင် ရောမသက်သာခြင်းကြီးဖြစ်ပေသည်။

ကားထွက်သွားပြီး သံတခါးကို ဆွဲပိတ်လိုက်ကာ ဧည့်ခန်းထောင့်ရှိ ပက်လက်ကုလားထိုင်ပေါ်၌ လျှောထိုင်ချလိုက်သည်။

အိမ်ခေါင်းရင်း မရမ်းပင်ရိပ်ကြားမှ နေခြည်ပျောက်ကလေးများ တပြောက်နှစ်ပြောက်သာ ထိုးဝင်နိုင်သော ဧည့်ခန်းမှာ အေးမြနေသည်။ စားပွဲပေါ်၌ နှင်းဆီပန်းခက်များသည် နေခြည်ပျောက်ကလေးတွေထဲတွင် ကျော့လန်းနေကြပေသည်။ စားပွဲ၊ ကုလားထိုင် မီးတိုင်စသော ဧည့်ခန်းရှိ ပရိဘောဂအားလုံးပင် နီညိုရောင်ပြိုးပျက်နေသော ကြမ်းခင်းပေါ်တွင် တည်ငြိမ်စွာ သူ့အလှနှင့်သူ ကြက်သရေဆောင်နေပါသည်။

ပြတင်းပေါက်မှ စာကလေးငယ်များ ဝင်ချီထွက်ချီပြုနေကြသည်။ နံနက်ပိုင်းအိမ်၌ ကျမနှင့်အိမ်ဖော်မိန်းကလေးများသာ ရှိကြရာ တအိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိစဉ် ဝင်ချီထွက်ချီပြုနေသော ငှက်ကလေးတို့ တောင်ပံခတ်ကာ တွန်ကျူးတီတာနေသောမြည်သံတို့သည် ကြည်မောယိုဖိမ့်လောက်အောင် ချိုမြိန်လှသည်။ ကျမ၏ခါးတွင် ဝတ်ထားသော ချည်လုံချည်ကလေးမှာ ရေအလျှော်များ၍ အရောင်အဆင်း ဖြော့လျက် ပျော့ဖတ်နေသည်။ ဂုတ်စုတ်နေသော သရက်

ထည် ပြောက်ပိတ်အကျီၤလက်တိုမှာလည်း ကိုယ်ပေါ်တွင် ညက်ညော ရော့ရဲလျက် ပေါ့ပါးပါဘိ သည်။

လေသင့်ရာမှ တချက်တချက် နှင်းဆီရနံ့တို့သည် သင်းကြည်ဆွတ်ပျံ့လာသည်။အေး ချမ်းတိတ်ဆိတ်ငြိမ်သော သန့်ရှင်းသော လှပသော သပ်ယပ်တင့်တယ်သော ဂုဏ်ကြက်သရေတို့နှင့် ပြည့်စုံနေသောအိမ်၏ ကြက်သရေမင်္ဂလာသည် မျက်စိအေးရှိသာမက စိတ်ကြည်၍လည်းနေ သည်။

အဝတ်အစားသစ်များ ဝတ်ကာ အလုပ်စားပွဲ၌ တကျုံ့ကျုံ့ ထိုင်လုပ်နေရမည့်အချိန်မျိုး ၌ ယခုလို ပက်လက်ကုလားထိုင်ပေါ်တွင် သက်တောင့်သက်သာကလေး လှဲနေပုံမှာ ငယ်စဉ်က ပု ခက်ထဲ၌ မှိန်းနေရသလိုပင် ချမ်းသာသုခ ရှိလှသည်။

နဖူးပေါ်တွင် ဖွာကျနေသော ဆံပင်များကို လက်နှင့်သပ်ပင့်လိုက်ပြီးနောက် လက်ကို ပြန်မချတော့ဘဲ ပက်လက်ကုလားထိုင်တန်းပေါ် တင်လိုက်ယင်း နံနက်တိုင်း မှန်ခုန်ရှေ့သွား၍ ပြုပြင်ဝတ်ဆင်ရသော ဝဋ်ဒုက္ခမှကျွတ်လွတ်ကာ မပြုမပြင် ကပိုကရို ထင်သလို နေခွင့်ရနေသော လွတ်လပ်ခြင်း အရသာကို ခံစားလျက် 'သြော်...ချမ်းသာလေစွ'ဟုမြည်ကျူးလိုက်မိသည်။

ငြိမ်းပြီ။ ဒီကနေ့ကစပြီး ငြိမ်းပြီ... သက်သာသလို ဝတ်။ သက်သာသလို နေ၊ အချိန်နဲ့စား။ အချိန်နဲ့အိပ်။ ရင်ပူစရာ၊ စိတ်မောစရာ ၊ ခေါင်းရှုပ်စရာ၊ ခေါင်းနောက်စရာတွေကို ရှေ့လျှောက် ဘာမှလက်မခံဘဲ ချမ်းသာရာ ချမ်းသာကြောင်း ရက်ရှည်လများ နေလိုက်ဦးအံ့။

ကျမသည် အနားယူရန်သာ ရှေ့ရှုတွေးတော ကြုံးဝါးနေတော့သည်။

ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်၊ ကိုယ်လုပ်ချင်မှလုပ်၊ ကိုယ်သွားချင်မှ သွား၊ ထိုင်ချင်ထိုင်၊ ထချင် ထ၊ ကိုယ့်သဘော၊ ကိုယ့်ဆန္ဒ။

လောကဇာတ်ခုံပေါ်၌ ဆယ့်သုံးနှစ်တိုင်တိုင် မင်းသားလည်း ကိုယ်၊ မင်းသမီးလည်း ကိုယ်ပင် လူတကိုယ်ထဲ နှစ်ကိုယ်ခွဲကာ မီးကုန်ယမ်းကုန် ကြဲလာခဲ့ရ၍ အနားမရသော ခန္ဓာကိုယ် အား ရပ်နားခွင့် ချမ်းသာခွင့်ပေးမည်၊ စားဝတ်နေရေး ရှိရှိသမျှသော တာဝန်များအတွက် ကြံရဖန် ရဖြင့် လုံးပမ်းကာ နွမ်းလှိုက်ခွေနုံး လာခဲ့သော စိတ်နှလုံးကိုလည်း ငြိမ်းအေးခွင့် တည်ငြိမ်ခွင့် ပြုမည် စသည်စသည်အားဖြင့် ဘဝတထောင့် တအောင့် သက်သာခိုရန် ကြည့်တွေးတောနေဆဲ သကာလ...

"ဒေါ်မမလေးတယောက် မရှိပါဘူးလားရှင်"

ကျမမှာ လန့်ဖြန့်သွားကာ ဖြတ်ခနဲ မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။ အိမ်ပေါက်ဝ သံတ ခါး အပြင်ဘက်တွင် အမျိုးသမီးနှစ်ယောက် မတ်တပ်ရပ်နေကြသည်။

"လူနာ ပြချင်လို့ပါရှင်။ အလုပ်တိုက်သွားတော့ အလုပ်မဆင်းတော့ဘူး ပြောလိုက်ကြလို့ အိမ်လိုက်လာတာပါရှင်"

E-book is created by www.shanyoma.org

၂

နံနက်စာကို နေ့လည်တချက် နှစ်ချက်တီးမှ ကဗျာကရာ ထစားရသည်။

အလုပ်မဆင်းဘဲ အိမ်နေသည်မှာ သုံးလခန့်ရှိသွားလေပြီ။ နံနက်လင်းလျှင် ဧည့်ခန်း၌ လူတွေပြည့်လျှံနေသည်။ အချို့မှာ ထိုင်စရာ နေစရာမရှိလောက်အောင်ပင် တသုတ်ပြီး တသုတ် ရပ်စောင့်နေကြရသည်။ နေ့စဉ်အလုပ်ဆင်းခဲ့စဉ်က လူနာများသည် အလုပ်တိုက်တွင် ဇွဲကောင်းကောင်းနှင့် ထိုင်စောင့်နေမှ သို့မဟုတ် နှစ်ခေါက် သုံးခေါက် လာရှာနိုင်မှ ကျမနှင့်တွေ့ရတတ်သည်။

ပန်းဆိုးတန်း မမလေးကုမ္ပဏီအလုပ်တိုက်နှင့်အနော်ရထာလမ်း သီဟရတနာစာပုံနှိပ်တိုက်အလုပ်ကို တယောက်ထဲ နှစ်တိုက် ပြေးလုပ်ကိုင်ရသဖြင့် ဘယ်လူနာမှ ကျမကို ရှုတ်တရက် လွယ်လင့်တကူ မဖမ်းမိကြချေ။

အလုပ်မဆင်းဘဲ အိမ်မြဲနေပြီ၊ အိမ်သွားရင် အချိန်မရွေး တွေ့တယ်ဟူသော တယောက်စကား တယောက်နားဖြင့် မိုးလင်းက မိုးချုပ် အိမ်၌ လူနာဟောင်း လူနာသစ်များ ဝင်လာမစဲ တသဲသဲ ဖြစ်နေတော့သည်။ တနေ့ထက်တနေ့ များပြားလာသော လူနာပရိသတ်ကြီးကို အံ့ဩလာတော့သည်။ နေ့လည် တချက်နှစ်ချက်မှ ထမင်းစားရကာ ညရှစ်နာရီလောက်မှ လူစဲသွားတတ်သည်။ ကျမမှာ အိမ်မှထွက်၍ နေ့စဉ်အလုပ်ဆင်းလုပ်ရသည်ထက် အိမ်ထဲနေရင်း စိတ်ပန်း ကိုယ်ပင်ပန်းဖြစ်လာသည်။ ရှမဝသို့ဆောင်းပါး၊ ဝတ္ထုတပုဒ်နှစ်ပုဒ်ကိုပင် အချိန်လုပြီး ရေးနေရသည်။

ဆေးတိုက်လည်း မဟုတ်၊ ဆေးခန်းလည်း မဟုတ်၊ လူနေအိမ်ဖြစ်နေ၍ အရပ်လေးမျက်နှာမှ လာကြသော လူနာများသည် အချိန်မရွေး ဥဒဟို လာနေကြတော့သည်။ တခါတရံ မိုးမလင်းတလင်း တံခါးလာခေါက်နေ၍ "မိုးမှမလင်းသေးဘူး…"ဟု ညည်းတွားရင်း တံခါး ထဖွင့်ပေးရသည်။

လူနာများကို တွေ့ဆုံလက်ခံရသည်မှာ မသက်သာလှချေ။

ကျမ သင်ယူတတ်မြောက်သော ဓာတ်ပညာမှာ ဒီရောဂါ ဒီဆေးဟူ၍ သင်မှတ်ကုသသော ကုနည်းကုထုံး မဟုတ်ပေ။ ဝေဒနာချင်း တူသော်လည်း လူချင်းမတူ ဓာတ်ချင်း မတူကြလျှင် လူလိုက်၍ ဓာတ်လိုက်၍ ကုနည်းကုထုံး ကွဲလွဲလေသည်။ ဝေဒနာသည် တဦးအား သူ့အနာနှင့်သူ့ဓာတ် ကိုက်ညီအောင် ဆေးဝါးဓာတ်စာပေးရန် ဉာဏ်ရှိသလို ထက်မြက်အောင် ရှာကြံတွေးတောအားထုတ်ရသဖြင့် လွယ်ကူလှသော အလုပ်မဟုတ်ချေ။ မှာကြားလိုက်သည့်အတိုင်း မလွဲမမှားအတိအကျ လိုက်နာလုပ်ကိုင်ရန် အာပေါက်အောင် ပြောရဟောရသည်။

လူနာ တသုတ်ထပြန်သွားလျှင် ဦးနှောက်များ ဆူ၍ ခေါင်းပူကျန်ရစ်ခဲ့သည်။ ကုလားထိုင်တွင် ငါးနာရီခြောက်နာရီလောက် မထရဘဲ တချိန်လုံး ထိုင်နေရ၍ ဆန့်မရ ကုန်းမရ ဖြစ်သွားသောခါးမှာ တောင့်တောင့်ကြီး ဖြစ်နေတော့သည်။ လူရှင်းသွားခိုက် အညောင်းဆန့်ရန် ခဏ



E-book is created by www.shanyoma.org

တဖြုတ် အိပ်ရာပေါ်တွင် လှဲလိုက်ခါရှိသေး နောက်တသုတ် ရောက်လာကြပြန်သည်။

ဝေဒနာသည် အမျိုးမျိုး လာနေကြသည်။

ချောင်းဆိုးသွေးပါ၊ ပန်းရင်နာကြပ်၊ ကင်ဆာ၊ လေငန်း၊ ကုဋ္ဌနူနာ၊ ကျောက်၊ ဝက်သက်၊ နှင်းခူ၊ သွေးတိုးရောဂါ၊ မီးနေသည်၊ မီးယပ်သည်၊ သူငယ်နာ၊ ခရုသင်း၊ မြင်းဘု၊ လိပ်ခေါင်း၊ ဆင်ခြေထောက်၊ စိတ်နောက်သူ…

ဝေဒနာမျိုးစုံဖြစ်လာကြသော ဝေဒနာရှင်များနှင့် ဆက်ဆံရ၍ နားချမ်းသာစရာ၊ စိတ်ချမ်းသာစရာဆို၍ တကွက်မျှမရှိဘဲ နားမချမ်းသာစရာ စိတ်မချမ်းသာစရာများကိုသာလျှင် နေ့စဉ် ဆီးကြိုလက်ခံနေရသည်။

နေ့သေမလား၊ ညသေမလား အသန်ဖြစ်နေကြသော လူနာများအတွက် ဦးနောက်ရှုပ်ရ ရင်ဖိုရလှသဖြင့် သူ့အပူမှာ ကူးစက်၍ ကိုယ့်အပူလုံးလုံးကြီးဖြစ်နေတော့သည်။ ကုထုံးအမျိုးမျိုး ကြံဆအားထုတ်လျက် အချိန်ရှိသရွေ့ ခေါင်းထဲထည့်ကာ အာရုံစိုက်နေရသည်။

ကျမမှာ အနားယူပြီး အိမ်ထိုင်နေကာမှ ဘယ်မှရှောင်မပြေးနိုင်အောင် အိမ်၌ပိတ်မိနေလျက် ဆေးဆရာ လုံးလုံးကြီး ဖြစ်နေတော့သည်။

"လူနာဆီက ငွေမယူ၍သာ၊ ရောဂါစမ်းသပ် စစ်ဆေးခ၊ ဆေးကုခ၊ လူနာဆီကများ ပိုက်ဆံတောင်းရယင် ဒီလို ပရိသတ်မျိုးနဲ့ပိုက်ဆံတွေတော့ ထားစရာတောင် နေရာရှိမှာ မှုတ်ဘူး"ဟု အိမ်သားတွေက ပြောကြသည်။ သည်ကြားထဲ ဆရာ လာပင့်ပြန်ကြသည်။ ဘယ်လိုမှ ငြင်းမရအောင် မရှောင်သာသူများဖြစ်နေလျှင် အချိန်မရွေး ထလိုက်သွားရတတ်သည်။ လက်ခံ ကုသပေးရသော လူနာများထဲတွင် များသောအားဖြင့် ဆရာဝန်နှင့်မရတော့ဘဲ အလွန်ဆိုးဝါးလာသော အခြေဆိုက်မှ နောက်ဆုံးကံတရားထား၍ ကျမထံသို့ပုံအပ်ရန် လာကြခြင်းကြောင့် ရိုးရိုးလူနာထက် အရေးကြီးသော လူနာက များလေသည်။

ညင်းညှံ့ညှံ့ တိုက်လာသောလေကို ရှူလျက် ဆောင်းဝင်လာပါပကောဟုသိလိုက်သည်။ ဆောင်းလေတိုးသွားမှပင် အလုပ်တိုက်ဘက် မရောက်တာ ခြောက်လတောင်ရှိပြီဟုတွက်ချက်ကြည့်လိုက်မိသည်။

တနေ့ထက်တနေ့ လူနာများသထက် များလာလေသည်။ အိမ်၏ရိမ်ငြိမ်သုခချမ်းသာခြင်းလည်း ဘယ်ဆီဘယ်သို့ လွင့်သွားလေမှန်း မသိချေ။ ရန်ကုန်၊ မန္တလေး၊ မေမြို့၊ မော်လမြိုင်၊ ပုသိမ်၊ ခနေဖြူ၊ မြောင်းမြ၊ လာရှိုး၊ ကလော၊ ဟင်္သာတ၊ ဝါးခယ်မ၊ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သရက်၊ အောင်လံ၊ ရေး၊ မြိတ်၊ ထားဝယ်စသော အမြို့အမြို့အနယ်နယ်မှ မျက်နှာစိမ်းဧည့်သည် လူနာတွေ နေ့စဉ် အဝင်အထွက်ရှုပ်နေသောကြောင့် အိမ်ဘေးပတ်လည်အိမ်နီးနားချင်းများပင် မျက်စိနောက်လောက်အောင် ဖြစ်နေသည်။

ရုတ်တရက် ချက်ချင်း အဆောတလျင် အိမ်ပြောင်းရန် အကြောင်းပေါ် ပေါက်လာသည်။

ရန်ကုန်တွင် အိမ်ပြောင်းနေခဲ့သည်မှာ ယခုအကြိမ်သည် ၂၆ ကြိမ်မြောက် ဖြစ်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အိမ်ထောင်ပစ္စည်း များပြားလှရကား အိမ်တခါပြောင်းလျှင် အသက်ထွက်မတတ် ပင်ပန်းသွားသည်။ ဆရာဇော်ဂျီ၏ ဇနီး မမရင်က အိမ်လိုက်ရှာပေးသည်။ ဂွတ္တလစ်လမ်း သမတဟောင်း စဝ်ရွှေသိုက်ခြံနောက်ဖက်တွင် နှစ်ထပ်တိုက်တလုံး အားနေသည်။ ၎င်းတိုက် ငှားရမ်းရန် အာတီယားလမ်းနေ ကျောင်းဆရာမကြီးဒေါ် ချစ်ထံသို့ မမရင်နှင့် သွားကြသည်။

"နယ်က မိတ်ဆွေတယောက်အိမ်ပါ၊ ငှားပေးဖို့ အပ်ထားတာ အရင်မျက်နှာဖြူတွေ ငှားတုန်းက တလ ၁၄၀ဝိ ဘဲ၊ ဒါပေမဲ့ မမလေး တတ်နိုင်သလောက်ပေးပေါ့၊ ဘယ်လောက်ပေးနိုင်သလဲ"

ကျမမှာ အလွန် ၅၀ဝိ ထက် ပိုမပေးနိုင်သဖြင့် ပြောရမှာ ခက်နေသည်။

"ပြောသာ ပြောပါ အားမနာပါနဲ့"

ဆရာမဒေါ် ချစ်တို့ တအိမ်သားလုံး ကျမကို ကျေးဇူးရှိသူတဦးကဲ့သို့ ဆက်ဆံကြသည်။ ဒေါ် ချစ်၏ ညီမ ဆရာမဒေါ် စိန်၏ ကျောတွင် မြင်းဘုကြီး ပေါက်နေရာ ဆရာဇော်ဂျီ၏ ညွှန်ကြားချက်ဖြင့် ကျမထံတွင် လာရောက်ကုသဘူးသည်။ မြင်းဘုကြီး ပျောက်ကင်းချမ်းသာသဖြင့် ဤကျေးဇူးကို မမေ့ဘဲရှိ၍ ကျမပေးနိုင်သလောက်ပေးပါဟု အားပေးနေကြသည်။

"ကျမ အခုနေတဲ့အိမ်က ၄၀ဝိ ပေးရပါတယ်၊ အလွန်ဆုံး ၅၀ဝိ ဘဲပေးနိုင်ပါလိမ့်မယ်"

"ပေးနိုင်သလောက်ပေးပါ"ဟုဆိုကာ ငွေ ၁၅၀ဝိ စဘော်ယူလျက် အိမ်သော့များ ပေးလိုက်သည်။

သမတဟောင်း ခြံနောက်ဖက်ရှိ ၂–ထပ်တိုက်အိမ်ကြီးမှာ လူမနေတာကြာ၍ ရှည်လျားရှုပ်ထွေးနေသော ချုံပင်ပေါင်းပင်များအလယ်တွင် ထီးထီးကြီးဖြစ်နေသည်။ ခြံဝင်းတဝင်းလုံး စိုပြေသာယာသော အသွင်သဏ္ဍာန်မရှိဘဲ ခြောက်ကပ် တိတ်ဆိတ်လျက်နေသည်။ မပြောင်းခင်တနေ့ အိမ်သွားဆေးရသည်။ နံနက် ၉–နာရီမှစ၍ လှဲကျင်းတိုက်ချွတ်ဆေးကြောလိုက်သည်မှာ ညနေ ၃–နာရီမှပြီးစီးသဖြင့် ခြေကုန်လက်ပန်းကျသွားတော့သည်။ အိမ်ဆေး၊ ကြမ်းတိုက်နေစဉ် ရောဂါအခြေနေအကြောင်းပြန်ရမည့်သူများ မြေနီကုန်းအိမ်မှတဆင့် လိုက်လာကြလေသည်။ ထမီတိုတိုဝတ်လျက် တိုက်ချွတ်နေရာမှထ၍ ဆေးကုနေရသည်။ ညနေစောင်း အိမ်ရောက်လျှင် ဧည့်ခန်း၌ စောင့်နေကြသော လူနာများကို တွေ့ရပြန်သည်။

ရှမ်းပြည်ကိုတင်အေးမှာ အလွန်အားကိုးလာသော မျက်နှာဖြင့် နှုတ်ဆက်နေသည်။

"ကျနော့်မိတ်ဆွေ ရှမ်းပြည်ပင်းဒယက လူနာတယောက် သားအိမ်မှာ ကင်ဆာရောဂါဖြစ်လို့ ဂန္ဒီဆေးရုံ တင်ထားတာ အခုတော့ နေ့သေမလား၊ ညသေမလား အခြေအနေဖြစ်လာလို့ တဆိတ်ကုပေးပါဗျာ"

"ကျမ အိမ်ပြောင်းမဲ့ဆဲဆဲပါ၊ မအားပါဘူး။ ကျမကိုယ်တိုင် လိုက်မကြည့်နိုင်သေးဘဲနဲ့ လက်ခံဖို့ခက်ပါတယ်"

"တောင်းပန်ပါတယ်ဗျာ၊ ကျနော်တို့ ဆေးရုံဖွင့်တဲ့အချိန် သွားကြရင် အလောင်းဘဲ တွေ့

ရတော့မလားလို့ ထိတ်နေရတယ်။ ဆရာဝန်တွေကတော့ လက်လျှော့လိုက်ပါပြီ”

ရှမ်းပြည်ကိုတင်အေးနှင့်ပါလာသော လူနာရှင်၏ ခင်ပွန်း စောခွန်းဦးက ဝင်၍ပြောသည်။

အိမ်ပြောင်းရမည့်အတွက် ပစ္စည်းများ သိမ်းဆည်း ထုပ်ပိုးရန်ရှိ၍ အလုပ်ရှုပ်လှသဖြင့် လက်မခံရစေနှင့်ဟုငြင်းနေသေးသည်။ နောက်ဆုံး ငြင်း၍မရဘဲ ရှမ်းပြည်ကိုတင်အေး၏ တောင်းပန်ခြင်းကို သဘောတူလိုက်ရသည်။ လူနာကို ဆေးရုံမှ ချခိုင်းလိုက်သည်။

ဧည့်သည်များ စဲသွားချိန် ပစ္စည်းများထုပ်ပိုး သိမ်းဆည်းနေခိုက် ပြည်လမ်းတက္ကသိုလ်ဆံသနှင့်ကပ်လျက် အဆွေတော်မာတ်ပုံတိုက်မှာ လူငယ်တဦး ပေါက်လာပြန်သည်။

“ကျနော့်ဇနီး ရင်သားမှာ ဖူးယောင်ပြီး အကျိတ်အခဲကြီးတွေ ဖြစ်လာတယ်၊ ကျနော်က မခွဲချင်ဘူး၊ အခုတော့ နာလွန်းလို့အော်ဟစ်နေရတယ်၊ ကုပေးပါ အမကြီးရယ်”

အင်္ဂလိပ်အခေါ် ရင်သားကင်ဆာ စသောရောဂါဝေဒနာများကား အသက်အနေနှင့်နီးလှသည်။ အနာ၏ အခြေအနေကို နေ့စဉ်ကြည့်နိုင်မှဖြစ်သည်။ လောလောဆယ် ဤတာဝန် မယူနိုင်သောကြောင့် ဆရာဝန်နှင့်ကုရန် တောင်းပန်ရသည်။ ဆရာဝန်နှင့်မကုလိုပါဟုပြောကာ မရမက ထိုင်ပြောနေတော့သဖြင့် လက်ခံလိုက်ရပြန်သည်။

ပစ္စည်းများ ထုပ်ပိုးပြီးချိန်မှာ ညဥ့်နက်လှချေပြီ၊ တအိမ်သားလုံး အိပ်မောကျနေပြီဖြစ်၍ ထိုအချိန်တွင် ကျမနှင့်အဖော်ရှိသူမှာ ‘အိမ်’ပင် ဖြစ်သည်။ ကျမအဖော်မှာ ရှိုက်ငင်တသ ကြေကွဲနေရှာပုံ ရလေ၏ ။ နေ့စဉ် တသသ တပြောင်ပြောင် နေလာခဲ့ရသောဘဝမှ ရုတ်ချည်း ညှိုးမှိန်သွားရရှာသောအဖြစ်မှာ သနားစရာ ကောင်းနေလေသည်။ အိမ်၌ မွှမ်းမံပြင်သထားသော အဆောင်အယောင်ဟူသမျှ ဖြုတ်သိမ်းရှင်းလင်းပစ်လိုက်သောကြောင့် အချို့နေရာတွင် ဟာလာဟင်း၊ အချို့နေရာ၌ ဟောင်းလောင်းပေါက်ဖြစ်ကာ ငုံးတိတိနှင့် ကျက်သရေကင်းမဲ့သွားလျက် အိမ်လုံးတီးချည်း ပေါ်နေလေသည်။ နေစဉ်နေ့တိုင်း ပွတ်တိုက်သုတ်သင်ရှင်းလင်းမွှမ်းမံ ပြင်သလျက်သူ့အား တယုတယလုပ်သူနှင့် ခွဲခွာရလျှင် မည်သူလာ၍ သူ့ကိုယုယပြင်ဆင် မွှမ်းမံပါအံ့နည်းဟု တမ်းတမြည်တွေးနေသကဲ့သို့ ရှိသည်။ ကျမကလည်း ဤအိမ်ကို ခင်တွယ်ပါ၏ ။ ကျမ ပြောင်းသွားလျှင် သူ့ကိုမည်သူလာ၍ ပြုပြင်မွှန်းမံပါမည်နည်းဟု ပူပန်တွေးတောမိပါ၏ ။ နေရာထိုင်ခင်းများနှင့် အခန်းခန်းတို့ကို သံယောဇဉ် ငြိနေသောအကြည့်နှင့် တွယ်တွယ်တာတာ လျှောက်၍ ကြည့်နေမိသည်။ မလွဲသာ၍ ခွဲခွာကြအုံးစို့ဟူသော နှုတ်ဆက်နေခြင်းဖြင့် အချိန်ကုန်နေစဉ် ဖြုံးကနဲ ခေါင်းထဲသို့ သူတို့တတွေ အလျှိုအလျှို ရောက်လာကြသည်။

ဂျူဘလီဟော အဆောက်အဦ အနီးက တကိုယ်လုံး ခရုသင်းဖြစ်နေသော ကလေးမလေး၊ စိတ္တဇဆေးရုံတွင် လောကငရဲခံကာ ကျင်စက်သွားနိုပ်သော်လည်း ရောဂါမပျောက်ဘဲ နေရင်းထိုင်ရင်း တခစ်ခစ်ရယ်နေသော ကေတီကျောင်းဆရာ ဦးကျော်တင့်၏ တူမကလေး၊ ကိုယ်ပျက်နေသော ကြည့်မြင်တိုင်မှသွားစိုက်ဆရာဝန်၏ နှမ၊ အပျိုဖြစ်လာသည်ကစ၍ ငါးနှစ်လုံးလုံး



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

နေ့စဉ်မပြတ် ရာသီပေါ်နေသော တရုပ်ကပြားမလေး၊ မျက်လုံးမှစ၍ တကိုယ်လုံး နနွင်းကဲ့သို့ ဝါထိန်ကာ ဖေါ်ရောင်နေသဖြင့် ဆေးရုံမှချကာ ကျမနှင့်ကုသ၍ ပျောက်ကင်းချမ်းသာသွားသော မနေဖြူဒေါ် စောမြင့်ကတဆင့် ညွှန်လိုက်သော မနေဖြူလူနာတစု၊ မျက်စိမကောင်းသော ပန်းထိမ်ဆရာ၊ ကိုယ်လက်ဖောရောင်နေသော မုန့်ဟင်းခါးသည်၊ နှလုံးတုန် ရင်ခုန်၍ သွေးတိုးရောဂါစွဲနေသည့်အဖွားအို၊ ကန်တော်လေး၊ ကြည့်မြင်တိုင်၊ ကျောက်မြောင်း၊ ဗေါဓိကုန်း၊ ဟယ်လပင်လမ်း၊ ပုဇွန်တောင်၊ တရုပ်တန်းမှ ချောင်းဆိုးသွေးပါ၊ လည်ပင်းကြီးရောဂါ၊ နှင်းခူ၊ မီးယပ်ကွက်၊ ပန်းနာရင်ကြပ်၊ ဆုံဆို့နာ၊ ၁၂–လ ၁၂ ရာသီ နေ့စဉ်ဖျားနေသော ခလေးကလေး…

နေ့စဉ်ရက်ခြား ကျမအိမ်သို့လာကြရသော ကုလက်စ တန်းလန်း ဤဝေဒနာသည်တွေက ကျမ ဘယ်ပြောင်းသွားမှန်း မသိကြလျှင် ခက်ရချေ၍ ပြောင်းမည့်နေရပ်ပြောပါရန် သတိပေးနေကြသည်။

မြေနီကုန်းပြည်လမ်းရှိ ခင်တွယ်နေသော ဤအိမ်ကလေးကို မ,ယူသယ်ဆောင်၍ မသွားနိုင်သော်ငြား၊ ဤအိမ်တွင် နေ့စဉ်တွေ့ဆုံနေကျ လူနာအုပ်ကြီးကိုမူ မ,ပင့်သွားရန် စားပွဲတွင် ထိုင်ကာ ကြော်ငြာရေးရလေ၏ ။

ဆေးစားနေသောလူနာများသို့

ဂွတ္တာလစ်လမ်း၊ သမတဟောင်းခြံဝင်းနောက်ဖက်သို့ ပြောင်းရွှေ့သွားပါသဖြင့် လူနာများ ဤနေရာသစ်တွင် လာရောက်တွေ့ဆုံနိုင်ပါသည်။

ဂျာနယ်ကျော်မမလေး

၇

နံနက်လင်းစ အိပ်ရာမှနိုးလာသော နှစ်ထပ်အိမ်ကြီးသည် ပြူတင်းများ ဖွင့်လှစ်ကာ အိမ်ပေါ် တက်ကြသော လူသစ်များကိုအကဲခတ်သောအကြည့်ဖြင့် ငြိမ်ကြည့်နေလေ၏ ။ အိမ်ပတ်ချာရံတွင် ခါးဝက်လောက်ရှည်နေသော ပေါင်းပင်မြက်ပင်များ ရှုပ်ထွေးနေသော သတ္တဝါတကောင် မြေပေါ်၌ ဝပ်စင်းနေသလို ထင်ရသည်။ အိမ်တဖက်၌ တိုက်ပုကလေးတလုံး ကပ်နေလျက် အိမ်ရှေ့အိမ်နောက်ဘေးတို့တွင်ရှိသော တိုက်များမှာ ခြံဝင်းကျယ်ကြီးတွေသာဖြစ်လျက် တအိမ်နှင့် တအိမ် အလှမ်းဝေးလှပေသည်။ အိမ်ခေါင်းရင်း၌ ချောက်ကြီး ရှိလေသည်။ ချောက်ထဲ၌ ရေကန်တကန်နှင့် ဥယျာဉ်ရှိလေသည်။ ဥယျာဉ်ရှိသစ်ပင် တောအုပ်ထိပ်ဖျားတို့သည် ရိပ်အုံ့ဝေနေပေသည်။

ခြံထဲ၌ သစ်ပင်ဆို၍ မရမ်းပင်၊ သရက်ပင်၊ သပြေပင်၊ ငွေးချိုပင် သစ်ပင်ကြီးလေးပင်သာ ထီးထီးရှိသည်။ လူသွားလမ်းမှာ အိမ်ဘက်သို့ ကွေ့ချိုးဝင်လာသော လမ်းကလေးတလမ်းသာ ရှိသဖြင့် ကားသံလူသံ တိတ်ဆိတ်လျက် လေတိုက်သောအခါမှ သစ်ရွက်သစ်ကိုင်းချင်း ပွတ်တိုက် တိုးသွားသံများ ထွက်လာသည်။

"သူခိုးသူဝှက်များ ရှိရင်တော့ ကြောက်စရာဘဲ"

ကလေးတွေ ခြံထဲလျှောက်ကြည့်ကြရင်း ထင်ရာမြင်ရာ ပြောနေကြသည်။

ဒီအိမ်မှာ ဓမြတိုက်နေရင် ဘယ်သူကမှ သိမှာ မဟုတ်ဘူး၊ မိုးဟိန်းသည် လက်ခါခါ ခြေခါခါဖြင့် အော်ကျယ်ဟစ်ကျယ် စွတ်ပြောနေသည်။

"သရဲချောက်ရင်လဲ ချောက်မှာ အိမ်ကြီးက ကြည့်ရတာ တိတ်နေတာဘဲ ကြောက်စရာကြီး"

သရဲတစ္ဆေ ကြောက်တတ်သော ခင်လေးမြင့်က ပုခုံးနှစ်ဖက် တွန့်၍ ပြောနေလေ၏ ။

မနေ့က အိမ်ဆေးခဲ့ပြီး၍ ပစ္စည်းများ နေရာတကျ ဖြစ်အောင် ရွှေ့ရ သယ်ရ ချရနှင့် တအိမ်သားလုံး ဖါးနေကြသည်။

"ဟောဒီမှာ မေမေ လူနာတွေ လိုက်လာကြတယ်"ဟု မိုးဟိန်းက ကုန်းအော်လေသည်။ အပေါ် ထပ်၌ အလုပ်များနေသော ကျမမှာ အထုပ်အပိုးများ ဖယ်ရှား ကျော်လွှားကာ ပြေးဆင်းလာခဲ့ရသည်။

နှစ်ထပ်တိုက်ခန်းကျယ်ကြီးများဖြစ်၍ နေ့စဉ်အိမ်သိမ်းရသောအလုပ်မှာ ပိုများလာလေသည်။ နံနက်ဖက် အလုပ်သွားသူ၊ ကျောင်းသွားသူများ ထွက်သွားကြလျှင် ကျမနှင့်အိမ်ဖော်မိန်းကလေးတယောက်သာ ကျန်ရစ်ခဲ့သည်။ တခန်းဝင် တခန်းထွက် အပေါ် တက်လိုက်အောက်ဆင်းလိုက်နှင့် တမနက်လုံး အိမ်သိမ်းအိမ်ရှင်းအလုပ်ဖြင့် မောနေသည်။ မိုးလင်းသည်နှင့် အိမ်မှာ ညှော်ထူလာတတ်သည့်အတိုင်း လူနာတွေ ဝင်လာမစဲတသဲသဲဖြစ်နေသည်။ လူစဲလျှင် မီးဖိုထဲက ထွက်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

လာကာ တွေ့ဆုံပြောဆိုပြီးနောက် မီးဖိုထဲသို့ပြန်ပြေးရလေ၏။ နေ့လည်ဘက် လူနာများ အလာစဲသွားချိန်၌ စောင့်ကြိုခေါ် နေကြသော လူနာရှင်များ ကားပေါ် သို့ တက်လိုက်သွားကာ အသဲအသန်လူမမာများကို လိုက်ကြည့်ရလေသည်။

ရှမ်းပြည်ကိုတင်အေး၏ သားအိမ်ကင်ဆာလူနာမှာ ဂန္ဒီဆေးရုံမှ မြောက်ဥက္ကလာသို့ရွှေ့ယူလာသဖြင့် သူ့ထံသို့သွားရန် အသွားအပြန် အချိန်အတော်ကုန်သည်။

ဆေးရုံမှ လူမှန်းမသိတချက် သိတချက်ဖြင့် သေခါနီးဆဲဆဲ သယ်ချလာသော လူနာကို ကိုယ့်လက်ထဲ၌ အသက်မထွက်ရန် အတော်ကြိုးပမ်းကုသရသည်။ ဝမ်းဗိုက်ကို ဆားနှင့်ကြပ်စီး၍ တမျိုး၊ ရေစည်ပိုင်းထဲ တကိုယ်လုံး မြုပ်အောင်ထည့်ကာ… ညဥ့်သိပ်ရေစိမ်၍တနည်း၊ ဒါန်းလွှဲ၍တဖုံ၊ နည်းမျိုးစုံ ကြံဆကုသရလေသည်။ ထက်မြက်သောအနံ့များ မပြတ်ပေး၍ ထက်မြက်သော အာဟာရများကို ရွေးချယ်ကျွေးကာ အနာ၏ လက္ခဏာအတိုးအလျှော့ မပြတ်စောင့်ကြည့်အကဲခတ်နိုင်မှ အသက်ချမ်းသာဘို့ လမ်းရှိသည်။

သတိမရတချက် ရတချက်နှင့် အနားလူမကပ်နိုင်အောင် အပုပ်နံ့လှိုင်နေသော လူမမာသည် တပတ်လောက်အတွင်း အနံ့များပျောက်ကာ ထနိုင်ထိုင်နိုင်သွား၏။

"ဆရာမရယ်…ကျုမတော့ သေပြီ အောက်မေ့တာပါ၊ ကျေးဇူးကြီးပါတယ်၊ ကျုမကို ခဏခဏလာကြည့်ပါနော်…"

ရှမ်းသံဝဲဝဲဖြင့် မျက်ရည်ကလေး တလည်လည်ဆီး၍ ပြောသည်။ သူ့အနားတွင် ထိုင်ကာ စိတ်ရှည်လက်ရှည် အားပေးစကားဖြင့် နှစ်သိမ့်ရသည်။

"ကျုမ ပြောတဲ့အတိုင်း အတိအကျ လုပ်နိုင်ဘို့ အရေးကြီးတယ်၊ တခုမှမှားလို့မရဘူး၊ ဒီဝေဒနာမျိုးက အမှားမခံဘူး၊ မှားသွားရင် ကုလို့မရတော့ဘူး"

လူနာ၏ ခင်ပွန်းသည် စဝ်ခွန်ဦးက "စိတ်ချပါဆရာမ… မမှားရပါဘူး"ဟုတာဝန်ခံလေ၏။

ဆိုးဝါးသောအခြေအနေမှ မျက်လှည့်ပြလိုက်သလို တပတ်အတွင်း အခြေအနေကောင်းသွားပုံကို အားရကျေနပ်နေကြကာ ကျေးဇူးတင်စကားသာ မိုးမွှန်အောင် ပြောနေကြသည်။ သက်သာသည်ဟု ပေါ့ဆသွားမှာ စိုးရိမ်လှသဖြင့် ကျုမ ပြောသည့်အတိုင်းမလုပ်ဘဲ တိမ်းမှားသွားလျှင် ဘယ်နည်းနှင့်မျှ နောက်က လိုက်၍ မရကြောင်း မမှားစေရန် အထပ်ထပ်ဖိပြောခဲ့ရသည်။

တက္ကသိုလ်ဆံသ ဆံပင်ညှပ်ဆိုင်ဘေးရှိ အဆွေတော်ဓာတ်ပုံတိုက်မှ လူနာမှာလည်း စိုးရိမ်ရသည့်အတွက် အတိအကျ လုပ်ပါရန် စောင့်ကြည့်နှိုးဆော်ရပေသည်။

"အိမ်ကလူကြီးတွေက ဒီအနာကို ဗမာဆရာနဲ့ကုသတာ ကြိုက်ကြတာ မဟုတ်ဖူး၊ ဆရာဝန်ဘက် သန်ကြတာ… ကျနော်ကတော့ ကိုယ့်ဇနီးဖြစ်နေလို့ စိုးရိမ်လွန်းလို့ ဆရာမနဲ့ကုရတာ၊ တခုခုများ ဖြစ်သွားရင်တော့ ကျနော်တော့ ဒုက္ခပါဘဲ"

လူနာရှင်သည် ကျုမကို လာစောင့်ခေါ် ကာ ကားမောင်းရင်း ပြောပြလာသည်။

"မမှားဘို့ အရေးကြီးတယ်၊ ပြောတဲ့အတိုင်း လုပ်ဖို့ အရေးကြီးတယ်..."

"ဒါကြောင့်ပေါ့ဆရာမ...ကျနော် အလုပ်မသွားဘဲ ခွင့်ယူပြီးအနားမှာ စောင့်လုပ်ပေးနေတယ်၊ ဆရာမ ရေစိမ်ခိုင်းတာ ဒါလောက်အဖျားကြီးနေတာ စိမ်ရမလားလို့ အိမ်က သိပ်မကြိုက်ဖူး၊ ကျနော်ကသာ အတင်းစိမ်တာဘဲ"

ကျမက ရယ်မောလိုက်လျက် "ရေစိမ်တော့မှ အဖျားပျောက်သွားတယ်မဟုတ်လား" ဟုပြောလိုက်သည်။

"ပျောက်ပေလို့သာပေါ့ဆရာမရယ်၊ မပျောက်များ မပျောက်ယင် အခက်ဘဲ၊ ဒါနဲ့ဆရာမအကျိတ်အခဲကြီး ဒါလောက်မာတောင့်နေတဲ့ဟာ ခားနဲ့မခွဲဘဲ အထဲကဟာတွေ ပေါက်ထွက်လာပါ့မလား"

"စိတ်ချ၊ အခုဆန်ထောင်းပြီး ဆေးနဲ့အုံပေးတာ သူ့အလိုလို ပေါက်ထွက်လာကုန်လိမ့်မယ်"

နုနယ်သော အသားအစိတ်အပိုင်း နေရာဖြစ်၍ အဆုပ်အသည်းတွေနှင့်နီးကပ်လှသဖြင့် ပြောသည့်အတိုင်း လုပ်ကြရန် မလွဲမှားရန် အထပ်ထပ်သတိပေးရသည်။ အနာမပျောက်မှာကို မပူရဘဲ ပြောသည့်အတိုင်း မလုပ်ကြမှာကို လန့်နေရသည်။

အထပ်ထပ်အခါခါ သတိပေးနေသည့်ကြားကပင် ဥက္ကလာပလူနာမှာ ဆီးချုပ်သွားပြီး ရောဂါဖောက်လာသည်။ လူနာရှင်များ မျက်လုံးမျက်ဆန်ပြူးလာကြသည်။

"ရှင်တို့မှားလို့ဖြစ်တာ ရောဂါသုံးပုံနှစ်ပုံကျသွားပြီးမှ ဖောက်လာတာ မှားလို့ဘဲ ဘာမှားသလဲဆိုတာ ကျမကို ပြောပါရှင်"

"ဆရာမပြောတဲ့အတိုင်း လုပ်နေတာဘဲ ဘာမှမမှားပါဘူး"

တညလုံး တနေ့လုံး ဆီးသွား၍ မရတော့ဘဲ ဆီးချုပ်သွားခြင်းသဘော အစားမှား၍ မဟုတ်နိုင်၊ အနံ့ဖြစ်စေ အထိအတွေ့ဖြစ်စေ မှားသွားကြောင်း ထင်ရှားနေသည်။

"ရှင်တို့ ရေမှုစိမ်ရဲ့လား..."လို့ စစ်ကြောမေးမြန်းရပြန်သည်။

"ဆရာမ စ,ကုတဲ့နေ့ကစပြီး နေ့စဉ် စိမ်နေတာဘဲ"

"ညဥ့်သိပ်ရေ ဟုတ်ရဲ့လား"

စဝ်ခွန်ဦးသည် တွေ၍သွားကာ ငိုင်တိုင်တိုင်နှင့်ခပ်အမ်းအမ်း ဖြစ်သွားသည်။ ပြီးမှ ခပ်ဖြည်းဖြည်း ခပ်ဆိုင်းဆိုင်း ပြန်ဖြေသည်။

"အခု သုံးလေးရက် စိမ်တာတော့ ဆရာမ ညဥ့်သိပ်ရေ မဟုတ်ဖူး၊ သူလဲ အတော်ကြီးသက်သာလာတာနဲ့ ညဥ့်သိပ်ရေက အေးတယ်ဆိုပြီး နေ့လယ် ၂-ချက်လောက် ဘုံဘိုင်ပိုက်က ရေယူပြီးစိမ်တယ်၊ ရေကတော့ ပူတယ်"

ကျမမှာ စကားမပြောနိုင်အောင် ဖြစ်သွားသည်။ စိတ်ထဲ၌လည်း မချင့်မရဲကြီး ဖြစ်သွားကာ နှုတ်ခမ်းများကို တင်းကြပ်စွာ စေ့ထားမိလိုက်သည်။

E-book is created by www.shanyoma.org

"သူ့ဓာတ်က အပူကြိုက်တဲ့ဓာတ် မဟုတ်ဘူး၊ အအေးကြိုက်တဲ့ဓာတ်ဖြစ်လို့ တမင်ကို ညဥ့်သိပ်ရေ စိမ်ခိုင်းတာရှင့်၊ ရေအေးအေးကြီးစိမ်လို့ ခုလောက်မြန်မြန် ထနိုင် လျှောက်နိုင်ဖြစ်လာတာ အပုပ်နံ့တွေ ပျောက်သွားတာလဲ ရေအေးသတ္တိကြောင့် ပျောက်သွားတာ၊ ရှင်တို့ဆေးရုံမှာ နေ့စဥ် ဒီသားအိမ်ကို မီးပြမီးကင်လာခဲ့တယ် မဟုတ်လား၊ နေ့တိုင်း အပူဓာတ်ပေးလာတာ အပုပ်နံ့ထွက်လာပြီး မထနိုင် မထူနိုင်အောင် ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟိုမှာ နေ့တိုင်း မီးကင်တာ မသက်သာပါဘူး၊ အနံ့ထွက်လာတော့မှဘဲ နောက်ဆုံး မရဘူး ပြောလိုက်ကြတော့တာဘဲ"

"ကျမတို့ ကုသတာက ရောဂါကို အဓိကထားပြီး ကုသတာ မဟုတ်ဖူး၊ အဓိကထားတာက အပူကြိုက်တဲ့လူလား အအေးကြိုက်တဲ့လူလားဆိုတာ ခွဲခြားပြီးမှ ကုတာဟာ ကျမပညာဘဲ၊ မြစ်ကြီးနားက ရဲဝန်ထောက်ကတော်ဟာ ဒီပုံအတိုင်း ဖြစ်တာဘဲ၊ သူ့ကျတော့ သူက အအေးကြိုက်တဲ့ဓာတ် မဟုတ်ဘဲ အပူကြိုက်တဲ့ဓာတ်ဖြစ်နေလို့ ရေအေးဆိုလို့ တပေါက်တစက်မှမထိစေဘဲ ရေနွေး ဒါမှမဟုတ် ရေကို နေပြပြီး ပူတဲ့ရေနဲ့ကုပေးလိုက်လို့ အသက်ချမ်းသာသွားတာ၊ အနာချင်းတူပေမဲ့ လူချင်းမတူကြလို့ ကုသနည်း တူတာမဟုတ်ဖူး၊ အခု ရေပူသုံးရက်စိမ်တော့ အပုပ်နံ့ပြန်မထွက်လာဘူးလား"

"နံနံထွက်လာတယ်ဆရာမ"

ကျမမှာ ငိုင်ကျသွားသည်။ မမှားပါနဲ့ဟု အတန်တန် သတိပေးပါလျက် သူနှင့်အခိုက်ဆုံးဖြစ်သော အပူဓာတ်ကိုမှ လုပ်မိအောင် လုပ်လိုက်လေသဖြင့် ကိုယ့်သေကွင်းမှ ကိုယ်ရွေးစုပ်မိသလို ဖြစ်၍ အဖြေရခက်လှလေသည်။ သက်သာပြီးမှ အမှားလုပ်မိ၍ ပြန်ဖောက်လာခြင်းလက္ခဏာသည် အသက်ရှင်နိုင်ဖို့ရာ လမ်းမမြင်ချေ။

"ဆရာမရယ် ကျနော်တို့ မှားသွားပါပြီ ကယ်နိုင်ရင် ကယ်ပါအုံး၊ အခုတော့ မနေနိုင် မထိုင်နိုင်အောင် ဖြစ်နေပါပြီ"

တိုးလာသောဝေဒနာကို နောက်ထပ် ဆယ်ဆလိုက်ပြီး အမှီလိုက်၍ ဖျက်နိုင်မှ ချမ်းသာရာလမ်းမြင်သဖြင့် ကျမမှာ ဦးနှောက်ပူခြောက်သွားအောင် အနည်းနည်း အဖုံဖုံ ကုထုံးပြောင်းရလျက် ရောဂါနှင့်တိုက်ပွဲဆင်ရသည်။

ဥက္ကလာပမှ ကျမပြန်လာလျှင် ကျမမှာ လူနာကဲ့သို့ပင် အိပ်ရာပေါ်၌ ခွေသွားသည်။ မော်တော်ကားဆောင့်သောဒဏ်ကြောင့် ခြေကုန်လက်ပန်းကျကာ မလှုပ်ချင်အောင် ဖြစ်သွားသည်။ လူနာပေါ်၌ အာရုံသိပ်စိုက်ရသဖြင့် ဦးနှောက်များ ပွက်ဆူပြီး ခေါင်းချွေးများပင် စီးကျနေသည်။ ကျမအပြန် စောင့်နေကြသော လူနာအုပ်ကား ဧည့်ခန်း၌ ထိုင်နေကြသည်။

"ကိုယ့်ကိုယ်ကို ပြန်ကြည့်အုံးမမ၊ မော်တော်ကားဆောင့်တာ တနေ့ မမ စုခံရမနော်"

ဥက္ကလာပမှ ပြန်လာတိုင်း ညီမဝမ်းကွဲ မကြည်က သတိပေးသည်။

ပုံနှိပ်တိုက်ဖက်သို့ မရောက်တော့သည့်ရက်များကို ဘယ်နှစ်လ ဘယ်နှစ်ရက်ဟု လက်ချိုး

E-book is created by www.shanyoma.org

၍ တွက်ကြည့်မိသည်။

အိမ်နေပြီး အနားရသလားဟု စစ်ဆေးကြည့်မိသည်။ စစ်ဆေးကြည့်ခါမှပင် မနားရပါကလားဟု ပိုမို၍ စိတ်မောကိုယ်မောဖြစ်သွားသည်။ ရှမဝမဂ္ဂဇင်းတွင် ဝတ္ထုတို ၃ ပုဒ်၊ ဆောင်းပါး ၂ ပုဒ်သာ ရေးနိုင်ခဲ့သည်။ အနားမယူခင်က လစဉ်မှန်မှန် ရေးသားနိုင်သေးသည်။ ယခုသော် အနားယူကာ အိမ်နေတော့မှ မိုးလင်းကမိုးချုပ် ရှိရှိသမျှသော အချိန်တို့သည် ကိုယ်ပိုင်ဆိုင်သော အချိန်များ မဟုတ်တော့ပေ။

# ၄

စောခွန်ဦးသည် လူနာစိတ်ချလောက်သော အခြေအနေပြန်ရောက်သွား၍ လူနာကို အပ်ခဲ့ကာ ပင်းဒယသို့ ခေတ္တပြန်သွားလေသည်။ အဆွေတော် ဓာတ်ပုံတိုက်မှ လူနာမှာ အနာပေါက်ထွက်သွားပြီဖြစ်၍ အနာပြန်မှကျက်ပါ့မလားဟု စိုးရိမ်သောက ရောက်လာပြန်သည်။

"အနာကျက်ဖို့က အလွယ်ကလေးရယ်၊ အထဲက မကောင်းတာတွေ ကုန်စင်သွားမှ ကျက်အောင် လုပ်ရမယ်"

"ဒီအနာပေါက်ကြီးတွေဟာ ဘယ်နည်းနဲ့မှ ကျက်နိုင်မှာ မဟုတ်ဘူးလို့ ထင်နေကြတယ် ဆရာမ၊ အထဲကဟာတွေ မကုန်ချင်နေပါစေ၊ ကျက်အောင်သာ လုပ်ပေးပါ"

ကျမမှာ ဆေးဆရာဘဝကို တခါတခါ စိတ်ကုန်ခန်းသွားသည်။ အရင်လိုမကောင်းသည်ကို အလိုမလိုက်နိုင်သည့်အတွက် လူနာနှင့်ဆန့်ကျင်နေသည်။ ရင်အုံတခုလုံး ကင်းခြေကဲ့သို့သွားနေသော အမြစ်ရှိသည့်နေရာက တပေါက်ပြီးတပေါက် ပွင့်ယိုစီးလာသောပြည်ပုပ်ပြည်ခဲတို့ကုန်စင်မှသာ အမြစ်ကို သတ်ရန်ဖြစ်၍ တပေါက်ပြီးတပေါက် ပွင့်လာသည်ကို မကြောက်ရန် မလောရန် နားချပြောဟောရလေသည်။ လူနာရှင်များမှာ 'အနာကြီး ကျက်နိုင်ပါတော့မလား၊ တအုံလုံး လျှောက်စားသွားလိမ့်မယ်'ဟု စိုးရိမ်ကြောင့်ကြ ကြီးမားနေကြလေသည်။ အနာနှင့်မဟုတ်ဘဲ အနာရှင်၏ ဓာတ်နှင့် အထိဆုံးဖြစ်ရမည် ဖြစ်သောဆေးကို ရှာကြည့်လိုက်ရာ ညနေလေးနာရီပန်း မြေဇူရွက်ကို တွေ့သည်။ မြေဇူရွက်ကလေးကပ်လိုက်ရုံမျှနှင့်ပင် ရှတ်တရက် မကျက်နိုင်ဘူးဟုထင်မှတ်နေကြသောအနာကြီးမှာ မိမွေးတိုင်း ဖမွေးတိုင်း အကောင်းပကတိ ပြန်ဖြစ်သွားသည်။

ရှမဝမှ စာမူကော်ပီတောင်းနေ၏။ တလပြီးတလ ရွှေ့ခဲ့ရ၍ ရွှေ့လဲ့ ပါရန်ဟု လူရှင်းတုန်း စားပွဲ၌ ထိုင်လိုက်သည်။ 'သာကေတကမ်းခြေဦးမှ'ဟုအမည်ပေး၍ စာရေးနေစဉ် ရှတ်တရက် ပင်းဒယမှ စောခွန်ဦး ပေါက်လာလေ၏။ မျက်စိမျက်နှာပျက်လာသောကြောင့် စိတ်ထဲထင့်သွားသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

"ကျနော့်ကို သံကြိုးရိုက်ခေါ်လို့ အမြန်ပြန်လာခဲ့တယ်၊ လူနာက ညက တညလုံး ဝမ်းပေါက်တယ်၊ မရပ် မပိတ်တော့ဘူး၊ ခုချိန်ထဲ သွားတုန်းဘဲ၊ အမောလဲ ဖောက်လာဘီ"

ကျမသည် အံ့အားကြီး သင့်နေသည်။

"တလောက ကျမရောက်တုန်းက အကောင်းဘဲ။ ကျမနဲ့တနာရီလောက်ဘဲကြာမယ်၊ ထိုင်ပြီး စကားပြောနေတာ ဘာများ မှားကြပြန်သလဲရှင်၊ ဝမ်းပေါက်တာ အစားမှားပြီ"

စောခွန်ဦး၏ ပျက်နေသော မျက်နှာမှာ ညိုမဲ၍ သွားသည်။ မျက်ခုံကို လှန်လိုက်ချလိုက်နှင့် တုန်ရီသောအသံ ထွက်လာသည်။

"ကျနော် မရှိတုန်း ခရမ်းချဉ်သီး စားမိတယ်ဆရာမ၊ စားကောင်းလို့ နေ့စဉ်ဆက်စားသတဲ့"

ကျမ နှုတ်မှ "ဘုရား…ဘုရား"ဟုထွက်သွားသည်။ ကျမမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းသွားသည်။ လူနာနှင့်မတည့်သောအစာအာဟာရထဲတွင် ခရမ်းချဉ်သီးမှာ သူနှင့်အခိုက်ဆုံးသောဓာတ်ဖြစ်ပြီး ကိစ္စချောပြီဟု တွက်လိုက်ပြီးဖြစ်သည်။

ကျမက အသံပျက်ပျက်နှင့်'ကျမစားဘို့ပေးထားတဲ့စာရွက်ထဲမှာ ခရမ်းချဉ်သီးပါသလားရှင်'ဟုမေးလိုက်သည်။

"မပါဘူးဆရာမ ခရမ်းချဉ်က ကျနော်တို့ ရှမ်းပြည်မှာ ဘယ်ဟင်းချက်ချက် ကြက်သွန်သုံးသလိုဘဲ ခရမ်းချဉ်သီးသုံးတာ ဓလေ့ဖြစ်နေတယ်၊ အဲဒီတော့ ဘာမှမဖြစ်တန်ရာဆိုပြီး ချက်စားတာဘဲ"

ကျမ ရင်ထဲ တလှပ်ဖြစ်သွားသည်။ အနာကုရသည်မှာ ဒီလောက်မပင်ပန်းမခက်ခဲဘဲ၊ မမှားစေရန်အတွက် စာရွက်ထဲမပါတာ မစားရန် အာပေါက်အောင် သတိပေးနေသည့်ကြားထဲမှ မှားမိအောင် မှားလေခြင်းဟုရင်ထုမနာဖြစ်သွားသည်။ ယခင်က ရေပူကြီးစိမ်ခဲ့ပြီး ဒုက္ခများသွားစဉ်က နောက်ကလိုက်၍ အဖတ်ဆယ်နိုင်သေးသည်။ ယခုမူ ဆေးရာမျက်စိနှင့်တွက်လျှင် စဝ်ခွန်ဦး ဥက္ကလာပမှ ကျမဆီသို့လာနေသည့်အချိန်တွင် အသက် ထွက်သွားနိုင်သည့်အခြေအနေမျိုး ရှိနေသည်။

"မရတော့ပါဘူး၊ နေ့တောင် မကူးတော့ဘူး ထင်တယ်။ တညလုံး ဝမ်းပေါက်တယ်ဆိုတော့ အနာက လက်ဦးသွားပြီ၊ နောက်က လိုက်ဖို့မမှီတော့ဘူး ထင်တယ်၊ အသက်မထွက်ခင် မချိမဆန့် မမောရအောင် ရင်ကို ဓာတ်ဆေးရည် နိုင်နိုင်ဖျန်းပေးဘို့ဘဲ ရှိတော့တယ်…"

"သေချင်တဲ့လူဟာ ဆရာမ၊ ဘယ်လောက်အမှန်နဲ့တွေ့တွေ့ ကြံဖန်ပြီးအမှားနဲ့ကို တိုးပါတယ်၊ ကျနော် ရောက်လာလို့ကြည့်လိုက်တော့ ဆေးရုံက မရတော့ဘူးဆိုလို့ ချလာတဲ့အခြေအနေမျိုး ပြန်ဖြစ်နေပါပြီ"

မြစ်ကြီးနားမှ ရဲဝန်ထောက်ကတော်ကို ကုခဲ့စဉ်က သားအိမ်အတွက် ရေနွေးအပူဓာတ်ပေးကာ ခရမ်းချဉ်သီးကို စားနိုင်သလောက် စားပါဟုဓာတ်ပေးခဲ့သည်။ ရောဂါချင်းတူသော်လည်း

ခေတ်ချင်း မတူပါက တဦး၏ အစာ တဦး၌ အဆိပ်ဖြစ်ကြောင်း ရှင်းပြောပြသည်။ ရေအေးနှင့် မတည့်သော အပူနာသမားများ စားရမည့်ပုံနှိပ်ခေတ်စာရွက်ကို ထုတ်ယူခဲ့လျက် ခရမ်းချဉ်သီးကို ထောက်ပြလိုက်သည်။

"အဆိပ်တော့ဖြစ်သွားပါပြီဆရာမ၊ ကျွန်တော်လဲ ရှင်မယ် မထင်တော့ပါဘူး၊ ရုပ်က ပျက်သွားပါပြီ"

ကျမထံမှ ရင်နာနာနှင့် ထပြန်သွားသော စောခွန်ဦးထက် ကျမမှာ ပြောဘွယ်ရာ မရှိအောင် စိတ်မချမ်းသာ ဖြစ်ကျန်ရစ်ခဲ့သည်။

ခရမ်းချဉ်သီးဆိုလျှင် တနိုင်ငံလုံး တကမ္ဘာလုံးနှင့် တည့်သည်ဟုယူဆထားကြသည်။ ဗီတာမင်ခေတ် ပါသည်။ အားရှိသည်ဟုလက်ခံယူဆထားကြသည်။ ခရမ်းချဉ်သီး သတ်၍သေ သေသောမသာဟု မည်သူက လက်ခံပါမည်နည်း၊ အစားမတော်တလုပ် အသွားမတော်တလှမ်း ဆိုသော ရှေးစကားအတိုင်း မတည့်သောအစာနှင့်အသက်ဆုံးရှုံးပုံကို သင်္ချိုင်းစာရမိတော့သည်။

စပ်ခွန်ဦး ထသွားပြီး ပြတင်းပေါက်မှမျှော်ကြည့်လိုက်သည်။ ကျမတို့အိမ်ရှေ့ တရုပ်ခြံတွင် ခြံစည်းရိုးတလျှောက် မြက်ခြောက်များကို မီးတိုက်ထား၍ မီးတောက်မီးလျှံများ အရှိန်ပြင်းစွာ တောက်လောင်နေသည်။ တဖြစ်ဖြစ် မြည်လျက်ရှိသော မီးပုံထဲတွင် မီးတော်မီးညွှန့်တို့ ဝါးဟပ်နေကြသည့် ချုံပုတ်မြက်ဖုတ်တို့ကို မမြင်ဘဲ ဥက္ကလာပတွင် စကားလက်ဆုံကျကာ ရယ်မောစကားပြောနေသော လူနာကိုသာ စန့်စန့်ကြီး မြင်နေမိတော့သည်။

သူ့အတွက် အပင်ပန်းခံခဲ့လေသမျှ အချီးအနှီး ဖြစ်ရခြင်းလည်း ဝမ်းနည်း၏ ။ သူချစ်လှသော သားငယ်ကလေး စွန့်ပစ်ခဲ့လေပြီဟုလည်း ဝမ်းနည်းလှ၏ ။ ကျမရင်ထဲ၌ တဒိတ်ဒိတ်ခုန်လာသည်။

ရင်ထဲ မကောင်းလှ၍ အိပ်ရာပေါ်၌ ခွေလှဲနေလိုသဖြင့် အခန်းထဲသို့ ဝင်လာခဲ့သည်။ ကုတင်ပေါ်တွင် မလှဲခင် အိမ်ထောင်ရှင်အမျိုးသမီးများ တွေ့ကြုံခံစားရတတ်သော ဝေဒနာတခု ဖြစ်ရန် လက္ခဏာပြလာသည်။

ကျမမှာ ထိုဝေဒနာမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့၍ အတွေ့အကြုံမရှိသောအတွေ့အကြုံရှိဘူးသော မကြည်ကို လှမ်းခေါ်လိုက်သည်။ မကြည်နှင့်ဒေါ်ဒေါ်သည် အခန်းထဲသို့ ပြေးဝင်လာကြကာ မျက်နှာပျက်သွားကြလေသည်။

"အဲဒါ မမ... ကိစ္စများချင်တဲ့သဘောဘဲ"

"ဟေ..."

"အဲဒါကြောင့် မမကို တဖွဖွပြောနေတာ၊ စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဘာမှမခံရဘူး၊ ငြိမ်ငြိမ်နေရတယ်မမရဲ့၊ မမက စိတ်ရော ကိုယ်ရော သိပ်ပင်ပန်းခံတာဘဲ၊ အိမ်ပြောင်းတုံးကလဲ မမ ကြည့်ရတာ တော်တော်ပင်ပန်းတယ်၊ ဥက္ကလာပလူနာဆီ သွားနေတာလဲ မော်တော်ကားက ဘယ်လောက်ဆောင့်သလဲ"

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

"အဲဒီဥက္ကလာပအကြောင်း မပြောစမ်းပါနဲ့ဟာ"

မကြည်သည် 'ထိုင်၊ ထိုင်မမ'ဟုဆိုကာ ကျမကို ဖေးမလျက် ကြမ်းပေါ်တွင် အသာထိုင်ခိုင်းသည်။

ကျမသည် ပြောပြီး ရယ်ချင်လာပြီး ခစ်ခနဲရယ်လိုက်သည်။ မကြည်သည် စိုးရိမ်ကြီးစွာ မျက်မှောင်ကြုတ်ထားရာက မျက်လုံးကြီး ပြူးသွားကာ "မမ မကိုက်ဘူးလား"ဟုရယ်နေသော ကျမ မျက်နှာကို အံ့အားသင့်ဟန်ဖြင့် ကြည့်လျက်မေးသည်။

"ဟင့်အင်း...ဘာမှမဖြစ်ဘူး"

"အဲဒါဟာ မမဓာတ်က တော်တော်ကောင်းလွန်းလို့ဘဲ ဒါမျိုးဖြစ်တဲ့မိန်းမတိုင်း တရာမှာ ကိုးဆယ့်ကိုးယောက်ဆိုပါတော့ ကိစ္စမပြီးမချင်း ကိုက်တာ ခဲတာအပြင်းအထန် လှိမ့်ခံရတာဘဲ"

"ဟေ... ဟုတ်ကလား"

နာကျင်ခြင်း တစိုတစေ့မျှ မဖြစ်ပေါ်ဘဲ ကိစ္စပြီးသွားသည်။ မကြည်သည် ဇလုံငယ်တခု တွင် နနွင်းများ ဖျော်ကာ ကျမဆီသို့ လာသည်။

"ကိုင်း မမ သူများတွေကိုတော့ ဒါမျိုးဆိုတာ အကောင်းထက် ဂရုစိုက်ရတယ်၊ မပေါ့ရဘူး၊ နနွင်းနိုင်အောင် လူးရမယ်လို့ ခိုင်းခဲ့တာတွေ ကဲ–ကဲမမလူးပေတော့"

ကျမမှာ ပြုံးနေရာမှ ရှုံ့မဲသွားသည်။ အဖြစ်မျိုးစုံသည့်ဘဝကို ရယ်ချင်နေရာက နနွင်းကို မြင်ပြီး ငိုချင်သွားပြန်သည်။

ကျန်းမာရေးကို ရှေ့ရှုကာ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် နနွင်းတွေ တကိုယ်လုံး ဝင်းထိန်နေအောင် လိမ်းလိုက်ရသည်။

"ဒေါ်ကြီး...လူနာလာပါတယ်"၊ အိမ်ဖော်မိန်းကလေး အညွန့်သည် အခန်းထဲသို့ပြေးဝင်လာသည်။

"ဘုရား...ဘုရား...နနွင်းတွေနဲ့ မတွေ့ချင်ဘူးဟာ ဘယ်သူများပါလိမ့်"

"ရေဝန်ရုံးက မင်းကြီးဦးဝင်းဖေရဲ့ဇနီးတဲ့"

ကျမမှာ အကြပ်ရိုက်ကာ ငိုင်သွားသည်။

"ရောဂါပြချင်လို့ လာတာပါ၊ တွေ့ပရစေတဲ့"

အတန်ကြာအောင် ငိုင်နေရာမှ သက်ပြင်းချလျက် 'ကိုင်းဟာ အခန်းထဲသို့ခေါ်ခဲ့ပေတော့'ဟု ဆိုလိုက်သည်။

အမျိုးသမီးနှစ်ဦး ကျမအိပ်ယာဘေးသို့ ရောက်လာကြသည်။ မီးနေသည်ရုပ် ပေါက်နေသော ကျမဖြစ်ပုံကို ကြည့်၍ အံ့အားသင့်သွားကြသည်။ ကျမက အခုချက်ချင်း ဖြစ်သွားသော ကိုယ့်အခြေအနေကို အရင်ရှင်းပြောပြီးမှ သူ့ရောဂါကို စစ်ကြောမေးမြန်းရသည်။

ဧည့်သည်လူများများ အခန်းထဲက ထွက်သွားသောအခါ ကျမမှာ အားနည်း၍ ကျန်ရစ်ခဲ့သည်။ သွေးအားနည်းနေခိုက် လူနာပေါ်၍ အာရုံစူးစိုက်ရခြင်းဖြင့် အားကုန်သွားကာ အသံ

မျှားပင် တုန်နေလေသည်။ အိပ်ယာပေါ်၌ ပြန်လှဲကာပင်ရှိသေး၊ အခန်းတံခါး ပွင့်လာပြန်သည်။
'ဒေါ်ကြီး လူနာလာပါတယ်'

ကျမသည် အိပ်ယာပေါ်မှ အညွန့်ကို အားယူ၍ လှမ်းကြည့်နေသည်။ ဘာပြောရမှန်း မသိအောင် ခက်နေသည်။ နန္ဒင်းတွေ ထိန်နေလျက် ယခုလို အားနည်းနေချိန်ဝယ် ဘယ်လူနာနှင့်မျှ မတွေ့ချင်ပေ။ မတွေ့ချင်၍ မတွေ့ချင်သလို နေလိုက်မည်ဟု ဖြစ်ပေါ်သောစိတ်နှင့်'တာဝန်ရှိသည်'ဆိုသောစိတ်တို့ တဖက်နှင့်တဖက် လွန်ဆွဲနေကြလေသဖြင့် အညွန့်မှာ အတန်ကြာအောင်ပင် ရပ်စောင့်နေရသည်။

"မမတော့ ခက်တာဘဲ"ဟု အနား၌ စောင့်နေသောမကြည်က ညည်းနေသည်။

"ဘယ်သူများလဲဟာ လာနေကျလူလား"

"ဘယ်သူလဲတော့ မသိဘူး၊ အသားဖြူဖြူ မိန်းမ ပိန်ပိန်ဘဲ ရောဂါသည်ပြချင်လို့တွေ့ပရစေတဲ့"

"ကိုင်းဟာ ခေါ်ခဲ့ပေတော့"

"မမလေးတော့ ကိုယ့်အတတ်နဲ့ ကိုယ်စူး နှုတ်လို့မရဘူး"ဟု ဆရာမင်းသုဝဏ် တခါက ရှုမဝ၌ ကျမကို ပြောဘူးသဖြင့် ဆရာကို သတိရလိုက်ကာ အခုမှ တကယ်စူးတာဘဲဟု စိတ်ထဲက ပြောလိုက်မိသည်။

အသက် ၄၀ ကျော်ခန့် အသားဖြူဖြူ ပိန်ပိန်ပါးပါး မိန်းမတဦးနှင့်ခလေးမတယောက် ကျမကုတင်နားသို့ ရောက်လာကြသည်။

ကျမကို မြင်မှ အလွန်အားနာသွားသည့်ဟန်ဖြင့် အန်းနေကြသည်။

ကျမသည် အိပ်ယာမှ ထလိုက်ကာ ဆံပင်များ နန္ဒင်းမပေအောင် ခေါင်းပေါင်းထားသော အဝတ်ဖြူကို ဖြုတ်ချလျက် အားတင်း၍ ပြုံးလိုက်ရသည်။ လူနာ၏ဝေဒနာကို မစစ်ဆေးခင် ဆရာ့ဝေဒနာကို အရင်ရှင်းပြောရသည်။

"ကျမက မြင်ကွန်းမင်းရဲ့သမီးတော်ပါ။ ပြင်သစ် အင်ဒိုချိုင်းနားမှာ ဖွားပါတယ်"ဟု အစချီ၍ ရာဇဝင်နောက်ကြောင်း ပြန်ကာ လက်ရှိခံစားနေရသောဝေဒနာကို ဆက်ပြောပြသွားသည်။ ညင်သာသော အသံနှင့်သိမ်မွေ့ပျော့ပြောင်းသော အမူအရာတို့မှာပေါ် လွင်ထူးခြားနေသည်။ နာရီဝက်ခန့် ဝေဒနာကို စစ်ဆေး၍ ဆေးဝါးမာတ်စာများ ပေးလိုက်သည်။ အခန်းထဲမှ လူနာဧည့်သည် မထွက်မီ အခန်းထဲသို့ အညွန့်ဝင်လာပြန်လျက် ဧည့်သည်ရောက်ကြောင်း လက်ရိပ်ခြေရိပ်နှင့်လာပြသည်။ ဧည့်သည် ထွက်သွားမှ ဘယ်သူလဲဟု မေးရသည်။

"ဟို...သည်းခြေပျက်ပြီး တခစ်ခစ် ရီနေတဲ့လူနာလေ... သူတို့သားအမိလာတယ်၊ တွေ့ပရစေတဲ့"

"ခေါ်ခဲ့... ခေါ်ခဲ့..."

"မမ သိပ်စကားမပြောနဲ့၊ မမအသံဟာ မောနေတယ်..."ဟု မကြည်က သတိပေးသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အခန်းထဲဝင်လာသော သားအမိမှာ ကျမကို အားနာနေကြသည်။ ကေတီကျောင်းဆရာဦးကျော်တင့်၏ တူမလေး ဖြစ်သည်။ ရောဂါဝေဒနာ ပျောက်ကင်းသွားသဖြင့် အလုပ်ဝင်သင့် မဝင်သင့် လာမေးကြခြင်း ဖြစ်သည်။

ဤမိန်းကလေး၏ သည်းခြေပျက်သောဝေဒနာကို ပျောက်အောင် အသံနှင့်ကုခဲ့ရသည်။ အမှန်စင်စစ် သူ့ရောဂါပျောက်ကင်းအောင် ကုသသူမှာ ရွှေမန်းတင်မောင်၊ စိန်အောင်မင်းနှင့် ဦးမင်းကျော်တို့ ဖြစ်ကြ၏။ ဘယ်နေရာ၌ ဇာတ်ပွဲရှိသည်ကို သတင်းထောက်လှမ်းကာ ညစဉ်ည တိုင်း ဆိုင်းနောက်၌ နေရာခင်းခိုင်းပြီး မိန်းကလေးကို ဆိုင်းနှင့်ကုခဲ့ရသည်။ နတ်ဆိုင်းမှာ ဇာတ် သဘင်ဆိုင်းထက် အသံပြင်းထန်တက်ကြွ၍ နတ်ကန္နားပေးရာသို့လည်း မိန်းကလေးကို ခေါ် လျက် ဆိုင်းနား၌ နေခိုင်းရသည်။ ဆိုင်းသံဖြင့် ဝေဒနာပျောက်ကင်းသွားသည်။ စိတ်ချရသထက် ချရ အောင် တောင်မြင့်မြင့်ကို တက်ပြီးမှ အလုပ်ဝင်ပါဟုပြောလိုက်သည်။

လူနာညှော်သည်များ ထွက်သွားသောအခါ ခေါင်းထဲ၌ အုံနေသည်။ ရင်ထဲ၌လည်း တုန်နေ၍ မှိုင်းတိုက်ရသည်။ မှိုင်းတိုက်နေစဉ် ဒေါ် ဒေါ် အခန်းထဲသို့ ဝင်လာသည်။

"မမလေး… လူနာလာတယ်၊ ယောကျ်ားကြီးတယောက်"

ယောကျ်ားကြီးဆိုလိုက်၍ "မတွေ့ပါရစေနဲ့ဒေါ် ဒေါ် ရယ်၊ ကျမ နေမကောင်းလို့နောက်မှ လာပါ"လို့ပြောလိုက်ပါဟုပြောလိုက်သည်။

မကြည်က ရယ်မောလျက် 'ဆရာလုပ်နေပြီး နေမကောင်းဘူးလားလို့ အောက်မေ့သွား မှာဘဲ' ဟုပြောပြီး ထပ်ရယ်နေပြန်သည်။

ဒေါ် ဒေါ် အောက်ဆင်းသွားပြီး ပြန်တက်လာလေသည်။

"မတွေ့ရရင်လဲ နေပါစေ၊ ဆေးတော့ပေးပါတဲ့ သူ့တကိုယ်လုံး အနာတွေဖြစ်လို့မနေနိုင် မထိုင်နိုင်အောင် ယားလဲယား၊ နာလဲနာလွန်းလို့ပါတဲ့"

"ခက်တော့တာဘဲ"

မကြည်က ရယ်ပြန်၍ ကျမပါ ရောရယ်မိသည်။ 'အနာနေပုံ ဘယ်လိုလဲဆိုတာ သေသေ ချာချာ သွားကြည့်ပါအုံးဒေါ် ဒေါ်'

ဒေါ် ဒေါ် ဆင်းသွားပြန်သည်။

ရှေးရှေးက မိန်းမများ သွေးနုသားနုဖြစ်နေချိန်တွင် မီးတွင်းထဲတွင် သတင်းလာမေးသူ တိုင်း အပြောအဆို ဆင်ခြင်ကြရသည်။ ယားနာအကြောင်း ပြောမိလျှင် သွေးနုနေသော မီးနေ သည်မှာ ချက်ချင်း ယားယံတတ်လာ၍ အပြောအဆို အထူးဆင်ခြင်ကြသည်။ ကျမမှာ မရှောင် သာသော ဆေးဆရာဘဝကို တွေးမိကာ စိတ်ဆောင်ထားရသည်။

ဒေါ် ဒေါ် ပြန်တက်လာသည်။

"ခါးတောင်းကို မြောင်နေအောင် ကျိုက်ပြတယ်၊ တင်ပါးတွေရော၊ ပေါင်တွေရော အနာ တွေက ဂျပ်ထူကြီး အပြင်ကြီးဖြစ်ပြီး သွေးတစွတ်စွတ်၊ ပြည်တစွတ်စွတ်နဲ့"

"တော်တော့၊ ဒေါ်ဒေါ်"ဟုဆိုကာ ဆေးဝါးခါတ်စာ ပေးရသည်။

ဒေါ်ဒေါ် အခန်းထဲသို့သုတ်သီးသုတ်ပျာ ဝင်လာပြန်သည်။ကျမမှာ မှိန်းနေရာက မျက်လုံး မပွင့်တပွင့် ဖွင့်၍ "ဘာလဲဒေါ်ဒေါ်"ဟုမေးလိုက်သည်။

"စစ်ဗိုလ်နှစ်ယောက် လာတယ်၊ စိတ်ခါတ်စစ်ဆင်ရေးက ကိုစောဦးက လွှတ်လိုက်သတဲ့၊ မမလေးနဲ့တွေ့ပြီး လူနာအကြောင်း ပြောချင်လို့ပါတဲ့"

"အဲဒါမှ ခက်တော့တာဘဲ အောက်လဲ မဆင်းနိုင်ဘူး၊ အခန်းထဲ ခေါ်လို့လဲမဖြစ်နိုင်ဘူး၊ ဘယ်လိုလုပ် တွေ့မလဲ ဒေါ်ဒေါ်၊ ကြည့်သာ ပြောလိုက်ပါတော့၊ ယောကျ်ားဆေးသည်လာယင် ကြည့်သာပြောလိုက်ပါတော့"

ဒေါ်ဒေါ်သည် ကျမမှာထားသည့်အတိုင်း နေ မကုန်မချင်း နောက်ထပ်ရောက်လာကြ သော ယောကျ်ားလူနာဆေ့သည်မှန်သမျှ ကြည့်သာပြောလွှတ်နေသည်။ နေဝင်ချိန်တွင် 'မိန်းမ လူနာတွေ လာတယ်'ဟု လာပြောပြန်သည်။

အနားယူပြီး အိမ်နေမည်ဟု အနားယူချင်လှသော ကျမမှာ အိမ်နေပြီး တနေ့မှ မနား ခဲ့ရချေ။ ယခုလို သွေးအားနည်းချိန် အနားယူမှဖြစ်မည့်အခါမျိုး၌ပင် အနားမရသော ဘဝမှာ ငိုချင်စရာ ကောင်းနေတော့သည်။

အခန်းထဲသို့ ဆရာဇော်ဂျီ၏ ဇနီးမမရင်နှင့်ခလေးမလေးတယောက် ဝင်လာကြသည်။ မမရင်မှာ ကုတင်ပေါ်၌ နန္နင်းတွေ ထိန်နေသော ကျမကို တွေ့၍ အံ့အားသင့်သွားသည်။

"အို... ဘယ်လိုဖြစ်တာလဲ"

ကျမက အားယူ၍ ထလိုက်ကာ ဖြစ်သမျှ အကျိုးအကြောင်း ပြောပြသည်။

"ပင်ပန်းလွန်းလို့ ဒီလိုဖြစ်တာ... အပင်ပန်းမခံရဘူး၊ မမလဲ ပင်ပန်းပြီး ၂ လ ၃ လနဲ့ ဒီလိုဘဲဖြစ်ခဲ့ဘူးတယ်၊ ရေအိုးလှဲသွန်လိုက်သလိုပါဘဲကွယ်၊ သွန်လိုက်တဲ့သွေးတွေ လှူကို ဖျော့ဖြူ သွားတာဘဲ၊ သိပ်အားကုန်တာဘဲ၊ လှနေ မထနဲ့"

မမက ကျမကို အိပ်ယာပေါ်သို့ အတင်းပြန်လှဲခိုင်းလေ၏။ လူနာခေါ်လာမိသည်ကို အားနာသွားလျက် စကားမပြောရန် တားမြစ်သည်။

"တနေ့လုံး ထိုင်ပြောနေရတာပါ မမရာ... ပြောသာပြောပါ၊ ဒီကလေးမလေး ဘယ်လို ဝေဒနာ ဖြစ်လို့ပါလဲ"

မမက လက်ကာလျက် ခေါင်းကို ခါလိုက်သည်။

"အို... နောက်တော့ လာမယ်၊ ခုနေခါ လူနာအကြောင်း မစဉ်းစားတာ ကောင်းတယ်၊ ဖျားတာ နာတာမျိုးက ကိစ္စမရှိဘူး၊ သွေးသားနဲ့ပတ်သက်ပြီး အင်မတန် သွေးနုတုန်းမှာ ခေါင်း ရှုပ်ဘို့ မကောင်းဘူး... ငြိမ်ငြိမ်ကလေး နေပါ"

ကျမက ခလေးမလေးကို အားနာ၍ ဝေဒနာကို အတင်းမေးရကာ ဆေးဝါးခါတ်စာ များ ပေးလိုက်သည်။ မမမှာ အခန်းထဲမှ မထွက်ခင် တဖွဖွ အနားယူနေရန် သတိပေးပြီးမှထွက်

E-book is created by www.shanyoma.org

သွားလေ၏။ မမတို့ထွက်သွားပြီး ရွှေဘုန်းပွင့်လမ်းမှ ဆန်စက်သူဌေးဦးကြီးရှိန်၏ ညီနှင့်ခယ်မများ အရေးတကြီး ပေါက်လာပြန်လေသည်။ မိတ်ဆွေတဦး၏ သမီးကလေး အပျင်းဖျားတက်နေ၍ ကျမကို လာခေါ်သည်။ ကျမမှာ ရှည်ရှည်ဝေးဝေး မပြောရတော့ဘဲ "မြင်တဲ့အတိုင်းဘဲ အမြင့်ရေ..."ဟု ပြောလိုက်ရတော့သည်။

E-book is created by www.shanyoma.org

၄

တပတ်လုံးလုံး အခန်းထဲမှ မထွက်ဘဲ အခန်းအောင်းနေရလေသည်။ အခန်းအောင်းနေတုန်း နေ့စဉ်လာကြသော မိန်းမလူနာများကို အိပ်ရာပေါ်မှ ဆေးကုနေလျက် နေ့စဉ်လာကြသောယောကျ်ားလူနာများကိုကား ကြားလူထား၍ ကုသရသည်။

ကိုယ့်ကျန်းမာရေးအတွက် တပတ်လောက် လုံးဝအနားယူနေမှကောင်းမည်ကို သိ၏။ အနားယူ၍လည်း နေချင်မိ၏။ သို့သော် ကိုယ်နေချင်တိုင်း မနေရတိုင်း ဆေးဆရာဘဝ၏ အကြပ်အတည်းကို တစတစ ရိပ်စားမိလာသည်။

ဂ ရက်မြောက်သောညဖြစ်၏။

အိပ်ရာပေါ်မှ လူနာများကို တွေ့ဆုံကာ ပြောရဆိုရ အာရုံစိုက်ရ အားထုတ်ရသမျှ ညဘက်တွင် ရင်ခုန်လျက် မျက်လုံးကြောင်နေသည်မှာ သုံးရက်ခန့်ရှိနေပြီ။ ယနေ့ညလည်း သန်းခေါင်ကျော်သည်အထိ အိပ်မရချေ။ ညမှာ အလွန်တိတ်ဆိတ်နေ၏။ အိမ်မြှောင်များ စုတ်ထိုးနေသောအသံဗလံများမှာ တနေရာပြီးတနေရာ အဆက်မပြတ် ကြားနေရသည်။ ကလေးများမှာ ကျောင်းစာမေးပွဲကြီး နီးကပ်နေသဖြင့် မီးထွန်းကာ ညဥ့်နက်သန်းခေါင်အထိ ထိုင်စာကြည့်နေကြ၏။ ကျမသည် ရင်ထဲ၌ ခုန်နေကာ အိပ်မပျော်၍ ခေါင်းထဲရောက်လာသော လူနာများကို မစဉ်းစားရန် ဖယ်ရှားပစ်လျက် အိပ်ပျော်ရန် ကြိုးစားနေသည်။ ခေါင်းရင်းအိမ်မှ သံချောင်းတချက်ခေါက်လိုက်ပြီးနောက် မှေးမှေးမှေးမှေးနှင့်အိပ်ပျော်လုဆဲဖြစ်နေခိုက် ကျမအခန်းဝနားသို့ ရောက်လာသော ဗလုံးဗထွေး ဝရုန်းသုံးကား ဖြစ်နေသည့်ဆူဆူညံညံနှင့်အသံကြီးသည် နားထဲသို့ တခဲနက် ဆောင့်ဝင်သွားတော့သည်။

"အမယ်လေး... ဘုရား...ဘုရား..."

ကျမရင်ထဲ၌ လေယာဉ်ပျံ အတောင်ပြင်းစွာ ခတ်သွားသကဲ့သို့ ဖြစ်ပြီး အလန့်တကြား ထိတ်လှိုက်ဖိုလှိုက်ပုံမှာ ဖြောင်းဆန်အောင် ထွေးလုံးသွားတော့ကာ ဘုမသိဘမသိဖြင့် ပါးစပ်မှ ထွက်သွားခြင်းဖြစ်လေသည်။

"မေမေရေ...အမလေး... မေမေ...မေမေ..."

ကျမသည် အိပ်ရာမှ ဇက်ကနဲ ထလိုက်ရာ ရင်ညွန့်၌ တက်၍ ဘောင်ဘင်ခတ်နေသော အလုံးကြီးကို လက်ဖြင့် ဖိလိုက်လျက် အသက်ရှူကြပ်သွားခိုက် ခင်လေးမြင့်၏ မပီမသ ဂယောင်ချောက်ချား ပြောလိုက်သံကို နားမှကြားရသည်။

ကျမ၏ ခေါင်းမှာ အဆမတန် ကြီးသွားလေ၏။ ရင်ထဲမှ လှိုင်းထနေသော အလုံးကြီးမှာလည်း အရှိန်ပြင်းစွာ ပုတ်ရိုက်နေချေသည်။

နောက်ဖေး လသာဆောင်ခန်းဘက်ရှိ အခန်းထဲ၌ စာကြည့်နေသော ကိုအောင်ဇေယျသည် အခန်းထဲသို့ ပြေးဝင်လာသည်။

ကျမမှာ အားမာန်ခဲလျက် ခြင်ထောင်စကို အတင်းဆွဲဖွင့်ကာ လူတပိုင်း အပြင်သို့ရောက်သွားစဉ် ခင်လေးမြင့်နှင့်မခင်လင်းတို့က ကျမကို ဆီးဖက်လိုက်ကြသည်။

"အမေလေး မေမေ... သရဲ...သရဲ"

"နေကြစမ်းပါဦး"

ကျမသည် ဂိုက်တရာခန့်မှပြေးလာသောသူကဲ့သို့ မောကြီးပန်းကြီးပြန်ပြောလိုက်ကာ ရှေ့ဆက်မပြောတော့ဘဲ ရင်ထဲ၌ ဆို့နေလေ၏။

"ဘာဖြစ်လို့လဲဟင်... "ဟုကိုအောင်ဇေယျက ခလေးများနောက်မှ ရပ်လျက် စိုးရိမ်စွာ မေးလိုက်သည်။

"ဦးလေးရဲ့ သရဲချောက်တယ်၊ မလေးမြင့်တို့စာကြည့်နေတုန်း ဟို...ဟို....ရေချိုးခန်းတံခါးကို သုံးလေးချက်လောက် လာခေါက်တယ်"

"မဟုတ်ပါဘူး အိမ်မြှောင်အမြီးပုတ်တာပါ၊ ဦးလေး စာကြည့်နေတုန်းက ခုနကတံခါးကို အမြီးနဲ့ပုတ်သွားသေးတယ်၊ အိမ်မြှောင်ကြီးတွေက နည်းတဲ့အကောင်ကြီးတွေ မဟုတ်လား"

ကျမ သွေးလန့်သွားမည်ကို စိုးရိမ်၍ သွေးဆေးနှင့်သကြား ဖျော်တိုက်ကြသည်။ ကျမရင်ထဲ၌ တဆတ်ဆတ်ခုန်နေသောအလုံးကို တော်တော်ကြာရင် ပြေသွားမည်ဟုထင်မိသည်။ တဆတ်ဆတ် ဆောင့်ခုန်နေသောအလုံးမှာ တော်တော်နှင့်လည်း မပြေချေ။ မြန်လိုက် နှေးလိုက်ပြန်မြန်လာလိုက်နှင့် သာပင် ရောင်ခြည်များသန်းကာ အရှဏ်တက်လာလေ၏။ ခေါင်းရင်းအိမ်မှ နာရီသံချောင်း ၅–ချက် ခေါက်သွားလိုက်သည်။ ပထမ ခေါက်လိုက်သောအသံဖြင့် တကိုယ်လုံး ဖျန်းကနဲ ဖြစ်သွားသည်။ သံချောင်းသံမှန်း သိလျက် ထိန်း၍မရတော့ဘဲ ရင်ညွန့်ဆီသို့ အလုံးကြီး လိမ့်တက်သွားကာ ဘောင်ဘင်ခတ် ခုန်နေသည်။

မိုးလင်းစ ပြုလာ၏။

ကျမမှာ ရင်ထဲကအလုံးနှင့် အသက်မရှူမရအောင် အကြိတ်အနယ်ဖြစ်နေလျက် မျက်စိများ တဖြေးဖြေး ပြာဝေလာသည်။

ကျမမျက်စိအောက်၌ တဦးတယောက် ကျမကဲ့သို့ မချည့်မဆန့် ဖြစ်နေခဲ့ပါလျှင် ကျမမှာ သက်သာရာ သက်သာကြောင်း ကြံဆစိတ်ကူးကာ အမြန်ကုသလိုက်မည်သာဖြစ်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျမကိုယ်တိုင် မချည့်မဆန့် ဝေဒနာခံစားနေရခိုက်၊ ကိုယ့်ကိုယ်တိုင် ကိုယ်ပြန်ကုရန် ကြံစည်စိတ်ကူးနိုင်ဘို့ နေနေသာသာ အသက်မရှူနိုင်အောင် အလုံးကြီး သွေးတက်သွားတော့မည်ကို သိပေသည်။ သွေးပျက်သွားနိုင်တာလဲ သိပေသည်။ ကြက်ကလေးများ ကိုင်ရိုက်သလို အခု ချက်ချင်းပင် မရှူနိုင် မရှိုက်နိုင်ဘဲ အသက်ထွက်သွားနိုင်သည့်လက္ခဏာမှန်း သိလာသည်။

ကျမမှာ ဝေဒနာအပြင်းအထန် ခံစားနေရပြီး ကျမကို ကုပေးရန် ဆရာလိုနေမှန်း သိလာသည်။

"ဒေါ်သန်းခင်ကို မြန်မြန်ခေါ်ပါ"

ကျမသည် ရင်ကိုပင့်ပြီး ကြပ်မောလှိုက်ဖိုနေသည့်အတွင်းက အားစိုက်၍ ပြောရသည်။ ဒေါ်သန်းခင်မှာ ကျမကို ဆေးပညာသင်ပေးသော အဘဓာတ်ဆရာကြီး၏ သမီးဖြစ်သည်။ သည်ဓာတ်ပညာကို တက်မြောက်ကာ ဆေးဆရာအလုပ် မလုပ်ဘဲ ဆေးသာလျှင် ဖော်ထုတ်စီမံသူ ဖြစ်သည်။

နာရီဝက်အတွင်း ဒေါ်သန်းခင်နှင့်ဒေါ်သန်းခင်၏ တပည့်ကလေး'ပေါက်ဆီ'တို့ ကျမအခန်းထဲသို့ရောက်လာကြသည်။ ကျမမှာ အမောဆိုက်နေသည်။ ဒေါ်သန်းခင်နှင့်ပေါက်ဆီတို့၏ ရုပ်ပုံလွှာမှာ ကျမမျက်လုံးထဲတွင် ချာလပတ် လည်နေကြသည်။

ဒေါ်သန်းခင်သည် ရုပ်ပျက်သွားပြီဖြစ်သော ကျမကို မြင်မြင်ချင်း ခေါင်းနဘန်းကြီးသွားသည်။ သွေးစမ်းရန် လက်နှင့်ခြေကို လာကိုင်လိုက်ရာ ရေခဲတုံးကြီး စမ်းမိသကဲ့သို့ တုန့်သွားသည်။

"မဖြစ်ဖူး၊ ကိုအောင်ဇေယျ ဒေါနပန်းအခက် ၂၀၀ လောက် ရအောင် အခု ကားနဲ့ သွားဝယ်ခိုင်းပါ၊ ပက်လက်ကုလားထိုင်တလုံးကို ကြိုးသိုင်းချည်ပြီး အဲဒီပေါ်မှာ တင်ပြီး ဒါန်းမြန်မြန်လှဲမှ ဖြစ်တော့မယ် မြန်မြန်... မြန်မြန်"

အိမ်ရှိ လူကုန်ပင် ဗျာများသွားကြသည်။ ကျမအခြေအနေဆိုးလာသည်ကို ကြည့်ကာ စိုးရိမ်လာကြသည်။ ကျမကို ရေချိုးခန်းထဲသို့ ပွေ့သွားကြသည်။ ဒေါ်သန်းခင်နှင့်ပေါက်ဆီတို့ ရေခွက် တယောက်တခွက်စီကိုင်၍ ရေခပ်လောင်းကြသည်။ ရေလောင်းပြီး ကုတင်ပေါ်သို့ ပြန်ပွေ့ယူလာကာ ဓာတ်ဆေးရေ စပ်လျက် တကိုယ်လုံး ကဗျာကရာ လိမ်းကြသည်။ ကျမမှာ သတိလစ်ချင်၍ သတိလစ်မသွားအောင် စိတ်ကို ခိုင်ခိုင်ကြီး တင်းထားလျက် မခံမရပ်နိုင်အောင် ရင်တက်ဆောင့် ခုန်နေသော အလုံးကြီးကို ကျိတ်မှိတ်ပြီး အလူးအလဲခံနေရလေသည်။ ဒေါနပန်းများရောက်လာကာ ပန်းခက်များနှင့်ခွေထား၍ ကျမမှာ ဒေါနပုံကြီးထဲ၌ မြုပ်နေသည်။

အိမ်ပေါ်ထပ်၌ ကြိုးရှာသူ ဒါန်းဆင်သူ ဆေးသွေးသူတို့ ပျာယာခတ် လုပ်ကိုင်နေကြစဉ် အိမ်အောက်၌ မော်တော်ကားတစီး ထိုးဆိုက်လိုက်သည်။

တနင်္ဂနွေနေ့တိုင်း ဝတ်တခုထား၍ မပျက်မကွက် ရွှေတိဂုံဘုရားတက်ဖူးသော ကျမ၏ သားအငယ် ဘုရားဒကာမောင်မိုးဟိန်းသည် ဘုရားမှအပြန် ဟာမစ်တိတ်လမ်းပေါ်၌ မော်တော်

ကား တိုက်သွားသည်။ လည်ပင်း ဟက်တက်ကွဲသွားကာ တကိုယ်လုံး ပြင်းထန်သော ဒဏ်ရာဒဏ်ချက်များ ရလျက် သွေးအလိမ်းလိမ်းလူး၍ သတိမရတချက် ရတချက် ဖြစ်နေစဉ် လမ်းပြပုလိပ်က ဆေးရုံသို့ မောင်းပို့မည်ပြုသည်ကို 'ကျွန်တော့်အမေဆီပို့ပါ၊ အမေ ကုလိမ့်မယ်'ဟု အတင်းပြော၍ သူ့ကို ပုလိပ်များ ပွေ့ယူလာသော မော်တော်ကား ဖြစ်သည်။

ဒေါ်သန်းခင်မှာ အိမ်ပေါ်၌ ကျမအတွက် ပျာယာခတ်ပြီး ဒေါင်ချာစိုင်းနေသလို ဒေါ်သန်းခင်၏ တပည့်ကလေး ပေါက်ဆီမှာ အောက်ထပ်တွင် သတိမေ့နေသော မိုးဟိန်း သတိရရန်အတွက် ဒေါင်းတောက်ဗျာများနေသည်။ အိမ်ရှိ လူကုန်လည်း အပေါ်တချို့ အောက်တချို့နှင့် အပူမီးတောက်၍ ရှုပ်ရှက်ခတ်အောင် အလုပ်များနေကြသည်။

ကိုအောင်ဇေယျ ဒါန်းဆင်ပြီး၍ ကျမကို ဒါန်းပေါ်သို့ပွေ့တင်ကြကာ ဒေါနပန်းများ ခြံရံလျက် ဒါန်းစလွဲလေသည်။ အိမ်ရှိ လူတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေပုံကို ကျမအတွက်ဟုသာ ထင်မိသည်။ အောက်ထပ်၌ မိုးဟိန်းသေလုမျောပါး ဖြစ်နေသည်ကို လုံးလုံးမသိချေ။

'တနာရီတိတိ လွဲမယ်ဗျာ...''ဟု ပေါက်ဆီက ပြောသည်။

ကျမ ဒါန်းပေါ်ရောက်သွား၍ ဒေါ်သန်းခင်သည် မိုးဟိန်းဆီသို့ ခဏပြေးဆင်းသွားကာ ဆေးထည့်ကြပ်စီးကြပ်ထုပ်ထိုးနှင့် အလုပ်များနေသည်။

ကိုအောင်ဇေယျတလှည့် ပေါက်ဆီတလှည့် ဒါန်းလွဲနေကြသည်။ ဒေါ်သန်းခင် ပြန်ပြေးတက်လာပြီး ကျမ အခြေအနေကို အကဲခတ်ရန် အနားမှရပ်စောင့်ကြည့်ပြီးနောက် မိုးဟိန်းဆီသို့ ပြန်ပြေးဆင်းသွားပြန်သည်။

ဒါန်းပေါ်ရောက်၍ မိနစ် ၂၀–လောက်ရှိလျှင် ရင်ညွန့်တွင် မခံစားနိုင်အောင် တက်ဆောင့်ခုန်နေသော အလုံးကြီးမှာ အရှိန်လျော့ပါးလာသည်။ ဒေါနပန်းများ ခြံရံထား၍ ဒါန်းပေါ်၌ အရှိန်နှင့်မြောက်တက်သွားရင်း ပန်းနံ့များသည် သင်းကြိုင်နေတော့သည်။ ရင်ပေါ်တွင် ဖိစည်းထားသောသံပုရာသီးထုပ်မှလည်း သံပုရာနံ့များ တသင်းသင်း ထွက်နေသည်။

''ဘယ့်နှယ်လဲ ဒေါ်မမလေး ခံသာရဲ့လား''ဟုဒေါ်သန်းခင်က လှမ်းမေးသည်။ ကျမက ခေါင်းညိတ်လိုက်သည်။ နာရီဝက်ကျော်သွားလျှင် အသက်ရှူရ သက်သာခွင့်ရလာ၍ ငါတော့ 'မသေနိုင်တော့ဘူး...'ဟု ကိုယ့်ကိုယ်ကို စိတ်ချသွားသည်။

ကျမ သက်သာခွင့်လေး ရသွားပုံရှိမှ ဘေးက စောင့်နေသူများ ရယ်ရယ်မောမော စကားပြောနိုင်လာကြသည်။

''သားပျက်လို့ သွေးနုနုနဲ့ လူကလဲ အားနည်းပြီးနေတုန်း ခုလို သွေးလန့်သွားတဲ့အတွက် ဒီလောက်ဖြစ်ရတာ၊ ကျမတို့လာတာမှီပေလို့ဘဲ၊ နို့မို့ယင် ဒီလိုကမန်းကတန်း ဖြစ်ပုံမျိုးဟာ အခုလောက်ရှိ ကိစ္စများပြီ''

ဒေါ်သန်းခင်က ပြုံး၍ပြောသည်။

''လာလိုက်ကြတဲ့လူနာတွေကလဲ မနည်းပါဘူးခင်ဗျာ၊ နေ့စဉ် အိပ်ရာပေါ်ကနေ ဆေး



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကုနေတာ အဲဒီကတည်းကကိုဘဲ အားကနည်းလှပြီ”

ကိုအောင်ဇေယျက ပြော၍ ပေါက်ဆီက လှဲနေယင်းက “ဒီလိုဖြစ်နေတုန်းများ ဘာဖြစ်လို့ လူနာတွေနဲ့ တွေ့ရသလဲဗျ၊ ခင်ဗျားရင်လဲ ဒီပညာသင်ထားဗျာ...”ဟု ကိုအောင်ဇေယျကို မဲပြောနေသည်။

၁ နာရီခန့် ရှိလာသည်။ ကိုအောင်ဇေယျက သက်သာရဲ့လားဟုလာမေး၍ ကျမ သက်သာကြောင်း စကားဖြင့် ပြန်ပြောနိုင်သည်။

“၁ နာရီ စေ့ပြီဗျို့...ရေလောင်းမယ်”

ပေါက်ဆီက ကြိုးကို အရှိန်လျှော့လျက် လှမ်းအော်လိုက်သည်။

“ဒီပေါ်မှာ သက်သာရင်လဲ ခဏနေပါအုံးလား”

ကိုအောင်ဇေယျက ကျမကို ပြောသည်။

“လှဲလေ...”

ရှေ့ဆက်၍ ၁၀ မိနစ်ခန့် အရှိန်ပြင်းပြင်း လှဲနေစဉ် ကြိုးပြတ်သွားပါသည်။ ကြိုးပြတ်သွားလျှင် သွားချင်းမှာ ကျမမှာ ပြတ်ပြီဟု မနည်းသတိထားလိုက်ရသည်။ သတိခိုင်ခိုင် ထားနိုင်သော်ငြား အရှိန်နှင့်လွင့်ကျသွားသောကြောင့် အားလုံးထ၍ ပြေးဖမ်းကြသော်လည်း မမှီဘဲ လွတ်သွားလေသည်။ ဒါန်းပေါ်တွင် ခံသာရကာ ငြိမ်ဝပ်သွားသောအလုံးကြီးမှာ ဝုန်းကနဲ ရင်ညွန့်ဆီသို့ တက်ဆောင့်ကာ မျက်လုံးများ ပြာဝေလျက် မိုက်ကနဲ မေ့သွားသည်။ ကျမကို ကောက်ပွေ့ကြကာ ရေချိုးခန်းဆီသို့ ပွေ့ပြေးလာကြသည်။ ရေ ၁၀ ခွက်လောက်လောင်းမှ သတိပြန်ရသည်။ ပေါက်ဆီမှာ တအားခပ်ပက်လောင်းနေသည်။ ဒေါ်သန်းခင်မှာ ကျမရင်ကို တချိန်လုံး ဖိထားသည်။

သတိပြန်ရသော်လည်း ရင်ဝ၌ ဆောင့်နေသော အလုံးကြီးမှာ ဖြစ်စကထက်ပင် အဆောင်မြန်လွန်းလှ၍ မခံနိုင် အောင် ဖြစ်နေသည်။ ကျမ ရှိုက်ကာ ရှိုက်ကာဖြစ်နေသောအသံနှင့် “ဒါန်းပြန်ဆင်ပါ”ဟုပြောလိုက်သည်။

ယခုတကြိမ် အောက်ထပ်ည္ဗေ့ခန်း မျက်နှာကျက်တွင် တန်းရှိ၍ အောက်ထပ်၌ ဒါန်းပြောင်းကြသည်။ ကျမကို ရေလောင်း ဆေးလူးပြီး အောက်ထပ်သို့ ပွေ့ချသည်။ အောက်ထပ်တွင် စန့်နေသော မိုးဟိန်းကို ကျမ မမြင်စေရန် မီးဖိုစတိုခန်းထဲသို့ ကဗျာကရာ ရွှေ့ပြောင်းလိုက်ကြသည်။

ဒါန်းပေါ်ရောက်ပြီး နာရီဝက်ခန့်ကြာမှ တဒိန်းဒိန်း ဆောင့်နေသောအလုံးမှာ ပြေစပြုလာလေသည်။ ဒေါ်သန်းခန်မှာ ဒါန်းပြတ်ကျသွားတုန်းက ကျမကို‘သေပြီ’ဟုတွက်လိုက်သည်။ သူ့မျက်လုံးများ ပြာသွားကာ ရင်ထဲ၌ တဒိတ်ဒိတ်ခုန်နေသော အလုံးကို အောက်ထပ်တွင် ပြန်ဆင်သော ဒါန်းပေါ်သို့ ကျမရောက်သွားမှ ရေချိုးခန်းထဲဝင်ပြီး ဟင်းချလျက် သူ့ရင်သူ ဖိကာရင်ခုန်ပြေစေအောင် ခဏငြိမ်ထိုင်နေရသည်။

ပေါက်ဆီ တလှည့်၊ ကိုအောင်ဇေယျ တလှည့် ၂–နာရီခန့်ပြင်းပြင်းထန်ထန်လှဲကြမှ ရင်

ထဲက အလုံးကြီးမှာ ပြန်ငြိမ်သွားလေသည်။ ဒေါ်သန်းခင်သည် ဇလုံကြီးထဲတွင် ဆေးရေများ စပ်လျက် ကျမကို ဒါန်းပေါ် မှချပြီး တကိုယ်လုံး လူးလေသည်။ ဒေါနနှင့်နှင်းဆီများ တပွေ့တပိုက်ကြီးပင် ကျမအိပ်ရာမှပတ်ပတ်လည် ခွေရံလျက် ရင်ကို ဆားကြပ်ထုပ် ထိုးပေးကြသည်။

"နာတာရှည်က အရေးမကြီးဘူး၊ ပြုန်းကနဲ အရေးတကြီးဖြစ်လာတဲ့ဝေဒနာကို လူနိုင်နိုင်နဲ့ နင်လား ငါလား၊ အကျိတ်အနယ် လုပ်နိုင်မှဖြစ်တာ..."

ကျမမှာ အသက်ကို မျှင်းမျှင်းရှူနေရင်းမှ 'ကျမအတွက် ဒေါ်သန်းခင်ရှိပေလို့ဘဲ မရှိများ မရှိရင် အခက်ဘဲ'ဟုတွေးတောမိသည်။

ည–၉နာရီခန့်အထိ ဒေါ်သန်းခင်နှင့်ပေါက်ဆီမှာ နာရီကိုကြည့်လျက် သူ့အချိန်နှင့်သူ ဒါန်းပေါ် တင်လိုက် ရေလောင်းလိုက် ဆေးလိမ်းလိုက် လုပ်ပေးနေကြသည်။ မိုးဟိန်းကို သတင်းလာမေးသော ဆွေမျိုးမိတ်ဆွေတို့၏ မော်တော်ကားများသည် ခြံထဲသို့အရှိန်သပ်၍ ဝင်လာကာ အိမ်ဘေး၌ ကွေ့ဆိုက်ကြလျက် စတိုခန်းထဲသို့ အသံမကြားအောင် တိတ်တိတ်ကြိတ်၍ သတင်းဝင်မေးကြသည်။

ည–၁၀ နာရီလောက်တွင် ဒေါ်သန်းခင်သည် ပေါက်ဆီကို ညစောင့်ထားခဲ့ကာ ပြန်သွားလေ၏။ ပေါက်ဆီနှင့်ကိုအောင်ဇေယျတို့ တညလုံး ထိုင်စောင့်ကြကာ အလှည့်ကျ ဒါန်းလှဲပြီး ဆေးလူးကြသည်။

ကျမမှာ အင်အားကုန်ခမ်းလျက် မျက်လုံးများ ကြောင်နေသည်။ အိမ်မြှောင်ကြီးတွေ စုတ်ထိုးလိုက်တိုင်း သွေးလန့်နေတော့သည်။ တထွာလောက်ရှိသော အိမ်မြှောင်ကြီးများမှာ အခန်းတခန်းတွင် အကောင် ၂၀–လောက် ရှိကြသည်။

## ၅

နေရောင်ခြည်များဝင်လာသည်။

ကျမမှာ အိပ်ရာပေါ်၌ လူမမာကြီး ဖြစ်နေသည်။ ခေါင်းအုံးများခြံရံလျက် မတ်ထူပေးထားကာ ရင်ကို တယောက်ပြီးတယောက် ဖိပေးထားကြရသည်။

"ကဲ ခင်ဗျားတို့စာမေးပွဲ ဒီနေ့စစ်မယ်ဆို သွားဖြေလေဗျာ"

ပေါက်ဆီက အနား၌ ငုတ်တုတ်ထိုင် မိုးလင်းသွားသော ကိုအောင်ဇေယျကို လှမ်းပြောလိုက်သည်။ ကျမအတွက် စိုးရိမ်သောက ရောက်နေသော ကိုအောင်ဇေယျက "မဖြေချင်ပါဘူးကွာ" ဟု ပြောလိုက်သည်။

"အနားမှာ ကျွန်တော်တို့ရှိသားဘဲ သွားသာ ဖြေချေဗျာ၊ ဖြေပြီး အသံသွင်းစက်ထုတ်



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ခဲ့ပါ''ဟုပေါက်ဆီက တိုက်တိုက်တွန်းတွန်းလုပ်မှ ကိုအောင်ဇေယျသည် အဝတ်လဲကာ တက္ကသိုလ် ကျောင်းဘက်သို့ ထွက်သွားသည်။

ဒေါ်သန်းခင် ရောက်လာကာ ကျမကို ပွေ့ယူရေလောင်းလျက် ဆေးလူးကြသည်။ ကျမ နှင့်အထိဆုံးဖြစ်မည့်ဓာတ်များကို စီစစ်ရွေးချယ်လျက် အနံ့တမျိုး၊ ဆေးဝါးအာဟာရနှင့်တမျိုး၊ အထိအတွေ့နှင့်တမျိုး တပြိုင်တည်း ဓာတ်ဆင်ချရန် အစီအစဉ်လုပ်သည်။ ဆေးလိမ်းပြီး တည့် သည့်အနံ့ကို ရှေးဦးစွာ ပေးသည်။ ကိုအောင်ဇေယျသည် အသံသွင်းစက်ကြီးကို ဆွဲဝင်လာကာ 'နောက်ဆံတင်းလိုက်တာ ဘာတွေဖြေခဲ့မှန်းတောင် မသိပါဘူး'ဟုပြောလေသည်။

ဆိုင်းသံပါသော တေးသံများကို ဖွင့်လိုက်သည်။ အခန်းထဲ၌ တခန်းလုံး မွှေးထုံသင်း ပျံ့နေလျက် တေးသံကလည်း ချိုချိုသာသာ သီဆိုနေကာ ကျမမှာ ငြိမ့်ငြိမ့်ညောင်းညောင်း လှဲနေ သော ဒါန်းပေါ်တွင် တဖြည်းတဖြည်း ငိုက်မျဉ်း အိပ်ပျော်သွားသည်။ ကျမ တရေး အိပ်ပျော် သွားခိုက် ကုလက်စတန်းလန်း လူနာများ အလျှိုအလျှိုရောက်လာကြသည်။ ဒေါ်သန်းခင်နှင့် ပေါက်ဆီက ကျမကိုယ်စား ထွက်ပြီး တွေ့ဆုံလက်ခံ ကုသကြသည်။

အိပ်ရာမှနိုးလာသော် ရင်ထဲက အလုံးကြီးပြန်ငြိမ်သွားလျက် အနည်းငယ် အားပြည့် လန်းဆန်းသွားသည်။ အမြန်ဆုံးနေကောင်းရန် ကိုယ်ဖိရင်ဖိ ဝိုင်းပြုကြမည့် ဒေါ်သန်းခင်တို့အိမ် သို့ ရွှေ့ယူသွားရန် ဆုံးဖြတ်ကြသည်။

ကားပေါ်သို့တွဲတင်ကာ အိမ်မှအထွက် ကားနား၌ရပ်နေသော ခင်လေးမြင့်တို့နားသို့ ရေချိုးခန်းထဲချော်လဲ၍ မထနိုင်သောကြောင်း ဖုံးဖိပြောထားကြသည့်မိုးဟိန်းသည် ပတ်တီးများ စီးထွက်လာသော 'ကောင်းသွားပါပြီ မေမေ'ဟုလာပြောသည်။

နံနက် ၇–နာရီမှစပြီး ညဥ့် ၇–နာရီအထိ သူ့အချိန်နှင့်သူ ရေလောင်း ဆေးတိုက် ဆေး လူး အစာကျွေးနှင့်ဒေါ်သန်းခင်တို့ တအိမ်သားလုံး ကျမအတွက် အလုပ်များနေကြသည်။ ကု လက်စတန်းလန်း လူနာအုပ်ကြီးသည် အိမ်မှညွှန်လိုက်ပြီး ဒေါ်သန်းခင်တို့အိမ်သို့ တဦးပြီး တဦး လိုက်လာကြသည်။

ကျမနှင့်တွေ့ပါရစေ တွေ့မှဖြစ်ပါမည်ဟု အတင်းတောင်းပန်နေသော လူနာများကို အခန်းထဲမှထွက်ပြီး အတွေ့ခံရသည်။ အခန်းထဲမှ လူကောင်းလုပ်၍ ထွက်လာကာ လူနာများကို ဆေးကုပေးလိုက်ပြီး လူနာများ ပြန်သွားလျှင် ကျမမှာ အခန်းထဲဝင်ကာ လူမမာ ပြန်လုပ်နေရ သည်။

ဂွတ္တာလစ်လမ်းက အိမ်မှာ ရက်များမကြာမီ စပေါ်တင်ထားသောငွေ သုံးလပြည့်စေ့တော့ လေမည်။ အိမ်မှ ခလေးများ လိုက်လာကာ အိမ်တွင် မနေရဲသဖြင့် ရွှေ့ဆက် စဘော်ငွေမတင်ဘဲ အိမ်ပြောင်းရန် ပူဆာကြသည်။ ကျမက ကိုအောင်ဇေယျကို အိမ်ရှာခိုင်းသည်။ ကိုအောင်ဇေယျ မှာ အိမ်မရှာဘဲ မြေကြီးသာရအောင် ကျိတ်ရှာနေလေ၏။ ဘောက်ထော်ပြည်သာယာလမ်း၌ ရောင်းမည့်မြေကွက် တွေ့ခဲ့သည်။ အိမ်ပြောင်းနေရသော ဒုက္ခမှ ဝဋ်ကျွတ်ရန် မြေဝယ်ရအောင်

ဟုအတင်းတိုက်တွန်း၏။ 'ဘယ်မှာလဲငွေ'ဟုဆိုလိုက်၍ သူ့တာဝန်ထား ကြံဖန်ငွေရှာပြီး မဖြစ်ဖြစ်အောင် အမြန်ဆုံးအိမ်ဆောက်မည်ဟု ပြောလေသည်။

ဘဏ်တိုက်မှ ငွေထပ်ချေးပြီး မြေဝယ်လိုက်သည်။ အိုင်ကလောင်ရွာမှ လက်သမား ၃ ယောက်ကို မှာကာ အိမ်ဆောက်ရန် စိုင်းပြင်းလေသည်။ ဂွတ္တာလစ်လမ်းကအိမ်မှာ ရက်စေ့လာ၍ အိမ်မဆောက်ပြီးမီအတွင်း ခေတ္တအိမ်ငှားနေကြရန် အိမ်လိုက်ရှာရပြန်သည်။ ပြည်သာယာလမ်းပေါ်တွင် လူငှားမရှိ ပိတ်ထားသောဝန်ကြီးသခင်ပန်းမြိုင်အိမ်ရှိ၍ ခေတ္တနေရန် သွားငှားသည်။ 'မငှားဘူး ရောင်းမည်'ဟုပြောလိုက်သည်။ ကျမမှာ ဒေါ်သန်းခင်တို့အိမ်ရောက်မှ သက်သာသော်လည်း အားမရှိလှဘဲ အိပ်ရာပေါ်၌ပင် လူမမာ ဖြစ်နေသေးသည်။ ခေတ္တပြောင်းနေရန် ရုတ်တရန် အိမ်ရှာမရ၍ လူမမာလုပ်နေရင်း စိတ်သောက ရောက်နေရပြန်သည်။

ဝန်ကြီးသခင်ကျော်ထွန်းတိုက်အားမည်ဖြစ်ကြောင်း သတင်းကြားရ၏။ ဝန်ကြီးသခင်ကျော်ထွန်းကို တခါသာ တွေ့ဘူးသည်။ ဂျပန်ပြည် ဟီရိုရှီးမားနေ့သွားရန်ကိစ္စအတွက်နှင့်ဖဆပလ ရုံး၌ ဝန်ကြီးသခင်ကျော်ထွန်းကို သွားတွေ့ရသည်။ ပထမအကြိမ် တွေ့ဘူးခြင်းဖြစ်သည်။ ငါးမိနစ်ခန့်သာစကားပြောခဲ့ဘူး၏။

ဝန်ကြီးသခင်ကျော်ထွန်းမှာ စကားနည်းကာ မျက်နှာထား တင်းမာသယောင်ယောင်ရှိ၍ သူ့အိမ်ငှားမှာ မဟုတ်ပါဘူးဟုစိတ်အား လျှော့သွားလေသည်။

ဝန်ကြီးသခင်ကျော်ထွန်း တိုက်ကို ကွင်း၍ အနီးအနားတဝိုက်က တအိမ်ပြီးတအိမ် ရှာသော်လည်း ဘယ်အိမ်မှမအားချေ။ ဂွတ္တာလစ်အိမ်က ရွှေ့ပေးရန် နောက်ဆုံး ရက်စေ့လာလေ၏။ ဝန်ကြီးသခင်ကျော်ထွန်းအိမ်ကို ငှားလိုငှားငြား သခင်ကျော်ထွန်းထံသို့ စာရေးပေးလိုက်သည်။ ကျမမှာ လောလောဆယ် အိမ်အတွက် ဒုက္ခများနေပါ၍ အလိုရှိသော အိမ်လခကို ပေးပါမည် အိမ်ဆောက်မပြီးမီ ခေတ္တငှားပါရန် အစွမ်းကုန် တောင်းပန်ရေးသားလိုက်သည်။

ကျမစိတ်ထဲ၌ ဘယ်နည်းနှင့်မျှ ငှားမည်မဟုတဘူးဟုထင်ထား၏။ ကိုအောင်ဇေယျ ပြန်လာသောအခါ ကျမက "မငှားဘူးဟုတ်လား"ဟု အရင်ဆီးမေးလိုက်သည်။

"မငှားဘူး...အိမ်ဆောက်လို့ မပြီးမချင်း အလကားနေပါတဲ့..."

ကျမမှာ အထင်နှင့်အမြင် လွဲချော်နေ၍ သခင်ကျော်ထွန်းပေါ်၌ အားနာသွားသည်။ ဝန်ကြီးသခင်ကျော်ထွန်းတိုက်သို့ ပြောင်းသည့်အကြိမ်မှာ ၂၇ ကြိမ်မြောက် အိမ်ပြောင်းခြင်းဖြစ်သည်။ အိမ်ဆောက်ပြီးလျှင် ၂၈ ကြိမ်မြောက် ပြောင်းရန်ရှိသေးသည်။ အိမ်ပြောင်းသွားလျှင် ကုလက်စတန်းလန်း လူနာများကို အသိမပေး၍ မဖြစ်ပြန်သဖြင့် တာဝန်ရှိသည့်အတိုင်း ယခုတကြိမ်တွင် ကြော်ငြာခ နှစ်ခါမကုန်ရန် နောက်ဆုံးပြောင်းမည့်အိမ်လိပ်စာဖြင့် သတင်းစာ၌ ကြော်ငြာရေးရသည်။

E-book is created by www.shanyoma.org

ဆေးစားနေသောလူနာများသို့

ဂွတ္တာလစ်လမ်းမှ ဘောက်ထော်ပြည်သာယာလမ်း ခြံနံပါတ် (ဂ)သို့ ပြောင်းရွှေ့ရပါသဖြင့် လူနာများ နေရာသစ်တွင် လာရောက်တွေ့နိုင်ပါသည်။

ဂျာနယ်ကျော်မမလေး

ကျမသည် ဝန်ကြီးသခင်ကျော်ထွန်း၏ ခြံဝင်းထဲမှ ပန်းဥယျာဉ်ကိုမြင်လိုက်၍ ကြည်နူးသွားသည်။ နှင်းဆီပန်းများ၏ ရနံ့ကလည်း သင်းထုံ၍နေသည်။ နေခြည်သည် ယူကလစ်ပင်များကို ကျော်၍ ဒေလီယာပန်းပင်များပေါ် သို့ ငိုက်ညွှတ်ကျဆင်းလျက် နေသည်။ သခင်ကျော်ထွန်းတိုက်မှာ ၂ ထပ်တိုက် ဖြစ်သည်။ ကျမတို့အိမ်ဆောက်မည့်ခြံမြေကွက်နှင့် သိပ်မဝေးလှပေ။

အားအင်ပြန်ပြည့်ကာ ကျန်းမာစရှိသေး၍ အောက်ထပ်ရှိ အခန်းတခန်း၌ ကျမအတွက် နေရာပြင်ကြသည်။

ဘောက်ထော်မှာ ယခင်က နေခဲ့ဘူးသော အရပ်ဖြစ်၍ ကိုယ့်ရပ်ကိုယ့်မြေကိုပြန်ရောက်သကဲ့သို့ ရွှင်လန်း အားတက်သွားသည်။ မကြာမီ ဆောက်ပြီးမည့်ကိုယ်ပိုင်အိမ်ပေါ် သို့ တက်ရတော့မည့်အတွက် ပိုမို၍ အားရှိသွားသည်။ တန်ခူးလဝင်၍ နေမှာ တဖြည်းဖြည်း ကျဲကျဲကြီး ပူလာသော်လည်း ကျမနေသောအခန်းမှာ စိမ်းသောသစ်ပင်ရိပ်များ ဝိုင်းရံလျက် အေးမြနေသည်။

ဘောက်ထော်ရောက်ပြီး နောက်တနေ့ နံနက်စာ စားပြီး ဧည့်ခန်း၌ ထိုင်နေစဉ် ခြံထဲသို့ မော်တော်ကားတစီး ဝင်လာသည်။ ကားပေါ်မှ မျက်နှာစိမ်းဧည့်သည်များ ဆင်းလာကြသည်။

"ဒေါ်မမလေးဆိုတာ ခင်ဗျားဘဲလား"ဟု အသက် ၅၀ ခန့်ရှိလူကြီးတယောက် စမေးသည်။

"ဟုတ်ပါတယ်"

"သတင်းစာထဲ နေရာကြော်ငြာတွေ့လို့လိုက်လာတ၊ ဟိုမြေကွက် လက်သမားတွေက ဒီအိမ်မှာလို့ ညွှန်လိုက်လို့ လား…လား…ဆရာကို လူနာက အခုမှဘဲ တွေ့ဘူးတယ်၊ ကျုပ်ကို မသိဘူး မှတ်တယ်…"

"ဟုတ်ကဲ့"

ကျမမှာ တခါမှမမြင်ဘူး၍ ခပ်စိမ်းစိမ်း ကြည့်နေသည်။

"ကျုပ်ပေ့ါဗျာ…ဂွတ္တာလစ်လမ်းအိမ်မှာ ခါးတောင်းကျိုက်ပြတာ တကိုယ်လုံးယားနာတွေမှ ရစရာမရှိပါဘူး၊ ခင်ဗျားကုလို့ ပျောက်သွားတာ၊ ကျုပ်အမဲသားချဉ့်ဖိစားတော့ အိမ်ကနူပါလိမ့်မယ်လို့ပြောတယ်၊ ခင်ဗျားမှာတဲ့အတိုင်း လုပ်တာ အခုတော့ အားလုံးပျောက်သွားလို့ ကျုပ်မိတ်ဆွေလူနာကို ခေါ်လာခဲ့တယ် ကြည့်ပေးပါအုံး…"

သူညွှန်ပြသောလူကို ကြည့်လိုက်သည်။ အသက် ၆၀ ခန့် တရုပ်လူမျိုးဖြစ်သည်။ နှာခေါင်းများပွလျက် နားနှစ်ဘက် ထူအန်းနေကာ ဖြူဖွေးသောအသားပေါ်၌ ကျပ်ပြားခန့်ရှိမည့် အနီကွက်ကြီးများ ဆံကျိုးတထောင့်ခန့် ထူနေပြီး တကိုယ်လုံး ပြုတ်ထနေသည်။



E-book is created by www.shanyoma.org

ကျမက အမှတ်မထင် ဆရာမျက်စိနှင့်အနာကြည့်သလို လှမ်းကြည့်လိုက်သည်။ ကြည့်နေရင်း ကြည့်နေရင်း ရင်ထဲ၌ ယားကျိကျိနှင့်အန်ချင်သလို မူးချင်သလိုလို ဖြစ်သွားသည်။ ရောဂါအခြေအနေစစ်ကာ မေးမြန်းနေစဉ် ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာသည်။ သည်းခံ၍ စိတ်တင်းကာ ပြောဆိုနေရသည်။ ဆေးဝါးဓာတ်စာနှင့်တကွ ညွှန်ကြားချက်များ ရေးသားပေးနေသည်မှာ နာရီဝက်ခန့်ကြာသွားသည်။ တချိန်ထက် တချိန် ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေသည်ကို သတိထားမိသည်။

လူနာညော့်သည်များ ထပြန်သွား၍ ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်သည်။ မိုက်ကနဲဖြစ်သွားကာ သွေးများ အိုးလှဲသွန်လိုက်သကဲ့သို့ ဖြစ်၍ မျက်လုံးများ မှိတ်ထားရသည်။ ကျမမှာ တကိုယ်လုံး သွေးကုန်သွားသကဲ့သို့ပင် ချက်ချင်း ဖျော့ဖြူသွားသည်။

ဒေါ်သန်းခင်နှင့်ပေါက်ဆီကို အမြန်အခေါ် လွှတ်ရသည်။ ဒေါ်သန်းခင်မှာ တဖြစ်တောက်တောက် ဖြစ်နေသည်။

"ဒေါ်မမလေးရယ်… ဖြစ်မှဖြစ်ရလေ နေကောင်းတယ်ဆိုပေမဲ့ သွေးက ပြန်မရင့်သေးဘူး၊ ကိုယ့်မှာ သွေးလန့်ပြီး သွေးပျက်တဲ့ဝေဒနာ မဟုတ်ဘူးလား ကိုယ်မကောင်းတဲ့လူနာတွေနဲ့ တွေ့ဖို့မကောင်းဘူးသေးဖူး၊ စိတ်ကခိုင်ပေမဲ့ သွေးကမှ မရင့်သေး မခိုင်သေးဘဲ"

ကျမမှာ အိပ်ရာပေါ် တွင် လူမမာ ပြန်ဖြစ်သွားပြန်သည်။ ပေါက်ဆီသည် ပုဆိုးတိုတိုပြင်ဝတ်ကာ ရှပ်အင်္ကျီလက်များ ပင့်တင်လျက် ဇလုံထဲတွင် ဆေးဖျော်စပ်လေသည်။

"ကဲဗျာ… ဒီနေ့ အရင်ကလို ၉–ခါ ပြန်လူးမယ်ဗျာ… အခုတခါ လူးပြီး ခြောက်တော့ ရေစိမ်မယ်ဗျာ"

ရေရှစ်ထမ်းဝင်သည့် သစ်သား စည်ပိုင်းကြီးထဲ၌ ဒေါနပန်းခက်များ ချွေထည့်ကာ တကိုယ်လုံးမြုပ်အောင် ရေစိမ်ရလေသည်။ ရေစိမ်နေရင်း အနား၌ စောင့်နေသော ပေါက်ဆီက တောက်ခေါက်လိုက်သည်။

"သက်သာပြီးမှ ဒီလိုဖြစ်လာတာ နာတယ်ဗျာ၊ ဒီလိုဖြစ်မှာစိုးလို့ မဖြစ်အောင် ဆေးတွေ ပိုလူးလာခဲ့တာ"

"ပက်ပင်းကြီး တိုးနေတာ ဘယ်နှယ့်လုပ်မလဲကွ၊ မကြည့်ဘဲ မျက်စိမှိတ်ထားရမလား"

"အဲဒါခက်တာပေါ့… ဆေးဆရာလုပ်ရတာ အခုလိုဆိုတော့ မခက်လား"

ဆေးဆရာက ငါလုပ်ချင်လို့ လုပ်ရတာ မဟုတ်ဖူးကွ၊ အရပ်ကခန့်လို့ ဆရာဖြစ်နေတာ နေမကောင်းလဲ နေမကောင်းလို့ပါလို့ နေသာတာ မဟုတ်ဘူး၊ သူ့ရောဂါက ကိုယ့်ထက် အရေးကြီးလာတာ ငါဖြင့် အဲဒါပြောတာဘဲ သတိရနေတယ်"

"ဘာလဲဗျ…"

"သက်န်းဝတ်တော့ သက်န်းချွတ်ယင် လူပြန်ဖြစ်သေးတယ်၊ ဆေးဆရာ သိက္ခာချလို့ ဘယ်တော့မှမရဘူးတဲ့"

E-book is created by www.shanyoma.org

ဒေါ်သန်းခင်သည် တနေ့လုံး စောင့်၍ ဆေး ၉–ကြိမ်စေ့အောင် လူးပေးရသည်။ ထိုနေ့အတွက် လာကြသမျှလူနာများ 'ကိုပေါက်ဆီ'နှင့် တဆင့်ပြီးရသည်။

ကိုအောင်ဇေယျမှာ လက်သမား ၃–ယောက်နှင့် အိမ်အမြန်ပြီးအောင် ဆောက်နေသည်။ သွပ်ရရန်၊ ဘိလပ်မြေရရန် တန်းစီ တိုးဝယ်ရသည်။ အိမ်ရိုက်သံကို တပိဿာ ဂ–ကျပ်နှုန်းနှင့်မှောင်ခိုဈေးတွင် လျှောက်ရှာဝယ်ဆောက်နေရသည်။

စီးပွားရေးတဖက်၊ အိမ်ဆောက်ရေးတဖက် လူမမာအတွက် တဖက်နှင့် ဗျာများနေပေသည်။ ဘဝလုံခြုံမှုနှင့် တာဝန်အရပ်ရပ် ကူညီ၍ ထမ်းပါရစေဟု သူ့ဟာသူ စေတနာ ဝန်ထမ်း 'ဘော်လံတရီ'လာလုပ်သူဖြစ်၍ အားမနာရတော့သည်။

ပြန်နေမကောင်းကတည်းက အခန်းထဲက မထွက်တော့ဘဲ ရင်းနှီးသော လူနာများကို အခန်းထဲ၌ပင် ဆေးကုနေရသည်။ နံနက် ၇–နာရီတကြိမ် ရေချိုးလျက် ဆေးလူးရပြန်သည်။ ၁၀ နာရီ ထမင်းစား၍ ၁၂–နာရီမှ ၁–နာရီအထိရေစိမ်ရသည်။ ညနေ ၃–နာရီ ရေပြန်ချိုးကာ ဆေးလိမ်းကြပြန်သည်။ ညနေ ၅–နာရီ တကြိမ်၊ ၇–နာရီတကြိမ် ရေလောင်းကြပြန်သည်။ ဤသို့ဖြစ်လျှင် တကိုယ်လုံး ဖောလာတတ်၍ မဖောအောင် ရေတွင်တွင် ဖိလောင်းရသည်။

ကျမမှာ စိတ်ညစ်ညူးလာသည်။ ဘယ်တော့များမှ ရှင်းရှင်းကြီးနေကောင်းပါ့မလဲဟု စိတ်မရှည်အောင် ဖြစ်လာသည်။ ဤဓာတ်ပညာသင်ပြီး ၁၃–နှစ်လုံးလုံး အိပ်ရာပေါ်၌ ၃–ရက်လောက်ပင် တခါမှမလဲဘူးခဲ့ပေ။ လူမမာ စဖြစ်သည့်နေ့ကို ရေတွက်ကြည့်ရာ၊ အိမ်သုံးအိမ်ပြောင်းလျက် သုံးလထဲရောက်လာပြီ။ ကျန်းမာစပြုပြီးမှ ပြန်ဖြစ်လာသည့်အတွက် လူနာတွေနှင့်ဝေးရာသို့သာ ထွက်ပြေးချင်တော့သည်။

တော်ဘုရားလေးဇနီး'မေ'နှင့်ထိပ်စုမြတ်ဘုရား ထွေးတို့ ဆေးယူရန်ပေါက်လာကြသည်။ အိပ်ရာနားတွင် စကားထိုင်ပြောနေခိုက် လူနာမိန်းခလေး ဝင်လာသည်။ ထိပ်စုမြတ်ဘုရားထွေးက 'ဘာရောဂါဖြစ်လို့လဲ'ဟုလှမ်းမေးလိုက်သည်။

"ကျမအပျိုဖြစ်လာကတည်းက ငါးနှစ်လုံးလုံး နေ့စဉ်နေတိုင်း ဓမ္မတာဖြစ်နေပါတယ်၊ ဆရာမျိုး စုံ၊ ဆေးမျိုးစုံပေမဲ့ မပျောက်ဘူး၊ နေ့စဉ် ဖြစ်နေတဲ့ကြားထဲက တခါတခါ ခလေးပျက်သလို မြင်မကောင်း ရှုမကောင်းအောင် သွေးသွန်သေးတယ်၊ ငါးနှစ်လုံးလုံး ဘယ်မှလဲ မသွားမလာဝံ့ဘူးရှင့် ငါးနှစ်လုံးလုံး စိတ်ဆင်းရဲလိုက်တာမှ"

ထိပ်စုမြတ်ဘုရားထွေးက မျက်နှာရှုံ့၍ ဝင်ပြောနေသည်။

"အမယ်လေး... သုံးလေးရက်တောင် ဘယ်လောက်စိတ်ညစ်စရာကောင်းလဲ၊ ငါးနှစ်ဆိုတာ သေချင်စရာကြီး"

ကျမမှာ လူနာမိန်းကလေးကို ငေးကြည့်နေသည်။

အမကြီးနဲ့ ကုတော့မှဘဲ ရောဂါပျောက်သွားတော့တယ်၊ အခုမှဘဲ မန္တလေးတို့ပြည်တို့ ဘုရားလည်ဖူးရတော့တယ်၊ အခုလဲ ခရီးထွက်လည်မလို့ ဆေးလာယူတာပါ"



E-book is created by www.shanyoma.org

မင်းတုန်းမင်း ရှင်ဘုရင်လက်ထက်က ကျမတို့ဓာတ်ပညာ၏ ဓာတ်ဆရာကြီးဖြစ်သော ဦးပိုသည် ဤဝေဒနာမျိုးကို လမ်းကြမ်းကြမ်းတွင် လှည်းကြမ်းပေါ် တွင် တင်မောင်းစေကာ ကုသလေသော ထုံးရှိခဲ့သည်။

ဤမိန်းခလေး၏ ရောဂါကို မြို့ပတ်ရထားနှင့်ကုခဲ့ရသည်။ "မြို့ပတ်ရထားဖောက်တာ၊ ရောဂါပျောက်ဖို့ ဖောက်ပေးတာဘဲ မှတ်ပေတော့"ဟုဆိုကာ နေ့စဉ် မနက်တကြိမ်၊ ညနေတကြိမ် မြို့ပတ်ပြီးရထားစီးခိုင်းရသည်။ စီးခိုင်းစက ဤရောဂါနှင့် ဘယ်မှမသွားလာရဲပါဘူးဆိုနေ၍ စီးဖြစ်အောင် အတော်နားချပြောဟောရသည်။ အထိအတွေ့မှနေ၍ သူနှင့်အထိဆုံးဓာတ်ကို ရွေး၍ ကုခဲ့ခြင်းဖြစ်သည်။ တလခန့် နေ့စဉ်ရက်ဆက်စီးခြင်းဖြင့် သက်သာပျောက်ကင်းသွားခြင်း ဖြစ်သည်။

ကျမမှာ လူနာမိန်းခလေးကိုငေးကြည့်နေကာ 'ငါးနှစ်လုံးလုံးဖြစ်နေတာတောင်ပျောက်သေးတာ ငါ့မှာ ၃–လရှိသေးတယ် ဘာဖြစ်လို့ မပျောက်ရမှာလဲ'ဟုကိုယ့်ကိုယ်ကို ပြန်အားပေးနေမိသည်။

ဒေါ် သန်းခင်နှင့်ပေါက်ဆီတို့ ဖိဖိစီးစီး လုပ်ပေး၍ တနေ့တခြား ပြန်၍ သက်သာလာသည်။ ကျမမှာ 'ဤအတောအတွင်း ကိုယ်ပျက်နေသော ဝေဒနာသည်များလည်း မလာကြပါစေနဲ့'ဟု ကျိတ်၍ဆုတောင်းနေရသည်။ အိမ်ရှိလူများလည်း မှာထားသည်။

တညနေတွင် ကိုအောင်ဇေယျာက အိမ်တိုင်ထူလျက် မိုးကာပြီး၍ ရုပ်လုံးပေါ် လာသော အိမ်ကလေးကို လိုက်ကြည့်ပါဟုခေါ် လေသည်။ ဘောက်ထော် ရောက်ကတည်းက အိမ်ထဲက တခါမှမထွက်သေး၍ မြေကြီးပေါ် ၌ လျှောက်ချင်သည်နှင့် အလှမ်းမဝေးလှသော အိမ်ဆောက်နေရာသို့ လျှောက်သွားလေသည်။

အကြမ်းထည်အိမ်ပုံသဏ္ဍာန် ပေးလာသော အဆောက်အဦးကိုကြည့်လျက် ဘဝကိုတွေးမိသည်။ အိမ်နှင့်မြေ အတည်တကျပြန်ဖြစ်ရတော့မည်ဘဝကို ဆင်ခြင်တွေးတောနေစဉ် မိုးဟိန်း ပြေးလိုက်လာသည်။

"မေမေ အိမ်မှဧည့်သည်တွေ ရောက်နေတယ်၊ အာတီးယားလမ်းက ဆရာမကြီးဒေါ် ချစ်ရဲ့ညီမတွေ လူနာလဲပါတယ်"

လူနာလဲပါတယ်ဆို၍ ကျမက"ဘာ...လူနာဟုတ်လား..."နှင့် ကျမနှုတ်မှ တခွန်းစီ တုံ့ဆိုင်း တုံ့ဆိုင်း ထွက်သွားသည်။

သခင်ကျော်ထွန်းတိုက်သို့ပြန်လျှောက်လာခဲ့ကြသည်၊ ဧည့်ခန်းထဲတွင် ဆရာမဒေါ် စိန်၊ ဒေါ် ဘေဘီနှင့် အခြားအမျိုးသမီးသုံးယောက်ထိုင်နေကြသည်။ အမျိုးသမီးသုံးယောက်အနက် တဦးမှာ အလွန်ဝဖြိုးလျက် စောင်ကြီးခြုံထားကာ အမျိုးသမီးတဦးကို ဖက်လျက် မျက်စိမှိတ်ပြီး မှီထားသည်။

"ဟောဒီက ကျမတို့အိမ်နားက မိတ်ဆွေတွေပါဘဲ၊ ကျောမှာ အနာပဆုပ်ကြီးပေါက်နေ



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

လို့ ဆရာဝန်တွေနဲ့ကုတာ မသက်သာပါဘူး၊ ဆရာဝန်ကဘဲ ဒီအနာမျိုးဟာ ဗမာဆရာကောင်းကောင်းနဲ့ရှာကုပါလို့ ပြောလိုက်တယ်… ကျမ မြင်းဖုကြီး ပျောက်သွားတာ သူတို့သိလို့ လိုက်ပို့ပါ ဆိုလို့ လိုက်ပို့ရပါတယ်၊ တဆိတ် ကုပေးပါနော်…”

တီကိုဆားနှင့်တို့လိုက်သကဲ့သို့ အနာပဆုပ်ဟုကြားလိုက်သည်နှင့်ကျမမှာ တွန့်သွားလေသည်။ ဝေဒနာသက်သာစတွင် ကျမလို ဝေဒနာမျိုးမှာ ဘယ်နည်းနှင့်မျှ ဤအနာမျိုးကိုကြည့်ရန် မသင့်တော်သေး၍ စိတ်ညစ်သွားသည်။ ကုမည်ဆိုလျှင် ဤအနာကို သေသေချာချာ ကြည့်မှဖြစ်မည်။ အနာပဆုပ် ကျောလုံးပုပ် ဆိုသကဲ့သို့ ဤအနာ ပုပ် မပုပ် သေချာကျန ကြည့်ရပေမည်။ ကျမမှာ ကိုယ့်ဝေဒနာတဖက်နှင့် အကြပ်အတည်း ဆိုက်နေသည်။

“ကျမ မကုပါရစေနဲ့ရှင်”ဟုပြောလိုက်ချင်သည်။ သို့သော် ဤအနာမျိုးမှာ မကုနိုင်လျှင် သေတာများသဖြင့် လူနာပေါ် တွင် ကရုဏာသက်ပြန်သည်။ ကျမကို အားကိုးလျက် အိမ်တိုင်ယာရောက်လာခဲ့ကြပြီး မှ ကျမ လက်မခံသဖြင့် ပြန်သွားရတော့မှာကိုလည်း စိတ်မကောင်းစရာဖြစ်နေသည်။

ကျမမှာ ဝေခွဲ၍ မရနိုင်အောင် ဖြစ်လျက် ရင်ထဲ၌ ဖိုနေပေသည်။

“ကဲ…လာ…လာ… ဆရာမကို ပြရအောင်” ဒေါ်ဘေဘီသည် လူနာကို လှမ်းပြောကာ တွဲခေါ်ပြီး ကျမရှေ့၌ ထိုင်ခိုင်းသည်။ စောင့်ခြုံကို ဖယ်ရှားကာ အင်္ကျီများ ဝိုင်းပင့်မ,နေကြသည်။

ကျမသည် သွေးမခိုင်သေးမှန်း ကိုယ့်ကိုယ်ကိုသိ၍ စိတ်ကို တင်းလျက် အံကြိတ်ထားသည်။ လူနာပေါ် ၌ မေတ္တာဈာန ပွားများဆောက်တည်လိုက်ကာ ကိုယ့်ကိုယ်ကို တရားချလျက် မေတ္တာပွားနေရသည်။

အလွန်တမင်း ဝလွန်းလှ၍ ကျောပြင်ကြီးမှာ သာမန်လူထက် ၂ ဆလောက်ရှိသည်။ အင်္ကျီကို ဆွဲပင့်ရင်း လက်သီးတဆုပ်လောက် အနာကြီးပေါ် လာသည်။

“ကြည့်ပါဆရာမ ဒီနေရာတဝိုက်လုံး ညိုပုပ်နေတာ ကျမတို့ကတော့ ပြည်ပုပ်တွေ သွေးပုပ်တွေ ခဲနေတယ်ထင်တာဘဲ…ဟောဒီအပေါက်တော့ သွေးတွေ ပြည်တွေ ထွက်နေတယ်”

ကျမမှာ ပါးစပ်ဟနေသလို ပွင့်ဟနေသောအနာဝမှ သွေးပုပ်ပြည်ပုပ်များကို သေသေချာချာ ကိုင်တွယ်စမ်းသပ်ကြည့်ရသည်။ ကြည့်နေရင်း… ရင်ထဲက ယားကျိကျိ၊ နောက်တောက်တောက်နှင့်အန်ချင်သလို မူးချင်သလို ဖြစ်လာကာ အနာကို ကြည့်နေသော မျက်လုံးများသည် ချက်ချင်းအားနည်းသွားသည်။

“အဖျားလဲ ဝင်နေတယ်ဆရာမ၊ ကိုယ်တွေလဲ ခြစ်ခြစ်တောက် ပူနေတယ်”

အနာ၏ လက္ခဏာကား မကြာမီ ပုပ်တော့ပေမည်။ ဤအနာမျိုးပုပ်လျှင် ဘယ်ဆရာနှင့် ကု၍မှ မရတော့ချေ။

ရင်ထဲ၌ တလှပ်လှပ်ဖြစ်လာ၍ စိတ်ကို တင်းကာ ဦးနှောက်ထဲ၌ အနာအတွက် အထက်ဆုံးဓာတ်ကို ချာလပတ်လည်အောင် စဉ်းစားယူရသည်။ ဆေးဝါးဓာတ်စာနှင့်တကွ အလုံးစုံညွှန်

ကြားပြောဆိုအပြီး၌ အိမ်ရောက်ရောက်ချင်း ရေလောင်းရန် ပြောလိုက်သည်။

"သိပ်ဖျားနေတယ်ဆရာမ၊ ဖြစ်ပါ့မလား"ဟု လူနာရှင်များက ပြောကြသည်။

"အနာဝင်ချင်လို့ ဖျားလာတာ ရေလောင်းပေးနိုင်မှ ဒီအဖျား ပြေးမှာ ရဲရဲဝံ့ဝံ့လောင်းသာလောင်းပါ၊ ကျမပြောတဲ့အတိုင်း တခုမကျန် အတိအကျလုပ်ဖို့ အရေးကြီးတယ်"

မောသံပါလာသောအသံဖြစ်၍ ကျမက ကြိုးစားပြီး အသံမပျက်အောင် ထိန်းလျက် ပြန်ပြောရသည်။ မော်တော်ကားများ ပြန်ထွက်သွား၍ ခြံဝင်းပြင်သို့မှ မရောက်မီ ပေါက်ဆီနှင့် ဒေါ်သန်းခင်၏ အမဒေါ်ခင်ကြည်အိမ်သို့ ပေါက်လာ၍ ကျမမှာ ပေါက်ဆီ၏ ပုခုံးကို ကဗျာကယာ လှမ်းကိုင်လိုက်ရသည်။ လူတကိုယ်လုံးရှိ သွေးများမှာ ရေအိုးလှဲမှောက်သွန်လိုက်သည့်အတိုင်း အိုင်ထွန်းမျှောစီးသွားလေသည်။

"ခင်ဗျား မကြည့်နဲ့...မကြည့်နဲ့...မျက်လုံး ပိတ်ထားဗျာ"

ပေါက်ဆီသည် ကျမကို တွဲထားရင်း ကမူးရှူးထိုးပြောနေသည်။ ကျမက မျက်လုံးမှိတ်လိုက်သည်။

"ခင်ဗျားမျက်လုံး မဖွင့်နဲ့နော်၊ ရေချိုးခန်းထဲရောက်တဲ့အထိ မဖွင့်နဲ့ ကျွန်တော်က ဖွင့်ဆိုမှဖွင့်ဗျ"

ကျမကို သုံးလေးယောက်တွဲလျက် ရေချိုးခန်းထဲသို့ ခေါ်သွားကြသည်။ ပေါက်ဆီသည် ပုဆိုးတိုတိုပြန်ဝတ်လျက် အရပ်ကလေး မမှီ့တမှီနှင့်ရေခပ်ပက်သည်။ ရေ ၁၀ ခွက်လောက်လောင်းပြီးမှ ဖွင့်...ဖွင့်...ဟုအော်လိုက်သည်။

ကျမမှာ ကိုယ့်အားနှင့်ကိုယ် မတ်တတ်ပင် မရပ်နိုင်တော့၍ သုံးလေးယောက်က ဖေးကိုင်ထားကြရသည်။

စောစောက အကောင်း၊ အနာ့ပဆုပ်လက်ချက်ဖြင့် အိပ်ရာပေါ်၌ လူမမာ ပြန်ဖြစ်သွားရသည်။

"ခင်ဗျားကလဲဗျာ... ဆရာရင့်မာကြီး တယောက်လုံး လုပ်ပြီး သိရဲ့သားနဲ့၊ အခုနေခါမှာ ထိတ်စရာ လန့်စရာ စိတ်ညစ်စရာ နှလုံးမချမ်းသာစရာတွေကို ကြပ်ကြပ်ရှောင်ရမယ် မဟုတ်လား။ ဒီအနာကြီး ခင်ဗျားကြည့်တာ အံ့ပါရဲ့ဗျာ"

"ပြောတော့ကွာ...ပြောတော့"ဟု ကျမက အသံကလေး ယွဲ့ယွဲ့နှင့်ပြန်ပြောလိုက်သည်။

## ၄

အိမ်ဆောက်ပြီးသွား၍ ဝန်ကြီးသခင်ကျော်ထွန်းတိုက်မှ ပြောင်းကြပြန်သည်။ နှစ်ဆယ့်ရှစ်ကြိမ်မြောက် အိမ်ပြောင်းခြင်း ဖြစ်သည်။ အားနည်းပြီး မောနေသော ကျမမှာ လူတွဲ၍ အိမ်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ပေါ် သို့တက်ခဲ့ရသည်။

ရောဂါဝေဒနာအခြေအနေအကျိုးအကြောင်း ပြန်ကြသည့်လူနာများမှာ တယောက်တက်တယောက်ဆင်း ဖြစ်နေသည်။ ကျမမှာ အိပ်ရာပေါ်၌ တယောက်လာလျှင် တခါစဉ်းစားပြောနေရသည်။ အနာ့ပဆုပ်လူနာနှင့်ရှမဝမောင်ကြည်ဆွေ လွတ်လိုက်သောပင်လယ်ဘက်မှ မျက်စိတဖက် ကွယ်သွား၍ လာကုသောလူနာအပြင် ချောင်းဆိုးသွေးပါ လူနာနှစ်ယောက်အတွက် အရေးတကြီး အာရုံစိုက်လျက် စဉ်းစားနေရလေသည်။ ဒေါ်သန်းခင်နှင့်ပေါက်ဆီမှာ ကျမ မသက်သာမချင်း နေ့စဉ်လာ၍ ကြည့်နေရသည်။

အိမ်ရှေ့တံခါးခေါက်သံကြားကာ လူနာညွှဲ့သည်များရောက်လာကြသည်။ ပေါက်ဆီမှာ ကျမကို ဆေးလူးမည်ပြုနေခိုက် လူနာလာ၍ ဆေးခွက်ချကာ သူထွက်သွားသည်။

"ခက်ပါတယ်ဗျာ၊ ကျွန်တော်နဲ့မဖြစ်ဘူးဗျ၊ သူတို့က ခင်ဗျားကိုသာ တွေ့ချင်ကြတာ တွေ့ပါရစေတဲ့ ကုလက်စ, တန်းလန်းလို့ပြောတာဘဲ"

ကျမသည် အိပ်ရာပေါ်မှထလိုက်ကာ မှန်တင်ခုံရှေ့၌ သွားရပ်သည်။ ခေါင်းပွနေ၍ ဒေါ်သန်းခင်က ဘီးနှင့်သပ်ဖီးပေးရင်း... 'စကားကို ဖြည်းဖြည်းပြောနော်၊ နားနားပြီးမှ ပြော'ဟု ဒေါ်သန်းခင်က မှာသည်။

ကျမမှာ လူကောင်းတယောက်ကဲ့သို့ ဣန္ဒြေမပျက် ညှဲ့ခန်းသို့ ထွက်လာခဲ့သည်။ ဒေါ်သန်းခင်နှင့်ပေါက်ဆီတို့မှာ လိုက်ကာနောက်မှချောင်းနေကြသည်။

ရှမဝမောင်ကြည်ဆွေ၏ အကို ဦးစန်းတင်တို့လင်မယားနှင့်ရှမ်းပြည်မှ လူမမာများဖြစ်နေသည်။

လိုက်ကာနောက်၌ ချောင်းကြည့်နေသော ကျမဆရာသမားများက ကျမ အသံမောသံပါလာလျှင် ပေါက်ဆီသည် ဂျင်ဂျာဘီရာဘိလပ်ရည်ကို ပြေးဖောက်လျက် ကျမအနား၌ လာချသည်။

တယောက်ပြီးတယောက် ဝေဒနာကို စစ်ကြော မေးမြန်းနေရသောကျမမှာ တထိုင်တည်း ဝေဒနာမျိုးစုံ ဖြစ်နေသည်။ စကားပြောနေယင်း ခေါင်းထဲ မူးသွားလိုက် ရင်ထဲ၌ နင်တင့်တင့်နှင့် ကြပ်တတ်ကြီးဖြစ်လာလိုက် လေသံမှာ အားပျော့သွားပြန်၍ အားပြန်ယူလိုက်ရနှင့်အခြေအနေ အတော်ဆိုးနေသည်။

လူနာများ ပြန်သွားမှလိုက်ကာနောက်မှ ဒေါ်သန်းခင်နှင့်ပေါက်ဆီတို့ ပြေးထွက်လာကာ 'လာဗျာ၊ လာဗျာ ဆေးလူးမယ်'ဟုပြောပြောဆိုဆို တွဲခေါ်ကြသည်။

"ဟန်ဟန်သေးတော့ဗျာ၊ ခင်ဗျားက ရှေ့က လူမမာတွေ ထွက်ကု၊ ခင်ဗျားကို ကျွန်တော်တို့က နောက်ကပြန်ကု"

ပေါက်ဆီသည် ပြောပြီး ဟက်ဟက်ပက်ပက် ရယ်နေသည်။

ဆေးလိမ်းပြီး စောင်တွေ အထပ်ထပ်အုပ်ထားကြသည်။

အဘဓာတ်ဆရာကြီး မကွယ်လွန်မီ တလက ကျမကို ပဲခူးသို့ ခေါ်သွားသည်။ ပဲခူးမှအပြန် သူ၏ဓာတ်ပညာကို အမွေဆက်ခံတော့ဟု လွှဲအပ်ပေးပြီးနောက်… “ငါ့သမီးတော့ ပါးရေတွန့်ပြီး အမယ်အိုကြီးဖြစ်နေတာတောင် ဆေးတော့ ကုနေရမှာဘဲ”ဟု ပြောသွားဘူးသည်။ ကျမမှာ စောင်ခြုံထဲ၌ အဘကို သတိရနေလေသည်။

“တောင်းပန်ပါရစေရှင်၊ ကျမခလေးအကြီး ဖြစ်တုန်းကလဲ ဒေါ်မမလေးဘဲ ကုပေးတာဘဲ၊ အခုခလေးက အငယ်ပါ၊ အပျင်းဖျားပြီး တက်နေပါတယ်၊ စကားတခွန်း နှစ်ခွန်းလောက်တော့ ပြောခွင့်ပေးပါရှင်၊ တွေ့ပါရစေရှင်၊ တညင်ဖက်ကတောင် ကူးလာရတာပါ”

ကျမသည် စောင်ခြုံထဲ၌ ကွေးနေစဉ် အပြင်ခန်းမှ ငိုတော့မလိုပြောနေသော အသံကို အတိုင်းသား ကြားရလေသည်။ ငိုသံပါနေသော အသံကြောင့် ကျမမှာ မနေသာတော့ကာ ဆေးမခြောက်ခင် စောင်များလှပ်၍ ဆေးထွက်ကုရတော့သည်။

ကျမရောဂါ မပျောက်နိုင်ခြင်းကို တနေ့ထက်တနေ့ စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ တခါတရံ လူကောင်းတွေကို ကြည့်လျက် အားငယ်စိတ် ဝင်လာသည်။

ကနဦးက အနားယူချင်လှသော ကျမအဖြစ်ကို ပြန်၍ စဉ်းစားမိသည်။ အနားယူခါမှ အနာရနေပုံကို တွေးမိလေသည်။ သက်သာသွားပြီးမှ ပြန်ဖြစ်ရသည်တွင် တဝေဒနာတည်း မဟုတ်တော့ဘဲ ဝေဒနာအမျိုးမျိုး ထူလာလေသည်။ ၁၃ နှစ်လုံးလုံး ဓာတ်အားကိုးလျက် နိုင်တိုင်းညှဉ်းဆဲလာခဲ့မိ၏။ ညလုံးပေါက် မထတန်းမအိပ်ဘဲ အလင်းစာရေးခဲ့သည်။ အချိန်မမှန်စားသည်။ နေကုန်နေခန်း အညောင်းထိုင်သည်။ နေ့တိုင်း ဒေါက်ချာစိုင်းလျက် အပင်ပန်းခံခဲ့သမျှတွေမှာ အနားယူကာမှပင် ထွန်ဖြုတ်လိုက်သောနွားကဲ့သို့ ခွေကျသွားကာ ဝေဒနာရခိုက် နောက်ဆက်တွဲအကုန်စုကိုင်နေလေ၏။

“ကျမတို့ မှန်တာ လုပ်နေတာ၊ ဘာပူစရာရှိသလဲ သွေးတွေ ဘယ်လိုသွန်သွန် သွေးအားနည်းသွားမှာ ဘာမှကြောက်စရာ မရှိဘူး၊ အားနည်းရင် တနေ့ဘဲ၊ ဒီဓာတ်တွေနဲ့ ချက်ချင်း သွေးအားပြန်ပြည့်လာတာဘဲ မဟုတ်လား… အခုနေ အကြောင်းမသိရင် ဒေါ်မမလေးကို ကြည့်ပြီးဘယ်သူက လူမမာလို့ထင်မလဲ ဖျော့ဖြူလဲ မနေဘူး၊ ပိန်ချုံးလဲမသွားဘူး၊ နကိုအတိုင်းဘဲ… သက်သာပြီးမှပြန်ဖြစ်ရလို့ ဒီလောက်ခံနေရတာပါ…”

ဒေါ်သန်းခင်က စိတ်ရှည်ရန် အားပေးနေသည်။

အိမ်သို့ နေ့စဉ်လာနေကြသော လူနာများထဲတွင် အချို့မှာ ကျမ နေမကောင်းနေသည်ကို လုံးလုံးမသိကြချေ၊ ဆရာလာပင့်သော ဆရာလာပင့်သော ပုဂ္ဂိုလ်တယောက်မှာ မလိုက်သဖြင့် စိတ်ဆိုးသွားသည်။ သားအိမ်ရောဂါသည် ဆေးရုံကချ၍ ကျမကို လာခေါ်သည်။

“မလိုက်နိုင်ပါဘူးရှင်…”

“ဘာဖြစ်လို့လဲဗျာ သေတော့မဲ့ဆဲဆဲဖြစ်နေတဲ့အသက်တချောင်းပါ ခင်ဗျားဆရာ မဟုတ်လား၊ ခင်ဗျားဆီသွား၊ ခင်ဗျားကုရင် ချမ်းသာမယ်လို့ ပျောက်တဲ့လူက ညွှန်လိုက်လို့လိုက်လာတာပါ



E-book is created by www.shanyoma.org

လိုက်ပါဗျာ...''

''ကျမ နေမကောင်းပါဘူး မလိုက်နိုင်ပါဘူး''ဟု ကျမက ငြင်းလိုက်သည်။ ကျမကို မယုံသကာ မျက်လုံးကြီးဖြင့် ခြေဆုံးခေါင်း ဆုံးကြည့်၍ ''ခင်ဗျားက ဘာဖြစ်လို့လဲဗျ''ဟုစစ်နေသည်။

''ကောင်းကောင်း နေမကောင်းလို့ပါ''

ပိုမို၍မယုံနိုင်လောက်အောင် မျက်နှာနှင့် 'ဒီမှာဗျ ခင်ဗျား လိုချင်သလောက်တောင်း ကျုပ်တို့ပေးမယ်'ဟုဆိုလိုက်သည်။

''ကျမ အခုလူနာတွေကို ကုနေတာ ကုသိုလ်ဖြစ် ကုပေးနေတာပါရှင်၊ ဘယ်လူနာဆီကမှ ပိုက်ဆံတပြားမှလက်မခံပါဘူး။ လူနာဆီက ဆရာဝန်တွေ ပိုက်ဆံယူရရင် ကျမသူဌေးဖြစ်နေတာ ကြာလှပါပြီ''ဟုဆိုလိုက်မှ အသံပျော့သွားသည်။ ထိုပုဂ္ဂိုလ်မှာ ကျမနေမကောင်းခြင်းကို မယုံဘဲ မလိုက်ချင်၍သာဟု ထင်ကာ ထပြန်သွားသည်။

ရင်းနှီးသောဆွေမျိုးများက နေမကောင်းဘူးသိ၍ 'ဆရာလုပ်ပြီး နေမကောင်းနေသလား'ဟုနောက်သည်။ 'ဆရာလုပ်နေလို့ နာတာရှည်နေရတာဗျ၊ ဆရာသာ မလုပ်ရင်ကြာလှပြီ နေကောင်းနေတာ'ဟု ပေါက်ဆီက ဒေါ်နှင့် မာန်နှင့် ပြန်ပြောလိုက်သည်။

အနာပဆုပ်လူနာမိန်းခလေးသည် သူ့ညီမနှင့်အတူလာကြသည်။ ရောဂါပျောက်ကင်းချမ်းသာသွား၍ ပိုက်ဆံလက်မခံဘူးသတင်းဖြင့် မုန့်သတ္တော၊ ထောပတ်ဘူးများ ယူလာတာ ထိုင်ကန်တော့လေသည်။

ကျမမှာ တကိုယ်လုံးဆေးလိမ်းထား၍ စောင်ခြုံကြီးနှင့်ထိုင်ကန်တော့ခံရင်း ကုပေးတဲ့ လူနာက ပျောက်သွားပြီး ဆရာက မပျောက်နိုင်သေးသည်ကို ပြုံးလိုက်မိသည်။ သူ့အတွက် ဆရာ ဘယ်လောက် သွက်သွက်လည်အောင် ဒုက္ခများခဲ့သည်ကို သူကတော့ မသိချေ၊ ကျေးဇူးတင်ကြောင်း ပြောနေလေသည်။

''အိမ်နီးနားချင်းတွေက ကျမတို့အိမ်ကိုကြည့်ပြီး ဒီအိမ်တော့ ဘယ်နေ့ငိုသံကြားရမလဲ စောင့်ကြည့်နေတာ  ဘယ်သူကမှ ကျမကို ရှင်မယ် မထင်ဘူး၊ ကောလိပ်ကျောင်းက ဒေါက်တာဒေါ်သင်းကြည်တို့က ကျမကိုသေမှာဘဲလို့ထွက်ထားတာ အခုတော့ သိပ်အံ့သြနေကြတယ်''

အံ့သြမည်ဆိုလည်း အံ့သြနိုင်ပေသည်။ သူ့အနာကြီးကို နွားချေးများဖြင့် အုံ၍ ကုခဲ့သည်။ နွားချေးဆိုလျှင် မသန့်ရှင်း၍ အဆိပ်ဖြစ်မည်ဟုထင်ကြသည်။ အနာမပုပ်ရန် လူကောင်းပါးစပ်ထဲက ကျိုးသော သွားများကို ရှာခိုင်းကာ တချောင်းပြီး တချောင်း သွေးတိုက်ခဲ့သည်။ အနာပဆုပ်ရောဂါတိုင်း ဤဆေးနည်းနှင့်မပျောက်၊ သူ့ဓာတ်နှင့်သူကိုက်အောင် ပေးနိုင်၍သာ ဆေးဖြစ်ပြီး ပျောက်ရလေသည်။

ကျမ သက်သာပြီးမှ သူ့ကြောင့် လူမမာပြန်ဖြစ်ခဲ့ကာ လူမမာဘဝနှင့် သူ့အနာကြီး မပျောက်ပျောက်အောင် အိပ်ရာပေါ်မှ ကုနေခဲ့ရ၏။ အနာအတွက် နေ့စဉ် ခေါင်းပူ စိတ်မောခဲ့ရလေသမျှ ယခုမှ စိတ်ချမ်းသာသွားလေသည်။



E-book is created by www.shanyoma.org

ကျမကို မရှိခိုးဘဲ နွားကိုသာ ထိုင်ရှိခိုးဘို့ ကောင်းကြောင်း ရယ်မောပြောလိုက်သည်။

သူတို့ထပြန်သွားပြီး မီးရထားဘက်မှ မီးရထားမင်းကြီး ဦးသာဆင်ကတော် 'မြင့်' ပေါက်လာသည်။

"မမရေ... မမရောဂါ ရထားကို အိမ်လုပ်ပြီး ကြာကြာစီးရရင် မြန်မြန်ပျောက်မယ်ပြောတာ မမတော့ ရထားစီးရပြီ၊ မြင့်တို့တပတ်လောက် ခရီးထွက်ရမယ်၊ ပျဉ်းမနား၊ တောင်တွင်းကြီး၊ မန္တလေး၊ မုံရွာ၊ မေမြို့ဆိုတော့ ရထားက တပတ်လောက် လျှောက်ခုတ်နေရမှာ၊ ရထားပေါ်မှာ တပတ်လုံးနေရမှာ မမ...လိုက်ခဲ့"

ကျမမှာ မြို့ပတ်ရထားနှင့် ကုသခဲ့သောမိန်းခလေးကို သတိရလိုက်ကာ ဝမ်းသာအားရ 'ဟန်ကျတာဘဲ'ဟုပြောလိုက်သည်။ လူနာတွေအတွက် အကုန်မှာကြားထားခဲ့ကာ ည ၈–နာရီ မထိုးမှီ ဘူတာရုံသို့ ဆင်းသွားလေသည်။

နေ့ညမနား ခုတ်နေသော ရထားပေါ်တွင် ငါးရက်မြောက်သောနေ့တွင် လွန်နေသော ဓမ္မတာမှာ ရှင်းရှင်းကြီး ရပ်သွားလေသည်။ 'မြင့်ရေ မမ နေကောင်းပါပြီ'ဟုပြောလိုက်၍ မြင့်မှာ ရွှင်မြူးသွားရှာသည်။

တပတ်ကျော်မှ ရန်ကုန်သို့ ပြန်ရောက်လာသည်။ ပြန်ရောက်ပြီး နောက်တနေ့နံနက်စောစော အိပ်ရာမှ ထလိုက်သည်။

အိမ်နောက်ဘက်ခြံမှနေရောင်ခြည်ထဲတွင် ပန်းပွင့်များကိုမြင်ရလေ၏ ။ စိမ်းစိုသော သစ်ပင်များပေါ်တွင် ကျေးငှက်ကလေးတွေ တပင်နှင့်တပင် ကူးကာ ပျော်မြူးနေကြလေသည်။ နံနက်စောစော အော်ဟစ်၍ သွားသော ဈေးသည်များ၏ အသံများကို တသံပြီးတသံ ကြားလိုက်ရသည်။ အဝေးမှ အိမ်ဆောက်နေရာဆီက လက်သမားများ ရိုက်နှက်နေသော တူသံ ဆောက်သံများလည်း တညံညံထွက်လာကြသည်။ အိမ်ရှေ့ အိမ်ဘေးတဝိုက်ရှိ ကားဂိုဒေါင်ထဲမှ ကားများကို ထုတ်ကာ တိုက်ချွတ်ဆေးကြောနေကြသည်။

ကျမသည် မှန်ခုံရှေ့၌ သွားရပ်လိုက်ကာ ခေါင်းဖြီးလိုက်သည်။ ခေါင်းဖြီးပြီး ရေသွားချိုးကာ အဝတ်အစားလဲနေသည်။ မှန်ခုံရှေ့၌ ပြင်ဆင်နေသော ကျမကိုတွေ့၍ ကိုအောင်ဇေယျမှာ အံ့အားသင့်သွားသည်။

"စောစောစီးစီး ဘယ်သွားမလို့လဲ ဟင်"

"အလုပ်ဆင်းမလို့"

"ဟာ... မဟုတ်တာ...အခုမှကျန်းမာလာတာ အနားယူပါအုံး"

"အမယ်လေးလေး... မယူပါရစေနဲ့၊ ကြောက်လှပါပြီ တော်ပါတော့"

အလုပ်မသွားဘဲ အနားယူမိ၍ အိပ်ရာပေါ်၌ အနာရကာ အချိန်အကန့်အသတ်မရှိ၊ မိုးလင်းက မိုးချုပ် လူနာတွေနှင့် တနှစ်နီးပါး နဘမ်းလုံးနေသောဘဝကို ကြောက်သွားမိသည်။

"ငြိမ်းငြိမ်းနေပါအုံး၊ အလုပ်ဆင်းရတာ ပင်ပန်းပါတယ်၊ တယောက်ထဲ လုပ်နေရတာဖြစ်

E-book is created by www.shanyoma.org

တာဘဲ။

“ငြိမ်းငြိမ်းနေချင်ပေမဲ့ ငြိမ်းငြိမ်းနေရတဲ့ ဇာတာမဟုတ်ဘူး၊ ဘဝကိုက ငြိမ်းငြိမ်းမနေရတဲ့ဘဝ”

နံနက် ၉–နာရီတွင် အလုပ်တိုက်သို့ထွက်လာကြသည်။ အလုပ်တိုက် ၂–တိုက်ပြန်ရှိ၍ တယောက် တတိုက်စီ လုပ်မယ်ဟုတာဝန်ခွဲယူလိုက်သည်။ ဘားလမ်းထဲရှိ မမလေးကုမ္ပဏီတိုက်ခန်းရှေ့တွင် ကျမကို ချထားခဲ့ကာ ကိုအောင်ဇေယျသည် အနော်ရထာလမ်းပုံနှိပ်တိုက်သို့ ဆက်မောင်းသွားသည်။

ရှေးယခင်ကဲ့သို့ အလုပ်ဆင်းလာသောပုံစံနှင့် ဖြတ်ဖြတ်လတ်လတ် လှေကားကို နင်းတက်ခဲ့ကာ အလုပ်စားပွဲ၌ ထိုင်လိုက်ပြီး မနက်ထွက်မည့်သတင်းစာမှီရန် စာရွက်တရွက်ဆွဲကာ ကျမကို တွေ့နိုင်မည့်နေရာနှင့်အချိန်ကို လူနာများ သိစေရန် ကြော်ငြာကောက်ရေးလိုက်လေသည်။

E-book is created by www.shanyoma.org

ဇီဝိတနှင့်၊ ဒါနဖြစ်အောင်၊ ကြံဆောင်စေသား။

သမားအရာ၊ အင်္ဂါရှစ်တန်၊ ကျမ်းဂန်ဆေးစာ လက္ခဏာလည်း၊ မြင်ကာသိစေ၊ ဗေဒင် ဇာတာ ဂြိုဟ်လာသက်ရောက်၊ တွေးထောက်နိုင်ကြောင်း၊ သူတော်ကောင်းနှင့်၊ ပေါင်းမိစေရာ၊ မြဲသစ္စာဖြင့်၊ သီလာနုဿတိ၊ စာဂရှိစေ၊ မျှားဝေနေဝယ်၊ အန္တရာယ်လည်း၊ ပျောက်ပယ်စေငြား၊ ရင်ဝင်သားသို့၊ တိုးပွားမေတ္တာ၊ ဂရုဏာရှေ့ထား၊ မပွားလောဘာ၊ ပရလာဘော နည်းပါစေရှင့်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

# ခါတ်ကို ခါတ်စောင့်သည်

နောက်နောက်က ရေနံမြေသို့ တခေါက်မှ ကျမ မရောက်ဘူးပေ၊ ချောက်မြို့မှ ပြည်သူ့ရေနံလုပ်ငန်းအရာရှိ ဦးအေး၏ သား၊ မောင်မြင့်ဆွေ အသဲအသန်ဖြစ်နေ၍ လူနာကြည့်ရန် ရေနံမြေသို့ ကျမ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ချောက်မြို့သို့ ကားအဝင်အဝေးမှလှမ်း၍ မိုးမြှော်သံပြွန်းစင်ကြီးများကို တွေ့လိုက်သည်။ ကုန်းမြင့်ကုန်းစောင်း ချိုင့်ဝှမ်းတို့တွင် ဟိုတဝိုက် ဟိုတကွေ့ သံပြွန်းစင်ကြီးများကို စ၍ တွေ့မြင်ရသဖြင့် ကျမမှာ နိုင်ငံခြား မြို့တမြို့သို့ရောက်ရှိသွားသကဲ့သို့ပင် မှတ်ထင်ခံစားမိတော့သည်။

မြို့အဝင် လူသံလူသံများ မကြားရ၊ သံပြွန်းစင်များအောက်မှတငြိမ့်ငြိမ့် လှုပ်ရှားနေသော မောင်းတံမောင်းလက်ကြီးများနှင့် တရှီးရှီး မြည်အော် လည်ပတ်နေသော စက်သံများကို စ၍ ကြားရသည်။ ကားပေါ်မှ အရပ်လေးမျက်နှာကိုကြည့်လိုက်သည်။ ဘယ်ကိုကြည့်ကြည့် မြို့၏ အသရေကို ဆောင်ထားသော ရေနံတူးရေနံစုပ်သည့် သံပြွန်းစင်များ၊ ရေနံလှောင်သော သံကန်ကြီးများ၊ ပိုက်လုံးများ၊ စက်ရုံတွေမှထွက်နေသော မီးခိုးတလူလူတို့သည် ကျမ မျက်စိနှင့်မလွတ်ဘဲ နေရာတိုင်း၌ ရှိနေကြသည်။ ၁၃၀၀–ပြည့်နှစ်က မနရှင်နယ်ချဲ့စနစ်ကို ဆန့်ကျင်လျက် သပိတ်လက်နက်ဖြင့် တိုက်ပွဲဝင်ကာ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကြီးကို တပြည်လုံးပျံ့နှံ့အောင် ပြုလုပ်ခဲ့ကြသော ရေနံမြေသပိတ်အလုပ်သမားထုကြီး၏ ချီတက်လာပုံကို မြင်ယောင်ကာ သတိတရရ ဖြစ်မိသည်။

ဦးအေး၏ အိမ်သို့ဆိုက်ရောက်သွားသည်နှင့်ပင် ချောက်မြို့မှလူနာများသည် ကျမ လာမည်သိ၍ ဝိုင်းဖွဲ့ကာ စောင့်နေကြသည်။

ကျမမှာ အိမ်ထဲ၌ အိပ်ယာပေါ်တွင် ရောဂါသဲနေသော အိမ်တွင်း လူမမာမောင်မြင့်ဆွေကို ကုသရသည်ကတဖက်၊ အိမ်ပြင်က စုဝေးစောင့်ဆိုင်းနေကြကုန်သော အပြင်လူနာများကို တဦးပြီးတဦး လက်ခံတွေ့ဆုံကြည့်ရှုကုသပေးရခြင်းတဖက်နှင့်ထမင်းစားချိန်၊ အိပ်ချိန်ကလေးပင် ကျမ နားနိုင်သောအချိန်မဟုတ်ဘဲ ဖြစ်နေသည်။ ထမင်းစားချိန်လွန်နေသည့်တိုင် အိမ်ပြင်မှ လူနာတွေနှင့် တွေ့ဆုံနေသော အလုပ်ကို ရပ်နားပစ်၍ မရ၊ နေရာမှထ၍မရ၊ လူနာတွေ စဲကုန်မှ ထမင်း ထစားနိုင်သည်။ ထမင်းစားနေခိုက်တွင် လူနာများ တယောက်ပြီး တယောက်ပြီး အလျှိုလျှိုရောက်လာလိုက်ကြသည်မှာ အိမ်ရှေ့ရှိ ကန္နဖြင်းအောက်၌ အစုအဝေးကြီးဖြစ်လာသည်။ နေထွက်မှနေဝင် မိုးချုပ်သွားသည်အထိ ကျမမှာ စားပွဲတခုံ ကုလားထိုင်တလုံးနှင့်ထိုင်လျက် လာသမျှသောလူနာများကို ခါတ်ပေး ဆေးပေး ပြုလုပ်နေရသည်။ လူနာတိုင်းကို ညွှန်ကြားချက်များ လူတကိုယ် သုံးလေးရွက် ရေးပေးရသောအလုပ်ကိုမူ ကျမ မတတ်နိုင်ပါ။ ချောက်မြို့ ပြည်သူ့ရေနံ

လုပ်ငန်းအလုပ်သမား မောင်အောင်မြိုင်က လူနာတဦးအတွက် ကျမနှုတ်မှရွတ်ဆိုပေးသမျှကို စာရွက်များဖြင့် တရွက်ပြီး တရွက် လိုက်ရေးပေးသည်။ ကျမကိုယ်တိုင် ရေးသားပေးရမည်ဆိုလျှင် လူစုလူဝေးကြီးကိုကြည့်၍ ဝတ္ထုရှည်တပုဒ်စာလောက် ရေးရတော့မည်ဟု ကျမ ထင်မိသည်။

အိမ်ရှင်တွေမှာ တနေကုန်နေရာမှ မထတန်းဖြစ်နေသော ကျမကို အားနာနေကြသည်။ တနေ့လုံး ညဖက်သို့ကူးသွားသည်။ ညဖက်ရောက်လာသော လူနာများမှာ သူတို့ကို ကုသချိန်ပေးရန် ဆိုင်ရှင်ကို ဝန်းဝိုင်းတောင်းပန်နေကြသည်။

"ဆရာမရယ် အချိန်လဲမရှိဘူး၊ အားလဲ နာပါရဲ့၊ မလွဲသာတဲ့လူတွေ ဖြစ်နေတော့ ကြည့်ပေးပါအုံး"

ကျမကို ကူညီနေသော မောင်အောင်မြိုင်မှာ ပန်းနေသော ကျမကို အားနာနေသည်။ ညပါ ဆက်ရတော့သည်။

ရဟန်း၊ သံဃာ၊ ယောကျ်ား၊ မိန်းမ၊ ခလေးသူငယ်ပေါင်းများလှသည့်ဝေဒနာသည့် ဝေဒနာသည်တွေမှာ နေ့ည မစဲတော့ပေ၊ နောက်တနေ့တွင် အိမ်ရှေ့ကန္နားဖြင်းအောက်တွင် လူမဆံ့၍ တည်းအိမ်ရှင်က တဖက်အိမ်နောက်ဖေးနေရာလွတ်တွင် စားပွဲခုံတန်းလျားများ ချ၍ နေရာသစ်တခု လုပ်ပေးသည်။ လူနာတွေအတွက် ကျမသယ်ယူသွားသော ဆေးသတ္တာမှာ လူတိုင်းစေ့ ဆေးမပေးနိုင်ချေ။ ရေနံချောင်းသို့ဆက်စရာရှိသဖြင့် ဆေးပုလင်းများ ခွဲဝေပေးရသည်။ ဆေးပုလင်းပေးသူမှာ လက်မလည်အောင်ဖြစ်နေသည်။

တနေ့လုံး ညောင်ချည့် မောပမ်းလျက် ခြေကုန်လက်ပမ်းကျသွား၍ အိပ်ယာပေါ်၌ အိပ်ချင်မူးတူးဖြစ်နေစဉ် အိမ်တွင်းမှလူမမာက ရောဂါဖောက်လျှင် ဖောက်လာသလို အိပ်ယာမှပြေးဆင်းကာ ဝေဒနာခံသာ သက်သာသွားစေရန် ဓာတ်ကိုကြံရဆရခြင်းဖြင့် ခေါင်းလည်း ပူရသည်။ ရင်လည်း ပူရသည်။ ကိုယ်တိုင် မှိုင်းဆင်မှိုင်းတိုက်၍ သက်သာအောင် ပြုစုပေးရသည်။

ယင်းသို့ အိမ်တွင်းလူနာ အိမ်ပြင်လူနာများဖြင့် နေ့မနား ညမနား စိတ်ရော ကိုယ်ပါပင်ပန်းလျက် အားအင်ကုန်ခမ်းသွားသလောက် သုံးရက်မြောက်သောနေ့တွင် မောင်မြင့်ဆွေသက်သာချမ်းသာသွားပြီး ချောက်မြို့မှရေနံချောင်းသို့ ခရီးဆက်ရပြန်သည်။

ဧရာဝတီမြစ်ကမ်းပါးပေါ်၌ တည်ရှိနေသော ရေနံချောင်းမြို့သို့အဝင် 'ကြိုဆိုပါ၏'ဆိုသော စာတမ်းကြီးကိုလှမ်းမြင်လိုက်ရသည်။ တောင်ကမူတောင်ကြားတို့၌ ဆောက်လုပ်ထားသော သံငြမ်းစင်ကြီးများနှင့်တကွ တရွေ့ရွေ့ လှုပ်ရှားနေကြသော မောင်းတံကြီးများ၊ ပိုက်လိုင်းကြီးများ၊ ရေနံလှောင် သံကန်ကြီးများကို နေရာတိုင်း တွေ့ရပြန်သည်။ ရေနံရှုခင်းကို ချောက်မြို့၌စတင်၍ မြင်ဘူးခဲ့သဖြင့် အဆန်းပြန်မဖြစ်သော်လည်း တရှီးရှီး အော်လည်၍နေကြသော မောင်းတံများနှင့် စက်ရုံကြီးများသည် ကျမကို အသံထွက်ကာ ဆီးကြိုနေကြသည်။

"ကြိုဆိုပါ၏ မမလေးရေ… ပန်းပေအုံးတော့၊ မောပေအုံးတော့ ရှီးရှဲ…ရှီးရှီး…"

ရေနံချောင်းသို့မရောက်ဖူး၍ ရေနံချောင်းသူ ဒေါ်ဒေါ်ချိုကို ကျမနှင့်အတူခေါ်ခဲ့သည်။

E-book is created by www.shanyoma.org

တည်းခိုရန်အတွက် ဒေါ်ဒေါ်ချိုက စီစဉ်ပေးသည်မှာ ရန်ကုန်မှ အိုင်စီအက်ဦးပိုင်၏ နှမ ဒေါ်ဒေါ်တင်၏ တိုက်ဖြစ်သည်။

ဒေါ်ဒေါ်တင်၏ နှစ်ထပ်တိုက်ကြီးမှာ ကျယ်ဝန်းလှသည်။ အောက်ထပ်တထပ်လုံးမှာ ဧည့်ခန်းဆောင်ဖြစ်သည်။ ဧည့်ခန်းထဲရှိ များလှစွာသောကုလားထိုင်စားပွဲတို့မှာ ပျောက်၍နေသလောက် ဧည့်ခန်းကြီးက ကျယ်ဝန်းလှသည်။ လူဆယ်ယောက်ခန့် တန်းစီ၍ အိပ်နိုင်သော ကွပ်ပစ်ကြီးနှစ်လုံးမှာ ဖိတ်ဖိတ်တောက်နေသော ဆေးရောင်တို့ဖြင့် နှစ်လုံးယှဉ်တွဲပြီး ချခင်းထားသေးသည့်တိုင် ဧည့်ခန်းကြီးမှာ နေရာကျယ်ဝန်းတုန်းပင်။ ခရီးရောက်မဆိုက် မြို့ပေါ်မှသံဃာတော်ဆရာတော်များ ရှေးဦးစွာ ကြွလာ၍ ဆေးကုကြသည်။

ကျမ ရောက်ကြောင်း သတင်းဖြင့် နာရီပိုင်းအတွင်းတွင် မြို့ပေါ်မှလူနာတွေ တဖြည်းဖြည်း များလာသည်။ ဝေဒနာအမျိုးစုံလှသည်။ အချို့ကိုယ်မကောင်းသော ဝေဒနာရှင်တွေလည်း ပါသည်။ ကိုယ်ပျက်သော ဝေဒနာရှင်များ တိုက်ထဲဝင်ကာ ဆေးကုလာကြသည့်အတွက် အိမ်ရှင်များ စိတ်မှသန့်ပါမည်လားဟုအားနာမိသည်။

တဖြည်းဖြည်း လူတွေများလာတော့သည်။ ရေနံချောင်းမြို့ပေါ်မှကျမ၏ ဆေးဝါးခတ်စာ စားသူများမှာ လူငါးဆယ်ခန့်ရှိသည်။ ကျမမှာ ထိုပုဂ္ဂိုလ်များကို မမြင်ဖူးဘဲ အဝေးမှစာနှင့်လှမ်းကုနေသူများဖြစ်သည်။ ထိုလူငါးဆယ်ခန့်မှတဆင့်စကား တဆင့်ကြားကာ ခရီးရောက်မဆိုက်တနေ့တည်း လူတရာနီးပါး ဖြစ်လာသည်။

ချောက်မြို့ကဲ့သို့ပင် စားပွဲတလုံး၊ ကုလားထိုင်တလုံးနှင့်သံမှို့စွဲထားဘိသကဲ့သို့ နေရာမှ မထနိုင်ရှိရတော့သည်။ လူတွေအုံဝိုင်းနေကြကာ မတတ်သာလွန်း၍ တောင်းပန်ကာ ရေထချိုးရသည်။ ဤလူနာများအတွက် ညွှန်ကြားလွှာ ရေးပေးရန် ကျမ မတတ်နိုင်၍ မြို့ပေါ်မှကျောင်းဆရာမဒေါ်ဦးမေက ကူညီ၍ ရေးပေးသည်။ ဒေါ်ဦးမေမှာ ခေါင်းမဖော်နိုင်တော့ဘဲ လက်အံသေလာသည်။

ည ၈–နာရီခန့်တွင် အိမ်ရှင်များက တိုက်တံခါးပိတ်လိုက်သည်။ ညဖက်၌ လူစိမ်းသူစိမ်းတို့ကို လက်မခံတော့ဘဲ ရင်းနီးသည့်သူများသာ မတတ်သာ၍ ကုပေးရန်ပြောဆိုသည်။

ရေနံချောင်းသို့ ရောက်သည့်နေ့ ညဖက်တွင် အိပ်ယာပေါ်တွင် ကျမ အမောကြီး မောနေသည်။ ခြေကုန်လက်ပန်းကျပုံက ခံနိုင်ပါသေး၏။ စိတ်ပန်းကျသွားပုံမှာ ယနေ့တွေ့ဆုံလိုက်ရသော လူတရာကျော်၏ ဝေဒနာအမျိုးမျိုးသည် ကျမကိုယ်၌ ကူးစက်ကျန်ရစ်ဘိသကဲ့သို့ ရှိတော့သည်။

နောက်တနေ့ မိုးလင်းလျှင်လင်းချင်း ကျမ ရေချိုးနေခိုက် အောက်ထပ်တွင် လူနာတွေ တပုံကြီး စောင့်နေကြပြီ ဖြစ်ကြောင်း သိရသည်။ ကျမမှာ အမြန်ဆုံး အဝတ်လဲလျက် အိမ်ပေါ်မှ ဆင်းခဲ့ကာ လူနာတွေကို တဦးပြီးတဦး လက်ခံပြီး တွေ့ရသည်။ထိုအခိုက် အိမ်ရှင်အမကြီးများက ကျမကို လက်တို့၍ လူနာတွေအလယ်မှ ထမင်းစားခန်းထဲသို့ ခေါ်ထုတ်လာကြသည်။

E-book is created by www.shanyoma.org

"ဒီမှာ နှစ်ရက်ကလေး နေနိုင်မဲ့ဥစ္စာ၊ ဒါလောက် လူများပုံအတိုင်းသာဆိုယင် မမလေး ဒီမြို့ပေါ် က ဘုရားဖူးဘူးတော့မှာ မဟုတ်ဘူး၊ ဟောဒီ ဘေးပေါက်က အသာထွက်၊ စနေနံဘုရား လိုက်ပို့မယ်"

"လူနာတွေ ဘယ်နှယ့်လုပ်မလဲ"

ကျမက လူအုပ်ကြီးကို အားနာသည့်အသံဖြင့် ပြောသည်။

"ကိုယ်က ဧည့်သည် သူတို့က စောင့်ရမှာပေါ့လာ–လာ"

ရေနံချောင်းမြို့မှစနေနံဘုရားသည် အိမ်ရှေ့လူနာတွေ ထားခဲ့ပြီး ဘေးပေါက်မှ လူ မသိအောင် လစ်ဖူးခဲ့ရသောဘုရားဖြစ်လေသည်။ ဘုရားမှအပြန် စောင့်နေကြသည့်လူနာများမှာ တိုက်နှင့်တလုံးဖြစ်နေပြန်၍ လူစုလူဝေးကြီးကိုကြည့်လျက် အသက်ကို ဘယ်လိုရှူရမှန်း မသိ အောင်ဖြစ်သွားမိသည်။ ကျမ ယူခဲ့သောဆေးသတ္တာများမှာ လူနာတွေ စေ့ငှအောင် မပေးနိုင် ၍ခေါင်းခဲလာသည်။ ဤအခက်အခဲကို အိမ်ရှင်များက ဝင်၍ဖြေရှင်းပေးသည်။ ဆေးသတ္တာ များကို ဖွင့်လျက် ထမင်းစားခန်းထဲရှိ စားပွဲခုံရှည်ကြီးပေါ် တွင် စီတင်ကြသည်။

အိမ်ရှေ့ဧည့်ခန်းကြီးထဲတွင် ကျမနှင့်တွေ့ဆုံပြီး ကုသလိုက်သော လူနာသည် ညွှန်ကြား ချက် စာရွက်များထဲတွင် ပါဝင်သော ဆေးကို ဝယ်ယူရန်အတွက် စာရွက်ကိုင်၍ ထမင်းစားခန်း ဖက်သို့သွားရသည်။ ထမင်းစားခန်းထဲ၌ ပါဝင်သော အိမ်ရှင်များက နေလ–ခာတ်ခွဲထားသည့် အညွှန်းစာရွက်ကို ကြည့်၍ဆေးပေးမည်ဖြစ်သည်။ လူဆယ့်နှစ်ယောက်စာ စားပွဲခုံရှည်ကြီးပေါ် တွင် ဆေးပုလင်းများ အပြည့်တင်ထားသည်။ လူနာတိုင်းအား အညွှန်းစာရွက်ပါအတိုင်း ဆေး ပုလင်း အစုံမပေးနိုင် လူတကိုယ် တပုလင်းသာ ပေးမည်။ ကျန်ဆေးများကို ရန်ကုန်က အမြန် ပို့ပေးမည်။ ထိုအစီအစဉ်ကို လုပ်ကြသည်။

ဧည့်ခန်းမှ ထမင်းစားခန်းသို့ ဆေးယူရန် ဝင်ကြမည့်လူနာများမှာ လူအုပ်ကြီးဖြစ်နေ သည်။ ဆေးပုလင်းထားသောထမင်းစားခန်းထဲသို့ သူ့ထက်ငါ အရင်ဦးအောင် ရောက်ရန်အတွက် အတင်းတိုးနေကြသည်။ ဘယ်လို မေတ္တာရပ်ခံ တောင်းပန်၍မှမရဘဲ တိုးဝှေ့နေကြပုံမှာ ရုပ်ရှင် ရုံတိုးသည့်အတိုင်း ဆူညံနေကြသည်။ ကျမနှင့်ကျောင်းဆရာမဒေါ်ဦးမေမှာ ထိုလူအုပ်ကြီးကို လှည့်၍မျှ မကြည့်အားပေ။ စားပွဲခုံရှေ့ ခုံဘေးတို့၌ ဝိုင်းအုံ၍ နေကြသော လူနာတို့ကို တဦးပြီး တဦး လက်ခံကုသ၍ ညွှန်ကြားချက်များ ရေးနေကြရသည်။

"ကျမ သောက်ဆေးဘဲ ရတယ်၊ ဆေးမှုန့် မရဘူး"

"ကျုပ်ကို သုံးပုလင်းဗျို့၊ ကျွန်တော်ဆေးမရယင် မဖြစ်ဘူးဗျို့"

ဤအသံများသည် တဦးစီမှ ထွက်ပေါ် လာခြင်းမဟုတ်၊ လူ့အများစုပြိုင်တူကိုယ်လိုရာ ကိုယ် အော်ဟစ်တောင်းဆိုဆူညံနေကြသော အသံဗလံများဖြစ်ကာ တိုက်သံဖြင့် ဟိန်းညံနေသည်။ အခန်းထဲသို့ တဦးပြီးမှတဦးဝင်ရန် တန်းစီထားသော စနစ်ကိုဖျက်ကြလျက် ဆေးမရလိုက်မှာစိုး၍ သူ့ထက်ငါ ရှေ့ရောက်အောင် ညာသံပေးကာ တိုးနေကြသည်။



E-book is created by www.shanyoma.org

"ခင်ဗျားတို့ ဒီလိုတိုးလို့ဘယ်ဖြစ်မလဲဗျ၊ ခင်ဗျားတို့ ဒီလိုတိုးယင် တပုလင်းမှမပေးဘဲ ပိတ်ပစ်လိုက်မယ်"

အခန်းဝတွင် တာဝန်ကျ စောင့်ရသောသူက တိုးဝှေ့နေသောလူအုပ်ကြီးကို မနိုင်၍ အော်ဟစ်ဟန့်တားနေသည့်အသံကြီးမှာ ကျမနား၌ မိုးချုန်း၍နေသည့်အတိုင်းပင်။

ကျမစားပွဲရှေ့မှ လူနာတဦးက ဆို၏။

"ကျွန်တော်တို့ ဒီလိုပရိသတ်နဲ့ ဒီလိုဗမာဆရာမျိုး မကြုံဘူးပါဘူးဗျာ၊ ရေနံချောင်းက ဒေါက်တာတွေ လူများလှပြီ အောက်မေ့တာ ဆရာမက စံချိန်ချိုးသွားတာပဲ"

အိမ်ရှင်များမှာ မျက်လုံးဝိုင်းနေကြသည်။ ပရိသတ်နှင့်ဆေးနှင့်မမျှ၍ မကျေနပ်သံတို့မှာလည်း ပွက်လောညံနေကြ၍ လန့်စရာပင် ကောင်းလာသည်။ တံခါးစောင့် တာဝန်ယူသူမှာ လူနာတွေကို မနိုင်တော့၍ တံခါးပိတ်ပစ်လိုက်သည်။ ကျမမှာ နေရာမှထကာ လူနာအုပ် လူစုလူဝေးကြီးကို ငြိမ်ကြရန် မတိုးကြရန် တယောက်ပြီးမှတယောက် တန်းစီကြရန် မေတ္တာရပ်ခံရတော့သည်။ မျှတအောင် ဆေးဝေပေးကာ မရရှိသူများကို အမြန်ဆုံးပို့ပေးပါမည်ဟုတောင်းပန်ရသည်။ ဘယ်အချိန်က နေဝင်သွားမှန်းလည်း မသိ၊ မီးများလင်းမှ မိုးချုပ်မှန်းသိတော့သည်။ အိမ်ရှင်အမကြီးတို့သည် ကျမကို ကက်နက်စိန်ဇာတ်ပွဲပြရန် ဖျာဝယ်ပြီးဖြစ်၍ မစောင့်နိုင်တော့ဘဲ သွားနှင့်ကြရတော့သည်။ ကျမမှာ ဝိုင်းဝိုင်းလည်နေသော လူနာများနှင့်ကျန်ရစ်ခဲ့သည်။ ည ၉ နာရီခန့်မှ ရုံထဲသို့ရောက်သွားသည်။ ကက်နက်စိန် ဘယ်ဇာတ်ခင်းမှန်းပင် မကြည့်နိုင်ဘဲ မဟန်နိုင်အောင် မောပန်းနေခြင်းကြောင့် စောင်တခုဆွဲကာ ခေါင်းမြီးခြုံလျက် ဇာတ်ရုံထဲ၌ အပန်းဖြေရသည်။

မိုးလင်းမှ ဇာတ်ရုံက ပြန်ကာ ရေချိုးပြီး ရေနံချောင်းမှပြန်ထွက်ခဲ့သည်။

## ၂

ရန်ကုန်အပြန်ရထားပေါ်တွင် လူနာအုပ်ကြီးကို မျက်စိထဲမှမထွက်ဘဲဖြစ်နေသည်။ ထိုလူစုလူဝေးနှင့် တဆက်တည်း အတိတ်မှလူစုလူဝေးကြီးကိုလည်း ပြန်၍မြင်ယောင်မိသည်။

အောင်လံမြို့ မြူနီစီပယ်ရုံးခန်းထဲတွင် နံနက် ၈–နာရီမှ ညအောက်လင်း ဓာတ်မီးထွန်းပြီး တညလုံးက နောက်တနေ့နံနက်သုံးနာရီအထိ မစဲနိုင်သော လူအုပ်ကြီး။ ဟင်္သာတမြို့ ဒေါ်မြတိုက်၌ ည ၈–နာရီမှ နံနက်၃–နာရီအထိ တညလုံးလုံး မိုးလင်းလုလု မစဲနိုင်သော လူစုလူဝေးကြီး။ ဖြူးမြို့ တရုပ်ဘုံကျောင်းကြီးထဲ၌ တနေကုန် တနေခန်း မစဲနိုင်သောလူနာများ။ မော်လမြိုင် ဘု



E-book is created by www.shanyoma.org

တာရှ၌ ပရိတ်သတ် ထိုင်စရာနေရာမရှိ၍ ကျောင်းဆရာမဒေါ် ထွန်းမေအိမ်သို့သွားစုကြပြီး ည ၇–နာရီမှသန်းခေါင်ကျော် နောက်တနေ့ဆက်၍ နေ့တဝက် အုံခဲနေသောလူအုပ်၊ တောင်တွင်းကြီးသို့ စာပေ ဟောပြောပွဲ အသွား တောင်တွင်းကြီး ဗိုလ်တဲပေါ်၌ များလှစွာသောလူနာများ။

ကျမ ခရီးထွက်သွားသော ရောက်လေရာအရပ်တို့၌တွေ့ကြုံရသော လူစုလူဝေးကြီးများပါ ပေါင်းစပ်၍ မြင်ယောင်မိနေသည်။ ဗမာ့ဓာတ်ပညာကို ၁၉၄၇–ခုနှစ်မှစ၍သင်ယူပြီး ၁၉၅၁–ခုနှစ်လောက်မှစ၍ ဂ–နှစ်ခန့် နေလဝိဇ္ဇာဆရာခိုင်၏ ဆေးများဖြင့် လူနာများကိုကုသပေးခဲ့သည်။ ၁၅–နှစ်ခန့် ဆရာသမားဆေးများဖြင့် လူနာများကို ကုသပေးပြီးနောက် အဘဓာတ်ဆရာကြီးဆရာလှိုင် ကွယ်လွန်သွားမှ ကျမဆေးကို ကျမကိုယ်တိုင်ဖော်၍ လူနာတွေကို ကုသပေးခြင်းဖြစ်သည်။ ကျမ ဆေးကို စ၍ဖော်သည့်နှစ်ပင် ချောက်နှင့်ရေနံချောင်းမြို့သို့ ရောက်သွားခြင်းဖြစ်သည်။

နေလဝိဇ္ဇာဆရာခိုင်ရှိစဉ်က ‘မမလေး ဆရာ ၁၀ နှစ်လောက် လုပ်ရမဲ့စီးပွားကို မမလေးသာလုပ်ရင် ၃–နှစ်နဲ့ဖြစ်မယ်’ဟုပြောခဲ့သော စကားများ ကျမဆေးစဖော်သည့်နှစ်တွင်ပင် ကျမအတွက် စီးပွားဖြစ်တော့မည့်အဖြေပေါ်နေသည်။ ရန်ကုန်သို့ရောက်ပြီး ၂–ရက်အတွင်း ရေနံချောင်းနှင့်ချောက်သို့ပို့ရန် ဆေးများကို အပြီးဖော်ရ လုပ်ရ ပို့ရသည်။

## ၃

ရေနံမြေမှအပြန် ရက်များမကြာမီ မမြော်လင့်သောကိစ္စတခု ကြုံတွေ့ရကာ ကျမအမှုနှင့် ကျမ ထိန်းသိမ်းခံရသည်။

ကျမကို ထိန်းသိမ်းသည်နှင့် အိမ်က လူများမှာ ကျမအတွက် ဆောက်တည်ရာ မရအောင် စိုးရိမ်ပူပန်နေကြသည်။ ကျမမှာ ဓာတ်စာစားသူဖြစ်သည်။ ဓာတ်အတိုင်း ကျင့်သုံးနေထိုင်သူဖြစ်သည်။ ရေကို တနေ့ငါးကြိမ်ချိုးသူဖြစ်သည်။ နှစ်ပေါင်း နှစ်ဆယ်ခန့် ဓာတ်အတိုင်းကျင့်သုံးသူဖြစ်၍ ဓာတ်စာ မစားရမှာ၊ ရေမချိုးရမှာ ပူပန်နေကြသည်။

ကျမ ထိန်းသိမ်းခံရပြီးနောက် သက်ဆိုင်ရာတို့က ကျမအိမ်မှာကဲ့သို့ပင် နေ့စဉ်နှင့်အမျှ ကျွဲနို့စစ်စစ် ၇၅–ကျပ်သား ရအောင်ရှာပေးသည်။ ဓာတ်စာ စာရွက်အတိုင်း နေ့စဉ်ဓာတ်စာ ချက်ကျွေးသည်။ သက်သက်လွတ်ကို လွတ်သည့်နေ့အထိ စားမည်ဟု အဓိဋ္ဌာန်ပြုလိုက်ပြီး သတ်သတ်လွတ် ဓာတ်စာ ဖွယ်ဖွယ်ရာရာချက်ကျွေးသည်။ တနေ့ ရေငါးကြိမ် စိတ်ကြိုက်ချိုးရသည်။ ရေစိမ်ရန်လည်း သစ်သားစဉ်ပိုင်းကြီးတလုံး ဝယ်ပေးသည်။

“မမလေး လောကမှာ တရားကို တရားစောင့်တယ်၊ အဲသလို ဓာတ်ကိုလဲ ဓာတ်စောင့်



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တယ်၊ ကိုယ်က ဓာတ်ကို ရှိသေ လိုက်နာကျင့်သုံးယင် ဘယ်လိုအခက်အခဲရှိရှိ ဓာတ်က ကိုယ့်ကို ပြန်စောင့်ပေလိမ့်မယ်''

ဤစကားကို အဘဓာတ်ဆရာကြီးဆရာလှိုင် မသေမီက ခဏခဏပြောဖူးသည်။ သက်ဆိုင်ရာက ထိန်းသိမ်းထားသည့်နေ့ရက်ကစပြီး ဂရုတစိုက် ကျမအတွက် တကူးတကန့် ကျွဲနို့ရှာပေးခြင်း၊ ဓာတ်စာသီးခြား ချက်ကျွေးခြင်းတို့မှာ အထိန်းသိမ်းခံရသောသူနှင့် လုံးဝမတူ ထူးခြားခြင်းကြောင့် အစိုးရ၏ စေတနာကို ကျေးဇူးတင်လှသည်။ ဓာတ်ကို ဓာတ်စောင့်သည်ဆိုသော အဘစကား မှန်လေစွဟု တွေးမိသည်။ ဓာတ်ပညာ၏ စွမ်းအားကို ရှေးက လေးစားသည်ထက် ကျမ ပိုမို၍ လေးစားလာသည်။

ဓာတ်ပညာ၏ နက်ရှိုင်းသော အစွမ်းထက်မှုတွေကိုလည်း ပိုမို၍မြင်လာသည်။ တနေ့တွင် အညော်မိရာမှပေါ့ပေါ့ဆဆ လေတိုက်ထဲတွင် အချိန်ကြာမြင့်စွာ ပုတီးစိပ်နေ၍ အဖျားဝင်လာသည်။ ကျမ ဖျားမှန်းသိလျှင် ဆေးမှူး ရောက်လာကာ အပူချိန်တိုင်းသည်။ ကျမက 'ကျမရေချိုးနိုင်လွန်းလို့ ၁၀၂ ဖြစ်သွားတယ်၊ နေ့လယ်က ၁၀၄–မက ရှိမည်'ဟုပြောပြသည်။ ''ဟာ... ဖျားနေတာ ရေလောင်းလို့ဖြစ်ပဲ့မလား''ဟုစိုးရိမ်တကြီး ဆေးမှူးက ပြောဆိုသည်။ ကျမဓာတ်နဲ့ ကျမဘဲ မစိုးရိမ်ပါနဲ့''ဟု ကျမပြန်၍ပြောသည်။ ဆေးမှူးပေးသည့်ဆေးကို လက်မခံဘဲ 'ကျမ ဆေးရှိပါတယ်၊ ပျောက်သွားမှာပါ'ဟု တောင်းပန်လိုက်သည်။ နောက်တနေ့မနက် သက်ဆိုင်ရာမှ ဝတ္တရားအတိုင်း ဆရာဝန်ခေါ်ကြည့်သည်။ ဆရာဝန်၏ နှုတ်မှ 'အဖျားမရှိဘူး'ဟုဆိုလိုက်လျှင် ဆေးမှူး၏ မျက်လုံးမှာ အံ့သြသောအသွင်သို့ပြောင်းနေသည်။ ဆရာဝန်က ဆက်လက်၍ နွားနို့ များများ တိုက်ပါဆိုလေသည်။

''နွားနို့ မသောက်ပါဘူး။ ကျွဲနို့သောက်ပါတယ်''ဟုသက်ဆိုင်ရာ အရာရှိက ဝင်ဖြေပေးသည်။

''ဆေးကော...''

''အမကြီးက သူ့ဆေး သူစားပါတယ်၊ ဒီကဆေး ဘာမှမသုံးပါဘူး''

ချစ်ချစ်တောက်နေအောင် ပူနေသော ကိုယ်ပူကို ရှောက်ရေသောက်ပြီး ရေခုနစ်ကြိမ်လောင်းကာဖြင့် တရက်တည်းနှင့်အဖျားပျောက်ရလေသည်။ ဤကား ဓာတ်သိလျှင် အလွယ်က လေးဆိုသည့်စကားအတိုင်း ဓာတ်ကို သိ၍လွယ်ရခြင်းဖြစ်သည်။ ဓာတ်ပညာအာနိသင်ကို ကျဉ်းထဲကြပ်ထဲ၌ ကျမကိုယ်တိုင် ခံစားခဲ့ရသည့်အချက်များ၊ များလေလေ ပညာ၏ ဂုဏ်ကျေးဇူးကို သိလေလေ ဖြစ်လာသည်။

ဓာတ်ပညာ၏ ဂုဏ်ကျေးဇူးကို သိလေလေ ဤဓာတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမလား၊ ဆေးဖော်ခြင်းဖြင့် လူနာတွေမှီ၍ စီးပွားရှာမလားဟု ကျမကိုယ် ကျမ မေးမိလေလေဖြစ်နေသည်။

''မမလေး ဒီပညာနဲ့ပိုက်ဆံတွေအများကြီးရခဲ့ယင် ဘာလုပ်မှာလဲ''ဟုကျေးဇူးရှင် အဘ

ဓာတ်ဆရာကြီး ပညာပေးစဉ်က မေးခဲ့ဘူးခြင်းကို သတိရမိသည်။

ဤမေးခွန်းကို အမှတ်ရ၍ ဤဓာတ်ပညာကို ငွေနှင့်လဲမလား၊ ကုသိုလ်နှင့်လဲမလားဟူသော ပြဿနာတရပ် ကျမစိတ်ထဲတွင် ဖြစ်ပေါ်လာသည်။ ဝမ်းစာအတွက် ကျမ ငွေကို လိုချင်ပါသည်။ ယိုယွင်း ခြစားနေသော သစ်သားအိမ်ကလေး အဖြစ်မှာ ခိုင်ခန့်သော တိုက်အိမ်နှင့်နေချင်ပါသည်။ ဂျုံးဂျုံးကျနေသောကားအစား မပျက်မစီးသောကားကို စီးလိုပါသည်။ ကျမ၏ လိုအင်ဆန္ဒများသည် လူနာများအတွက် ဆေးဖော်ခြင်းဖြင့် လွယ်ကူစွာ ပြည့်ဝနိုင်သည်။ နှစ်အနည်းငယ်ခန့် ဓာတ်ပညာဖြင့် ဆေးဖော်ကုသရုံဖြင့် ကျမ၏ လိုအင်ဆန္ဒများပြည့်ဝသည်ထက် ကျော်လွန်လိမ့်ဦးမည်ကိုလည်း သိမြင်ပါသည်။

ကျမစိတ်၌ ဖြစ်ပေါ်နေသော ဤပြဿနာကို ဝေခွဲ၍ မရအောင်ခက်နေသည်။ ပညာ၏ ကြီးမားသော ကျေးဇူးဂုဏ်ကို တဆင့်ပြီးတဆင့် တက်၍ ဝေဖန်နှလုံးသွင်းသည့်အခါ ဤဓာတ်ပညာသည် လောဘနှင့်မအပ်စပ်၊ ငွေနှင့်မအပ်စပ်ဟု ဆင်ခြင်ယင်း အကျိုးအပြစ် သိမြင်လာသည်။ ပညာ၏ ဂုဏ်ကျေးဇူးကို သိမြင်လာသည်နှင့်အမျှ ဤပညာဖြင့် ပြည့်စုံချမ်းသာ ကြွယ်ဝနိုင်မှုကို စက်ဆုပ်ရွံရှာလာသည်။ ဤတွင်မှ ကျမ တသက်တွင် ဓာတ်ပညာကိုငွေနှင့်မလဲ စီးပွားမရှာဟု စိတ်ပိုင်းဖြတ်လိုက်သည်။

၁၃၂၇၊ ကဆုန်လဆန်း ၁၀ ရက်နေ့က နံနက်လေးနာရီ ဘုရားရှိခိုးအပြီးတွင် ဘုရားရှေ့၌ ကျမ သစ္စာပြုလေသည်။ ဓာတ်ပညာကို ငွေနှင့်မလဲပါ။ ကုသိုလ်နှင့်လဲပါမည်။ အသက်ထက်ဆုံး ဆေးဖော်၍ ရောင်းမစားပါ။ ဤသစ္စာပျက်ပါလျှင် ဤပညာပျက်ပါစေသား၊ နစ်မွမ်းပါစေသား၊ ဤသစ္စာတည်ပါလျှင် ဓာတ်ပညာဖြင့် လူနာအပေါင်းတို့အား ကယ်ဆယ်ကုသနိုင်ပါစေသား။

သစ္စာပြုပြီး ကျမ၏ ဝမ်းမြောက်မှု စိတ်ချမ်းသာမှုမှာ ကျမအဖို့ မမေ့နိုင်အောင် စိတ်ရောကိုယ်ပါ သန့်စင်ပေါ့ပါး၍ သွားသောထူးခြားမှုတရပ်ကို ခံစားရသည်။ ကျမလွတ်မြောက်သည့်နေ့က အိမ်အပြန် ကားပေါ်သို့ အတက်တွင် 'ဤနေရာသည် ကျမ၏ လောဘကို ချုပ်ငြိမ်းစေသည့်နေရာပေတကား'ဟု နေခဲ့သည့်နေရာကို အလေးအမြတ်ပြုပြီးမှ ကားပေါ်သို့ တက်ခဲ့လေတော့သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျမ်းပေါက်လျှင် တလုံး၊ ကျမ်းလျှောက်လျှင် အဆုံး၊
အလျားလိုက် မြစ်ပြင်ကို၊ ဉာဏ်မရှင် ကူးသို့ထုံး၊
ကုန်းမရောက် ကမ်းမတင်...
ရှင်မထီး ဆရာသခင်က၊ ဗျဉ္ဇကျားကို၊ နိုင်ငြားစေမူ၊
ပူးဆင်သီဟ၊ နာမသညာ၊ တန်ခွန်သာ ရာသီမရွေး
ရသည့်ဆေးကို တွေး၍ယူဘိ...

# ကျမ်းပေါက်လျှင် တလုံး၊
# ကျမ်းလျှောက်လျှင်မဆုံး။

ဝေဒနာမှန်သမျှ ပျောက်ကင်းစေနိုင်သောမြန်မာ့ဓာတ်ပညာဆေးပညာကို ဘာပညာလဲ ဟုသိလိုစုံစမ်းသည့်ရဟန်းရှင်လူ ပေါများလာသည်။ သင်လိုကြားလိုသူများလည်း တနေ့တခြား များပြားလာသည်။

အနှစ်နှစ်ဆယ်အတွင်း ကျမထံတွင် ပညာသင်ယူပါရစေ၊ သင်တန်းပေးပါဟု ချဉ်းကပ် လာသော ပုဂ္ဂိုလ်အပေါင်းကို ကျမအကဲခတ်၍ကြည့်မိသည်။

အချို့မှာ ဤပညာဖြင့် သေတွင်းထဲမှရှင်လာရသောသူများဖြစ်သည်။ အချို့မှာ လူလော ကအပြင်ဘက်သို့ရောက်နေရသည့်ဘဝမှ ဤပညာ၏ ကျေးဇူးဖြင့် လူ့လောကထဲသို့ပြန်ရောက်လာ သောလူနာများဖြစ်သည်။ အများအားဖြင့်ကား ဤပညာကို ဗဟုသုတအဖြစ် သင်ကြားလိုသူများ ဖြစ်ကြသည်။

ပညာသင်ချင်သူများအနက် မြန်မာဓာတ်ပညာ၏ ကျေးဇူးတရား လက်တွေ့ခံစားဘူး သော ပုဂ္ဂိုလ်များကို ငါးပါးသီလ၏ အကျိုးတရားကို သိ၍ ငါးပါးသီလ အမြဲမပြတ် စောင့်ထိန်း သောသူကဲ့သို့ ဓာတ်၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားသိရှိဘူးသူဖြစ်က၊ မိမိကျန်းမာရေး အတွက် ဓာတ်အတိုင်း အမြဲမပြတ် ကျင့်ကြံစောင့်ထိန်းရန်နှင့် ကျင့်ကြံစောင့်ထိန်းပြီး ဤပညာကို ရှာမှီးပါက လေ့လျှင် လာရမည်ဖြစ်ကြောင်း အားပေးသမှုပြုလိုက်သည်။

ဝေဒနာ ကျန်းမာပျောက်ကင်းပြီး ဓာတ်အတိုင်း စောင့်ထိန်း၍ စားသုံးကျင့်ကြံနေကာ ဤပညာ တတ်သိလိုသည့်သူများကိုမူ ပညာ၏ လမ်းစကိုပြကာ ဆက်လက်၍ ကျင့်ကြံကြိုးကုတ် အားထုတ်ခိုင်းသည်။

ဝေဒနာပျောက်ကင်း ချမ်းသာပြီး လေးငါးနှစ် ဖေါက်လွဲဖေါက်ပြန်မရှိ ဓာတ်အတိုင်း ရှိသေစောင့်ထိန်း စားသုံးကျင့်ကြံနေသူ၊ ချစ်ဖွယ်ရှိသူ။ သီလဖြူစင်သူ။ ဆေးကျမ်း ဓာတ်ကျမ်း အစောင်စောင် ဖတ်ရှုလေ့လာသူ၊ လူနာများအပေါ်၌ မေတ္တာထားနိုင်မည့်သူ၊ သူတော်ကောင်းနှင့် မှပေါင်းဖေါ်သူ၊ ပညာဖြင့် စီးပွားရေးလောဘကင်းမည့်သူ ၊ သက်ကြေဗေဒင်တတ်သူ၊ ဝေဒနာ ကုသ၍ ပျောက်သည်ဟုမာနမထောင်မည့်သူ စသည့်အင်္ဂါရပ်များနှင့် ပြည့်စုံသူကိုကား ကျမ တတ် သိသလောက် ပညာသင်ပြ၍ ပေးသည်။

ဗဟုသုတအဖြစ် သိလိုဆည်းပူးလိုသူတို့ကိုကား ပညာသင်ပါရစေဟု ကျမထံသို့ပြောလာ လျှင် တသက်လုံး သူနှင့်တည့်၍ သူစားရမည့် ဓာတ်စာရွက်ပေးလိုက်ကာ ကျမပြောသည့်အတိုင်း လိုက်နာ ကျင့်သုံးနိုင်က လိုက်နာကျင့်သုံး၍ သုံးနှစ်စေ့လျှင် ကျမထံသို့လာခဲ့ပါဟုမှာကြားလိုက်



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သည်။

ဓာတ်စာအတိုင်း အတိအကျစား၍ နည်းညွှန်လိုက်သည့်ဓာတ်အတိုင်း မပျက်မကွက်ပြုလုပ်နေထိုင်ပါက ကျန်းမာရေး ပြည့်စုံလိမ့်မည်။ သူ၏ကျန်းမာရေး ကောင်းလာသည့်အခါ ဤပညာ၏ကျေးဇူးကို သိပေမည်။ သိမှသာလျှင် ယုံကြည်ပေလိမ့်မည်။ ယုံကြည်မှသာလျှင် ခိုင်မြဲမည်ဖြစ်သဖြင့် ပညာသင်လိုသူ သူ့အတွက် ပထမစခန်း ကျင့်စမ်းကြည့်ရန် ပေးလိုက်ခြင်းဖြစ်သည်။

ပညာသင်လိုသောသူတို့ လာတိုင်း ကွယ်လွန်သွားသော အဘဓာတ်ဆရာကြီးကိုသတိရမိသည်။ တနေ့တွင် အဘဓာတ်ဆရာကြီးအိမ်သို့ကျမရောက်သွားကာ အဘနှင့်ထိုင်၍စကားပြောနေစဉ် ဦးပဥ္စင်းတပါး အိမ်ပေါ်သို့တက်လာသည်။ အဘက သူထိုင်နေသော ပက်လက်ကုလားထိုင်တွင် နေရာပေးသည်။ သင်ဖြူးပေါ်တွင် ဆင်းထိုင်ကာ ဘာကိစ္စလာကြောင်း လျှောက်မေးလိုက်သည်။

ဦးပဥ္စင်းက ပြုံး၍ ခပ်သွက်သွက်ပင် ပြန်ပြောသည်။

"ဒကာကြီးဆီ လာရတာအခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဒကာကြီး တတ်တဲ့ဓာတ်ပညာကို ကျုပ် သင်ချင်လို့ပါ၊ အဲဒါ ဘယ်လိုသင်ပေးနိုင်မယ်ဆိုတာ သိချင်လို့စုံစမ်းတာပါ"

ဦးပဥ္စင်း တက်လာစက ဝတ်မဖြည့် ဦးမချသောအဘသည် လက်အုပ်ချီ၍ပြန်လျှောက်လိုက်သည်။

"ဒီမှာ ကိုယ်တော် တပည့်တော် ဒီပညာကို သင်ခဲ့ရတာ ဆရာဆီမှာ တပည့်တော်သုံးနှစ်သုံးမိုး အလုပ်အကျွေးပြုခဲ့ရတယ်၊ ထင်းလိုယင် ထင်းခွဲရတယ်၊ ရေလိုယင် ရေခပ်ပေးရတယ်၊ ဆရာ့ရဲ့ဝတ်ကြီးဝတ်ငယ် နေ့စဉ်ပြုပြီးဆရာသွားရာ တကောက်ကောက်လိုက်ပြီး သုံးနှစ်ကြာမှ တပည့်တော်ကို ဒီပညာ သင်ပေးတယ်၊ တပည့်တော် အခုလိုသင်ခဲ့ရတဲ့ပညာကို အိမ်ဦးခန်းမှာ ဦးဇင်းကို တပည့်တော်က ဦးချပြီး သင်မပေးနိုင်ပါဘူးဘုရား၊ သည်းခံပါအုံးတော့။

ဦးပဥ္စင်းမှာ ကုလားထိုင်ပေါ်တွင် ကြာရှည်စွာ ထိုင်မနေတော့ဘဲ အဘပြောပြီးလျှင် ပြီးချင်း ပြန်ကြွသွားတော့သည်။

ခေတ်ပညာတတ် အနောက်တိုင်းဆေးများကို အားထားမှီဝဲလျက်နေရာမှ ဆယ့်နှစ်ရာသီနှာခေါင်းမှ နှာရည်ယိုစီးနေသောလူတယောက် ကျမထံသို့ရောက်လာသည်။ ဆရာဝန်ကြီးများနှင့်နှာခေါင်းရောဂါကုသည်မှာ နှစ်ချင့်၍နေကြောင်းလည်း ပြောပြသည်။ နှာခေါင်းအထဲမှ အသားပိုကိုဖြတ်တောက်ပြီးကြောင်းပြောပြသည်။ ဤသို့ကုခဲ့သော်လည်း မသက်သာဘဲ နေ့စဉ် ချီကာ နာရည်တရွှဲရွှဲဖြစ်လျက်ပင်ရှိ၍ ကုသပေးရန် လာပြောသည်။ ကျမက ဓာတ်စာဆေးဝါးနှင့် ညွှန်ကြားချက် ရေးပေးကာ တပတ်အတွင်း သက်သာမည်ဟုပြောလိုက်သည်။ ဆယ်ရက်လောက်ကြာသောအခါ သူရောက်လာကာ မချီတော့ကြောင်း၊ နှာခေါင်း မပိတ်တော့ကြောင်း၊ နှာရည်မကျတော့ကြောင်း ဝမ်းသာအားရ ပြောပြသည်။

"ဗေဒင်မှာ အင်္ဂဝိဇ္ဇာနည်း မှန်တယ်လို့ကြားဘူးတယ် ဆရာမ၊ ဆရာမကုတာ အပျောက်

မြန်လိုက်တာအင်္ဂလိပ်ဗေဒင်ကျနေတာဘဲ။

သူသည် ရယ်သွမ်းသွေးကာ အမှတ်တမဲ့ပြောလိုက်သည်။ ကျမက အင်္ဂလိပ်ဗေဒင်ကျမ်း ဖတ်ဖူးသလားဟု မေးစမ်းကြည့်သည်။ မဖတ်ဘူး၊ မတွေ့ဘူးကြောင်း ဥပမာ နှိုင်းပြောတာသာ ဖြစ်ကြောင်း ပြောပြသည်။

ယခုခေတ် လူငယ်များသည် အင်္ဂလိပ်ဗေဒင်ဆိုလိုက်လျှင် ဗေဒင်ဟုသာ သာမန်မျှလောက် သိရှိနေကြသဖြင့် ပိုမို၍ သိရှိစေလိုသော စေတနာဖြင့် ကျမက ပြောလိုက်သည်။

"ကျမ ကုတာလဲ အဲဒီအင်္ဂလိပ်ဗေဒင်ကျမ်းနဲ့ ဆိုင်တယ်"

"ဟာ...ဆရာမ၊ အင်္ဂလိပ်ဗေဒင်က ဗေဒင်ပြောတာ မဟုတ်လား"

သူက နားလည်သလိုပြန်၍ပြောနေသည်။

"အင်္ဂလိပ်ဗေဒင်ကျမ်းမှာလည်း ဗေဒင်ပညာလဲပါတယ်၊ ဓာတ်ပညာလဲပါတယ်၊ ဆေးပညာလဲပါတယ်။ အင်းပညာလဲပါတယ်၊ ရွှေဖြစ်ငွေဖြစ် သိဒ္ဓိဆယ်ပါး ပေါက်အောင် အဂ္ဂိရတ်လုပ်ရပ် ပညာလဲ ပါတယ်၊ အရှုံးအနိုင် စစ်တိုက်၊ ကြက်တိုက်၊ လှေပြိုင် မြင်းပြိုင် အပြိုင်မှန်သမျှ နိုင်အောင် ကြံနိုင်တယ်၊ သူ့စိတ်ကို အတတ်သိနိုင်တဲ့ပညာပါတယ်၊ ယတြာပညာလဲပါတယ်၊ ဝိဇ္ဇာမယိဒ္ဓိစမ၊ အဋ္ဌာရသ စမ၊ စတုအက္ခရာ စမ၊ စတုဝိဇ္ဇာစမ၊ မြေလျှိုးမိုးပျံ၊ လောကီချောန်တောင် ပေါက်နိုင်တယ်။

သူသည် အံ့သြဟန်လည်း တဝက်ပါသည်။ နားရှိ၍သာ ကြားရသည့်ပမာ ယုံရအခက် မယုံရခက် ဖြစ်နေသော မယုံတယုံအပြုံးမျိုးဖြင့် ပြုံးနေသည်။ ပြီးမှဆက်လက်၍ပြောသည်။

"ဗမာ့ဓာတ်ပညာ မှန်တာတော့ ကျနော့် ဝေဒနာနဲ့ ကျနော်လက်တွေ့ဘဲ၊ ဗမာ့ဆေးစွမ်းတာလဲ ကျနော်သိပါပြီ ဒါတွေကိုတော့ ကျနော်ယုံပါပြီ၊ ဗေဒင်တာ့ ကျနော်လက်ခံတဲ့အပိုင်း ယုံတဲ့အပိုင်းလဲရှိတယ်၊ မယုံတဲ့အပိုင်းလဲရှိတယ်၊ ဗေဒင်ကို လုံးဝပစ်ပယ်ပြီး မယုံတာမျိုးတော့လဲ မဟုတ်ပါဘူး၊ အင်းတွေဆိုတာကတော့ ဂဏန်းကွက်တွေဘဲ၊ ဒါတွေက ဘာစွမ်းမှန်း ကျနော်မသိလို့ မယုံနိုင်ဘူး ဆိုပါတော့ စမတွေ ယတြာတွေတော့ ကျနော် လုံးဝမယုံဘူး"

"စမတွေ ယတြာတွေက မသိလို့ မယုံတာလား၊ သိပြီးမှ မယုံတာလား"ဟုကျမက မေးလိုက်သည်။

"မသိလဲ မသိဘူး၊ ဒါတွေကို ယုံရမယ်လို့ ကျနော် စိတ်မှာ မထားဘူး၊ ယတြာဆိုတာ ယုံရမှာလား ဆရာမ"

ကျမ သူ့ကိုငေးကြည့်ကာ စဉ်းစားနေမိသည်။ သူ၏ မေးခွန်းနှင့်စပ်လျဉ်း၍ သူနားလည်နိုင်မည့်အဖြေကို ပြောရန် စဉ်းစားနေသည်။

ဗမာမှာ စကားရှစ်မျိုးရှိတယ် စနည်း၊ တဘောင်၊ သိုက်၊ ဓာတ်၊ နိမိတ်၊ ဗျာဒိတ်၊ အတိတ် အနာဂါတ်၊ ဒီရှစ်မျိုးမှာ ဓာတ်ကို သိုက်နိုင်တယ်၊ ယတြာတတ်မြောက်ယင် ပြဒါးသေသောသူ၊ သံသေသောသူနဲ့ အလားတူတယ်လို့ဆိုတယ်။

E-book is created by www.shanyoma.org

သူသည် ကျမစကားကို နားဝေး၍ နားလည်ရခက်လေဟန်ဖြင့် စိတ်ဝင်စားပုံမပြဘဲ သူ့စကားကိုသူ အဆုံးသတ်ပစ်လိုက်သည်။

"ဒီပညာရပ်တွေဟာ ဆရာမရယ်၊ ယခုခေတ်မှာ မှိန်သလောက် မှိန်ကုန်ပါပြီ တဖြည်းဖြည်းတော့ ပျောက်သွားမှာဘဲ"

"ဒီပညာရပ်တွေဟာ ဘယ်တော့မှမှိန်မှာလဲမဟုတ်ဘူး၊ ပျောက်မှာလဲမဟုတ်ဘူး စိတ်ချ၊ ကောင်းကင်မှာ နေလနက္ခတ်တွေရှိနေသမျှကာလပတ်လုံး ဒီပညာရပ်တွေ တည်ရှိနေမှာဘဲ အခုခေတ်လူတွေက ကိုယ့်ဗမာဆေး ကိုယ့်ဗမာဓာတ် အားမထားလို့ဒါတွေကိုအလေ့အလာမရှိကြတော့ ဉာဏ်မမှီဘဲ ဘာမှန်းမသိဖြစ်နေတာပါ၊ ဥပမာ–ဆိုပါတော့ စာတမ်းကလေးတခုကို ရှင်တွေ့ပြီဆိုပါတော့ ဒီစာတမ်းက 'အိုင်ထဲမြွေရွှေငွေ၊ ကြံပလွှအသွေ၊ ဆင်ရန်သူနှင့်လေ၊ ရေသဲကျွန်းဆောင်မြူး၊ ပျော်ကြူးလှေညှိနိုင်၊ သာလှိုင်ဆင်ကြွလမ်း၊ နန်းအောင်ရွှေမြို့စံ'တဲ့၊ ကိုင်း ဘယ့်နှာတွေပါလဲလို့ ထင်မှာဘဲ မထင်ဘူးလား"

ကျမက ပြောရုံတင် မဟုတ်ဘဲ စာတမ်းကလေးကို ကောက်ရေးကာ သူဖတ်ရန် သူ့ရှေ့သို့တိုးပြလိုက်သည်။ သူသည် ဖတ်ယင်းဖြင့် ပြုံးလျက် ခေါင်းကို ရမ်းကာ 'ကျနော် ဘာမှန်း မသိဘူး' ဖြေလိုက်သည်။

ဒီစာတမ်းကလေးကို လေ့လာယင် ဒီစာတမ်းထဲက တနင်္ဂနွေအစ၊ စနေအဆုံး နေ့တွေပေါ်လာမယ်၊ နေ့မှာရှိတဲ့ ဂြိုဟ်နန်၊ ကျား ဆင် အစရှိတဲ့အရုပ်တွေပေါ်လာမယ်၊ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်အစရှိတဲ့ ၁၂–ရာသီ၊ ၁၂–လ ပေါ်လာမယ်၊ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်အစရှိတဲ့ ၁၂ ရာသီ၊ ၁၂ လ ပေါ်လာမယ်။ အဲဒီရာသီက နွား၊ ဆိတ်၊ ခြင်္သေ့၊ သတို့သမီး၊ ချိန်ခွင် အစရှိတဲ့ အရုပ်တွေ ပေါ်လာမယ်၊ အဖြူ၊ အနီ၊ အဝါ၊ အပြာ အရောင်တွေပေါ်လာမယ်၊ တနင်္ဂနွေ၊ တနင်းလာဂြိုလ်ကြီးရှစ်လုံး ပါပ၊ သောမ ခွဲပြီးပေါ်လာမယ်၊ ဂြိုဟ်တွေရဲ့ အသက်တွေ ပေါ်လာမယ်၊ အသာဝနီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီအစရှိတဲ့ နက္ခတ် ၂၇–လုံး ပေါ် လာမယ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ပိဋကတ်တွေ ပေါ်လာမယ်၊ အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ ဓာတ်ဖက်တွေပေါ်လာမယ်၊ ဓာတ်ဖိုဓာတ်မတွေ ပေါ်လာမယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရပ်ရှစ်မျက်နှာ ပေါ်လာမယ်၊ ရေ မြေ လေ မီး ဓာတ်သရုပ်တွေ ပေါ်လာမယ်၊ ဓာတ်အက္ခရာ၊ ကအစ အအဆုံး ၃၃လုံးသောအက္ခရာ၊ ဂ–လုံးသရ၊ ၄၁လုံးဝဏ္ဏ၊ ၁အစ ၉အဆုံး သင်္ချာဂဏန်းတွေပေါ်လာမယ်၊အချို့ အချဉ် အစပ် အငန်အရသာတွေပေါ်လာမယ်၊ ပြဒါးသေ၊ သံသေမဲ့လုပ်ရပ်ပစ္စည်းဖြစ်တဲ့ စိန်၊ ဘင်၊ ဘော်၊ ဂျွတ်၊ သံ၊ သွတ်၊ ဒန်၊ နာ၊ ယမ်း၊ ခဲမဖြူ ပေါ်လာမယ်၊ ရှမ်း၊ မြန်၊ တရုပ်၊ ကုလား၊ လူမျိုးတွေပေါ်လာမယ်၊ ဘုရားလေးဆူ ပေါ်လာမယ်"

ဒီစာတမ်းကလေးက အဓိပ္ပာယ် အနက်ကြီး၊ ဒါကြောင့်မို့ 'ဓာတ်လေးဝကို၊ ကြစိမ့်ငှာ၊ အင်းလည်းသည်မှာ အစာသည်တွင်၊ ဆေးလျှင်သည်က၊ ဓနပီယံ၊ သိဒ္ဓိလမ်းကို၊ တတ်စွမ်းနိုင်သည်' ဆိုခဲ့တာဘဲ အနက်ကို စစ်ကြောကြည့်လိုက်ယင် ဗေဒင်လဲ ဒီစာတမ်းနဲ့ တိုင်ထောင်ဟော၊



E-book is created by www.shanyoma.org

ဓာတ်လဲ ဒါနဲ့တိုင်ထောင်ပေး အင်းလဲ ဒါနဲ့ဂဏန်းရှာချ၊ လုပ်ယပ်လဲ ဒါနဲ့ကြံစည်၊ ဆေးလဲ ဒီစာတမ်းအရ ဒီဓာတ်လေးပါးကိုစု ဂြိုဟ်သက်အရဖော် ယတြာလဲ ဒါနဲ့ဆင် မြေလျှိုးမိုးပျံချင်ယင်လဲ ဒီစာတမ်းထဲက စမနဲ့ကြံ နိဗ္ဗာန်ရောက်ချင်ယင်လဲ သမာဓိအစ၊ သီလအလည်၊ မဂ်ဖိုလ်အဆုံး အဲဒီစာတမ်းက ပြတယ်''

သူသည် အလွန်စိတ်ဝင်စားစွာ နားထောင်နေရာက စိတ်ပါလက်ပါ ပြန်ပြောသည်။

''ဆရာမပြောတဲ့အတိုင်းသာဆိုယင် ဒီစာတမ်းနဲ့ဒီပညာရပ်က အံ့သြစရာဘဲ ကျနော်တောင် ဒီပညာတွေ ဒီကျမ်းတွေ လိုက်စားချင်လာတယ်''

''ပညာရှာမှီးတာ အရှုံးမရှိပါဘူးရှင်၊ လေ့လာပါ၊ လေ့ယင် လာပါတယ်၊ ကိုယ့်ကိုယ်တိုင်က ဒီပညာတွေ ဘာမှန်းမသိဘဲ မတတ်ဘဲ ၊ မယုံစကား မပြောပါနဲ့ ကိုယ်တိုင် ပေါက်မြောက်အောင်သိပြီး တတ်ပြီးမှ ဗမာ့ဆေးပညာရပ်ကို ယုံထိုက် မယုံထိုက် ဆုံးဖြတ်ပါ''

ထိုနေ့ညနေ၌ပင် ဗဟိုကုန်သွယ်ရေးမှ ခေတ်ပညာတတ် လူငယ်တယောက် ကျမထံသို့ ရောက်လာသည်။ ဗမာ့ဓာတ်ပညာကို သိလိုကြောင်း၊ သင်ယူလိုကြောင်း ပြောသည်။ ထိုသူနှင့် ဆွေးနွေးပြောဆိုကြသည့်စကားထဲ၌ ကျမသင်ယူသော ဓာတ်ပညာသည် အင်္ဂဝိဇ္ဇာကျမ်းနှင့်ဆိုင်သည် ဟုဆိုကြသည်မှာ ဟုတ် မဟုတ်၊ ဆိုင် မဆိုင်မေးမြန်းနေသည်။ ကျမမှာ မနက်ပိုင်းက လာသောသူကို သတိရကာ ပြုံး၍နေမိသည်။

''ဆိုင်ပါတယ် ရှင်၊ အင်္ဂဝိဇ္ဇာကျမ်း ပေါက်ယင် မိုးတောင်ပျံနိုင်တယ်လို့အဆိုရှိပါတယ်''

''ဒီဓာတ်ပညာ ကျနော် တတ်ချင်ပါတယ်၊ ဒီပညာမှာ ကြာသပတေး စွမ်းတယ်လို့ပြောပါတယ် ဟုတ်ပါသလား''

ကျမမှာ သူ့မေးခွန်းဖြင့် သူ့ကို အကဲခတ်လျက် 'နံနက်က လူထက်တော့ ဗဟုသုတပိုရှိရမည်' အကဲခတ်မိသည်။

''ကြာသပတေးဟာ စွမ်းပါပြီလားရှင်၊ တနင်္ဂနွေပြီးယင် သူဘဲ တောသုံးထောင်ကို အစိုးရတာပေါ့''

သူက ကြာသပတေး၏ အစွမ်းကိုသာ မေးသည်။ သူသိချင်သော ကြာသပတေးထက် အစွမ်းထက်သည့်တနင်္ဂနွေကို သိနိုင်ကြံနိုင်မှ လိုရာခရီး ရောက်နိုင်သည်။ အန္တော၊ ဂဗ္ဘော၊ စရော၊ ဝံသေ ဓာတ်ဖက်အား တနင်္ဂနွေဖြင့် သမသောဓာတ်ကို ကြံစည်ခြင်း၊ ဓာတ်ကြေ ၂၇–လုံး ဥဿာ စိန်ပန်း ဒန်းလှကိုရှာ တနင်္ဂနွေကို ဓာတ်လေးပါးနှင့် ပိုင်းခြားယူ၍ ဥဿာ၊ ဝါယောဓာတ်၊ စိန်ပန်း ပထဝီဓာတ်။ ဒန်းလှ အာပေါဓာတ်။ ကိုရှာ၊ တေဇောဓာတ်ကို ကြံစည်ခြင်း။ ဥသောင်၊ ပုဇွန်၊ မူဝံ၊ ငါးရံ့စသည့် စမအက္ခရာအစွမ်းအားဖြင့် စဗဝအက္ခရာကြံစည်ခြင်း။ အန္တော၊ ဂဗ္ဘော၊ စရော၊ ဝံသေဓာတ်ဖက်၊ အောင်ပ ကုလား ဆွေသား တော်ရင်း မိတ်ဖတ်၊ ၎င်းဓာတ်မိတ်နှစ်ပါးတို့တွင် တနင်္ဂနွေ အုပ်စီးခြင်း။ ဦးဝေ စံကူး ရေဘူး တောသူ ဆိုသည့် ဓာတ်ဖိုချင်း ဓာတ်မချင်း မသင့်မတင့် ရှိကြသည့်ဓာတ်ရန်များတွင် တနင်္ဂနွေပင် အုပ်စီးလျက်ရှိသည်။ ဓာတ်အုပ်ဓာတ်ရန်၊ ရန်မိတ်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တနင်္ဂနွေ စွမ်းအားကို သိနားလည်မှသာလျှင် ဓာတ်ပေါက်နိုင်မည်ဖြစ်သည်။

"ဒီပညာနှင့်ပတ်သက်ပြီး ဆေးကျမ်းဓာတ်ကျမ်းတွေ ကြည့်ဖို့လိုပါသလား"ဟုသူကမေး နေသည်။

ဗမာ့ဓာတ်ပညာကို တတ်ချင်ယင် ကျမ်းစာအစောင်စောင်ကို ဆည်းပူးဖို့လိုပါတယ်၊ ဒီလို ဆည်းပူးမှလည်း ဓာတ်များကို အက္ခရာအားဖြင့် ခွဲခြားဝေဖန်ပြီး သိနိုင်ပါမယ်။ နာမ်၊ အညွန့်၊ တြိရန်း၊ စတုရန်း၊ ပဥ္စပွတ်၊ ဆပ္ပတ်၊ အမြစ်ဓာတ်ရဲ့အခြေအမြစ်ကို နားလည်ပါလိမ့်မယ်၊ ဂဏန်း သချ်ာအားဖြင့်လဲ တြင်းကြေ၊ နဝင်းကြေ၊ နက္ခတ်ကြေ၊ ချိန်ခါနာရီ ရာသီ စန်းနဝင်းကို သိပါမယ်၊ နာမ်နဲ့ရုပ်သဘောကို သိပါမယ်၊ ကံနဲ့ကတ္တားကို သိပါမယ်၊ အရေးအကြီးဆုံးက အစောင်အစောင် သော ဓာတ်ကျမ်း ဆေးကျမ်းတွေရဲ့စကား အစဉ်အခေါ် အဝေါ် တွေကို သိနားလည်ဖို့လိုပါတယ်၊ ဥပမာအားဖြင့် အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေကိုဓာတ်ဖိုဓာတ်မ၊ သူရဇ္ဇ၊ ကောလီ၊ ပါပ၊ အမြိတ္တ ခြားနားမှု တွေ့မြင်ရပါလိမ့်မယ်၊ ရဝိ၊ ဗုဒ္ဓ၊ သောရီ၊ ဘောမ၊ သောကြ၊ သူရဇ္ဇ၊ ဂုရု၊ နှံပြည်စုတ်၊ ဖါး၊ မြွေ၊ ဥဒေါင်း၊ မုဆိုး၊ ကျား၊ ခြင်္သေ့စတဲ့ကျမ်းစကား အစဉ်တွေဟာ ဓာတ်ယူဓာတ်ကောက် အလွန်အရေးကြီးပါတယ်၊ ဒီလိုသိမှလဲ အောင်လံတေဇသကျမ်းမှီအုံး နန္ဒိသေနံထုံး ဆိုတဲ့ဓာတ် စကားအစဉ်၊ ခြင်္သေ့ထီးဆောင်းအပေါင်းဝင်ရာ ဆိုတဲ့ဓာတ်စကားအစဉ်၊ ထန်း၊ အုန်း၊ ဂျုတ်၊ ဇီး၊ ဝါ၊ မုံ၊ သီးဆိုတဲ့စကားအစဉ်တွေကို ဓာတ်အုပ် ဓာတ်စီး ဓာတ်မံ တသီတတန်းကြီး မြင်ပါလိမ့် မယ်"

"ဆရာမ ဘယ်ကျမ်းတွေ ဖတ်သလဲ၊ ဖတ်တဲ့ကျမ်းတွေ ကျနော့်ကို ညွှန်ကြားပါ"

ကျမမှာ အဖြေပေးရခက်သွားသည်။ ကျမ်းတွေကို တစောင်ပြီး တစောင် ရွတ်ပြရမည်ကဲ့ သို့ဖြစ်နေသည်။

အသီတိဓာတ်ကျမ်း၊ အဋ္ဌသာခါကျမ်း၊ လောကီအင်္ဂုတ္တုကျမ်း၊ သရဖူကျမ်း၊ ကပ္ပလင်္ကာ ကျမ်း၊ အင်္ဂဝိဇ္ဇာမူလကျမ်းရင်း၊ အဋ္ဌမုခ၊ ဓာတုရသ၊ ရသဓာတု၊ ဓာတုသစ္စ၊ ဓာတုဝိဘာဂဒီပနီ၊ အာဒိကပ္ပ၊ ဣန္ဒြာစရိယတြိနေတြ၊ ဇမ္ဗူ့ချမ်းသာ၊ ဓာတုပက္ကိဏ္ဏက၊ ဓာတုသင်္ဂြိ၊ လက္ခဏာဒီပ၊ လက္ခ ဏာသရ၊ ရာဇဝဏ္ဏကျမ်း။

ဓာတ်နှင့်စပ်ဆိုင်သော ဓာတ်ကျမ်းများကို ရွတ်ပြရလျှင် အရှည်ကြီးဖြစ်၍ ဓာတ်ကျမ်း များအနက်မှ အချို့ကျမ်းအမည်များ ပြောပြလိုက်ပြီး ၎င်းဓာတ်ကျမ်းများ အကြုံးဝင်သော ဓာတ်ပညာ၏ မူရင်းဖြစ်သည့် ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို ဖတ်ရှုဆည်းပူးရန် ပြောပြသည်။

"ကျမ်းလျှောက်ယင်တော့ မဆုံးပါဘူး။ ကျမ်းပေါက်ယင် တလုံးပါပဲ"

သူ ထ,မပြန်မီ နောက်ဆုံးအားဖြင့် ဤစကားကို သူ့အား ကျမ မှာကြားလိုက်သည်။

၂၃–၁၁–၆၇ ဂျာနယ်ကျော်မမလေး